
# ရွှေသွေးပေါင်းချုပ်

အတွဲ ၇၊ အမှတ် ၁ မှ ၂၆ ထိ

အတွဲ-၇။ အမှတ်-၁။

# ရှေ့သွား ဂျာနယ်

၁၃၃၆ ခု၊ နတ်တော်လဆုတ် ၇ ရက် (၄-၁-၇၅)




စနေနေ့တိုင်း ထုတ်ဝေသည်။


# ပဏ္ဍိလက်ဆောင်-ကျေးဘွဲ့စ်ဖေါင်

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-ကျော်သိန်းဦး




.....အမေရယ် .. မျှော်စင်တို့ - နန်းမြင့်တို့ - ပယ်ကိုရှိစည်တို့ - ဘာတို့ - ညာတို့ ဆိုတာကလဲ - တယ်ခမ်းနားတာဘဲ ...
အော် ဧ အေး
... တစ်ခါတခါ - ဘုရင် ကရဝိတ်ပေါင်နဲ့ လှည့်အခါ - တယ်ကြီးကျယ်တာဘဲ ....
မင်းဘုရားကြီး လယ်တော်ရှုတဲ့
အော် - အေး
... ဘုရားပွဲတော် ကျင်းပတဲ့အခါလဲ - တယ်စည်ကားတာဘဲ ....
အော် - အေး
... အဲဒီအချိန်မှာ - မြို့သူ မြို့သား များဟာ အကြီးအကဲများကို လက်ဆောင်ပဏ္ဏာများ နဲ့ကန်တော့ကြတယ် ....
အော် - အေး
အမေ - သားလဲကြီးယင် စစ်သည်တော်လုပ်မယ် - နော်
အေး
ပွဲတော်ကျယင်လဲ ကန်တော့မယ်
ခွင့်ရက် စေ့သောနေ့တွင် သားကြီးမြန်ရာ ညီလေးသည် တောင်ခြေထိ လိုက်ပို့ရင်း
အကို - ကျနော်လဲ စစ်သူကြီးကို လက်ဆောင်ပေးချင်တယ်၊ ဘာပေးမှ - လက်ခံသလဲ - ဟင်
ရပါတယ်ကွ၊ အဖိုးတန်မှ မဟုတ်ပါဘူး - စေတနာသာ ပဓါနပါ -


လမ်းခုလတ်တွင်
ဒါဖြင့် .. ကျနော် မွေးထားတဲ့-ကျေး ခုနစ်ကောင် - ပေးလိုက်ပါရစေ။
ကဲ- သွားပြန်ယူ။ ငါ စောင့်နေမယ်
ညီငယ်ပြန်ရောက်လာသောအခါ -
ညီလေး - အချိန်တယ်မရတော့ဘူး။ ဒီကဘဲ- ပြန်ပေတော့။ မင့်ကျေးတွေ ငါပေးလိုက်မယ်
ထိုနေ့မှစ၍ အတန်ကြာသည့် တိုင်အောင် မောင်ကြီးပြန်မလာသဖြင့် -
မောင်ကြီး တယောက်လဲ- နေ့နေ့ ကောင်းရဲ့လား -မသိ။ မလာတာ -ကြာပြီ။
ငါ့ကျေးလေးတွေကို - ဆက်သပြီးပြီလား -မသိ။
တနေ့သော် သားကြီးပေါက်လာ၏။
ဟယ်---သားကြီး၊ မျက်နှာတွေ တယ်မကောင်းပါလား။
သား - နေကောင်းရဲ့လား - မလာတာ -ကြာပြီနော် -
နေကောင်းပါတယ်-အမေ၊ အရေးအခင်းပေါ်နေလို့ သားတို့ စစ်ထွက်ရမယ်။ အမေ ဆီ-တောင်းစရာလေး ရှိလို့ ခဏ ဝင်လာတာပါ။
အော် - ဒါနဲ့ - ညီလေး- မင့်ကျေးတွေ-စစ်သူကြီးကို ဆက်သလိုက်တော ... (သတင်းပို့ဘို့ -သုံးရမယ်)ဆိုပြီး တခါထဲ -စစ်ချီတဲ့အခါ ယူကြမယ် လို့ အမိန့် ချမှတ်တယ်ကွဲ...
သွားခါနီး ကန်တော့သောအခါ....
သါရ-သါရ-သါရ - ဘုန်းကြီးပါစေ၊သက်ရှည်ပါစေ - အောင်မြင်ပါစေ - ဘေးကင်းပါစေ- ချမ်းပါစေ။ ရော့ - မင်းလိုချင်တဲ့ အမေ့ ထမီစ။ အလောင်းဘုရား တောင် - သူ့အမေ ထမီစ လိပ်ပြီး -ခါးပန်းလို့ စစ်တိုက်တာ -အောင် မြင်သတဲ့ ကွဲ...


ရက်အတော် ညောင်းသွားသော်လည်း စစ်အခြေအနေသတင်း မကြားရသဖြင့် စိတ်ပူပန်လျက် ရွှေဦးဘုရားတွင်
……ကျွန်ုပ်သို့ဖြစ်ရသော ကောင်းမှုကုသိုလ်ကြောင့် - စစ်ထွက်နေသော - သားတို့ တပ်ကြီး အောင်နိုင်ကြပါစေသတည်း။
ထိုအခိုက် ဘုရင့်လေသာတံခါးဝ၌
ဖလပ် ဖလပ်
ဖလပ် ဖလပ်
အလို … တပ်မတော်ကြီးနဲ့ ပါသွားတဲ့ - ကျေးတွေ နဲ့ တူတယ်… ဟဲ့ - မင်းချင်းတို့ - ကျေးလည်ပင်းက - စာကို ဖြုတ်ယူဆက်သစမ်း
ကောင်းသတင်း ဖြစ်ပါစေ
ကျေးစေတမန်ထံမှ စာကိုဖတ်ပြီးလျှင်
အောင်ပြီ - အောင်ပြီ - တပ်မတော်ကြီး စစ်နိုင်လို့ - မကြာခင် ပြန်လာမယ်တဲ့ - နှစ်မတော်ရဲ့
ဟင် - ဝမ်းသာလိုက်တာ ဘုရား
ကောင်းသတင်း ယူလာသော ကျေးစေတမန်များကို ကျွေးမွေးစေ၏။
ကဲ - စားလိုက်ကြစမ်း ဝ - အောင်၊ ရွှေခွက်နဲ့ ရေသောက်လိုက်အုံး
အောင်တပ်မတော်ကြီး ပြန်လည် ဆိုက်ရောက်လာသောအခါ အောင်ပွဲ ခံစေသည်သာမက ကျေးနှစ်ကောင်ကို ဆက်သသော မောင်ကြီး၊ မောင်ငယ်နှင့် မိခင်ကြီးတို့အားလည်း ဆုတော်လပ်တော်များ ချီးမြှင့်ပြီး သူကောင်းပြုတော်မူလေသတည်း။
…စစ်သည်တော် - မောင်ကြီးနှင့် မိခင် - ညီငယ်တို့အား - ရတနာ ထောင်ထုပ်နှင့်တကွ - ရွှေမြို့တော်တွင်နေရန် အိမ်တစ်ဆောင် ချီးမြှင့်တော်မူသည်။
ပြီး


ပညာရှိအမတ်ကြီး
ရေး/ဆွဲ
ပညာရှိအမတ်ကြီးကို စကားအရာမှာ အနိုင်လိုချင်တဲ့ ဘုရင်ကြီးဟာ တနေ့တော့ အစီအစဉ်တခုလုပ်တယ်။
မနက်ဖြန် မောင်မင်းတို့ ကြက်ဥ တလုံးစီကို ပညာရှိ အမတ်ကြီး မသိအောင် - ဆောင်ကြဉ်းခဲ့ပေတော့ - ပြီးတော့ ××× ဗဗဗ ×× ×××× ဗဗဗဗ ဒဒဒ.
မှန်လှပါ
နောက်တနေ့
မောင်မင်းတို့ဟာ ငါ့ရိက္ခာကို စားပြီး ငါမွေးထားတဲ့ ကြက်မ လောက်မှ အဖိုးမတန်ဘူး ကြက်မက ကြက်ဥ ပေးသေးတယ် --
ကျွန်တော်မျိုးတို့လဲ ကြက်ဥ ပေးနိုင်ပါတယ်.
ဒါဖြင့် ကြက်ဥ တလုံးစီ ပေးကြ မပေးနိုင်တဲ့လူကို ထောင်သွင်း အကျဉ်းချမယ် မောင်မင်းတို့ --
ဒီမှာ ကျွန်တော်မျိုးတို့ရဲ့ ကြက်ဥ


ကြက်ဥ အဆင်သင့် မယူလာတဲ့ ပညာရှိအမတ်ကြီးဟာ အခက်တွေ့နေတယ်။
ဒီအခါ ဘုရင်က....
ဟဲ့... ပညာရှိအမတ်ကြီး ကြက်ဥမပေးနိုင်ဘူးလား - မပေးနိုင်ယင်တော့ - ထောင်သွင်း အကျဉ်းချရလိမ့်မယ်...
အင်း - ဒီကိစ္စဟာ သူတို့ တိုင်ပင် လုပ်ကြတာဘဲ.. ဒါပေမဲ့ - ကိစ္စမရှိဘူး -
ပြီးတော့ပညာရှိအမတ်ကြီးဟာ
အောက်အီးအီးအွတ်
ဟဲ့! အမတ်ကြီး သင် - ရူးနေသလား
မရူးပါဘူး.. ကျွန်တော်မျိုးက ကြက်ဖဆိုတော့ မဥဘူး အရှင်မင်းကြီးကြက်မ ဥ နိုင်တာလဲ - ကျွန်တော်မျိုး -- ရှိလို့ပါ....
အမတ်ကြီးရဲ့ အဖြေစကားကို တနန်းတော်လုံးက သဘောကျသွားတာပေါ့။
ဟားး
ဟားး
ဟားး
ဟားး
ဟားး
ဟားး
ဟားး
တော်ပါပေတယ် အမတ်ကြီး

# ကျေးဇူးပါအ

ပုံပြင် - ဓါတုဦးလှ

သရုပ်ဖော် - ဦးဘကြည်

ရှေးတုန်းက တိုင်းပြည်တပြည်မှာ အလွန်ဆင်းရဲပြီး သစ်ဥ သစ်ဖုများကို ရှာဖွေ စားသောက်နေတဲ့ လူတယောက်ရှိတယ်။



အဲဒီလူဟာ တနေ့မှာ သစ်ဥသစ်ဖုများ သွားရှာရင်း မျက်စိလယ် လမ်းမှားသွားတယ်။ မျက်စိ လယ်နေတာနဲ့ တောင်လျှောက် မြောက်လျှောက် လျှောက်နေရာက "ကယ်တော်မူကြပါ" ဆိုတဲ့ အသံကိုကြားရလို့ အသံလာရာဆီကို လျှောက်လာတဲ့အခါ အင်မတန်နက်ပြီး မဲမှောင်တဲ့ တွင်းထဲမှာ လူတယောက်၊ မျောက်တကောင်၊ ကျားတကောင်နဲ့ မြွေတကောင် ဒုက္ခရောက်နေတာကို တွေ့ရတယ်။

မျက်စိလယ် လမ်းမှားလာတဲ့ လူက ဒီသတ္တဝါတွေကို ကယ်ရကောင်းမလား၊ မကယ်ဘဲ ထားရကောင်းမလား၊ ကယ်ယင် ဘယ်လိုလုပ်ပြီး ကယ်ရမလဲ၊ အကြာကြီး တွေးနေပြီးမှ "ဒီဒုက္ခသယ်တွေကို ကြိုးစားပြီး ငါကယ်ဆယ်မယ်" လို့ ဆုံးဖြတ်လိုက်တယ်။ ဒီနောက် သူဟာ အတော်ရှေတဲ့ ဝါးလုံး တလုံး ခုတ်ပြီး ဝါးကို တွင်းထဲချလိုက်တယ်။ ပထမဆုံးလူကို ဝါးနဲ့တွယ်ပြီး အတက်ခိုင်းတယ်။ ဒီတက်လာတဲ့ လူဟာ ပန်းထိမ်ဆရာတဲ့။



အဲဒီနောက် ကျားနဲ့မျောက်ကိုလဲ ဝါးလုံးနဲ့ဘဲ ကယ်ဆယ်တယ်။ နောက်ဆုံး မြွေကျန်တဲ့အခါ ဆင်းရဲသားက "မြွေ-မင်းကို ငါကယ်မယ်၊ဒါပေမဲ့ မင်း ငါ့ကို မကိုက်ပါဘူးလို့ ကတိပေးရမယ်၊ ဒီကတိပေးယင်ငါကယ်မယ်" လို့ လှမ်းပြောလိုက်တယ်။ ဒီအခါမြွေက "လူသား - ခင်ဗျားကသာကျုပ်ကို ကယ်မယ်ဆိုယင် ခင်ဗျားကို ကိုက်သတ်ဖို့ဆိုတာ မကြံစည်ကောင်းပါဘူး" လို့ ပြန်ပြောတယ်။



မြွေဟာ အကောင်ကြီးတယ်၊ ရောမ မြွေကြီးဘဲ။ ဒီတော့ ဆင်းရဲသားက မြွေရဲ့အလေးချိန်နဲ့ တူတဲ့ ကျောက်တုံး တတုံးကို တွင်းထဲချပြီး အပေါ်ကို မ တင်ကြည့်တယ်။

ပခုံးနဲ့လဲ ကျောက်တုံးကို ပိုးနိုင်တယ်။ ဒါနဲ့ တွင်းထဲဆင်း
မြွေကိုဖမ်းပြီး ဝါးလုံးကို တွယ်တက်လာတယ်။



အားလုံးအပေါ် ရောက်ကြတဲ့အခါ ဒုက္ခသယ်တွေက
သူတို့ကို ကယ်ဆယ်တဲ့ ကျေးဇူးရှင်ကို ကျေးဇူးတင်လွန်းလို့
ကျားကတော့ ပြည့်ရှင်မင်းကို သတ်ပြီး သိမ်းထားတဲ့ ပြည်
တန်လက်စွပ်ကိုပေးတယ်။ မျောက်ကတော့ အလွန်ချိုပြီး
အရသာစုံတဲ့ သစ်သီးကို ပေးတယ်။ ပန်းထိမ်ဆရာကတော့
ခိုင်းလိုတဲ့ ပစ္စည်းကို အချိန်မရွေး ကူညီပါမယ်" လို့ အသီးသီး
ကျေးဇူးဆပ်ကြတယ်။




ဒီနောက် ဆင်းရဲသားဟာ သူ့နေရင်းအရပ်ကို ပြန်လာ
တယ်။ တနေ့ ကျားကပေးလိုက်တဲ့ လက်စွပ်ကို ပြင်ဖို့
ပန်းထိမ်ဆရာကို အပ်တဲ့အခါ ကောက်ကျစ် စဉ်းလဲတဲ့
ပန်းထိမ်ဆရာက ရှင်ဘုရင်ဆီ သွားပြီး၊ ဆင်းရဲသားဆီက
ဒီလက်စွပ် ရခဲ့ပါတယ်လို့ သံတော်ဦး တင်တော့တယ်။
ဒီတော့ ဘုရင်ကလဲ ဆင်းရဲသားကို မစစ်မဆေးဘဲ ဖမ်းစေ
ပြီး သတ်ပစ်ဖို့ အမိန့်ချမှတ်လိုက်ရော။




ဆင်းရဲသားဟာ အသတ်ခံရမဲ့ဆဲဆဲမှာ သူတခါက ကယ်
ဆယ်ခဲ့ဘူးတဲ့မြွေကို သတိရလာလို့ တ လိုက်တယ်။ အဲဒီမြွေ
ဟောက်သံကို အဝေးကြီးကကြားရသတဲ့။ မြွေရောက်လာ
တဲ့အခါ အကျိုးအကြောင်းပြောပြလို့ မြွေက သူသတ်တွေ
ကို ပေါက်သတ်လိုက်တယ်။

ဒီနောက် မြွေဟာ ရှင်ဘုရင်ဆီသွားပြီး "မင်းမြတ်၊
ကျွန်တော်မျိုးရဲ့ ကျေးဇူးရှင်ကို အရမ်းမဲ့ အပြစ်ပေးတာ
မတော်ပါဘူး၊ ဒီလက်စွပ်ဟာ ကျားက သူ့အသက်ကယ်ဆယ်လို့ ကျေးဇူးဆပ်တဲ့ အနေနဲ့ ပေး
လိုက်တဲ့ လက်စွပ်ဖြစ်တယ်၊ ပန်းထိမ်ဆရာကိုလဲ ဒီလူက ကယ်တာဘဲ" လို့ရှင်းပြတယ်။ ဒီအခါ
ဘုရင်မင်းကြီးက ကျေးဇူးကန်းတဲ့ ပန်းထိမ်ဆရာကို မြွေက ပေါက်သတ်စေလို့ အမိန့်ချမှတ်
လိုက်ရော။ ဆင်းရဲသားဟာ အသက်ဘေးက ချမ်းသာရာရတယ်။ မျက်နှာရဖို့ ကျေးဇူးကန်းတဲ့
ပန်းထိမ်ဆရာသာ သေရတယ်။









# သံလျှင် ရေနံချက်စက်

ဒုတိယကမ္ဘာစစ်ကြီး အတွင်း ဗြိတိသျှတို့မြန်မာနိုင်ငံမှ ဆုတ် ခွာ ထွက် ပြေး စဉ် က ဖျက်ဆီးသွားသော သံလျှင်ရေနံချက်စက်ကို အချိန်ကြာမြင့်စွာ ပြန်လည်ထူထောင်ယူခဲ့ရသည်။ သံလျှင်ရေနံချက်စက် ဟောင်း ကို ၁၉၅၇ ခု၊ မတ်လကျမှ ပြန်လည်ပြင်ဆင်လည်ပတ်နိုင်ခဲ့သည်။ ယင်းရေ နံ ချက် စက် နှစ်ခုမှ တနေ့လျှင် ရေနံစိမ်းဂါလံ နှစ်သိန်းစီ ချက်လုပ်ခဲ့သည်။ ၁၉၆၂ ခု၊ မေလ၌ သံလျှင်ရေနံချက်စက်သစ်ကိုမြန်မာအမျိုးသားဘီအိုစီ အငြိမ်းစား အင်ဂျင်နီယာ ဦးကံမောင် ဦးဆောင်၍ တည်ဆောက်ရာ ၁၉၆၃ ခု၊ ဇူ လိုင် လ တွင် ပြီး စီး သည်။ ကျပ်ငွေသိန်း ၇၀ ကုန်ကျ၍ တနေ့ ရေနံစိမ်းဂါလံ ငါးသိန်း ထုတ်နိုင်သည်။


စစ် မ ဖြစ် မီ ကာ လ က ချောက်မြို့မှ ရေနံစိမ်းများကို သံလျှင်သို့ ရေနံပိုက်လိုင်းဖြင့် ပို့ သော် လည်း စစ် အ တွင်း ပျက် စီး ခဲ့ သည်။ ယခုအခါ ရေ နံ များ ကို တွန်း၊ တွဲရေနံသမ္ဗန် များ ဖြင့် ပို့သည်။ တွဲသမ္ဗန် တ စီး လျှင် ရေနံဂါလံ ၇၅,၀၀၀ မှ ၁၅၀,၀၀၀ အထိ သယ်ဆောင်နိုင်ပေသည်။

သံလျှင် ရေနံချက်စက်ရုံ၌ ရေနံချက်စက်၊ ဂျက်လေယာဉ် ဆီ ချက် စက်၊ ရေနံမီးသွေးချက်စက်၊ ဆီပါးကို ပြန်လည် ချက် သည့် စက်၊ ရေနံကုန် ပစ္စည်း များ စည် သွင်းသည့် စက်၊ ဖယောင်း တိုင်အလုပ်ရုံ၊ သံပီပါလုပ်စက်ရုံ၊ ရေနံကုန်ပစ္စည်း တင်ချသည့်ဆိပ်၊ ဓာတ်ခွဲရုံများ၊ စက်မှုအလုပ်ရုံနှင့် အောက်ဆီဂျင်စက်၊ ဓာတ်အားပေးစက်ရုံ၊ သဘောကျင်း၊ မီးသတ်ဌာန၊ မော် တော် ယာဉ် ဌာ န များ ရှိလေသည်။

**မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)**



ရေပတ်လည်



# မလမြို့လမ်း

ရေနံ့ချေမှ မောင်မောင်ကြည်



သည်ကနေ့ ကျောင်းပိတ်ရက်ဖြစ်သည်။ ရပ်ကွက် တ ခု အတွင်းမှ လူငယ်တအုပ်သည် လမ်းထိပ် အုတ်ခုံလေးပေါ်တွင် ဝိုင်းဖွဲ့၍ စကားထိုင်ပြောနေကြသည်။

အ ချိန် မှာ ည နေ စောင်း အချိန်ဖြစ်သည်။ လူငယ်အုပ်ထဲတွင် ပန်ကာဆိုသူက ခေါင်းဆောင်ဖြစ်သည်။ ပန်ကာသည် ခု နစ် တန်း ကျောင်း သား တ ယောက် ဖြစ် ၍ သူ၏ သူငယ်ချင်းများမှာ ခွန်အောင်၊ သော်တာ၊ အာလူးနှင့် ကျင်စွမ်တို့ ဖြစ်ကြသည်။ သူတို့သည် အမြဲနောက်ပြောင် နေတတ်သူများ ဖြစ်သည်။

ပန်ကာသည် အုတ်ခုံပေါ် ထိုင်နေရင်းမှ လမ်း ထိပ် တွင် ရှိသော လမ်းနာမည် ဆိုင်းဘုတ်ကလေး ကို ရုတ် တ ရက် လှမ်းကြည့်မိလိုက်သည်။ "မာလာမြိုင်လမ်း"ဟူသော ဆိုင်းဘုတ်ကလေးသည် သူ့ အ မြင် အာ ရုံ တွင် ထင်းကနဲ မြင်လျက်ရှိ၏။ ပန် ကာ သည် ဆိုင်း ဘုတ် ကို ကြည့် ရင်း တ ချက် ပြုံး လိုက်ပြီး ....

"ဟေ့ ကောင် တွေ ဟို မှာ ဟား စ ရာ တ ကွက် တော့ တွေ့ ထား ပြီ ကွ"ဟု ဆိုင်း ဘုတ် ကို မေးငေါ့ပြသည်။

သူငယ်ချင်းများက ဆိုင်းဘုတ်ကိုကြည့်ပြီး "မာလာမြိုင်လမ်း"ဟု ပြိုင် တူ ဖတ်လိုက်ကြသည်။

"လမ်း နာ မယ် ကို ဘာလို့ ဟားရမလဲကွ"ဟု တယောက်က မေး သော အ ခါ ပန်ကာက ပြုံးဖြဲဖြဲဖြင့် –

"အေး – မင်းတို့ ညံ့သေးတာဘဲ၊ ကြည့်နေ ငါလုပ်ပြမယ်"ဟု ပြောပြောဆိုဆို ထသွားပြီး အမှိုက်ပုံထဲမှ သံပြားလေး တ ခု ကို လိုက်ရှာသည်။ သံပြားလေးရလျှင် ဆိုင်းဘုတ်နား ကပ် သွား ပြီး ဆိုင်းဘုတ်တွင် ရေး ထား သော မာ လာ မြိုင်လမ်း စာလုံးများမှ ရေးချမျှားနှင့် သေတ်ကို သံပြားလေးဖြင့် ခြစ်ရှဲချသည်။ မကြာမီပင် မာ့လာမြိုင် လမ်းသည် "မလမြို့လမ်း" ဖြစ် သွား တော့ သည်။ ထိုအခါ သူ ငယ် ချင်း များ က "မလမြို့လမ်း"ဟု ပြိုင် တူ ဖတ်လိုက် ကြ ပြီး ဟား တိုက် ရယ်မောနေကြသည်။

× × • ×

နောက် တ နေ့ ည နေ တွင် ပန်ကာကျောင်းက ,ပြန်ရောက်လာသောအခါ ပန်ကာတို့အိမ်တွင် တောမှ ဦးလေးဖိုးချက်ကို လှမ်းတွေ့လိုက်ရသည်။

"ဟာ ဦးလေးဖိုးချက်ကြီး ပါလား၊ ဘယ်တုန်းက ရောက်တုံး၊ ဒေါ် လေး နဲ့ နောက် တိုး တို့ လဲ ပါ သ ကိုး" ဟု ပြောပြီး အိမ်ပေါ် တက်လာသည်။

"ဟော့ပန်ကာကြီး ကျောင်းက ပြန် လာ ပြီ လား၊ ဒို့ တော့ မပြောပါနဲ့တော့ကွာ၊ ဒို့ရောက်တာကတော့ နေ့ခင်းရထားနဲ့ပါဘဲ၊ ဒါပေမဲ့ မင်းတို့အိမ်လိပ်စာ ရှာ ရ တာ ခေါင်း တောက်

သွားတာနဲ့ ခုနလေးကမှ အိမ် ရောက်လာတာ၊ မင်းဒေါ်လေး မျက်စိပြရအောင်လာတာကွ”

“ဟာ--ဦးလေးကလဲ အရင် တခေါက် ရောက် ဘူး ရဲ့ သား နဲ့ မမှတ်မိတော့ဘူးလားဗျ”

“အေးကွာ--ငါကလဲ သိပ်မ မှတ်မိတော့ဘူး၊ အင်း–မင်းတို့ လမ်းရှာရတာကလဲ ဖတ်ဖတ်ကို မောသွားတာဘဲ၊ မင်းတို့လမ်း နာမယ် ပြောင်း ထား တာ ငါ့ ဆီ ဘာ လို့ အကြောင်းမကြား တာလဲ ပန်ကာရ”ဟု မေးလိုက် သောအခါ ပန်ကာအံ့ဩသွား ရလေသည်။

“ဘယ်မှာ လမ်း နာ မယ် ပြောင်းလို့လဲဦးလေးရ”

“ဟ – မင်း တို့ အ ရင် ပေး ထား တဲ့ မာ လာ မြိုင် လမ်း က ခု မလမြို့လမ်း ဖြစ်နေပြီမဟုတ် လားကွ ပန်ကာရ၊ ဒါကြောင့် ငါတို့မျက်စိလယ်ပြီး ဟိုလမ်းဝင် ဒီလမ်းထွက်နဲ့ လမ်းရှာလိုက်ရ တာ ကွာ၊ နောက် ဆုံး မ တွေ့ တော့ ပြန် မယ် လုပ် နေ တုန်း မင်းအမေနဲ့ ဈေးနားမှာ သွား တွေ့ လို့ အိမ် ရောက် လာ တာ ပေါ့”

ပန်ကာ မျက်နှာပျက်သွား သည်။ ထိုအချိန်တွင် ပန်ကာ့ အမေ ဒေါ်စိန်အုပ်သည် အိမ် နောက်ဖေး ထမင်းဟင်းချက် နေရာမှ အိမ်ရှေ့ထွက်လာပြီး....

“မ ပြော ပါ နဲ့ တော့ သား ရယ် – အ မေ တို့ လမ်း ထိပ် က ဆိုင်းဘုတ်ကို ဘယ် သူ က များ လက်ကမြင်းကြောထပြီး လက် ဆော့ သွား တယ် မသိပါဘူး၊ မာ လာ မြိုင် လမ်း ဟာ မလမြို့ လမ်း ဖြစ် နေ တယ်၊ အတော် မိုက်တဲ့သူတွေဘဲ”

ပန် ကာ့ ရင် ထဲ တွင် အလုံး ကြီးဆို့နင့်သွားလေသည်။

“ငါမှားပြီ၊ ငါလက်ဆော့ မိခဲ့လို့ ဦးလေးတို့ ပင်ပန်းရပြီ၊ တခြားလူတွေလဲ ဒီ လို ပင် ပန်း နေယင် ဒုက္ခ ဘဲ”ဟု တွေး မိ လိုက်ပြီး ပန်ကာသည် လူကြီး များ မ မြင် အောင် အိမ်ပေါ်မှ သင်္ဘောဆေးအဖြူနှင့် စုတ် တံ ကိုယူကာ ဆင်းသွားလေသည်။ ပြီးလျှင်၊ မလမြို့ကို သူ ပုံ မှန် အ တိုင်း ဖြစ် စေ ရန် ဖျက် ထား သောစာလုံးများကို လိုက်ရေး လိုက်သောအခါ နဂို “မာလာ မြိုင်” အမည် ပြန်၍ ပေါ် လာ လေတော့သည်။

မာလာမြိုင်လမ်းဆိုင်းဘုတ် ကလေးသည် မြေတွင် ငူငူကြီး စိုက်လျက် ခရီးသွား ဧည့်သည် များ ကို လမ်း ညွှန် ပြ နေ ပေ သည်။ အ သက် ကင်း မဲ့ သော ဆိုင်း ဘုတ် က လေး ကပင် မိမိ တာဝန်ကို ကျေ ပြွန် စွာ ထမ်း ဆောင် နိုင် သေး လျှင် မိမိလို အသက်ရှိသောလူက ပို၍ ထမ်း ဆောင်နိုင်ရမည်။ တာဝန်ကျေ ရမည်။ ယ ခု တော့ ပန် ကာ တယောက် နားလည်သဘော ပေါက်သွားပြီဖြစ်၍ သူ၏ရင်ထဲ ၌ ကြည်နူးဝမ်းသာမှုများ လွှန် ကဲနေပါချေတော့သည်။

# ဆက်လက် ထိန်းသိမ်းစို့

ကျား--ကျား--ကျား၊
နယ်ချဲ့တွေ ရှောင်လို့ရှား
ကျားဆိုမှ ကျား။

ပြည်ထောင်စုသား စုံစုံညီ၊
ဟစ်ကြွေး အောင်သံချီ။

အားမာန်ကိုယ်စီ လက်နက်စွဲ၊
တိုက်ပွဲဝင်လို့နွှဲ။

အသက်သွေးခဲ့ တို့ပြည်မြေ၊
တို့ပြန်ရအောင်လေ။

သေသေကြေကြေ ရဲစိတ်မွေး၊
ယူခဲ့လွတ်လပ်ရေး။

အတိတ်ရှေးက မျိုးချစ်တွေ၊
ထမ်းဆောင် တာဝန်ကျေ။

တို့တတွေမှာ ကျေပြွန်ဘို့၊
ဆက်လက် ထိန်းသိမ်းစို့။ ။

မောင်မိုးသီး



R. 517

# ပုစဉ်းထိုးမြီးပြာ



ပုစဉ်းထိုးမြီးပြာ၌ ပြာသောအောက်ပိုင်းရှိခြင်းနှင့် အမြီးပို၍ ကြီးမားခြင်းတို့မှာ အခြားပုစဉ်းထိုးတို့နှင့် မတူသောအချက်များ ပင်ဖြစ်သည်။ ကိုယ်အလျားမှာ ၁၂ လက်မရှိ၍ ကိုယ်၏ အရောင်မှာ ကြေးနီရောင် ရောပြွမ်းသော အစိမ်းဖြစ်သည်။


ပျံသန်းရင်း "တပ်-တပ်"ဟူ၍ သာယာနာပျော်ဘွယ် အော်မြည်တတ်သည်။

ဤလှပသည့် ပုစဉ်းထိုးမြီးပြာသည် ရေတွင်လည်း ကျက်စားတတ်သဖြင့်မြစ်ချောင်းများ၌လည်း တွေ့ရသည်။ လယ်ကွင်းပြင်များ၌လည်း တွေ့ရသည်။ နားနားနေနေ နေသောအချိန်က နည်းပါး၍ ပျံသန်းနေချိန်က များသည်။

ဖေဖော်ဝါရီလမှ မေလအတွင်း သားပေါက်သည်။ ယင်းတို့၏ အသိုက်များမှာမြစ်ကမ်းခြေတလျှောက် အပြင် သဲသောင်ပြင်နှင့် ကိုင်းမြေများရှိတွင်းများပင်ဖြစ်သည်။ တဥလျှင် ပျမ်းမျှအလျား ၀.၈၈ လက်မနှင့် ပြက် ၀.၇၅ လက်မရှိသည်။

အရှေ့တိုင်းနိုင်ငံများ၌ အနှံ့အပြား တွေ့ရ၏။ မြန်မာနိုင်ငံ ကွင်းပြင်များ၌ တွေ့ရသော်လည်း နွေရာသီတွင် ပေါက်ပွားရန်သာ လာရောက်သော ငှက်ဖြစ်ဟန် တူသည်။ ဆောင်း၌ တွေ့ရခဲ့သည်။

စိုးလွင်မြင့်




၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင်
ဦးကျော်အုံး က ရိုက်နှိပ်သည်။

အတွဲ-၇။ အမှတ်-၂၊


# ရွှေသွေး ဂျာနယ်

၁၃၃၆ ခု၊ နတ်တော်လဆုတ် ၁၄ ရက် (၁၁-၁-၇၅)




စနေနေ့တိုင်း ထုတ်ဝေသည်။


......ဒီလိုကွဲ။ စိုးအောင် ဟာ တကယ်တော့ - ရုပ်မဆိုးဘူး။ လူချောလေးလို့ ပြောရမယ်.....
........ဒါပေမဲ့ - သူ့မှာ အကျင့်ဆိုး တခုရှိတယ်။ အမြဲတမ်းသုန်မှုန်နေတယ် --------
--------- အမြဲတမ်း တစ်ယောက်ထဲ ငူငူကြီး ထိုင်နေတတ်တယ်......
မို့က.....(စိုးအောင်ရေ - လာ - ကစား ရအောင် )-- လို့ ခေါ်ယင်လေ..
...အမယ်လေးလေး ..... တခါထဲ - ပို့အက်ကို လှဲ့သွား တတ် တယ်....
..(... တခါတလေများ ... မဲ့ ခွဲတောင် ပြလိုက်သေးရဲ့ -------


-------တနေ့တော့....မိုးအောင်ကို
ဒီအတိုင်း ထားလို့တော့ မဖြစ်ဘူး ဆိုပြီး
တိုင်ပင်
ကြတယ်....
-----နောက်တနေ့ သူ့ကို တွေ့တော့
မိုးအောင်ရေ--
ဒီမှာကြည့်စမ်း
....သူလဲ လှည့်ကြည့်ရော-ဒို့က လူလုပ်လို့ရတဲ့ မျက်နှာထားမျိုးတွေ လုပ်ပြကြတယ်
အဲဒီအခါမှာ - မခံမရပ်နိုင် မှန်ပြီး -
ဖေါ်ကြီး
ဖေါ်ကြီးရဲ့
ဘုကြည့်
ကြည့်
တယ်
-----ဒို့ကလဲ - သူလုပ်တဲ့ မျက်နှာ
ထားမျိုး မျိုး လုပ်
ပြကြတယ်


-----ကြာတော့ - သူ့ ဘယ်လိုမျက်ထား ချိုးထားရမှာတောင် မသိဘဲ -
အူကြောင်ကြောင် ဖြစ်နေတုန်း
------
----
-----သူ့ မျက်နှာပေါ်ကို ထက်ဆိုးဝင်းတဲ့ မျက်နှာ အမျိုးမျိုး လုပ်ပြကြတယ်---
-----
-----ဒီတော့လေ--သူ့မျက်နှာဟာပထမ - နဂိုရှိအတိုင်း ဖြစ်လာတယ်။ နောက်တော့---
--- တဖြေးဖြေး - မျက်နှာထား ချို
လာတယ်။ ချိုရာကပြုံး၊ ပြုံးရာကရီ၊ ရီရာက -ဟက်ဟက်ပက်ပက် - ဟားဖြိုးတော့ အူတက် မတတ်ဖြစ်ကါ ------
-----ဗိုက်တွေ ဘာတွေ အောင့်လို့ ---
ချောင်းတွေ တဂွတ်ဂွတ် ဆိုးလာပြီး
-----
မော မောပန်းပန်းနဲ့ (မြို့တတွေ - ဒါလောက်တောင်ဘဲ - အရုပ်ဆိုးကြ သလားကွဲ)လို့ မျက်ရေတွေ နှာရေတွေ နဲ့ မေး တယ်ကွဲ
-----


....ကြာတော့ - သူလဲ ဖတတ်နိုင် တော့လို့ တောင်းပန်တယ်။
တော်ကြာ ပါတော့ကွယ်.... ရှိရတာနဲ့ သောလိမ့် မယ်.....
---- အဲဒီနေ့က စပြီး - စိုးအောင် ဟာ - မဲ့မြင်း ရူမြင်း-ရှုမြင်း -ငိုမြင်း - ရှိုင်မြင်းတွေ မရှိတော့ဘဲ .. ---- ------
....ခေါ်ယင် - ဘတုတု လာကတားတယ် ကွဲ..........
---ဒါတောင် - တခါတလေ မေ့ပြီး -ဘယင်က လို -ငူသေး တယ်--- ----
...... အဲဒီလိုတွေယင် - နိုကလဲ - သူ့လိုဘဲ လုပ်မြလိုက် တော့မှ - သတိ မြန်ဝင်လာတယ်ကွဲ။
ဒါကြောင့် ... မင်းလဲ - စိုးအောင်လို (ချက်ထားတော် ညီ) မနေရဘူးနော်- - သိရဲ့လား။
သိပါတယ်


မြင့်ဟန် - ကါတွန်း ရေးဆွဲသည်
ကိုကိုတူး ပါဝင်သော
လုပ်ရမဲ့ အတူတူ
မေမေ၊ သား ဘောလုံးသွားကန်အုံးမယ်
အေး အေး
ဒါနဲ့ အိမ်စာတွေကော လုပ်ပြီးပြီလား
မပြီးသေးဘူး မေမေ
အချိန်ကို တန်ဖိုးမထားမှပေါ့ ဘောလုံးကန်ပြီးမှဆို ရေချိုးမှာနဲ့ ထမင်းစားမှာနဲ့ ညဉ့်နက်သွားလို့ အိပ်ချင်မှာနဲ့မို့ မင်းအိမ်စာတွေ ပြီးမှာမဟုတ်ဘူး
အင်း၊ ဟုတ်တော့လဲ ဟုတ်တာပဲ ဒါပေမဲ့ အခုမှတော့ မထူးဘူး ဘောလုံးပဲ အရင်သွားကန်မယ်


အိမ်စာတွေပြီးပါ့မလား
အိမ်စာတွေပြီးပါ့မလား
ကိုကိုတုး၊ မင်းဒီနေ့ဘော်လုံးကစားတာ ခြေမပေါ်ဘူး
ဟုတ်တယ်
အေးကွါ၊ ကျောင်းကပေးလိုက်တဲ့ အိမ်စာတွေမလုပ်ရသေးလို့ စိတ်ထဲမှာမပေါ့မပါးဖြစ်ပြီး အခုလို ခြေမပေါ်ရတာဘဲကွါ
မင်းကလဲ မင်းပါဘဲ၊ အိမ်စာတွေကို လုပ်ရမဲ့အတူတူ ဘော်လုံးမကစားခင် စောစောကတဲက လုပ်ခဲ့ရောပေါ့ စိတ်အကြောင်းဆိုတဲ့ဝန်ကို ဘာလို့ အလကားသက်သက်ထမ်းထားချင်ရတာလဲ
ပဌမတာဝန်ကျေခဲ့ယင် နောက်တာဝန်ကို တက်တက်ကြွကြွ လုပ်နိုင်တယ်ကို ဆရာလဲခဏခဏပြောသားဘဲ
ပြီး




ရှေးက တောရွာတရွာတွင် တောင်တွေနှင့် တောင်မောင်းဆိုသော သူခိုးသူငယ်ချင်း နှစ်ယောက် ရှိကြသည်။

တညတွင် သူဌေးကြီး တဦးအိမ်မှ သားငယ်ကလေးသည် ချော့မော့၍ မရအောင်ပင် ငိုလေသည်။ ကျား၊ ဆင်၊ ဝက်ဝံများ၏အမည်ကိုခေါ်၍ချောက်လှန့်သော်လည်း သားငယ်က အငိုမတိတ်ပေ။ သို့နှင့် သူဌေးကတော်သည် နာမည်ကြီး သူခိုးနှစ်ယောက်ကို သတိရပြီး "တောင်တွေနှင့် တောင်မောင်းတို့ ယခုဟိုနေရာမှာ ရောက်နေကြသည်၊ ငိုယင် ဖမ်းခေါ်သွားလိမ့်မယ်"ဟုချောက်မှ ကလေးငယ်မှာ အငိုတိတ်သွားလေသည်။



ထိုအချိန်တွင် နွားများကို လာရောက် ချောင်းနေသော ကျားတကောင်သည် သူဌေးကြီး၏ အိမ်အောက်သို့ ရောက်နေလေသည်။ ကျားသည် ငါတို့နာမည်များဖြင့် ချောက်လှန့် ချော့မော့သော်လည်း "အငိုမတိတ် တောင်တွေနှင့် တောင်မောင်း" ဆိုမှ အငိုတိတ်သွားသည်။ ကေန္တ ထိုသူခိုးနှစ်ယောက်သည် ငါတို့ ထက်ပင် ကြောက်စရာ ကောင်းပေမည်ဟု တွေးကြောက်ပြီး နွားများကို ချက်ချင်းမကိုက်ဆွဲဝံ့ဘဲ ဝပ်၍ချောင်းနေလေသည်။



တောင်တွေနှင့် တောင်မောင်း သူခိုးနှစ်ယောက်သည်လည်း ထိုနေ့ည သူဌေးကြီးအိမ်မှ နွားများကိုခိုးရန် ဆုံးဖြတ်ကြသည်။ နွားဝဝကို ခိုးမည်ဟု နှစ်ယောက်သားတိုင်ပင်ပြီး လာကြသည်။

တောင်မောင်းက အပြင်မှ စောင့်နေရစ်ပြီး တောင်တွေက သူဌေးကြီးအိမ်အောက်သို့ ဝင်၍ ဝသောနွားကို ရှာသည်။ ကျား၏ ဝိုင်းသော မျက်နှာကို စမ်းမိသည်နှင့် ဝသောနွားဟု ထင်မှတ်ပြီး ကြိုးဖြင့်ချည်ကာ အိမ်အောက်မှ ဆွဲထုတ်လာသည်။ ကြောက်၍ အသာ ဝပ်နေသော ကျားသည် ဘယ်လိုမှ မတတ်နိုင်တော့ဘဲ တောင်တွေ ဆွဲခေါ် ရာ လိုက်ရတော့သည်။

တောင်တွေက ကျားကို ရှေ့က ကြိုးဖြင့် ဆွဲ၊ တောင်မောင်းက နောက်မှ မောင်းပေးပြီး လာကြသည်။ ဝေလီဝေလင်းအချိန် ရောက်လာသောအခါ နောက်မှ တောင်မောင်းသည် နွားမဟုတ်ဘဲ ကျားကြီးဖြစ်နေကြောင်း သိ၍ ကိုယ်လွတ် ထွက်ပြေးလေတော့သည်။

အတော်လေး ကြာသောအခါ တောင်တွေသည် နောက်မှ သူငယ်ချင်း အသံကို မကြားဟု ဆိုပြီး လှည့်ကြည့်မိရာ သူ ဆွဲလာသည်မှာ ကျားကြီး ဖြစ်နေမှန်း သိတော့သည်။ သို့ဖြင့်

ကြောက်အား လန့်အားနှင့် ကျားကို ဆွဲ၍ ပြေးမိပြေးရာမှ ကတွတ်ပင်တပင်သို့ ရောက်သွားသည်နှင့် ကတွတ်ပင်ရင်းတွင် ကျားကိုချည်ပြီး သူကမူ ကတွတ်ပင်ပေါ်သို့ တက်ပြေးလေသည်။ ၎င်းကတွတ်ပင်ပေါ်တွင်လည်း အသိုက်နှင့် နေသော ဝက်ဝံတကောင် ရှိနေလေသည်။



ဝက်ဝံကအသိုက်ထဲမှနေ၍ "အသင် အသူနည်း၊ မည်သည့်အမျိုးအနွယ်ဖြစ်ပြီး မည်သည့် အလုပ်အကိုင်မျိုးကို လုပ်သနည်း"ဟု မေးလေသည်။

တောင်တွေက "ငါသည် အရုပ်ဆိုးသောအမျိုးအနွယ်မှ ဖြစ်သည်။ ညဥ့်အခါ ဝမ်းစာအတွက် ရှာဖွေစားသောက်သောအလုပ်မျိုးကို လုပ်ကိုင်သည်"ဟု ပြန်ပြောသည်။



ဝက်ဝံသည် တောင်တွေကို အမြီးရှိသော သတ္တဝါ ဟု ထင်မှတ်သည်နှင့် "သင့်အမြီးကို ကိုင်စမ်းကြည့်ပါရစေ" ဟု ပြောလေသည်။

ထိုအခါ တောင်တွေသည် ၎င်း၌ ပါသော ဓားကို ဝက်ဝံ၏ အသိုက်တွင်း ထိုးပေးလိုက်သည်။ ဝက်ဝံသည် အမြီးဟု ထင်ပြီး ထိုဓားကို ကိုင်စမ်းကြည့်သည်။ ထိုစဉ် တောင်တွေက ဓားကို ရုတ်တရက် ဆွဲယူလိုက်ရာ ဝက်ဝံ၏ လက် ဓားရှပြီး သွေးများ ဖြိုင်ဖြိုင် ကျကုန်တော့သဖြင့် ထိတ်လန့်ပြီး ကတွတ်ပင်ပေါ်မှ အတင်း ဆင်းပြေးတော့သည်။



ကတွတ်ပင်ရင်း၌ ချည်ထားခြင်း ခံရသောကျားသည်လည်း ကြောက်၍ပြီး ရုန်း၍ ကတွတ်ပင် ယိမ်းယိုင်ကာ ကြိုးသည် အပိုင်းပိုင်း ပြတ်ကျန်ရစ်သည်။

ထိုအခါမှအစ ကတွတ်ပင်များသည် တည့်တည့်မတ်မတ် မပေါက်တော့ဘဲ စောင်းငဲ့ယိမ်းယိုင်ပြီး ပေါက်ကြတော့သည်။ ဝက်ဝံများ၏ လက်ဖဝါးတွင်လည်း ယခုထက်တိုင် ဓားရှရာ ကွဲအက်ရာများရှိနေလေသည်။

တောင်တွေနှင့် တောင်မောင်းတို့လည်း မကောင်းမှုကို စွန့်လိုက်ကြပြီး ကောင်းစွာ လုပ်ကိုင်စားကြလေသည်။



ဟဲ - ကိုဖွေ့ဖါးရေ့ - ကျုပ်က သီချင်းဆိုပြီး ဂီတာတီးမယ်ဗျ - ခင်ဗျားကစည်းဝါးလိုက်စမ်းပါ .
ကောင်းဗျကောင်း ဒုံ - ဒုံမ် - ဒုံ
စတီးဗီယိုအဆိုကျော်အာမြဲခြောက်ဆိုသွားတဲ့ - ဟို ဖဲကြိုးဝါသီချင်းလေးဆို ရင်အောင်လား -
♫ ယူခရနုပင် × × ပန်းတွေ ကြားမှာ - × × သိစေ့ရာအဖြေ ရှိမယ် × × ♫
ဖိုးဖွေ့ဥဂ္ဂန်ကတယ်ဟုတ်ပါလား -
တောက်! မိုးနှစ်ကောင်ရောက်လာ ကတဲကအိပ်ကောင်းခြင်း တယ်ကွ - မအိပ်ဘူး - သွား ပြောစမ်းမယ်
ဟေ့ - ဒီမယ်မင်းတို့အကောင်တွေလဲ သူဖက်ဆိုတာသူများတွေအနားယူအိပ်ချိန် ကွ၊ မင်းတို့ခုလိုဆူပူအော်ဟစ်နေ ကြတာကောင်းသလား
ကိုကြီးကြွက်တလဲဒေါသချည်းဘဲကိုး၊ ကောင်း ကောင်းပြောမှဂရုပါတယ်၊ ကျနော်တို့ကရိုး ရိုးတဲ့သဘောဝါတွေမှမဟုတ်တာ - ဟဲဟဲ
ဟဲ - ဟဲ - ပြန်တော့နော်



ဒေါ်ကြီးတော့ပြန်သွားပြီ
နှီလည်ပင်နှုန်းပြန်စ-ဂုဒေအောင်
အေး ကောင်းတယ်
ဒိုး×ဂျို-××ရွှေတွေ××အရူးတွေ××ရွှေတွေ သဘော×ကိုယ်သန္နိဋ္ဌာန်××ထင်တာပြော ××လမ်းပေါ်က×အရူးကြီးတွေ× အပေါ်×ပျော်ဒိုး ဒိုး
ခွေးတိရစ္ဆာန်တွေ၊ သေဂုအောင်ပြင် လိုင်းမှာ၊ လိုင်း -
ဘယ်ရမလဲ-ခုလိုထွက် ပြေးတော့-ဒင်းဘာတတ် နိုင်သေးလဲ-ဟဲဟဲ
ကိုယ်တို့ကရေထဲ ခုန်ဆင်းလိုက်ယင် လွတ်နေပြီ-ဟီဟီ
တောက်! ကြောလွိုဆိုလို့ရမဲ့ကောင်တွေမဟုတ်ပါ ဘူး၊ဒီညတော့ဖြစ်သလိုဘဲ အိပ်မယ်၊ နောက်ညမှနေရာပြောင်း အိပ်တော့မယ်
ဖိုးပုဂုစ်နှင့်ဖိုးဖားတို့သည်ပျော်မြဲအတိုင်း ပျော်လျက်၊အော်မြဲအတိုင်း အော်လျက်
ဆောင်းငြိမ်းချမ်း× ×ဟမ်း


ဟေ့ကောင် - နားထောင်စမ်း၊ ဟိုနားကချောင်းစပ်၊ ရေစပ်စပ်နေရာက ဖါးအော်သံကြားတယ်
အေး၊ ဟုတ်တယ် ဦးအသံမထွက်စေနဲ့
ညဉ့်ငှက်ဇီးကွက်နှစ်ကောင်သည်၊ အသံတိတ်ငြိမ်သက်စွာပျံသန်းပြီး၊ အစာများကို လိုက်ဖမ်းရ -
ဖြေးလော့-ဖြေး
ဟား၊ ငါတော့ဖါးတကောင် မိတယ်၊ မင်းကောဘာမိလဲ
ငါလဲပုရစ်တကောင်ကွ
အသံမလုံ့ဆူညံစွာပျော်ပါးမိကြသောဖါးနှင့်ပုရစ် တို့သည်ဇီးကွက်များ၏အစာအဖြစ်အဖမ်းခံ လိုက်ရသည်။
ကယ်ကြပါအုံးဗျို့
တောက် ဒီကောင်တွေ၊ အသံဆိုးနဲ့ အော်မြည်ပြီ၊ သွားစပြော အုံးမှ
ဟာ! လက်စသတ်တော့ သူများကိုအနှောင့်အယှက် ပြုချင်တဲ့ကောင်တွေဇီးကွက်စာမိသွား တာကိုး၊ ငါသွားပြောဖို့မလိုတော့ဘူး ကောင်းကောင်းသိပ်ရပြီလေ



# ငန်သောအစာကို စားပြီးလျှင် ဘာကြောင့်ရေငတ်သနည်း

ဆားသည်သင့်တင့်သော ရေကိုသာ စုတ်ယူသည်။ သို့ရာတွင် ငန်သော အစာကို စားသုံးမိပါက ဆားပမာဏ များလာသောကြောင့် အသားမျှင်များမှ စုတ်ထုတ်ခြင်းခံရသော ရေပမာဏမှာလည်း ပို၍လာသည်။ ထိုအခါ ခြောက်သွေ့သွားသော အသားမျှင်များက အာရုံကြောများမှတဆင့် သတင်းပို့သဖြင့် လျှာနှင့် လည်ချောင်းတွင် ခြောက်သွေ့၍ ရေငတ်သည့်သဘော ဖြစ်လာရလေသည်။

တင်လှဦး

ကျွန်ုပ်တို့ နေ့စဉ်စားသုံးနေသော အစားအစာများတွင် ဆားမှာ အနည်းနှင့် အများဆိုသလို ပါဝင်မြဲဖြစ်သည်။ ဆားသည် အသားမျှင်များမှ ရေကို စုတ်ထုတ်နိုင်စွမ်း ရှိသည်။ စုတ်ထုတ်ပြီး ရေသည် ကျောက်ကပ်ဆီရောက်သွားသည်။ ကျောက်ကပ်က လိုသောအရာကိုစစ်ယူပြီး မလိုသောအရာကို ဆီးရည်အဖြစ် စွန့်ထုတ်လိုက်သည်။




## ကားနဲ့သွားမယ်



# ပြိုင်ဆိုင်မှု

မောင်မောက် ဥက္ကာ



ကျော်ကျော်တို့ အတန်းထဲသို့ မြန်မာစာဆရာမ ဒေါ်သန်းဝင်း ဝင်ရောက် လာ သည်။ ကျော်ကျော်တို့ အားလုံး မတ်တတ် ရပ်ကာ "မင်္ဂလာပါ"ဟု နှုတ်ဆက်လိုက်ကြသည်။ ဆရာမက ထိုင်ခွင့်ပြုမှပင် အားလုံးထိုင်ကြသည်။ ဆရာမသည် မနေ့က ပေးခဲ့သော လေ့ကျင့်ခန်းများကို စစ်ဆေးပြီး စာအုပ်များကို ကျောင်းသားများထံ ပြန်ပေးသည်။ ပြီးသောအခါ–

"မင်း တို့ ကို ဒီနေ့ စာစီစာကုံး တ ခု ပေး မယ်၊ အဲဒါ ဒီ မှာ လဲ ရေး ပါ၊ မပြီးလို့ရှိယင် အိမ်မှာ ပြီးအောင် ရေးခဲ့ပါ၊ မပြီးယင်တော့ နက်ဖန် ခုံပေါ်တက်ပြီး မတ်တတ် ရပ်နေရမယ်"

ဆရာမသည် ကျောက်သင်ပုန်းပေါ်တွင် "ဇွဲနှင့် လုံ့လ အသုံးချ" ဟူသော စာစီစာကုံး အမည် ကို ရေးပြလိုက်သည်။ ကျော် ကျော် သည် လည်း အများနည်းတူ စာ စီ စာ ကုံး ကို စတင်၍ ရေး ကြည့် ပါ သည်။ သို့သော် ဘယ်က ဘယ်လို စ၍ ရေးရမည်ကို မသိပေ။ အချိန်သာ စေ့သွားသည်။ ကျော်ကျော် ရေး၍ မရသေးပေ။

မနက် အိပ် ရာ က နိုး သော အခါ ကျော်ကျော့် စိတ်သည် ထိုင်းမှိုင်းလျက်ရှိသည်။ ညကလည်း ဆရာမ ပေးလိုက်သော စာစီစာကုံး မရေးဖြစ်သေးပေ။ ကျော်ကျော်သည် စိတ်ကူးတခု ရလိုက်သည်။ မျက်နှာကို အမြန်သစ်လိုက်သည်။ သူ့ဘာ့ပင် မတိုက်တော့။ သူ့ အစ်ကို ကြီး ဝင်း သော် ၏ စာ အုပ် စင် မှ "အောင်ပွဲဝင် အစမ်းစာ" ဟူသော စာအုပ်ကိုဆွဲလိုက်သည်။ နောက် ထိုစာအုပ်ထဲမှ "ဇွဲနှင့် လုံ့လ ဝိရိယ" ဟူသော စာစီစာကုံးကိုကူးယူလိုက်သည်။

နောက်နေ့ အ တန်း ထဲ သို့ ဆရာမ ဝင် လာ သော အ ခါ ကျော်ကျော်သည် ရွှင်ပြ၍နေသည်။ လုံးဝ ရေးမလာသော အတွက်နှင့် မျိုးမြင့်တို့မှာ ခုံပေါ် တက်၍မတ်တတ်ရပ်နေကြရသည်။ ဆရာမသည် လေ့ကျင့်ခန်း စာအုပ်များကို စစ်ဆေး၍ ပြန်ပေးပြီး –

"ဒီနေ့တော့ မင်းတို့အတန်းမှာ လူတော်လေးတယောက်ကို ဆရာမတွေ့ရတယ်ကွဲ့"

ကျောင်းသူ ကျောင်းသား အားလုံးသည် သိလိုသော မျက်လုံးများဖြင့် ကြည့်နေကြသည်။

"အဲဒီ လူတော်လေးနာမည်က ကျော်ကျော်တဲ့"

ကျော်ကျော်သည် ခုထက်ထိ သူ့အဖြေစာအုပ်ကို ဆရာမ မပေးသေးခြင်းကို ခုမှပင် သဘောပေါက်သွားသည်။ ဆရာမ ပြောသည့် အသံနှင့်အတူ တတန်းလုံးက ကျော် ကျော့် ကို ဝိုင်း ကြည့် ကြ သည်။ ကျော်ကျော် ရှက်သွားသည်။

"ဆရာမက ဇွဲနှင့်လုံ့လ အကြောင်း ဘဲ ရေး ခိုင်း တယ်။ ကျော်ကျော်က ဝိရိယ အ

ကြောင်းပါ ရေး သား သေး တယ်။ ကဲနားထောင်ကြ ဆရာမ ဖတ်ပြမယ်"

ဆရာမ ဖတ်ပြနေစဉ် တတန်းလုံး ငြိမ်၍ နားထောင်နေကြသည်။ ဆရာမ ဖတ်ပြအပြီးတွင် အချိန်စေ့သဖြင့် ဆရာမသည် အခန်းထဲမှ ထွက်သွားသည်။ ထိုနေ့က ကျော်ကျော် ပျော်သင့်သော်လည်း မပျော်ဖြစ်ခဲ့ ပါချေ။

ရက်သတ္တ တပတ်မျှ လွန်မြောက်သော နေ့တွင် ဆရာမဒေါ် သန်း ဝင်း သည် ကျော်ကျော်တို့ အခန်းတွင်းသို့ ဝင်လာသည်။ ဆရာမမျက်နှာတွင် ရွှင်ပြခြင်း လုံးဝမရှိပေ။ တတန်းလုံးသည် ဆရာမ ဆူတော့မည်ကို သိသဖြင့် ငြိမ်နေကြသည်။

"ကျော်ကျော်ထစမ်း၊ မင်းအပြစ်ကို မင်းသိလား"

ရုတ်တရက်တွင်မူ ကျော်ကျော်သည် တွေဝေ၍ သွားသည်။ သည်တပတ်အတွင်း သူကျောင်းလည်း မပျက်ခဲ့။ ဆရာမ လေ့ကျင့်ခန်း များကိုလဲ မပျက်ခဲ့။

"မသိပါဘူး ဆရာမ"

"ရအေး – မင်း ဟိုတပတ်က ရေးတဲ့ စာစီစာကုံးဟာ ဘယ်သူ ရေးပေးတာလဲ"

ကျော်ကျော်ထိတ်လန့်သွားမိသည်။ တဆင့် ကူးချခဲ့သော သူ့အပြစ်ကို ဝန်ခံရမည်ကိုလည်း ရှက်နေမိသည်။

"တနေ့ကဆရာမ 'အောင်ပွဲဝင် အစမ်းစာ' ဆိုတဲ့ စာအုပ်ကို ဖတ်ကြည့်တော့ အဲဒီထဲက စာစီစာကုံးတပုဒ်ဟာ မင်းရေးထားတာနဲ့တူလို့ မနေ့က မင်းစာအုပ်ကို ယူသွားပြီး အိမ်မှာ တိုက်ကြည့်တာ တထေရာထဲဘဲ၊ မင်းဘာပြောချင်လဲ"

ကျော်ကျော်သည် ဆက်၍လိမ်ပြော လိုက်လျှင် ပိုအပြစ်ကြီးမည်ကို စိုးသဖြင့် ကူးချမိကြောင်း ဝန်ခံလိုက်သည်။ ယခုမူ တတန်းလုံးက သူ့ကို မနှစ်လိုသော အကြည့်ဖြင့် ကြည့်ကြသည်။ ကျော်ကျော် ခေါင်းပင်မဖော်ရဲတော့။

"ဒီလို အမှားကို ဝန်ခံတာတော့ ကျော်ကျော့်ကို ဆရာမချီးကျူးတယ်ကွာ။ ဒီလို ကူးချတာကလဲ သူများထက် သာအောင် လို့ ပေါ့ ဟုတ် လား။ အေး ဒါပေမဲ့ မင်းလုပ်တာလမ်းလွဲနေတယ်ကွ။ ပြိုင်ဆိုင်ပုံမှားနေတယ်။ နည်းလမ်း အမှန်က ကိုယ့်အားကိုယ်ကိုးပြီး ရေးရမှာကွ။ နောက်ဆိုရင် ကိုယ့်အစွမ်းအစနဲ့ဘဲ ရေးရမယ်နော် ဟုတ်လား ကျော်ကျော်"

"ဟုတ်ကဲ့ ဆရာမ"

ဆရာမသည် ပြုံးရွှင်စွာနှင့် အခန်းထဲမှ ထွက် သွား သည်။ နောက်တခါ မှား ယွင်း သော ပြိုင်ဆိုင်မှုမျိုး မပြု လုပ် ရန် ကျော်ကျော် ဆုံးဖြတ်လိုက်ပါသည်။

## ကရင် နှစ်သစ်ကူး

စစ်တောင်းသံလွင် တေးသံရှင်၊
နှစ်သစ်ကူးတဲ့ ပွဲသဘင်။

ဇွဲကပင်လား သံတောင်လား၊
ဖားစည် တီးသံကြား။

မြသားနဒီ ချစ်သွေးညီ၊
မြင်ကြီး ဧရာဝတီ။

နောင်ညီလက်တွဲ နှစ်စဉ်နွဲ၊
မိတ်ဆုံပျော်တဲ့ပွဲ။

ပုလဲနှင်းငုံ အေးရိပ်လှုံ၊
သဇင်သင်းပျံ့ထုံ။

လှပုံသစ်ထူး စိတ်ကြည်နူး၊
ကရင်နှစ်သစ်ကူး၊

မြူးမြူးကြွကြွ ကခုန်ဟန်။
ကရင်ဩနှင့် ဗုန်းယိမ်းသံ။

ဆောင်းဟေမန်နှင့်မေတ္တာတေး၊
တောင်ပေါ် မြေပြန့်
ချစ်ကြည်အေး။ ။

ဗန္ဓုရဝင်း



R. 517



# ပန်းရည်စုတ်ကျောဝါ

ပန်းရည် စုတ် ကျောဝါသည် ကိုယ်အလျားငါးလက်မရှိသည်။ ငှက်မ၏ အရောင်မှာ ဇော်ဂျီစိမ်းရောင် ဖြစ်၏။ ငှက်ဖို၏ ဦးခေါင်းနှင့် ရင်ပတ်ရှိ ကြက်သွေးရောင်မှာ တခါတရံ လွင့်ပါးပျက်ပြယ်သည်ကို တွေ့ရသည်။ ယင်းသို့ ဖြစ်တတ်သော ငှက်မှာ အနိမ့်ပိုင်းနေ အမျိုးအစားများ ဖြစ်သည်။ အခြား ပန်းရည်စုတ် တို့မှာ ထိုသို့ မဖြစ်တတ်ပေ။

ယင်းတို့သည် ပျံသန်းရင်း ကျယ်လောင် စူးရှ စွာ ဖြင့် တေးသီတတ်သည်။ သို့သော် အသံမှာ တုန်ရီသည်။

ဥမှ ပေါက်ပွားချိန်မှာ မေလမှ ဇူလိုင်လ အတွင်း ဖြစ်သည်။တမြုံလျှင် နှစ်ဥမှ သုံးဥအထိ ရှိ၍ တဥလျှင် ပျမ်းမျှ အလျား ၀.၅၉ လက်မ၊ ပြက် ၀.၄၅ လက်မ ရှိသည်။ ပန်းရည် စုတ် ကျောဝါ၏ အသိုက်တွင် ဥသြငှက်သည် မကြာခဏ ဝင်ရောက်၍ အုတတ်၏။

ပန်းရည် စုတ် ကျောဝါကို အရှေ့တိုင်းနိုင်ငံများတွင် အနှံ့အပြား တွေ့ရသည်။ မြန်မာနိုင်ငံတွင် ကွင်းပြင်နှင့် တောင်ခြေတို့၌ နေထိုင်ပြီး သစ်ပင်ထူထပ်သော ဒေသကိုနှစ်သက်သည်။ ပေ ၄,၅၀၀ အမြင့် ဒေသအထိ တွေ့မြင်နိုင်သည်။

စိုးလွင်မြင့်



၁၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင်
ဦးကျော်အုံး က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၃။


ရွှေသွေး ဂျာနယ်

# စေတနာမှန်သော အဖိုးအို

ပေါ်သားကြီးမြသိန်း

သရုပ်ဖော်

၁၃၃၆ ခု၊ ပြာသိုလဆန်း ၇ ရက် (၁၈-၁-၇၅)








စနေနေ့တိုင်း ထုတ်ဝေသည်။


နန်းတော် အပြင်ဘက်တွင်ရှိသော ကွင်းပြင်တွင် ပျော်ရွှင်စွာ ကစားနေကြလေ၏။
သားတော်လေး၏ အပေါင်း အဖော်များကား မှူးကြီးမတ်ရာ အရှို၏ သားတော်များ ဖြစ်ကြသည်။
မိအောင်ဖမ်း
မိပြီဟေ့
ဘုရင်ကြီး၏ သားတော်အပါအဝင် ကလေးများတို့သည် ပုတ်သင်ညိုတကောင်ကို ဖမ်းကြကာ−
ကြိုးကို ကွင်းလျှောလုပ်ပြီး ပုတ်သင်၏လည်ကိုစွပ်၍−
ဆော့ကစားကြ၏။ ပုတ်သင်ညိုမှာ ရုန်းကန်၍ ဟိုပြေး သည်ပြေး ပြေးလွှားနေရှာသည်။


ထို အဖြစ်အပျက်ကို မြင်တွေ့ကြရသော လမ်းသွား
လမ်းလာတို့သည် မနှစ်မြို့ကြသော်လည်း....
ဘုရင်နှင့် မှူးမတ်တို့၏ သားတော်များ
ဖြစ်နေသဖြင့် ရာထူး
အရှိန်အဝါကြောင့်
မပြောရဲကြချေ။
အို.. ပုတ်သင်ညို့လည်ကို
အကျိုးမဲ့ ကြိုးနဲ့ချည်ပြီး
ဆော့ကစားနေကြပါလား
ထိုစဉ် ခရီးသွားအဖိုးအိုတဦး ရောက်ရှိလာလေသည်။
ဟဲ့.. ကလေးတို့....
ကလေးတို့... သည်လို
မလုပ်နှင့်.. မလုပ်ကြနှင့်..
ပုတ်သင်ညိုကို လွှတ်
လိုက်ကြပါ..
သို့သော် ဘုရင့်သားတော်အပါအဝင် ကလေး
များသည် အဖိုးအို၏စကားကို မနာယူဘဲ ပုတ်
သင်ညိုနှင့် ကစားမြဲ ကစားနေကြသည်။
ကလေးတို့..ကိုယ့်အတွက်လဲ အကျိုး
မရှိ.. သူတပါး အတွက်လဲ အကျိုး
ထိခိုက်တဲ့ အလုပ်မျိုးကို မပြု
ကြပါနဲ့.


ပုတ်သင်ယော်ကို ကြိုးဖြေ လွှတ်ပြီး..တခြားကစားနည်း တခုကိုပျော်ပျော်ရွှင်ရွှင် ကစားကြပါ..
အဖိုးအိုက တကြိမ် ထပ်ပြောသော်လည်း ကလေးတို့သည် အဖိုးအို၏စကားကို မနာခံကြချေ။ မနာခံသည့်အပြင် မထီမဲ့မြင် ကြည့်၍ ရယ်သွမ်းသွေးကြပြန်သေး၏။
ကောင်းကောင်းပြောလို့ မရတဲ့ကလေးတွေ..ကွဲ...
အနုနည်းနှင့်ပြောဆို သုံး မ ၍ မ ရ သော အ ခါ တွင် အဖိုးအိုသည် အ သင့် တွေ့ သော တုတ် ကို ဆွဲ ယူ ၍ က လေး များ ကို လိုက်လံ ရိုက်နှက် တော့သည်။
ဤတွင်မှ အဖိုးအိုသည် ကြိုးကိုဖြေ၍ ပုတ်သင်ညိုကို လွှတ်လိုက်သည်။
ကလေးများသည် မိဘများကို ငိုယိုတိုင်တမ်းကြ၏။


ဘုရင်ကြီးကိုလည်း သားတော်က ငိုယို တိုင်တမ်း လေသည်။ ဘုရင်ကြီးသည် ဒေါသထွက်ပြီး။
ထို အဖိုးအိုကို ရှေ့တော်သို့ သွင်းစေ...
အမိန့် ချမှတ်လိုက်တော့သည်။
ဘုရင်ကြီးရှေ့တော်မှောက်သို့ အဖိုးအိုရောက်သော်—
အသင်သည် ကျွန်ုပ်၏သားတော်နှင့်ကလေးများကို အဘယ်ကြောင့် ရိုက်နှက် ရပါသနည်း
အသင်မင်းကြီး.. ကျွန်ုပ်သည် ကလေးများကို ရိုက်ပုတ်သည်မှာ အညိုးထား၍ မဟုတ်ပါ. မကောင်းသော အလုပ်ကို မြင်နေ၍ ပြောဆိုဆုံးမ၍ရိုက်ပုတ်ခြင်းသာဖြစ်ပါသည်.
မိဘသည် သားသမီးတို့ကို တခါတရံ ရိုက်နှက်၍ ဆုံးမသော စိတ်ထားနှင့် ကျွန်ုပ် ပြုခဲ့ခြင်းဖြစ်ပါသည်။ ၎င်း အတွက် အပြစ်ရှိသည် ထင်လျှင် ကျွန်ုပ်၏ စေတနာမှန်ကို စော်ကားခြင်း သာဖြစ်ပါသည်
ဘုရင်ကြီးက
ကလေးတို့သည် အဘယ်မကောင်းသော အလုပ်မျိုး လုပ်ပါသနည်း


ထိုအခါ အဖိုးအိုက ပုတ်သင်၏ လည်ပင်းကို ကြိုးချည်၍ ဆော့ကစားကြကြောင်းကို လမ်းသွား လမ်းလာများအား သက်သေပြု၍ ရှင်းပြ၏။
၌တွင်ဘုရင်ကြီးသည် အဖိုးအို၏ စေတနာကို သဘောပေါက်ပြီး
ကျွဲသိုးခိုးလျှင် သင်၏ ရိုက်နှက်ခံရမခြင်းသည် သင့်ဖြတ်လျော်ကန်သော အမှုဖြစ်ပါ၏
အဖိုးအို၏ မေတ္တာမှန်ကို လေးစားသွားသည့် အားလျော်စွာ ဘုရင်ကြီးသည် သားတော်နှင့် မှူးမတ်ကြီးတို့၏ သားတော်များကိုပါ ခေါ်၍ အဖိုးအိုအား ကန်တော့စေလေသည်။
နောက်နောင်တွင် လူကြီးသူမတို့က မှန်မှန်ကန်ကန် ဆုံးမပြသော စကားများကို သားတော်တို့တတွေ နားထောင်ကြရမည်
ထိုနောက် အဖိုးအိုကို ထိုက်တန်သော ဆုလာဘ်များ ပေးလိုက်လေတော့သတည်း။
ပြီး



သူများကိုစချင်လို့
မောင်ဝင်း
ဟာ ပုရွက်ဆိတ် တွေပါလား
လွယ်အိတ်ထဲထည့်ပြီး ပီ-ကျောင်းကျ သူငယ်ချင်းတွေ လွယ်အိတ်ထဲ မီးခြစ် ဗူးကိုဖွင့် ထည့်- ဟီဟိ--
ထိုစဉ် လွယ်အိတ်တဲမှ မီးခြစ် ဗူးမှာ အနည်းငယ် ပွင့် ဟ သွား၏။
အမလေး-ကိုက်တာယားမျ- အမေ့လေး--နာလာလာ
!
ဝင်း




ရှေးက "ကီမို"လို့ခေါ်တဲ့ "ကျောက်ပန်းတောင်ကြီး"ရဲ့ ခြေရင်းက ရွာတရွာမှာ ညီအကိုနှစ်ယောက်ဟာ ကိုယ့်အိုး ကိုယ့်အိမ်နဲ့ တသီးတခြားစီ နေကြတယ်။



တနေ့တော့ ညီဖြစ်သူဟာ အကိုကြီးရဲ့အိမ်ကို ရောက်လာပြီး၊ "ငါးမျှားချိတ်ရှိယင် ခဏပေးပါ"လို့ ငှားတယ်။ ဒီအခါ အကိုက သူ့ငါးမျှားချိတ်ကို ပေးလိုက်တယ်။

ညီဖြစ်သူက ငါးမျှားချိတ်ကိုရတော့၊ ချောင်းထဲ ဆင်းပြီး ငါးမျှားတယ်။ မကြာခင်ဘဲ ငါးကြီးတကောင်က ငါးစာကို ဆွဲဟပ်လိုက်တာနဲ့ ညီဖြစ်သူက ငါးမျှားတံကို သုတ်လိုက်တဲ့အခါ လာဟပ်တဲ့ ငါးကြီးက ကြီးလွန်းလို့ ပါမလာဘဲ၊ ငါးမျှားကြိုးသာပြတ်ပြီး ငါးမျှားချိတ်သာ ငါးကြီးနောက် ပါသွားသတဲ့။



ငါးကြီး လွတ်သွားတော့ ညီက အကိုကြီးဆီ လာပြီး "အကို့ ငါးမျှားချိတ် ငါးပါးစပ်ထဲ ပါသွားပြီ"လို့ ပြောတယ်။

ဒီတော့ အကိုကြီးက "မင်းအသုံးမကျတာနဲ့ ငါ့အဖေလက်ထက်က ငါးမျှားချိတ်တော့ အဆုံးမခံနိုင်ဘူး၊ တခြားက အသစ်ရှာပေးတာမျိုးလဲ မလိုချင်ဘူး။ ငါ့ ငါးမျှားချိတ်ကိုဘဲ ငါပြန်ရမှ ဖြစ်မယ်"လို့ ဇွတ်တောင်းသတဲ့။



ဒီလို တဖက်သတ် ပြောနေတော့ ညီက သူ့အကိုကြီးနဲ့ ဆက်ပြီး စကားမများချင်တာနဲ့ ရွာထဲက လူတွေကို အကူအညီ တောင်းကာ သူငါးမျှားတဲ့ ချောင်းကို တမံတုပ်ပြီး၊ ရေတွေကို ခပ်ထုတ်ပစ်တယ်။ ရေတွေကုန်တော့ ငါးမျှားချိတ်ကို မျိုထားတဲ့ ငါးကြီးကို တွေ့တာနဲ့ဖမ်းပြီး ဝမ်းကို ခွဲတဲ့အခါ ငါးမျှားချိတ်ကိုပြန်ရတယ်။ ဒါနဲ့ ငါးမျှားချိတ်ကို သူ့အကိုဆီသွားပို့ပြီး၊ သူဘယ်လိုလုပ်ပြီး ငါးမျှားချိတ်ကို ပြန်ယူခဲ့တယ်ဆိုတဲ့ အကြောင်းပါ ပြောပြတာပေါ့။

နောက်တနေ့တော့ အကိုကြီးဟာ သူညီ အိမ်ရောက်လာပြီး၊ ကြော်စရာ လှော်စရာရှိလို့ ဒယ်အိုး ခဏပေးပါလို့ ဒယ်အိုးလာငှားတယ်။

ဒီတော့ ညီက ခွင်ပေါ်မှာ ကြော်လှော်နေဆဲ ဒယ်အိုးထဲက စားစရာတွေကို ခပ်ယူပြီး ဒယ်အိုးကို ငှားလိုက်တယ်။ အကိုကြီးဟာ ဒယ်အိုးကို ယူပြီး၊ ပြန်သွားလို့ လမ်းတဝက် ရောက်တော့ လက်ထဲက လွတ်ကျပြီး၊ ဒယ်အိုးဟာ အစိပ်စိပ် အမွှာမွှာ ကွဲသွားတယ်။



ဒါနဲ့ ညီဖြစ်သူဆီကို ပြန်လာပြီး၊ ဒယ်အိုး ကျကွဲသွားတယ်ဆိုတဲ့အကြောင်း ပြောပြတော့ ညီက "အကို ကပျက်ကချော်လုပ်လို့ အဖေ့ လက်ထက်က ဒယ်အိုးကွဲတာ ကျွန်တော် မကျေနပ်ဖူး၊ အကောင်းဖြစ်အောင်သာ ပြန်လုပ်ပေးပါ၊ အသစ်ရှာပြီး အလျော်ပေးတာမျိုး မလိုချင်ဘူး" လို့ သူက တခါအပြောခံရသလို ပြန်ပြောတယ်။

ဒီလိုနဲ့ ညီအကိုနှစ်ယောက် အငြင်းအခုံ ဖြစ်ကြကာ၊ စိတ်ဝမ်းကွဲကြတာနဲ့ အကိုက တောင်အောက်ကို ဆင်းပြီး မြေပြန့်ဘက်ကိုထွက်သွားတယ်။




ညီကလဲ အကိုနဲ့ ဝေးအောင်ဆိုပြီး မြောက်ဖက်က တောင်တန်းတွေပေါ်ကို တက်သွားတယ်။

ကာလကြာတော့ မြေပြန့်ဘက်ကို ထွက်သွားတဲ့ အကိုရဲ့ သားချင်း အမျိုးတွေဟာ ဗမာရယ်လို့ ဖြစ်လာပြီး မြောက်ဖက် တောင်တန်းတွေပေါ်ကို တက်သွားတဲ့ ညီနဲ့ သားချင်းတွေဟာ ချင်းရယ်လို့ဖြစ်သွားတယ်။



ဒါ့ကြောင့် ဗမာနဲ့ချင်းဟာ အရင်းစစ်လိုက်တော့ ညီအကိုဖြစ်ပြီး၊ ရှေးရှေးက တဦးနဲ့တဦး အထအနကောက် ခဲ့ကြလို့ ခုအခါ ဗမာရယ် ချင်းရယ်လို့ဖြစ်နေကြတယ်ဆိုတဲ့ အကြောင်း ချင်းလူကြီး သူမျှားက ဒီပုံပြင်ကို သူတို့ရဲ့ မြေးငယ်တွေကို ပြောပြလေ့ရှိကြပါတယ်။



အလှနှုန်းကောင်းသောလည်ပင်း
ကာတွန်းမြေဇော်
ရေးဆွဲချက်
ဟော-
ဟိုမှာ-ကိုသစ်ကုလားအုပ်
ပါလား အဖော်ဘဲ-
ကိုသစ်ကုလားအုပ်
နေကောင်းလားဗျ-
ကောင်းပါ!
ဗျား
ဟိုလေ-
ခင်ဗျား နဲ့ကျွန်တော်
လည်ပင်းချင်း
လဲရအောင်ဗျာ-
ဗုဒ္ဓေါ


ကျွန်တော့်လည်ပင်းကို ခင်ဗျားယူပေါ့-ခင်ဗျား လည်ပင်း၊ ကျွန်တော့် ပေးပါ -
(ဟ) ငါ့လည်ပင်းကို မင်းရတော့ ဘယ်လို အသုံးကျမှာလဲ
အသုံးကျတာပေါ့ဗျ ကျွန်တော်က ပွဲတို့ ရုပ်ရှင်တို့ကို ဝါသနာပါတယ်ဗျ-ခင်ဗျား လည်ပင်းနဲ့သာဆို ပွဲတို့ ရုပ်ရှင်တို့ ကောင်းကောင်းမမြင် ရတဲ့ပြဿနာမရှိ တော့ဘူးပေါ့ဗျာ-
အင်း နောက်နေကာ
ဟော-အပြေးပြိုင်တဲ့အခါမှာ ခင်ဗျားလည်ပင်းနဲ့ဆို-နောက်ဆုံးကျနေပေမဲ့.
လည်ပင်းရှည်လို့ "ခေါင်းတလုံးဖြင့် နိုင်ခြင်း" ဆိုပြီး ပထမရနိုင်တယ်


အတန်းထဲမှာ စာလုံးပေါင်းတို့ ဂဏန်းသင်္ချာတို့မရတဲ့အခါသူများ ဆီကအလွယ်တကူကြည့်နိုင်တာပေါ့ဗျာ ဟဲဟဲ..
အလဲ့-တယ်ဟုတ်ပါလား နောက်ဘယ်လိုများအသုံးချ နိုင်သေးလဲ-
အကောင်းဆုံးကတော့ဗျို့ တော်တော် တန်တန်မြင့်တဲ့သစ်ပင်ပေါ်ကအသီး အခက်ကိုလွယ်လွယ်ကူကူစားနိုင်တာ ပေါ့- ဟဲဟဲဟဲ-
အေးဟဲ့- ဒီလိုဆိုယင် ဒီလောက်တောင်အသုံးကျပြီး ကောင်းတဲ့ငါ့လည်ပင်းကို ငါဘဲ ပုထားတော့မယ် မလဲတော့ဘူး

# ဆီများ မီးလောင်သောအခါ ဘာကြောင့် ရေဖြင့် မငြိမ်းသတ်နိုင်သနည်း


မီးလောင်သောအခါ မီးသတ်တပ်ဖွဲ့ဝင်များက ရေဖြင့် ငြိမ်းသတ်ကြသည်ကိုတွေ့မြင်ဘူးကြပေမည်။ မီးတောက်ကို ရေလောင်းလိုက်သောအခါ၊ ရေကြောင့် မီးတောက်သည် ဆက်လက် လောင်ကျွမ်းရန် လေမှ အောက်ဆီဂျင် ဓာတ်ငွေ့ကို မရနိုင်တော့ချေ။ ထို့ကြောင့် မီးငြိမ်းသွားရခြင်း ဖြစ်သည်။ ထို့အပြင် ရေသည် အပူရှိန်ကိုကျဆင်းစေသည်။

သို့ရာတွင် ဓာတ်ဆီ၊ ရေနံနှင့် ဆီများ မီးစွဲလောင်သောအခါတွင်မူ ရေကိုအသုံးမပြုနိုင်တော့ချေ။ အကြောင်းမှာ ဆီများသည် ရေထက်ပို၍ ပေါ့သောကြောင့် ဖြစ်သည်။ ရေသည် ဆီအောက်သို့ ရောက်ရှိသွားပြီး ဆီသည် ရေမျက်နှာပြင်ပေါ်တွင် ပေါ်နေသည်။ ထိုအခါ ဆက်လောင်ရန် အောက်ဆီဂျင်ကို လေမှ ရမြဲရနေသောကြောင့် မီးတောက်မှာ မငြိမ်းတော့ချေ။ ယင်း မီးတောက်မျိုးကို အထူးပြုလုပ်စီမံထားသော မီးသတ်ဗူးကို အသုံးချ၍ ငြိမ်းသတ်ရလေသည်။ မီးသတ်ဗူး မရှိပါက အလွယ်ကူဆုံး နည်းမှာ သဲဖြင့်ပက်ဖြန်းခြင်းပင် ဖြစ်သည်။

တင်လှဦး




## တနင်္ဂနွေနေ့ပါ ရုံးဖွင့်ယင် ကောင်းမယ်



# ကျွန်တော်ဝိဇ္ဇာ

အေးမြသူ



ကျွန်တော်ငယ်ငယ်က ဝိဇ္ဇာဇော်ဂျီနှင့် တပသီများကို ယုံကြည်ပါသည်။ အဖိုး အဖွားများကလည်း ကျွန်တော့်ကို ဒဏ္ဍာရီပုံပြင်များ ပြောပြလေ့ရှိပါသည်။

တခါက ကျွန်တော်၏ စိတ်ထဲတွင် "ခုနေများငါး မုန့်စေ့တစေ့ လောက်ကောက်ရ လိုက်ယင် ဘယ်လောက် ကောင်းမလဲ ရေခဲမုန့် ဝယ်စားမယ်" ဟု စဉ်းစားပြီး လမ်းလျှောက်လာခဲ့သည်။ ရှေ့တွင် ငါးမူးစေ့ တစေ့ကောက်ရပါသည်။ ဤ အခါများတွင် ဝိဇ္ဇာများကို ကျွန်တော် ယုံကြည်လာပါသည်။

မိုးရာသီ တရာသီတွင် မိုးလေး ငါးရက် ဆက်၍ ရွာပါသည်။ တည အိပ်ရာမဝင်မီ "နက်ဖန်မနက်အိပ်ရာက ထတဲ့အခါ နေပူနေယင်ဘယ်လောက်များ ကောင်း လိုက် မ လဲ" ဟု တွေးလိုက် မိပါသည်။ နောက်တနေ့နံနက် အိပ်ရာမှ နိုးသောအခါ၊ နေပူ နေပါသည်။

ဝိဇ္ဇာများသည် ကလေးများ၏ လိုအင်ဆန္ဒများကို ခိုးနား ထောင်ပြီး ဆောင် ရွက်ပေးသည်ဟု ထင် မိ ပါ သည်။ ထို့ကြောင့် ကျွန်တော်၏ဆန္ဒကို ဝိဇ္ဇာများ အလွယ်တကူ သိနိုင်ရန် စာဖြင့် ရေးထားပြီး၊ ခြံဝတွင် ချိတ်ဆွဲ ထားသင့်သည်ဟု တွေးမိပါသည်။

တနေ့တွင် ကျွန်တော်သည် ခွေးတကောင် လိုချင်ကြောင်း စာရေးပြီး၊ ဝင်းတံခါးတွင် ချိတ်ဆွဲထားခဲ့ပါသည်။ နောက်တနေ့ နံနက်တွင် ခွေးနက်ကလေး တကောင် ခြံစည်းရိုး နံဘေးသို့ ရောက်နေပါသည်။

ဤအခါ ကျွန်တော်သည် လိုချင်သမျှသော အရာများကို စာရင်းပြုပြီး၊ ခြံတံခါးဝတွင် ထပ်မံချိတ်ထား လိုက်ပါသည်။

ကျွန်တော်၏ စာရင်းတွင် လေသေနတ် တလက်၊ အဝေးကြည့် မှန် ဘီ လူး တ လက်၊ မောင်း ချ ဓား တ ချောင်း နှင့် မြင်းတကောင် ပါဝင်ပါသည်။

ကျွန်တော်၏ စာရင်းမှာ တပတ်ခန့်အထိ ထိုနေရာတွင် ပင် ရှိနေသော်လည်း မည်သည့် ပစ္စည်းတခုမှ မရရှိခဲ့ပါ။ ထိုအခါ ကျွန်တော်သည် ဝိဇ္ဇာများကို စိတ်ဆိုးလာပါသည်။ "ဘယ်သူမဆို ·တခြားလူတွေရဲ့ လိုအင်ဆန္ဒကို သိနိုင်တာဘဲ၊ ငါလဲ တခြားလူတွေရဲ့ဆန္ဒကို သိနိုင်မယ်ဆိုယင် ဝိဇ္ဇာ လုပ်ကြည့်နိုင်တာဘဲ" ဟု တွေးမိပါသည်။

"ဟို ဖက် အိမ် က င နက် တကောင် သိပ်ဟောင်နေတယ်၊ သူ့ကို ချည်ထားလို့ ထင်တယ်၊ သူလျှောက်ပြေး ချင်ရှာမှာဘဲ၊ ငါသွားလွှတ်ပေးလိုက်မယ်၊ ဒါမှ အရေးအကြောင်းရှိယင် ငါ့ကို ကူမှာဘဲ" ဟု စိတ်ကူးပြီး တဖက်ခြံသို့ ကူးကာ၊ ငနက်၏ လည်ပင်းတွင် ချည်ထားသောကြိုးကို ဖြေပေးလိုက်ပါသည်။ ငနက်က ကျွန်တော်၏အင်္ကျီကို လှမ်းကိုက်လိုက်ပါသည်။ အင်္ကျီစုတ်ပြဲ သွားပါတော့သည်။

အတန်းထဲတွင် မောင်အောင်စာမဖြေနိုင်သောအခါ၊ ကျွန်တော်က တီးတိုးပြောပေးလိုက်ပါသည်။ "သူ့ကို ငါစာထောက်ပေးတဲ့အတွက် သူ မောင်းချခြားနဲ့ ငါ့ရဲ့ တံဆိပ်ခေါင်းတွေနဲ့ လာလဲမှာဘဲ" ဟု တွေးမိပါသည်။ သို့သော် ကျွန်တော် စာပြောပေးသည်ကို ဆရာမကြားသွားသဖြင့် ကျွန်တော်ဒဏ်ပေးခြင်း ခံရပါသည်။

သူများ၏ ဆန္ဒများကို ကူညီခြင်းဖြင့် ဝိဇ္ဇာဖြစ်လိုသော ကျွန်တော်သည် ဘာကြောင့် ကံဆိုးနေရသလဲဆိုသည်ကို မသိပါ။ နောက်မှ သတိရပါသည်။ ကျွန်တော့်ကို ကူညီခဲ့သောဝိဇ္ဇာများမှာ ကျွန်တော့်ထံမှ တစုံတရာ ပြန်ရလို၍ ကူညီခြင်း မဟုတ်ပါ။ လျှို့ဝှက်စွာ ကူညီခဲ့ကြပါသည်။ ထို့ကြောင့် ကျွန်တော်လည်း လျှို့ဝှက်စွာအကျိုးဆောင်တော့မည်ဟု ဆုံးဖြတ်မိပါသည်။

ကျွန်တော်သည် စိတ်ဝင်စားစရာကောင်းသော ပထဝီစာအုပ်များကိုယူပြီး၊ မောင်အောင်တို့အိမ် ပြတင်းပေါက်အနီးတွင်ရှိသော ခုံပေါ်တွင် သွားတင် ထားလိုက်ပါသည်။

နောက်တနေ့ အတန်းထဲတွင် မောင်အောင်က "မနေ့ညက သိပ်ထူးဆန်းတာဘဲ၊ ပထဝီဖတ်မယ်လဲ စိတ်ကူးလိုက်ရော ဒို့ပြတင်းပေါက်နားက ခုံမှာ စာအုပ်တပုံ ရောက်နေတယ် ဘယ်သူလာထားလဲ မသိဘူး၊ ဝိဇ္ဇာတွေများလား မသိဘူး" ဟု အံ့အားသင့်စွာ ပြောပါသည်။

တနေ့တွင် ကျွန်တော်တို့အိမ်နီးချင်း ဖြူဖြူ၏ ခွေးကလေး ပျောက်သွားပါသည်။ ဖြူဖြူမှာ စိတ်မကောင်းဖြစ်နေရှာပါသည်။ ကျွန်တော်သည် တွန်းလှည်းကို ပြင်ရန်အတွက် သစ်သားလိုသဖြင့် နောက်ဖေးတဲကလေးသို့ သွားသောအခါ ဖြူဖြူ၏ ခွေးကလေးမှာ သစ်သားများကြားတွင် ညပ်ပြီး ပိနေသည်ကို တွေ့ရပါသည်။ ကျွန်တော်က ဆွဲထုတ်ပေးလိုက်သောအခါ၊ ငနက်သည် ကျွန်တော့်ကို လျှာဖြင့် လျက်ပါသည်။ ထို့နောက် ကျွန်တော်သည် ငနက်ကို ခေါ်သွားပြီး ဖြူဖြူ၏ အိမ်ဝတွင် ကြိုးဖြင့် ချည်ထားလိုက်ပါသည်။

ကျွန်တော်သည် တနေရာတွင် ပုန်းနေလိုက်ပါ၏။ ဖြူဖြူ ထွက်လာပြီး "ငနက် မင်းကို ဘယ်သူပြန်တွေ့တာလဲ ဝိဇ္ဇာတွေ တကယ်ရှိတာဘဲ" ဟု အံ့အားသင့်စွာ ပြောပါသည်။

ဤသို့ဖြင့် ကျွန်တော်ကိုယ်တိုင် ဝိဇ္ဇာ ဖြစ်ခဲ့ဘူးပါသည်။ ယင်းသို့ တပါးသူများ၏ ဆန္ဒများကို တိတ်တဆိတ် ကူညီခြင်းဖြင့် ကျွန်တော့် ရင်ထဲတွင် များစွာ ပျော်ရွှင်မိပြီး စိတ်ကြည်နူးခဲ့ရပါသတည်း။

## မနှင်းပွင့်

မနှင်းပွင့် မနှင်းပွင့်
ဖြူဖွေးသန့်စင်တင့်။

ထက်မိုးမြင့်မှ မြေသို့လာ
အေးချမ်းဆောင်းလခါ။

ငွေပုဝါ ခြုံကာဆင်း
ဟေမန် လှယမင်း။

သဇင်သင်းတဲ့ ပင်ထက်မှာ
သူပျော်မမှေ့ပါ။

သက်ဆင်းလာ မြေအရောက်
ဘဝမေ့မပျောက်။

နှင်းရည်သောက်တဲ့
မြက်ခြောက်ပင်
စိမ်းလန်းစိုဝေလွှင်။

တူနှိုင်းယှဉ် စံယူသင့်
ပြည်သူချစ်တဲ့ မနှင်းပွင့်။ ။

ကြက်မျှား-သက်ကို





# ဝံလက်

ဝံလက်သည် ငှက်အကြီးစားဖြစ်၍ ကိုယ်အလျား ၂၀ မှ ၂၃ လက်မ အထိ ရှိသည်။ ရေနှင့် နီးကပ်စွာ နေလိုကြ၍ မြစ်ချောင်း အင်းအိုင် များတွင် အတွေ့ရများသည်။ ကိုယ်အပေါ်ပိုင်းသည် ညိုမည်း၍ အောက်ပိုင်းနှင့် ဦးခေါင်းပိုင်းမှာ ဖြူသည်။ အေးဘက်၌ မည်းသော အစင်းအတန်းများရှိသည်။ အတောင်များမှာ ရှည်သော်လည်း မကျယ်ပြန့်ပေ။ နောက်စေ့မှ အမွေးများမှာ အမောက်ကဲ့သို့ ဖြစ်နေသည်။

အော်သံမှာ တို၍ စူးရှသော်လည်း သာယာသည်။ အော်မြည်၍ ပြီးဆုံးသောအခါ လယ်ကွင်းသို့ ဆင်းသက်တတ်သည်။ ကြောက်လန့်သည့်အခါတွင် ကရက်-ကရက် ဟူ၍ အော်မြည်တတ်၏။

ငါးဖမ်း ကျင်လည်၍ အတော်အတန် ကြီးသော ငါးကိုပင် ဖမ်းယူနိုင်သည်။ ပျံဝဲ၍ ငါးရှာရာ၌ ခြေနှစ်ချောင်းကို အောက်သို့ ချထားတတ်သည်။ အတောင်ကို လည်း တဝက်သာဖြန့်၍ ပျံဝဲသည်။ တစက္ကန့်မှ နှစ်စက္ကန့်အထိ ရေတွင် ထိုးစိုက် ငုပ်လျှိုး၍ ရေထဲမှ ငါးကို ရှာဖွေဖမ်းယူတတ်သည်။ ရေမျက်နှာ ပြင်မှ ငါးကိုမူ ထိုးသုတ်နိုင်လေသည်။

ဧပြီလနှင့် မေလတွင် သားပေါက်ကြသည်။ တဥလျှင် ပျမ်းမျှ အလျား ၂.၄၃ လက်မနှင့် ပြက် ၁.၇၂ လက်မရှိသည်။

စိုးလွင်မြင့်



၁၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင်
ဦးကျော်အုံး က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၄။

# ရွှေသွေး ဂျာနယ်


၁၃၃၆ ခု၊ ပြာသိုလဆန်း ၁၄ ရက် (၂၅-၁-၇၅)




စနေနေ့တိုင်း ထုတ်ဝေသည်။



ဗိုလ်ခြေတပ်များကိုလည်း ပိုင်ဆိုင်ထားသူဖြစ်သည်။
သို့သော် တစ်နေ့သောအခါတွင် ဘုရင်ကြီးကိုယ်၌ ထူးဆန်းသော ရောဂါဝေဒနာ တစ်ခု ကပ်လာသည်။
အင်း- ငါ့ကိုယ်မှာ
ပါလိမ့်!



ထိုအချိန်မှစ၍ ဘုရင်ကြီးသည် များစွာစိတ်ဆင်း ရဲခြင်းဖြစ်ပါသည်။
အင်း-ငါ့ဟာ သိပ်ဝဋ်ကြွေးပါလား။ ဒီရောဂါမျိုး၊ ငါ့ဆွေစဉ်မျိုးဆက်မှာ မရှိပါဘူး။ ဒီအတိုင်းသာဆိုရင် ပျော်ရွှင်ခွင့် မဖြစ်တော့ဘူး။
ရှိမပြဲနေသော ရောဂါဝေဒနာကြောင့် ဘုရင်ကြီးသည် မပျော်ရွှင်နိုင်ရှာပါ။ စားတော်ကဲများ အထူးကြိုးစားချက်ပြုတ်သော အရသာရှိ ခဲဖွယ်တို့ကိုလည်း မမှီဝဲနိုင်ဖြစ်နေရှာသည်။
ဒါတွေ ပြန်ယူသွားကြ-မစားချင်ဘူး-အဟီး-ဟီး-
ဒီရောဂါဝေဒနာသာ ဖြစ်နေမယ်ဆိုရင် ငါ့ကို ထီးနန်း စည်းစိမ်ဟာလည်း ငါ့မှာ တန်ဖိုးမရှိပါလား-ဒီတော့ ကျန်းမာရေးနဲ့ ထီးနန်းကို လဲမှ ဖြစ်တော့မယ်။
ထို့နောက် ဘုရင်ကြီးသည် သူ့ရောဂါပျောက်အောင် ကုစားနိုင်သူအား ထီးနန်း စည်းစိမ်နှင့် ရွှေငွေ ရတနာများကို ဆုလာဘ် အဖြစ်ပေးမည်ဟု ပြည်တွင်း၌ လှည့်လည်ကြေညာစေသည်။
ဘုရင်မင်းမြတ်ခံစားနေရသော ရောဂါဝေဒနာကို ပျောက်ကင်းအောင် ကုစားနိုင်သူအား ထီးနန်းစည်းစိမ် နှင့်တကွ ရွှေငွေရတနာများ ဆုလာဘ် အဖြစ်ပေးသနားတော်မူမည်
ထိုသို့ ကြေညာလိုက်ပြီးသည့်နောက်တွင် တိုင်းပြည် အတွင်းအပြင် နယ်စပ်ဖြား ကျော်ကြားလှသော သမား တော်ကြီးများသည် ဘုရင်ကြီး၏ရောဂါကို လာရောက်ကုစားကြသည်။
ကျွန်တော်မျိုးကြီး ကုဆေးကို တစ်ခါထဲ လိမ်းလိုက်ရင် ချက်ချင်းပျောက် သွားပါလိမ့်မယ် ဘုရား။
သို့သော်
အလိုလေး-နင့်ဆေးကို လိမ်းလိုက်တာမှ ပိုယား လာပါကလားဟ-အမယ်လေးဟ-အမယ်လေး ဟ-အား-အား ယူပါကြ ပါဦး-


ဧကါဗေဟာက်ရောဂါ မကုစားနိုင်သော သမားတော်ကြီးများ
အတိုင်းတိုင်းအပြည်ပြည်မှ သမားတော်ကြီးများ တစ်ဦးပြီး တစ်ဦး လာရောက်ကြ၍ ဧကါဗေဟာက်ကို ကုစားကြသည်။
သို့သော် တစ်ဦးမျှ ဧကါဗေဟာက်ကင်း ပျောက်အောင် မကုစားနိုင် သဖြင့် အကျဉ်းထောင်သို့ ချကြရသည်။
ဆေးတိုးအတတ်မှာ ... မတတ်ဘဲ ... ဆေးသမားတွေ၊ သမားတော်ရမ်းကုကြီးတွေ ချခံရတာကိုး
ဘုရင်ကြီးမှာ ဧကါဗေဟာက်ကင်းအောင် မကုစားနိုင်သူ တစ်ဦးတစ်ယောက်မျှ မရှိသဖြင့် စိတ်ဆိုးကြီးနေရှာသည်။
အင်း- ငါတော့ ... မဖယ်ထင်ပါဘူး ... ခေါင်းအုံး မပါ
အမယ်လေး ယားလိုက်တာ-အား- အား..
သို့ဖြင့် နောက်ဆုံးတွင် သမားတော်ကြီး တစ်ဦး ဆေးကုစားရန် နန်းတော်တွင်းသို့ ရောက်လာခဲ့သည်။
မှန်လှပါ- အရှင်မင်းကြီး ... ပျောက်ကင်းအောင် ... သမားတော်တစ်ဦး ရောက်ရှိလာပြန်ပြီ
အာ့ မယ်လေး ယား- ... ယား-



ဟေး-တန်-တိတ်- ဦးသမားတော်ကြီးလဲ အတူးလန့်နေမှာကွာ၊ ပျောက်အောင်ကုလို့နိုင်မှာ မဟုတ်ဘူး - သွားကြ -
မှန်လှပါ- အရှင်မင်းကြီးရဲ့ ရောဂါဝေဒနာကို ပျောက်ကင်းအောင်မကုနိုင်ပါက ကျွန်တော်မျိုးရဲ့ ဦးခေါင်းကို ဖြတ်ပစ်တော်မူပါဘုရား၊
ဦးလေးမျိုးတော် ဦးနေပါဦး
အေးလေ- ဦးလေးက အခုဟောကြီးလှတာ ကြည့်ပါ -
ဆရာကြီးသည် ရောဂါကိုသိ၍ သမားတော်ကြီး ... အားလည်သမျှ ပညာများဖြင့် အစွမ်းကုန် ကုသပေးသည်၊
သုံးလအတွင်းတွင်၊ ဆရာကြီးသည် ရောဂါဝေဒနာမှာ ပိန်းရွက်ပေါ် ရေတင်သည့်အလား လုံးလုံးလျားလျား ပျောက်ကင်းသွားတော့သည်။
အိုး- ဦးသမားတော်ကြီးလည်း ပေးမှုကွာ၊ ငါ့ ရောဂါလုံးဝပျောက်ကင်းသွားပြေတော့တယ် -
ထို့နောက်
ကျွန်ုပ်ရောဂါကို အတိုင်း သမားတော်ကြီးအား၊ ကျွန်ုပ်ပိုင်ထီးနန်းစည်းစိမ်နှင့်တကွ ရတနာများကို ဆုလပ်အဖြစ် ချီးမြှင့်မယ် -
အရှင်မင်းကြီး ချီးမြှင့်တော်မူတဲ့ ဆုလပ်များကို မယူလိုပါ၊ သည်းခံတော်မူပါ အရှင်မင်းကြီး -





ရပ်ရွာအတွင်းတွင်လည်း၊ ရောဂါကင်းစင်စေရန် အမြဲတစေ သန့်ရှင်းမှု လုပ်စေသည်။
တိုင်းသူပြည်သားများ၊ အဟာရပြည့်စုံစွာ ဝလင်နိုင်ရန်လည်း အလုံးစုံ ခိုင်စေပေးသည်။
ဤသို့ တိုင်းသူပြည်သားများ၊ ကျန်းမာရေးကို အလေးပေး ဆောင်ရွက်နိုင်ခဲ့သဖြင့်၊ သီဟရာဇာဘုရင်ကြီး၏ တိုင်းပြည်သည် ယခင်ကထက်၊ သာယာဖွံ့ဖြိုးခဲ့လေသတည်း။
ဪ–လောကမှာ၊ ကျန်းမာခြင်းထက် အဖိုးတန်တဲ့ရတနာ မရှိပေပါကလား၊

ရှေးအခါက တိုင်းပြည်တပြည်၌ အလွန်လှပ ချောမောသော မင်းသမီးကလေးတပါး ရှိ၏။ သူသည် အလွန် လိမ်မာပါးနပ်သူ ဖြစ်၍ စကားစစ်ထိုးပွဲများ၌ သူကသာ အနိုင်ရသည်ချည်း ဖြစ်၏။ သူ၏သတင်းသည် တိုင်းပြည်နှင့်အဝှန်း ကျော်ကြားပျံ့နှံ့နေလေသည်။

ဖခင် ဘုရင်ကြီးက မင်းသမီးကလေးနှင့် စကားစစ်ထိုးပွဲ ယှဉ်ပြိုင်ဝံ့သူရှိပါက လာရောက်၍ ယှဉ်ပြိုင်ကြရန် အခြားနိုင်ငံများသို့တိုင် ကျေညာစေ၏။ မည်သူမဆို အနိုင်ရလျှင် မင်းသမီးကလေးနှင့် လက်ထပ်ပေး၍ တိုင်းပြည်ထက်ဝက်ကိုခွဲကာ မင်းပြုစေမည်ဟုလည်း ကတိပြုလေ၏။

ဤကျေညာချက်ကို တိုင်းပြည်တပြည်မှ ညီနောင်ခုနစ်ဖော်တို့က ကြားသိကြလေရာ စကားစစ်ထိုးရန် လာရောက်ကြလေ၏။




ညီအငယ်ဆုံးသည် လမ်းခရီး၌ လွယ်အိတ်တလုံးကို တွေ့ရသောကြောင့် ကောက်ယူလာခဲ့၏။ နောင်တော်များက မယူခဲ့ရန် တားကြသော်လည်း မရပေ။ ခရီးဆက်၍ လာကြပြန်ရာ ကြက်သေတကောင်ကို တွေ့ကြရပြန်၏။ ညီထွေးသည် နောင်တော်များ ဟန့်တားသည့်ကြားမှပင် ကြက်သေကိုလည်း ယူဆောင်လာခဲ့၏။ လမ်းခရီး တလျှောက်၌ နောက်ထပ်တွေ့ရသော ကြိုးငယ်တချောင်း၊ ဇွန်းတချောင်း၊ ကြိုးကြီးတချောင်းနှင့် ကောက်ကွေသော ဆိတ်ချိုတခုကိုပါ ညီထွေးသည် ကောက်ယူလာခဲ့လေ၏။ နောင်တော်ကြီးများက အကြိမ်ကြိမ် တားမြစ်ဟန့်တားသော်လည်း မနာခံ၊ နောင်တချိန်၌ အသုံးချမည်ဆိုပြီး ယူဆောင်လာခဲ့လေ၏။



မင်းသမီးကလေးရှိရာ နန်းတော်သို့ ရောက်ကြသော အခါ အလှည့်ကျ တဦးချင်း နန်းတွင်းသို့ဝင်၍ မင်းသမီးကလေးနှင့် စကားစစ်ထိုးကြရလေ၏။

ခန်းမဆောင်မှာ လေလုံလှသောကြောင့် အသက်ရှူကြပ်မတတ် ဖြစ်နေ၏။ ထို့ကြောင့် အစ်ကိုအကြီးဆုံး ဖြစ်သူက "အလွန်တရာမှပင် ပူအိုက်လှသည်" ဟု စကားကို စ၍ဆိုလိုက်၏။



မင်းသမီးကလေးက "မီးသည် ဤမျှမက အဆပေါင်းများစွာ ပို၍ပူပါသည်" ဟုဆိုသော် အစ်ကိုကြီးသည် ရှေ့သို့ဆက်၍ပြောရန် စကားစရှာမရနိုင်ဖြစ်နေ၍ အရှုံးပေးလိုက်ရလေတော့သည်။

ယှဉ်ပြိုင်ရာတွင် ရှုံးနိမ့်သူဟူသမျှ၏ ဝဲဘက်နားရွက်ကို သံပူတံစို့ထိုး၍ ဖောက်မြဲဖြစ်၏။ အစ်ကိုကြီး၏ ဝဲဘက်နားရွက်မှာလည်း သံပူတံစို့နှင့်ထိုး၍ အဖောက်ခံရလေ၏။ ကျန်ငါးယောက်တို့မှာလည်း အစ်ကိုကြီးကဲ့သို့ပင် ဝဲဘက်နားရွက်များ အဖောက်ခံကြရလေ၏။



ညီထွေးကလေး၏ အလှည့်သို့ရောက်သောအခါ အစ်ကိုကြီးများကဲ့သို့ပင် "ပူအိုက်လွန်းလှသည်" ဟု စကားစ၍ ဆို၏။ "ဤအခန်းတွင်းမှာထက် မီးသည် အဆများစွာပို၍ ပူ၏" ဟု မင်းသမီးကလေးက ပြော၏။ "ဤသို့ဆိုလျှင် ကျွန်ုပ်၏ ကြက်ကို ကင်ချင်ပါ၏" ဟု ညီထွေးကလေးက ကြက်သေကို ထုတ်ယူပြလိုက်၏။ "ကြက်သေကိုမီး၌ ကင်လေလျှင် အဆီများ ယိုစီးကျဆင်းကုန်မှာပေါ့"



"ကြောင့်ကြတော်မမူပါနှင့်၊ ကျွန်ုပ်၏ထံ၌ ကြက်ဆီများကိုခံယူရန် ဇွန်းတချောင်း ပါပါ၏" ဟု ပြောယင်း ဇွန်းကို ထုတ်ပြ၏။ "ပူလွန်းသော ကြက်ဆီကြောင့် ဇွန်းကျိုးမည် အမှန်ပင်"ဟု မင်းသမီးကလေးက ပြောသောအခါ "ဇွန်းကျိုးခဲ့သော် ချည်နှောင်ရန် ကြိုးငယ်တချောင်းအဆင်သင့် ရှိပါ၏"ဟု ကြိုးငယ်ကို ထုတ်၍ ပြလိုက်၏။



"စကားများသည် တိုတောင်းလှပါဘိသည်။ စကားစစ်ထိုးရန် မဖြစ်နိုင်ပါ" ဟု မင်းသမီးကလေးက ဆို၏။ "အကျွန်ုပ်၏ စကားများသည် တိုသည်ဆိုအံ့၊ ဤကြိုးဖြင့် ဆက်ကြပါစို့" ဟု ညီထွေးကလေးက ကြိုးကြီးကို ပြ၍ ပြောလိုက်၏။

"ကောက်ကျစ်သော စကားကို ဆိုဘိ၏" ဟု မင်းသမီးကလေးက စွပ်စွဲလိုက်သောအခါ.... "ကျွန်ုပ်၏စကားထက် ဤဆိတ်ချိုက ပို၍ ကောက်သေးသည်" ဟု ဆိုကာ ညီထွေးကလေးသည် ကောက်သော ဆိတ်ချိုကို ထုတ်၍ ပြလိုက်လေ၏။

မင်းသမီးကလေးအဖို့ ရှေ့သို့ စကားမဆက်နိုင်အောင် ဖြစ်နေသောကြောင့် ညီထွေးကလေး အနိုင်ရရှိသွားလေ၏။

ဘုရင်ကြီးသည် ထားရှိသော ကတိအတိုင်း ညီထွေးကလေးနှင့် သမီးတော်ကလေးကို လက်ထပ်ပေးပြီး တိုင်းပြည်ကို ထက်ဝက်ခွဲ၍ မင်းပြုစေသတည်း။


ရတနာကျွန်း
မလကြီးသည် ခွန်အားမလကြီးမားသော်လည်း အလုပ်လုပ်ရမည်ကို ပျင်း၏။ မလုပ်မဖြစ်၍သာ
ဟင်းစားအတွက် နေ့စဉ်ငါးများခြင်းကိုပြုသည်။
တနေ့တွင်လည်း ထုံးစံအတိုင်း ပျင်းပျင်းနှင့်
ငါးမျှားရင်း ငေးမောနေရာ
အလို...ဟိုမှာ ပုလင်းတလုံးပါလား
ရေထဲတွင် ပုလင်းတလုံးမျောပါလာသည်ကို
တွေ့၍ ရေထဲဆင်းကာ ဆယ်ယူလိုက်သည်။
ပုလင်းထဲမှာ-စာရွက်
စာရွက်ပါလား
ဒါငယ်ငယ်က
ကြားဖူးတဲ့
ရတနာကျွန်း
မြေပုံဆိုတာ
များလား-အဟိ
စာရွက်ကို ဖြန့်ကြည့် လိုက်သောအခါ သူ
ထင်သည့်အတိုင်း မြေပုံတခု ဖြစ်နေသည်။
ရတနာကျွန်း
ဟားဟား-ဟုတ်ပြီကွ
မလတို့တော့ ရတနာပုံကြီးပေါ်
ထိုင်ပြီး ပျင်းပျင်းရှိအိပ်လိုက်
နိုးလာယင်စားလိုက်နဲ့
တိန်တိန်ကို မြည်နေ
မှာဘဲ


သို့နှင့် ဗလကြီးသည် မြေပုံ အညွှန်းအတိုင်း ခရီး ထွက်လာခဲ့တော့သည်။
ဘယ်သူ့မှမပြောဘူး ငါတယောက်ထဲ ဥတ္တရာကျွန်းကို ရောက်အောင် သွားမယ်
ခရီးလမ်းပန်းက ကြမ်းတမ်းလှသည်။ တောလမ်းခရီးဖြစ်၍ သားရဲတိရစ္ဆာန်တို့၏ ရန်ကိုလည်း ကြောက်ရသည်။
အချို့နေရာများတွင်ချောက်ကမ်းပါးကြီးများ ခြားနေ၍ ခက်ခက်ခဲခဲ စွန့်စားသွားရ၏။
ဟူး- မောလိုက်တာ ဒီအပေါ်က ဖြတ်ပြီး ဟိုဘက်ကူးရမယ်
မြေပုံအညွှန်းအရ ဟောဒီမြစ်ကိုကျော်ပြီးယင် ဥတ္တရာကျွန်းကိုရောက်ပြီ
ဗလကြီးသည် မြစ်ကို ဖြတ်ကူးခဲ့ရာ နောက်ဆုံး၌ တဖက်ကမ်းသို့ ရောက်လေသည်။ သို့သော် ခရီးကြမ်း၏ ဒဏ်ကြောင့် မေ့မြောသွားသည်။
သတိပြန်ရလာသောအခါ သူ့အနားတွင် လူများ ဝိုင်းဝိုင်းလည်နေသည်ကို တွေ့ရသည်။
သတိရလာပြီလား မိတ်ဆွေ


ထိုသူများက သူ့အား ရှင်းပြကြသည်။
ဒီဟာ... မိတ်ဆွေ လိုက်ရှာနေတဲ့ ရတနာကျွန်းဘဲ၊ ရတနာကျွန်း မြေပုံကို ကျနော်တို့ ပုလင်းထဲ ထဲ့ပြီး မျှောလိုက်တာပေါ့-
ဟောဒီကျွန်းကို လုံ့လဝီရိယစွမ်းနဲ့ ပြည့်စုံတဲ့သူမျိုးမှသာ ရောက်အောင်လာနိုင်ပါတယ် မိတ်ဆွေဟာ တကယ့် ယောကျ်ားကောင်းပါဘဲ
ဒီကျွန်းပေါ်မှာ... စိုက်ပျိုးကွင်းတွေ၊ စက်ရုံအလုပ်ရုံကြီးတွေရှိတယ် ကျွန်းသူကျွန်းသားတွေအားလုံး အလုပ်လုပ်ကြတယ် ထွက်သမျှ ထုတ်လုပ်သမျှ သီးနှံတွေ ပစ္စည်းတွေကို မြို့ပေါ်သွားရောင်းတယ်၊ ငွေကြေးရတယ် ကိုယ့်ဝမ်းရေးအတွက်လဲ မပူပင်ရတော့ဘူး တပါးသူတွေအတွက်လဲ ဖြန့်ဝေပေးနိုင်တယ်
ကျနော်တို့အဖို့တော့ လုပ်အားဟာ... ရတနာပါဘဲ ဒါကြောင့်–အလုပ်လုပ်သူတွေ စုပေါင်းနေတဲ့ ဟောဒီကျွန်းကို ရတနာကျွန်းလို့ အမည်ပေးထားတယ်
ဟုတ်ကဲ့ ကျနော့်ကိုလဲ... လုပ်အားရှင် တဦးအဖြစ် စာရင်းသွင်းလိုက်ပါတော့ခင်ဗျာ
ဗလကြီးသည် ဤရတနာ ကျွန်းကလေးတွင် ရာသက်ပန် နေထိုင်ရန် ဆုံးဖြတ်လိုက်လေပြီ။
ပြီး

# သစ်ပင်များတွင် ခံစားမှု ရှိသလော



သစ်ပင်တပင်၏ ပင်စည်ကို ဓားသွား ထက်ထက်ဖြင့် လှီး ဖြတ်လိုက်ပါက အရည် အနှစ်များ စိမ့်ထွက်လာလိမ့်မည်။ လူခန္ဓာကိုယ်မှ သွေး ထွက်သကဲ့သို့ပင် ဖြစ်သည်။ မကြာမီ ဓားဒဏ်ရာကို ဖုံးအုပ်ရန် အသားသစ် ထွက်လာသည်။ လူတွင် ထိခိုက်မိသောဒဏ်ရာ ကျက်သွားသည့်ပုံအတိုင်းပင် ဖြစ်သည်။ ပန်းအမျိုး အမျိုး အပြား သည် နေထွက်လာလျှင် ပွင့်လာပြီး နေဝင်သွားပါက ပွင့်ချပ်များ စုငုံသွားသည်။ အချို့ အပင်များ ဥပမာ ထိကရုံးပင်မျိုးတို့သည် ၎င်းတို့ကို ထိလိုက်သည်နှင့် အရွက်များ ပိတ်ချပ်သွားပြီး တပင်လုံး ညှိုးကျ သွားတတ်သည်။ မြေအောက်တွင် ရေရှိရာ အရပ်သို့ ဦးတည်နေသော အမြစ်တခုသည် ၎င်း၏ လမ်းကြောင်းတွင် ကျောက်တုံးကြီးတတုံး ခံနေပါက ၎င်းကျောက်တုံးကိုမဖောက်ထွင်းနိုင်ကြောင်း သိသော အခါ လမ်းကြောင်းကို ပြောင်းလဲတတ်လေသည်။

တင်လှဦး



## မဟုတ်ဘူးလား



# ကျွန်တော်တို့ သမဝါယမ

မောင်ကြည်လွင် (ဥက္ကံ)



ကျွန်တော်တို့ မိသားစုတွင် သားအမိ သားအဖ လေးယောက် ရှိပါသည်။ ဖေဖေ၊ မေမေနှင့် လေးနှစ်သား အရွယ် ညီလေး၊ စတုတ္ထတန်း ကျောင်းသား ကျွန်တော်၊ အားလုံး လေးယောက် ဖြစ်ပါသည်။

ဖေဖေသည် သမဝါယမ လူကြီးတဦး ဖြစ်ပြီး ကျွန်တော်တို့ ကျေးရွာ၏ စာကြည့်တိုက်မှူးလည်း ဖြစ်ပါသည်။ မေမေက တော့ အိမ်အလုပ်သာ လုပ်ပါသည်။ ဖေဖေသည် နေ့စဉ်နှင့် အမျှ အားလပ်သည် မရှိပါ။ ဖေဖေလုပ်သော စာကြည့်တိုက် အကြောင်းကို ကျွန်တော် ကောင်းကောင်းသိသော်လည်း သမဝါယမ ဆိုသည်ကိုတော့ ကျွန်တော် မသိပါ။

ကျွန်တော် ကျောင်းသွားလျှင် မေမေက မုံ့ဖိုး ဆယ်ပြား အမြဲ ပေးပါသည်။ ကျွန်တော်နှင့်အတန်းတူ ကြွက်နီ၊ ဝင်းတင်၊ လှဝင်း၊ ဟန်သိန်းတို့လည်း မုံ့ဖိုး ဆယ်ပြားသာ ရကြ ပါသည်။ သို့သော် ဆင်းရဲသော သန်းပုမှာ ငါးပြားသာ ရသည်ဟုပြောပါသည်။

ကျွန်တော်တို့ မူလတန်းကျောင်း ရှေ့တွင် ဒေါ်ချစ်၏ အကြော်စုံဆိုင်ရှိပါသည်။ ကျွန်တော်တို့သည် ထိုဆိုင်မှ တခု ဆယ်ပြား ပေးရသော ဘိန်းမုံ့ ဝယ်စားလေ့ရှိကြပါသည်။ ဒေါ်ချစ်၏ဘိန်းမုံ့မှာ ဘူးသီးကြော်၊ ဘရာကြော် တို့ ထက် ကောင်းသည်။ တခုနှင့် ဝသည်။ ထို့ကြောင့် ကျွန်တော် တို့သည် ဘိန်းမုံ့ အမြဲ ဝယ်စား ကြရပါသည်။

သူငယ်ချင်း သန်းပုမှာ မုံ့ဖိုး ငါးပြားသာ ရသဖြင့် ဆယ်ပြား ပေးရသော ဘိန်းမုံ့ကို မစားရရှာပါ။ ဘူးသီးကြော်၊ ဘရာကြော် တို့မှာလည်း ဆယ်ပြား ပေးရသဖြင့် သန်းပုသည် ငါးပြားနှင့်ရသော ဇီးထုပ်၊ သကြားလုံး စသည်တို့ကိုသာ ဝယ်စားရရှာပါသည်။

ကျွန်တော်တို့သည် သူငယ်ချင်း ခြောက်ယောက် စုပေါင်း၍ ကျောင်းရှေ့ ကုက္ကိုပင်ကြီး အောက်တွင် မုံ့စားကြပါသည်။ မုံ့ဖိုးငါးပြားသာရသော သန်းပုကို ဘိန်းမုံ့ တဖဲ့စီ ပေးစားကြပါသည်။ သို့သော် သန်းပုသည် ကျွန်တော်တို့ ကျွေးတိုင်း မစားပါ။ တခါတရံ အတင်းကျွေး၍ မငြင်းသာမှ စားပါသည်။ သူ့အတွက် ကျွန်တော်တို့ စိတ် မကောင်းပါ။

တနေ့တွင် ဝင်းတင်က သူ့အကြံတခုကို ပြောပြသည်။

"ဒို့ ခုလို တယောက်စီ ဝယ်စားမဲ့အစား ငါးမူးဖိုး စုပေါင်း ဝယ်ယင် ဘိန်းမုံ့ခြောက်ခုရမယ်ကွ"

"အေးကွတကျပ်ဖိုးဝယ်ယင် ဆယ့်နှစ်ခုရတယ်လို့ ငါလဲ ကြားတယ်၊ အခု မင်းပြောမှ သတိရတယ် သူငယ်ချင်း" ဟု လှဝင်းက ဝင်ပြောလိုက်သည်။ ကျွန်တော်

တို့ အားလုံး ဝင်းတင်၏ အကြံ ကို သဘောတူလိုက်ကြပါသည်။ မှန်ပါသည်။ ငါးမူး စုဝယ်၍ ခြောက်ခု ရလျှင် ကျွန်တော်တို့ ချည်း ပိုစားရန် မဟုတ်ပါ။ ချို့တဲ့ ရှာသော သန်းပုကို ဝေပေးရန် ဖြစ်ပါသည်။ ဤအကြံကို အား လုံးက သဘောတူကြပါသည်။

နောက် တ နေ့ တွင် ကျွန် တော်တို့ ငါးယောက် စုပေါင်း၍ ဘိန်းမုန့် ဝယ်ရာ ခြောက်ခု ရပါ သည်။ အပိုတခုကို ကျွန်တော် တို့က သန်းပုကို ပေးပါသည်။

သန်းပုက ကျွန်တော်တို့ကို သူ့မုန့်ဖိုး ငါးပြားကို ယူပါဟု ပေးသည်။ အားလုံးက မယူဟု ငြင်းပယ်ကြပါသည်။ မယူယင် မင်းတို့ မုန့်ကို မစားတော့ဘူးဟု သန်းပုက အကျပ်ကိုင်ပါတော့ သည်။ ထိုအခါ ဉာဏ်ကြီးရှင် ဝင်းတင်က–

"ဟော့–ဒါဖြင့် ဒီလို လုပ်ကြ မယ်၊ သန်းပုပေးတဲ့ ငါးပြားကို ယူပြီး ဒို့ စုထားကြမယ်၊ ဆယ် ရက်ကြာယင် အပြား ငါးဆယ် ရမယ်"

"ဟာ-ဟုတ်တယ်ဟေ့၊ ဆယ် ရက်ကြာလို့ ပြားငါးဆယ်ရယင် ဒို့မုန့်ဖိုး ဆယ်ပြားစီ သက်သာ မယ်၊ အဲဒါကို အိမ်မှာ ပြန်စုကြ ပေါ့ကွာ"ဟု ဟန်သိန်းက ပြော လာသည်။

"နေ့တိုင်း ငါးပြား စုတာ ကောင်းပါတယ် ကွာ၊ နောက် များလာတော့မှ စုပေါင်း အ ကျိုးရှိမဲ့ နေရာမှာ သုံးကြတာ ပေါ့"ဟု လှဝင်းက အဆိုပြုပြန် သည်။

နောက်ဆုံးတွင် လှဝင်း၏ အဆိုကို အတည်ပြု၍ နေ့စဉ် ပိုငွေ ငါးပြားကို စုထားမည်။ ကျောင်းပိတ်ရက်နီးမှ ခွဲဝေယူ ကြမည်ဟု ဆုံးဖြတ်ကြပါသည်။ တနေ့ငါးပြား ပိုငွေကို စုရမည့် သူမှာ ကျွန်တော်ဖြစ်ပါသည်။

ကျွန်တော်တို့ ဝမ်းသာစွာ လူစုခွဲခဲ့ကြပါသည်။ အိမ်ရောက် သောအခါ ဖေဖေ့ကိုကျွန်တော် က ဤအကြောင်း ပြောပြပါ သည်။ ထိုအခါ ဖေဖေက–

"ကောင်းတယ်ကွ၊ ကောင်း တယ်၊ ဖေဖေ မင်းတို့စိတ်ကူးကို ချီးကျူး ပါတယ်ကွာ၊ အမှန် တော့ မင်းအရင် မေးမေးနေတဲ့ သမဝါယမ လုပ်ငန်း ဆိုတာ အဲ ဒါမျိုးပေါ့ သားရဲ့"ဟု ပြောပါ သည်။

သမဝါယမတဲ့။ ထိုစကား သည် ကျွန်တော်၏ စိတ်တွင် ပဲ့ တင်ထပ်လျက် ရှိနေ ပါသည်။ နောက်တနေ့ ကျောင်း တက် လျှင်ဝင်းတင်၊လှဝင်း၊ဟန်သိန်း၊ ကြွက်နီ၊သန်းပုတို့ကို သမဝါယမ အကြောင်း ပြောပြရန် ကျွန် တော်စိတ်စောလျက်ရှိပါသည်။


## မေတ္တာရင်ခွင်

အချမ်းကဲတဲ့ ဆောင်းအခါ
မောင်မောင် မမှုပါ။
တိုးကာမှိုကာ ဝင်လို့ကွေး
မေမေ့ရင်ခွင်နွေး။
အပူကဲတဲ့ နွေအခါ
မောင်မောင် မမှုပါ။
ရိပ်ဆာယာနှယ် တကယ်အေး
မေမေ့ရင်ခွင်ပြေး။
သဲမဲသွန်းရွာ မိုးအခါ
မောင်မောင် မမှုပါ။
မိုးဒေဝါ သူထစ်ချုန်း
မေမေ့ရင်မှာပုန်း။
သုံးလီဥတု မမှုပါ
မောင်မောင်ရင်ဆိုင်မှာ။
မာတာမိခင် ရင်ခွင်က
မေတ္တာဓာတ်နဲ့လုံပေစွ။ ။

ကျော်စမ်းမင်း (လှိုင်မြေ)



R. 517



# ထပ်တယူ

လူသိနည်းပါးသော ထပ်တယူငှက်ကို တုတ်ထရှုဟုလည်း ခေါ်ကြသည်။ ကိုယ်အလျား ၁၃ လက်မခွဲရှိသည်။ ငှက်မ၏ ဦးခေါင်း၊ လည်ပင်းနှင့် ရင်အထက်ပိုင်းတို့မှာ လိမ်မော်ရင့်ရောင် လွှမ်းနေသည်။ ပျံသန်းသည့်အခါ တောင်ပံနှင့် အမြီးတို့မှ အဖြူရောင်သည် ပေါ်ထွက် လာသည်။


ထပ်တယူ၏ အော်သံမှာ ကြောင်အော်သံကဲ့သို့ ဖြစ်၍ ခပ်တိုးတိုးဖြစ်၏။ သားပေါက်ချိန်၌ ထရော–ထရော–ထရော ဟူ၍ တစက္ကန့်လျှင် နှစ်ကြိမ်မျှ ညည်းညူတတ်၏။

တောနက်များ၌ အနေများ၍ တကောင်တည်း သို့မဟုတ် အတွဲလိုက်တွေ့ရသည်။ ငြိမ်သက်စွာ နားနေတတ်၍ ပိုးမွှား များကို ပျံသန်းရင်း ဖမ်းယူ စားသောက် တတ်သည်။ ကြောက်လန့်သည့်အခါ ဟိုသည်ယိမ်း လုပ်နေပြီး ရုတ်တရက်ထ၍ ပျံသန်းတတ်၏။ သို့သော် ခပ်ဝေးဝေးသို့ မသွားပဲ အနီးအနားတွင် ပြန်နားနေတတ်သည်။

မတ်လမှ မေလ အတွင်း သားပေါက် ကြသည်။ တမြုံလျှင် နှစ်ဥမှလေးဥအထိ ရှိပြီး တဥလျှင် ပျမ်းမျှ အလျား ၁.၁၃ လက်မနှင့် ဖြက် ၀.၉၅ လက်မ ရှိသည်။

မြန်မာနိုင်ငံ၌ အမြင့်ပေ ၆၀၀၀ အထိ တွေ့ရသည်။ အရှေ့တိုင်းနိုင်ငံ အနှံ့အပြား၌လည်း တွေ့နိုင်သည်။

စိုးလွင်မြင့်



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၅။


# ကပ်စေးနှဲသူ

ပန်းချီ· ဦးဘကြည်
ဇာတ်လမ်း· မောင်မြေ


ရွှေသွေး ဂျာနယ်

၁၃၃၆ ခု၊ ပြာသိုလဆုတ် ၆ ရက်။ (၁-၂-၇၅)

မြန်မာပြည် အလယ်ပိုင်း ဒေသ တခုတွင် ဦးသာဒင် အမည်ရှိ နွားမွေးမြူသူ တဦး ရှိလေသည်။





သာရေး၊နာရေးမှအစ နမြောတွန့်တိုလှသဖြင့် ရွာသားများက ဦးကပ်စေးဟု ကွယ်ရာတွင် ခေါ်ကြ၏။




ဇနီးဖြစ်သူနှင့် သမီးတို့က မဝယ်မဖြစ်သော ပစ္စည်းများကိုဝယ်ရန် သတိပေးတိုက်တွန်းသည်ကိုပင် ဦးကပ်စေးသည်




ဦးခေါင်း တွင်တွင်ခါရင်း ငြင်းဆန်လေ့ရှိသည်။
ဟင်အင်း
ဟင်အင်း!
ဟင်အင်း
... မင်းတုံး ပျက်တယ် -- ဟုတ်လား ---- ကြာလှပြီ - ငါသိတာ --------
--ပျက်တော့ - ဘာဖြစ်လဲ။ မင်းတုံးကို သတိရဲ့ပိတ်ယင် - ရတာပဲ မဟုတ်လား -----
... မင်းတို့ မိန်းမတွေဟာလေ - ပိုက်ဆံ ဖြုန်းဘို့လောက်ပဲ - - ကြည့်နေတာပဲ။
..ဒီမှာဟေ့ — မိုးပေါက်ကလေးများဟာ - တစက်တစက်နဲ့ ကျလာရင်းက - စုမိပြီး ချောင်းရေတွေလျှံသွားသလို ငွေစုရတယ်ဟုတ်လား .....
..အဲ ---- တစက်တစက် ရေယိုယင်လဲ ရေတိုင်ကီ ခန်းသလို .. ငွေဟာ - အလကား သုံးနေယင် - ကုန်တာပဲ ---ဟာ---


..ငါ့ကို - ဆရာ လာ လှုပ်နေကြတာလား
ဘား - - - - လားလားလား
ဘား - - လားလားလား
ကပ်စီးနဲ့ကြီး
ဆေးလိပ်တို့ကိုမပစ်ရက်လို့
လက် မှီးလောင်တာ - - - ဟီး -
ကောင်းတယ်
ခစ် ခစ် ခစ် ခစ်
ဇနီးသည်နှင့် သမီးတို့ ထပြေးကြလေသည်။
ထိုကဲ့သို့ ဦးသာဒင်၏ ကပ်စေးနည်းမှုကြောင့် ခြံစောင့် သာဆန်းမှာ မင်းတုံး ချော်ကျတိုင်း နွားများထွက်ပြေး၍ လိုက်၍ရှာရလေသည်။
တနေ့ နေဝင်ချိန်၌ နွားများ ခြံသွင်းပြီးဖြစ်၍ စိတ်အေးလက်အေး အလုပ်လုပ်နေကြသော အချိန်တွင် နွားသိုးနှစ်ကောင်သည် ရုတ်တရက် ထပြီး -
ဒေါသတကြီး ခွေကြသဖြင့် ထရံနှင့် အကြိမ်ကြိမ် ဆောင့်မိပြီး မင်းတုံး မှ ထပ်ပြုတ်ကြလေရာ -
ခြံတခါးပွင့်သွားသဖြင့် နွားများ ဝင်းအပြင် ထွက်ပြေးကြကုန်၏။
ဘွတ်ဒေါ


ထိုသို့ ဆူညံပြီးပြေးသည်ကို သာဆန်းက နွားစာပြင်နေရာမှ မြင်လိုက်သဖြင့် အော်ဟစ်ပြေးလိုက်သွားသည်။
ဖြဲ့ မွှင့် သွားပြီး နွားတွေ ထွက်ကုန်ပြီဗျို့...
ထိုအခိုက် ဦးသာဒင်က မြင်းစောင်းတွင် မြင်းချည်ရန် ဟန်ပြင်လျက် ရှိလေရာ—
ဟာ — ကုန်ပါပြီ-ကုန်ပါပြီ-မြန်မြန်လိုက်လေ..တယ်
ဇနီးဖြစ်သူလည်း မီးပူတိုက်ရာမှ
ဟော တော့ — ဖြဲ့ တံခါး မွှင့်သွားပြီ ဆိုပါလား
သမီးဖြစ်သူမှာ ဟင်းချက်နေရာမှ
ဟင် --- ဒုက္ခပါဘဲ
သုံးယောက်သား အလုပ်တွေကို ထားကာ စုရုံးပြေးလိုက်သွားကြ၏။
ဒီကောင် -သာဆန်း - ဒင်း ညံ့လို့ - ဖြဲ့မွှင့် တာ ... စောစော ကမှ - ကောင်း ကောင်း မပိတ်ဘဲ
နွားတွေကလဲ ဆိုးကိုဆိုးပါတယ်
အတော်လေး ပြေးမိသော်လည်း နွားများကို အရိပ်အယောင်မျှ မတွေ့ဘဲ မှောင်မဲ၍ အသံများတိတ်နေသည့်ခြားထဲမှ
အား.... ကျွတ်-ကျွတ်
ဟဲ့ — သာဆန်းလား၊ ဘာဖြစ်လဲ
ခြောင့်ရှူးလို့-အား-ကျွတ်ကျွတ်


ခြောင့်စူး၌ လဲနေသော သာဆန်းကို ထူပြီး ပြန်ခေါ်လာကြရလေသည်။
မင်းကလဲ - အရေးထဲမှာ-ခြောင့် ရှူးနေရသေးလားကွ --- ရော့ - ငါ့ဒုတ် ထောက်ပြီး မှေး လျှောက် - အိမ်ပြန်။ မင်း အသုံး မကျလို့ - ငါ့ နွားတွေ ပျောက်ကုန်ပြီ၊ မိုးလင်းယင် ငါ့မြင်း စီးပြီး လိုက်ရှာ---- မတွေ့ယင် - မင်း လျှော်ပေး ရမယ်။
အိမ်သို့ ပြန်ရောက်ကြသောအခါ
ဟော တော့ - ငါ့ အင်္ကျီတွေ - မီး ကျွမ်းကုန် ပါပြီ တော့
အမေရေ - ဟင်း အိုးတွေ တူးချစ်ကုန်ပါပြီတော့ -
ရှုတ် ရှုတ်
ဟိုက် မြင်း မရှိတော့ပါလား။ ဘယ်ပြေးပါလိမ့် --- တောက် - တယ်လေ - ဒီခွေးကောင် - သာဆန်း အသုံး မကျလို့ - ငါ မြင်းကို ခိုင်အောင် ချည်ချိန် မရခဲ့ဘူး။ မြင်းကို တော့ - ညတွင်း ခြင်း တွေ့အောင် ရှာ ရမယ်
သာခင့် တဲ့ ဟေ့ - သာခင်ကို - ဘာထင်သလဲ၊ ဘယ်သူမှ မလိုက်လာကြနဲ့၊ ငါ တယောက်ထဲ ရအောင် ရှာမယ်
ယင်းသို့ ဆို၍ မီးဒုတ်နှင့် ရှာပုံတော် ထွက်လေ၏။
မြင်းကိုတွေ့သောအခါ၌ကား—
ဟင် - မြောင်းထဲ ကျပြီး ခြေကျိုး နေပါလား။
ဖြစ်မှဖြစ်ရလေတယ် ငါ့ခုံ့နော် - သေလိုက် ပါတော့ ---
မြင်းကိုတဖြည်းဖြည်းဆွဲလာရင်း တွေးတောမိသည်မှာကား
..... အင်း ..တကယ်ကတော့ (အရင်းစစ် အမြစ်မြေကာ) ဆိုသလို - မင်းတုံး က မှုလီ တခု - ဝယ်ဘို့ ခုမြော မိလို့ဘဲ .....
...တော်ပြီ၊ ဒီနေ့ကစပြီး -သုံးသင့်တာတော့-သုံးဖို့မှတ်မယ် ...ငါ မှားပြီ.....

ဖြိုး


ဥသျှ ပဲခူးသို့ ကျောက်ရောင်း ရန် သွား မည့် ခရီးသည် နှစ် ဦးကို နောက် ရောင်ခံလိုက်နေ သူ တဦး ရှိနေ ခြင်းက ဇာတ် လမ်း၏ အစဟု ဆိုရပေမည်။
သူတို့ပိုက်ထဲမှာပတ္တမြားတွေ ရှိချခဲ့တယ်ဆို တာ..သတင်းအတိအကျရပြီးပြီ....
ဒင်းတို့ပိုက်ကိုခွဲပြီးပတ္တ မြားကိုရအောင်ယူမယ်
ဥသျှပဲခူးကိုသွားမှာဖြင့် အကျွန်ုပ်လိုက်ပါရစေလား အစ်ကိုတော်...
လိုက်နိုင်ပါတယ် အစ်ကိုတော်
ထိုနောက် ဥသျှပဲခူးသို့ ခရီးဆက်ခဲ့ကြသည်။
လမ်းခရီး၌
အား
ဟာ! ကိုမိုးဖျောင်ကို ပိုးထိုးပြီ...
အစ်ကိုတော်..အ ကျွန်ုပ်တို့မှာဆေးဝါးအပြည့်အစုံ ပါ ပါတယ်....
အစ်ကိုတော့်ကို ပစ်မသွားပါဘူး..


ဒဏ်ရာသက်သာလာသောအခါ
ငါသူတို့ကိုမကောင်းကြံမိ ကာမှားဘိ...
သူတို့ဟာငါ့အသက်သခင်တွေဘဲ
ထိုစဉ်......
ကျောက်ကုန်သည်တွေကိုဝိုင်းထားကြ မလွတ်စေနဲ့....
ဟေ!! ကောယုန်းတွေ
မင်းတို့ဗိုက်ထဲမှာပတ္တမြားတွေရှိတာကိုဒို့ သတင်းအတိအကျရပြီ...ကဲ..ဗိုက်ခွဲရှာ ကြဟေ့...
ဟီး ဟီး ဟီး
သူတို့သေကြရတော့မယ်...
သူတို့ကိုအရင်ဗိုက်ခွဲရှာလို့ ပတ္တမြားတွေကိုတွေ့မှငါ့ကို လဲ..ဗိုက်ခွဲရှာဦးမှာဘဲ...
ငါ့ကိုအရင်ဗိုက်ခွဲရှာလို့ မတွေ့မှတော့သူတို့လွတ်ရင်လွတ်နိုင်တယ်
ငါ့ကျေးဇူးရှင်တွေအတွက်ငါ့အ သက်ကိုစွန့်ရမယ်.
ကျွန်ုပ်ကိုအရင်သတ်ပြီးရှာပါ ဗျို.....
မိုးမှောင်ကို ဗိုက်ခွဲရှာသောအခါ တခုမှမတွေ့သဖြင့် လူမှား မှုသည်ဟုထင်ကာ ခရီးသည်နှစ်ဦးကို လွှတ်လိုက်လေသည်။
အပြန်ခရီး၌မြိုင် ယံ အတွင်း ဝယ် တခုသော မှတ် တိုင် ကလေး က ကြေကွဲ ဝမ်း နည်းဘွယ် ကျန် ရစ်ခဲ့လေပြီ ဗျ.......။
အသက်စွန့်ပြီးဒို့ကိုကယ်ခဲ့တဲ့မင်းရဲ့ ကျေးဇူးကိုဒို့တသက်လုံးမမေ့ပါဘူး ဖိုးမှောင်ရယ်..
ပြီး




ရှေးက ရွာတရွာတွင် စီးပွား ဥစ္စာ အတော် အသင့် ချမ်းသာသဖြင့် အိမ်ကြီးအိမ်ကောင်းတဆောင်ဆောက်ပြီး နေနိုင်သည့် မိသားစုတစုရှိ၏။ ထိုအိမ်ထောင်စုသည် နတ်၊ တစ္ဆေ၊ သရဲ၊ စုန်း၊ ကဝေစသည်တို့ကို အစွဲအလမ်း ကြီးကြသည်။ ယုံလည်း ယုံကြည်ကြသည်။ တနေ့တော့ ထိုအိမ်ထောင်စု၏ သား အကြီးဆုံးမှာ ဖျားပြီး သေသွား လေသည်။

ထိုအခါ အစွဲအလမ်းကြီးသော အိမ်ရှင်မ မိခင် ဖြစ်သူက သူ့သားသေရခြင်းမှာ အိမ်ကခိုက်၍ သေရခြင်းဖြစ်သည်ဟု ယုံကြည်နေသည်။ ဤသို့ သားသေ ဆုံးပြီးသော အခါ သူတို့အိမ်ထောင်စုမှာ တစ္ဆေ၊ သရဲ ကြောက်တတ်သူများ ဖြစ်သည့်အတိုင်း သူ့သားသည် တစ္ဆေဖြစ်ပြီး သူတို့ကိုခြောက်လိမ့်မလားဟု တွေးကြောက်နေကြ၏။ ညတွင် သေသွားသူ သား၏ အခန်းထဲသို့လည်း မဝင်ရဲကြပေ။ သူ့သားသည် အခန်းထဲမှာဘဲ ရှိနေသည်ဟု ထင်နေကြလေသည်။

ဤသို့ တွေးပြီး ကြောက်နေကြသည်တွင် ညအခါ ချိုးချိုးချွတ်ချွတ် အသံဗလံများ အိမ်ထဲကလိုလို၊ အိမ်ခေါင်မိုးက လိုလို၊ မီးဖိုထဲက လိုလိုနှင့် ကြားနေကြရလေရာ ထိုမိသားစုမှာ အကြောက်လွန်ပြီး



ခိုက်သည်ဟု ထင်သော အိမ်ကြီးမှ ပြောင်းရွှေ့သွားရန် စီစဉ်ကြလေ၏။

သို့သော် ဤသို့ ပြောင်းရွှေ့သွားကြလျှင် အိမ်သစ်အိမ်ကောင်းကြီးကို ပစ်ထားခဲ့ရမည် ဖြစ်၍ နှမြောနေကြ၏။ သူတို့ကိုယ်တိုင်ကပင် သူတို့အိမ်ကို ခိုက်သည်၊ တစ္ဆေရှိသည် ဟူ၍ သတင်းလွှင့်ထားမိသဖြင့် ငှားနေမည့်သူပင် မရှိပေ။

ထိုအချိန်တွင် တရပ်တကျေးမှ လူရွယ်တယောက် ရောက်လာပြီး အိမ်ကြီးကို သဘောကျသဖြင့် သူငှား၍ ရလျှင် ငှားနေချင်ကြောင်း လေသံပစ်လေသည်။ ဤအကြောင်းကို ကြားသော် အိမ်ရှင်သည် လူရွယ်ကို ခေါ်ပြီး သူတို့အိမ်ကို ငှားမည့် အကြောင်း၊ ငှားသည့်အခါ အဖိုးအခ မယူသည့်အပြင် အိမ်ကို စောင့်ရှောက်ပေးသကဲ့သို့ သဘောထားမည်ဖြစ်၍ သူတို့ကပင်လျှင် တနှစ်ပြည့်သောအခါ ငွေတုံး ၅၀၀ ပေးမည်ဟု ပြောလေ၏။ တနှစ်မပြည့်မီ ပြောင်းရွှေ့သွားလျှင် ကား တပြားမှ မပေးနိုင်။ အိမ်မှာနေစဉ် အခါတော့ ကိုယ့်အိုးကိုယ့်အိမ်လို သဘောထားမှ ဖြစ်မည်ဟု စကားဆိုလေ၏။





သို့ဖြင့် လူရွယ်ကသဘောတူ လိုက် လေ သည်။ အိမ်ရှင် အိမ် ထောင် စု သည် လည်း နောက်တနေ့မှာပင် တခြား အိမ်ကို ပြောင်း သွား ကြ ၏။ အိမ်ရှင် ပြောင်းသွားသောနေ့မှာပင် အိမ်ရှင်ဆင်းသွားသည်နှင့် တပြိုင်နက် လူရွယ်သည် သူ့အထုပ် အပိုးများကို သယ်ယူလာပြီး အိမ် ကြီး ပေါ် သို့ ပြောင်းတက်လာလေ၏။

ရွာခံ လူများမှာကား ဤ မျှ ကြမ်းသော အိမ်သို့ လူရွယ် တ ယောက် ထဲ ပြောင်းတက် နေသည်ကိုအံ့သြပြီး တနေ့နေ့ တော့ တခုခု ကြားရလိမ့်မည် ထင်ကာ နားစွင့်နေကြသည်။ အိမ် ရှင် က လည်း လူရွယ်က သူဘယ်နေ့တွင် ဤအိမ်မှထွက်သွား တော့ မည် ဆို သည့် အ ကြောင်း တနေ့နေ့တွင် လာ ပြောလေမည်လားဟု တထင့် ထင့်နှင့် ဖြစ်နေလေသည်။

သို့သော် ဘာသံမှမကြားရဘဲ ချောချော မောခ်မောနှင့် ပင်တနှစ်ပြည့်သွားလေသည်။ တနှစ်ပြည့်သော နေ့တွင် အိမ်ရှင်သည် လူရွယ်ထံသို့ ရောက်လာပြီး အိမ်ကိုစောင့်ရှောက်သည့် အ တွက် ကျေး ဇူး တင် ကြောင်း ပြောကာ သူ့ကတိ အတိုင်း ငွေတုံး ၅၀၀ ထုတ် ပေး လေ သည်။ ရှေ့ တ နှစ် ဆက်လက် နေပါအုံး ဟုလည်း တောင်းပန်၏။

အိမ်ရှင် ပြန် သွား ပြီး မိုး ချုပ်သော အချိန်တွင် လူရွယ်



သည် အိမ်ရှင် ပေး သွား သည့် ငွေတုံး ကလေးများကို ထုတ် ကြည့်နေစဉ်တွင် အခန်းတံခါးကို အပြင်ဘက်မှ ခပ်ပြင်းပြင်း ခေါက် လိုက် သည့် အ သံ ကို ကြားရ၏။ သူသည် ငွေတုံး ကလေးများကို အိပ် ရာ ပေါ် တွင် ချထားပြီး တံခါးကို ဖွင့် လိုက်၏။

ထိုအခါ လူရွယ်သည် သူ တခါမှမတွေ့ဘူးသော ထောင် ထောင် မောင်းမောင်း မျက်နှာ ပေါက် ဆိုး ဆိုး လူကြီး တ ယောက်နှင့် မျက်နှာချင်းဆိုင် မိ ရက် သား ဖြစ် သွား လေ သည်။

လူရွယ်က "ခင်ဗျားဘယ်သူလဲ"ဟု မေးလိုက်၏။ ထိုအ ခါ လူစိမ်းသည်ကြီးက "ငါ ဒီအိမ်က တစ္ဆေကွ"ဟု၍ ပြန် ဖြေလေသည်။

"ဒါဖြင့် ဟိုတုန်းက တနှစ် လုံးလုံး ခင်ဗျား ဘာဖြစ်လို့ မချောက်သလဲ"ဟု လူရွယ်က ပြန်မေးလိုက်ရာ၊ "ငါက မင်း ကြောက် မှာ စိုး လို့ မချောက် တာ ကွ" ဟု ပြန် ပြော ကာ လှည့်ထွက် သွားလေတော့၏။

ထိုညမှာပင် လူရွယ်သည် ထိုအိမ်ကြီးမှ ပြောင်းရွှေ့သွားတော့သည်။





ဖိုးစွာကျယ်
သူသည် အရပ်ရှည်ပြီး ဗလဗိုကောင်းသောကြောင့် သူ့ကို သူငယ်ချင်းများက ပြန်မပြောရဲကြသဖြင့် သည်းခံကြရ၏။
တခါတုန်းက အောင်မြင့်ဟု ခေါ်သော ကောင်ကလေး တယောက်သည် သူနှင့်ရွယ်တူ သူငယ်ချင်းများ အပေါ်တွင် အမြဲအနိုင်ကျင့်လေ့ရှိ၏။
စိမ်ပြေးတမ်း ကစားမယ် ဟေ့
ဟုတ်တယ်
တခါတရံ မြင့်မြင့်သီချင်းဆိုနေစဉ် -
ဟဲ့ မြင့်မြင့်၊ နင့်အသံကြီးနဲ့ သီချင်းမဆိုစမ်းပါနဲ့၊ နား ညီးလိုက်တာ
သူသည် သူငယ်ချင်းအားလုံး အပေါ်တွင် အမြဲ အနိုင်ကျင့်တတ်၏။ တနေ့တွင် မောင်ဖြိုး မြေပဲလှော် ဝယ်မည်အပြု -
သို့နှင့်မောင်ဖြိုးမှာ ပဲကြီးလှော် မကြိုက်သော်လည်း ဝယ်လိုက်ရ၏။ ထိုကြောင့် သူငယ်ချင်းများက သူ့ကို သူ့နောက်ကွယ်တွင် "ဖိုးစွာကျယ်"ဟု ခေါ်ကြ၏။
ဟေ့၊ ဟိုမှာ ဖိုးစွာကျယ် လာနေပြီ
သတိသာ ထားနေကြ ဟေ့
ကျောင်းရက်ရှည်ပိတ်သော နေ့တနေ့တွင် အောင်မြင့်၏ ဦးလေး ဦးဖိုးဟန်သည် အောင်မြင့်၏ အိမ်သို့ ရောက်လာပြီး -
ဟုတ်ကဲ့



နောက်တနေ့တွင် အောင်မြင့်သည် မြို့ပြင်ရှိ ဦးဖိုးဟန်၏ခြံသို့ သွားသည်။ ဦးဖိုးဟန်က သူ့ကိုမြင်မြင်ချင်း–
မင်းမျက်နှာမသစ်ခဲ့ဘူးလား၊ ညစ်ပတ်နေတာဘဲ၊ ခေါင်းလဲဖြီးမှပေါ့၊ သစ်ပင်တွေ ဟိုဝေါင်း ဒီဝေါင်းနဲ့
အောင်မြင့်က ပြန်ပြောရန် ပါးစပ်ဟလိုက်စဉ် –
ဟဲ့ကောင်လေး ငါ့ကိုပြန်မပြောနဲ့၊ မင်းစက်ဘီး ညစ်ပတ်နေတာဘဲ၊ ညနေ အိမ်မပြန်ခင် မင်းစက်ဘီးကို ဆေးပြီးမှ ပြန်ရမယ်၊ ငါ အဝတ်စုတ်ပေးမယ်၊
အောင်မြင့်မှာ အခြားသူငယ်ချင်းများ၏ အဆူကို တခါမှမခံရ၍ အတော်အခံရ ခက်နေ၏၊ တခွန်းမှ ပြန်မပြောရသဖြင့် ပိုဆိုးနေသည်၊
ဟင်း၊ အတော်အာရှိုင်တဲ့ ဦးလေးဘဲ၊ သူ့အကြိုက်ဖြစ်စေချင်တာ ဂျီဇီး ပြောနေတာဘဲ၊
ဒီပင်တွေကို တိုင်ထူပေးရမယ်၊ ပြီးတော့ မြက်ရုတ် ရမယ်
ဟုတ်ကဲ့
အောင်မြင့်သည် ဦးဖိုးဟန်၏ အကြောင်းကိုသိ၍ ပန်းပင်များကို ဂရုတစိုက် တိုင်ထူပေးနေ၏ သို့သော် --
အာ၊ မင်းစိုက်လို့ အချိုးချိုးတော့ အမြစ်တွေထိပြီး ပင်ပင်တွေသေကုန်မှာပေါ့၊ တဖြေးဖြေး တချောင်းစိုက်ကွ
မြက်ရုတ်ရာတွင်လည်း–
ဟဲ့ကောင်၊ မင်းရုတ်နေလို့ ပြီးတော့ဘူး၊ ဒီလိုရုတ် ရတယ်ကွ၊ မှတ်ထား


အောင်မြင့်က ဦးဖိုးဟန်ကို ပြောရန်စကား စလိုက်သည်။
ဒါပေမဲ့ ...
ဒါပေမဲ့မနေနဲ့၊ ငါ ပြောတာနားထောင်၊ ငါခိုင်းတာလုပ်၊ ဒါဘဲ
ထိုနေ့ အိမ်ပြန်ခါနီးတွင်–
ရော့၊ မင်းအတွက် လုပ်စားခ ၁ ဘူးကျပ် ပဲ၊ အမယ်–မင်းစာခြွဲထဲမှာ အလုပ်လုပ် တဲ့အခါ ဒီဖိနပ်ဝတ်ရသလား၊ မင်း ခုံဖိနပ်တရံဝယ်ခဲ့
ဟင်း၊ ငါလဲ မသုံးရဘူး
သို့နှင့် ပထမနေ့လုပ်ခကို ခုံဖိနပ်ဝယ်လိုက်ရ သည်။ နောက်နေ့လုပ်ခရသောအခါ–
နက်ဖြန်၊ မင်းအမေမွေးနေ့ကွ၊ မင်းအမေအတွက် မင်းလုပ်ခနဲ့ လက်ဆောင်တခုခုဝယ်ပေးလိုက် ကြားလား
ဟင်
အောင်မြင့်သည် ဦးဖိုးဟန်ကို ကြောက်ရသဖြင့် ဘာ မှပြန်မပြောသာပေ။ သို့သော်စိတ်ထဲကမူ မကျေနပ် ပေ။ သို့နှင့် နောက်ဆုံးနေ့တွင်–
ဒီနေ့တော့၊ မင်းသုံးချင်သလို သုံးပေတော့ ငါ့တူ၊ ဟားဟား
ဗျာ
မင်းကာ၊ ငါ့ကိုအင်မတန်အနိုင်ကျင့်တဲ့ လူကြီးလို့ မအောက်မေ့ဘူးလား၊ မင်း ကိုပညာပေးချင်လို့ ဒီလိုလုပ်ရတာ ကွ၊ မင်းဟာ သူငယ်ချင်းတွေအပေါ် အမြဲအနိုင်ယူနေတော့ သူတို့က ကွယ်ရာမှာ ဖိုးစွာကျယ်လို့ ခေါ်နေကြတယ်
မင်းကိုငါ အနိုင်ကျင့်တော့ မင်းမခံ ချင်ဘူးမဟုတ်လား၊ သူငယ်ချင်း တွေလဲ ဘယ်ခံချင်ပါ့ မလဲကွ
ဟုတ်မှာပါဘဲ ငါ့သူငယ်ချင်းတွေ တော့ ငါ့ကို စိတ်ပျက် နေကြမှာဘဲ၊ ငါရတဲ့ လုပ်ခနဲ့ သူတို့ကို မုန့်ဝယ်ကျွေးရမယ်
ထိုနေ့မှစ၍ အောင်မြင့်သည် သူ့သူငယ်ချင်းများ အပေါ် အနိုင်မကျင့်တော့သဖြင့် သူ့ကိုအားလုံး က ခင်မင်လာကြသည်။
ပြီး

# တိရစ္ဆာန်များသည် တကောင်နှင့် တကောင် စကားပြောဆိုဆက်ဆံနိုင်ကြပါသလား








သတ္တဝါများထဲတွင် လူတမျိုးတည်းသာလျှင် တဦးနှင့်တဦး စကား ပြောဆို ဆက်ဆံတတ်ကြသည်။ အခြားသော တိရစ္ဆာန်များမှာ လူကဲ့သို့ စကား ပြောဆို ဆက်ဆံနိုင်ကြခြင်း မရှိကြချေ။ သို့ရာတွင် တိရစ္ဆာန်တို့သည် တကောင်နှင့်တကောင် အခြားသော နည်းလမ်းတို့ဖြင့် ဆက်ဆံမှု ပြုကြသည်ကို တွေ့ရလေသည်။ ခွေးဟောင်ခြင်းသည် အန္တရာယ်ရှိကြောင်း အချက်ပေးခြင်း သို့မဟုတ် ရှင်မြူးမှုကို ဖော်ထုတ်ပြခြင်းပင် ဖြစ်သည်။ ဆာနေသော နွားကလေးက မိခင်ကို ပူဆာသည့် အနေဖြင့် "ဟွမ်း....ပဲ....ဟွမ်း....ပဲ"ဟူ၍ အော်တတ်သည်။ မျောက်များကမူ ၎င်းတို့၏ခံစားမှုကို အသံအမျိုးမျိုးပြု၍ ဖော်ပြတတ်သည်။ အုပ်စုလိုက် တစုတဝေးတည်း နေတတ်သော ပုရွက်ဆိတ်များ၊ ပျားများ၊ နကျီကောင်များသည် တကောင်နှင့်တကောင် ကောင်းမွန်စွာ ဆက်သွယ်မှု ပြုနိုင်သောကြောင့်သာ အစုအဝေးနှင့် နေနိုင်ခြင်း ဖြစ်သည်။ အထက်ဖော်ပြပါ အင်းဆက်ပိုးမွှားတို့တွင် တကောင်နှင့်တကောင် အဆက်အသွယ်လုပ်ရာတွင် ၎င်းတို့၏ ရှည်လျားသော ဦးမှင်ကို အသုံးပြုလေသည်။

တင်လှဦး



## သုံးကျပ်ကျန်မှာပေါ့



ကောင်းမြတ်နွယ်



ကျွန်တော်တို့ အိမ်ရှေ့တွင် ဥယျာဉ်ခြံကြီး တခြံ ရှိပါသည်။ ထိုခြံကြီးထဲတွင် သရက်ပင်ကြီးများ၊ အုန်းပင်ကြီးများနှင့် အခြားစားပင်များရှိသည်။ မိုးဦးကျဆိုလျှင် ငှက်များ သားပေါက် ကြသည်။ ထို့ကြောင့် နွေအကုန်တွင် ယင်းအပင်များ အပေါ်တွင် ငှက်သိုက်များလုပ်ထားပြီး ဖြစ်သည်ကို တွေ့ရ၏။ အချို့မှာ ကျီးသိုက်၊ အချို့မှာ စာဗုဒ်တောင်း သိုက်များ ဖြစ်ကြ၏။ ကျွန်တော် ထူးထူးဆန်းဆန်း တွေ့ထား သည်မှာ ကြီးမားလှသော သရက်ပင်ကြီး၏ အခေါင်းတွင်းရှိ ငှက်သိုက် ကလေးပင်။

ထို ငှက်သိုက်ထဲတွင် ငှက်ဥ စိမ်းစိမ်းကလေး သုံးလုံးရှိသည်။ ကျွန်တော်သည် ကျီးဥ၊ စာဥ များကို တွေ့ဘူး၏။ ယခု ကျွန်တော်တွေ့သော ဥကလေးများ ကဲ့သို့မဟုတ်၊ ယခုဥကလေး များမှာ စာဥထက်ကြီး၍ ကျီး ဥမျှရှိပါသည်။ သို့သော် ကျီးဥ ကဲ့သို့မဟုတ်။ အစိမ်းရောင် ဖြစ်နေသဖြင့်၊ ကျွန်တော်အဘို့ဆန်း နေခြင်း ဖြစ်ပါသည်။

ဥစိမ်းစိမ်း ကလေး များ၏ ပိုင်ရှင်ငှက်သည်ကား အဘယ် ငှက်နည်း။ ကျွန်တော် မသိနိုင်ပါ။ ငှက်များ အစာရှာထွက် နေကြသည်၊ ထို့ကြောင့် ကျွန်တော်သည် စောင့် ကြည့်ရန် ဆုံးဖြတ်ခဲ့ပါသည်။

နောက်တလခန့် ကြာသော အခါ သတိရသဖြင့် သွားကြည့် မိပါသည်၊ အလွန် ချစ်စရာ ကောင်းသော ငှက် ပေါက်စ ကလေးများကို တွေ့ရပါသည်။ သက်ရက်ပေါက်စ ကလေးများ ဖြစ်၍ အမွေးအတောင်မျှ မစုံ သေးပါ။ ကျွန်တော်မှာ ချစ် စဘွယ်ရှိသော ငှက်ပေါက် ကလေးများကို မွေးထားရန် စိတ် ကူးမိသဖြင့်သရက်ပင်ခွသို့ တက် ၍ နှိုက်ယူလိုက်ပါသည်။

ကျွန်တော်နှိုက်ယူနေဆဲတွင် ငှက်ကလေး များ၏ မိခင်ဖြစ် ဟန်တူသောသက်ရက်တကောင် ပြန်ရောက် လာသည်။ သူနှုတ် သီးတွင် တီကောင်တကောင်ကို ချီလာ ပါသည်။ ငှက်ကလေး များကို အစာကျွေးရန် ထင်ပါ သည်။ ကျွန်တော့်ကို မြင်သော အခါ အစာကို လွှတ်ချ၍ ပျံ သန်းရင်း တစာစာ အော်ရှာပါ သည်။ သို့သော် ကျီးများကဲ့ သို့ ကျွန်တော့် ခေါင်းကို လိုက် မထိုးပါ။ လှည့်ပတ်ပျံသန်းရင်း သာ အော်နေရရှာပါသည်။ သူ ၏ သားငယ် သမီးငယ်များကို ယူ မ သွား ရန် တောင်း ပန် နေ သကဲ့သို့ ရှိပါသည်။

ကျွန်တော်ကား သူ့ကိုမမှုပဲ ငှက်ကလေးများကို အိမ်သို့ ယူ လာကာ၊ အိမ်၌ မွေးထားလိုက် ပါသည်။ ကျွန်တော် အိမ်သို့ ရောက်သည့်တိုင်သက်ရက်မကြီး က ကျွန်တော့် ခေါင်းပေါ် မှဝဲ၍ ငှင်း၊ သစ်ပင်တပင်မှ တပင်ကူး ၍ရင်း၊ လှည့်ပတ် ပျံဝဲ၍ရင်း တစာစာ အော်မြည်ကာ လိုက်

လာရှာ ပါသည်။ ကျွန်တော့် လက်ထဲမှဆက်ရက်ကလေးများ ကလည်း တကျိုက်ကျိုနှင့် အော် မြည်ကြပြန်ပါသည်။ သို့သော် သူတို့ကို ကျွန်တော်သနားရမှန်း မသိခဲ့ပါ။ မသနားခဲ့ပါ။

အိမ်သို့ရောက်သည်နှင့် ကျွန် တော့်ကို မေမေက ပြောပြပါ သည်။

ကျွန်တော် သုံးနှစ်သား အ ရွယ်ခန့်က ဖြစ်ပါသည်။ ကျွန် တော်၊ ကျွန်တော့် ညီမလေးနှင့် ဖေဖေ မေမေ တို့သည် ကျွန် တော်တို့ရွာမှ ငါးမိုင်မျှ ဝေး သော ကြက်တောကျင်း ရွာရှိ ဘုန်းကြီးပျံသို့ သွားခဲ့ကြ ပါ သည်။ ဘုန်းကြီးပျံမှာ ပျံလွန် သော ဘုန်းတော်ကြီးကို ခမ်း နားစွာ သဂြိုဟ်သောပွဲ ဖြစ်ပါ သည်။ စည်ကားလွန်း သဖြင့် လူကြားတွင် တိုးရင်း လက်တွဲ ထားသောအဖေနှင့် ကျွန်တော် မှာ တကွဲစီ ဖြစ်သွားပါသည်။ ကျွန်တော်သည် လူကြားတွင် ညပ်လျက် အခြား နေရာသို့ ရောက်သွားပါသည်။ အဖေ့ကို လည်း ရှာမတွေ့တော့ပါ။

ထိုအချိန်တွင် ပြင်းထန်စွာ ပေါက်ကွဲသော လောင်စာတို့ ဖြင့် ပြုလုပ်ထားသည့် ဒုံးများ ကို ပစ်ဖောက်သံ ကြားရ ပါ သည်။ ဒုံးဒဏ်ကြောင့် ပြာသာဒ် များ မီးဟုန်းဟုန်း တောက် လောင်ပြန်ပါသည်။ ကျွန်တော် သည် ကြောက်လွန်းသဖြင့် ဦး တည်ရာသို့ ပြေးလာ မိပါတော့ သည်။

တဲငယ်ကလေးတခု၏ အိမ် နောက်ဖက်တွင် ဝါးပင်များ စီ တန်းပေါက်နေသည်ကို တွေ့ရပါ သည်။ ထိုတဲထဲမှအဖွားအိုသည် ဝါးရုံဘေးတွင် ရေလာသွန်စဉ် ကျွန်တော်၏ ငိုသံကို ကြား သွားပါသည်။ အဖွားကြီးသည် ကျွန်တော့်ကို တဲထဲသို့ခေါ် သွား ပြီး "ဘယ်ကလဲ ဘယ်သူ့သား လဲ" ဟု မေးပါသည်။ ကျွန် တော်ကပြန်မဖြေနိုင်ပါ။ အဘိုး ကြီး ကလည်း ကျွန်တော့်ကို အမေ့ဆီပြန်ပို့ပေးမည်၊ မငိုနဲ့ဟု ပြောပါသည်။

သို့သော် ကျွန်တော်သည် ထိုညက တညလုံးမအိပ်ပဲ "မေ မေ့ဆီ ပြန်မယ်၊ မေမေ့ဆီ ပြန် မယ်" ဟုသာ ငိုနေခဲ့ပါသည်။ ထို့အတူ မေမေသည်လည်း တ ညလုံးမအိပ်နိုင်ပဲ ငိုနေသည်ဟု ပြောပါသည်။

နောက်နေ့ နေ့လည်တွင် ဖေဖေနှင့် မေမေက ကျွန်တော့် ကို လာခေါ်ကြ ပါသည်။ သ တင်းကြား၍ ဖြစ်ပါသည်။ မေ မေမှာ ကျွန်တော့်ကို တွေ့သော အခါ ဖက်၍ ငိုပြန်ပါသည်။

မေမေပြောပြသဖြင့် ကျွန် တော် သတိရပါပြီ။ မိခင်နှင့် သားသမီးတို့ ကွဲကွာရခြင်းဒုက္ခ ကိုလည်း သိလာပါပြီ။ ဆက်ရက် ကလေး များကို အသိုက်တွင် ပြန်ထားပါတော့မည်။ ။

## ဝိုင်းကြီးပတ်ပတ်

ကိုဗမာ ကိုဗမာ
ညီလေးရှမ်းလဲပါ၊
ရှမ်းနဲ့ဗမာ တူယှဉ်တွဲ
ဒို့များလက်ခိုင်မြဲ။

လက်တွဲမပျက် ညီကရင်
လာဟောတူတူယှဉ်၊
ညီကချင် ဒို့ဝိုင်းထဲ
သူလဲပါဝင်နွှဲ။

မြန်ပြည်ထဲက တောင်ပေါ်သူ
ချင်းလေးသဘောဖြူ၊
ငွေတောင်ဘူ ပျိုကယား
ယှဉ်ကျေးလှတာပါး။

သွေးချင်းများလဲ စုံကြပြီ
ဒို့ဝိုင်းလက်တွဲညီ။

မခွဲပြီ ဒို့အမြဲ
ဝိုင်းကြီးပတ်ပတ် ပျော်ပျော်နွှဲ။

မောင်လှိုင်သွင် (အင်းစိန်)



B. 557

# ဆင်ပိန်ညင်း



ဆင်ပိန်ညင်းမှာ ပိန်ညင်းငှက်မျိုးတွင် ထင်ရှား၏။ ကိုယ်အလျားမှာ ၁၄ လက်မခွဲရှိသည်။ ငှက်ငယ်၏ အတောင်သည် အစင်း အတန်းများဖြင့် လှပ၏။ ရင်အုပ်ပေါ်ရှိ အစင်း အတန်း မှာ ကျယ်ပြန့်၍ ရင်စီးသဏ္ဌာန် ဖြစ်နေ၏။

ကျယ်လောင်သော အသံကြောင်များဖြင့် အော်နေတတ်သည်။ ငှက်မောင်နှံတို့သည် ငြီးငြူသံများဖြင့် ဖိုသံ၊ မသံ ပေးတတ်၏။ ယင်းအား အနှောင့်အရှက် ပေးလိုက်ပါက စူးရှကျယ်လောင်သော အသံဖြင့် တဟုန်ထိုး ပျံပြေး၍ တနေရာတွင် ပြန်လည်နားနေသည့်တိုင်အောင် ဒေါသမပြေပဲ ဆက်အော်နေတတ်၏။


နွေဦးတုတွင် ငှက်ကလေးများ ပေါက်ကြသည်။ မြစ်ချောင်းကမ်းပါးတွင်သာမက တောင်ပို့တွင် တွင်းတူး၍ဖြစ်စေ၊ သစ်ခေါင်းထဲတွင်ဖြစ်စေ၊ အသိုက်လုပ်တတ်၏။ တဥလျှင် ပျမ်းမျှ အလျား ၁.၄၃ လက်မနှင့်ဗျက် ၁.၂၂ လက်မရှိ၏။

ပဲခူးရိုးမ ကျွန်းတောများ အတွင်းရှိ စမ်းချောင်းများ၊ ရေကန်များတွင် အများဆုံး တွေ့ရ၏။ စပါးကွင်းပြင်များတွင်လည်း တွေ့ရ၏။

အကြောက်အလန့် မရှိပဲ နားနေရာမှ ငါးများကို ထိုးသုတ်တတ်သည်။

အထူးသဖြင့် မြန်မာနိုင်ငံ၌ တွေ့ရသော ဆင်ပိန်ညင်းကို အရှေ့တိုင်း နိုင်ငံအနှံ့အပြား၌လည်း တွေ့ရ၏။ ပေ ၄၀၀၀ အမြင့် ဒေသအထိ တွေ့မြင်နိုင်လေသည်။

စိုးလွင်မြင့်



၁၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၆။

# ရွှေသွေး ဂျာနယ်

၁၃၃၆ ခု၊ ပြာသိုလဆုတ် ၁၃ ရက် (၈-၂-၇၅)

## ပြည်ထောင်စုနေ့

ဖေဖော်ဝါရီလ -၁၂-ရက်





စနေနေ့တိုင်း ထုတ်ဝေသည်။


# သီချင်းဆို ဝါသနာပါသော တောခွေး

ပန်းချီ - ဦးဘကြည် -
ဇာတ်လမ်း - ညိုညိုမြင့် -

တောခွေးများဟာ ဆာလောင်တဲ့အခါ အသံရှည်ဆွဲပြီး ကျယ်လောင်စွာ အူကြတယ်။




ဒီလိုသော် တခါတုန်းက ဆာလောင်ပေမဲ့ မအူဘဲနေတဲ့ တောခွေးလေးတကောင် ရှိသတဲ့။




သူက သီချင်းဆိုလဲ ဝါသနာပါသတဲ့။

ဒါပေမဲ့ သူကြီးလာတဲ့အထိ ဗိုက်ကားအောင် စားပြီးတဲ့အခါကျမှယင် သီချင်းတကျော်ကျော်နဲ့ အော်ဆိုတတ်တဲ့ အလေ့ရှိသတဲ့။



တွေ့သမျှ တောကောင်လေးများကို မလွတ်တမ်း ဖမ်းစားလွန်းလို့ သူ့ကို (တောခွေးဆိုးကြီးလို့)ခေါ်ကြသတဲ့။




ဒါကြောင့် သူသီချင်းဆိုသံကြားယင် သားကောင်ငယ်များဟာ သေမလောက် လန့်ဖျပ် သွားကြပြီး–




နားနှစ်ဖက်လုံး ပိတ်ထားကြသတဲ့။




ခြေဦးတည့်ရာ ထွက်ပြေးကြသတဲ့။
လူတွေတောင် တောထဲ တယောက်ချင်း နှစ်ယောက်ချင်းဆိုယင် ပြေးကြတာဘဲတဲ့။
ဝုံ ဝေ ဝိ....
ဟာ- ဒါ - ဟိုတောခွေးဆိုး အသံဘဲ...
မဖြစ်ဘူး၊ ထွက်ပြေးမှဘဲ
တောက်! ဒီကောင်ကို တနေ့နေ့တော့ လုံးရုပ်ဖြီး သတ်ပစ်မှ ဖြစ်မယ်-
တခါတုန်းကတော့ ဗိုက်တင်းတင်းနဲ့ တညလုံး သီချင်းဆိုပြီး ပျော်နေလိုက်တာ မိုးလင်းခါနီးမှ မောမောနဲ့ အိပ်ပျော်သွားသတဲ့။
ဝုံဝေဝိ
နိုင်ရာ ငါ စားမည်
ပိုင်တာ ငါ ဝါးမည်
နံနက် နေတော်တော်မြင့်တဲ့အထိ မနိုးဘူးတဲ့။
မွန်းတည့်ချိန်လောက်မှ နိုးလာပြန်တော့ လေ ခတ်တာကို ယင်နားတယ်ထင်ပြီး ဟပ်လိုက်တာ သွားချင်းကိုက်မိလို့-
အား -လါးလါး
ဒိုး.....နာလိုက်တာ-
ကျွတ် - ကျွတ်-
ဟင်း ---
အာလဲ
အာလိုက်တဲ့ဒါ
အဲဒီအခါမှာ ဖြူမလေးတကောင် သူ့ရှေ့က ဖြတ်ပြေးတာ မြင်လိုက်တာနဲ့-
ဟိတ်!
ဘယ်လဲ!
ရပ်



အဲဒီတော့ ဖြူမလေးက ငိုပြီးတောင်းပန်သတဲ့။
သနားပါရှင် ....
ကျမကို မစားပါနဲ့ - ရှုတ် - ရှုတ် -
ဆူးတွေ များလို့
စားကောင်းမှာလဲ
မဟုတ်ဘူး - ရှုတ် -
နောက်ပြီး -
နောက်ပြီး
ဗိုက်နဲ့ မွိုပါ
ရှင် -
ရှုတ် - ရှုတ် -
ဘာ -
နေမြင့် လှပြီ၊
ငါ ဆာနေပြီ၊
နင့် မစားလို့
ဘာ စားရမှာလဲ -
ဟင်
ဟို ဘက် တောမှာ
ယုန်တွေ အများကြီး
ဘဲ ရှိတယ်
အို ဟို -
ဒီလိုကိုး ။
ငါ လဲ သွားမယ်၊
နင်လဲ သွား
တော့ -
ယုန်အုပ်ကြီးအနား ရောက်သွားတော့—
မပြေးကြနဲ့ ....
ပြေးယင် အကုန်လုံး
ဖမ်းစားပစ် လိုက်မယ်၊
ငြိမ် နေယင်
တကောင်ထဲစားမယ်
ယုန်လေးများဟာ ကြောက်လွန်း လွန်းလို့ တကောင်ကိုတကောင် ဖက်ထားကြစဉ် ယုန်အိုကြီးတကောင်က ထပြီး—
ကျနော်များဟာ
တေားဂီတ မြတ်နိုးတဲ့
သူတွေပါ၊ တိုင်ပေး
မဲ့သူ မရှိလို့
ခက်နေပါတယ်
........
.... အရှင့် တေး ဆိုသံကြားတိုင်း -
အသံကလဲ အောင် -
ထန်ကမ္ဘိုင်း ကလဲ ကျလို -
နား စွင့်နေ မိပြီး
ပီတိဖြစ်နေ
ကြရပါတယ်
------



... မသေခင်လေး - အရှင့်တောသံကြားရယင် - အရှင့် သီချင်းလေးကို ဆိုတတ်နိုင်ယင် သေပျော်ပါပြီ။
ဒါကြောင့် သီချင်းတိုင်ပေးရန် အသနား ခံပါတယ် - အရှင် ခွေးမင်း
ဟော - တကယ်လား၊ ငါ့သနားချင်းတရနေတာကိုး၊ ဒီလိုဆိုလဲ တိုင်ပေးရတာပ။ အားလုံးလိုက်ဆိုကြ။ ကျယ်ကျယ်အော်၊ အခေါက်ခေါက် လိုက်ယင် - ဆိုတတ်ကြမှာပေါ့ကွ ...
ကဲ - စမယ်။ အသင့်ပြင် • တစ်နှစ်သုံး
ပုံဝေဝီ
တောခွေးကြီးက သီချင်းတိုင်ပေးတော့ ယုန်များက ဝိုင်းပြီး ပြိုင်တူလိုက်ဆိုကြတယ်။
ပုံဝေ ဝီ
နိုင်ရာ ငါစားမည် ပိုင်တာ ငါဝါးမည်
နိုင်ရာ ငါစားမည် ပိုင်တဲ့ ငါဝါးမည်
သီချင်းဆိုသံများဟာ တောတပိုက်လုံး ပွဲတင်ချွန်းအောင် ဆူညံသွားတော့ မလှမ်းမကမ်းက ရွာသားများက—
ဘာသံတွေလဲဟဲ့၊ နားထောင်ကြစမ်း
ဒီသီချင်းသံ ကြားဘူးပါတယ်
ဟို တောခွေးဆိုးကြီး အသံ ပေါ်လာလိုက် - ယုန် လေးတွေအသံ ပေါ်လာလိုက်နဲ့


အေးဟ
ဟုတ်တယ်
သွား ချောင်းရအောင်
ဟော့တော့ ခွေးဆိုး တွေ ယင်တော့ ဖြောင်ပစ်ရအောင်
ဒီတောခွေး သိပ်ဆိုးတယ်။ သတိထား သွားကြအုံး-တော့
ခုတ်လေး ဘာလေး ဆောင် သွားကြ
အေး
ရွာသားများက မိရာလက်နက်ဆွဲယူပြီး ချုံကွယ်မှ ချောင်းကြည့်ကြတယ်၊ တောခွေးဆိုး ကိုလဲတွေ့ရော တယောက်နဲ့တယောက် အချက်ပြပြီး
တပြိုင်ထဲ ပစ်ထဲ့လိုက်ကြတာတောခွေးဆိုးကြီး ဟာ ပြေးပေါက်မရဘဲ ကျွမ်းစိုက်ကျသွား တော့တာဘဲတဲ့။
ယုန်လေးတွေကလဲ ကြောက်ကြောက်နဲ့ ထွက်ပြေးကြသတဲ့၊ ဒါပေမဲ့ ယုန်အိုကြီးက အတင်းလိုက်တားထားပြီး
ယုန်လေးများ အူကြောင်ကြောင် ဖြစ်နေစဉ်
လူတွေက-တောခွေးကို-ငါတို့လိုဘဲ မှန်းလို့ ထင်း သတ်ကြတာ။ ဒီလို သတ်ဖို့ အကွက် ပေါ်အောင် -တမင်လာ မြှောက်ပင့်ပြီး သီချင်း ဆို ခိုင်းရတာ-- ဟ။
အေး — ဟုတ်တယ်၊ မင်းတို့ ယုန်တွေကို ဒို့-ရန်မမူပါဘူး။
ထိုစကားကို ကြားတော့မှ ယုန်လေးများဟာ ဝမ်းသာ ပျော်ရွှင်လာပြီးတော့ ခွေးသေကို ပတ်ချာလှည့်ကကြသတဲ့။
ယုန် - တွေ - သည်
--ဟော့.... တော်ခွေး သားတားမည်. တော်ခွေး သားပါးမည်။


ဉာဏ်ကို သွားသုံးပါ
မောင်ကံသည် လမ်းဘေးသရက်ပင်တပင်မှ သရက်သီးများကို ခူးရန် မမှီမကမ်းဖြစ်နေ၏။
ခူးဖို့-တံချူ သွားရှာမှ
ပထမ ထင်းရှူးပုံးတလုံးကို တွေ့ရာ....
ဒါနဲ့ခုပြီးခူးလို့ မမှီပါဘူး ထားခဲ့မှ
ဟောဒီမှာ ရေတိုင်ကီတခု၊ ဒါနဲ့လဲ မမှီပါဘူး၊ လိုက်ရှာအုံးမှ
နောက်ဆုံးတွင် မောင်ကံသည် လှေကားတခုကို ထမ်း၍ ဝမ်းသာအားရ ပြန်လာခဲ့သည်။
သို့သော် သရက်ပင်၌ သရက်သီးများ မရှိတော့ပြီတကား။
ဟောဗျ...ငါထားခဲ့တဲ့ ရေတိုင်ကီနဲ့ထင်းရှူးပုံးကို ဆင့်ပြီးခူးသွားတာကိုး
ပြီး

# ပြာသိုလ

ဖေအောင်ဖေပါ်ထွန်း




ရှေးအခါက ကျေးလက်နေ မြန်မာတိုင်းရင်းသားတို့သည် မီးထွန်းရန်အတွက် ဤလရာသီတွင် ပျားဖယောင်းများကို တောတောင်အနှံ့ ရှာဖွေစုဆောင်းလေ့ ရှိကြသည်။ ဤသည်ကို အစွဲပြု၍ "ပြာသို"ဟု ခေါ် တွင်ခဲ့ကြခြင်း ဖြစ်လေသည်။ တနည်းအားဖြင့် သက္ကတ ဘာသာစကား "ပေါဿ" မှ ကာလရွေ့လျော ကာ "ပေါသီ"၊ "ပြောသီ"၊ "ပြာသီ"၊ "ပြာသို" ဟူ၍ ပြောင်းလဲ လာသည်ဟု ဆိုသည်။

ပြာသိုလသည် မြန်မာပြက္ခဒိန်တွင် ၁၀ ကြိမ်မြောက်လဖြစ်သည်။ ရက်စုံ (၁၅) ရက်ကွယ်သောကြောင့် ပြာသိုလတွင် ရက်ပေါင်း ၃၀ ရှိသည်။ မြန်မာနာရီအားဖြင့် နေ့ ၂၄ နာရီ၊ ည ၃၆ နာရီ ရှိရာ၊ နေ့တာတို၍ ညတာရှည်သော လဖြစ်သည်။ ဤလတွင် နံနက် ၆း၃၈ နာရီတွင် နေထွက်၍ ညနေ ၅း၄၁ နာရီတွင် နေဝင်သည်။

ဗေဒင်အခေါ် အားဖြင့် ပြာသိုလကို မကာရရာသီဟု ခေါ်သည်။ ဤရာသီတွင် ဖုဿနက္ခတ်နှင့် လမင်းတို့ယှဉ်၍ မွန်းတည့်သည်။ ဥတ္တရာသန်နက္ခတ်နှင့် နေမင်းတို့ယှဉ်ပြိုင်ကြသည်။ ပြာသိုလ၏ ရာသီရုပ်မှာ သမင်ရုပ်နှင့် မကန်းငါးရုပ်များ ဖြစ်ကြသည်။ ရာသီပန်းကား ခွာညိုပန်းဖြစ်၏။ ရာသီပွဲတော်မှာ မြင်းခင်းသဘင်ပွဲတော် ဖြစ်လေသည်။


ပုစွန်တာရာထွန်းပသော ပြာသိုလရာသီတွင် ရှေးအခါက ပြည်ထောင်စုသား ပလောင်အမျိုးသားများသည် တောင်ယာ ခိုက်ပျိုးခြင်း





လုပ်ငန်းကို စတင်လုပ်ကိုင်ကြသည်။ ထို့ကြောင့် ''ဩြဲ် - မှိုင်းတမှိုင်း၊ ဆိုင်းဆိုဆိုနှင့်၊ ညို့တဝိုက်မှောင်၊ ရာသီမကာရ၊ ကြယ်ဖုသျှတို့၊ ထွန်းပငယ် ပြောင်သည်၊ပလောင်စိုက်ပျိုး မြန်တော့တယ်'' ဟူ၍ စာဆိုတော်ဦးကြင်ဥက စာဖွဲ့ခဲ့လေသည်။

မြန်မာဘုရင်များ လက်ထက်ကမူ ဆီးနှင်းမှုန်ပျ၊ ပြာသိုလ၌ မြင်းခင်းသဘင် ပွဲတော်ကို အစဉ်အလာ တရပ်အဖြစ် ကျင်းပခဲ့ကြလေသည်။ မြင်းခင်းပွဲတော်မှာ ရှေးမြန်မာ စစ်သူရဲကောင်းတို့၏ အစွမ်းပြပွဲဖြစ်သည်။


ကျယ်ဝန်းသော နန်းရင်ပြင်တွင် မင်းညီမင်းသား၊ မှူးသား မတ်သားများနှင့် တကွ စစ်သည်ရဲမက်၊အပေါင်းတို့သည် ကမြင်းကိုယ်စီစီးလျက် မိမိတို့ရာထူး အလျောက် ရရှိကြသော အဆောင် အယောင်များကို ဆင်ယင်ဝတ်စား ကြပြီးလျှင် ဆင်ရေး မြင်းရေး၊ ဓားရေး လှံရေး၊ အပြေး အခုန်၊ အထိုး အပေါက်၊ အပုံ့အတက် စသောစစ်ပညာစွမ်းများကိုအမျိုးစုံ၊ အစွမ်းကုန် လေ့ကျင့်ပြသကြလေသည်။




ရှားမယ်တောင်လို့
ကာတွန်းမြဇာ-
ဟေ့ဟေ့-ကလေးတွေ မင်းတို့ဒီကားပျက်ကြီး နားမှာမဆော့နဲ့နော် အန္တရာယ်ရှိတယ်-
မကြာမှီ
ကဲ အစောင့်ကြီး ဟိုဘက်သွားတုန်း ကစားရအောင် တွန်းကွာ-
ငါတို့စီး ပြီးရင် မင်းတို့စီး-ဟဲဟဲ မြန်မြန်တွန်းကွ
ဟိဟိ.
ဟဲ့ - အရှိန်ပါ ဆင်းသွားပြီ
လုပ်ကြပါ အိုးမေ-အီး
ဟာ!


ဟေ့-ဟေ့ - ဟေ့ကောင်တွေ အား တော်တော် ဆိုးတာဘဲ -
ဟာ-ရှေ့မှာ တိုက်တော့ မယ် -
ဟား-ကွေ့သွားလို့ တော်ပါသေးရဲ့ -
ဟားဟား- အမှိုက်ပုံနဲ့ တိုက်လို့ပေါ့ကွာ ဟင်း
အိုး — အိုး
အင်း
အမှိုက်ပုံ
အား
ဝိုင်း


မင်းတို့ဘာကောင်ဖြစ်လဲ
ငါက မဆော့ပါနဲ့လို့
ပြောထားရဲ့သားနဲ့-
ဟို-အဲ-
ခုမင်းတို့လုပ်တာနဲ့
ငါ့အလုပ်ပြုတ်တော့မယ်
အလုပ်ပြုတ်တော့ မခံ
နိုင်ဘူး-
ကဲ-မင်းတို့
ထိခိုက်ဒဏ်ရာ
ရကြသေးလား
တယောက်မှ
ဒဏ်ရာမရပါဘူး
ဒီလိုဆို
ငါပြောတဲ့
အတိုင်းလုပ်-
ဗျာ
ထို့နောက်-
အိုး!
အား-အင်း!
အိုး
ဆွဲကြ-ဆွဲကြ
ရောက်ခါနီးပြီ
အေး-ဟုတ်ပြီ-




# နှစ်ပေါင်းများစွာ အစာမစားပဲ နေနိုင်သော တိရစ္ဆာန်များ ရှိပါသလား။

တိရစ္ဆာန် များသည် အသက်ရှင်ရေး အတွက် အစာစားကြရသည်။ အစားအစာ မစားပဲနေလျှင် သေရန်သာရှိသည်။ သို့ရာ တွင် နှစ်ပေါင်းများစွာ အစာမစားပဲ အံ့သြ ဖွယ်ရာ အသက်ရှင် နေနိုင်သော တိရစ္ဆာန် အချို့ ရှိပါသည်။ ပင့်ကူမျိုး များစွာတွင် “တာဒီဂရေတာ”ဟု ခေါ်သော ပင့်ကူမျိုး မှာ နှစ်ပေါင်းများစွာ အစားအစာမစားပဲ အသက်ရှင် နေနိုင်လေသည်။ ထိုပင့်ကူမျိုး သည် စိုစွတ်သော ရေ၊ မြေတွင် နေထိုင် တတ်သည်။ ပတ်ဝန်းကျင်တခုလုံး ခြောက် သွေ့လာပါက ယင်း၏ ခန္ဓာကိုယ်သည်လည်း ခြောက်သွေ့ လာသည်။ လှုပ်ရှားမှုအလျှင်း မရှိတော့ပဲ အသေကောင်နှင့် တူလာရ သည်။ဤသို့ နှစ်ပေါင်းများစွာ အစာမစားပဲ နေနိုင်သည်။ ထိုခြောက်နေသော ခန္ဓာကိုယ် ကို ရေထဲချလိုက်ပါက တခဏအတွင်း ခန္ဓာ ကိုယ် တဖြည်းဖြည်းပြည့်ဖြိုးလာပြီး အသက် ရှင် သွားလာနိုင်သည်ကို တွေ့ရသည်။ အချို့ သော ခရု၊ ပက်ကျိမျိုးတို့လည်း အစာမစား ပဲ အသေကောင်ကဲ့သို့ နှစ်ပေါင်းများစွာ နေနိုင်သည်ကို တွေ့ရသည်။

တင်လှဦး



## အမှားနဲ့အောင်လို့



# ကာယ်ဝင်ရှင်

တက္ကသိုလ်ဖြူမှိုင်း



ကြောင်ကလေးမှာ ပိုင်ရှင်မဲ့ ကြောင်ကလေးဖြစ်ပါသည်။ ကောင်းစွာ လမ်းမလျှောက်နိုင်ပါ။

ကိုကိုမြင့်တို့ ညီအစ်ကိုက "ဒို့အိမ်ကို ခေါ်သွားချင်တယ်၊ ဒါပေမဲ့ အမေက လက်ခံမှာ မဟုတ်ဖူး"ဟု ပြောလိုက်သည်။

ထိုအခါ ကျော်ကျော်တို့ ညီအစ်ကိုကလည်း "ဒို့အိမ်ကို ယူသွားလို့ မဖြစ်ဖူး၊ ဒို့မှာ ခွေးတကောင်ရှိတယ်၊ ကြောင်နဲ့ခွေး အတူထားယင် မဖြစ်ဖူးကွ" ဟု ပြောလိုက်ပြန်သည်။

"ယူတော့ ယူချင်တယ်၊ ဒါပေမဲ့ ငါ့မှာ ညီလေးရှိတယ်။ ညီလေးက ငယ်သေးတယ်၊ ကြောင်ကလေးကို အမြီးကဆွဲလိမ့်မယ်" ဟု စိန်မြင့်က ပြောသည်။

"ဒီလိုဆိုယင် ငါဘဲ ယူသွားမယ်ကွာ၊ ကြည့်စမ်း ချမ်းလွန်းလို့ ကြောင်ကလေး တုန်နေတယ်၊ အမေ စိတ်ဆိုးယင်လဲ စိတ်ဆိုးခံလိုက်မယ်၊ ဒီအတိုင်းထားခဲ့ယင် သေလိမ့်မယ်၊ ငါ့အခန်းထဲမှာ ဝှက်ထားမယ်" ဟု အောင်အောင်က ပြောပြီး ကြောင်ကလေးကို ချီကာ အိမ်သို့ ခေါ်သွားလေသည်။

"ကြောင်ကလေးက ခဲရောင်ကလေးဘဲ၊ ချစ်စရာကလေး"ဟု အောင်အောင်၏ ဖေဖေက ပြောသည်။ "အဲဒီကြောင်ကို ဘာလို့ခေါ်ခဲ့တာလဲ၊ ဒီအိမ်မှာ ကြောင်မလိုပါဘူး"ဟု မေမေက ပြောလိုက်ပါသည်။

"ဒီအိမ်မှာ ကြောင်မလိုပေမဲ့ ကြောင်ကလေးက ကျွန်တော်တို့ အကူအညီကို လိုနေတယ် မေမေရဲ့" ဟု အောင်အောင်က ပြန်ပြောလိုက်သည်။

မှန်ပါသည်၊ ပိုင်ရှင်မဲ့သော ကြောင်ကလေး အတွက် ပိုင်ရှင် လိုအပ်သည်ဆိုသော အချက်ကို မည်သူမျှ မငြင်းနိုင်ပါ။ အောင်အောင်၏ မေမေမှာ နောက်ဆုံးတွင် သဘောတူလိုက်ရလေသည်။

နောက်တနေ့ အောင်အောင်သည် ကြောင်နက်ကလေးတကောင်ကို အိမ်သို့ ခေါ်လာပြန်သည်။ အောင်အောင်က သူ၏ အခန်းထဲတွင် ကြောင်ကလေးများကို ဝှက်ထားသည်၊ အစာကျွေးသည်၊ ရေတိုက်သည်၊ မစင်စွန့်ရန် ထင်းရှူးသေတ္တာ တခုတွင် သဲများ ဖြည့်ပေးထားသည်။ မည်သူမျှ မသိကြပါ။ သို့နှင့်အောင်အောင်သည် ရွှေဝါရောင် ကြောင်ကလေးတကောင် ထပ်၍ ခေါ်လာပြန်သည်။

တနေ့ ထမင်းစားနေကြစဉ် ကြောင်ကလေး တကောင် ထွက်လာသည်။

"ဟင် - ထူးလိုက်တာ၊ ဒို့ရဲ့ ကြောင်လေးကို ခဲရောင်ဘဲမှတ်နေတာ၊ အခုတော့ ရွှေဝါရောင်ပါလား"ဟု ဖေဖေက ပြောလိုက်သည်။ ဖေဖေပြောသော

စကားကို ကြောင်ကလေးက နားလည်သည့်ဟန်ဖြင့် အခန်းထဲသို့ ပြန်ဝင်ပြေးသွားပါသည်။ ထိုအခိုက် ကြောင်အနက်ကလေး ထွက်လာပါသည်။

"ဟော-အခုတော့ ကြောင်ကလေးက အနက်ကလေး ဖြစ်သွားပြန်ပြီ။ ဘာတွေ ဖြစ်နေတာလဲ၊ ကြောင်ကလေးက မျက်လှည့်တတ်လို့လား"ဟု ဖေဖေက မေးလိုက်သည်။ အောင်အောင်သည် ကြောင်နက်ကလေးကို ချီပြီး အခန်းထဲသို့ သွား၍ပို့ထားလိုက်၏။

"ဖေဖေ့ မျက်စိထဲမှာ မြင်ချင်တာတွေ လျှောက်မြင်နေတာပါ"ဟု အောင်အောင်က ပြောလိုက်၏။

အတန်ကြာသော် ကြောင်ကလေးသုံးကောင်စလုံး အပြင်သို့ ထွက်လာကြသည်။ ထိုအခါ ဖေဖေသည် ခုန်ထလိုက်ပြီး "ဟော - သုံးကောင်တောင်မြင်နေရပြီ၊ တကောင်နဲ့တကောင် အရောင်ကလဲ မတူဘူး"ဟုပြောလိုက်သည်။ သူ၏ မျက်လုံးများပင် မှောက်မှားနေသည်ဟု ထင်မိဟန်တူသည်။

အောင်အောင်မှာ မနေသာတော့ပဲ ဟုတ်တိုင်းမှန်ရာ ဝန်ခံလိုက်ပါတော့သည်။ "ကျနော့် ကြောင်ကလေးတွေ ဆာတယ် ထင်ပါရဲ့၊ ဟင်းနံ့ရတော့ သူတို့ ထွက်လာတာပေါ့၊ ဟော့-မင်းတို့ အခု ဘယ်သွားနေမလဲ၊ မေမေရယ် သူတို့နဲ့နဲ့ကြီးအောင်တော့ နေခွင့် ပေးပါနော်"

"ငါ့မျက်စိ ဘာမှမဖြစ်ဖူးဆိုယင် ကြောင်ကလေးတွေ နေပါစေ"ဟု ဖေဖေက ပြောလိုက်သည်။ "အားလုံးပေါင်း ဘယ်နှစ်ကောင်လဲပြောစမ်း၊ ကြောင်အကောင် တရာလား၊ နှစ်ရာလား"ဟု မေမေက မေး၏။

"သုံးကောင်ထဲပါ၊ အမေ ထပ်လိုချင်ယင် ယူလာပေးမယ်"

"တော်ပြီ၊ သုံးကောင်ထဲဆိုယင်၊ နေကြပါစေ"ဟု မေမေက ပြောလိုက်၏။

မျှားမကြာမီ ကျော်ကျော်တို့ အိမ်မှာ မွေးထားသောခွေး ပျောက်ဆုံးသွားသဖြင့် အောင်အောင်ထံမှ ကြောင်ကလေး တကောင်ယူပြီး မွေးစားကြပါသည်။ စိန်မြင့်ညီလေးမှာလည်း ကြီးလာသဖြင့် စိန်မြင့်က ဒုတိယ ကြောင်ကလေးကို မွေးစားရန် ယူသွားပြန်သည်။

အောင်အောင်ကမူ ပထမဆုံး ယူလာသော ကြောင်ခဲရောင်ကလေးကို ဆက်ပြီး မွေးစားထားလေ၏။ ကျော်ကျော်တို့ စိန်မြင့်တို့၏ ကြောင်ကလေးများ အပြင်သို့ ထွက်သည့်အခါ အောင်အောင်နှင့် တွေ့လျှင် ပြေးလာပြီး သူတို့၏ ကယ်တင်ရှင်ကို ကျေးဇူးတင်သည့်ဟန်ဖြင့် ပွတ်သီးပွတ်သပ် လုပ်ကြလေသည်။

## ဒို့ပြည်ထောင်စုနေ့

ငွေနှင်းဝတ်ရုံ သိင်းကာဖြုံ
တောင်တန်းပြာရီမှုန်၊
မြူပင်လုံမှာ စုကာဝေး
သွေးစည်း ညီညွတ်ရေး။

ဒို့သွေးသားများ စုံအလင်
ချင်းနဲ့ ရှမ်း ကချင်၊
မွန် ကရင်ပါ မခွဲခြား
ရခိုင်မြည်နယ်သား။

တိုင်းရင်းဘွားချင်း ညီရင်းကို
လက်တွဲမဖြုတ်လို၊
ဘခင်ဗိုလ်ချုပ် ဦးအောင်ဆန်း
ခေါင်းဆောင်ကာကြိုးပမ်း။


ပြည်တဝှန်းမှာ ညီညီညာ
လွတ်လပ်ရေးတွက်တာ၊
ချစ်ကြည်စွာ ယှိုင်းပင်းခဲ့
ပြည်ထောင်စုနေ့ကွဲ။ ။

တက္ကသိုလ်ကြည်မာ



R. 517

# ချိုးစိမ်း



ချိုးစိမ်းသည် လူသိများသောငှက်ဖြစ်၍ ကိုယ်အလျားမှာ ၁၀ လက်မခန့် ရှိသည်။ အဖိုနှင့်အမမှာ အရောင်အသွေး အားဖြင့် အနည်းငယ်သာခြားနားသည်။ အမ၏နဖူး၌ အဖြူရောင်သည် ဖျော့တော့၍ မွဲပြာရောင် ဦးခေါင်းနှင့် လည်ကုပ်တို့တွင် နီစွေးစွေး အရောင်ဖြစ်သည်။ တောင်ပံရှိအဖြူကွက်နှင့် တင်ပါးရှိအဖြူစင်းတို့မှာ မထင်ရှားလှပေ။


ချိုးစိမ်း၏ ကူသံမှာ အလွန်တိုးသည်။ သို့သော် ဆွဲဆွဲငင်ငင်ရှိပြီး လိုဏ်သံ ပါ၏။

သစ်တောများ အတွင်း၌ ကျက်စားသော်လည်း ရွာအနီးအနား လယ်ကွင်းများသို့လည်း လာရောက်၍ အစာရှာဖွေတတ်၏။ ပျံသန်းရာ၌ တည့်မတ်၏။ တောနက်များအတွင်း အံ့သြဖွယ် ကောင်းလောက်အောင် လျင်မြန်စွာ ပျံသန်းနိုင်လေသည်။ တကိုယ်တည်း နေတတ်သော ငှက်ဖြစ်သော်လည်း တခါတရံရိုးပြတ်များထဲတွင် သုံးလေးကောင် စုကျနေသည်ကို တွေ့ရတတ်၏။

ချိုးစိမ်းသည် တနင်္သာရီတိုင်း၌ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် သားပေါက်၍ မြောက်ဖက်ဒေသများတွင် မတ်လမှ မေလအတွင်း သားပေါက်သည်။ အသိုက်ကို သစ်ပင်ငယ်၊ ချုံပုတ်၊ ဝါးရုံ တို့တွင် ပြုလုပ်၍ တမြုံလျှင် နှစ်ဥရှိသည်။ တဥလျှင် ပျမ်းမျှအလျား ၁.၀၆ လက်မ၊ ပြက် ၀.၈၃ လက်မရှိ၏။

အရှေ့တိုင်း နိုင်ငံများတွင် တွေ့ရှိနိုင်၍ မြန်မာနိုင်ငံ၌လည်း တောင်ခြေနှင့် ကုန်းမြင့် သစ်တောအနှံ့တွင် တွေ့နိုင်ပေသည်။

**စိုးလွင်မြင့်**



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၇။

# ရွှေသွေး

ဂျာနယ်

## ကိုလူလည်


သရုပ်ဖော် ပန်းချီဦးစိန်
ဓာတ်လမ်း မောင်ဆောင်းဦး
(နှတ်တာလင်း)

၁၃၃၆ ခု၊ တပို့တွဲလဆန်း ၅ ရက် (၁၅-၂-၇၅)




စနေနေ့တိုင်း ထုတ်ဝေသည်။


ကိုလူလည်ဆိုတာ ခင်ဗျားလား
ကြုံတုန်း ပြောရအုံးမယ်
ဆိုစမ်း
ဘာပြောမှာလဲ-လူလည်
လုပ်ရမဲ့အလုပ်ဆိုယင်လာခဲ့
ဘာမဆိုလုပ်ပြမယ်
ဟုတ်ရဲ့လား
ကျုပ်တို့လမ်းထဲက သူဌေး
ဦးလောဘ ဆီက ပစ္စည်းတခုခု
ကို လူလည်လုပ်ပြီး ယူပြ နိုင်
ပါ့မလား
ဟား ဟား ဟား-လောဘ
ကြီးတဲ့ သူဌေးကို လူလည်
လုပ်ရတာ ပိုပြီး လွယ်တာပေါ့
ဦးလောဘ ဟာ ပစ္စည်းရှားစား
တဲ့လူကြီးဘဲ
ဦးလောဘ ရဲ့ တိုက်ဘဲ
ကဲ...ဝင်ပေတော့
အဆင်သင့်ဘဲ
ကြည့်လဲလုပ်အုံး...
ဦးလောဘ က စိတ်
သိပ်တိုတယ် !





တံခါး လာတွန်းတာ ဘယ်သူလဲ
သူတောင်းစားလား-သွားပါ
ဒုံးတော့
ကျွန်တော်ပါ ခင်ဗျာ
သေတ္တာငှားချင်လို့
ပါခင်ဗျာ
ပိုက်ဆံ
ပါရဲ့လား
သေတ္တာငှားခ အခုဈေး
တက်သွားပြီ-သေတ္တာရဲ့တန်
ဘိုးနှစ်ဆပေးမှရမယ်
ပေးပါ့မယ်
သေတ္တာကို မပျောက်
မပျက်ဘဲ ပြန်ပေးယင်
ကော ခင်ဗျာ
သိချင်တယ်
ဆိုပါတော့
မင်းပေးတဲ့ငွေထဲက ကွမ်းဘိုး
ဆေးဘိုးတကျပ်တလေတော့
ပြန်ပေးမှာပေါ့-ငါဒီလောက်
မရိုင်းပါဘူး
သိကြသေး
တာပေါ့
တချပ်
နှစ်ချပ်
သုံးချပ်
....


ရက်အတန်ကြာသော် ဦးလောဘထံမှ ငှားခဲ့သော သေတ္တာကြီးကို ပြန်ပို့ရန်စီမံလေ၏။
ဦးလောဘရဲ့သေတ္တာကြီး ထဲကို ငါ့အိမ်က သေတ္တာကလေး တည့်ပေးလိုက်ပြီး…ဟဲ…ဟဲ
ဟော…ခရီးသွားတာမြန် လှချည်လားကွ-ငါ့သေတ္တာ ပါခဲ့ရဲ့လား
ငါ့သေတ္တာဟုတ် မဟုတ် သေသေချာချာ စစ်ဆေး ရအုံးမယ်ပြုစမ်း
ကိုယ်တိုင် ဖွင့်ကြည့်ပါ ခင်ဗျာ
ဟိုက်!ပလုတ်တုတ် သေတ္တာ ကြီးထဲမှာ သေတ္တာကလေး- မောင်ရင့်ဟာလား
ကျွန်တော့်သေတ္တာကလေး မဟုတ် ပါဘူး-ဦးရဲ့သေတ္တာကြီးကမွေး လိုက်တဲ့သေတ္တာကလေး ဖြစ်မှာပေါ့
ဆိုစမ်း
အေးကွ-သေတ္တာကြီးက သေတ္တာ ကလေးမွေးနိုင်တယ်ကွ-သေတ္တာ ကြီးရဲ့ သားပေါ့--သိပ်ဖြစ်နိုင် တာပေါ့-မောင်ရင်သိပ်တော်တယ်
ဟဲ…ဟဲ…ဟဲ


ရက်များမကြာမီ ကိုလူလည်သည် သေတ္တာငှားရန် ဦးလောဘအိမ်သို့ လာပြန်၏။
အဆင်သင့်လိုက်တာ ဦးရယ် ခရီးသွားစရာရှိလို့ သေတ္တာကြီးရော သေတ္တာကလေးပါ ငှါးလိုက်ပါအုံး
အေး အေး - နှစ်လုံးစလုံးယူသွား ငှားခလဲ လျှော့မယ်-လာ အိမ်ထဲကိုသွားကြစို့
ကိုလူလည်သည် ဦးလောဘထံမှ သေတ္တာနှစ်လုံး ငှား၍ ထွက်ခဲ့လေ၏။
Z
မကြာမီ
ဗျို့ ကိုလူလည်..သူ့သေတ္တာတွေ အချိန်စေ့ပြန်မပို့လို့တဲ့ ဦးလောဘကြီး-ခင်ဗျားကို လိုက်ရှာနေတယ်
လောဘ အကြောင်း သိစေမယ် -တိုင်ပြလိုက်မယ်
ဟေ့-ငါ့သေတ္တာနှစ်လုံးပြန်ပေးလေကွာ-ကြာလှပြီ လူလည်လုပ်ချင်လို့လား ဟင်
ဒေါသမကြီးပါနဲ့ ဦးရယ် ရှင်းပြပါရစေ


ငါ့ သေတ္တာကြီး က
အောက်ထပ်ပြီး သေတ္တာကလေး
မွေးပြန်ပြီလား - ဟောင်
ဟောင် ...
အာမလေး - မပြောပါရစေနဲ့ တော့
ပထမ သေတ္တာကြီး ကဖျားပြီး
သေတယ်ခင်ဗျာ့ - နောက် သေတ္တာ
ကလေး က အာသဲကွဲပြီး သေပြန်
တယ်ခင်ဗျာ့ -
ဒါနဲ့ - သေတ္တာ နှစ်လုံး စလုံး
သင်္ချိုင်း ပို့လိုက်ပြီ —
မဟုတ်တာ မပြောနဲ့
သေတ္တာဆိုတာ သေတတ်
တာမျိုး မဟုတ်ဘူးကွ
ငါ့ ဒုတ်က ခေါင်း
မရွေးဘူးကွ တယ်..
ဦးက ယိပ်မှတတ်တာကို
ယုံတာခါ ကျွန်တော် သေတ္တာငှား
တုန်းက သေတ္တာကြီးက သေတ္တာ
ကလေး မွေးနိုင်တယ်လို့ ဦး
ဘဲ ပြောတယ် မဟုတ်လား


အဲဒီ ဘာဆိုင်လို့လဲကွ ဟိုတခါ ငါ့သေတ္တာကြီးက သေတ္တာကလေး မွေး တယ်ကလေ
သေတ္တာ မွေးယင် သေတ္တာ သေတာလဲ ရှိရမှာပေါ့ ဦးရဲ့
ဟေ
မွေးယင် ဆော်ဗျာ သေတာလဲရှိမယ်တဲ့ အလိုဗျာ သေတာလဲ ရှိမယ်တဲ့...
ဟာ-ဘယ်လို ဖြစ်သွားပါလိမ့်
ကိုလူလည်-ကိုလူလည် တကယ်လည်တဲ့ ကိုလူလည်..
ခင်ဗျား တကယ့် ကိုလူလည်ဘဲ ဗျို့- ခင်ဗျားလုပ်လိုက်တာနဲ့ ဦးလောဘ တော့ ခုက ရူးသွားပြီ
လောဘ ကြီးတာကိုး ဗျ
ပြီး




တခါက မခန်းယားဆိုသူ လူရှုပ်လူပေ တယောက်သည် ဝက်ဝံသား စားချင်သဖြင့် ဝက်ဝံတကောင်နှင့် အပေါင်းအသင်း လုပ်လေ၏။ ဝက်ဝံနှင့်သူသည် ဗလချင်းကွာသဖြင့် အကြမ်းနည်းဖြင့်ကား ရနိုင်မည်မဟုတ်။ ဥာဏ်ဆင်ပြီးသတ်နိုင်မှသာ ဝက်ဝံအသားကို စားရမည်ကိုလည်း သူသိလေသည်။

သို့ဖြင့် တနေ့တွင် တောင်ယာမှာ ပိန်းဥတူးရအောင်ဟုပြောပြီး ဝက်ဝံကို ခေါ်သွား၏။ တောင်ယာသို့ရောက်သော် ပိန်းဥတူးကြသည်။ ပိန်းဥတူးနေစဉ်တွင် မခန်းယားက ပိန်းဥထည့်ရန် ခြင်းရက်အုံးမည်ဟု ပြောကာ ခြင်းနှစ်လုံးရက်၏။ ဝက်ဝံအတွက် ခြင်းကို အကွက်ကျဲကျဲ



ရက်ပြီး သူ့အတွက်ခြင်းကိုမူ စိပ်စိပ်ကလေး ရက်လေသည်။


ပိန်းဥ တူးပြီးသောအခါ မခန်းယားသည် ခြင်းကြားကြီးကို ဝက်ဝံအား ပေးလိုက်၏။ သူ့အတွက်မူ အကွက်စိပ်စိပ်ရက်ထားသောခြင်းကို ယူကာ ပိန်းဥများ ကောက်ထည့်လေ၏။

ဝက်ဝံကြီးမှာ ပိန်းဥများကို ခြင်းကြားကြီးထဲကောက်ထည့်လိုက်၊ ခြင်းပေါက်ထဲမှ ထွက်ကျကုန်သဖြင့် ပြန်ကောက်ထည့်လိုက်နှင့် နေဝင်ကာနီး အချိန်ထိပင် အလုပ်များနေသည်။ နောက်မှ အသိဝင်လာကာ ပိန်းဥကြီးကြီးကို အောက်ကခံပြီး အပေါ်မှ ပိန်းဥအငယ်များ စီတင်တော့မှ ထည့်၍ ဖြစ်သွားလေသည်။

ပိန်းဥများ ခြင်းထဲ ထည့်ပြီးသောအခါတွင် နှစ်ဦးသား ကိုယ့်ခြင်းကိုယ်ထမ်းကာ ပြန်လာကြ၏။ လမ်းတွင် စမ်းချောင်းတန်တားကလေး၏အလယ်သို့ရောက်သော် မခန်းယားက "ပိန်းဥတွေ တခါထဲ ရေဆေးသွားရအောင်" ဟု ဝက်ဝံကို အဖော်ညှိကာ သူ့ခြင်းကို ရေထဲနှစ်၍ လှုပ်ဆေးလေ၏။

ဝက်ဝံကြီးလည်း မခန်းယား လုပ်သကဲ့သို့ သူ့ခြင်းကြားကြီးကို ရေထဲနှစ်ပြီး လှုပ်ဆေးလေသည်။ ထိုအခါ ခြင်းကြားကြီးအပေါက်များထဲမှ ပိန်းဥများ ထွက်ကျကုန်တော့၏။

ထိုအခါ မခန်းယားက "မင်းရဲ့ ပိန်းဥတွေ ရေထဲကျကုန်ပီ၊ ဆင်းငုပ်ပီး ငါ့ကိုကမ်းပေး၊ ငါမင့်ခြင်းထဲ ပြန်ထည့်ပေးမယ်" ဟု ပြောကာ





ဝက်ဝံကြီး ရေထဲဆင်းငုပ်အောင် လမ်းခင်းပေးလိုက်၏။

ဝက်ဝံကြီးလည်း မခန်းယားပြောသည်ကို အဟုတ်မှတ်ကာ ရေထဲဆင်းငုပ်ပြီး ပိန်းဥတလုံးချင်း မခန်းယားကို ကမ်းပေးလေသည်။ မခန်းယားကား ဝက်ဝံကြီး ရေထဲငုပ်နေခိုက်တွင် ပိန်းဥများကို ရေထဲ ပြန်ပြန်ချလေသည်။


ဝက်ဝံကြီးမှာ နေဝင်ချိန်အထိ ရေထဲတွင် ငုပ်ချည်ပေါ် ချည်လုပ်နေရသော်လည်း ပိန်းဥများ မကုန်နိုင်ပဲရှိသဖြင့် မျက်လုံးများ နာလာလေသည်။ ဤသည်ကို မခန်းယားမြင်သော် "ဝက်ဝံကြီး မင်းမျက်စိတွေဟာ နီပြီး နာနေပြီ၊ မငုပ်နဲ့တော့၊ ငါ့မှာပါတဲ့ ပိန်းဥကိုဘဲ မင်းလိုသလောက် ခွဲပြီးယူပါ၊ ခုတော့ မင်းမျက်စိနာပျောက်ဖို့က အရေးကြီးတယ်၊ တက်ခဲ့ပါ၊ ငါဆေးရှာပြီး မျက်စဉ်းခတ်ပေးမယ်" ဟု ပြောလိုက်၏။



ထိုအခါ ရေငုပ်ရလွန်းသဖြင့် မောနေသော ဝက်ဝံကြီးလည်း ရေထဲက တက်လာပြီး "ဟုတ်ပါရဲ့ ငါ့မျက်စိတွေ ကျိန်းနေတယ်။ မင်းဆေးခတ်မယ်ဆိုယင် မြန်မြန်ခတ်ပါ" ဟု ပြောလိုက်လေသည်။

ထိုအခါ မခန်းယားသည် စမ်းချောင်းဘေးတွင်ပေါက်နေသော တောနှမ်းပင် အရွက်နှင့် ပိန်းဥအခွံကို ခြစ်ယူ စုတောင်းပြီး မျက်စဉ်းရေလုပ်ကာ ဝက်ဝံကြီး၏ မျက်စိနှစ်ဖက်စလုံးကို ခတ်ပေးလိုက်လေသည်။


ဝက်ဝံကြီးမှာ စပ်လှသဖြင့် အော်ဟစ်ကာ မျက်စိ မဖွင့်နိုင်ပဲ ခြေဦးတည့်ရာ ထပြေးလေတော့၏။ ဤသို့ တရှိန်ထိုးပြေးရင်းနှင့် ချောက်





ထဲသို့ ခေါက်ကိုးလိမ့်ကျပြီး သေဆုံးသွားလေသည်။

မခန်းယားသည် ချောက်ထဲမှ ဝက်ဝံအသေကောင်ကို ထမ်းပြန်လာပြီး အိမ်ရောက်သောအခါ ခုတ်ထစ်ချက်ပြုတ်လေသည်။ ထို့နောက် တအိမ်သားလုံး ဝက်ဝံသားနှင့် ပျော်ပွဲစားကြလေ၏။

ဝက်ဝံကား သူတပါး၏စကားကို မနှိုင်းမချိန်ပဲ အရမ်း ယုံကြည်မိသဖြင့် အသက်ဆုံးရခြင်း ဖြစ်လေသည်။


တခါတုန်းက လိပ်တကောင်သည် ရေကန်အတွင်း အစာရှာနေစဉ်....
သို့နှင့် -
ဟီး ဟား


အပြေးပြိုင်ပွဲဖြစ်သည်။ ပန်းတိုင်အဖြစ် တောစပ်ရှိ သစ်ပုပ်ပင်ကြီးကို သတ်မှတ်သည်။ ဒိုင်လူကြီးအဖြစ် ဖားပြုပ်က ဆောင်ရွက်ပေးသည်။
သူတို့နှစ်ဦး အပြေးပြိုင်ပွဲသို့ လာရောက်ကြည့်ရှုသူများက -
သို့လော သို့လောနှင့် -
ဤသို့ဖြင့် တောချုံထနေနားရောက်လျှင်
အတန်ကြာသော် လိပ်သည်လည်း ထိုချုံနားသို့ ရောက်လာပြီးလျှင်....


အချိန်တန်သော်လည်း ယုန်နှင့်လိပ်တို့မှာ သတ်မှတ်ထားသောနေရာသို့ ရောက်မလာကြသဖြင့် ပွဲကြည့်ပရိသတ်က လိုက်ရှာကြလေတော့သည်။
ဤတွင် ချုံကွယ်၌ အိပ်ပျော်နေကြသော ယုန်နှင့် လိပ်ကို တွေ့သွားကြသဖြင့်.....
ယုန်နှင့်လိပ်တို့မှာ လုံ့လဝီရိယ မရှိကြသည့်အတွက် သူတို့မြော်လင့်ထားသလို မဖြစ်လာပဲ တိရစ္ဆာန်အပေါင်း၏ လှောင်ပြောင်ခြင်းကိုသာ ခံရလေတော့သတည်း။



ငှက်များ၏ ခန္ဓာကိုယ်အပူချိန်သည် ၁၀၀ ဒီဂရီဖာရင်ဟိုက်နှင့် ၁၁၂ ဒီဂရီဖာရင်ဟိုက် အကြားတွင်ရှိသည်။ ပုံမှန်လူခန္ဓာကိုယ်၏ အပူချိန်သည် ၉၈.၆ ဒီဂရီဖာရင်ဟိုက်သာ ရှိသည်။ ၁၁၂ ဒီဂရီဖာရင်ဟိုက်ဆိုလျှင် လူသည် သေရန်သာရှိသည်။ ဤမျှအပူကို ခံနိုင်မည်မဟုတ်

# ငှက်ခန္ဓာကိုယ်သည် လူ့ခန္ဓာကိုယ်ထက် ပို၍ပူနွေးသလော

လူနှင့် နို့တိုက်သတ္တဝါများကို သွေးနွေးသတ္တဝါဟုခေါ်သည်။ အကြောင်းမှာ ခန္ဓာကိုယ်၏ အပူချိန်သည် အပြင်ရာသီဥတုနှင့် လိုက်၍ ပြောင်းလဲခြင်း မရှိသလောက် ဖြစ်နေသောကြောင့်ပင်ဖြစ်သည်။ သွေးအေး သတ္တဝါများမှာ အပြင်ကအေးလျှင် ယင်းတို့ ခန္ဓာကိုယ်အပူချိန်ကျလာပြီး၊ အပြင်ကပူလျှင် ယင်းတို့၏ ခန္ဓာကိုယ်အပူချိန်မှာ မြင့်တက် သွားတတ်သည်။

ချေ။ ထို့ကြောင့် ငှက်တို့၏ ခန္ဓာကိုယ် အပူချိန်သည် လူ့ခန္ဓာကိုယ်အပူချိန်ထက် မြင့်နေခြင်းဖြစ်သည်။ ငှက်တကောင်၏ နှလုံးခုန်နှုန်းသည် တမိနစ်တွင် အကြိမ် ၁၂၀ ခန့်ရှိသည်။ လူ၏ နှလုံးခုန်နှုန်းမှာ တမိနစ်တွင် ၇၂ ကြိမ်ခန့်သာ ရှိလေသည်။

တင်လှဦး

## ခုန်ချလို့မသေ



# လမိုက်ည

မောင်ပံသူ (ပန်းဝါရေနော်)



လမိုက်သော တညတွင်ဖြစ်၏။ မိုးမှုန်ကလေးများ တဖွဲဖွဲ ကျဆင်းနေပါသည်။ သရက်ငုရွာကလေးမှာ တိတ်ဆိတ် ငြိမ်သက် နေသည်။ အချိန်မှာ ညသန်းခေါင်ကျော်ဖြစ်သည်။

ကျွန်တော်၊ ဖိုးတုတ်၊ သာအေး၊ လှအေး၊ ခင်ညို သူငယ်ချင်းတစုသည် ရွာလယ်ရှိ ကင်းတဲကလေးတွင်ဆုံမိကြပါသည်။ မနေ့က တိုင်ပင်ထားသည့် ကိစ္စတခုကို ယနေ့ညပြုလုပ်ရန် ဖြစ်သည်။ မကြာမီ ကျွန်တော်တို့ လူစုသည် ရွာထိပ်ရှိ ဘကြီးညာဏ်၏ ခြံဝင်းဆီသို့ ရွေ့ရွှ ချီတက်လျက်ရှိသည်။ ကျွန်တော်က ရှေ့ဆုံးမှဖြစ်၏။

ဘကြီးညာဏ်၏ခြံသည် အုန်း၊ ငှက်ပျော၊မာလကာ၊ သဘော်၊ သရက်၊ လိမ်မော်၊ ပိန္နဲ၊ နာနတ် အစရှိသည်ဖြင့် စုံလင်လှသည်။

ကျွန်တော်သည် အားလုံးထဲတွင် အကြီးဆုံး နှင့် ဗလ အကောင်းဆုံးဖြစ်သည်။ အတန်ကြာလျှောက်မိကြလျှင် ဘကြီးညာဏ်၏ ခြံဘေးနားသို့ ရောက်ရှိခဲ့ကြသည်။

“ဖိုးတုတ်နဲ့ သာအေး ခြံကို ပတ်လျှောက်နေ။ ခင်ညိုခြံဝမှာ စောင့်နေ။ ငါနဲ့လှအေးခြံထဲကို ဝင်မယ်။ အစစသတိရှိရှိနဲ့ ကိုယ့်တာဝန်ကိုယ် ကျေပြွန်ရမယ်”

သို့ ပြောဆိုပြီး လူစုခွဲလိုက်ကြပါသည်။ ကျွန်တော်နှင့် လှအေးသည် ခြံကြီးထဲသို့ ခက်ခဲစွာ ဝင်ရောက် သွားသည်။ ပတ်ဝန်းကျင်ကို အကဲခပ်ကြည့်သည်။ တဖွဲဖွဲ ကျနေသော မိုးမှုန်ကလေးများမှလွဲ၍ ဘာမျှ ထူးခြားမှု မရှိ။ ကျွန်တော်နှင့် လှအေးသည် ခြေကို တလှမ်းချင်း ဖြည်းလေးစွာ လှမ်းနေရသည်။ ခဏအကြာတွင် ကျွန်တော်တို့ အလိုရှိသည့် နေရာသို့ ရောက်လာသည်။ နေ့လယ်က ကြည့်ထားသည့်အုန်းပင် ဟုတ်မဟုတ် အသေအချာ ကြည့်သည်။ ပြီးလျှင် လှအေးကို အောက်မှ စောင့်ခိုင်းကာ အပင်ပေါ်သို့ လျှင်မြန်စွာ တက်သွားပြီး အုန်းသီးလေးငါးလုံးကို အဆက်မပြတ် ဖြုတ်ချလိုက်သည်။

ထိုစဉ် ဝင်းလက် နေသော အလင်းရောင်တန်း တခုသည် ကျွန်တော်၏ မျက်နှာပေါ်သို့ ကျရောက်လာသည်။ လူအော်သံ၊ သံပုံးတီးသံ၊ ခွေးဟောင်သံများကိုလည်း အဆက် မပြတ် ကြားလာရသည်။

“သူခိုးဟေ့--သူခိုးလိုက်ဟ၊ ဖမ်းဟ၊ မလွှတ်စေနဲ့နော်”

အော်ဟစ် သံများနှင့် အတူ ဓားလှံများ ကိုယ်စီကိုင်၍ ရွာသားများ ဝိုင်းလာကြပါသည်။ ကျွန် တော် သည် အုန်း ပင် အောက်သို့ အလျင်အမြန် ဆင်းခဲ့၏။ သို့သော် နောက်ကျနေပါပြီ။ ဘကြီးညာဏ်နှင့် ရွာသားများက ကျွန်တော့် အလျင် ရောက်နှင့်နေသည်။ ပြီး–ကျွန်တော့်ကို ရုံးခန်းသို့ခေါ် ဆောင်သွားသည်။

ရွာလမ်း ဘေး တဖက် တချက်တွင် မီးတုတ်များ၊ မီးတိုင်များ ထွန်းညှိ ထား သောကြောင့် ကျွန်တော့်မျက်နှာမှာ ထူပူနေပါသည်။ ဖေဖေနှင့်မေမေ တို့သာ ဤအကြောင်း ကို သိသွားလျှင် သက်သာမည့် အရိပ် အရောင် မပေါ်။ ဖေဖေသည် အလွန် စိတ်မြန်သူ ဖြစ်သည်။ ကျွန်တော်သည် ရှက်ခြင်း၊ ကြောက်ခြင်းတို့နှင့် အတူ ရဲစခန်းသို့ ပါသွားပါသည်။

ကျွန်တော့်သူငယ်ချင်းများကိုမူ တယောက်မှ မတွေ့ရပေ။ ကျွန်တော့်ကို ပစ် ထား ခဲ့ ပြီး လွတ်ရာသို့ ပြေးကုန်ကြပြီ။

ထိုစဉ် –

သာအေး၊ လှအေး၊ ခင်ညို၊ ဖိုးတုတ်တို့လူစုသည် ကျွန်တော့်ဆီသို့လိုက်လာသည်။ ပြီး–သူတို့ပါ ပါဝင် ကြောင်း ဝန်ခံ၍ ကျွန်တော်နှင့် အတူ ထိုက်သင့်သလို အပြစ် ပေး ပါ ရန် တညီတ ညွတ် တည်း ပြော ဆို ကြပါသည်။ ကျွန်တော့်နားကို ပင် မယုံနိုင် လောက် အောင် ဝမ်းသာ သွားသည်။ သူငယ်ချင်းများ အပေါ် တွင်လည်း ချစ်ကြည် လေးစားမိသည်။ စောစောက အထင်လွဲမိခဲ့ခြင်း အတွက် ယူကြုံးမရဖြစ်ရသည်။

"မိတ်ဆွေစစ်ဆိုတာ အန္တရာယ်နဲ့ တွေ့တဲ့အခါ ရှောင်လွှဲမသွားဘဲ သေအတူ ရှင်အတူ အန္တရာယ်ကို လက်တွဲရင်ဆိုင်ရဲတဲ့သူကို ခေါ်တယ်"

ဖေဖေမကြာခဏပြောလေ့ရှိသော စကား များ ကို လည်း ကြားယောင်လာမိသည်။

စခန်းမှူးသည် ကျွန်တော်တို့အား စစ်ဆေးပြီး၊ ခိုးဝှက်ယူငင် စား သောက် ခြင်း ကို နောက်နောင် မပြုလုပ်ရန် ဆုံးမသည်။ ကျွန်တော်တို့ကလည်း မှန်ကန်ကြောင်းဝန်ခံ၍ နောက်နောင်ထိုအမှုမျိုးကို မပြုလုပ်ရန် တညီတညွတ်တည်း ကတိပေးလိုက်ကြသည်။

ရဲစခန်းမှ အထွက်တွင် ကျွန်တော်တို့၏မိဘများနှင့် ရင်ဆိုင်တွေ့ရသည်။ ဖေဖေ သည် ရှေ့ဆုံးမှ ဖြစ်သည်။ လက် တဖက်တွင် မီးအုပ်ကို ကိုင်ထားသည်။ စိုးရိမ်ပူပန်နေရှာသည်။

"ကဲ ဒီတခါတော့ အားလုံးကို ခွင့်လွှတ် လိုက်ကြပါကွာ"

ဖေဖေ ပြော လိုက် သည့် စကားသည် ကျွန်တော်တို့၏ ရင်ကို အေးမြ စေခဲ့ပါသည်။ မိဘ၏ မေတ္တာ ကြီးမား ပုံကို အတိုင်းမသိသဘောပေါက်နားလည်ခဲ့ရပါသည်။ ကျွန်တော်တို့လည်း မိဘများကို ဦးသုံးကြိမ်ချ၍ ကန်တော့လိုက်ကြသည်။

အပြန်တွင် မူကား ကျွန်တော်တို့၏စိတ်မှာပေါ့ပါးရွှင်မြူးသလိုရင်မှာလည်း ကြည်နူးမှုကို ခံစားခဲ့ရပါသတည်း။

## အလံမြင့်မြင့် လွှင့်တူစို့

တို့အလံ တို့အလံ
အနီရောင်က အောက်အခံ။

အနီခံမှာ အပြာကွက်
လက်ဝဲဖက် အထက်။


စက်သွားနှင့် စပါးနှံ
ကြယ်ထယ်လေးပွင့်ရံ။

စပါးနှံက လယ်သမားထု
စက်သွားကတော့ လုပ်သားထု
အများစုကို ကိုယ်စားပြု။

ဝန်းစုကြယ်ပြု အရွယ်တူ
တိုင်းနှင့်ပြည်နယ် ကိုယ်စားမှု။

လွှင့်လူကြစို့ ခပ်မြင့်မြင့်
တို့ရဲ့အလံ တလွင့်လွင့်
တံမယ်ကြားမှာကြွားဝင့်ဝင့်။ ။

သင်းဇေအောင်



R. 517



# ဆက်ရက်ကျား


သားပေါက်ချိန်မှာ သာမန် ဆက်ရက်များကဲ့သို့ပင် မေလမှ စက်တင်ဘာလအတွင်းဖြစ်သည်။ သစ်ပင်များပေါ်တွင် အထူးသဖြင့် ကုက္ကိုပင်ပေါ်၌ အသိုက် ပြုလုပ်တတ်သည်။ အိမ်ခေါင်မိုး၊ တိုက်နံရံ၊ ရေတွင်း စသည်တို့၏ အပေါက်တခုခုတွင်လည်း အသိုက်ပြုလုပ်တတ်၏။ ဥများမှာ ရှည်မျောမျောဖြစ်၍ တမြုံလျှင် သုံးဥမှ ခြောက်ဥအထိ ရှိသည်။

အရှေ့တိုင်းနိုင်ငံများတွင် အနှံ့အပြားတွေ့ရသည်။ မြန်မာနိုင်ငံ ကွင်းပြင်များ၌ တွေ့ရ၏။ အခြားတောင်ကုန်းမြင့် ဒေသများတွင် မတွေ့ရသော်လည်း ရှမ်းပြည်နယ်၌မူ တွေ့ရသည်။

ဆက်ရက်ကျားခေါ် ဆက်ရက်ငှက်မျိုးမှာ အလျားကိုးလက်မခန့် ရှိ၏။ ယင်း၏ နှုတ်သီးမှာ အခြားဆက်ရက်မျိုးနှင့်မတူပဲ ပို၍ ပေါ်လွင်လေသည်။ အမွေးအတောင်တို့မှာ အမည်းနှင့် အဖြူရောင် ဖုံးလွှမ်းနေသည်။

ကျေးလက်တောရွာများတွင် အနေများသည်။ သို့သော် ပေါက်ပွားချိန်၌ မြို့အနီးတဝိုက်တွင် တွေ့ရတတ်သည်။ လယ်ကွင်းပြင်တွင် အုပ်စုကလေးများဖွဲ့၍ ပိုးသန်းကျက်စားကြသည်။ အိပ်တန်းတက်ရာ၌ ဆူဆူညံညံနှင့် ရှန်းရင်းဆန်ခတ် ပြုလုပ်တတ်ကြသည်။

စိုးလွင်မြင့်



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွန်ကြားရေးမှူး (ပုံနှိပ်)
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

# အဖြောက်ကြိုက်သော ယင်မကလေး

ပန်းချီ – ဦးဘကြည်။
ဇါတ်လမ်း – ကျော်သူရချိုး။

အတွဲ ၇။ အမှတ် ၈။

ရွှေသွေး ဂျာနယ်


၁၃၃၆–ခု၊ တပို့တွဲလဆန်း ၁၂ ရက် (၂၂-၂-၇၅)

တခါတုန်းက သိပ်လှချင်ပချင်ပြီး အဖြောက်ကြိုက်တတ်တဲ့ ယင်မကလေး တကောင်ရှိတယ်။ သူဟာသူ့ကိုယ်သူ လှသထက် လှအောင် တချိန်လုံး သနေတာဘဲတဲ့။ သူ့ရဲ့ အလှကို တွေ့တွေ့သမျှ ယင်ကောင်တွေက ချီးကျူး ဩဘာ ပေးကြတယ်။















စနေနေ့တိုင်း ထုတ်ဝေသည်။


ကြောင်အိမ်ဘေးမှ သူ့ကို စူးစိုက်ကြည့်နေတဲ့ ပင့်ကူကြီး တကောင်ကို မြင်လိုက်တော့....
ယင်မ,လေးဟာ လန့်သွားပြီး....
အမေ့
သူ့အမေ ပြောဘူးတာ သွားသတိရသတဲ့။
သမီး! ပင့်ကူဆိုတာ - ယင်ကောင်တွေ ပိုးကောင်တွေကို ဖမ်းစား တတ်တယ်။ သတိထား
ဟုတ်ကဲ့ မေမေ
အာပါး - တယ်လှတဲ့ ယင်မလေး ပါလား။ ဒီလောက် လှတဲ့ ယင်မမျိုး တခါမှ မမြင်ဘူးသေးဘူး။
ဟဲ ဟဲ
ဒီလို အချောအလှလေးကို - ဟောဒီ ကျုပ်ရဲ့ အိမ်ဂေဟာကြီးထဲကို အလည်အပတ် ဖိတ်ခေါ်ပါရစေလား ယင်မလေးရယ်။
ကျုပ် နံမယ်က မောင်မောင်ပင့် - လို့ ခေါ်ပါတယ်
ဟင်း.....တော်ပါသေးရဲ့။....
ကျေးဇူး တင်ပါတယ်။
......ပဲ...
ကျမနံမယ်က - မိုးလှလှယဉ်...တဲ့


အမယ် - တယ် ခေတ်မှီတဲ့ နံမယ်လေး ပါလား ။ နံမယ်ကလဲ လှ ။ လူကလဲ လှ ။ တန်ကျ လိုက်တာ ။
။ ကျနော်ကလေ- အိမ်ဂေဟာကို အလှ ဖွမ်းဖဲ ပြင်ဆင်တာ ဝါသနာ သိပ်ပါ ဒါတဲ့- သိလား ----- ----
--- လှေကားတွေ ဆိုလဲ - ပွတ်လုံးတွေ - ကော်ဇော တွေနဲ့
ဧည့်ခန်းထဲ မှာလဲ - ပိုးခန်း ဆီး - ဓါးခန်း ဆီး မှုအစ ခေတ်စားနေတဲ့ အိမ်ထောင် ပရိဘောဂ တွေနဲ့
တိုင်ကြီးတွေ ဆိုလဲ - ဖွဲ့ချထားတယ်
ကြုံ တဲ့အခိုက် ခဏဖြစ်ဖြစ် ဝင်ကြည့် သွားပါအုံးလား - ဟဲဟဲ
အို - ကျမ မဝင် ပါရစေနဲ့ ။
ရှင့် လှေကားထစ်တွေကို တက်သွား သူတွေ မှန်သမျှ - ပြန် လာကြ တာ မရှိတာမို့ - ကျမ ကြောက်တယ်
အလကား မနာလိုလို့ ကောလာ ဟာလ သတင်းတွေ လွှင့်နေကြ တာပါဗျာ ဟဲ ဟဲ -
မိုးလှလှ ယဉ် လဲ
အဝေးကြီးက - ပျံသန်း လာရသူ ဆိုတော့ - မောလှ ရောပေါ့ ။ ကျနော့်- အိစက်ညက်ညော တဲ့ ဖဲမွေ့ရာ ကြီးပေါ်- တရေး လောက် -အိပ်စက်- အနားယူ လိုက - စေတနာကြီး စွာနဲ့ - ဖိတ်ခေါ်ပါတယ် ။ ဟဲဟဲ -ဟဲဟဲ-


အို - ကျမ မအိပ်ရဲ့ပါဘူးရှင်၊ ရှင့်ဧည့်ရာပေါ် အိပ်မိယင် ဘယ်တော့မှ မနိုးတော့ဘူး ဆိုတာ သတင်းကြီး နေတာဘဲဟာ။
ဟဲ - ဒီလိုဆို မိုးလှလှယဉ် စိတ်တိုင်းကျ-ကျွန်ုပ် ဘာဆောင်ရွက်ပေးရမလဲ။ ထမင်းစားခန်း ထဲမှာတော့ မိုးလှလှယဉ် စားချင်တဲ့ ဘစာတွေ မကုန်နိုင်အောင်ရှိလေရဲ့။ စိတ်ကြိုက် သုံးဆောင် နိုင်ပါတယ်။
ရှင့် ထမင်းစားပွဲပေါ်မှာ ဘာ အစာတွေရှိတယ် ဆိုတာ - ကျမ ကြားဘူးပါတယ်
ဒါဖြင့် - မိုးလှလှယဉ် အလှပြုပြင်တို့ အခန်းထဲက ကိုယ်လုံးပေါ် ရှေ့မှန် - နောက်မှန် - ဘေးမှန်တွေ - လာဝင်ကြည့် ပါအုံး လား
ကျေးဇူးတင်ပါရဲ့၊ သွားပါအုံးမယ်
နောက်မှ တွေ့ကြသေးတာပေါ့
အဲဒီလိုပြောပြီး ပျံထွက်ပြေးသတဲ့။
ပင့်ကူကြီးက ဘာမျှမပြောတော့ဘဲ အခန်းထဲ ပြန်ဝင်သွားပြီး....
နောက်တခါ လာကြည့် - သိမယ် - ဟင်း
ပင့်ကူမျှင်များကို တထပ်ပြီး တထပ် မမောတမ်း ရက်လုပ်တော့တာဘဲတဲ့။
အိမ်ပြန်ရောက်တော့ ယင်မလေးဟာ တွေး တွေးပြီး ကျေနပ်နေသတဲ့။
မောင်မောင်ပင့် - တဲ့
စားပါအုံး - တဲ့
နားပါအုံး -
မှန်ကြည့်ပါအုံး တဲ့!
အပို


နောက်နေ့တွင် ယင်မ လေး ပြန်လာသည်ကို ပင့်ကူကြီး တွေ့တော့....
ဟာ! ကျွတ်ကျွတ်- လှလိုက်တာ။ မိုးခုတ်မယ်လေး အောက်မေ့ရမယ်။
တော်ပါရှင်- မောင်မောင်ပင့် ဆိုတဲ့ အတိုင်း မြှောက် ပင့် နေတာဘဲ
တကယ်ပါကွယ် -မိုးလှလှယဉ်ရဲ့ မျက်လုံး အစုံလေးတွေဟာလေ-- ---စိန်ကျောက် ရတနာလေးတွေ လိုလို------- ဟဲဟဲ--- မိုးပေါ်က ကြယ်ပွင့် လေးတွေလိုလို- လက်တက်လက် တက်နဲ့-ဝင်း--- နေတာဘဲ- ဗျာ့
ယင်မ လေးမှာ ပီတိဖြစ်ပြီး ကြည့်နေစဉ်....
အို! အကိုပင့်ကူ ဟုတ်ဖဲနဲ့။ တော်ပါ
မိုးလှလှယင်ရယ်-အခုလို ဗဖော့ရိုးရာနည်းနဲ့ ဆင်ယင် ထုံးဖွဲ့ထားတော့လဲ-ရှိုးကိုကျ လို့။ မနေ့ကလို ခေတ်ဆံ ဆံ ဝတ်ထားတော့လဲ -ပျံ နေတာဘဲ။
ငေးမော ရလွန်းလို့ အသက်ရှူတောင် မှားမိတယ် -- တကယ်။
ပင့်ကူကြီးဟာ အငမ်းမရဖြစ်ပြီး....
ဟီး — အကွက်တော့ ဝင်နေပြီ
တကယ်ပါကွယ် အို ရွှမဝ လေးရယ်- အဝေးက ကြည့်ရတာ-အားမရလို့ ရှာနဲ့နဲ့တိုးပြီး လါပါလား ကွယ်------
ငါ့ အလှ ရူပါရုံကြောင့် သွားရေတွေ ဘာတွေ တောင် ကျနေပြီ- ဒီလေါက်ငမ်းတဲ့ ဘဲတော့ - ချဲ လိုက်အုံး မှဘဲ
အရှိန်ကောင်းကောင်းနဲ့ သူ့ခေါင်းနား ကပ်ပြီး ပျံထွက်သွားမယ်...



အဲဒီလို စိတ်ကူးရကာ ပင့်ကူကြီးရဲ့ ခေါင်းပေါ် တည့်တည့် ပျံတက်လိုက်ပြီးတော့
ခစ်ခစ် ခစ်ခစ်
ဒေါက်
ဟိုးအပေါ်က ဒိုင်ဗင်ထိုး ချလာပြီး လက်လှမ်း မမှီတဲ့ နေရာမှာ လှည့်ပတ် ရစ်ဝဲနေလိုက်တာ-
ပင့်ကူကြီးလဲ ကြည့်ရင်းပတ် ချာလည် နေသတဲ့။
အဲဒီတခဏမှာဘဲ ပင့်ကူကြီးက ရှတ်တရက် အားယူ ထခုန်လိုက်ပြီး....
လက်ကြီးနဲ့ ပုတ်ချလိုက်လို့ ယင်မ,လေးဟာ
မှူးကျသွားရှာပြီး မေ့မျောသွားတော့-
အသာလေး ကောက်ယူလိုက်တာပေါ့။
အမယ်လေး - မောရကျိုးတော့ နပ်ပါ့ဗျား - ဟဲဟဲ —
တနပ်စာတော့ ဖူလုံသွားမြန်ပြီ ဗျိုပြ —
ဟားဟား ဟားဟား
ဟားဟား ဟားဟား
ဟား ဟား
ဟားဟား
နောက်တော့ အသံနက်ကြီးနဲ့ တဟားဟား ရယ်ကာ လှေကားကို တက်သွားတော့တာ ဘဲတဲ့။



မေမေ အိမ်မှာမရှိလို့
မောင်ဝင်း
ဇော်ဇော်သည် လက်တွင် ပွန်းပဲ့၍သွားသော်လည်း မငိုပါ။ ပထမတော့ ငိုချင်ပါသည်။ သို့သော် သူမငိုပါ။
သူ၏ လက် မှာ နာကျင်နေသော်လည်း သူကျိတ်မှိတ်၍ ခံနေပါသည်။
နောက်တော့ မေမေ ပြန်လာပါသည်။ ထိုအခါမှ အော်၍ ငိုပါတော့သည်။
ဇော်ဇော် ဘာဖြစ်လို့လဲ -
ကျနော့်လက် ပွန်းသွားလို့
အဲ့ဒီတုန်းက ဘာလို့မငိုလဲ
မေမေ မှ အိမ်မှာမရှိဘဲ - .........
ပြီး





အလွန် ရှေး ကျ သော ခေတ်တုန်းက ယခုရှိနေသော တိုင်းရင်းသား လူမျိုးအသီးသီးမှာ တမိတည်း တဝမ်းတည်းမှ ဆင်းသက်ပေါက်ဖွားလာကြသူများ ဖြစ်ခဲ့၏။ အပြောအဆို အနေအထိုင် ဓလေ့ထုံးစံမှ အစ ယခုလို မကွဲပြားပဲ အတူတူ ဖြစ်၏။

ယင်းလူမျိုးများ အနက် နာဂသည် သားဦး အစ်ကိုကြီး ဖြစ်သည်။ သူသည် သားဦး အကြီး ဖြစ် သည့် အတိုင်း ကျန်းမာ သန်စွမ်း၍ တောင်တက် တောင် ဆင်း လည်း ကျွမ်းကျင်၏။ အမောလည်း ခံနိုင်၏။ တောထဲ တောင်ထဲတွင် နေရသည်ကိုလည်း နှစ်သက်၏။

ညီ ဖြစ် သူ များ ကား တောင် ပေါ် မှာ မ ပျော်ကြပေ။ မြေပြန့်သို့ ဆင်းပြီး နေချင်နေကြ၏။ ပြီးတော့ သူတို့သည် အစ်ကိုကြီးကဲ့သို့ တောတောင် များ တွင် သွားလာကျက်စားရသည်ကိုလည်း ပင်ပန်း လှ သည် ဟု အောက်မေ့လေသည်။ သို့သော် မိဘဩဇာကို မလွန်ဆန်ပဲ အတူတကွ နေခဲ့ကြလေသည်။

ထို့နောက် ညီအစ်ကိုတတွေ လူလားမြောက် အရွယ်ရောက်လာကြသောအခါ တယောက်



နှင့် တယောက် အတင်စီးမခံကြတော့ပေ။ တယောက်ဩဇာကို တယောက် မနာခံချင်ကြတော့ပဲ နေ့စဉ်ဆိုသလိုငြင်းခုံရန်ဖြစ် လာကြသဖြင့် မိဘနှစ်ဦးထံ သူတို့ ရသင့်သော အမွေစု အမွေခံကို ခွဲဝေပေးရန် တောင်းဆိုကြလေ၏။

မိ ဘ နှစ် ပါး ကလည်း သားသမီးများ တောင်းသည့် အတိုင်း အမွေစုကို ခွဲပေး၏။ သို့သော် ပေးသည့် အမွေမှာ ပစ္စည်း ကရိယာများ မဟုတ်ပေ။ အလွန်တန်ဘိုး ရှိသော ပညာအမွေကို ကြီးစဉ်ငယ်လိုက် ရပိုင်ခွင့် အဆင့်အတန်းအတိုင်း ခွဲဝေ ပေးလိုက်ခြင်း ဖြစ်ပေသည်။

ဖခင်ကြီး၏ ခွဲဝေပုံကား ပညာကိုမူ အားလုံးအတူတူရရှိစေသည်။ သို့သော် အဆင့်ခွဲသည့် သဘောနှင့် စာပေပညာကို ရေးချတ် မှတ်သားပြီး ပေးလိုက်ပုံမှာ သားအကြီးဆုံး နာဂကို သားရေပြားပေါ်တွင် ရေးပြီးပေး၏။ အခြား သား များ ကိုမူ ဝါးဖတ်ပေါ်တွင် ရေး ပြီး ပေး ၏။ သားရေ ပြားသည် ဝါးဖတ်ထက် တန်ဘိုးရှိသည်ဆိုသော သဘောပင် ဖြစ်၏။





ထိုသို့ ဖခင်ကြီး၏ စာပေ အမွေကိုညီအစ်ကိုအရင်းများ အားလုံးရပြီးသောအခါ သားတို့သည် တကွဲတပြားစီ ရေကြည်ရာ မြက်နုရာ ရှာဖွေစားသောက်ရန် လွယ်ကူသောနေရာများသို့ ခွဲထွက်သွားကြလေ၏။ အများစုကတော့ မူလက ရောက်လိုရင်းဆန္ဒအတိုင်း မြေပြန့်ကို ဆင်း သွား ကြ လေသည်။

အထူးသဖြင့် မြေပြန့်သို့ ဆင်းသွားသော ညီများသည် မြေပြန့်သို့ ရောက်သောအခါတွင် ဖခင်ကြီးပေးလိုက်သော အက္ခရာစာပေအမွေကို ကြည့်ပြီး အားချိန်ရတိုင်း လေ့လာမှတ်သား ကြ၏။ ရေးသားစမ်းသပ်ကြ၏။ သို့နှင့် လေ့လာဖန် ရေးဖန် များသော် သူ တို့ သည် စာ ပေ အ က္ခရာ ဝေါဟာရ ကြွယ်ဝလာကြသည်။ ထို့ကြောင့် သွေးချင်းဖြစ်သော ညီငယ်များသည် မြေပြန့်သို့ရောက်ပြီး စာတတ်သူများ ဖြစ်လာကြ၏။


တောင်ပေါ်တွင် ကျန်ရစ်ခဲ့သော အစ်ကိုကြီး နာဂမှာမူ ဖခင်ကြီး၏ အမွေပစ္စည်း ဖြစ်သော အက္ခရာစာပေများကို ကြည့်ပြီး ပြန်လည် ရေးသားခြင်း၊ လေ့လာခြင်း လုံးဝ မလုပ်နိုင်ရှာပေ။ နေ့ ရှိ သ မျှ ဝမ်းစာအတွက် ရှာဖွေ လုပ်ကိုင် စားသောက် နေရသဖြင့်





စာပေ ရေးသား လေ့ကျင့်ရန် အချိန်မရရှာပေ။


ထိုသို့ နေရင်းနှင့် တနှစ်တွင် ရာသီဥတုက ဆိုးရွား၍ တောင်ယာတွင် စိုက်ပျိုးထားသော ဆန်စပါး၊ ပြောင်းစသည့် အသီးအနှံများ အကြီးအကျယ် ပျက်စီး သွားလေသည်။ ထိုအခါတွင်အစ်ကိုကြီး နာဂမှာ သူ့ထံတွင် စုဆောင်း ထားသော ရိက္ခာများ စား၍ ကုန်သွားသည့်အပြင် နောက်ထပ် စားစရာဘာမျှ ရှာမတွေ့တော့ သည့်နှင့် ဖခင်ကြီးက အမွေအဖြစ်ပေးခဲ့သော အက္ခရာ စာပေရေးထားသည့် သားရေပြားကို ချက်စား လိုက်ရလေ၏။


ထိုအချိန်မှ စပြီး နာဂတို့တွင် အက္ခရာစာပေ ပျောက်ကွယ် သွားလေ တော့သည်။ ဤသို့ ဖြစ်ရသည်မှာ ဖခင်က သား ရေ ပြား သည် ဝါးဖတ်ထက် တန်ဘိုးရှိသည်၊ သားကြီးသည် တန်ဘိုးအရှိဆုံး ရထိုက်သည့် အခွင့်အရေး ရှိသည်ဟုဆိုကာ အက္ခရာစာပေကို သားရေပြားတွင် ရေးပေးခဲ့၍ ဖြစ်ရသည်ဟု အစဉ်အလာ ပြောဆိုကြလေသည်။




ဒေါသနှာထားလိုး
တောအုပ်တခုအတွင်းမှာရှိတဲ့ ဆင်အုပ်တအုပ်ထဲမှာ ဒေါသကြီးတဲ့ဆင်တကောင် ပါဝင်သတဲ့။
ထိပ်ကနဲဆို ဒေါသရှေ့ထားပြီး အမြဲတမ်း စိတ်ဆိုးနေတတ်ရှိတယ်။
အလကားကောင်တွေ - ငါ့လိုမိုက်ရဲတာလဲ မဟုတ်ဖဲနဲ့ - လာပြီး ယှဉ်လို့ - ဟင်း
တနေ့
ဟေ့ - ဒီမယ် - ဒီဆင်အုပ်ကြီးရဲ့ ခေါင်းဆောင်လုပ်နေပြီး၊ မင်းမှာ ဘာအရည်အချင်းရှိလို့လဲ၊ မင်းနဲ့ငါ မိုလ်ရ ရအောင်လား.
ခေါင်းဆောင်လုပ်တယ်ဆိုတာ၊ ခွန်အား ဗလရှိတိုင်း၊ တိုက်ရဲခိုက်ရဲတဲ့ စိတ်ရှိ တိုင်းဖြစ်တာမဟုတ်ဘူး၊ တခြား အရည်အချင်းတွေရှိရသေး တယ်...
ဟင်


ဘာမှပြောမနေနဲ့ - မင်းကြောက်ယင် ကြောက်တယ်ပေါ့ - ငါနဲ့မယှဉ်ရဲယင် နေရာမယ်လေး - ငါခေါင်းဆောင် လုပ်မယ်
မဟုတ်သေးဘူးလေကောင်၊ လွဲမှားတဲ့ ခေါင်းဆောင်တယောက်ရဲ့ ဦးဆောင်မှုကို ခံရယင်လက်အောက်ငယ်သားတွေ ဒုက္ခဖြစ်တတ်တယ်
ကြောက်ယင်ကြောက်ပေါ့
ကဲ - ဒီလိုဆိုမင်းနဲ့ငါယှဉ်မယ်၊ နိုင်တဲ့ကောင် ခေါင်းဆောင်လုပ်၊ ကြိုက်လား
ဒိုင်လိုက်လေ -
နောက်နေ့တွင်ဖြစ်နှုန်းသောနေရာတခု၌ ပြိုင်ပွဲကျင်းပကြလေသည်။
ကဲ - စမယ်
ဒေါသကြီးသောဆင်ကြီးသည်တအားကုန် အော်ဟစ်လိုက်ပြီး၊ တဟုန်ထိုးပြေးလာကာ
ခေါင်းဆောင်ဆင်အားထိုးချလိုက်ရာ၊ လိမ္မာ ပါးနပ်မှုဖြင့်ရှောင်လေးလိုက်မှုကြောင့်...
ဒုတ်


ခေါင်းဆောင်ဆင်ကြီးသည် သစ်ပင်တွင် တန်းလန်းချိတ်နေသောဆင်ကိုထိုးသတ် ရန်ပြင်ပြီးမှ - - -
မထိုးသတ်သေးပါ၊ ပွဲကြည့်ဆင်များဖက် သို့အော်ဟစ်အချက်ပေးလိုက်သည်။
မကြာမီ ဆင်တအုပ်လုံးနှင့်အတူခေါင်းဆောင် ဆင်ကြီးပါ ရှေ့ချီထွက်ပြေးကြလေတော့၏။
ကျွီး
ဟွမ်း
အား - အီး - ဒီကွာ ငါ့အစွယ်တွေ - နှက်လို့ မရပါလား
ထိုခဏ၌ မုဆိုးအဖွဲ့တဖွဲ့ရောက်လာပြီး၊ ဒေါသကြီးစွာဖြင့် သစ်ပင်တွင်ချိတ်နေသော၊ ဆင်အားမေ့ဆေးသေနတ်ဖြင့်ပစ်ကာ ဖမ်းသွားလေ၏။
ခွန်အားဗလရှိတိုင်း၊ တိုက်ရဲခိုက်ရဲတိုင်း ခေါင်းဆောင်မဖြစ်နိုင်ဘူး၊ ဦးနှောက် အသိဉာဏ်နဲ့ယှဉ်ပြီး၊ လက်အောက်ငယ် သားတွေရဲ့အသက်အန္တရာယ်ကို ကယ်တင်နိုင်ဖို့ အရေးကြီးတယ်



## အရာဝတ္ထုချင်းကပ်အောင် ကော်က မည်သို့ စွမ်းဆောင်သနည်း

ကော်သည် ရေတွင်အလွယ်တကူမပျော်ဝင်နိုင်ချေ။ ဤသို့ဖြစ်ရခြင်းမှာ ကော်တွင်ရှိသော မှုံများက တခုကိုတခု စုစည်းဆွဲငင်ထားသောကြောင့် ဖြစ်သည်။ ဤသို့ တခုနှင့်တခု ကွဲကွာမသွားအောင် ချုပ်နှောင်ထားသော အားကို "စုစည်းအား" ဟု ခေါ်သည်။ ကော်တွင် နောက်ထပ် အားတမျိုးလည်း ရှိသေး၍ ထိုအားကို "ကပ်အား" ဟုခေါ်သည်။ ကပ်အားကြောင့် ကော်သည် စက္ကူ၊ သစ်သား၊ ပိတ် စသော အခြားဝတ္ထုများနှင့် ခိုင်မာစွာတွယ်ကပ် နေနိုင်ခြင်း ဖြစ်သည်။ ကပ်လိုသော ဝတ္ထုနှစ်ခုအကြားတွင် ကော်ထည့်၍ ဖိနှိပ်လိုက်သောအခါ ကော်သည် ဝတ္ထုနှစ်ခု၏မျက်နှာပြင်ရှိ အပေါက်ငယ်များအတွင်းသို့ ဝင်ရောက်သွားသည်။ ခြောက်သွားသောအခါ ဝတ္ထုနှစ်ခုသည် ခိုင်မြဲစွာကပ်နေတော့သည်။ "ကပ်အား"သည် "စုစည်း"အား ထက်ပို၍ အားကောင်းသည်။ ထို့ကြောင့် ကပ်စေလိုသော ဝတ္ထုနှစ်ခု အကြားတွင် ကော်အလွှာကို ပါးပါးသုတ်လိမ်းပေးရသည်။ ကော်အလွှာထူနေပါက ကော်၏ "စုစည်းအား"မှာ အားပျော့သောကြောင့် အလွယ်တကူ ကွာကျသွားနိုင်သည်။

တင်လှဦး

## ကြောင်အိမ်ထဲမှာရှိပါတယ်



# လူကြမ်းမင်းသားကြီး

မောင်မှုပြင် (ကျုံပျော်)



ကျွန်တော်သည် အငြိမ့်၊ ဇာတ်၊ ရုပ်ရှင်များကိုကြည့်ရန် အလွန်ဝါသနာပါသူဖြစ်သည်။ တခါတရံ ရုပ်ရှင် မင်းသားများ၏ ဟန် အမူအယာမျိုးကို အတုယူ လုပ်ကြည့်မိသည်။

ယနေ့ကျောင်းကပွဲ အတွက် လူ ရွေးချယ်မည်ဟု မနေ့က ဆရာမ မှာလိုက်သည်။

အတန်းပိုင် ဆရာမ ရောက်လာလျှင် အားလုံး သိရှိကြရမည်ဖြစ်၍ စောင့်မျှော် နေကြသည်။ ကျွန်တော်ဆိုလျှင် အခြားသူများထက် ပို၍စိတ်စောနေသည်။ မကြာမီပင် အတန်းပိုင် ဆရာမ ရောက်လာတော့သည်။

"ဆရာမတို့ အတန်းက မောင်တောက်ထိန်က ပြဇာတ်ထဲမှာ လူကြမ်းမင်းသားအဖြစ်ပါတယ်။ ဉမ္မာမြင့်နဲ့သင်းသင်းဦးတို့က ယိမ်းထဲမှာပါတယ်"

"ပြဇာတ်မင်းသားက ဘယ်သူလဲ ဆရာမ"

ကျွန်တော်က မတ်တပ်ရပ်၍ မေးလိုက်သည်။

"ငါးတန်း စီက မောင်မြင့်ဆွေ"

မြင့်ဆွေသည် ကျွန်တော့်လောက် မချော။ ဟန်အမူအယာလည်း ကျွန်တော့်လောက် မကောင်း။ အဘယ်ကြောင့် ကျွန်တော့်ကို မင်းသား နေရာတွင် မထားပဲ လူကြမ်း အဖြစ် ထားပါသနည်း။ စဉ်းစား၍ မရပါ။ လူကြမ်းနေရာမှဝင်လုပ်ရမည်ဆိုလျှင် ကျွန်တော်လုပ်ချင်စိတ် မရှိတော့ပါ။

ကျွန်တော်သည် မင်းသားနေရာမှ မပါဝင်ရ၍ ကျောင်းစာထဲတွင် စိတ်မဝင်စားတော့ပဲ ဒေါသထွက်နေမိသည်။

အိမ်သို့ ပြန်ရောက်သည်နှင့် ဖေဖေ့အား အဖြစ်အပျက်အစုံအလင်ကို ပြောပြလိုက်သည်။ ဖေဖေက ကျွန်တော့်ကို ကြည့်ပြီး ပြုံးနေသည်။

"ငါ့သား ပါဝင်ကပြရမဲ့ အခန်းက လူကြမ်း နေရာကဆိုတော့ သားနဲ့ သိပ်လိုက်တာပေါ့ကွ"

"ဟင် အင်း သားက လူကြမ်းနေရာက မပါချင်ဘူး။ မင်းသား နေရာကဘဲ ပါချင်တယ်။ လူကြမ်းဆိုယင် အားလုံးက မုန်းတယ်။ မင်းသားဆိုယင် လူတိုင်းကချစ်ကြတယ်"

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ သားရဲ့။ အခု သားတို့ ကပြရမဲ့ပွဲက ကျောင်းကပွဲမဟုတ်လား။ အဲဒီတော့ သား ပါဝင် ကပြရမဲ့ လူကြမ်းနေရာက နေပြီး တကယ့်လူကြမ်း မင်းသား တယောက် ဟန်အမူအယာမျိုးနဲ့ သရုပ်ဆောင်ယင် အားလုံးက ချီးကျူး ဩဘာ ပေးကြမှာပေါ့။ ဖေဖေ ပြောချင်တာကတော့ မင်းသား၊ မင်းသမီး၊ လူကြမ်း စတဲ့ ပြဇာတ်မှာ ပါဝင်ကပြကြရမဲ့သူတွေဟာ ကိုယ့်နေရာနဲ့ကိုယ် တာဝန်ကျေကျေနဲ့ သရုပ်ဆောင် သွားနိုင်ဘို့ဘဲ အရေးကြီးတယ်။

လူကြမ်းနေရာက ပါဝင်ရလို့ ရှက်စရာမဟုတ်ဘူး။ ကျောင်းရဲ့ ဂုဏ်သိက္ခာ၊ အတန်းရဲ့ ဂုဏ်

သိက္ခာကို မြှင့်တင်ဘိုက သား တို့ ကျောင်းသားတွေရဲ့အပေါ် မှာ တာဝန်ရှိတယ်။ ကဲ ငါ့သား ကြီး လူကြမ်းမင်းသား နေရာ ကနေ လူ့ကိုက် များအောင် ကြိုးစားလိုက်စမ်းကွာ”

ဖေဖေ ပြောစကားများကို ငြိမ်သက်စွာ နားထောင်နေရ သော်လည်း နားထဲသို့မဝင်ပါ။

× × × ×

ယနေ့ကျောင်းကပွဲရှိသည်။ လူကြမ်းမင်းသားကြီး ဖိုးတုတ် အမည်ဖြင့် သရုပ်ဆောင်ပါဝင် ရမည်ဖြစ်၍ ကျွန်တော် စိတ် ဓာတ် တက်ကြွနေသည်။

မကြာမီ ကျောင်းကပွဲ စ ပါတော့ သည်။ ပ ထ မ ဆုံး ကဗျာလွတ်အကဖြင့် ဖျော်ဖြေ သည်။ ဒုတိယ ရွှေဘိုသနပ်ခါး ယိမ်းဖြင့် ကပြသည်။ နောက် ဟာသ တခန်းရပ် ပြဇာတ်ဖြင့် ကပြ ပြန်သည်။ ပြီးနောက် ကျွန်တော် ပါဝင်သော “နောင် တ” ပြဇာတ်ကို ဆက်လက် ကပြပါတော့သည်။

ကျွန်တော်သည် တကဲ့ လူ ကြမ်းနှင့်တူအောင် ပါးသိုင်းမွေး ကို တပ်ထားသည်။ အင်္ကျီအနီ ကျားကိုဝတ်ထားသည်။ ခေါင်း ပေါ်တွင် ဦးထုပ် အနက်ကို ဆောင်းထားသည်။ ခါးကြား ထဲတွင် ခြောက်လုံးပြူးသေနတ် ထိုးထားသည်။ ကျွန်တော် ဇာတ်ခုံပေါ်သို့ ထွက်လာသည် နှင့် ပရိသတ်ထဲမှ လက်ခုတ်သံ တဖြောင်း ဖြောင်း ထွက်လာ သည်။

ကျွန်တော်သည် ပါးသိုင်း မွေးကို လက်နှင့်သပ်လိုက်၊ဟား တိုက် ရယ် လိုက် ဖြင့် တကဲ့ လူ ကြမ်းကြီး တယောက်လို မာန် ပါပါ၊ ဟန်ပါပါ သရုပ်ဆောင် ပြလိုက်သည်။

မကြာမီ ကျွန်တော်တို့ ပြ ဇာတ် ပြီးဆုံးသွားတော့သည်။ သူငယ်ချင်းများက ကျွန်တော့် ထံပြေးလာကာ ဝမ်းပန်းတသာ ဖြင့် လက်ဆွဲနှုတ်ဆက်ကြသည်။

“ပြဇာတ်တခုလုံး မင်း တ ယောက်ထဲ ထိန်းသွားတာ ချီး ကျူးစရာဘဲကွာ။ အောက်က နေကြည့်ယင် တကဲ့ လူကြမ်း ကြီးကျနေတာဘဲ။ ငါကောင် မင်းကိုကြည့်ပြီး ကြောက်သွား တယ်”

စိုးမြင့်က ကျွန်တော့်လက် ကိုဆွဲ၍ ပြောသည်။

ကျွန်တော်သည် လူကြမ်း နေရာမှ ပိုင်နိုင်စွာသရုပ်ဆောင် သွားနိုင်၍ အားလုံး၏ချီးကျူး ခြင်းကို ခံခဲ့ရသဖြင့် လူကြမ်း နေရာမှ ပါဝင်ဆောင်ရွက်လိုက် ရသည်ကိုပင် ဝမ်းသာမဆုံးဖြစ် နေမိသည်။ ကျေနပ် နှစ်သိမ့်မိ သည်။

ကျောင်းကပွဲ ပြီးဆုံးသည် နှင့် ကျွန်တော်သည် ဦးခေါင်း မော့မော့၊ ရင် ကော့ကော့ဖြင့် အိမ်သို့ပြန်လာခဲ့ပါတော့သည်။

## ထိုးလိုက်ကြစို့ထမနဲ

ယောက်မကြီးတို လက်ကကိုင် လုပ်အား ကိုယ်စိုက်။
မြိုင်မြိုင်ဆိုင်ဆိုင် ပိုင်ပိုင်နဲ့ ထိုးလိုက်ကြစို့ ထမနဲ။

မိုးမြဲဒယ်ကြီး မထနိုင် မီးဖိုပေါ်မှာ ထိုင်။
ကောက်ညှင်းနိုင်လို့ ဆီကလွှဲ ထူးတဲ့ အလှူပွဲ။


မြေပဲနှမ်းပေါ် ရောခနွာကာ အုန်းသီးခြစ်လဲ ပါ။
စေတနာနှင့် ကုသိုလ်ပြု စုပေါင်း ကူညီမှု။

ဆောင်းဥတုနှင့် ပေါက်လဲ့နို ဖူးပွင့် ငုံဝေစီ။
နှာရည်ယိုရဲ့ တပို့တွဲ နှင်းမှုန် ဝတ်ပွဲ။ ။

ပန္နရဝင်း



R. 517



# လောင်မီးပိုး


လောင် မီး ပိုး သည် ပင်ဖျက်ပိုးတမျိုး ဖြစ်သည်။ သံမဏိ အပြာရောင်တောက်၍ ကျောတွင် ဆူးတောင်များရှိသည်။ ခေါင်းဖြူပိုး၊ ပိုးညွန့်ဖြူ၊ ပိုးဖလံ၊ ပိုးလောင်ပိုး၊ စပါးရွက်ပိုး ဟူ၍လည်း ဒေသအလိုက် ခေါ်ကြသည်။ လောင်မီးပိုးသည် အရွက်များမှ စိမ်းစိုနေသော အမြေးများကို တဖြည်းဖြည်း စားသောက် ပစ်ခြင်းကြောင့် အရွက်များတွင် ဖြူ၍ သေးငယ်သော အစင်းကြောင်းများ ဖြစ်ပေါ်လာသည်။ လောင်မီးပိုး အမြောက်အမြား ယင်းသို့စားသောက်ရာမှ အရွက်များခြောက်၍ အပင်သေဆုံးရသည်။

လောင်မီးပိုးသည် ဥများကို အရွက် အဖျားပိုင်း အရွက်မြေးအတွင်း မြှုပ်သွင်းထားကြသည်။ လေးငါးရက်အတွင်း ဥများမှ ပေါက်လာကြသော ပိုးကောင်ငယ်များကလည်း အရွက်အတွင်းသားကို စားသောက် ပစ်ကြရာ ဖြူဝါရောင် အကွက်ဖုကလေးများ ဖြစ်လာသည်။ မကြာမီ တပင်လုံးတကွင်းလုံး ဝါ၍ ခြောက်သွေ့သွားတော့သည်။

လောင်မီးပိုးကျသော အရွက်ကို နေရောင်တွင် ထောင်၍ ကြည့်ပါက ဦးခေါင်းမည်းကာ အဝါရောင် ကိုယ်ပြားဖြင့် အကောင်ငယ်များကို တွေ့မြင်နိုင်သည်။ အကောင်ငယ်များသည် ရက်သတ္တတပတ်ခန့် အရွက်အတွင်းမှာပင် ပိုးတုံးလုံးဘဝဖြင့် နေထိုင်ပြီးနောက် လေးငါးရက် အကြာတွင် ပိုးကောင်အဖြစ်ဖြင့် ထွက်လာသည်။

လောင်မီးပိုးသည် စပါးပင်များကို ဇူလိုင်လမှ အောက်တိုဘာလအတွင်း စားသောက် ဖျက်ဆီး တတ်ကြသည်။

မောင်ဆုပန်



၁၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွန်ကြားရေးမှူး ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၁၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွန်ကြားရေးမှူး ( ပုံနှိပ် ) ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၉။

# ရွှေသွေး ဂျာနယ်

၁၃၃၆ ခု၊ တပို့တွဲလဆုတ် ၄ ရက် (၁-၃-၇၅)

## တောင်သူ လယ်သမား နေ့


မတ်လ-၂-ရက်




စနေနေ့တိုင်း ထုတ်ဝေသည်။


# တာဝန်

ပန်းချီ-ဦးဘကြည်။
ဇာတ်လမ်း - မကြွယ်ကြွယ်





နန်းတွင်း၌ သားတော်နှင့်အတူ ခွဲခြားမှုမရှိပဲ အထိန်းတော်များနှင့် မွေးထားရာ
တဦးနှင့်တဦး ချစ်ခင်ကြင်နာကြ၍ မိဘများ ဝမ်းမြောက်ကြရလေသည်။
နိုင်ငံတော်ဥယျာဉ်၊ ရေကန်များသို့ ထွက်၍ ကစားလျှင်လည်း တွေ့သူတိုင်းက ချစ်ကြ၏။
ထိုသို့နေထိုင်၍ အရွယ်ရောက်လာကြသော အခါ ပညာများ အတော်အသင့် တတ်ကြပြီ ဖြစ်၍....
သားတော်များဟာ -ပညာ ထူးချွန်တတ်မြောက်စေရန် တက္ကသိုလ်သို့ -ပညာ သင်ရန် သွားကြရမည်
သမီးတော် ရတနာဒေဝီမှာကား မိန်းမသား ဖြစ်၍ လိုက်ပါခွင့်မရရှာသောကြောင့် အခွင့်ကြုံတိုင်း သဝဏ်လွှာနှင့်သာ ဆက်သွယ်ရ၏။
တက္ကသိုလ်မှ သဝဏ်လွှာပါ သခင်မ,လေး
မောင်တော် များထံမှ နဲ့တူတယ်. ဆက်စမ်း မြန်မြန်
တခါတွင် သီဟကုမ္မာထံမှ စာ၌-
---- တနေ့တွင်... မောင်တော် -လေး အတတ် သင် ဂုရု -တောနက် ထဲ နယ်ကျွန် သွားသည်။ အဆာလွန်ပြီး ဆွမ်းလျှလာသဖြင့် အစာရှာရသည်၊ ရေသောက်ဖို့ ပင်အောက်မှာ ကြွေ ကျနေသော သစ်သီးတွေ တွေ့တော့.... အဆာမှ ပြေစေ ဆိုပြီး -ကုန်း ကောက်နေ တုန်းမှာ.... ဝေါ ဝေါ


.....လူကလည်း
ပင်ပန်း ဦးခေါင်းမူးနေတုန်း
ဝက်ဝံကြီးနှင့်
ဘားချင်းကလည်း
မယှဉ်သာအောင်
ဖြစ်နေစဉ်.....
ဓားတော်ဖျောက်၍
လိုက်ရှာနေသော ညီတော်
သတ္တုဗလ ရောက်လာကာ
ဓါးနှင့်ဝင်ခုတ်ရာ
နောက်ဆုံး.....
----ဝက်ဝံကြီး
သေဆုံးသွားသည်။
သတ္တုဗလမှာကား ဒဏ်ရာ
များရရှိ၍ ဆေးကုနေရသည်။
ဘုရားတန်ခိုးတော်ကြောင့် ယခုကျန်းမာ
လျက်ရှိကြောင်း သဝဏ်လွှာပါး လိုက်သည်။
မောင်တော်
သီဟကျော်
ရတနာဒေဝီသည် သီဟရာဇာမင်းနှင့် မိဖုရား
ကြီးထံ လျှောက်တင်ရာ မှူးမတ်များက
ခမည်းတော်-မယ်တော်များ
သဝဏ်လွှာတွင်.....
----ဟုပါရှိကြောင်း
ပါများ
သတ္တုဗလ-က
တယ်သတ္တိ
ကောင်းပေ
သကိုး
မိမိအသက်ကို
မငဲ့ကွက်ဘဲ-သီဟကျော်
ကို-ဝင်ကယ်လိုက်တဲ့
စေတနာကို ချီးကျူး
လောက်ပါပေတယ်
သားတော်
များကတော့-နိုင်ငံ
တော်က-ဘား
ကိုး ၏ ရ
မှာပါဘဲ
ပညာသင်နှစ်စေ့၍ ပြန်လာကြသောအခါ
နိုင်ငံတော်မှ ကြိုဆိုကြလေသည်။
မင်းသားလေးများ
သက်တော်
ရာကျော်
ရှည်ကြ
ပါစေ
သတ္တုဗလ-မျက်နှာမှာ
ဝက်ဝံကုတ်တဲ့
အမာရွတ်တွေ.....
မင်းသားတွေ
ကတော့-ကျက်သရေ
ရှိကြပါများ
စောင့်ဆိုင်းနေသော ဖခမည်းတော်နှင့် မယ်
တော်ထံဝင်လျှင် သမီးတော် ရတနာဒေဝီက
ပန်းစည်းများဖြင့် နှုတ်ဆက်သည်။
ပြန်ရောက်လာပြီး ရက်များမကြာမီပင် ရာထူး
များခန့်အပ်ခြင်းခံရလေသည်။
အိမ်ရှေ့
ဥပရာဇါ—
—သီဟကျော်
လက်ထောက်
တရားရေးရာဝန်
ပညာဗလ
ဒုတိယ-စစ်သူကြီး
သတ္တုဗလ


ဤသို့ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်၍ အသားမကျမီ သီဟရာဇာမင်းကြီးနတ်ရွာစံသဖြင့် အဓိဋ္ဌာန်ပြုကြ၏။
သားတော်တို့သည် နိုင်ငံတော်သာယာဝပြောရေး နှင့် တိုးတက်ရေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်မည်ဟု သစ္စာအဓိဋ္ဌာန်ပြုပါသည် ဘုရား
သဂြိုဟ်ပြီးစီးသောအခါ မှူးကြီးမတ်ရာများက တိုင်ပင်ကြ၍ လျှောက်တင်ကြ၏။
အရှင်မင်းသားတို့သည် ပညာလည်းပြည့်စုံကြပြီ တက်သစ်စအရွယ် ခေတ်မှီအတွေးအခေါ်များလည်း ရှိနေကြပြီဖြစ်ရကား --- ယခုအသက်ရော်ရင့်ပြီးဖြစ်သော အချက်အချာဝန်များကို ဝတ္တရားမှ အငြိမ်းစားပေး၍ မင်းအဖြစ်ကိုရှင်း၊ လွှတ်တော်ဝန်ကြီး အဖြစ်ကိုရှင်း၊ စစ်သေနာပတိ အဖြစ်ကိုရှင်း တာဝန်ယူကြ၍ ရတနာဒေဝီကို မိဖုရားမြှောက်ရန် လိုလားကြကြောင်းပါ ဘုရား။
မင်းသားများက လက်ခံလိုက်သည့်အတွက် အောင်ပွဲကြီး ခုနစ်ရက်တိုင်တိုင် ကျင်းပရန် နိုင်ငံတော်သားများက ပြင်ကြလေသည်။
ပထမနေ့တွင် သီဟကုမ္မာမင်းသားနှင့် ရတနာဒေဝီမင်းသမီးတို့၏ လက်ထပ် မင်္ဂလာပွဲ ဆင်ယင်ကျင်းပ၍ -
ဒုတိယနေ့တွင် နန်းသိမ်းပွဲ၊
တတိယနေ့တွင် လွှတ်တော်ဝန်ကြီးတင်မြှောက်ပွဲ၊



စတုတ္ထနေ့တွင် စစ်သေနာပတိ ထပ်မံတော် စစ်ဆေးပွဲ၊
စသည်ဖြင့် အစဉ်အတိုင်း ကျင်းပပြီး နောက်ဆုံး ခုနစ်ရက်မြောက်သောနေ့တွင် ဘုရင်နှင့် မိဘုရားကြီးတို့၏ မင်္ဂလာဖောင်တော်ဖြင့် အကန်တော့ခံပွဲ ကျင်းပလေသည်။
ထိုသို့လှည့်လာစဉ် စစ်သေနာပတိကြီးကိုယ်တိုင် ကြပ်မတ်ပဲ့ကိုင်လိုက်ရသည်။
နေခြည်တက်စ နွေးထွေးသော ရောင်ခြည်အောက်တွင် တင့်တယ်စွာ လှည့်လည်စဉ်
မင်္ဂလာဖောင်တော်သည် မမျှော်လင့်ပဲ ကုန်းစွန်းအငူနှင့် ဝင်ငြိဆိုက်လေရာ-
ဟင်-ဒုက္ခပါဘဲ။ မင်္ဂလာဖောင်တော်ဆိုတာ ဒီလို ကမ်းမငြိရဘူး။ ငြိယင်-ပဲ့ကိုင်တဲ့သူကို သေဒဏ်ပေးရတယ်
ဟာ-ဒါဘ ကလဲ။ ပဲ့ကိုင်တော်က-စစ်သေနာပတိ-ဘုရင်လေးရဲ့ ယောက်ဖတော်ဘဲဟ
ဒါပေမဲ့ ဘုရင်ဆိုတာ တရား ဥပဒေနဲ့ အညီ-အုပ်ချုပ်ဖို့ တာဝန်ရှိသဟ
ဒီကိစ္စမျိုးကျတော့ အထူးလွှတ်တော်ခေါ်ပြီး အများသဘောထားကိုပါ ယူပြီး ဆုံးဖြတ်ရတယ်လေ
အင်း-လေ။ စောင့်ကြည့်ရသေး ဒါပေ။



ပွဲတော်ရက်ကလဲ ရှောင်းလာတော့ စစ်သူကြီးလဲ ပင်ပန်းတယ် ထင်ပါရဲ့။
သနားပါတယ်။ တခုခုတော့ ခံရမှာဘဲ
ပညာဗလ သဘာပတိဖြစ်သော လွှတ်တော် ခေါ်၍ ဆွေးနွေးကြလျှင်—
ထိုသတင်းကိုကြားလျှင် နန်းတွင်း၌ကား
ထိုသတင်းကြောင့် နိုင်ငံတော်သားများမှာ အံ့အားသင့်သွားပြီး တာဝန်ကျေပွန်ကြောင်း ချီးကျူး၍မဆုံးမိ သတ္တိဗလမှာ
တကယ့်ကို တရားမျှတတဲ့ မင်းလေးတွေပါလား။ ချီးကျူးပါတယ်ဗျာ
အေးဗျာ အံ့ရော— တကတဲ
ကွပ်မျက်ခြင်း ခံရလေတော့သည်။
ညဘက်ရောက်သော် ကွပ်မျက်ခံရသောနေရာသို့ တိတ်တဆိတ် သွားကြည့်သူတို့သည် လူသုံးယောက်ကို တွေ့ရလေသတည်း။
အင်း... ကျုပ်တို့လဲ အတူယူရမယ်
ဟုတ်တယ် နော်




ရှေးရှေးတုန်းက အစာ ကောင်းစွာ ရှာမစားနိုင်သော ခွေးခါးကျီးတကောင်သည် လက်ပံပင်ကြီး တပင်အောက်သို့ရောက်သွားလေရာ တဖုတ်ဖုတ် ကြွေကျနေသည့် လက်ပံပွင့်များကို ငေးကြည့်ပြီး သားတစ်တွေသာ ဤသို့ ကျလာလျှင် ကောင်းမှာပဲဟု တွေးပြီး လက်ပံပင်ကို မျှော်ကြည့်ကာ ထိုင်နေလေ၏။

ဤသို့ ထိုင်နေစဉ်တွင် လက်ပံပင်ပေါ်မှာ တလှုပ်လှုပ် ဖြစ်နေသော အရာတခုကို မြင်ရသောအခါ ဘာပါလိမ့်ဟု သေချာအောင် ကြည့်လိုက်၏။ ထိုအရာကား အခြား မဟုတ်ပေ။ စွန်သားလေး ငါးကောင်သည် စွန်သိုက်ထဲတွင် မိခင် စွန်မကြီးထံ အစာ တောင်းရင်း တလှုပ်လှုပ် ဖြစ်နေခြင်း ဖြစ်၏။ ခွေးခါးကျီးသည် အကြံတခုပေါ်လာပြီး “ဟယ် စွန်မကြီး ငါစားဘို့ နင့်ကလေး တကောင် အောက်ကို ပစ်ချလိုက်” ဟု အော်ပြောလိုက်သည်။ စွန်မကြီးမှာ အလွန် တုန်လှုပ်ပြီး “အရှင် ခွေးမင်း ကျွန်မကို ငဲ့ညှာပါ၊ ကလေးတွေကို မပေးပါရစေနဲ့” ဟု တောင်းပန်ရှာသည်။

ထိုအခါ ခွေးခါးကျီးက “ဟယ်စွန်မ ငါတောင်းတာဟာ တကောင်သာဖြစ်တယ်၊ တကယ်လို့ ဒီတကောင်မပေး



ယင် လက်ပံပင်ပေါ်ကို ငါတက်ပြီး လာရမလား၊ ငါတက်လာရယင် နင့်ကလေး ငါးကောင်စလုံးနဲ့ နင်ပါ ဒုက္ခများကုန် ကြလိမ့်မယ်” ဟု ထပ်ပြီး ခြိမ်းခြောက်ပြန်၏။ ထိုအခါ စွန်မလည်း အလွန် ကြောက်လန့်ကာ “အရှင်ခွေးမင်း လက်ပံပင်ပေါ်ကိုတော့ တက်မလာပါနဲ့၊ ရှင့်အတွက် ကျွန်မရဲ့ သားတကောင် ချပေးပါမယ်” ဟု ပြောပြီး သားငယ်တကောင်ကို ချပေးလိုက်၏။ ခွေးခါးကျီးလည်း ကျလာသော စွန်သားငယ်ကိုစားပြီး ကနေ့အဖို့တော့ ဝပြီ။ နက်ဖြန်တွင်လည်း အခုနည်းအတိုင်း စွန်မကို ခြိမ်းခြောက်လိုက်လျှင် စွန်သားတကောင်ကို စားရဦးမည်။ စွန်မ၏ သားများ မကုန်မချင်း ဤနေရာမှ ခွာမသွားပဲ နေမည်ဟု ကြံကာ လက်ပံပင်အောက်မှာပင် အိပ်နေလိုက်၏။

နောက်တနေ့ မနက်လင်းသော် ခွေးခါးကျီးသည် စွန်မကို “ဟယ်စွန်မ နင့်သား တကောင် ချပေးအုံး၊ မချပေးယင် ငါတက်ခဲ့မယ်” ဟု ခြိမ်းခြောက်ပြန်၏။ စွန်မလည်း ခွေးခါးကျီးတက်လာလျှင် ခက်ချည်ရဲ့ဟု စိုးရိမ်ကြောက်လန့်ကာ စွန်ငယ်တကောင်ကို ချပေးလိုက်ရ





ပြန်သည်။ ခွေးခါးကျိုးလည်း ကျလာသော စွန်သားကလေးကို စားပြီး ထိုနေရာမှာပင် အိပ်နေလိုက်၏။

သို့ဖြင့် လေးရက်လွန်သော် အသိုက်ထဲတွင်စွန်သားငယ်တကောင်သာ ကျန်တော့၏။ ထိုအချိန်တွင် ကျီးတကောင် ပျံဝဲလာပြီး မှိုင်နေသော စွန်မကို "အဆွေရှင်မဘာပြုလို့ ဒီလောက် ညှိုးငယ်ပြီး မှိုင်နေပါသလဲ"ဟုမေး၏။ "ရှင်မ လက်ပံပင်အောက်မှာရှိတဲ့ ခွေးက နေ့တိုင်း ငါ့ဆီက ငါ့သားငယ် တကောင် တကောင် တောင်းလို့ ပေးနေရတယ်၊ တကယ်လို့ ငါက သားငယ် တကောင် ချမပေးယင် ခွေးဟာ သစ်ပင်ပေါ်ကို တက်လာပြီး တခါထဲ ငါနဲ့ငါ့သားသမီး အကုန်လုံးကို စားမယ်တဲ့၊ ဒါကြောင့် ငါ့ဒုက္ခဟာ အလွန် ကြီးပါတယ်"ဟု စွန်မက ပြန်ပြော၏။


ထိုအခါ ကျီးက "ဩ-ရှင်မ သင်ဟာမိုက်လှတယ်။ သူဟာ ခါးကျိုးနေတဲ့ခွေးဘဲ၊ လက်ပံပင်ပေါ်ကို ဘယ်တက်နိုင်မှာလဲ။ သင်ဘာမှမကြောက်နဲ့၊ နောက်တခါ ဒီခွေးခါးကျိုးက သစ်ပင်ပေါ် တက်လာမယ်လို့ ဆိုယင် ရှင်မက သတ္တိရှိယင် တက်လာစမ်းလို့ ပြောလိုက်၊ ဒီခွေးခါးကျိုး တခါထဲ ဖင်ဒရွတ်ဆွဲပြီး ထွက်သွားပါလိမ့်မယ်" ဟု အကြံပေးလိုက်၏။



စွန်မနှင့် ကျီးတို့ ပြောနေကြသည်ကို ခွေးခါးကျိုးကြားသော် "ဒီကျီးကို တနေ့ငါစားရအောင် ကြံမယ်" ဟု ဆုံးဖြတ်လိုက်ပြီး ညတွင် တောလမ်း တနေရာ၌ အိပ်ကာ အသေယောင်ဆောင်နေလိုက်၏။ အသေယောင်ဆောင်နေသည်ကို ကျီးမြင်လျှင် ကျီးသည် သူ့အပေါ်သို့ စားရန်လာနားမည်။ ထိုအခါ လာနားသော ကျီးကို ဖမ်းပြီး စားမည် ဟု ခွေးက ကြံစည်ထား၏။

မိုးလင်းသော် အစာရှာထွက်လာသော ကျီးသည် လမ်းပေါ်မှာ သေဟန်ဆောင်နေသော ခွေးခါးကျိုးကို တွေ့၏။ ကျီးလိမ်မာသည် ခွေးအနားသို့ ပျံဆင်းပြီး "ဩ-ခွေးခါးကျိုးတော့ သေရှာပြီ၊ ဒါပေမဲ့ ခွေးတွေ သေယင် နားရွက် တဆတ်ဆတ် လှုပ်နေပြီး၊ မသေသေးယင် နားရွက်မလှုပ်ဘဲ ငြိမ်နေတယ် လို့ မိဘတွေ ပြောတာ ကြားဘူးတယ်။ ဒီခွေးသေ မသေ ငါကြည့်အုံးမယ်"ဟုပြောကာအနားတွင် စောင့်ကြည့်နေ၏။

ခွေးခါးကျိုးသည် သူသေမှန်း ကျီးသိအောင် ဆိုပြီး နားရွက်ကို လှုပ်ပြလိုက်၏။ နားရွက် လှုပ်သည်ကို မြင်သော် ကျီးလိမ်မာလည်း အဝေးသို့ ပျံသွားလေတော့သတည်း။





သာနကြိုးသော
ကြိုးကြာနှက်
အင်း၊ မြစ်ကမ်းနံဘေးမှာ သစ်သားတဲလေး တလုံး ဆောက်လုပ်ပြီးနေရရင် ဇိမ်ရှိမှာဘဲ၊
တခါတုန်းက မြစ်တခု အတွင်း၌ ဖျံကလေးတကောင် နေထိုင်လျက်ရှိသည်။ တနေ့သောအခါ -
ဖျံကလေးသည် သစ်ကိုင်းများကို ရှာဖွေ၍ ဖြတ်တောက်ပြီး ကမ်းနံဘေးသို့ တခေါက်ချင်း သယ်ယူနေသည်။
နောက်ထပ်နဲနဲရရင် လုံလောက်ပါပြီ၊
ဖျံကလေးသည် သစ်ကိုင်းကို အားစိုက်၍ သယ်နေရသဖြင့် လမ်းတွင် ကြိုးကြာ တကောင်ကို မမြင်ပဲ ဝင်တိုက်မိလေသည်။
ဖျံကလေးက တောင်းပန်လိုက်သည်။
မတော်မိလို့ပါ အဆွေ၊ ခွင့်လွှတ်ပါ
ကြိုးကြာက ဘာမျှ ပြန်မပြောပေ။
ငါလိုလှတဲ့ငှက်က ဘာမဟုတ်တဲ့ ဖျံစုတ်ကို အဖက်လုပ်ဖို့ မလိုပါဘူး၊
ဟောဗျ


ဖျံကလေးက ထပ်၍ တောင်းပန်သည်။
တကယ်မတော်မဆလို့ပါဗျာ။ စိတ်မဆိုးပါနဲ့ ။
ကြိုးကြာက တခြားသို့ ထွက်သွားသည်။
တော်တော်အာရုံအာကဲ နားမလည်တဲ့ကောင်ဘဲ ။ သူ့ကိုပြန်ပြောနေယင် ငါသိက္ခာကျတယ် ။
နောက်မှ ဖျံကလေးက သဘောပေါက်သွား၏။
အတော်မာနကြီးတဲ့ ကြိုးကြာဘဲ ။ အေးလေ သူ့ဘယ်လောက်ဘဲ မာနကြီးကြီး - တောင်းပန်ဘို့ ကငါ့ဝတ္တရားဘဲ ။
တနေ့သောအခါတွင် ဖျံကလေးသည် မြစ်ကမ်းနံဘေးတွင် ကစားနေစဉ် -
ဖျံကလေးသည် ပုန်းရန်နေရာ လိုက်ရှာရင်း ကိုင်းတောနှင့် မနီးမဝေးသို့ ရောက်လျှင် -
ဟင်၊ ဟိုနေ့က ကြိုးကြာပါလား၊ သတိပေးအုံးမှ
ဒီမှာ — ဒီမှာ


ထွီ၊ ဟိုနေ့က ကောင်ပါလား၊ မကြား ချင်ယောင်ဆောင် နေမှာဘဲ၊
ဖွံ့ကလေးက အကြိမ်ကြိမ်ခေါ်သော်လည်း ကြိုးကြာက အရေးမစိုက်သဖြင့် ဖွံ့ကလေးမှာ အတော်ခက်နေ၏။
ဒီမှာဗျ၊ သိပ်လဲဘဝင် လိုင်မနေနဲ့၊ လိုင်းတောထဲက လူသံကြားတယ် ကျုပ်တော့ပြေးတော့ မယ်၊ ခင်ဗျားပြေး ချင်ပြေး၊ မပြေး ချင်နေ၊ ဒါဘဲ
ဟင်! ဘာလူ လူ၊ ဟုတ်လား
ဟုတ်တယ် မြန်မြန်ပြေး ခင်ဗျားအတွက် အန္တရာယ်ဘဲ
ဖွံ့ကလေးက ရေထဲသို့ အမြန်ပြေးဆင်း သွားသည်။ ကြိုးကြာမှာမူ ပျံသန်းရန် အတွက် ခဲယဉ်းစွာ အရှိန်ယူနေရသည်။
ဒုက္ခပါဘဲ အချိန်မရှိ တော့ဘူး
သူသည် ကြောက်လန့်စွာ ခုန်၍ ပျံသန်း လိုက်သော်လည်း လေးသမား ပစ်လွှတ်လိုက်သော မြားတစ်စင်းကို လွှတ်အောင် မရှောင်နိုင်သဖြင့် -
မာနကြီးသော ကြိုးကြာငှက်သည် ခြေထောက်တွင် ဒဏ်ရာ ရသွားရှာသည်။
ပြီး

လယ်ရိတ်သိမ်းချိန် ပြီးသွားသောအခါ ကောက်ရိုးပုံကြီးများကို လယ်ကွင်းတွင်၎င်း၊ နွားတင်းကုပ်များတွင်၎င်း စုပုံထားသည်ကို တွေ့မြင်ကြရပေမည်။ တခါတရံ ကောက်ရိုးပုံကြီး တခုသည် မီးလောင်ရန် အကြောင်းမရှိပဲ အလိုအလျောက် မီးလောင်ကျွမ်းသွားသည်ကိုတွေ့ရ


## ကောက်ရိုးပုံကြီးများ ဘာကြောင့် အလိုအလျောက် မီးလောင်ရသနည်း



တတ်လေသည်။ အဘယ်ကြောင့်ပါနည်း။ ကျွန်ုပ်တို့ သိကြသည်မှာ လောင်စာနှင့် မီးရှိမှသာ မီးလောင်တတ်ပေသည်။ သို့သော် ယခုကိစ္စတွင် လောင်စာဖြစ်သော ကောက်ရိုးသာရှိ၍ မီးမရှိချေ။ ထို့ကြောင့် မီးလောင်ရန် အကြောင်းမရှိဟု ထင်ရပေသည်။ သို့သော် ကောက်ရိုးပုံများတွင် မီးနှင့်တူသော "ဗက်စီလပ် ဆပ်တီလစ်" ခေါ် ဗက်တီးရီးယားများ ရှိကြသည်။ ယင်း ဗက်တီးရီးယားတို့သည် စိုထိုင်းသော ကောက်ရိုးပုံနှင့် အနည်းငယ် ခြောက်သွေ့သော မြက်များတွင် ရှင်သန်ပေါက်ပွားတတ်ကြသည်။ ထို့ကြောင့် ကောက်ရိုးပုံကြီးများ မိုးတပြိုက် နှစ်ပြိုက်ထိ၍ စိုထိုင်းလာသောအချိန်တွင် အဆိုပါဗက်တီးရီးယားများ အလွန်လျင်မြန်စွာ ပေါက်ပွားကြ ကုန်သည်။ ယင်း ပေါက်ပွားမှုသည် အပူကို ဖြစ်ပေါ်စေရာ အပူတဖြည်းဖြည်း စုမိပြီး နောက်ဆုံး ကောက်ရိုးပုံကြီး မီးလောင်ကျွမ်းသွားရ တော့သည်။ ထို့ကြောင့် ကောက်ရိုးပုံကို သိပ်နေအောင် မပုံပဲလေဝင်ပေါက်ရအောင် ခပ်ဖွဖွပုံရန် လို ပေသည်။

တင်လှဦး

## ဘာမြေပုံလဲ



# ငယ်သွေး၏ စွန့်စားခန်း

ချစ်ဦး (မန်းတက္ကသိုလ်)



ကျွန်တော့်ကို ငယ်သွေး ဟု ခေါ် ကြ ပါ သည်။ သို့သော် ကျွန် တော် သွေး မ ငယ် ပါ။ သတ္တိ ရှိ ပါ သည်။ ကျွန် တော် သတ္တိရှိကြောင်း ပြောပြ နိုင် ပါ သည်။

တ နေ့ က မုန့် စား ကျောင်း လွှတ်ချိန်တွင်ဖြစ်ပါသည်။ ကျွန် တော် တို့အိမ်နား က ရှမ်းမ ဆို သော ညီ မ လေး တ ယောက် တည်း ကျောင်း မှ ပြန် လာ ပါ သည်။ ရှမ်း မ က သူငယ် တန်း ဖြစ် ၍ ကျွန် တော် က ဒုတိယ တန်းပါ။ ကျွန်တော်လည်း အိမ် သို့ မုန့်စား ပြန်သဖြင့် ရှမ်း မ နှင့် မလှမ်း မကမ်းမှ လိုက် ပါ လာ သည်။ လမ်းထောင့်ချိုး တခုသို့ အ ရောက် တွင် ရှမ်း မ ကို ပြုံး ကြည့် နေ သော လူ ကြီး တ ယောက် ကို ကျွန်တော် မြင် ပါ သည်။ ထို လူ ကြီး ၏ ပြုံး ပုံ ကို ကျွန်တော် မကြိုက်လှပါ။ ထိုလူ ကြီးက ရှမ်းမကို —

"ကလေး ရေ—က လေး မေ မေ က မုန့်တွေ ပေး လိုက် တယ် ရော့ ရော့။ ပြီး တော့ ရွှေမန်းရုံ မှာ ရုပ်ရှင်သွားကြည့်ဖို့ ဦးဦးကို အခေါ် ခိုင်းလိုက်တယ်။ ဟိုနား ကလမ်းထိပ်မှာစောင့်နေတယ်။ ကဲ—လာ သွားကြ စို့" ဟု ချော့ ခေါ် နေပါသည်။

ရှမ်းမ သည် ထိုလူကြီး ပေး သော မုန့်များကို လှမ်း ယူ နေပါ သည်။ ထိုလူ ကြီး သည် ရှမ်းမ လည်ပင်းမှရွှေဆွဲကြိုးကို တချက် လှမ်းကြည့်လိုက်ပြီး —

"လာ— ကလေး လာ၊ က လေးတို့ မေမေ စောင့် နေ တာ ကြာ ပြီ" ဟု အ လွန် ဖော် ရွေ သော အ သံ ဖြင့် ပြော နေ ပါ သည်။

သူ ပြော စ ကား ကို ကျွန် တော်မယုံလှပါ။ ကျွန်တော်တို့ ဖေ ဖေ ပြော ထား ဘူး သော စကားကို ကျွန်တော် ပြန်ကြား နေမိပါသည်။

"သား သား ငယ် သွေး၊ ဖေဖေမေမေတို့ ကိုယ်တိုင် လာ မခေါ် ဘဲ ဘယ်သူက ခေါ် ခေါ် မ လိုက် ရ ဘူး နော်။ သားကို ဖမ်းပြီး သား အဝတ်အစားတွေ ကို ချွတ်ယူတတ်တယ်။ တချို့လူ ဆိုးတွေဆိုယင် ကလေးတွေကိုမုန့် ပေးချော့ခေါ် ပြီး ကလေးတွေရဲ့ လက်ဝတ်လက်စားတွေကို ယူပြီး တော့ သတ်ပစ် လိုက် တာ ဘဲ" ဟူ၍ ကျွန်တော့် ဖေဖေ က မှာ ဘူးပါသည်။

ကျွန်တော်သည် ရှမ်းမလေး အတွက် အတော် စိုးရိမ် လာပါ သည်။ ရှမ်း မ တို့ မေ မေ သည် ရှမ်းမတို့ဖေဖေ မပါပဲ ဘယ်ကိုမှ သွား လေ့ မရှိ သည် ကို လည်း ကျွန် တော် သိ ပါ သည်။ ပြီး တော့ မ နက် ကျောင်း ခေတ္တ လွှတ်ချိန် ၉ နာရီ လောက် တွင် ရုပ်ရှင်လည်း ပြလေ့ မရှိပါ။ လူ ကြီးသည် ရှမ်းမကို ညာခေါ် နေ သည်မှာ သေချာပါပြီ။ လူကြီး သည် လူဆိုးကြီးဖြစ်ရမည်။

ကျွန်တော်သည် ကြာကြာ တွေး မနေ တော့ပါ။ ရှမ်းမကို ချော့ခေါ် နေသောထိုလူကြီးကို ရဲရင့်စွာ ရင်ဆိုင် လိုက်ပါသည်။

"ဒီကလေးကို ဘာ လို့ညာ ခေါ်နေတာလဲဗျ။ သူ့အမေကို သွား တိုင် လိုက်ရ မလား" ဟု ကျွန်တော်က သတ္တိရှိစွာ ပြော လိုက်ပါသည်။ ထို့နောက် –

"ရှမ်းမရေ၊ လာ ဟော့ ညီမ လေး။ ဒီလူကြီးက နင့်ကိုမုံ့ပေး ပီး ညာ ခေါ် တာ။ နင့်ဆံကြိုး လေးကို ဖြုတ်ယူသွားလိမ့်မယ်။ သူခေါ် ရာ လိုက် မသွား နဲ့" ဟု ပြောပြီး ရှမ်းမလေး လက်ကို ဆွဲ၍ အိမ်သို့ အမြန်ပြန်ခဲ့ကြပါ သည်။

ထိုလူကြီး သည် ကျွန်တော့် ကို မကျေနပ်ပါ။ မျက်ထောင့်နီ ကြီးဖြင့်ကျွန်တော့်ကို စူးစူးစိုက် စိုက်ကြည့်ပြီး–

"တောက်၊ တော်တော် လူ လယ် လုပ်တဲ့ ချာတိတ်ဘဲ" ဟု ဆိုကာ လမ်းထောင့်မှ ခပ်သုတ် သုတ် ထွက်ခွာ သွားပါတော့ သည်။

ကျွန်တော်နှင့် ရှမ်းမတို့အိမ် သို့ ပြန် ရောက် သော် ရှမ်းမ တို့ အမေက ပြုံးရွှင်စွာ ကြိုဆို နေ သည် ကို တွေ့ ရ ပါသည်။ ကျွန် တော်က ဖြစ်ပျက်ပုံများကို ပြန် လည်ပြောပြရာ ရှမ်းမတို့ မေမေ က –

"အ လို–သ မီး လေး ဒုက္ခ ရောက်တော့မလို့ပါလားကွယ်။ ငယ်သေးကယ်ပေလို့၊ ငယ်သေး က သိပ်သတ္တိ ရှိပါလား" ဟု ချီး မွမ်းလိုက်ပါသည်။

ကျွန်တော်သည်သူတပါးကို သတ္တိရှိရှိဖြင့်ကူညီဘူးပါပြီ။



## ကျေးငှက်ရှင်တို့နေ့

စပါးနှံတွေ ရွှေရောင်ငိုက်တော့
စာတသိုက်က ဆူလှတယ်။

တို့များစားရန် ကျန်စေရေးကွဲ
တဟေးဟေးနဲ့ချောက်ရမယ်။

ရိတ်ကာသိမ်းကာ ပျော်တပြုံးနဲ့
မော်မဆုံးတဲ့ လယ်သမားကွယ်။

စားနပ်ရိက္ခာ ဖူလုံရေးအတွက်
လုပ်အားပေးတဲ့ ဦးကြီးရယ်။

တို့ကျေးငှက်ရှင် သူ့အစစ်မို့
တို့ချစ်မြတ်နိုး လေးစားဖွယ်။

လယ်သမားတွေကို အစဉ်သတိ
ရဘို့
မတ်လနှစ်ရက် နေ့ထူးမယ်။


မြူးစေ ရွှင်စေ သာစေကြောင်းနဲ့
ဆုမွန်ကောင်းများ တောင်းစို့
ကွယ်။

ညီလေးရယ်........နော်ကွယ်။ ။

မောင်သီရိ



R. 517



# ငွေငါး

ငွေငါးသည် နေအိမ်များတွင် တွေ့မြင်နေကျဖြစ်သော အင်းဆက်ပိုးတမျိုးဖြစ်သည်။ အထူးသဖြင့် စာအုပ်များ၊ စာရွက်လိပ်များနှင့် ဓါတ်ပုံ ပန်းချီကားချပ် စသည်တို့ကို ကိုက်၍ ဖျက်ဆီးလေ့ရှိသည်။ တခါတရံတွင် ကော်တင်ထားသဖြင့် တောင့်နေသော အဝတ်အထည်များကိုလည်း ဖျက်ဆီးလေ့ရှိသည်။



ငွေငါး၏ အရောင်မှာ ငွေရောင်မဟုတ်၊ ခဲရောင်ဖြစ်သည်။ ဥများကို စာအုပ်စင်ရှိ စာအုပ်များနှင့် သေတ္တာစသည့် အကြိုအကြားတွင် အုတတ်ကြသည်။ ဥများမှာ ပြား၍ ဝန်းဝိုင်းသောပုံသဏ္ဍာန်ရှိသည်။ ဥ အုပြီးနောက် ရက်သတ္တတပတ်မှ နှစ်ပတ်အကြာတွင် အကောင်ငယ်များ ပေါက်လာကြသည်။

ငွေငါး အကောင်ငယ်များသည် အကောင်ကြီးများ၏ သွင်ပြင် လက္ခဏာအတိုင်း ရှိသည်။ သို့သော် အရွယ်အစားမှာ သေးငယ်ပြီး အရောင်ဖြော့သည်။ အကောင်ကြီးများ ဖြစ်လာရန် လပေါင်းများစွာ ကြာမြင့်သည်။

ငွေငါးအကောင်ငယ်များသည် အကြီးကောင်များ အတိုင်း စားသောက် နေထိုင်ကြသည်။ငွေငါးမှာ အခြားအင်းဆက်ပိုး[illegible]ကဲ့သို့ ရုပ်ပြောင်းလဲခြင်းနှင့် အတောင်များ ပေါက်ခြင်းမရှိချေ။

မောင်ဆုပန်

၁၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး (ပုံနှိပ်)
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၁၀။


# ရွှေသွေး ဂျာနယ်

၁၃၃၆ ခု၊ တပို့တွဲလဆုတ် ၁၁ ရက် (၈-၃-၇၅)




စနေနေ့တိုင်း ထုတ်ဝေသည်။



တခါက ရွာတရွာဝယ်၊ လယ်မြေများစွာပိုင်ဆိုင်သူ အဖိုး ကြီးတဦး ရှိသည်။
သူ့တွင် သားနှစ်ယောက်ရှိရာ၊ သူ့ကွယ်လွန်သည့်အခါ၊ ဖခင်၏ အလိုကိုဆောင်သော သားအား၊ လယ်မြေများကို၊ အမွေပေးမည် ဟု ကြံစည်လျက်ရှိလေသည်။
တနေ့သောအခါ၊ အဖိုးကြီးသည်၊ သားကြီး ထံသွား၍ စကား ပြောဆိုလေသည်။
ငါ့သား- လယ်ကိုဆင်းပြီး၊ စပါး ရိတ်ပါလား၊
နေသိပ်ပူသေးတယ်- ကျွန်တော်မသွားနိုင်ဘူး အဖေ-
အင်း- ငါ့အဖေ ခုလိုပြောတာ၊ အကြောင်းမဲ့ တော့မဖြစ်နိုင်ဘူး၊ လယ်ပေါ်ပေါ်ရိတ်ပြီး ကောက်လှိုင်းတွေကို၊ တကင်းဆီပုံထားရင် ထိုက်မှုနိုင်အင်နှုန်းမြင့်ကောင်းနယ်ပြီး ကောင်းတော့၊ မြန်မြန်ငွေပြောင်းကူနိုင် မှာမို့ အဖေ ချေးဖြစ်မှာကိုး၊


ငါ့မြင်းပယ်ဆိုက်တော့ မှားတယ်၊ အခုသွား ရိတ်မှကို၊
အဖိုးကြီး သည် သားငယ်ထံ တမန်သွားခေါ်ပြန်သည်။
ထို့နောက်
အင်း- သားကြီးကတော့ ငါ့စကားကို နားမထောင်ဘူး၊ သားငယ်ကတော့ ငါ့စကားကို တသွေမတိမ်း နားထောင်တယ်၊ ငါ့စကားနားထောင်တဲ့ သားငယ်ကို လယ်ဆုတွေ အပိုင်ပေးရမယ်၊ သားငယ် လယ်ရိတ်တာ သွားကြည့်ဦးမှကို၊


အလို - လယ်ထဲမှာသားကြီးတစ်ပါးတည်းပါလား၊ သားငယ်ကိုမတွေ့ဘူး၊ ဘယ်သို့ဖြစ်ထွက်သွားပါလိမ့်၊ သားငယ်ကို အခုအိမ်ကိုပြန်ကြည့်အုံး မှကွဲ၊
ငါ့သားငယ်၊ ငါ့စကားကိုတကယ်နားထောင်တာမှ ဟုတ်ရဲ့လား မသိဘူး၊
ကြည့်စမ်း - ရက်စက်သတ်တော့၊ ငါ့သားငယ်၊ ငါ့စကားကိုတကယ်နားထောင်တာမှမဟုတ်ဘဲ၊ ငါ့ကို တပတ်ရိုက်ညှပ်ရိုက်တာ ပါကလား၊
ခေါ - ခေါ
အင်း - သားကြီးက နှုတ်ထွက်ဆိုးပေမဲ့ ဝီရိယရှိတယ်၊ သားငယ်ကတော့ နှုတ်ထွက်ချိုပေမဲ့ ဝီရိယလျော့တယ်၊ ငါ့လယ်မြေတွေကို သားကြီးဘဲ အမွေပေးရမယ်၊
ထို့နောက် ဖခင်ဖြစ်သူ အဖိုးကြီးသည် နှုတ်ထွက်ဆိုးသော်လည်း ဝီရိယရှိသော သားကြီးအား၊ သူပိုင်လယ်မြေများကို အမွေပေးလိုက်လေတော့သတည်း။


အမေ့လျှော် မြန်ပေးမယ်
မောင်ထွေး၏ ဖေဖေသည် ရုံးတရုံးမှ အရာရှိတယောက် ဖြစ်၍ သူတို့၏ မိသားစုသည် အတော်အသင့် ချမ်းသာကြသည်။
တဦးတည်းသော သားဖြစ်၍ မောင်ထွေးကို အလွန် အလိုလိုက်ကြသည်။
မေမေ
မီးရထား ရုပ်
ဝယ်ပေးနော်-နော်
အေး-
အေး-
တနေ့ မောင်ခါးသည် သူ့အိမ်ကနိုင်း၍ ဈေးဝယ်သွားစဉ် လမ်း၌-
မောင်ခါး
ငါ့ကို ကျောက်ဒိုး
ငှားကွာ- ကစား
ချင်လို့-
ဟေ့လေ
ယူထားလိုက် ဈေးဝယ်
ပြီးယင် ငါလာခဲ့မယ်-
မောင်ထွေးသည် ကျောက်ဒိုးတလုံး ကွဲသွား၍
ဟိုက်
ကွဲသွားပြီ-
ကိစ္စမရှိပါဘူး
မေမေ့ကို ဝယ်ခိုင်းပြီး
မြန်လျှော်ပေးလိုက်မယ်
မောင်ခါးနှင့် တွေ့သောအခါ-
မောင်ခါးရေ ငါကစားလိုက်တာ
မင်းကျောက်ဒိုးတလုံး ကွဲသွား
တယ်ကွာ-
ဟုတ်လား-
အဲဒါ ငါ့မုန့်ဖိုးထဲက
စုဝယ်ထားတာ...
နှမြောလိုက်တာ
ကွာ-


ဘာလဲ
မင်းကမကျေနပ်လို့လား ညနေကျလှယင် မေမေ့ကို ဝယ်ခိုင်းပြီး ပြန်လျော်ပေးမယ်-
မတော်တဆ ဖြစ်တာပါ- သူငယ် ချင်းချင်း အလျော် မယူပါဘူးကွာ-
နောက်နေ့ ကျောင်းရောက်၍ စိမ်ပြေးတမ်း ကစားကြစဉ် မောင်ထွေး ဖမ်းလိုက်၍ မောင် ခါး အင်္ကျီ ပြဲသွားပြန်ရာ....
ဟိုက် ပြဲသွားပြီ-
ဦးကြူပါဘဲကွာ- ငါ့ကိုအစမဆွတော့ မှာဘဲ---
မင်းက အလျော်တောင်းချင်လို့ လား-ရပါတယ်ကွယ့်လူ မေမေ့ကို ဝယ်ခိုင်းပြီး- နက်ဖြန်ကျ အလျော်ပြန် ပေးမယ်-ဟေ့ကောင်
မင်းကတခုခုဖြစ်ယင် အလျော် ပြန်ပေးမယ်ဘဲပြောတယ် ကျေနပ် အောင်တော့ တောင်းယန်ဘူ စိတ် မကူးဘူး-
မကြေကျေနပ်အောင် ငါလျော်ပေးသား ဘဲ- မင်းမကျေနပ် လဲနေပေါ့-
မင်းနဲ့ငါက သူငယ်ချင်းဘဲ မင်းအလျော်ပေးလဲ မယူပါဘူး အလျော်မပေးလဲ ကျေနပ်ပါတယ် ဒါပေမဲ့ မင်းမတောင်းယန်တာတော့ ငါ-ဝမ်းနည်းတယ်
တနေ့ မောင်ထွေးသည် ကျောင်းသို့ အစောကြီး ရောက် နေလေသည်။
ဒီနေ့- ငါအစောဆုံးရောက်တယ် အခန်းတခါးတွေ လိုက်ဖွင့် ထားဦးမှ---



မောင်ထွေးတံခါးဖွင့်လိုက်စဉ်မောင်ခါး
ရောက်လာသည်နှင့် ကြုံကြိုက်သဖြင့်....
ဟာ မောင်ခါး ဘယ်ထိသွားလဲ? မတော်လို့ကွာ-
ဟေ့ကောင်
မောင်ထွေး - မင်းက တခုခု ဖြစ်ရင် တော်တော် အလျော် ပေးချင်တယ် - ခု ငါ့ခေါင်းထိသွားပြီ မင်းလျော်ပေးရမယ်
မင်းခေါင်းကို ထိတဲ့ဥစ္စာ ငါက ဘယ်လိုလုပ် လျော်ပေးရမှာလဲကွာ-
လျော်လို့ ရပါတယ် - ကိုယ့်လူ မင်းခေါင်းကို တခုခုနဲ့ ငါ့လို ဖောင်လာအောင် ရိုက်လိုက်ယင်ပြီးတာဘဲ
မောင်ခါးက လွယ်အိတ်တွင်းမှ ကွန်ပါမှူးကို ထုတ်ပြီး
မျက်စိ မှိတ်ထားပေတော့-
တစ်
နှစ်
တကယ် မရိုက်ပါနဲ့ မောင်ခါးရာ-
ငါကလဲ တကယ်မရိုက်ပါဘူးကွာ နေရာတိုင်းမှာ အလျော်ပေးလို့ မရဘူးဆိုတာ မင်း သိစေချင်လို့ပါ-
ငါ့အမှားကို သိပါပြီကွာ-
ပြီး

# တပို့တွဲလ / မောင်ဖေပါထွန်း



ဤလရာသီတွင် ထန်းတက်သမားတို့သည် ထန်းရည်ခံရာတွင် ထန်းဖူး ထန်းခိုင်တို့ကို အောက်သို့တွဲလောင်းကျအောင် နင်းပေးရသည်။ ယင်းကို အစွဲပြု၍ ''တပို့တွဲ'' ဟု ခေါ်သည်။

တပို့တွဲလသည် မြန်မာပြက္ခဒိန်တွင် ၁၁ ခုမြောက် လ ဖြစ်သည်။ တပို့တွဲလ၌ (ရက်မစုံ) ၁၄ ရက်နှင့် လကွယ်သောကြောင့် ၂၉ ရက်သာ ရှိသည်။ မြန်မာနာရီအားဖြင့် နေ့ ၂၆ နာရီ၊ ည ၃၄ နာရီ ရှိသဖြင့် နေ့တာတို၍ ညတာ ရှည်သည်။ ဤလတွင် နံနက် ၆း၂၀ နာရီတွင် နေထွက်ပြီးလျှင် ညနေ ၅း၄၀ နာရီတွင် နေဝင်သည်။

ဗေဒင်အခေါ်အားဖြင့် တပို့တွဲလကို ''ကုံရာသီ'' ဟု ခေါ်သည်။ ဤရာသီတွင် မာဃနက္ခတ်နှင့် လမင်းတို့ ယှဉ်သည်။ သရဝဏ်နက္ခတ်နှင့် နေမင်းတို့ ယှဉ်ပြိုင်ကာ မွန်းတည့်သည်။ တပို့တွဲလ၏ ရာသီရုပ်မှာ ရေထမ်းယောကျာ်း ရုပ်ပုံဖြစ်သည်။

တပို့တွဲလ၏ ရာသီပန်းများမှာ ပေါက်ဆူးပန်း၊ လဲပန်းနှင့် လက်ပံပန်းတို့ ဖြစ်သည်။ ရှေးအခါက တပို့တွဲလတွင် မီးပုံပွဲတော်နှင့်




ယာဂုပွဲတော်တို့ကို ရာသီပွဲတော်များအဖြစ် ကျင်းပခဲ့ကြသည်။




"နှာရည်ယိုရွဲ့ တပို့တွဲ" ဟု ဆိုသည့်အတိုင်း ဆောင်းဥတု နောက်ပိုင်းကာလ ဖြစ်၍ တပို့တွဲလသည် ချမ်းအေးသည်။ တပို့တွဲလပြည့်နေ့ သန်းခေါင်ကျော် အချိန်တွင် အချမ်းပိုလာသဖြင့် ညီတော်အာနန္ဒာ မထေရ်က ဘုရားရှင်အား အချမ်းသက်သာစေရန် သက်န်းဖြင့် ခြုံလွှမ်း ပေးတော်မူရသည်။ ဤသည်ကို ရည်၍ ရှေးအခါက ဗုဒ္ဓဘာသာဝင် တို့သည် နံ့သာထင်းများဖြင့် မီးဖိုပြီးလျှင် ဘုရားရှင်ကိုရည်စူးကာ အနွေးဓာတ်ပူဇော်လေ့ ရှိခဲ့ကြသည်။ ဤသည်ကိုပင် "မီးပုံပွဲတော်"ဟု ခေါ်ခြင်း ဖြစ်သည်။


ယခုခေတ်၌ မီးပုံပွဲအစဉ်အလာပျောက်၍ ထမနဲပွဲ (ထမင်းနဲ့ပွဲ)ရောက်လာခဲ့သည်။ ထမနဲပွဲမှာလည်း ယာဂုပွဲအစား ဝင်ရောက်လာခြင်း ဖြစ်သည်။

မြန်မာတို့သည် တောရော မြို့ပါအစဉ်အလာအဖြစ် တပို့တွဲလပြည့်နေ့၌ ထမနဲထိုးပွဲကို တပျော်ထပါး စုပေါင်းပြုလုပ်၍ ဝေငှလှူဒါန်း စားသောက်လေ့ ရှိကြသည်မှာ ယခုခေတ် ရိုးရာ ယဉ်ကျေးမှုတရပ် ဖြစ်လေသည်။





တခါက ဖား သုံးကောင်သည် ခရုပက်ကျိ များကို စီး၍ အပြေးပြိုင်ကြသည်။
အားကစား
ကတွန်းမြေဇာ
ကဲကဲ-စ,မယ်
ဝမ်း! တူး- သရီး!
ဟဲ့-ဖေ့သားကြီး ကျိတ်လိုက်ကွ
ဒို့ကိုတော့-ကျော်တက် ကန်ကြေပြီ- သူတို့ကို နိုင်ဖို့ ငါ့ပြောသလိုလုပ်-
ကဲ
ဟာ!


ဟာ - ဟိုကောင်တော့
ညစ်ပတ်နေပြီ -
ဟေ့ဟေ့ -
ဥပ်လိုက်စမ်း
ဟေ့ဟေ့ -
အားကစားစိတ်ဓါတ်
အပြည့်နဲ့ ရိုးရိုးသားသား
ယှဉ်ပြိုင်ပါကွ -
· ထိုစဉ် အခြားဖားတကောင်ကလည်း
တကောင်က ဟိုးနောက်ဆုံးမှာ
တကောင်က ရှေ့ဆုံးမှာ
ဒီဉာဏ်ကမှ
ဟဲဟဲ
အို - ဘာတဲ့တုန်း
ကျိတ်စမ်း -


ဟေ့ဟေ့ - အားကစားစိတ် အပြည့်နဲ့ - ကစားပါကွ -
ဒီကွဘဲ စောစောတုန်းကသာ မှန်မှန်ကန်ကန် ပြေးယင် ခုဆို တော်တော် ရောက်ပြီ -
ထိုစဉ် အားကစားစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်သူ ဖားငယ်မှာ
ကျိတ်လိုက်ဟေ့ - ဒီ သစ်တုံးတန်းကျော်ယင် ပန်းတိုင် ရောက်ပြီ -
ဟာဟ - ချော်ကျပြီ - ချော်ကျပြီ -
အူး - တော်ပါသေးရဲ့ ကဲ - သစ်တုံးဆုံးတာနဲ့ ပန်းတိုင်ဘဲဟေ့ - ကြိုးစားလိုက်ကွ -
ဟောဒီဖါးငယ်ဟာ အားကစားစိတ်အပြည့်နဲ့ ကစားလို့ ပထမဆုအဖြစ် ကျက်သရေဆောင် ဒိုင်းဆု ချီးမြှင့်ပါတယ် - ခင်ဗျား
ကျန်သော ဖားနှစ်ကောင်မှာ ရှက်သဖြင့် မျက်နှာ မပြပဲ ပုန်းရှောင်နေလေ၏။

## ပန်းများသည် ပူလောင်သောလေထဲ၌ အဘယ်ကြောင့် ညှိုးနွမ်းသွားသနည်း

ပန်းများသည် လတ်ဆတ်သော လေရှိသည့် မြေကွက်လပ်များတွင်သာ ပေါက်ရောက်ရန် ဖြစ်သည်။ ထိုနေရာရှိ အပူရှိန်သည် ကြီးထွားနေသော အပင်အတွက် သင့်လျော်သော အပူရှိန် ဖြစ်သည်။


ပန်းများတွင် အစိုဓာတ် များစွာပါရှိသည်။ ထိုအစိုဓာတ်ကို ပင်စည်ထဲသို့ရောက်အောင် အမြစ်များမှ ပို့ပေးလေသည်။ အကယ်၍ ပန်းများသည် အစိုဓာတ်မရရှိပါက ပန်းပွင့်ကို ဖွဲ့စည်းထားသော နူးညံ့သည့် အမွှေးအမှင်များသည် ခြောက်သွေ့သွားနိုင်စရာအကြောင်း ရှိသည်။ ထို့ကြောင့် ပန်းများကို ပူလောင်သော လေရှိသည့် အခန်းထဲတွင် ထားသောအခါ အစိုဓာတ် ကုန်ခန်း၍ ညှိုးနွမ်းလာသည်ကို တွေ့ရမည် ဖြစ်သည်။

သဘာဝအားဖြင့် ရေထဲတွင် စိမ်ထားသော ပန်းမှာ ပို၍ ကြာရှည်ခံလေသည်။ အဘယ်ကြောင့်ဆိုသော် အစိုဓာတ်ကို ရေမှ ရနေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ပန်းများကြာရှည် လန်းဆန်းစွာ ရှိစေရန် ရေအစိုဓာတ် အမြဲပေးထားရပေသည်။

တက္ကသိုလ် ဖြူမြင့်



## ဘယ်လောက်ကြာမလဲ



# သတ္တိရှိသူ

မောင်မောင်ဆိုး



မြသိန်းနှင့် စိန်ဝင်းတို့သည် မူလတန်းကျောင်းသားကလေး များဖြစ်ကြသည်။

ဒေါ်ပုသည် သူတို့၏ မူလ တန်း ကျောင်းတွင် ဆီးယိုထုပ်၊ ချိုချဉ်၊ သကြားလုံး စသည်တို့ ကို ရောင်းချသော ဈေးသည် ဖြစ်သည်။

× × ×

မုံ့စား ကျောင်း ဆင်း ချိန် တွင် မြသိန်းတို့ သူငယ်ချင်းတစု သည် ကျောင်းဝင်းအတွင်းရှိ တမာပင်ကြီး၏ အရိပ်၌ ကစား နေကြသည်။ မြသိန်း၏ သူငယ် ချင်းများသည် အိမ်မှ ပေးလိုက် သော မုံ့ဖိုးများဖြင့် သွားရည် စာ ဝယ်စားပြီးကြပြီဖြစ်သည်။ သို့သော် မြသိန်းမှာ သူ၏မုံ့ဖိုး ပိုက်ဆံ ကျပျောက်သွားသဖြင့် ယနေ့ သွားရည်စာ ဝယ်မစားရ တော့ပေ။

ထိုအကြောင်းကို သိသော သူ ငယ် ချင်း တ ယောက် က မြသိန်းကို စလေသည်။

"မြသိန်းဆိုတဲ့ အကောင်.... လူညံ့ဘဲ၊ မုံ့ဖိုး ကျပျောက်ရ တယ်လို့၊ ဒီနေ့ ငတ်တာဘဲ ကောင်းတယ်"

မြသိန်းသည်မုံ့မစားရသော ကြောင့် သူ့ကိုယ်သူ မကျေမနပ် ဖြစ်နေချိန်တွင် သူငယ်ချင်း၏ စကားကို ကြားရသောအခါ မခံချင်အောင် ဖြစ်မိသည်။

"ဟေ့....ဒီမှာ မင်း တို့ လို ပိုက်ဆံနဲ့မှ မုံ့စားလို့ရတာမဟုတ် ဖူးကွ၊ ငါ့မှာ ပိုက်ဆံမရှိလဲ စား နိုင်အောင် လုပ်ပြမယ်၊ အရေး ကြီးတာက ပိုက်ဆံ မဟုတ်ဖူး၊ သတ္တိကွ သတ္တိ၊ စောင့်ကြည့်နေ ကြ"

မြသိန်းသည် ပြောပြော ဆိုဆို ဒေါ်ပု၏ဆိုင်ဖက်သို့ ထွက် သွားလေသည်။ သူငယ်ချင်း တစုသည် မြသိန်းကို မျက်ခြည် မပြတ် လှမ်းကြည့်နေကြသည်။

ဒေါ်ပုသည် ကျောင်းသား ကျောင်းသူကလေးများကို မုံ့ ရောင်းရ၊ ပိုက်ဆံ အမ်းရနှင့် လက်မလည်အောင် ရှိနေသည်။ မြသိန်းသည် ဒေါ်ပု အလုပ်ရှုပ် နေသည်ကို အခွင့်ကောင်းယူ၍ ဆီးငန်စေ့တထုပ်ကို အလစ်နှိုက် ယူလိုက်လေသည်။

မြသိန်းသည် သူငယ်ချင်း များ ရှိ ရာ သို့ ကြွား ဝင့် သော အမူအယာဖြင့် ပြန်လာခဲ့ပြီး –

"တွေ့လား....ဒီမှာ မြသိန်း တဲ့ ဟဲ ဟဲ ဟဲ"

သူ ငယ် ချင်း တစု သည် မြသိန်းအား သတ္တိရှိလှသည်ဟု ဝိုင်းဝန်းချီးကျူးကြလေသည်။ မြသိန်းသည် ရင်ကော့လျက် ဆီးစေ့ကို မြိန်ရည်ရှက်ရည် စုတ် နေလိုက်သည်။

× × ×

စိန်ဝင်းသည် သူ့အစ်ကိုပေး လိုက်သော ငါးမူးစေ့ဖြင့် ဒေါ်ပု

ဆိုင်တွင် ချိုချဉ်နှစ်လုံး ဝယ်ယူသည်။ ဒေါ်ပုသည် မုံ့ဝယ်သူ ကျောင်းသား ကလေးများနှင့် အလုပ်ရှုပ်နေသဖြင့် စိန်ဝင်းကို ဆယ်ပြားစေ့ငါးစေ့ ယောင်မှား၍အမ်းလိုက်သည်။ စိန်ဝင်းသည် ဒေါ်ပု ဆိုင်မှ ထွက်လာပြီး ပိုက်ဆံကို ရေကြည့်သော အခါ အပြည့်ပင်ရှိနေသည်ကို တွေ့ရလေသည်။ သူသည် ရုတ်တရက်သော် ဝမ်းသာသွားသည်။ ပိုက်ဆံတပြားမျှ မကုန်ပဲနှင့် ချိုချဉ်နှစ်လုံး အလကား စားရပေတော့မည်။

"ဟေ ဟုတ်လား၊ ဒေါ်ကြီးလဲ ကလေးတွေ ရှုပ်နေတာနဲ့ မှားသွားတယ် ထင်ပါရဲ့၊ အေးကွယ် သာဓု....သာဓု....သာဓု.... လိမ်မာလိုက်တဲ့ ကလေးရယ်"

စိန်ဝင်းသည် ပျော်ရွှင် ဝမ်းမြောက်သော စိတ်ဖြင့် ဒေါ်ပု ဆိုင်မှ ထွက်လာခဲ့လေသည်။

× × ×

သတ္တိ ဆိုသည်မှာ မှန်ကန်သော အလုပ်တခုကို ရှုံးသည်ဖြစ်စေ မြတ်သည်ဖြစ်စေ ပြုလုပ်ရခြင်း ဖြစ်လေသည်။ မမှန်ကန်သော အလုပ်ကို ပြုလုပ်ရခြင်းသည် မိုက်မှားခြင်းမျှသာ ဖြစ်သည်။

မြသိန်းနှင့် စိန်ဝင်းကို သတိထား နှိုင်းယှဉ်မိသူ ရှိချင်မှရှိပေလိမ့်မည်။ သို့သော် သတိထား နှိုင်းယှဉ် ကြည့်မိသူ အဖို့ကား မြသိန်းသည် လူမိုက် ဖြစ်ကာ စိန်ဝင်းသည် မြသိန်းထက် အဆပေါင်းများစွာ ပို၍ သတ္တိရှိသူ ဖြစ်ကြောင်း သိရှိလိမ့်မည် ဖြစ်ပေသည်။

သို့သော် စိန်ဝင်းသည် လက်ထဲမှ ချိုချဉ်နှစ်လုံးကိုကြည့်ရင်း တွေးလိုက်မိသည်။ ချိုချဉ် နှစ်လုံးသည် ဆယ်ပြားတန်သည်။ သူ့တွင် ဆယ်ပြားဖိုး အမြတ်ရနေပြီဖြစ်သည်။ ထိုအချိန်တွင် ဒေါ်ပုသည် ဆယ်ပြားဖိုးရှုံးနေပေလိမ့်မည်။ စိန်ဝင်းသည် ထိုသို့ မဖြစ်စေလိုပါ။ မှားယွင်းသောနည်းဖြင့် သူ့တွင် အမြတ်မရယူလိုပါ။ သူတပါးတွင်လည်း အရှုံးမရှိစေလိုပါ။ သူအမြတ် မရချင်နေပါစေ။

စိန်ဝင်းသည် ဒေါ်ပု ဆိုင်သို့ ပြန်သွားပြီး အလုပ်ရှုပ်နေသော ဒေါ်ပုအား ပိုက်ဆံ ဆယ်ပြား လှမ်းပေးလိုက်သည်။

"ကျွန်တော့်ကို ပိုက်ဆံမှားပြီး ပိုအမ်းလိုက်လို့"



## စပါးပေါ်ချိန်

ရိတ်၊သိမ်း၊စုပုံ ကောက်ဆုပ်
တောလို့*၊
လယ်မြေတကျော လှုပ်ရှားနေ။

တလင်းပြောင်မြေ လွင်ပြင်
ထက်မတော့၊
မို့မို့စုန့်တက် စပါးတွေ။

တောင်ပူစာတွေ ရွှေရောင်
ဖုံးသို့၊
တလင်းပတ်ကုံး ဝန်းရံခွေ။

မိဘမျိုးဆွေ ပီတိဖုံးလို့၊
အပြုံးချိုမြ ရွှန်းပဝေ။

မျိုးရိက္ခာတွေ ကုံလုံလျှမ်းလို့၊
ဝမ်းဝ၊ခါးလှ စားဝတ်နေ။

ရိုးပြတ်တောမလေ သားနှင့်
သမီးတို့၊
ကောက်သင်းကောက်ပြီး
အားဖြည့်စေ။

တန်ရာနိုင်ရာ လုပ်အားပေးလို့၊
မျိုးရိက္ခာရေး ထောက်ကူပေ။

တောင်ပုံရာပုံ စပါးပုံကြီးက၊
ပြုံးဖြီးဖြီးနဲ့ ဆီးကြိုနေ။
တလွှားမြေ.... စပါးရွှေ။ ။


မောင်မြတ်မွန် (ညောင်ရွှေ)

* တောလို့ = (အင်းစကား) သယ်ဆောင်

R. 517

# ငမြောင်တောင်






ငမြောင်တောင်သည် ပိုးဖလံတမျိုး၏ အကောင်လောင်းဖြစ်သော ပေါက်ဖတ်တမျိုးဖြစ်သည်။ ပင်ဖျက်အင်းဆက်မျိုးတွင် ပါဝင်၍ တောင့်တဲ၊ ပိုးသံကောင်၊ ပိုးနဂါး၊ ဖြတ်ပိုး စသည်ဖြင့် ဒေသအလိုက် ခေါ်ကြသည်။ မြေပြန့်ဒေသများတွင် စက်တင်ဘာလနှင့် အောက်တိုဘာလများ၌ တွေ့မြင်ရသည်။ အထူးသဖြင့် ရေလွှမ်းမိုးဘူးသော ဒေသများတွင် အကြီးအကျယ် ကျရောက်တတ်သည်။ ဧရာဝတီမြစ်နှင့် အခြားမြစ်တွင်းရှိ ကျွန်းမြေများတွင် ဆောင်းရာသီ စိုက်ပျိုးသီးနှံများ၌ မှန်မှန်ကျရောက်လေ့ရှိသည်။

ပိုးဖလံအမတကောင်သည် ဥပေါင်း ၂၀၀၀ ခန့် အုနိုင်သဖြင့် ဖျက်ဆီးနိုင်အားကြီးမားသည်။ ငမြောင်တောင်သည် ငယ်စဉ်အခါ များသောအားဖြင့် အရွက်များကို စားသောက်သော်လည်း ကြီးလာသည့်အခါ စိုက်ပျိုးပင်များကို ပင်ခြေမှ ကိုက်ဖြတ် စားသောက်ပစ်ကြသည်။

ငမြောင်တောင်သည် ညအချိန်မှသာ ထွက်တတ်ပြီး နေ့အချိန်တွင် မြေကြီးအတွင်း အောင်းနေလေ့ ရှိသည်။ ပိုးဖလံအမသည် နေ့အချိန်တွင် အကွယ်အကာ၌ ခိုအောင်းနေတတ်သည်။ သုံးရက်မှ ငါးရက်ကြာအထိ ဥအုပြီးနောက် ပေါက်ဖတ် အဖြစ်ဖြင့် ရက်ပေါင်း ၃၀ ခန့်နေ၍ ပိုးတုံးလုံးဘဝဖြင့် ၁၀ ရက်ကြာနေသည်။

ငမြောင်တောင်သည် မြင်တွေ့သမျှ မည်သည့်အပင်ကိုမဆို ကိုက်ဖြတ်စားသောက်ပစ်တတ်သည်။ ဆေးပင်၊ အာလူးပင်နှင့် ပဲပင်များကို ပိုမိုနှစ်သက်သည်။

မောင်ဆုပန်



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး (ပုံနှိပ်)
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။


အတွဲ ၇။ အမှတ် ၁၁။

# ရွှေသွေး ဂျာနယ်


၁၃၃၆ ခု၊ တပေါင်းလဆန်း ၄ ရက် (၁၅-၃-၇၅)

ဝိုက်ကျွဲစစ်နှင့်
ဝိုက်ကျွဲဖုံ

ပန်းချီ——
ဦးဘကြည်၊
ဓါတ်လမ်း-
မောင်ရွှေဦး
(အင်းဝ)





စနေနေ့တိုင်း ထုတ်ဝေသည်။


ခွေးနဲ့ ကြောင်ဆိုတာ မတဲ့ပေမဲ့ ရွှေကြောင်က ခွေးညိုကို ကြောက်လို့ စကားလေးနဲ့ လှည့်ပတ် ပြောဆိုလို့ တဲ့ကြတယ်။
ကိုညိုကြီး - ငါးရိုးလေး စားပါအုံးလား
မစားပါဘူး - ဖိတ်ရွှေရယ်၊ ငါ့မှာ အမဲရိုး ရထားပါတယ်ဟဲ့
ခွေးညိုနဲ့ ဘဲလေး ခင်ကြတာက ဒီလိုတဲ့ တနေ့ ခွေးညိုက ဘောလုံးရယ်လို့ ကစားဘို့ ချီယူလာပြီး ကစားနေတုန်း -
ဘောလုံးဟာ အပေါက်ကလေးဖြစ်လာတာနဲ့ အုကြောင်ကြောင်ဖြစ်ပြီး ကြည့်နေမိတယ်။
ဖေါက်
ဟာ - ဟင် - ဟောဗျ -
ဘဲသြောင်နာလေး။ တခြားဘဲတွေလိုလဲ မလှပါလား။
ဒါနဲ့ စိတ်ဝင်စားပြီး နေ့စဉ်နေ့တိုင်း စောင့်ကြည့်ပြီး အကဲခပ်နေတော့သတဲ့။
ဂပ် - ဂပ် - ဂပ် —
ကြာတော့လဲ သနားလာသတဲ့
တော်တော် ရက်ညှောင်းလာတော့ ဝဝတုတ်တုတ် ဘဲခေါင်းစိမ်းလေးဖြစ်လာတော့ -
ဟင်း - ချစ်စရာလေး
ဒါပေမဲ့ ရွှေကြောင်က မြင်တော့ စိတ်ထဲမှာ လှုပ်ရှားလာဆိုဘဲ
အင်း ... ဘဲလေး ကြီးလါတော့ - တနေ့တခြား တာချင်စရာ ကောင်းလာပါလား
ဟော့ - ဘဲလေး - ပျော်ရဲ့လား
ဟုတ်ကဲ့ မမရွှေ


ဘဲလေးက ရွှေကြောင် မျက်လုံးကြည့်ပုံကို တယ်မကြိုက်လို့ ခပ်ဝေးဝေးဘဲ နေသတဲ့
ဒီကြောင်မ ကြည့်ပုံကလဲ ဘာလိုလိုနဲ့ - ကြိုက်ပေါင်
ဒီလိုနဲ့ ကြီးလာတော့ ဘဲအလှ ပြိုင်ပွဲမှာ ရွှေတံဆိပ်ရလာသတဲ့။
ခွေးညိုက အားရလွန်းလို့ ဝမ်းသာမဆုံး ဖြစ် နေသလောက် -
ထီး - မေတိုးပို ထီး - မေတိုးပို - ထီးပို ဗတ်ဖြေး ပတ်ဖြေး - - - ပတ်
ရွှေကြောင်မှာကား ဘဲလေးကို တွေ့တိုင်း သွားရေ တမြားမြားနဲ့ ဖြစ်နေသတဲ့။
ဟီး - မေကြီးက - ပီကင်းဘဲမျိုးနဲ့ တူတယ် ဟီး
------...လူတွေဟာ တရုပ်ဘဲကင် တကောင်ကို ကျပ်နှစ်ဆယ်ကျော် ပေး ဝယ်စားတာ ထောက်တော့...ဘဲသား ဟာ - အရမ်းကောင်းလို့ ဖြစ်ရမယ်။
တနေ့တွင်
ကိုညိုကြီး ဟါလေ - ဗလလဲ ကောင်းပါရဲ့၊ သတ္တိလဲ ရှိ ပါရဲ့။ ဒါပေမဲ့ ဘဲရုပ်လေးကို မနိုင်လိုက် ရတာ - မောလို့။ ကျုပ်သာဆိုယင် - ဘဲရုပ်ကို အဝတုတ်မစ်လိုက်တာ - ကြာလှပြီ။
ကိုညို မစားရက်ယင် ကျုပ်ကို ဖွန့်ကြဲ ပါလား ........ ဟင်...



ဟဲ့ - ယိုးဒွေး ကြောင်
နှင့်အကြံက - ပက်စက်လှချေကလား။
ကိုယ့်ထက် အားနဲ့တဲ့သူကို ညှာတာ
ရမယ်...ဟ။ မိတ်ဆွေစစ်ဆိုတာ - ဒီလို
စိတ်မျိုး မမွေးရဘူး။ ဒီစကားမျိုး -
ငါ နောက်ကို ဘယ်တော့မှ
မကြားချင်ဘူး ---
သွား
နောက်တနေ့တွင် ခွေးညိုမရှိခိုက်
ဟော့ - ရွှေတဆိပ် ရ - ဘဲအလှဘုရင်လေးရယ်
... မမရွှေက
ချစ်လို့ - သနားလို့ပြောတာ
.... ကိုညိုကြီးနဲ့ကြာကြာ
နေယင်တနေ့ကျလို့
အစာပြတ်ယင်
မင့်ကို ကိုက်သတ်
စားမှာ ဘဲ... သေချာ
တယ် -------
ဒါကြောင့်
မမရွှေ
နဲ့လာနေ
ပါလား
အမယ် - အမယ် -
ကိုကိုညိုကြီးက - စားချင်ယင်
သေတာ - ကြာလှပြီ
မမရွှေရယ်.....
ဒီစကားဟာ
မရှိဘူးထင်တယ်...
ခွေးညိုကိုလည်း ကြောက်ရ၊ ဘဲလေးမြင်တော့
လဲ မနေနိုင်အောင် စားချင်၊ ဒီတော့ အဲဒီနေ့
ကစပြီး တောစပ်မှာ သွားသွား ပိုင်နေတယ်။
ခွေးညိုရှိ
နေသမျှတော့
ဘဲသား - စားရ
မှာဟုတ်ပါဘူး
ကနေ့ကျတော့ ခွေးအ,တအုပ်လာတာ မြင်လို့
အကြံဥာဏ်တခု ပေါ်လာသတဲ့။
ဗျို့ ဆရာတို့ --- ဒီတတွေအတွက်
အစာရှာရာမှာ အနှောင့်အရှက်ဖြစ်နေတဲ့
ခွေးအိုကြီးတကောင်ရှိတယ်။ ရှင်တို့
ဝိုင်းသတ်စားချင်ယင် ကျမ အခု
ပြပေးမယ်။ လိုက်ကြမလား။
ဟေ - ဟုတ်လား
လိုက်မှာပေါ့ဟ။
ခွေးအိုသား
မစားရတာ
ကြာပြီ
အတော်ဘဲ


ခွေးအများက ခွေးအိုသားကို အငမ်းမရ စားချင်နေတာကို ရိပ်မိတော့
သတိ! အသင့်ပြင်! ချီ.တက်
ခွေးအများ ချီတက်လာသည်ကို တွေ့သော်
ကဲလါ. ဘဲလေး။ ကျောကုန်းပေါ် မြန်မြန် တက်။ ပြေးကြစို့။ ဟိုမှာ ခွေးအ-တွေ လာနေပြီ... .... ..
ကြောက်စရာမလိုပါဘူး - ကိုညိုကြီး ရယ်။ မရှေ့ကြောင် အကွက်ဆင်လါတာနဲ့ တူပါတယ်။ ဒီတော့ ခပ်တည်တည်နဲ့ x x x x x x x x x x x x x။ ကျနော် ပြောသလို လုပ်စမ်းပါများ.....
ဟော-အင်း
ဘဲလေးအကြံဉာဏ်ပေးတဲ့အတိုင်း ပြုလုပ်ပြီး ခွေးညိုစောင့်နေစဉ်
ခွေးအအုပ်ကြီး အနား နီးလာသဖြင့် ရှေ့ကြောင်အား အော်၍ပြောလိုက်၏။
အို - ရှေ့ကြောင် ... အသင်စားလိုသော ဘဲခေါင်းစိမ်းကို - ဖမ်းထားပြီ။ တွေ့လားဒီမှာ။ ချင့် ဂတိအတိုင်း - နင့် ကျေးကျွန် ခွေးအ-တွေကို - ဒီဘဲ ခေါင်းစိမ်းနဲ့ လာလဲ ယူလော့.... .....


ဟယ်-ခွေးအ တို့ ...... နင်တို့ကါး
ငါ့ရဲ့ အစါ ဖြစ်ပြီ။ တကောင်ပြီး တကောင် အလှဲ့ကျ အစား ခံကြ လော့...
ဟားဟား ဟားဟား ဟားဟား ဟားဟ ဟာဟား
ခွေးအများဟာ ကြောက်လန့်သွားပြီး
ခွေးအိုကြီးမှ မဟုတ်ဖဲ
တကယ်တောင့်တဲ့ အန္တရာယ်ကောင် ကြီးဘဲ
ဒီ-ငကောင် ... ဒို့ကို သက်သက် လာညာခေါ်ပြီး ခွေးလက်အပ် တာကိုး
ကောင်စုတ်ကို ဝိုင်း သတ် ကွာ
ခွေးကြောင်ကို ဒေါသတကြီး ဝိုင်းကိုက်သတ် လိုက်ကြသတဲ့။
ဟောက
ဝှောင်း
ဝှောင့်
ပြီးတော့ တောထဲကို ပြန်ပြေးကုန်ကြသတဲ့
ခွေးညိုဟာ ဘဲလေးကို အသာဖြုတ်ချပြီး ခွေး ကြောင်ဖြစ်ပုံကို သွားကြည့်ရင်း -
ဒို့က မိတ်ဆွေစစ်တွေဘဲ။ မိတ်ဆွေရာ ဆိုတာက,တော့ -အချင်းချင်းလဲ မကောင်းကြံပြီး တကိုယ်ကောင်းအတွက်သာလုပ်တော့ ဒီလို အဖြစ်မျိုး ကြုံရတာပေါ့..
မိတ်ဆွေစစ်ဆိုတာ က-အရေးကြုံ ယင် အချင်းချင်း ကျောခိုင်း ကပ်၊လက်တွဲ ကြ တယ်-နော်....

# ဇွဲကောင်းသော ပုရွက်ဆိတ်

• ဝင်း






ရှေးတုန်းက မြွေမင်းကြီး က မှက် မင်း ကြီး ကို ခေါ် ပြီး "လောကမှာ ဘယ်သတ္တဝါရဲ့ သွေးဟာ အချိုဆုံးလဲ" ဟု မေး၏။ မှက် မင်း ကြီး က "ကျွန်တော်မျိုးဟာ သတ္တဝါ တွေရဲ့သွေးကို သောက်စုတ်သူ မှန်ပေမဲ့ ဒီကနေ့အထိ ကျွန် တော်မျိုးသွေးစုတ်ခဲ့တဲ့ သတ္တ ဝါတွေဟာ အနည်းစု ဖြစ်ပါ တယ်။ သတ္တဝါတွေ အားလုံး ကိုခြုံပြီးမေးတဲ့အသင် မြွေမင်း ကြီးရဲ့စကားကို ဒီအချိန်မှာ မဖြေကြားနိုင်သေးပါ။ သတ္တ ဝါ အစုံရဲ့သွေးကို သောက်စုတ် ပြီးမှသာ ဖြေကြား နိုင်ပါလိမ့် မယ်" ဟု ပြန်ဖြေလိုက်သည်။

မြွေ မင်း ကြီး က လည်း "ကောင်းပြီ၊ သင် ပြောတဲ့ အတိုင်း ဆောင် ရွက် ပြီး မကြာခင် ငါ့ကိုလာရောက် သံတော်ဦး တင်ရမယ်" ဟု မိန့်တော်မူ၏။ ဤသို့ ပြောဆို ကြ သည် ကို မြေ အ ခေါင်း (တွင်း)တခုမှ နားထောင်နေ သောတောင်ဂဏန်းက ကြား လိုက်၏။ သို့ဖြင့် မှက်မင်းကြီး ပြန်လာလျှင် မည်သည့်သွေး သည် အချိုဆုံးဖြစ်ကြောင်း သိရမှာပဲဟု မြှော် လင့် ကာ မြွေမင်းနှင့်မနီးမဝေးတနေရာ မှ စောင့်နေ၏။

မှက်မင်းကြီး လည်း မြွေ မင်းကြီး၏ အာဏာကို မလွန် ဆန်ရဲသဖြင့် လှည့်လည် ပျံ သန်းပြီး သတ္တဝါတမျိုးတမျိုး



စီ၏သွေးကို သူနှုတ်သီး သွေး စုတ် တံ နှင့် စုတ်ယူ သောက် သုံးကြည့်သည်။ နောက်ဆုံး စုတ်ခဲ့သော လူ့သွေးသည် အလွန် ချိုသည်ကို သူတွေ့ရှိ မှတ်သားခဲ့ရသည်။

မှက် မင်း ကြီး သည် စမ်း သပ်မှုလုပ်ငန်း အောင်မြင်ပြီး နောက် မြွေ မင်း ကြီး ရှိရာသို့ ပြန်လာခဲ့၏။ မြွေမင်းကြီးနေ ရာရောက်သော် မြွေမင်းကြီး အိပ်ပျော်နေသည်ကို တွေ့ရ ၏။ မှက် မင်း ကြီး ပြန် လာ သည်ကို မြင်သော တောင် ဂဏန်းသည် စောင့် နေ ရာ မှ ထွက်လာပြီး မှက်မင်းကြီးဆီ က သတင်းစကားကို ကြား ချင် သ ဖြင့် လိမ် လည် ကာ "မှက်မင်းကြီး သင်ပြန်လာပြီ လား။ မြွေမင်းကြီး အခုအိပ် ပျော် နေ ပါ တယ်။ သင်ပြန် လာယင် သူနိုးတဲ့အထိစောင့် ဘို့ မြော်ပါလို့ ကျွန်ုပ်ကိုမှာ ထားခဲ့ပါတယ်။ သင်စောင့် နေပါ" ဟု ပြောပြီး မှက်မင်း ကြီးက မြွေမင်းကြီးကိုမပြော ကြားခင် သူ အ လျင် သိ ချင် သဖြင့် မှက်မင်းကြီးကို ချော့ မော့ပြီး မေးလေ၏။

မှက်မင်းကြီးက "လူသား တွေရဲ့သွေးဟာ ဒီလောကမှာ အချိုဆုံး၊ အရသာ အပြည့်စုံ ဆုံး သွေးဖြစ်တယ်" ဟု ပြော လိုက်၏။ ထို အ ခါ တောင်





ဂဏန်းက "ဒီလောကကြီးမှာ လူ သား တွေ ဟာ သာ မန် တိရစ္ဆာန်တွေထက် မြင့်မြတ်တဲ့သဘောရှိတယ်။ မှက်မင်းကြီးက လူ သား တွေ ရဲ့ သွေး ချိုတယ်ဆိုတဲ့ အကြောင်းကို မြွေမင်းကြီးကိုပြောယင် လူ သား သ တ္တ ဝါ ကို တိရစ္ဆာန် မြွေက အ စဉ် အ မြဲ ကိုက်ပြီး အစာ အ ဖြစ် စားသောက် တော့မှာဘဲ" ဟု စဉ်းစားမိပြီး မှက် မင်း ကြီး စ ကား ပြော သည့်အခါ "လူ" ဟု ပီပီသသ မဖြစ်အောင် မှက်မင်းကြီး၏ လည်ပင်းကို သူ့ လက် မ နှင့် ကိုက် ညှပ် လိုက် လေ သည်။ ထိုသို့ ညှပ်လိုက်သဖြင့် မှက်မင်းကြီး၏ အသံသည် တမျိုး ပြောင်းသွားလေတော့၏။

မ ကြာ ခင် မြွေ မင်း ကြီး အိပ်ရာက နိုးလာသောအခါ မှက် မင်း ကြီး ကို "ဘယ် သတ္တဝါရဲ့သွေးဟာ အချိုဆုံး လဲ" ဟု မေးလေ၏။ မှက်မင်းကြီးက "လူသားတွေရဲ့ သွေး ဟာ အချိုဆုံးဖြစ်ပါတယ်" ဟု လျှောက် ထား သော အ ခါ "လူ" ဟု ပီပီသသထွက်မလာ ပဲ "အွက်-အွက်" ဟူ၍သာ ထွက်လာတော့သည်။

မြွေမင်းက မှက်မင်းကြီး ငါ့ကိုပြောသည်မှာ "ဖား" ပဲ ဖြစ်မည်ဟုယူဆပြီး ဖားသွေး သည် အ ချို ဆုံး ဟု ထင်ကာ ဖားများကို စတင်ဖမ်းယူ စား သောက်လေတော့၏။




မှတ်ချက်။ ။မြွေများ သည် ထိုနေ့မှစပြီး ဖားများ ကို ဖမ်း ယူ စား သောက် ကြ ကြောင်း ရ ခိုင် ပြည် ရမ်း ဗြဲ ကျွန်းရှိ ကျေးလက်တောရွာ ဒေသများတွင် လူကြီးများ က လူငယ်များကို ယနေ့အထိ ပြော ပြ နေ ကြ တုန်း ဖြစ် ပါ သည်။

တောင်ဂဏန်း။ ။ရေမှာ မနေ၊ ကုန်းပေါ် တောင်ပေါ် မှာ တွေ့ မြင် နိုင် ပါ သည်။ တောင် ဂ ဏန်း ဟု သည် မှာ ရခိုင်လူမျိုးများ၏ အခေါ် အ ဝေါ် ဖြစ် ပါ သ ည်။ ပုံသဏ္ဌာန်မှာ အများသိကြ သော လယ်ပုစွန်လုံးနှင့် အ သွင်တူပါ၏။

တချို့လူများက တောင် ဂဏန်း များ ကို ဖမ်း ယူ ချက် စားကြ၏။ ဖမ်း သည့် အ ခါ လူကို တော်တော်နှင့် ရန်မမူပဲ လက်မနှစ်ခုကို ကားပြီး ဟို ပြေး သည်ပြေး လုပ်တတ် ကြ ပါသည်။ ဤပုံပြင်ကို ပြောပြ ကြသော ရခိုင်အဖိုးအို အမေ အို များ က တောင် ဂ ဏန်း များက လူတို့အပေါ် ကျေးဇူး ပြု ဘူး သည့် အတွက် လက်မ နှစ် ဖက် ကို ကား ပြ တတ် သည်ဟူ၍ ပြောပြလေ့ရှိကြ ပါသည်။

လူထု ဦးလှ



# သရက်စေ့ သက်သေ

ကာတွန်း

ရေးဆွဲသည်







အမတ်ကြီးနန္ဒရဲ့ ဖိတ်ခေါ်ချက်အရ ပညာရှိအမတ်ကြီးဟာ အမတ်ကြီးနန္ဒနဲ့အတူ သရက်သီး စားထယ်။
အရသာ ထူးကဲ ပါပေတယ် အဆွေတော်.
အမတ်ကြီးနန္ဒဟာ သရက်သီးတွေ စားပြီးတိုင်း အစေ့တွေကို ပညာရှိအမတ်ကြီးဘက်မှာ ထားတယ်။
သရက်သီးတွေ အားလုံး ကုန်တော့ ပညာရှိအမတ်ကြီးဘက်မှာ သရက်စေ့ တွေ ပုံနေတာပေါ့
အမတ်ကြီးနန္ဒဟာ အဲဒီအခါ အနီးမှာရှိတဲ့ မှူးမတ်တွေခေါ်ပြီး
ဟော့ တော်ကြည့်ကြစမ်း ပညာရှိအမတ်ကြီးဟာ ဘယ်လောက် အစားပုပ်သလဲ - သူစားထားတဲ့ သရက်ကအစေ့တွေ တောင်ပြီ ပုံနေတာဘဲ...
အမတ်ကြီးနန္ဒစကားကြောင့် မှူးမတ်တွေကပညာရှိ အမတ်ကြီးကို ဝိုင်းဟားကြတယ်။
ဟား ဟား
ဟား ဟား
ပညာရှိ အမတ်ကြီးကတော့ ထုံးစံအတိုင်း ငြိမ်ငြိမ်ဘဲ နေလိုက်တယ်။


ရယ်သံတွေ ဆုံးတဲ့အခါ -
ကျွန်တော်မျိုးထက်စာရင် အမတ်ကြီးနန္ဒဟာ ပိုပြီး အစားပုပ်ပါတယ်.
ဟဲ့ ပညာရှိအမတ်ကြီး.. အမြင်တော်မှုန်များနေသလား၊ ကျွန်တော်မျိုးဘက်မှာ သရက်စေ့မရှိဘဲ အမတ်ကြီးဘက်မှာသာ သရက်စေ့တွေပုံနေတာမတွေ့ဘူးလား
မှန်ပါတယ် အမတ်ကြီးနန္ဒဘက်မှာ သရက်စေ့တွေမရှိလို့ - ကျွန်တော်မျိုးထက် ပိုပြီး အစားပုပ်တယ်လို့ပြောနိုင်တာပေါ့-
ဘာလို့လဲဆိုတော့ ကျွန်တော်မျိုးက အစားပုပ်ပေမဲ့, သရက်စေ့တွေတော့ ချန်ထားပါသေးတယ်.
အမတ်ကြီးနန္ဒဟာ ပိုပြီး အစားပုပ်လို့ သရက်စေ့တွေကိုပါ စားလိုက်တာကိုး.
ပညာရှိအမတ်ကြီးစကားကို အမတ်ကြီးနန္ဒဟာ ပြန်မချေပနိုင်ဘဲ ငေးငိုင်သွားရပြန်တာပေါ့။
စကားအရာမှာတော့ တယ်တော်တဲ့အမတ်ကြီး ပါဘဲ...

## မာဂျရင်းထောပတ်ကို မည်သူ စပြီး တီထွင်ခဲ့သနည်း



၁၉ ရာစုနှောက်ပိုင်းတွင် ပြင်သစ်နိုင်ငံ၌ ထောပတ် အလွန်ရှားလေသည်။ ထိုအခက်အခဲကို ပြေလည်စေရန် တတိယမြောက် နပိုလီယံ၏ အစိုးရက ထောပတ်တုကို အောင်မြင်စွာ တီထွင်နိုင်သူအား ဆုပေးမည်ဟု ကြေငြာခဲ့လေ၏။

ပြင်သစ် ဓာ တု ဗေ ဒ ပညာရှင်တဦးဖြစ်သော မေးဇမူးရီးသည် တိရစ္ဆာန်များမှရသောဆီ၊ နို့နှင့်အခြားပစ္စည်းများကို အသုံးပြု၍ ထော ပတ် နှင့် တူ သော အရာတခုကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည်။ မေးဇမူးရီးက ထိုအရာကို မာဂျရင်းဟူ၍ ခေါ်သည်။ ပြင်သစ်ဘုရင်၏ ဆုကို မေးဇမူးရီးက ရရှိခဲ့သည်။ ၁၈၆၉ ခုနှစ်တွင် အင်္ဂလန်တွင် မာဂျရင်းပြုလုပ်နည်းကို မူပိုင်ပြုလုပ်ခဲ့၏။ ယခုအခါ မာဂျရင်းပြုလုပ်ရာတွင် ဟင်းသီးဟင်းရွက်များမှရသောဆီ (ဥပမာ-မြေပဲဆီ၊ အုန်းဆီ စသည်) တို့ကို အသုံးပြုသည်။ တိရစ္ဆာန်အဆီများကို အသုံးပြုလိုပါက အကောင်းဆုံးအမဲဆီ၊ ဝေလငါးဆီ စသည်များကို အသုံးပြုသည်။ အဆီထုတ်ပြီး နို့သည်လည်း ထောပတ်လုပ်ရာတွင် အရေးပါသောပါဝင်ပစ္စည်းဖြစ်သည်။ ထို့အတူ ဗီတာမင်အေနှင့် ဗီတာမင် ဗီ တို့လည်း ပါဝင်ရပေသည်။

**တက္ကသိုလ် မြူမြင့်**





## သားသား မေးမယ်နော်



# လောဘစိတ်

မောင်သာပြည့်



ကျွန်တော့် အချစ်ဆုံး သူငယ်ချင်းများကို လက်ညှိုးထိုး ပြပါဆိုလျှင် အောင်စိုး၊ စိန်လှိုင်နှင့် စိုးညွန့်တို့ကို ပြရမည် ဖြစ်ပေသည်။ ကျွန်တော်တို့ တယောက်နှင့် တယောက် သိပ်ချစ်ကြသည်။ သိပ်ခင်တွယ်ကြသည်။ သွားအတူ လာအတူနှင့် တ ကျောင်း တည်း တ တန်းတည်းသားများ ဖြစ်ကြသည်မို့လည်း သူများတကာတွေထက် ပိုမိုရင်းနှီးကြသည်။

တယောက်အရေး တယောက်ကူညီ၍ ကျောင်းအတူသွား စာအတူကျက်နှင့် သူငယ်တန်းမှ အစ ပဥ္စမတန်း အထိ စာမေးပွဲများကို တနှစ်တတန်း မှန်မှန် အောင်ခဲ့ကြသည်။ အောင်စာရင်း ထွက်သည့်အခါများ ဆိုလျှင် ကျွန်တော်တို့ အားလုံး ပျော်ရွှင်ကြရသည်။ မိဘများက ဝမ်းသာခြင်း သဘောဖြင့် မုန့်ဖိုး ပိုပေးသည့် ပိုက်ဆံများကိုစုပေါင်းပြီး ကျွန်တော်တို့ တပျော်တပါး မုန့်ဝယ်စားကြသည်။ ဤကဲ့သို့ ပျော်ရွှင်မှုမျိုး ရ အောင် လည်း နှစ်တိုင်း စာမေးပွဲ အောင်အောင် ကျွန်တော်တို့ ကြိုးစားသည်။

ကျောင်းပိတ်ရက် တနင်္ဂနွေနေ့ဖြစ်သည်။ ကျွန်တော်သည် နံနက်စာထမင်းကို အလျှင် အမြန် စားသည်။ အစားလောကြီး နေ သော ကျွန်တော့်ကို မေမေပင် နားမလည်နိုင်အောင် ဖြစ်ရသည်။

"မီး ကျော် ထမင်းကို ကောင်း ကောင်း စား စမ်း၊ နောက်က လူလိုက်တာကျနေတာဘဲ ကမန်းကတန်းနဲ့"

ကျွန်တော်သည် မေမေ့ကို ဘာမှပြန်မပြောမိ။ ထမင်းစား၊ လက်ဆေး၊ လက်သုတ်ပြီး အိမ်ပေါ်မှ အပြေး ဆင်း ခဲ့သည်။ လမ်းထိပ်တွင် အောင်စိုး၊ စိန်လှိုင်နှင့် စိုးညွန့်တို့ ကျွန်တော့်ကို ရပ်စောင့်နေကြသည်။

ကျွန်တော်တို့ သူငယ်ချင်း တစု အင်းယားကန်တွင် ရေသွား ကူး မည့် အစီ အစဉ်ကို မနေ့ကတည်းက ချမှတ်ထားခဲ့ပြီးဖြစ်သည်။ တခါတရံ ဤသို့ပင် မိဘများမသိအောင် ကျွန်တော် တို့ ရေကူးသွားတတ်ကြပါသည်။ ရေကူးသည် ဆိုသော်လည်း ကျွန်တော်တို့မှာရေနက်နက်တွင် ကူးခပ်ခြင်းမဟုတ်ပါ၊ ကမ်းစပ်တွင်သာ ကူးခပ်ဆော့ကစားကြခြင်း ဖြစ်ပါသည်။

"မေမေ့အလစ်မှာ ထွက်လာရတာကွ၊ ငါ့မှာ ပိုက်ဆံ တပြားမှ မပါဘူး"

အင်းယားရေသွားကူးလျှင် ကားခနှင့် အဆာပြေမုန့် စားဘို့ ပိုက်ဆံပါမှ အဆင်ပြေပါသည်။ ကျွန်တော့်မှာ အမြန်ထွက်လာရသဖြင့် ပိုက်ဆံ မပါလာခဲ့ပေ။

"တို့မှာ ပါပါတယ်ကွ၊ ပါတဲ့လူတွေစုပြီး အတူတူစားကြမှာပေါ့၊ ပိုက်ဆံမပါတာများ အကြောင်းလုပ်လို့ကွာ...."

သူငယ်ချင်းများ၏ ချစ်ခင်မှု စိတ်ဓာတ်ကို ကျွန်တော် လေးစားရပါသည်။ မကြာမီ

ကျွန်တော်တို့ အင်းယားသို့ ရောက်သွားကြပါသည်။ အင်းယားရောက်သည်နှင့် ကျွန်တော်တို့ အင်္ကျီလုံချည်များ ချွတ်ပြီး ဘောင်းဘီတိုဝတ်ကာ ရေထဲသို့ ခုန်ဆင်းကြသည်။ တယောက်နှင့်တယောက် ရေကို လက်ဝါးဖြင့် ရှပ်တိုက် ပက်ကြသည်။

အောင်စိုးက အုပ်နီခဲတလုံးကို ရေထဲတွင် လွှင့်ပစ်သည်။ ကျွန်တော်တို့ ရေငုပ်ပြီး ဝိုင်းရှာကစားကြသည်။ ရေတွင် မြုပ်နေသောအုပ်ခဲကို ရေငုပ်ပြီးစမ်းရှာရသည်။ အုပ်ခဲရှာသော ကျွန်တော့်လက်သည် မာကျောကျောကြိုးသဏ္ဌာန်တခုကို စမ်းမိသဖြင့် ဆုပ်ယူကာ ရေပေါ်သို့ ကိုယ်ကို ဖော်လိုက်ပါသည်။

"ဟာ.... မြွေကြိုး တကုံးပါလား"

သူငယ်ချင်းများ အံ့သြဝမ်းသာဖြစ်ကြသည်။ ကျွန်တော်သည် ကုန်းပေါ်သို့ အမြန်ပြန်တက်လိုက်သည်။ ရေစိုနေသော ဘောင်းဘီကို ချွတ်ပြီး အင်္ကျီလုံချည် ပြန်လဲသည်။

"တို့တော့မုန့်တွေစားရတော့မယ်ကွ"

စိုးညွန့်က ကျွန်တော့်လက်မှ ဝါဝါဝင်းနေသော ရွှေကြိုးကို ကြည့်ပြီး ဝမ်းသာအားရ ပြောလိုက်သည်။

"အို–ငါကောက်ရတာ မင်းတို့နဲ့ ဘာဆိုင်လို့လဲ...."

ကျွန်တော်၏ ခက်ထန် မာကျောသော စကားကြောင့် စိုးညွန့်မျက်နှာငယ်သွားသည်။ အောင်စိုးနှင့် စိန်လှိုင်က အံ့သြစွာ ကြည့်နေသည်။

ကျွန်တော်သည် သူတို့ကို နှုတ်မဆက်ပဲ အိမ်သို့ သုတ်ခြေတင် ပြေးခဲ့သည်။ ရွှေကြိုးကို တပ်မက်စိတ်သည် ကျွန်တော့်ရင် တခုလုံး ပြင်းပြနေသည်။

အိမ်ပြန်ရောက်တော့ မေမေ့ကို ဝမ်းသာအားရဖြစ်ကြောင်း ကုန်စင် ပြန်ပြောပြသည်။ မေမေသည် ကျွန်တော့်စကားကို နှစ်မြို့ပုံမပေါ်ပေ။

"သားတကိုယ်ကောင်းဆန်တယ်၊ လောဘ နောက်လိုက်ပြီး ကိုယ့်အချစ်ဆုံးသူငယ်ချင်းတွေကို စွန့်ခွာခဲ့တယ် မဟုတ်လား၊ နောက်ပြီး သားရလာတဲ့ကြိုးက ရွှေအစစ်မှမဟုတ်ဘဲ၊ ကြေးကြိုးကြီးဘဲ"

ကျွန်တော့်တကိုယ်လုံး ထူပူသွားသည်။ လောဘစိတ်ဖြင့် သူငယ်ချင်းများကို မချေမငံ ပြောခဲ့မိပြီ။ နက်ဖြန် ကျောင်းတက်လျှင် သူငယ်ချင်းများကို ကျွန်တော့်မျက်နှာ ဘယ်လိုလုပ်ပြရပါမည်နည်း။ ကျွန်တော် လောဘစိတ် ကြီးကြောင်း သိသွားသည့် သူငယ်ချင်းများက ကျွန်တော့်ကိုခေါ် ပြောပြုပါအုံးမည်လား။ တွေးရင်းတွေးရင်း မျက်ရည်ပေါက် ကြီးများသည် ကျွန်တော့် ပါးပြင်ပေါ်သို့ ကျဆင်းလာပါသတည်း။

## နွေပန်းကောက်

သစ်ရွက်လေးတွေ အရောင်ဝါ
နွေဦးရာသီမှာ။

သာယာပါဘိ ရှုမျှော်ခင်း
ပန်းရနံ့တွေသင်း။

ဝါဝါဝင်းဝင်း ကိုပေါက်ပင်
ရွှေအင်္ကျီကြီးဆင်။

ပင်မြင့်ဆီက ငှက်ဥဩ
လွမ်းတေးဖွဲ့သီပြော။

ရှုမောသာတဲ့ မလက်ပံ
ပုဝါနီကြီးရုံ။

စီစီညံညံ ပင်ထက်ဖျား
ငှက်စကားများ။


သွားကောက်ကြစို့ ညီလေးရာ
တောင်းလေးယူခဲ့ကွာ။


မြေမှာကြဲတဲ့ လက်ပံပွင့်
ဒို့ကိုသူမြှော်လင့်။ ။

မလိခကျော်




R. 517





# ပိုးစေးနှဲ




ပိုးစေးနှဲသည် အဝါရောင် သို့မဟုတ် ပန်းနုရောင် ဖြစ်ပြီး ခန္ဓာ ကိုယ် မှာ နူးညံ့၍ သေး ငယ် လှ သည်။ ရုတ် တ ရက် ကြည့်လျှင် ပိုးကောင်ဟုမထင် ပဲ အမည်းစက်ကလေး တခုဟု ထင် မှတ် ရ သည်။ ပိုး စေး နှဲ သည်သစ်ပင်များမှ ပင်ရည်ကို စုတ်ယူ ခြင်းဖြင့် အပင်များကို ဖျက်ဆီးသည်။ စပါး၊ ကြံ၊ ဝါ ဂွမ်း၊ ချဉ်ပေါင်၊ ရုံးပတီ၊ အာ လူးစသည့်အပင်များကိုအထူး နှစ်သက်သည်။

ပိုး စေး နှဲ အမ သည် ဥ ပေါင်း ၅၀၀ မှ ၁၀၀၀ အထိပါ ရှိ သော အရည် အိတ် တခု ကို ကိုယ် နောက် ပိုင်း မှ ထုတ်ပြီး ထိုနေရာ မှာ ပင် ပိုးစေးနှဲ အမ သေဆုံးသည်။ ဥမှ အကောင် ငယ် ကလေးများ ပေါက် လာ ပြီး နောက် အ ခြား အ ကိုင်း အခက် များ သို့ ကူးလူး သွား လာခြင်းဖြင့် ဖြစ်စေ၊ လေဖြင့် လွင့်ပါ သွားခြင်း ဖြင့် ဖြစ်စေ ပြန့်နှံ့သွားသည်။

ပိုးစေးနှဲ များသည် မိမိတို့ ခန္ဓာ ကိုယ်မှ အစေး တမျိုးကို ထုတ်လုပ်ကြသည်။ ထိုအစေး များသည် ကိုယ်ပေါ်၌ဖုံးလွှမ်း နေသဖြင့် မိမိတို့ အတွက် အ ကာ အ ကွယ် သဖွယ် ဖြစ် နေ သည်။ အ စေး များ ခြောက် သွေ့သည့် အခါ အဖြူရောင် အ မှုန့်များနှင့် တူပြီးလျှင် အချို့ မှာ ဖန်သားနှင့် တူ သည်။ ပိုး စေးနှဲအများ အပြားမှာ ပျကို စားတတ်သော ပိုး တို့၏ စား သောက်ပစ်ခြင်းကို ခံရသည်။

လူတို့ကို အကျိုး ပြု သော ပိုး စေး နှဲ မျိုး များ လည်း ရှိ သည်။ ချိပ်များကို ထုတ်လုပ် ကြသော ချိပ်ပိုး နှင့် ဆိုး ဆေး အဖြစ်အသုံးပြုကြသော ချိပ်နီ တမျိုးကို ထုတ်လုပ်ပေးသည့် ချိပ်နီပိုးတို့မှာ ပိုးစေးနှဲများပင် ဖြစ်ကြသည်။



မောင်ဆုပန်

၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး (ပုံနှိပ်)
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၁၂။

# ရှေ့သွား ဂျာနယ်

## တော်လှန်ရေးနေ့

မတ်လ ၂၇ ရက်


၁၃၃၆ ခု၊ တပေါင်းလဆန်း ၁၁ ရက် (၂၂-၃-၇၅)




စနေနေ့တိုင်း ထုတ်ဝေသည်။

# လက်ပံပွင့်ချိန်

ပန်းချီ-ဦးဘကြည်၊
ဇာတ်လမ်း - မြင်းမူ မောင်နိုင်ဖိုး ။




ပြောပြောဆိုဆိုနဲ့ အမေက ပါးချသတဲ့။
ဖြန်း
ဖြန်း
ဖြန်း
ဂျပန်စစ်ဗိုလ်ဟာခဏကြောင်နေပြီးမှ အမိန့်
တစုံတခုကို စူးစူးဝါးဝါး ပေးလိုက်တဲ့
အဆုံးမှာ သေနတ်သံတွေ ပေါ်လာသတဲ့။
ဒိုင်း
ဒိုင်း
....ကျနော်က ရှင်ပြုနေတော့ ခါတိုင်းလို
အမေ့ဆီမှာ ဆွမ်းခံဖို့ ရောက်သွားပြီး
ဆွမ်းတော်မျို့
ဆွမ်းတော်မျို့
ဆွမ်းတော်မျို
ဟင်...
တကါမကြီး
မှ ရှိရဲ့လား
မသိ။ ဘယ်
သွားနေ
ပါလိမ့်
နေ့တိုင်းလို (ကိုရင်ကြွပါ) လို့ အသံမကြား
တာနဲ့ ဝင်ကြည့်မှ-
အမေဟာ သွေးအိုင်ထဲမှာ လဲပြီးနေတာ
တွေ့ရ တော့တယ်။
အဲဒီနေ့ကစပြီး ကျနော်လဲ အိမ်ကိုမပြန်
တော့ဘဲ ခွေးညိုနဲ့ ကျောင်းမှာဘဲ ဘုန်းကြီး
ကျောင်းသားလုပ်နေတယ်။
ထိုသို့တွေးနေစဉ် သစ်ရွက်ခြောက်များ
အသံ ကြား၍ လှည့်ကြည့်လိုက်ရာ-
ဘယ်သူလဲ
သာအေး -
တိုးတိုး -
ခွေးလေးဆွဲ -
ပါဟ


ဦးလေးထွန်း အနားရောက်လေလျှင်-
ဦးလေးထွန်း-အဖေကော်-ဟင် -အဖေနဲ့ တွေ့ချင်လိုက်တာ
ပါလာ တယ်ဒါပေမဲ့ ဒီည တွေ့လို့ မဖြစ် သေးဘူး။ နက်ဖြန် ကျမှ....
မင်း - တို့ကို အကူအညီ ပေးရမယ်။
ဘာကူညီရမလဲ-ဟင် ဦးလေး ပြောလေ
ဦးလေးထွန်းသည် အိပ်နေသော သူ့သား ခွေးညိုကို အသာကြည့်လိုက်ရင်း
နက်ဖြန် - မင်းတို့-ချောင်းကျွေးရွာကို ဆွမ်းခံသွားယင်-ဟောဒီစာကို-ရွာအဝင်က ဦးဖြတ်ကျော်ကို ပေးလိုက်။ သိပ်အရေးကြီးတယ်။ ပြီးတော့ ××××××× ×××××××× ×× × × × × ×
ဟုတ်ကဲ့
နောက်တနေ့ နံနက်တွင် သာအေးနှင့် ခွေးညိုတို့သည် ဆွမ်းခံထွက်ကြပြန်သည်။
ခွေးညို - အစစ အရာရာ သတိထား နော်..
အေးပါ
ချောင်းကျွေးရွာ အဝင် ရေကန်ကြီးအနီး ရောက်လျှင်ကန်ဘောင်ပေါ်မှဂျပန်များက-
ကျွန်တော်တို့-ချောင်းကျွေးနဲ့-ကံသာဘက်ကို ဆွမ်းခံသွား မလို့ပါ
ပြောသော်လည်း လက်မခံချေ။ ဆွမ်းဟင်း ထမ်းကိုသာ အတင်းချ၍ စစ်ဆေးတော့၏။
ဘုရား-ဘုရား အောက်ဆုံးက-ဆွမ်းတော်ခွက်ထဲက-စာကိုများ တွေ့သွားယင်ဖြင့်-----
သာအေးသည် ဂျပန်စစ်သားများ ဆွမ်းဟင်းများ တခုပြီး တခု ဖွင့်စစ်သည်ကိုပင် မကြည့်ရဲတော့ပဲ မျက်နှာလွှဲနေ၏။
ဘုရား ဘုရား


ထိုသို့ မျက်နှာလွှဲထားခိုက် ဂျပန်တယောက်က ဆွမ်းဟင်းခွက်တခု ဖွင့်၍ပြရင်း တစုံတခုပြောလိုက်ရာ
ရှိရေ့ ဝါ! နှိုးဒက် စကား
သို့သော် သူမှတ်ထင်သလို စာမဟုတ်ဘဲ အရီးဖွားမေ လောင်းလိုက်သော ကြက်ဥနှစ်လုံး ဖြစ်နေသည်ကို တွေ့တော့မှ-
အသာ သက်ပြင်းချလိုက်ရင်း ရက်ရောစွာ ပေးလိုက်၍ ဂျပန်များ ကျေနပ်သွားကြ၏။
ကြက်ဥပါ - ယူပါ - စားပါ - မာစတာ။ ကျနော်တို့ သွားတော့ ခနော်
သို့သော် သာအေးစိတ်ထဲတွင်ကား ကျိန်ဆဲမိလိုက်ပေသေးသည်။
နောင်ဘဝ ကျယင်သံပေါ် ဦးစား ဖြစ်တော်များ ဖြစ်ပါစေ
ချောင်းကွေ့ရွာ အဝင်ဝရှိ ဦးမြတ်ကျော် အိမ်ရှေ့သို့ ရောက်သောအခါ
ဆွမ်းတော် ဗျို့
အသံမဆုံးမီ ဦးမြတ်ကျော် ထွက်လာ၍ စကားဝှက်နှင့် ပြောလိုက်လျှင်-
ဦးလေး သရက်ရွက်နဲ့ ဒေါင်းသား


ဦးမြတ်ကျော်သည်ခေါင်းဆတ်ခနဲညိတ်ရင်း
ကောင်လေးတွေ ခဏစောင့်ကြ အုံးနော်..... ဦးလေးသရက် ရှက်ရှူးလိုက် အုံးမယ်...
ဟုတ်ကဲ့
မကြာမီ ဆွမ်းဟင်းခွက်ကိုကိုင်၍ ထွက်လာပေတော့သည်။
အင်း ... ဒါလဲ - လျှို့ဝှက်ချက် ပါမှာဘဲ ထင်တယ်
နောက်တနေ့တွင် သာအေးက ပန်းကန်တချပ်ကိုင်၍လာ၏။ ကြက်ဥပြုတ်ဆီဆမ်းကို ဆားလေးဖြူးထားလိုက်သေးသည်။
ဟင်း - ဒါ - ဆားအစစ် မဟုတ်ဘူး။ သေစေတတ်တဲ့ ဆေးလို - ငါရယ် - ခွေးညိုရယ်၊ လုပ်ပေး လိုက်တဲ့ အရိုး ဖွဲ့မြေ ရယ်ဘဲ ဒီတယ်
ခွေးညို - ဦးလေးမြတ်ကျော် ပေးလိုက်တဲ့ ဒီစာကို - အမေတို့နဲ့ ချိန်းထားတဲ့ - ထူးချောင်းကြီးရဲ့ တောင်ဘက်က - လက်ပံပင်အောက်ကို အရောက်သွားပေတော့
ဖြစ်ပါ့မလား သာအေးရယ်
အိုကွါ --- မင်းကလဲ ဖြစ်ပါတယ် စိတ်သာချပါ ။
သာအေးသည် ခွေးညိုကို ခိုင်းလိုက်ပြီး ကန်တော်ကြီးဘက်သို့ ခပ်သွက်သွက် လှမ်းခဲ့လေသည်။
ဂျပန်ကင်းတဲနားရောက်လျှင်ဂျပန်စစ်သားကို နှုတ်ဆက်၍ ကြက်ဥပန်းကန်ကို ပြလိုက်ရာ-
မာစတာ မာစတာ


ကြက်ဥမြှုတ်ကို မြင်လိုက်လျှင် ဂျပန်နှစ်ယောက် ပြေးထွက်လာပြီး -
ကောင်းတယ်
ဘိရုမှာ -
အားကြီး
ကောင်း
တယ်
ဂျပန်က ပန်းကန်ကို လှမ်းပေးသဖြင့် သာအေးသည် ရှုးရှုးပေါက်လိုဟန်ဖြင့် ချုံတချုံထဲ ပြေးဝင်ပြီး ချောင်းကြည့် နေသေး၏။
တဲတွင်းရှိ ဂျပန် လေးယောက်လုံး ပိုင်းစားသောက်နေသည်ကို တွေ့လျှင်
သာအေးသည် ကျေနပ်လှသဖြင့် -
အောင်ပြီ----
အမေတို့ စောင့်နေတဲ့ ဆီကိုသွားတော့မယ်
---- ဟင် ---
မြောင်းစပျိုး လာပြီ
အသာထ၍ ထွက်ပြေးရန် ဟန်ပြင်လိုက်သော်
ဂျပန်စစ်သားတယောက်သေနတ်နှင့် ကျောပေး ကင်းစောင့်နေသည်ကို မမြော်လင့်ဘဲ တွေ့ရ၍-
ကြိုရာမရဖြစ်ကာ ရှေ့တွင်အသင့်တွေ့ရသော ကျောက်တုံးကြီးကို မပြီး ခေါင်းပေါ်သို့ တအားလွှတ်ချလိုက်သည်။




ရှေးအခါက ရွာတရွာတွင် မောင် ကောက် နှင့် မောင် ဖြောင့် ဆိုသူတို့ ရှိကြ၏။ တနေ့သောအခါ မောင်ကောက်သည် မောင် ဖြောင့် ထံ သို့ သွား၍ မိမိကဲ့သို့ကောက်ကွေ့ရန် သင်ပေး၏။ ဓားကောက်ကို ပြပြီး "လူဆိုတာ ဖြောင့်နေလို့မရဘူး၊ ကောက်မှ စားရတယ်၊ဓားကောက်ကို ကြည့်ပါလား၊ ကောက်မှ အလုပ်လုပ်လို့ ရတယ်"ဟု ပြော၏။ မောင်ဖြောင့်မှာကား ဖြောင့်မြဲ ဖြောင့်နေ၏။

သို့ဖြင့် တနေ့တွင် မောင်ကောက်နှင့် မောင်ဖြောင့် တို့သည် လက်ဖက် ရောင်းရန် သွားကြ၏။ အပြန်လမ်းတွင် မောင် ကောက် သည် အကောက် ကြံတော့၏။

မိုးချုပ်လေလျှင်ခရီးလမ်းမတွင်ပင် စခန်းချကြ၏။ မောင်ဖြောင့် အိပ်ပျော် လေလျှင် အကြံသမား မောင်ကောက်လည်း မောင်ဖြောင့်၏ မျက်လုံးများနှင့် အံကိုက် ငွင်ကျသည့် သစ်ကိုင်းဂွတခုကို အချွန် ပြုကာ မောင်ဖြောင့်၏ မျက်လုံး နှစ်လုံးကို ချိန်ရွယ်၍ ထိုးစိုက်လိုက်လေတော့သည်။

အလွန် နာကျင်လှသော မောင်ဖြောင့်လည်း လူးလှိမ့်နေရသည့်ကြားမှပင် "သူငယ်ချင်း ဓမြဟော့ - ဓမြ၊ လွတ်အောင် ပြေးပေတော့" ဟု အော် ပြော ရှာ ၏။ မောင်



ကောက် မှာ ကား မောင်ဖြောင့်၏ငွေနှင့်ပစ္စည်းကိုယူ၍ ပြေးလေတော့သည်။

မျက်လုံး နှစ်လုံး ကွယ်ပြီဖြစ်သော မောင်ဖြောင့်လည်း ခြေဦး တည့်ရာ သွားရင်း ညောင်ပင်ကြီးတပင် အောက်သို့ ရောက်သွားလေ၏။ ပင်ပန်း လှ သ ဖြင့် ညောင် ပင် အောက် တွင် ပင် အိပ် ပျော်သွားလေသည်။ နံနက် လင်းသော် ညောင် စောင့် နတ်လည်း ထူး ဆန်း သောယောကျ်ားကို တွေ့ရပြီး၊ သူတော်ကောင်းလော၊ သူယုတ်မာလောဟု ခွဲခြားလို၍ အိပ်ပျော်နေသော မောင်ဖြောင့်၏ နှာခေါင်းတွင် မြက်ပင်များ ထည့်၍ စမ်းသပ်၏။

နှာခေါင်းထဲသို့ မြက်ပင် ဝင်လေလျှင် မောင်ဖြောင့်မှာ ဘုရားကို တ၏။ ခုနစ်ကြိမ် စမ်းသပ်ကြည့်ပြီး ဒေါသ မရှိသော အဖြစ်ကို သိမြင်၍ ညောင်စောင့်နတ်သည် မျက်စိ အလင်းပြန်ရအောင် ကုသပေးလေသည်။ ထို့နောက် ရွှေတုံး ရှစ်တုံးကိုလည်း ပေးလိုက်၏။

မောင်ဖြောင့်လည်း ထိုမှ ရွာသို့ ပြန်ခဲ့လေ၏။ မောင်ကောက်လည်း ဝမ်းသာအားရဟန်ပြု၍ အကြောင်းစုံကို မသိဟန်ဆောင်ကာ မေးလေ





သည်။ မောင်ဖြောင့်လည်း အဖြစ်မှန် များကို ပြောပြ၏။ ထိုအခါ လောဘကြီးသူ မောင်ကောက် သည် မောင်ဖြောင့်ကဲ့သို့ပင် ရွှေများရလိုသဖြင့် မိမိကို ညောင်ပင်အောက်သို့ ပို့ဆောင်ပေးရန် ပူဆာလေ၏။ "ငါခိုင်းသလို လုပ်မပေးလျှင် မင်းတို့တအိမ်လုံးကို သတ်မည်" ဟုလည်း ကြုံးဝါး၏။

မောင်ဖြောင့်လည်းပြော၍ မရသော သူငယ်ချင်း မိုက်ကို ညောင်ပင်ဆီသို့ ပို့ရလေတော့သည်။ သူငယ်ချင်း ၏ မျက်လုံးများကို ကား မဖောက်ရက် ပေ။ နောက်ဆုံး ၌ စိတ်မရှည်တော့ပြီဖြစ်သောမောင်ကောက်လည်း စူးရှဖြင့် မိမိမျက်လုံးများကို မိမိကိုယ်တိုင် ထိုး ဖောက် လိုက် လေ ၏။ မောင်ဖြောင့် ကား စိုးရိမ်ကြောက်ရွံ့စွာဖြင့် အိမ်သို့ပြန်ပြေးလေတော့သည်။

နံနက်လင်းသော် ညောင်ပင်စောင့်နတ်သည် လူသား တဦး ညည်းညူနေသည်ကို တွေ့ရပြန်၏။ သူကောင်းနှင့် သူယုတ် ခွဲခြားလို၍ မောင်ဖြောင့်ကဲ့သို့ပင် စမ်းသပ်လေရာ၊ မောင်ကောက်ကား နှာခေါင်းထဲသို့ မြက်ပင်ဝင်လျှင်ပင် စရိုက်အတိုင်း ဆဲရေးလေတော့သည်။

ညောင်စောင့်နတ်လည်း ဆက်၍ စူးစမ်းရာ သူတော်




ကောင်းအား ပြစ်မှားသူ ဖြစ်သည်ကိုသိရ၏။ သို့သော်မိဘဆွေမျိုးများ ဆိုဆုံးမမှု မရှိ၍သာ ဤသို့မိုက်မဲရသည် ဟု စဉ်းစားမိပြီး မျက်စိမြင်အောင် ကုသပေးလိုက်၏။ ထို့နောက် "သင် တဦးတည်း ချမ်းသာလိုသလား၊ ဆွေမျိုးသားချင်းအားလုံးပါချမ်းသာလိုသလား" မေး၏။ မောင်ကောက်ကလည်း "ကျွန်ုပ်နှင့်တကွဆွေမျိုးအားလုံးပါ ချမ်းသာလိုပါသည်" ဟုပြန်ဖြေ၏။

"ကောင်း ပြီ၊ သင့် အား ရွှေတုံးများ ထည့်ထားသော တောင်း ကို ပေး လိုက် မည်၊ ဆွေမျိုးများ အားလုံးစုံမှသာ တောင်းကို ဖွင့်ပါ" ဟု ညောင်စောင့်နတ်ကမှာလိုက်၏။

မောင် ကောက် လည်း ဝမ်းသာအားရဖြင့် ရွာသို့ ပြန်ရောက်လျှင် ဆွေမျိုးအားလုံးကို သူ့အိမ်သို့ခေါ်၍ တောင်းကြီးကို ဖွင့်လိုက်၏။ တောင်းထဲတွင် ရွှေတုံးများကို တွေ့ရသဖြင့် အလွန် ရွှင်မြူးနေကြ၏။ သို့သော် မကြာမီ မှာပင် ရွှေတုံး များ သည် မြွေကြီးများအဖြစ်သို့ ပြောင်းလဲသွားပြီး၊ မောင်ကောက်နှင့် တကွ မောင်ကောက် ကို ငယ်စဉ်က မဆုံးမ ခဲ့ကြ သော ဆွေမျိုးများ ကိုပါ ကိုက်သတ် လိုက်လေတော့သတည်း။

လူထုဦးလှ




လက်ဆင့်ကမ်းလိုက်ပါ
ငါ့ကိုကူညီတဲ့အတွက် ငါက မင်းအတွက် ဘယ်လိုပြန်ပြီး ကူညီရမလဲ၊ ဟင်
ကျနော့်ရဲ့ သူတပါးကိုကူညီမှုကိုသာ လက်ဆင့်ကမ်းလိုက်ပါ။ ဒီလိုလုပ်ရင် ကျနော်တို့ဟာ တချိန်ချိန်မှာ လူတွေရဲ့ ကူညီမှုကို အလိုလိုပြန်ရလာလိမ့်မယ်လို့ မေမေက ပြောပါတယ်၊
တခါတုန်းက သူတပါးကို ကူညီတတ်တဲ့ သူငယ်လေး တယောက်ရှိတယ်။ သူ့နာမည်က ''မိုးမိုး'' တဲ့။ တစုံတယောက်ကို သူကကူညီလိုက်လို့ အဲဒီလူက-
မိုးမိုးဟာ သူ့ရဲ့ ''သူတပါးကို ကူညီမှု''ကို လက်ဆင့်ကမ်းစေလိုက်တဲ့အတွက် ဘယ်လိုဖြစ်လာသလဲဆိုတာ သင်လေ့လာသင့်ပါတယ်။ တနေ့ မိုးမိုးဟာ လမ်းလျှောက်အလာ-
အမေကြီး၊ ဘာဖြစ်လို့လဲ၊
ဈေးဗန်းမှောက်ကျလို့ကွယ်
အမေကြီး သစ်သီးတွေ ကျနော်ကူပြီး ကောက်ပေးပါ့မယ်၊
ကျေးဇူး ပါပဲကွယ်
မင်းရဲ့ ကူညီမှုအတွက် သစ်သီးတလုံး ကျေးဇူးဆပ်ပါရစေ
နေပါစေ၊ ကျနော့်ရဲ့ သူတပါးကို ကူညီမှုကိုသာ လက်ဆင့်ကမ်းလိုက်ပါ၊
မိုးမိုးဟာ ပြောပြောဆိုဆိုနဲ့ ထွက်ပြေးသွားတယ်၊
အား၊ သိပ်ကောင်းတဲ့စကားပဲ၊ သူငယ်လေးရဲ့ သူတပါးကို ကူညီမှုကို ငါ လက်ဆင့်ကမ်းပေးရမယ်တဲ့ ဟုတ်ပြီ၊


အဖွားကြီးဖြတ်လာတဲ့လမ်းမှာ ခဝါသည်တဦးဟာ ရေစိုအဝတ်တွေကို လှန်းနေတုန်း-
အဖွားကြီးက အဝတ်တွေကို ခက်ခက်ခဲခဲ လိုက်ဖမ်းယူလိုက်တယ်။
ခဝါသည်ဟာ အဖွားကြီးရဲ့ စကားကို မှတ်ထားပြီး သူ့အခွင့်အရေးကိုစောင့်နေတုန်း-
ကလေးမကို ကောက်ညှင်းထုပ်တခု ပေးလိုက်တယ်။
ကလေးမဟာ ခဝါသည်ရဲ့ စကားကို မှတ်သွားတယ်။ သူ့အိမ်ကို အပြန် လမ်းမှာ-
အဒေါ်ကြီး ဈေးက ပြန်လာတော့-


နေ့လယ်ကျတော့အဒေါ်ကြီးဟာအပြင်ထွက်လာတုန်း သူတို့ရပ်ကွက်ထဲကစက်ရုံဂိတ်စောင့်ကြီးက-
ကျုပ်အတွက် ထမင်းချိုင့် ခုထိလာမပို့သေးဘူးဗျာ၊ ဆာလှပြီ
ဟုတ်ပြီ၊ ကျမ ရှင့်အိမ်ကိုသွားပြီး ယူပေးပါ့မယ်၊
အဒေါ်ကြီး ပြန်ရောက်လာသောအခါ-
ခင်ဗျားဟာ သူတပါးကို ကူညီသူဘဲ
ဒါဖြင့်၊ လက်ဆောင် ကမ်းလိုက်ပါ
ဘာကိုလဲ
သူတပါးကို ကူညီမှုကို ပေါ့
ဂိတ်စောင့်ကြီးဟာ ဘယ်သူကို ကူညီရမယ် ဆိုတာ စဉ်းစားလို့ မရသေးဘူး။ ညနေ(၆) နာရီလောက် ရောက်တော့-
ဦးလေးကြီး၊ ကျနော့်ဘောလုံး စက်ရုံဝင်းထဲကျသွားလို့ ယူပေးပါလားဟင်
ဟေ၊ ဟုတ်ပြီ၊ ငါ ကူညီပါ့မယ်
ဂိတ်စောင့်ကြီးက ဘောလုံးကို ယူပေးလိုက်တယ်။
ဦးလေးကြီးဟာ ခလေးတွေကို ကူညီသူပါဘဲ
ဒီလိုဆိုရင် သူတပါးကို ကူညီမှုကို လက်ဆောင် ကမ်းလိုက်ပါလား
ကလေးငယ်က ကျေနပ် ဝမ်းမြောက်စွာနဲ့ ပြန်လည် ကတိပေးလိုက်တယ်။
ဗျာ! ဟုတ်ကဲ့၊ ဦးလေးကြီးရဲ့ ကူညီမှုကိုရော၊ ကျနော့်ရဲ့ သူတပါးကို ကူညီမှုကိုပါ၊ လက်ဆောင်ကမ်းလိုက်ပါ့မယ်၊ စိတ်ချပါ
အဲဒီကလေးရဲ့ မျက်နှာကို သင်မြင်လျှင် မှတ်မိပါလိမ့်မယ်။ အဲဒီကလေးကတော့ ဟိုနေ့မနက်က သူ့ရဲ့ ''သူတပါးကို ကူညီမှု'' ကို လက်ဆောင့်ကမ်းစေတဲ့ ''မိုးမိုး'' ဘဲပေါ့။ ခုဆိုယင် မိုးမိုးဟာ သူ့ရဲ့ သူတပါးကို ကူညီမှုကို ထပ်မံပြီး လက်ဆင့်ကမ်းဖို့ အသင့်ဖြစ်နေတယ်။ ဒီအကြိမ်မှာ သင့်ထံကို သူက လက်ဆင့်ကမ်းလိုက်ပြီ ဆိုပါတော့။ ဒီအခါ သင်ကလဲ နောက်တယောက်ကို လက်ဆင့်ကမ်းလိုက်ဖို့ ဝန်မလေးပါနဲ့။
ပြီး



# ဆီဆိုသည်မှာ အဘယ်နည်း

ဆီ ဆို သော စ ကား လုံး သည် ဆီသုံးမျိုး သုံး စား ကို သရုပ် ဖော် သော စကား လုံး ဖြစ်သည်။ ပထမ အမျိုး အစားမှာ သစ်ပင်များမှ ရသော ဆီ ဖြစ်သည်။ ဥပမာ တာပန်တိုင်ဆီ၊ ကန် ဖာ ခေါ် ပရုပ်ဆီနှင့်ယူကလစ်ဆီ စသည်တို့ဖြစ်လေသည်။

ဒုတိယ အမျိုး အစားမှာ "ဖက်တီအွိုင်" ခေါ် အ ဆီ မှ ရသောဆီ ဖြစ် သည်။ ထို ဆီများကို အစိုင်အခဲအဖြစ်ဖြင့် ၎င်း၊ အရည် အဖြစ်ဖြင့် ၎င်း ထုတ်လုပ်သည်။ ယင်းဆီမျိုးကို အပင်များ၊ တိရစ္ဆာန်များနှင့်ငါးအချို့မှရရှိသည်။အပင်မှရသော ဆီများမှာ ကြက်ဆူဆီ၊အုန်းဆီ၊စားသုံးဆီ စသည်တို့ ဖြစ်သည်။ တိရစ္ဆာန် နှင့် ငါးများမှ ရသော ဆီ များမှာ ဝက်ဆီ၊ အမဲဆီ၊ ဝေလ ငါးဆီ၊ ငါး ကြီး ဆီ စ သည် တို့ ဖြစ်လေသည်။

တတိယ အမျိုးအစားမှာ တွင်းထွက်ဆီများ ဖြစ်သည်။ ဥပမာ ရေနံဆီ၊ ရှဲလ်ဆီ ခေါ် ကျောက်တမျိုးမှ ထွက်သော ဆီနှင့်ကတ္တရာမှ ထွက်သောဆီ စသည်တို့ ဖြစ်လေသည်။

တက္ကသိုလ်ဖြူမြင့်

## ဗိုက်ထဲက ထွက်ပါတယ်



# ပင်လယ်ကျော်ဖိုးမြလေး

ကိုကြီးမြင့်သိန်း



ပင်လယ်ကမ်းခြေ တဝိုက်တွင် လှေတစင်းနှင့် ဖိုးမြလေး ပိုက်ချရင်း ငါး ရှာ နေ သည်။ သူ့အသက်မှာ ဆဲ့သုံးနှစ်မျှသာ ရှိသေး၍ ယောင်ပေစူးလေးနှင့် ဖြစ်သည်။

သူသည် ဝင် တော့မည့် နေလုံး ကြီး ကို မျှော် ကြည့် ရင်း သူ့အဖေ ကိုကောက် ချေးတပ် အဆွဲ ခံ ရ သော ညနေကို မြင်ယောင်လာသည်။

ထိုညနေက သူ့အဖေနှင့်သူ ငါးရှာရာမှ အိမ်ပြန်အရောက်တွင် သူ့အမေ မစိန် ပြင်ထား သော ထမင်းပွဲကို သား အမိ သား အ ဖ သုံး ယောက်မြိန်ရေယှက်ရေ စားနေ ကြသည်။ ထိုအခိုက် သူကြီး ဦးပွ နှင့် သူ့သားမက် ဂျပန်စစ်သား ယာမဆကီးတို့ ရောက်လာသည်။

"သူကြီးမင်း ထမင်း သုံးဆောင်ပါဦးခင်ဗျာ"

"ဟင်း မင်းက ခုမှ ငါ့ကို မျက် နှာ ချို သွေး သ လား ကောက်ရ။ ဘာရမလဲကွာ.... မင်းရတဲ့ငါးကို ငါ့ကိုရောင်းဖို့ ပြောတုန်းက မရောင်းနိုင်ဘူးဆိုတဲ့မင်းကို ငါတသက်မကြေဘူးကွ"

"ဒါ က တော့ သူ ကြီး မင်း ရယ်.... သူကြီးမင်း ထက် ဈေး ပိုပေးတဲ့ ငါးပွဲစား ကိုစိန်တုံးကို ကျုပ် ရောင်း ဖို့ ပြောပြီးသား ဖြစ်နေလို့ပါ"

"ဒီလိုဘယ်ရမလဲ ကောက်ရာ....မာစတာ ဒီကောင် ကျုပ်ကို မတရား လုပ်တဲ့ ကောင်ပါ။ သူ့ပါးကိုရိုက်ပြီး ချေးတပ် ပို့ပါ မာစတာ"

သူကြီး စကား အဆုံး တွင် ဖက်ဆစ် ပေါက်သား ဂျပန်ရိုင်းက ကိုကောက်ရကို ပါးရိုက်ပြီး လက်ပြန်ကြိုးတုပ်ခေါ် သွားလေသည်။

အဖေမရှိကတည်းက သူ့အမေကို သူပဲငါးရှာကျွေးခဲ့သည်။

နောက် ခြောက်လခန့်အကြာတွင် အဖေနှင့်အတူ ချေးတပ် အဆွဲခံရသော ကိုစံဝ ရွာပြန်ရောက် လာပြီး သံဖြူဇရပ်တွင် သူ့အဖေ သေဆုံး သွားသော သတင်းကို သူ့အမေအား လာ ပြော သည်။ သူ့ အမေမှာ သူ့ အဖေ့ သတင်းဆိုး ကြားကြားချင်း ပဋ္ဌာမြေလူး ငိုရှာသည်။

ခုလည်းထိုအကြောင်းကိုသူ တွေးမိပြီး ငိုနေမိသည်။

နေလုံးမပျောက်ခင် ငါး အတော်အသင့်ရ၍ သူ့လှေကလေးကို ကမ်းဖက် ပြန်လှော်ခဲ့သည်။ ကမ်း နှင့် မ လှမ်း မ ကမ်း အရောက်တွင် –

"ဟေး.... ဘီရုမာ လူ ကလေး" ဟု ခေါ် သံကြား၍ ကမ်းပေါ် သို့ သူလှမ်း ကြည့် လိုက်သည်။ ကမ်းပေါ် တွင် ဂျပန် စစ်သား နှစ်ဆယ်မျှ သူမြင်ရသည်။ ထိုဂျပန်တို့ကား ဗ မာ့ တော် လှန်ရေး တပ်သား များကို ကြောက်လန့်၍ ခွေးပြေးဝက် ပြေး ပြေး လာ ကြ ခြင်း ဖြစ်သည်။

ဂျပန် တယောက်က သူ့ကို လက်ယပ် ခေါ်သည်။ သူလည်း ကြောက် လန့် ပြီး လှေလေးကို တချိန်ထိုးလှော်ခတ်ကာကမ်းသို့ ကပ်သွားသည်။ ဗမာလို ခေါ်သော ဂျပန်မှာ သူ့ အဖေ ကို ပါးရိုက်ပြီး ချေးတပ် ဆွဲသွားသော သူကြီးသားမက် ယာမဆကီး ဖြစ် နေ သည်။ ယာမဆကီး သူ့ကို မှတ်မိပုံမရချေ။

"လူကလေး.... ငါတို့ မော်လမြိုင်ကို သွားမယ်။ ငါတို့ကို ဟိုဖက်ကမ်းပို့ပေးစမ်း"

"ဟုတ်ကဲ့....၊ မာစတာ"

တခေါက်လျှင် နှစ်ယောက်ကျတင်၍ သူ့လှေလေးနှင့် သဲသောင်ပြင်ကမ်းသို့ပို့ပေးသည်။ ဆယ်ခေါက် တိတိ အသွား အပြန် ခတ်ပြီး ချိန်တွင် ဂျပန်စစ်သား အားလုံး သဲသောင်ပြင်ပေါ် ရောက်သွားကြသည်။

ဂျ ပန် စစ် သား အား လုံး ရောက် သွား သော အ ခေါက်တွင် ဝမ်းမြောက် ဝမ်းသာ အချင်းချင်း ပြောကြပြီး သူ့ကို ဂျပန်ငွေစက္ကူ အထပ်လိုက်ပေးကြသည်။

"ဆာ ယိုး န ရ .... ဘီ ရု မာ လူကလေး"

အားလုံးက သူ့ကို နှုတ်ဆက်ပြီး တပျော် တပါး ထွက် ခွာသွား ကြ သည်။ အ မှောင် ထု အောက်တွင် ဂျပန်တွေပျောက်သွား မှ လှေ ကလေး ကို ကမ်းဖက် သူပြန်လှော်ခဲ့သည်။

ဂျပန်တွေ ဘယ့်လောက်ပဲ ဝမ်း သာသာ သူ လောက် ကား ဝမ်းမသာဟု သူထင်သည်။

အိမ်သို့ သူပြန်အလာတွင် ခြံပေါက်ဝက စောက်ကြိုနေသော အမေ့ကို သူတွေ့ရသည်။

"မှောင်လှ ပါရော့လားဟဲ့ - ဖိုးမြရဲ့၊ လူလေးကို စိတ်မချလို့ အမေ ထွက်ကြိုနေတာ"

သူ့အမေက ပူပန်စိတ်လွှမ်းသံနှင့် ဆီးမေးသည်။

"မှောင်ဆို ဂျပန် စစ်သားနှစ်ဆယ်ကိုပို့ပေးနေရလို့ပါ။ သူတို့ကိုဘယ်သူကများ သဲသောင်ပြင်ကြီးပေါ်က သွားယင် မော်လမြိုင်ရောက်မယ်လို့ ပြောလိုက်တယ် မသိ ပါဘူး ဗျာ။ သူတို့ မော်လမြိုင်သွားမလို့ သဲသောင်ပြင်ပေါ် ပို့ပေး ဆိုတာနဲ့ ကျွန်တော်လဲလိုက်ပို့လိုက်ရတယ်"

"ဟုတ်လား...."

"ဟုတ်ပါတယ်အမေရဲ့။ သူတို့ခေါင်းဆောင်က အဖေ့ကိုပါးရိုက်ပြီး ချေးတပ်ဆွဲတဲ့ သူကြီးသား မက် ယာမ ဆကီး လေ။ ကျွန် တော် တော့ သိပ် ပျော် တာဘဲဗျာ။ ဒီည ရေတက်ယင် ဒီကောင် တွေ အား လုံး ပြေးပေါက် မရှိဘဲ သောင်ပြင် ပေါ်မှာ ရေနစ်ပြီး ခွေးသေဝက်သေ သေကြရတော့မှာ"

အားရ ပါးရကြီး ပြောပြီး သူဟားတိုက် ရယ် လိုက် သည်။ သူ့ အ မေ ပင် ထိတ်လန့် သွား သည်။

## လတပေါင်း

ရောင်စုံတိမ်တွေ ပန်းချီပန်း
မိုးလုံးပြည့်လို့လွှမ်း။

ကပ္ပိပြည်နန်း တိုင်းကြီးခွင်
မြန်းကြွဗုဒ္ဓရှင်။

ရွက်ဟောင်းမြေတွင် စုပုံခ
ကိုက်ဖူးပုရစ် ရွှန်းရွှန်းမြ။

သာစွသဲသောင် မြရိပ်ညို
ဟသ်ာဖိုမ တေးသံချို။

တံငါအို လှေယာဉ်စီး
ဒေါင်ဒင် ဟစ်ခါတီး။

ယာမီးကြွေ့ ကြွေ့ ငွေရောင်
မီးခိုး တလူလူ။

ကိုတောင်သူ သူ့ခြန်အား
လုပ်အားလှိုင်လို့ပွား။


အညာဘုရား မန်းစက်တော်
နှဲစို့ တူပျော်ပျော်။

တပ်မတော် တော်လှန်ရေး
တပေါင်းလတဲ့လေး။ ။

လက်ပံနီ



R. 517



# ခြင်


ခြင်ကို မမြင်ဘူးသူ ရှားပေမည်။ သို့သော် ခြင်ကောင်ပေါက်ဖွား လာ ပုံ ကိုမူ သတိပြုမိသူ နည်းမည်ဖြစ်သည်။

ခြင်မသည် ဥများကို အများအားဖြင့် ဗွက်အိုင်၊ ရေအိုင်၊ ရေကန်နှင့် စမ်းချောင်းဘေး တလျှောက် ရေဝပ် နေသည့်နေရာ များတွင် အုတတ်ကြသည်။ ခြင်ရိုးရိုး၏ ဥများသည် တခုနှင့်တခု ဆက်နေ၍ ရေ မျက် နှာ ပြင် ပေါ် တွင် ဖောင်ကလေး သဖွယ် မျောနေတတ်သည်။ ငှက်ဖျားရောဂါ ဖြစ်စေတတ်သော ခြင်၏ ဥများမှာမူ သီးခြား ရှိနေပြီး ရေအောက် တွင် နစ်မြုပ်နေတတ်သည်။

တရက် နှစ်ရက် အကြာ၌ ဥများမှ ပိုးလောက်လန်းများ ပေါက်လာ ကြသည်။ ခြင်ရိုးရိုး၏ ပိုး လောက် လန်း များသည် ရေထဲ၌ အမြီးကို ရမ်းကာ ကိုယ်ကိုလွှန့်၍ သွားလာပြီး အစာရှာဖွေ စားသောက်ကြသည်။ နားနေသည့် အခါ ဦးခေါင်းကို ရေအောက်တွင် စောက်ထိုး ထား၍ နေတတ်သည်။ ငှက်ဖျား ခြင်၏ ပိုးလောက်လန်းမှာ ကိုယ်ကို အလျှား လိုက် နား နေ တတ်သည်။ ပိုးလောက်လန်းဘဝမှ ကြီးလာသောအခါ ပိုးတုံးလုံးအဖြစ် ရေထဲ၌ပင် အစာ မစားပဲ နေသည်။ ရက်အနည်းငယ်အတွင်း အရေခွံ လဲလိုက်ရာ အင်္ဂါစုံခြင်ကောင်ဖြစ်လာပြီး လေ ထဲ ၌ ပျံ သန်း လေ တော့သည်။ ဥမှ ခြင်ကောင်ဖြစ်လာသည် အထိ ၁၀ ရက်ခန့်ကြာသည်။

ခြင်ဖိုသည် သစ်ရည်၊ သစ်သီး အရည်ကို စားသောက်သော်လည်း ခြင်မသည် သွေးကို အနှစ်သက်ဆုံး ဖြစ်သည်။ ခြင် ရိုးရိုးနှင့် ငှက်ဖျားခြင် တို့ကို နားနေဟန်အရ ခွဲခြားနိုင်သည်။ ငှက်ဖျား၊ ငန်းဝါဖျား၊ သွေးလွန် တုပ်ကွေး စသည့် ရောဂါ များ ဖြစ် စေ တတ်သော ခြင် အမျိုးပေါင်း များစွာရှိရာ ခြင်အားလုံးပင် ရေတွင်သာ ပေါက်ဖွားကြသည်။

မောင်ဆုပန်



၃၅ ပြား


ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

# ရွှေသွေး ဂျာနယ်

(အဆက်)

ပန်းချီ-ဦးဘကြည်။
ဇာတ်လမ်း-မြင်းမူမောင်ခိုင်မိုး

၁၃၃၆ ခု၊ တပေါင်းလဆုတ် ၃ ရက် (၂၉-၃-၇၅)




စနေနေ့တိုင်း ထုတ်ဝေသည်။



ဂျပန်သည် လုံးဝမလှုပ်ပဲ ငြိမ်သွားတော့မှ သူ့သေနတ်ကို ဖြုတ်ယူပြီး
တောင်မြှောက်လေးပါး အကဲခပ်ကာ
တရှိန်ထိုး ထွက်ပြေးလေသည်။
ချွေးတလုံးလုံးဖြင့် ဝဲစင်းခုံခင်းကို ဖြတ်ပြေးရင်း အဝေးဆီမှ လှုပ်လှုပ်ကိုမြင်သဖြင့် သတိကြီးစွာနှင့်လာရာ
ဟာ — ဒါဖေတို့နဲ့ တူတယ်။ ဒီတောစပ်မှာ ရှိမယ်တဲ့
ဒါပေမဲ့ ဂျပန် အုပ်နဲ့ တိုးမိယင်တော့ ဒုက္ခပါဘဲ ---
မလှမ်းမကမ်းကျမှ အလံနီကို တွေ့ရ၍ ဝမ်းသာပြီး ပြေးဝင်လေ၏။


သာအေး -
လာ - လာ
ဟာ-
အဖေတို့လား
ကျနော်လေ . အမေ့ကိုသတ်ပြီး-
မယားတွေကို ရက်စက်တဲ့
ဂျပန်ဆိုးတွေကို သတ်ခဲ့ပြီများ----
ဟောဒီမှာ ကြည့်
သူတို့သေနတ်
ဒါမှ ငါ့သား ။ ဖခင်းတယ်တော်ပါလါ။
ချီးကျူးပါတယ်ကွါ ...
ဖခင်း - တော်လှန်ရေးသမါး
ရဲဘော် သာအေး
ဖြစ်ပြီ ။
ကျန်ရဲဘော်များဖြစ်သော ဦးလေးထွန်း၊ ဦးမြတ်ကျော်၊ ခွေးညို စသူတို့ကလည်း
ရဲဘော် သာအေးရဲ့ တော်လှန်တိုက်ခိုက်ခဲ့တဲ့ အောင်ပွဲကို ဂုဏ်ပြုပါတယ်။
အရေးတော်ပုံ အောင်ရမည်။
အရေးတော်ပုံ အောင်ရမည်။
အရေးတော်ပုံ အောင်ရမည်။
ရဲဘော် သာအေး မေါ်ရှာပြီ။
ရေသောက် လိုက်အုံး
ဟုတ်ကဲ့
ဒီရွာနားမှာ သောင်းကျန်းနေတဲ့ ပေုတွေတော့ အားလုံးသေကုန်ပြီ။ဘယ်ကပေါ်လါအုံးမလဲတော့ မသိဘူး။
ကိစ္စ မရှိပါဘူး ရဲဘော်သာအေးရယ် ။ သတင်းကောင်းတခု - ဦးလေး ပြောမယ် ။


....ဒီနေ့ဘဲ ဗမာ့တပ်မတော် တတပ်-ဒို့နယ် ကိုရောက်လာတယ်။ လက်နက် အပြည့်အစုံ နဲ့ကွဲ။ ရောက်ပြီး မကြာပါဘူး...
...အရေးဒွါ လိုက်ကြတယ်...
ဗျာ
...စစ်ဝတ်စုံတွေ ချွတ်ပြီး - အရပ်သား လုပ်လိုက်ကြတယ်။ တော်လှန်ရေး စ. မလို့ တဲ့။ ဗိုလ်ချုပ်အောင်ဆန်း ရဲ့ လျှို့ဝှက် အမိန့်တဲ့......
...ငါတို့တောရွာတွေကိုပါ-လက်နက်ဝေငှပြီး သူတို့က ကွပ်ကဲပြီး -တပြည်လုံးမှာ တခါထဲ-မတ်လ-၂၇-ရက်နေ့ကစ-တော် လှန်ကြမယ်တဲ့။ ဒို့နဲ့ ဆက်သွယ်ထားပြီး ပြီလေ----
ဟါ. ဝမ်းသာလိုက်တာ..... ဒါနဲ့. ဗိုလ်ကြီးတွေကို ဘယ်လိုလုပ် မှတ်မိများလဲ ဦးလေးရဲ့
အို-လွယ် ပါတယ်။ တော်လှန် ရေး ကြယ်တံဆိပ်တို့၊ လျှို့ဝှက်စကားတို့၊ ဘာတို့ညာတို့ပေါ့.
ယခုလည်း နွေရာသီရောက်ပြန်ပြီဖြစ်၍ လေရူး သုန်သုန်ဝေလျက်၊ ဥဩငှက်လည်း တွန်ကြူး လျက်၊ တပင်လုံးရဲရဲနီကာ တောက်ပဝင်းကြွ လျက် ရှိသော လက်ပံပင်ကြီးကလည်း မျိုးချစ် တော်လှန်ရေး သမားများ၏ ရဲစွမ်းသတ္တိအား ကိုဖော်ပြလျက် ရှိချိန်တွင်
ဦးသာအေးသည် လွန်ခဲ့သော နှစ်၃၀ခန့်က အတွေ့အကြုံ များကို သားသမီး များအား ပြောပြရင်း ပီတိဖြစ်နေလေသတည်း။

ပြီး


ရေးဆွဲသည်
ထွန်းထွန်း၏အစ်ကိုသည် ဆေးတက္ကသိုလ်မှ နောက်ဆုံးနှစ် ကျောင်းသားတယောက် ဖြစ်သည်။ ထွန်းထွန်းနေမကောင်းလျှင် ကိုယ်တိုင်ဆေးထိုးပေးသည်။
ညီလေး....ညကျရင်ဒီဆေးပြားကိုသောက်ပြီးရင်..ကြက်ဆွတ်ပြုတ်ကို အရည်ဘဲသောက် အဖတ်ကိုမစားနဲ့နော်..မင်းရဲ့ရောဂါက အဖတ်စားလို့မရသေးဘူး....
ဟုတ်ကဲ့ ကိုကို....
ကိုကို၏ စေတနာနှင့် ဆေးအစွမ်းကြောင့် ထွန်းထွန်းမှာ နာလန်ထစ ပြုလာ၏။ အားအင် တဖြည်းဖြည်း ပြည့်လာပြီး နေကောင်းလာ၏။
ထွန်းထွန်းသည် ကိုကိုကို စိတ်ဝင်စားနေ၏။
ကိုကိုဟာ..မကြာခင်ဆရာဝန်တယောက် ဖြစ်တော့မှာ....သူ့လိုဆေးကျမ်းစာအုပ် အထူကြီးတွေဖတ်ရရင်...ငါ့ကိုလူတွေ သိပ်အထင်ကြီးမှာဘဲ..ပြီးတော့....... သူတို့ရဲ့ဝေဒနာကိုကုပေးရင်... သိပ်ကျေးဇူးတင်ကြမှာဘဲ.. ငါဆရာဝန်ဖြစ်ရင်.. သိပ်ကောင်းပေါ့-
ကိုကို-ဒီနေ့ဆေးရုံမသွားရဘူးလား
ဟေ-သွားရမှာပေါ့... ဆေးရုံကြီးအရေးပေါ်ဌာနမှာ...ညဘက် တာဝန်ကျတယ်..ကွ-


ကိုကိုအိမ်မှာနေသော ရက်များတွင် ထွန်းထွန်းသည် ဆေးရုံမှ အတွေ့အကြုံများကို မေးလေ၏။
ကြောက်တယ်တို့ ရွံတယ်တို့ ဆိုတာ... ကိုကိုတို့မှာမရှိတော့ဘူး ထွန်းထွန်း၊ ကြာလေ အတွေ့အကြုံများလေ ဒီစိတ်တွေပျောက်လေဘဲ-ကွဲ့-
ဝေဒနာခံစားနေရတဲ့ လူနာတယောက်ဟာ....ဘယ်လောက်ထိ ဆရာဝန်တယောက် အပေါ် အားကိုးတယ်ဆိုတာ.... မင်းကိုယ်တိုင် .ဖျားဘူးတာဘဲ..သိမှာပေါ့-
ဟုတ်ကဲ့
ဒီတော့ သူတို့ရဲ့ဝေဒနာခံစားချက်ကို-ကိုကိုတို့က-ကိုယ်ချင်းစာတဲ့စိတ်နဲ့ ဆေးနဲ့ အပြည့်အဝထားပြီး ကုပေးလိုက်လို့-ပျောက်သွားယင်...သိပ်ကျေးဇူးတင်ကြတာ.... အတိုင်းအဆမရှိတဲ့-ကုသိုလ်လဲရတာပေါ့
ကိုကို၏ ထက်သန်စွာ အပြောကောင်းမှုကြောင့် ထွန်းထွန်းတယောက် ဆရာဝန် ရူး ရူးတော့သည်။
ဟဲ..ဟဲ... ဆရာဝန် ပေါက်စလေးပေါ့
တနေ့
ဟော့ကောင်ထွန်းထွန်း ပွဲကောင်းတွေ ဘော်လုံးအသင်း ရောက်လာကြ ပြီ... သွားကြမယ်..ကွာ...
အေး... ဖြေးပါဦးကွ-
ထွန်းထွန်းတို့ ဘောလုံးအသင်းသည် တခြားရပ်ကွက်မှ ဘောလုံးအသင်းကို ပြတ်ပြတ်သတ်သတ် အနိုင်ရရှိသွား၏။
ဖိုးထောင်သံရူးသွားလို့ ပေါ့ကွာ..ရှိ.မို့ ယင ဝင်လိုက်မဲ့ ဂိုးတွေ... ရေတော်ရေရိုင်မှာ မဟုတ်ဘူး-ဟေး


ထွန်းထွန်းသည် ဖိုးထောင်၏အနာကို ရေနွေးနှင့် စင်အောင်ဆေးပြီး ဆေးထည့်ပေးလေသည်။
ဖိုးထောင်မင်းဘာမှမပူနဲ့- သံစူးတာကိုငါလုပ်ပေးမယ်..
သံစူးတယ်ဆိုတာ.. မပေါ့ရဘူးကွ- သေးတယ် ဆိုပြီး...ပေါ့လို့မေးခိုင်ပိုး ဝင်သွားယင် သေတတ်တယ်... မေးခိုင်ပိုးကာကွယ်ဆေး..ငါထိုးပေး မယ်....
ပော့ကော်ဇ ဖြစ်ပါ့မလား..
ဖြစ်ပါတယ်ကွ
အင်း.... ကိုကိုလုပ်သလို- ဆေးထိုးအပ်ကို ရေနွေးနဲ့ဆေးရမယ်-
ဖြီးတော့.... ပုလင်းထဲက ဆေးကို စုပ်- အား.... အပ်ထိုးမိပြီဗျ-
ဟေ့ - ထွန်းထွန်း ဘာဖြစ်တာတုံး
ဟာ! ဆေးထိုးအပ်နဲ့ ဆေးတွေကို ယူလုပ်နေတာကိုး ဒုက္ခပါဘဲ.....
ထွန်းထွန်းကတယ်တတ်ယောင်ကားလုပ် တာကိုး-ဆေးထိုးမှားယင် သေတတ်တယ်.. ကိုယ်နဲ့မဆိုင်တဲ့ပစ္စည်းတွေကို ဘယ်တော့မှယူမကိုင်ရဘူး ကြားလား....
ဟုတ်ကဲ့ ကိုကို..
အင်း.... ငါသူငယ်ချင်းကို ငါသတ်သလို ဖြစ်တော့မလို့
ပြီး




တခါက ဆွမ်မရာ နာဂ ရွာတရွာတွင် "လော်ရော်ပေါ့" ဟူသော လူတယောက် ရှိ၏။ သူသည် ငယ်ငယ်ကတည်းက အလွန် ပျင်းသူ တယောက် ဖြစ်၏။ သူ့မိဘများက ချော့၍၎င်း၊ ချောက်၍၎င်း ခိုင်းသော်လည်း မရသဖြင့် အကြမ်းဖက် ရိုက်နှက် ခိုင်းကြပြန်၏။ သို့သော်ပျင်းမြဲ ပျင်းနေသဖြင့် လက်လျှော့ပြီးဘာမျှ မခိုင်းကြဖို့ ဆုံးဖြတ်လိုက်ကြရတော့သည်။



သို့ဖြင့် လော်ရော်ပေါ့သည် အပျင်းထူရင်း အရွယ်ရောက်လာ၏။ မိဘ နှစ်ဦးလည်း သူတို့သားကို ဆက်ကျွေးဖို့ ငြိုငြင်လာပြီး မည်သို့လုပ်ရမည်ကို အချင်းချင်း ခဏခဏ ဆွေးနွေးကြ၏။



တနေ့တွင် အဖေ ဖြစ်သူက သူ့သားကို မိန်းမပေးစားရန် အကြံ ရလာသည်။ အိမ်ထောင်ချပေးပြီး အိုးစား ခွဲလိုက်လျှင် လော်ရော်ပေါ့သည် ဝမ်းရေးအတွက် အလုပ်တခုခုကို မုချလုပ်ရ တော့မည်ဟု ဖခင်က တွေးမိ၏။ ထိုအကြံကို မိခင်ကလည်း သဘောကျသဖြင့် ရပ်ရွာထဲမှ မိန်းကလေး တယောက်ကို ထုံးစံအတိုင်း တောင်းရမ်းပြီး ထိမ်းမြားလက်ထပ် ပေးလိုက်လေ၏။ သို့ဖြင့် လော်ရော်ပေါ့လည်း သူ့မိဘနှင့် တအိုးတအိမ်စီ ဖြစ်သွားလေသည်။



လော်ရော်ပေါ့၏ မိန်းမသည် သူ့ယောကျ်ား တဖြည်းဖြည်းနှင့် အလုပ်လုပ်ကောင်းရဲ့ဟု အောက်မေ့ပြီး ဘာမျှမပြောပဲ သူကသာ လုပ်ကိုင်ရှာဖွေ ကျွေးမွေး နေလေသည်။ သို့သော် သားသမီးများ ရလာသည့် အချိန်ထိ လော်ရော်ပေါ့မှာ ပျင်းမြဲပျင်းနေသဖြင့် သူ့မိန်းမမှာ သည်းမခံနိုင်တော့ပဲ မကြာခဏ ဆူပူကြိမ်းမောင်းလေသည်။ ကြာသော် လော်ရော်ပေါ့မှာ နားညီးလာကာ ငှက်ထောင်ပြီး ကျွေးပါ့မည်ဟု ကတိပေးလိုက်လေ၏။

၈နီး ဖြစ်သူမှာ ဝမ်းသာသွားပြီး ငှက်ထောင်သည့် ကရိယာများကို သူကိုယ်တိုင် ရှာဖွေစုဆောင်းပေး၏။ လော်ရော်ပေါ့လည်း တောထဲသို့ နေ့တိုင်းသွားပြီး ငှက်ထောင်လေ၏။ သို့သော် ရလာသော ငှက်များကို အိမ်သို့ပြန်ယူရန် ပျင်းသဖြင့် တောထဲမှာပင် ကင်စားပစ်လိုက်၏။ ရက်ကြာလာသော် သူ့မိန်းမသည် မသင်္ကာတော့ပဲ တနေ့တွင်

သူ့ ယောကျ်ား ကို လိုက် ၍ ချောင်း ၏။ သူ့ ယောကျ်ား ငှက်များကင်စား နေသည်ကို မြင်ရသောအခါ ဒေါသဖြစ်ပြီး အနားတွင် ရှိသော သစ်ကိုင်းများကို ချိုးကာ အသံကုန် အော်ပစ်လိုက်၏ လော်ရော်ပေါ့လည်း မီးဖိုပေါ်မှာ ကင် ထား သော ငှက် ကို ပင် မယူနိုင်ပဲထွက်ပြေးလေသည်။ သူ့မိန်းမသည် ငှက်ကင်ကို ယူပြီး အိမ်ကို ပြန်လာခဲ့၏။

ညစာ ထမင်း ဝိုင်းတွင် သား အကြီးဆုံးက သူ့အမေ သင်ထားသည့်အတိုင်း "အဖေ ကျွန်တော်တို့ ငှက် ကင်စား ချင်လို့ သွားဖမ်းခဲ့တယ်။ အဖေက ကျွန်တော်တို့ကိုမကျွေး ချင်ပေမဲ့ ကျွန်တော်တို့ ကျွေးတာကိုတော့ စားပါအုံး" ဟု ဆိုကာ လော်ရော်ပေါ့ ထားပစ်ခဲ့သော ငှက်ကင်ကို ကျွေးလေသည်။ ထိုအခါ လော်ရော်ပေါ့မှာ စိတ်ထိခိုက်သွားပြီးနောင်တ ရကာ သူ့သားသမီးများအတွက် သူပဲ ရှာဖွေကျွေးတော့ မည်ဟု ဆုံးဖြတ်လိုက်လေ၏။


လော်ရော်ပေါ့သည် အမဲလိုက်ရန် တောထဲသို့ ထွက်ခဲ့၏။ တောထဲတွင် နွားနောက်တကောင်ကို မြင်သောအခါမှ သူ့ထံတွင် မည်သည့် လက်နက်မျှ ပါမလာသည်ကို သတိရလေ၏။ သို့သော် လော်ရော်ပေါ့သည် မည်သည့် နည်းနှင့်ဖြစ်ဖြစ် ရအောင် ဖမ်းမည်ဟု ဆိုကာ အခြေအနေကို ကြည့်နေသည်။

နွားနောက်သည် အမြီးထောင်ပြီး မစင်စွန့်နေသဖြင့် စအိုဝပေါ် နေ၏။ ဤသည်ကို လော်ရော်ပေါ့မှာ ဘာမျှ နားမလည်ပဲ နွား၏ စအိုပေါ်နေခြင်းမှာ သဘာဝအတိုင်း ဖြစ်သည် ဟု ပင်အောက်မေ့ နေ၏။ သို့ဖြင့်နွားနောက်၏ စအိုဝမှ အူအသည်းများကို နှိုက်ယူမည်ဟု ကြံပြီး အမြန်ပြေးကာ နွားနောက်၏ ထောင်နေသော အမြီးကိုကိုင်ပြီးစအိုထဲသို့ လက်ထိုး နှိုက်လိုက်လေ၏။

နွားနောက်လည်း လန့်ပြီး စအိုကို ရှုံ့၍ ခြေကုန် သုတ်ပြေးလေရာ လော်ရော်ပေါ့မှာ သူ့လက်ကို ပြန်ဆွဲနှုတ်၍ မရတော့ပဲ ဒရွတ်တိုက် ပါသွားလေသည်။ ဒရွတ်တိုက် ပါသွားရင်း လမ်းတွင် သစ်ပင်သစ်တုံး များနှင့် တိုက်မိပြီး သေဆုံးသွားလေတော့၏။

လော်ရော်ပေါ့မှာ သေသွားပြီးနောက် ထမ်းပိုး ဖြစ်










လာ၏။ သို့သော် ထမ်းပိုးဘဝတွင်လည်း ပျင်းသည့်အကျင့် မပျောက်သေးသဖြင့် လှုပ်လှုပ်ရှားရှား မရှိပဲ ထင်းခြောက်များထဲမှာပင် ငြိမ်နေသည်ဟု ပြောစမှတ်ပြုကြလေသည်။

လူထုဦးလှ


ဟေ့-ဖိုးလိပ်
ဘာလုပ်နေတာလဲ·
ဟာ-ကိုခွေး
ပါလား
အရိုက်ကို
အရှိအတိုင်း
ကာတွန်း
မြေဇာ
ဟာဗျာ-ဒီအခွံကြီးတွေ
ကြည့်ကြည့်ပြီး စိတ်ဆင်း
ရဲနေတာ-
ဘာပြုလို့
ဘာပြုရမလဲ-တနေ့လားလဲ
ဒီဟာကြီးကျောပေါ်တင်
တနေ့လားလဲကျောပေါ်
တင်နဲ့ကြာတော့ ငြီးငွေ့
လာတယ်-
လိပ်က လိပ်ခွံကို
ကျောပေါ်တင်တာ
ငြီးငွေ့စရာလားဟ-
ဗျာ
ဟုတ်တော့ဟုတ်
ပါတယ်-ဒါပေမဲ့·
ဒီအခွံကြီးနဲ့နေရတာ
မလွတ်လပ်ဘူး
ဒါဖြင့်လဲ
အခွံမပါဘဲ
လွတ်လွတ်လပ်
လပ်နေပေါ့-


ထို့နောက်
လွတ်လပ်ပြီ- လွတ်လပ်ပြီ- ငါ့ဘဝ- ခုမှ လွတ်လပ်ပြီ-
ဟာ- ဘာသတ္တဝါ လေးပါလိမ့်- ဘုရားဘုရား
ဘာသတ္တဝါဂုမလဲ လိပ်များ-လိပ်-
ပုဒ္ဓါ
ဟားဟားဟား လိပ်တဲ့- ဟားဟား ဟားလိပ် ဆိုဘဲ
ကြည့်ကြပါအုံး အရုပ်ကတို့ရဲ့ လိပ်တဲ့-
ဟား ဟား ဟား
ထို့နောက်-
အလိုလေး ဘာကောင်လဲ မသိဘူးဗျ-
လိပ်ကွ လိပ်
ဟင်း ဝက်ကောင် လိပ်လဲ လိပ်မှန်းမသိ အလို-လေပြင်း တိုက်လာပါလား
ဟား-မိုးစက်တွေ မိုးကောလေကော လာပြီထင်တယ်-


အီး မိုးသဲလာပြီ ဟိုသစ်ပင်အောက် မိုးဝင်ခိုမှ-
ဟီးဟီးဟီး ချမ်းလိုက်တာ- တခါမှ ငါဒီလို မဖြစ်ဖူးပါဘူး- အား ချမ်း ချမ်း လိုက်တာ-
ဟီး ဟီး ဟီး
ခုနေသာ- ငါ့လိပ်ခွံလေး ရှိယင်- ဖြင့်ဘဲ- - - အီးဟီးဟီး-
အင်းတကယ်တော့- ကိုယ့်မှာရှိတဲ့သဘာဝ အတိုင်းဘဲကောင်းတာ သဘာဝကိုလွန်ဆန်လို့ မဖြစ်ပါလား
အလို!
မင်းဒီလိုဒုက္ခတွေ့မယ်ဆိုတာ ငါသိလို့ လိုက်လာတာ- ကဲကဲ မင့်အခွံထဲကို မြန်မြန်ဝင်--
ဟုတ်ကဲ့ ဟုတ်ကဲ့ ကျေးဇူးပါဘဲဗျာ-
ဟူး- ခုမှဘဲနေသာထိုင်သာ ရှိသွားတယ်တကယ်တော့ အရှိကိုအရှိအတိုင်းနေတာ အကောင်းဆုံးဘဲနော်-
မှန်ပမယ်
ပြီး




တွင် သာမန်ထက် ပိုကဲသော ရနံ့များ ဖြစ်ပေါ်လာသည်။ ဥပမာ ရနံ့ချိုမွှေးသော ဆွမ်းမွှေးပင်၏ ရနံ့သည် ပို၍ ချိုမွှေးလာပြီး၊ မွှေး

# မိုးရွာပြီးနောက် ပန်းများ ပို၍ မွှေးလာသလော


ကြိုင်သော စပယ်ပန်း၏ရနံ့သည် ပိုမိုမွှေးကြိုင်လာသည်။ ဤအချက်ကိုကြည့်ခြင်းအားဖြင့် မိုးရေသည် ပန်းပွင့်များကိုသာ ရနံ့ပိုစေသည် မဟုတ်၊ အပင်များ၏ ရနံ့ကိုလည်း ပိုမိုပြင်းစွာ ထွက်ကြောင်းကို သိရလေသည်။

တက္ကသိုလ်ဖြိုးမြင့်

တခါတရံ ကျွန်ုပ်တို့သည် မိုးရွာပြီးစ အချိန်တွင် ပန်းခြံအနီးမှ ဖြစ်စေ၊ ပွင့်နေသော ပန်းပင်အနီးမှဖြစ်စေ ဖြတ်သွားမိလျှင် ပန်းများ၏ရနံ့သည် ပိုမိုမွှေးကြောင်းကို တွေ့ရှိ နိုင်ပေသည်။ ထိုသို့ ဖြစ်ရသည်မှာ ရေသည် အပင်များပေါ်၌ အထူး သက်ရောက်မှုတရပ်ကို ဖြစ်စေသောကြောင့် ဖြစ်ပေသည်။ မိုးရေနှင့် အပင်များ ထိတွေ့သောအခါ အပင်များတွင် ဓာတ်ပြောင်းလဲမှု ဖြစ်ပေါ်လာသည်။ ထိုအခါ အပင်များ




## မှန်လိုက်တဲ့ အထောက်အထား



# လွမ်းစိတ်ကိုပြေ

ချစ်နွယ်ဖြိုး



"အဖေ့ကို လွမ်းလို့ သွန်းတဲ့ ညောင်ရေ ပန်းသပြေ၊ အမေ့ကို လွမ်းလို့ သွန်းတဲ့ညောင်ရေ ပန်းသပြေ"

အလွမ်းသံကလေးနှင့် ဆွဲဆွဲငင်ငင် ဆိုလိုက်သော အသံကို ကြားရတိုင်း မောင်ပေါ်ထွန်း ရင်ထဲတွင် အလွမ်း စိတ်တို့က ပြည့်သိပ်လာ၏။ ဝမ်းနည်းခြင်း၊ သ တိ ရ ခြင်း၊ တမ်း တ ခြင်း တို့ကို ခံစားရ၏။ ထိုသီချင်း ဆိုသည့် အဆိုတော်ကို မောင်ပေါ်ထွန်းမသိ။ သီချင်းနာမည် ကိုလည်း မသိ။ သီချင်း စာသား အစအဆုံးကိုလည်းမရ။ သို့သော် ရေဒီယိုမှ ထိုသီချင်း ကို ကြားရတိုင်း မောင်ပေါ် ထွန်းသည် အထက်ပါ သီချင်း တပိုဒ်ကို နှစ်သက်မိသည်။ စွဲလမ်းနှစ်သက်သဖြင့် ထိုအပိုဒ်ကို နှုတ်တိုက် အလွတ်ရနေသည်။

အမှန်မှာ သူ့ဘဝ အခြေ အနေနှင့် ခံစားချက်တို့သည် ထို သီချင်းနှင့် တူညီနေ၏။ မောင်ပေါ် ထွန်း သည် ပ ဌ မ တန်း ကျောင်းသားသစ် တယောက် ဖြစ်၏။ နှစ်သစ်၊ အတန်းသစ်၊ ကျောင်းသစ်နှင့် ရွာမှ ထွက်ခွာလာခဲ့ရသူ ဖြစ်၏။ ချစ်သော အဖေ အမေနှင့်၎င်း၊ မောင်နှမ ဆွေမျိုး များ နှင့် ၎င်း၊ လယ်တော ကွင်း ပြင် နှင့် ၎င်း၊ ချစ်သော သူငယ်ချင်း သာဂီ၊ ခွေးနီ၊ နီတွတ်တို့နှင့်၎င်းခွဲခွာခဲ့ရ၏။

လွန်ခဲ့သော နှစ်က မောင်ပေါ် ထွန်း သည် ဇာ တိ ချက်ကြွေ မွေးရပ်မြေ ဖြစ်သော ကလော့ သော့ ရွာ မူ လ တန်းကျောင်းမှ စတုတ္ထတန်းတွင် စာမေးပွဲ အောင်ခဲ့သည်။ ကျောင်းဖွင့်သည့် အခါ ပဌမတန်းတွင် ပညာသင်ကြားရန်အတွက် မုဒုံမြို့ရှိ အလယ်တန်းကျောင်း တကျောင်းသို့ ပြောင်းရွှေ့လာခဲ့ရသည်။ သို့ဖြစ်၍ ရွာနှင့် ဝေးခဲ့ရသည်။

"ဖေ ဖေ၊ မေ မေ နဲ့ ရွာ ကို လွမ်း လိုက် တာ ဗျာ။ ဒီအချိန်မှာ သာဂီတို့၊ နီတွတ်တို့က လယ်တောမှာ ငါးမျှားနေကြမှာဘဲ။ ရွာပြန်ချင်လိုက်တာ"

ကျောင်းပိတ်သည့် နေ့တွင် မောင်ပေါ်ထွန်းသည် မည်သည့် နေရာမှ အ လည် မ သွား ပေ။ အိမ်ကို လွမ်းသည့် အကြောင်းသာ ပြောနေသောကြောင့် ဦးလေးဖြစ်သူ ဦးသန်းချိန်က နှစ်သိမ့်ချော့မော့ရသည်။

"လွမ်းတော့ လွမ်းတာပေါ့ကွာ။ မင်းဒီမှာနေတာ မကြာသေးလို့ပါ။ ကြာယင် ရွာကိုတောင် မေ့သွားမှာ။ ဒီမှာဆိုယင် အားလပ်ချိန်မှာ မင်း အတွက် ပျော်ပွဲ ရှင်ပွဲတွေ အများကြီးရှိတာဘဲကွာ။ ရုပ်ရှင်ကြည့်မလား။ ပွဲသွားကြည့်မလား။ သွားချင်တာ သွားနိုင်တယ်"

"မုဒုံမြို့ ဟာ ပျော် စ ရာ ကောင်းပါတယ်။ ကျွန်တော်လဲ ပျော်ပျော် နေချင်ပါတယ် ဦးလေးရယ်။ ဒါပေမဲ့ ကျွန်တော့် စိတ်က ရွာကိုဘဲ ရောက်ရောက် နေတယ်။ အမေ့ကို သိပ်လွမ်းတာဘဲ ဦးလေးရယ်"

ရွာတွင် ကျောင်းမသွားမီ အမေကသနပ်ခါးသွေးပြီး လိမ်းပေးပုံ၊ ကျောင်းပိတ်သည့် နေ့တွင်အမေနှင့်အတူ လယ်တောသို့ဆင်း၍ အဖေ့ကို ထမင်းသွားပို့ပုံ၊ သာဂိ၊ နီတွတ်၊ ခွေးနီတို့နှင့်အတူ ရေဖွေးဖွေး ပြည့်နေသော ကွင်းပြင်နှင့် ချောင်းထဲတွင် ငါးများ ခဲ့ပုံတို့ကို မောင် ပေါ် ထွန်းက ဦးသန်းချိန်ကို ပြောပြခဲ့၏။

စာဖတ်ချိန်တွင် စာဖတ်ပြီး အားလပ်ချိန်တွင် အိမ်နီးချင်းကလေးများနှင့် မကစား။ ရုပ်ရှင်လည်းမကြည့်။ အိမ်ရှေ့တွင် တယောက်တည်း ထိုင်ပြီး တွေဝေ ငေး မော နေ တတ် သော မောင် ပေါ် ထွန်း ၏ အမူအရာကြောင့် ဦး သန်း ချိန် စိတ် မကောင်း ဖြစ်ရသည်။

တခါတရံ စာဖတ်နေရင်းမှ စာအုပ်ပိတ်ပြီး မောင်ပေါ်ထွန်းငေးနေတတ်၏။ ပြူတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်ပြီး ငိုင်နေတတ်၏။ ထိုအခါ ဦးသန်းချိန်က သတိပေးရ၏။

"ဘာငေးနေတာလဲ ငါ့တူ"

"စာထဲမှာ စိတ် မ ဝင် စားဘူး ဦးလေးရယ်။ ကျွန်တော့်စိတ်က ရွာနဲ့ အ မေ့ ဆီ ကို ဘဲ ရောက် နေ တယ်။ ကျွန် တော် ရွာပြန်ချင်တယ် ဦးလေးရယ်"

"ရွာပြန်လို့ ဘယ်ဖြစ်မလဲ ငါ့တူရဲ့။ ပညာသင်ဖို့ အရေးမို့ ရွာကို ခေတ္တခဏ ခွဲတန်ယင် ခွဲရတာပေါ့။ ငါတို့ မုဒုံမြို့နဲ့ မင်းတို့ရွာ ဟာ ဆဲ့နှစ်မိုင်ဘဲ ဝေးတာ တနင်္ဂနွေ ကျောင်းပိတ်ရက်တွေမှာ ရွာပြန်ချင်ယင် ရသားဘဲ။ ပညာတော်သင် ကျောင်းသားတွေဆိုယင် ဗမာပြည်နဲ့ မိုင်ပေါင်း ထောင်ချီပြီးဝေးတဲ့ နိုင်ငံတွေကို သွားပြီး ပညာသင် ရသေး တာ ဘဲ။ လွမ်း တဲ့ စိတ် ပျောက်အောင် ဒီလိုလုပ်။ . အိမ်မှာလို သဘောထားပြီး စာဖတ်ချိန်ဖတ်၊ ကစားချိန် ကစား၊ လည် ချိန် လည် ပေါ့ကွာ"

အ ကျိုး သင့် အ ကြောင်း သင့် ပြော သော ဦး လေး ၏ စ ကား ကို မောင် ပေါ် ထွန်း သဘောကျသည်၊ လက်ခံသည်။

ထိုနေ့မှစ၍မောင်ပေါ်ထွန်းသည် ဦးလေးပြောသည့်အတိုင်း စာဖတ်ချိန်တွင် စာဖတ်သည်။ အားလပ်ချိန်တွင် အဖော်များနှင့် အတူကစားသည်။ ရုပ်ရှင်ရုံ၊ ဈေး၊ ဘောလုံးကွင်း၊ ကားဂိတ်၊ ဘုတာရုံများသို့လည်း အလည်သွားသည်။ တရပ်တကျေး ဖြစ်သည့် မုဒုံမြို့တွင် လာနေရသော မောင်ပေါ်ထွန်းသည် မိမိတို့ရွာတွင်နေရသလို သဘောထားနိုင်လာသည်။ တဖြည်းဖြည်း နေ သား ထိုင် သား ကျ လာသည်။ အ မေ နှင့် ရွာကို လွမ်းသည့် စိတ်လည်း တဖြည်းဖြည်း ပြေပျောက်လာသည်။ အလွမ်းစိတ်ကင်းပြီး ရင်ထဲတွင် ရှင်းရှင်းလင်းလင်းနှင့် ပညာ သင်ကြားနိုင်လေပြီ။

× × ×

# စစ်သားကြီး

အလျားမှောက်လိုက်
လက်ထောက်လိုက်
တက်သွား တစိုက်စိုက်။

မောင်လေးတိုက်တဲ့ စစ်မျက်နှာ
မေမေ့ဂွမ်းမွေ့ရာ။

ရန်သူရှာ ချောကာမှုန်း
ပြည်သူ့ သားလက်ရုံး။

မေမေ့ခေါင်းအုံး ကာကွယ်ယူ
မောင်လေး စစ်ထွက်သူ။

စိတ်ထားဖြူ လူပုံလှ
မျိုးမာန် တပြပြ။


ပြုံးစစနဲ့ ကြော့ကြော့ဟန်
မောင်လေး ရွှေတန်းပြန်။

အောင်ပွဲခံ ပြည့်စုံပြ
မမကြို့ရ ကွေးကွေးက
ချီပိုး တမမ။ ။


စန္ဒာမြင့်



R. 517




# ခြ



ခြများသည် မြေတွင်း၌ ၎င်း၊ မြေပေါ်တွင်၎င်း တောင်ပို့ ပြုလုပ်ကာ အုပ်စုလိုက် နေထိုင်ကြသည်။ ခြများ၏ ခန္ဓာကိုယ်သည် အလွန်နူးညံ့ ပျော့ပျောင်းသဖြင့် ခြောက်သွေ့သော လေပူဒဏ်ကို မခံနိုင်ကြချေ။ တောင်ပို့များအတွင်း၌မူ လေသည် အစဉ်စို၍နေသည်။

ခြအုပ်စုတစုတွင် အရေအတွက် အများဆုံးမှာ သာမန်လုပ်သား ခြအမျိုးအစားဖြစ်၍ ဒုတိယ အမျိုးအစားမှာ လုပ်သား ခြထက် အတန်ငယ် ကြီးမားသော ခြခေါင်းကြီးသို့မဟုတ် စစ်သားခြများဖြစ်သည်။





အချို့ ခြများသည် မိုးဦးကျ အချိန်တွင် အတောင်ပေါက်၍ ပလူ အဖြစ် ပျံထွက်သည်။ အချိန် အတန်ကြာ ပျံသန်းပြီးနောက် အတောင်ကျွတ်ကာ အဖို အမ နှစ်ဦးတွေ့ဆုံမိကြလျှင် ခြအုံဆောက်လုပ်၍ နေထိုင်ကြမြဲသည်။ အချိန်တန်သော် ဥများ အုချပြီး အကောင်ငယ်များကို ယင်းတို့၏ ခံတွင်းမှ အရည်ဖြင့် ကျွေးမွေး ထားသည်။ ခြဘုရင်နှင့် ဘုရင်မ နှစ်ဦးတို့မှ လုပ်သား ခြများ အလုံအလောက် မွေးမြူပြီး သည့်အခါ အဆိုပါ လုပ်သား ခြများက ကျွေးမွေး စောင့်ရှောက်သည့် တာဝန်ကို ယူကြသည်။

ခြဘုရင်မသည် ဥအုချိန်မှ စ၍ ကိုယ်နောက်ပိုင်း တဖြည်းဖြည်းကြီးလာကာ လက်ညှိုးခန့် အရွယ်အထိ ဥများဖြင့် ဖောင်းကားလာသည်။ ထိုအခါ ခြဘုရင်မသည် ခြအုံမှ မထွက်တော့ပဲ နှစ်စက္ကန့်မှ လေးစက္ကန့် အတွင်း တဥကျ နှစ်ပေါင်းများစွာ အစဉ်တစိုက် အု၍နေတော့သည်။

လုပ်သားခြနှင့် စစ်သား ခြများသည် နှစ်နှစ်မှ လေးနှစ်အထိ အသက်ရှည်၍ ခြဘုရင်နှင့် ဘုရင်မတို့သည် ၁၅ နှစ်မှ အနှစ် ၅၀ အထိ ကြာအောင် အသက်ရှည်ကြသည်။

မြန်မာနိုင်ငံ ဒေသအချို့တွင် ခြဘုရင်မနှင့် ပလူများကို အစာအဖြစ် စားသောက်ကြသည်။

မောင်ဆုပန်

၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး (ပုံနှိပ်)
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇၊ အမှတ် ၁၄။


# ရွှေသွေး ဂျာနယ်

၁၃၃၆ ခု၊ တပေါင်းလဆုတ် ၁၀ ရက် (၅-၄-၇၅)












စနေနေ့တိုင်း ထုတ်ဝေသည်။


သူတို့မှာ ဆိုးပေ ဆိုတဲ့သား လေး ရှိတယ်။ နာမယ်က သာ ဆိုးပေ ဆိုပေမဲ့ - သိပ်လိမ္မာတယ်။
သူ့အဖေထန်းတက်သွားမယ် မြဖြိုးကောက်လိုက်တယ်။
အားတဲ့အချိန်မှာ သူ့အမေကို ကူညီပြီး ရေခပ်တယ်။
ထင်းခွဲတယ်...။
ထန်းလျက်ချက်ရာ မှာ ဝင်ကူတယ်။
ဒါကြောင့်.. ဆိုးပေကို သူ့ မိဘတွေက သိပ် ချစ်ကြတယ်..။
မယ်စိန်ရယ်.. ဦးသား လေး ဟာသိပ်လိမ္မာတယ်၊ ဒါပေမဲ့ ကျောင်းမထားနိုင်၊ ရှင်မပြုနိုင် သေးတာ စိတ်မကောင်းဘူး



သားလေးရှင်ပြုဖို့ စုထားတာ
ငွေသုံးရာငါးဆယ်ရှိပါပြီတော်..
နောက်နှစ်ဆို ရှင်ပြုနိုင်ပါပြီလေ
ကိုထွေးနဲ့မစိန်တို့ဟာ သားလေး
ရှင်ပြုနိုင်ဘို့ငွေစုကြတယ်။
တနေ့...ကိုထွေးဟာ
ထန်းတက်နေတုန်း
လှေခါးကြိုးပြတ်ပြီး
ထန်းပင်ပေါ်က လိမ့်
ကျသွားရှာတယ်။
အား
ဟယ်..
အမေ..ရေ...
အဖေ..ထန်းပင်
ပေါ်က ကျလို့..
မယ်..မယ်စိန်ရယ်.. သားလေး...ကို
ရှင်..ပြု..ရအောင်..ကြိုး..စား...ပါကွယ်..


အမလေး... အဖြစ်ဆိုးလှချည်လား
အမေရယ်..ကျနော် ကိုရှင်ပြုပေး မယ်ဆို...
သားအမိနှစ်ယောက်ငိုကြွေးရှာကြတယ်။
ဒီလိုအဖြစ်ဆိုးနဲ့ကြုံပြီးကိုထွေးရဲ့ဈာပန ကိစ္စပြီးသွားတော့ မစိန့်လက်ထဲမှာ...
အင်း.. ငါ့မှာ ငွေနှစ်ရာဘဲ ကျန်တော့တယ်
ဒါပေမဲ့ . မစိန်ဟာ ဆိုးပေကဲ့နောင်နှစ်မှာရှင်ပြုနိုင်အောင် ဆိုပြီး အကြော်စုံ ကြော်ပြီးတော့ရောင်းရှာတယ်။
ဆိုပေးက အကြော် လည်ရောင်းတယ်။
အကြော်စုံ
ကြွပ်ကြွပ် ရှ-ရှကလေး..
လာဦးမှော့
ဒီကဆိုလဲ.. လာဦးနော်
ဆိုးပေရဲ့အကြော်တွေရောင်းကောင်းသလို..
ဒေါ်စိန့်ရဲ့အကြော်ဖိုဟာလဲ အရောင်းရ သိပ်တွင်ကျယ်တယ်



အကျော်ကတော့ ဒီနား တပိုက်မှာ အကောင်း ဆုံးဘဲဗျို့
အရသာ သိပ် တွေ့တာဘဲ
ဒီလို စားသုံးသူတွေက ပြောစမှတ်ပြုကြတယ်။
ဒါပေမဲ့ — ကံဆိုးချင်တော့ ခြောက်လလောက်အကြာမှာ ဒေါ်စိန်နုတယောက်လက်မှာ ပေါက်တဲ့အနာက အညှော် ဝင်ပြီး ဖျားပါလေရော...
နှစ်ရက်ထဲ အပြင်းဖျားပြီး ဆုံးသွားရှာတယ်။ ဒေါ်စိန်နုရဲ့ အသုဘကို ရွာက သနားကြတာနဲ့ ပိုင်းသင်္ဂြိုဟ်ပေးကြတယ်။
လိမ်မာတဲ့ ခိုင်ပေကို ဆွေမျိုးတွေက ခေါ် ကြတယ်။
ခိုင်ပေ.. လူလေး အဒေါ်နဲ့ လာနေ ဟုတ်လား
ငါ့တူကြီးက ဦးလေးနဲ့ လိုက် နေမှာပါ..
ဒီလို ခေါ်ကြတဲ့ အခါ ခိုင်ပေခမျှာ ဘယ်သူ နဲ့နေရမယ် ဆိုတာတောင် မသိရှာဘူး...။


ဒါပေမဲ့.....
ဟေ့.. ဘယ်သူမှ ခေါ် မနေကြနဲ့.. ဆိုးပေဟာပညာ လုံးဝမသင်ရသေးဘူး ငါ့ကျောင်းကိုခေါ် သွားရမယ်..
ဘကြီးဘုန်းကြီး ဦးစရိယက ဆိုးပေကိုကျောင်း ခေါ်သွားပြီးတော့ ပညာသင်ပေးတယ်။
ဆိုးပေဟာဉာဏ်ကောင်းသူဖြစ်တာမို့ သုံးလ ထဲနဲ့စာတော်တော်ဖတ်နိုင်ပါတယ်၊ ခြောက်လ လောက်ကြာတော့ ဆယ်စောင်တွဲတောင်ရောက်နေပြီ
ကြွပါ ဘုရား
အမြော်အမြင်ကြီးတဲ့ ဘကြီး-ဘုန်းကြီးဟာ ဆိုးပေကိုမြို့က ကျောင်းမှာအပ်နှံပေးတယ်။
ဒီကျောင်းကဆရာဟာဆိုးပေတို့ရွာကို အသုံးလုံး သင်တန်းလါသင်ဘူးသူဖြစ်တော့ ဆိုးပေကို သူ့အိမ်မှာတဲနေစေပြီး တတိယ တန်းမှာထားပေးတယ်။
ဆိုးပေကျောင်းရောက်တယ်ဆိုယင်ဘဲ...
ဘုန်းကြီးကျောင်းသား သူတောင်းစား..



ဟေ့.. ဘုန်းကြီးသား
သည်လိုနှိမ်ပြီး ပြောင်ကြတာကို ဆိုးပေက ကြိတ်မှိတ်ခံရှာတယ်။ ဘုန်းကြီးနဲ့ဆရာကိုလေးစားပြီး ဓါကိုဘဲ ကြိုးစားသင်ရှာတယ်...။
ဒီလိုနဲ့ဆိုးပေဟာ တတိယတန်းရော၊ စတုတ္ထတန်းကိုပါ ပထမ ခွဲပြီးအောင်ခဲ့တယ်။ ဆုတွေ တပွေ့ တပိုက်ကြီး ယူနိုင်ခဲ့တယ်...။
ဆိုးပေဟာ သိပ်တော်တာဘဲ
ငါတို့လဲ ကြိုးစားမယ်
ဒီတော့မှ အရင်တုန်းက စ၊ ကြ၊ နှိမ်ကြ၊ ပြောင်ခဲ့ကြတဲ့ ကျောင်းသားတွေဟာ ဆိုးပေကိုအားကျပြီး ချီးကျူးလာကြတော့တယ်။
တပည့်တို့... မောင်ဆိုးပေဟာ မြို့နယ်မှာ ပထမရတဲ့အတွက် ဆရာတို့ကျောင်းဟာ သိပ်ဂုဏ်ရှိတယ်၊ သူ့လိုဘဲ ကျောင်းရဲ့ ဂုဏ်ကိုဆောင်တဲ့ ကျောင်းသားဖြစ်အောင် ကြိုးစားကြပါ..
လက်ခုပ်သြဘာသံ တဖြောင်းဖြောင်း ကြားမှာ ဆရာက "စံပြ" ရလွယ်ကို မောင်ဆိုးပေ အားစွပ်ပေးလိုက်တယ်။
ဖြောင်း ဖြောင်း
စံပြကျောင်းသား

# တပေါင်းလ



ဤလ၌ နက္ခတ် ၁၂ လုံး တစုတ
ပေါင်းတည်း ထွက်ပေါ်သည်ကို ရည်၍
“တပေါင်းလ” ဟု ခေါ်တွင်ခဲ့သည်။
တနည်းအားဖြင့် ဤလတွင် ထန်းရည်
များကို ပေါင်းစပ် ကျိုချက်လေ့ရှိသော
ကြောင့် ‘ထန်းပေါင်း’ဟူသော စကား
မှ ကာလ ရွေ့လျောပြီး “တပေါင်း”ဟူ
၍ ခေါ်တွင် ခဲ့သည်ဟုလည်း အဆိုရှိ
လေသည်။


တပေါင်းလသည် မြန်မာ ပြက္ခဒိန်
တွင် ၁၂ ကြိမ်မြောက်လဖြစ်သည်။ တ
ပေါင်းလ၏ ပထမတဝက်သည် ဆောင်း
ဥတုတွင် ပါဝင်ပြီး၊ ဒုတိယတဝက်သည်
နွေဥတုသို့ စတင်ဝင်ရောက်သည်။ ထို့
ကြောင့် ‘နွေပူ ညချမ်း၊ တပေါင်းလ



သရမ်း’ ဟူ၍၎င်း၊ “ပုဏ္ဏား နွားရောင်း။
လတပေါင်း” ဟူ၍၎င်း တင်စား ခေါ်
ဝေါ်ကြသည်။ တပေါင်းလတွင် ချမ်း
အေးလွန်းသဖြင့် ပုဏ္ဏားခမျာ နွားကို
ရောင်း၍ စောင်ဝယ်ရရှာသည်ဟု ဆိုလေ
သည်။

တပေါင်းလ၌ ၁၅ ရက်နှင့်လကွယ်
(ရက်စုံကွယ်) သောကြောင့် ရက်
ပေါင်း ၃၀ ရှိသည်။ နံနက် ၆း၁၀ နာရီ
တွင် နေထွက်၍ ညနေ ၅း၅၀ နာရီတွင်
နေဝင်သဖြင့် နေ့တာ အနည်းငယ်တို၍
ညတာရှည်သည်။

ရာသီအလို “မိန်ရာသီ” နက္ခတ်
အလို ဥတ္တရ ဘရဂုဏ္ဏီ နက္ခတ်နှင့်
လမင်းတို့ ယှဉ်ပြိုင် မွန်းတည့်သည်။



ပြဗ္ဗာဘဒြပိုဒ် နက္ခတ်နှင့် နေမင်းတို့ ယှဉ်ပြိုင်ကြသည်။ တပေါင်းလ၏ ရာသီပန်းများမှာ သရဖီနှင့် ပိတောက်ပန်းများ ဖြစ်၏။

ဆံကျင်တာရာ ထွန်းပသော တပေါင်းလသည် ဆောင်းကြွင်း နွေဦးလ ဖြစ်သဖြင့် လောကဝန်းကျင် ကြည်လင်သာယာလှသည်။ သစ်ပင် ပန်းပင်များ ရွက်ဟောင်း ကြွေ၍ ရွက်သစ်လောင်းချိန်ဖြစ်၍လည်း လောကတခွင်သည် အထူးပင် သစ်လွင်နုပျိုလှသည်။



ထို့ကြောင့်ပင် ရှေးစာဆိုရှင်များက "တပေါင်းသာခေါင် လများနောင်" ဟူ၍ငင်း၊ "ရာသီတွင် စာညီပြောပေပ၊ ကြော၍ သာမြဲ" ဟူ၍ငင်း၊ "တောင်လည်းသာမော၊ တောလည်းသာထွေ၊ ရေလည်းသာလှ၊ ဖြူလွသောင်ပြင်၊ ငှက်ပေါင်းရှင်လျက်" ဟူ၍ငင်း အမွှမ်းတင် စာဖွဲ့ခဲ့ကြသည်။

တပေါင်းလ ရာသီတွင် မြစ်ရေ၊ ချောင်းရေစစ်၍ သဲသောင်များ ပေါ်ထွန်းကြသဖြင့် ရှေးအခါက "သဲပုံစေတီ" တည်ထား ပူဇော်ပွဲများကို မင်းနှင့်တကွ ပြည်သူများပါ အစဉ်အလာ ဆင်ယင်ခဲ့ကြလေသည်။

ယခုခေတ်တွင်မူ တပေါင်း လပြည့်နေ့၌ တပေါင်းလ ဘုရားပွဲတော်များနှင့် ဘုန်းကြီးပျံ မီးသဂြိုဟ်ပွဲများကို တခမ်းတနား ကျင်းပလေ့ ရှိကြသည်။

မောင်ပေါ်ထွန်း


ငရဲခန်း
မှသည်
ပေါက်ပေါက်သည် ဆိုး၏။ လမ်းထဲတွင်ရှိသော အိမ်များမှ မှန်ပြတင်းပေါက်များမှာ သူ့လက်ချက်ဖြင့် ကွဲပေါက်များလှချေပြီ။ ထို့ကြောင့် တလမ်းလုံးက သူ့ကို မုန်းကြသည်။
ပေါက်ပေါက်မှာ ကျောင်းပြေးရက်ပေါင်းများလှသည်။ အိမ်မှာလည်း ငါးမိနစ်ပြည့်အောင် မနေပါချင်..
အကြောင်းတော့ရှိသည်။ သူ့အဖေဟာ အရက်သမား။ အလုပ်ကပြန်လာတိုင်း အမြဲမူးလာတတ်၏။ အိမ်ရောက်လျှင် နားနားရ၏။
ဟေ့-မိန်းမ ထမင်းကျက်ပလား
ချက်မထားဘူး
မကြာခဏဆိုသလို စကားများရန်ဖြစ်နေကြသော မိဘနှစ်ပါးကြားတွင် ပေါက်ပေါက်အနေကျပ်လှ၏။ သည်တော့....
အိမ်မှာမနေပါတော့ပဲ- လွတ်လပ်သောလမ်းပေါ်ကို ကျက်စားမှုများလာ၏။
ချလေးကွ


တနေ့တွင် ပေါက်ပေါက်ကို ချစ်သော အဖွားလေး ရောက်လာ၏။ အဖွားလေးကို ပေါက်ပေါက် ချစ်ပါသည်။ အလိုလိုက်တတ်ကိုး..
ဟော - အဖွားလေး
ပေါက်ပေါက်၏ဘဝမှန်ကို အဖွားလေးက သိရှိသွားပါသည်။ တနေ့ ပေါက်ပေါက်ကို ခေါ်ပြီး.. အဖွားလေးက ဆုံးမဩဝါဒပေးကာ ပြန်သွား၏။
ဖွားလေးပြန်သွားသောနေ့ တနေ့လုံး ပေါက်ပေါက် အိမ်မှာကူ ပေးနေပါသည်။ တအိမ်လုံး ဆေးကြောသုတ်သင် ရှင်းလင်း ရေး လုပ်ပါသည်။
ညနေ
မေမေ - ကျနော် အပြင်သွားအုံးမယ်.
အဖွားလေးပေးခဲ့တဲ့မုံ့ဖိုးထဲက ခေါက်ဆွဲ တထုပ်နဲ့ အသားကင် တထုပ် ဝယ်ရမယ်
ဝေါင်ကြီး
ခေါက်ဆွဲဆိုင်.
အချိန်စေ့လျှင် သူ့အမေ ပြန်လာမည့်လမ်းက စောင့်ကြိုနေပါသည်။


ရော့ - ဖေဖေ၊ မေမေက ဖေဖေ့အတွက် အသားကင်ဝယ်ပေးလိုက်တယ်
ပေါက်ပေါက်သည် သူ့အမေဆီလည်း ဖြိုးဖြိုးချင်း အိမ်သို့တန်းပြေးကာ -
ရော့ - မေမေ - ဖေဖေက မေမေ စားဖို့ ခေါက်ဆွဲကြော်ဝယ်ပေးလိုက်တယ်
သည်ညက နေ့ညထမင်းဝိုင်းမှာ ပေါက်ပေါက်တို့ မိသားစု၏ အသာယာဆုံး ထမင်းစားပွဲလေး ဖြစ်သွားသည်။
အကို - ထမင်း
တော်ပြီ
ပေါက်ပေါက်၏ ကောင်းမွန်လှသော လုပ်ဆောင်ချက်ကလေးကို သူ့အဖေရော အမေပါ မရိပ်မိကြပါ။
သူတို့အချင်းချင်း တယောက်နှင့်တယောက် စေတနာ အပြန်အလှန်ထားရှိကြပြီး ပျော်ရွှင်သွားကြသည်။
သည်နောက်ပိုင်း ပေါက်ပေါက်တို့အိမ်မှာ အမြဲ တွေ့ရတော့မည်သာ ဖြစ်သည်။
နင်တို့အိမ်မှာ ဘယ်လိုဖြစ်သွားတာလဲ - ရန်ဖြစ်သံမကြားရတော့ဘူး
ဒါဟာ - အဘွားလေးရဲ့ ကျေးဇူးပေါ့ဟ -
ဖြိုး

## မည်သည့်အခါမှစ၍ စစ်သားများ ကာကီကို ဝတ်ဆင်ခဲ့ကြသနည်း

ကာကီမှာ ဖုန် သို့မဟုတ် ရွှံ့ရောင် ဖြစ်သည်။ ၁၈၄၈ ခုနှစ်တွင် အိန္ဒိယနယ်စပ်ကို ကာကွယ်ခဲ့သော "ဂိုက်ဒ်" ခေါ် လမ်းပြ တပ်သားများက ကာကီကိုစ၍ ဝတ်ဆင်ကြခြင်းဖြစ်သည်။ ၁၈၅၇ - ၅၈ ခုနှစ်တွင်ဖြစ်ပွားခဲ့သော အိန္ဒိယ အမျိုးသားတို့ ပုန်ကန်မှုတွင်လည်း ယင်းကာကီရောင် ဝတ်စုံများကို အင်္ဂလိပ် တပ်သားများက ဝတ်ဆင်ခဲ့ကြသည်။ ဤသို့ဖြင့် ကာကီသည် အာရှနှင့် အာဖရိကတိုက်များရှိ စစ်သားများအတွက် ဝတ်လေ့ဝတ်ထရှိသော အရောင်ဖြစ်လာသည်။ ပထမ ကမ္ဘာစစ်နှင့် ဒုတိယ ကမ္ဘာစစ် များတွင် ကမ္ဘာ အနှံ့မှ စစ်တပ်များသည် ကာကီကို ဝတ်ဆင်လာကြ၏။ ယင်းသို့ ဝတ်ဆင်ကြခြင်းမှာ ကာကီရောင်သည် မြေကြီးရောင်၊ သဲမှုန်ရောင်၊ သစ် ရွက်ခြောက် ရောင် တို့နှင့် တူနေသောကြောင့် ပတ်ဝန်းကျင်ရှိ အရောင်များနှင့် ရောထွေးသွားစေကာ၊ တဖက်ရန်သူများ




အလွယ်တကူမမြင်နိုင်စေရန် ဖြစ်သည်။ ယခုအခါ ကာကီဆိုသော စကားမှာ ရွှံ့ရောင် သို့မဟုတ် ဖုန်ရောင်မဟုတ်တော့ပဲ ထိုအရောင်တို့နှင့် နီးစပ်သော အရောင်အသွေး အမျိုးမျိုးတို့ဖြင့် ချုပ်လုပ်ထားသော ဝတ်စုံအားလုံးကိုပင် ခေါ် ဆိုကြသည်။


တက္ကသိုလ် ဖြူမြင့်

## နေနာရီလုပ်နည်း

ခြောက်လက်မခန့် ရှည်သော သံချောင်းတချောင်း၊ ကပ်ထူ စက္ကူ တရွက်နှင့် ဖော့ထခု ရှာပါ။ ဖော့ကို သံချောင်းနှင့်ဖောက်တပ်ပါ။ ဖော့အထက်တွင် ကပ်ထူစက္ကူကို ဖောက်တပ်ပြီး သံချောင်းကို မြေပြင်မှာ စိုက်ထားပါ။ နံနက် ၆ နာရီအချိန်တွင် ကပ်ထူပေါ် ကျသော သံချောင်းအရိပ်ကိုမှတ်၍ ၆ ဂဏန်းရေးပါ။ တဖန် ၇ နာရီအချိန်တွင် ကျသော သံချောင်းအရိပ်နေရာကို မှတ်၍ ၇ ဂဏန်းရေးပါ။ ဤနည်းအတိုင်း ညနေ ၆ နာရီအထိရေး မှတ်ပြီးပါက နောက်နေ့များတွင် သံချောင်းအရိပ်နှင့်ဂဏန်းများကို ကြည့်၍ အချိန်သိနိုင်ပါလိမ့်မည်။

ကပ်ထူရွက်နှင့် သံချောင်းကို နံရံတွင် ထိုးထား၍လည်း နေနာရီပြုလုပ်နိုင်ပါသည်။








နွေရာသီ ကျောင်းပိတ်တိုင်း ကိုကိုသည် ဖိုးဖိုးတို့ ရှိရာ ရွာကလေးသို့ သွားပါသည်။ ဖိုးဖိုးနှင့် ကြီးကြီးတို့ အိမ်ကလေးအတွက် မိုးတွင်းသုံးရန် ထင်းခုတ်ပေး၍ အိမ်မိုး အိမ်ကာ၊ နောက်ချေးချ စသော အလုပ်များကိုလုပ်ပေးရသည်ဟု ကိုကိုက ပြောပြပါသည်။

သည်နှစ် နွေရာသီ ကျောင်းပိတ်ရက်တွင် ကိုကိုနှင့် အတူလိုက်၍ကူညီလုပ်အားပေးရမည်ဟု ဖေဖေက ကျွန်တော့်ကိုပြောပါသည်။ ကျွန်တော် မရောက်ဘူးသေးသော အရပ် ဖြစ်၍ အလွန်ပျော်မိပါသည်။ ဖိုးဖိုးတို့ ရွာ က လေး သည် ပဲ ခူး ရိုး မ တောင်ခြေနားတွင်ရှိပြီး ရွာ၏ ပတ်ဝန်းကျင်တွင် လယ်ကွင်းကြီးများ ရှိကြောင်း ကိုကိုပြောဘူးပါသည်။

ဖိုးဖိုးတို့ရွာကို ရောက်သောအခါ ကိုကို ပြောသည့်အတိုင်း ပင် ရွာကလေးက သာယာလှပါသည်။ ဖိုးဖိုးသည် ရွာထဲရှိ ကျွန်တော်နှင့် ရွယ်တူ ကလေးများနှင့် ကျွန်တော့်ကိုမိတ်ဆက်ပေးပါသည်။ သူတို့အထဲမှ ကျွန်တော် အခင်ဆုံး သူငယ်ချင်းများမှာ ပေကြီးနှင့် ဂျစ်တူးတို့ဖြစ်ပါသည်။အချိန်ရှိတိုင်းသူတို့ ကျွန်တော့်ဆီ လာ ကစားကြပါသည်။ သူတို့နှင့် ကစားနေရသဖြင့် ကိုကို့ကို ကူညီရန်ကိုပင် သတိမရတော့ပါ။

တညနေတွင် ကိုကိုက "ညီလေးရေ ဒီညနေ လယ်ထဲကို နောက်ချေး သွားချ ရအောင် ကိုကိုနဲ့လိုက်ခဲ့ပါလား" ဟု ပြောပါသည်။ ကစားမက်နေသော ကျွန်တော်က "မလိုက်ချင်ပါဘူး ကိုကိုရာ၊ ဒီညနေ ပေကြီးတို့နဲ့ ကြွက်ပေါက်လိုက်သွားမလို့" ဟု ပြန်ပြော လိုက်သည်။ ထိုအခါ ကိုကိုက မြွေများသည် အစာရှာရင်း ကြွက်တွင်းများ၌ ဝင်အောင်းနေတတ် သောကြောင့် အန္တရာယ် ပေး နိုင် ကြောင်း ပြောပြသော်လည်း ကျွန်တော် နားမထောင်ခဲ့ပါ။

ကျွန်တော်သည် ကျွန်တော်တို့ တွေ့ဆုံနေကျညောင်ပင်ကြီးသို့ ထွက်ခဲ့ပါသည်။ ပေကြီးနှင့် ဂျစ်တူးတို့ ပေါက်တူး ကိုယ်စီ ထမ်း၍ စောင့်နေကြပါသည်။ သူတို့နှင့်အတူ ပေကြီး၏ ခွေးကြီး ရန်လိုလည်း ပါလာသည်။

ကျွန်တော်တို့သည် ကန်သင်းရိုးတလျှောက် ကြွက်တွင်းများကို ကြည့်၍ သွားကြပါသည်။ တ နေ ရာ သို့ ရောက် သော် ပေကြီးက "ဟော့ ဒီမှာ ကြွက်ကျစ်စာအသစ်တွေကွ၊ ညကမှ တူးထားတယ် ထင်တယ်" ဟု ပြောရင်း တွင်း ပေါက် ဝ ကို ပေါက်တူးဖြင့် တချက် ပေါက်လိုက်ပါသည်။ ထိုအခါ ရန်လိုကြီး ဝင်လာပြီး တွင်းဝကို နှာခေါင်းဖြင့် သွင်း၍ အနံ့ခံကာ လက်နှစ်ဖက်ဖြင့် မြေကြီး ကို ယက်ထုတ်ပါသည်။ ပေကြီးက ဆက်ပေါက်ရာ မြေကြွက်ကြီး တကောင် ပြေး ထွက် လာ ပါ တော့သည်။ ရန်လိုက အလစ်

မပေးပဲ ကြွက်ကြီးကို ခါးမှ ကိုက်၍ ခါလိုက် လေ သည်။ ကျွန်တော်တို့သည် တွင်းသစ်များကို ဆက်လက် ရှာကြပါသည်။ကျွန်တော်တို့ ရွှေမှုရန်လုံကြီးသည် တွင်းတတွင်းကို အနံ့ခံပြီး မာန်ဖီနေလေသည်။ ထိုအခါ ဂျစ်တူးက “ဒီတွင်းမှာလဲ ကြွက် ကျိန်းသေရှိလိမ့်မယ်” ဟု ပြောရင်း တွင်းဝကို ပေါက်တူးဖြင့် ဖဲ့ချလိုက်သည်။ ရန်လုံသည် တွင်း ကို ကြည့် ၍ သာ ဟောင်နေလေသည်။ဂျစ်တူးက တွင်းဝမှ ကြွက်ကျစ်စာ ခဲများကို လက်နှင့် ဖဲ့ထုတ် နေလေသည်။ ထိုနောက် ကျွန်တော်ကိုယ်တိုင် ပေါက်တူးကို ယူ၍ ဆက်လက်ပေါက်ရာ တွင်းနက်လာလေ ရန်လုံ ဒေါသကြီးလာလေ ဖြစ် ကာ လူ ကြား ထဲ မှ အတင်း တိုး ဝင် ပြီး တွင်း ကို လက်ဖြင့် ယက် နေ ပါ တော့ သည်။ ပေကြီးက ဖယ်ခိုင်းသော်လည်း မဖယ်ပါ။

ပေကြီးက ရန်လုံ၏ လည်ပတ်ကြိုးကို အတင်းဆွဲဖယ်လိုက်ပြီး ကျွန်တော့်အား ဆက်လက်ပေါက်စေရာ တချက်ပေါက်ပြီးခဲကို ဖယ်လိုက်သည်နှင့် ရန်လုံအတင်း ပြေးဝင်လာပြီး တွင်းထဲမှ အကောင်၏ ကုပ်ကို ခဲ၍ဆွဲထုတ်လိုက်ပါသည်။

ရန်လုံ၏ပါးစပ်ထဲမှ သတ္တဝါမှာ မြွေ ကြီး ဖြစ် နေ သောကြောင့် ကျွန်တော်တို့အားလုံး နောက်ဆုတ် လိုက်ကြပါသည်။ ရန်လုံလည်း ပါးစပ်ထဲမှ မြွေကြီးကို လွှတ်ချလိုက်ပါသည်။ ထိုစဉ် ဘယ်အချိန်က ရောက်နေမှန်း မသိသော ကိုကိုသည် နွားရိုက်ကြိမ်လုံးဖြင့် ဝင်ရိုက်မှ မြွေ ကြီး သေ သွား ပါ တော့ သည်။ကိုကိုက မြွေကြီးကိုတုတ်ဖြင့် ထိုးလှန်လိုက်ရာ မြွေဟောက်ကြီး ဖြစ် နေ ပါ တော့ သည်။ကိုကိုသည် နောက်နောင်တွင် ကြွက်မပေါက်ကြရန် ဆုံးမပြီး မြွေကြီးကို တွင်းတူး၍ မြှုပ်လိုက်ပါသည်။

ကျွန် တော် တို့ အား လုံး နောက် ချေး ချ ရာ မှ ပြန် လာသော ကိုကို့ လှည်းကို စီးပြီး ရွာသို့ ပြန်ခဲ့ကြပါသည်။ ကျွန်တော်တို့၏ အသက်ကို ကယ်လိုက်သော ရန်လုံကြီးကိုလည်း ကျွန်တော်တို့နှင့်အတူ လှည်းပေါ် တွင်တင်၍ ခေါ်ခဲ့ပါသည်။ ကျွန်တော်လည်း ဖေ ဖေ နှင့် ကိုကို တို့၏ စကားကို နားမထောင်မိ၍ ဤသို့ဖြစ်ခဲ့ရသည်ကို နောင်တရ၍ မဆုံးပါ။ ထို့ကြောင့် နောင်တွင် ကိုကို ခိုင်းသော အလုပ်ကို အချိန်မရွေး လုပ်ပါတော့မည်ဟု ကိုကို့အား ကတိပေးလိုက်ပါသည်။ ကျွန်တော်တို့ လှည်းသည် ရွာထိပ်သို့ ရောက်လာပါပြီ။ ဖိုးဖိုးသည် အိမ်ပေါက်ဝမှ ကျွန် တော် တို့ အပြန်ကို စောင့်နေပါလိမ့်မည်။

## ကြိုနေပါမည်

မြို့တက္ကသိုလ် ကျောင်းတော်သား
ညီညီ့ကိုကြီးများ။
နွေလရက်အား အချိန်မှာ
ညီညီ့ ရွာသို့ လာခဲ့ပါ။
ညီညီ့ ရွာမှာ လုပ်အားပေး
စာမတတ်သူ ပပျောက်ရေး။
ဝလုံးငယ်လေး ဝန်းဝိုင်းတယ်
လှည်းဘီးကြီးနဲ့ တူသတဲ့ကွယ်။
ကိုကြီးတို့ရယ် သူတို့အား
စာသင်ပေးပါလား။

လူသူအများ စာတတ်လျှင်
မျက်စိပွင့်မည်ပင်။
မကြာတော့ခင် ညံမစဲ
သင်ကြားပြသ လုပ်အားပွဲ။
ညီညီ့ ရွာထဲ တည်းခိုရာ
ပြင်ဆင်ပြီးပြီဗျာ။
လာမည့်ခါ နွေရက်အား
လာကြပါတော့ကိုကြီးများ။ ။

မောင်သိန်းဇော်



R. 517

# ခြပုံ



ခြပုံ့သည် ပေါက်ဖတ် တမျိုးမှ ရုပ်ပြောင်းလာသော ဖလံကောင် ဖြစ်သည်။ ခြပုံ့ ဖြစ်လာမည့် ပေါက်ဖတ်သည် အုန်း၊ ထန်းစသည့်အပင်တို့၏ အရွက်များမှ အမြေးများကို ကိုက်ဝါး စားသောက် ပြီးလျှင်၊ ခြများ မြေကြီးဖြင့် ခြအုံ ပြုလုပ်သကဲ့သို့ပင် မိမိတို့ကိုယ်မှထွက်သော အညစ်အကြေးများဖြင့် ညှိုးခြောက်လာသော အလက်များကို ပူးကပ်ကာ အလက်အတွင်း၌ ခိုအောင်းနေထိုင်သည်။

အုန်းလက် သို့မဟုတ် ထန်းလက်တလက်တည်းမှာပင် ဖောင်ဂဏန်းမျှအထိ အရေအတွက်ရှိသော ပေါက်ဖတ်များ ရှိနေတတ်သည်။ ယင်းတို့ ကိုက်ဝါး စားသောက်ပစ်သဖြင့် အုန်းလက်၊ ထန်းလက်တခုလုံးခြောက်သွေ့ပျက်စီးကာ နောက်ဆုံး အရိုးတံသာကျန်ရစ်သည်။ အလက်ရှိအရင်းမှ အရွက်များကို စတင်စားသောက်ပြီး တဖြည်းဖြည်းအဖျားအထိ ကူးသွားတတ်သည်။

ခြပုံ့ဖြစ်လာမည့် ပေါက်ဖတ်သည် ကြီးလာသောအခါ အညိုရောင် ပိုးတုံးလုံးအဖြစ် ပြောင်းသွားသည်။ ထိုပိုးတုံးလုံးမှ ဖလံဖြစ်လာပြီးနောက် အရွက်ပေါ်တွင် ဥများအု၍ ပေါက်ဖတ်များ ပေါက်ဖွား လာပြန်သည်။ ဥမှ ခြပုံ့ဖြစ်လာသည်အထိ ရက်သတ္တ လေးပတ်ခန့်ကြာသည်။ ခြပုံ့အမသည် ဥပေါင်း ၂၀၀ ခန့်အုသည်။ သက်တမ်းတလျှောက်လုံး အပင်ပေါ်မှာပင် နေထိုင်စားသောက်သည်။ ထို့ကြောင့် ခြပုံ့ဟူ၍၎င်း၊ ခြပုံ့ပိုးဟူ၍၎င်း ခေါ်ခြင်းဖြစ်သည်။

မောင်ဆုပန်



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး (ပုံနှိပ်)
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇၊ အမှတ် ၁၅၊

# သင်္ကြန်

# ရွှေသွေး ဂျာနယ်

၁၉၇၅-ခုနှစ် ဧပြီလ
၁၄ · ၁၅ · ၁၆ ·ရက်နေ့.

၁၃၃၆ ခု၊ နှောင်းတန်ခူးလဆန်း ၂ ရက်(၁၂-၄-၇၅)



စနေနေ့တိုင်း ထုတ်ဝေသည်။

## အမေပေးသော မွေ့ရာသစ်

ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-မျိုးတင့်




နောက်နေ့တွင် မောင်ထွေးသည် ဒေါ်ဌွေးထမင်းချက်စဉ် ဝိုင်းကူညီလုပ်နေ၏။
ဟဲ့ ဆားလေး နဲနဲထဲ့ပြီး လက်ခလေး အုပ်ထောင်း ဖုတ်သီး မျှက် စီထဲ ဝင်မယ်
မြေးမြေးမှုတ် ခလေး— မှာတွေလွင့်မယ်
ချက်ရေတွေနဲ့ ပါလား— ကြက်သွန် မွှန်နေပြီ
ကဲကဲ-တော်ပါပြီ။ ကြက်သွန်သင်ယင် ဒီလိုဘဲ မျက်စိစပ်တယ်ကွဲ့။ အမေ့ကို ရေ တပုံးလောက် သာ သယ်ပေးတော့ နော်
မောင်ထွေးသည် အားရပါးရ ရေများကို ကြိုးစား သယ်ပေးလေသည်။
ထမင်း ချက်ပြီး၍ ဒေါ်ဌွေး ခြံထဲ သွားသော အခါ မောင်ထွေး လိုက်သွားပြန်၏။
သား ရေ-အမေ့ကို - ဟိုဘက်က မျိုးခင်းမှာ မြေဆွပေးပါလား ကွယ်
မောင်ထွေးသည် မဆိုင်းမတွ မြေဆွတော့၏
သား၊ မြေးမြေး၊ လက်တွေပေါက် ကုန်မယ်။ အဲဒါ ပြီးယင် သွား ကစားချင် ကစား တော့
သို့သော် မောင်ထွေးကို ထင်းခွဲနေသည်ကို တွေ့ရလေသည်။
လူကလေး သတိထား လက်ထိ မယ်
ရပါတယ် အမေရဲ့



ထင်းခွဲ၍ မောလောက်ပြီ ထင်သောအခါ ဒေါ်ထွေးသည် သားထံသွား၍
ကဲ - သားလေး - မောရောပေါ့၊ ချွေးတွေသံတွေနဲ့ ရေတွင်းမှာ ရေသွားချိုးချေ။ ပြီးယင် ထမင်းစားကြရအောင်...
ရပါတယ် အမေ
ထမင်း စားပြီးကြလေလျှင်
အမေရယ် - ဒီနေ့ ထမင်းစားကောင်းလိုက်တာ - ဗိုက်ကြီးကို ပူဖနေတာဘဲ
ဟဲဟဲ
ဟော ဟုတ်လား
ခဏတဖြုတ် အနားယူနေကြစဉ်
ဒီနေ့ အလုပ်လုပ် ရတာ - တော်တော် မောသွားလား
သိပ် မမောပါဘူး ရေချိုးပြီးထမင်းစားလိုက်တော့ လန်းပြီး လာတယ်
ဟဲ --အမေ--ဒါနဲ့ ဒီနေ့မွေ့ရာဝယ်ပေး နော် ---
အေးပါ သားရဲ့။ အမေစုထားတဲ့ ငွေလေး နဲ့နဲ့ပါးပါး ရှိပါတယ်။ ဒီနေ့တော့ ဈေးပိတ်ထားတယ်၊ နက်ဖြန် ဆက်ဆက်ဝယ်ပေးမယ်။
မောင်ထွေးသည် မွေ့ရာရမည်ဆို၍ တနေကုန် မိခင်နှင့် အလုပ်ဝိုင်းလုပ်နေ၏။




ထိုညသို့
အမေ ဒီနေ့ဘယ်လိုလုပ်ချက်ထားလဲ မသိဘူး - သိပ်ကို ထမင်းစားကောင်းတာဘဲ။
အမေ တနေကုန် အလုပ် လုပ်နေတာ ညောင်းရောပေါ့။ ကျနော် နှိပ်ပေးမယ်လေ
အမေ မညောင်းပါဘူးကွယ်။ သားသာ အမောဖြေပါအုံး။ သား ဒီနေ့ အလုပ်တွေ သိပ် လုပ်တယ်။ တော်တော်ကြာ တော့ ဝမ်းချောင်သွားယင် စားရအောင် - အမေ ဒန့်ဒလွန်ရွက် ကလေးသုတ်ထားတယ်။ အဲဒါစားယင် သိပ် အိပ်ပျော်သတဲ့။
ရေနွေးကြမ်းလေးလဲ ရှိတယ် ဟဲ့။
ဟင် ဟုတ်လား
တခဏမျှ ကြာသောအခါ
ခေါ
ရို့
ခေါ
ရို့
အမယ် ကောင်လေး အိပ်ပျော်သွားပါကော်။ မောသွားရှာတယ် ထင်ပါရဲ့။ ဒန့်ဒလွန်ရွက်သုတ် ကလေးတောင် မစားရသေးပါလား။
နံနက်မိုးလင်းလေလျှင်-
ဟောဗျ - နေတောင် ထွက်နေပြီ။ အမေလဲ ခြံထဲရောက်နေပြီထင်တယ်။
ဟင့်အင်-နေပါအုံး-- ငါ ဘာဖြစ်လို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါလိမ့်....
အင်း...တန်တော့... အမေနဲ့ အလုပ် ပိုင်းလုပ်လို့ဖြစ် လိမ့်မယ်။ ထမင်းလဲ ဒါကြောင့် စားမိန်တာနဲ့ တူတယ်။ အဲ - ဟုတ်ပါပြီ။ မွေ့ရာအသစ်နဲ့လဲ - အိပ်ပျော်မှာ ဟုတ်ပါဘူး။ အလုပ် လုပ်ယင် - အိပ်ပျော်- စားဝင်ဖြစ်မှာဘဲ။
မောင်ထွေးရေ--- ထတော့ လူကလေး။ မွေ့ရာသွားဝယ် ရအောင်လေ...
ဗျာ---- နိုးနေပါပြီ အမေရဲ့။ အမေပေးတဲ့ မွေ့ရာသစ်လဲ တွေ့ပါပြီ။ သားယူလာခဲ့မယ်လေ
ဟော်
ထိုသို့ဆို၍ အိမ်ပေါ်မှ ပေါက်တူးဆွဲကာ ဒေါ်ထွေးထံ ပြေးဆင်းသွားလေသည်။


ပြီး



အကျင့်ပါနေလို့
ဇာတ်လမ်း / ဘုမြင့်
သရုပ်ဖော် /
မောင်မောင်သည် ဘောလုံးကန် ဝါသနာပါသူဖြစ်၏။ သို့သော် သူသည် အပြင်တွင် တွေ့မြင်သမျှသော ပစ္စည်းများကိုလည်း ကန်လေ့ရှိ၏။
ထို့ကြောင့် သူငယ်ချင်းများက သူ့ကို "ဘောရူး" ဟု နောက်ပြောင်ခေါ်ကြလေသည်။
ငါ့ခြေထောက်နဲ့ငါ ကန်တာဘဲ၊ မင်းတို့ အပူမပါပါဘူး
ဟေ့၊ ဘောရူး ကွ
သူသည် စားစရာများကို စားပြီးလျှင် အကြွင်းအကျန်များကို ခြေနှင့်ကန်ပစ်တတ်သည်။
မဟာဒုံးကွ
တခါတရံ လမ်းတွင်တွေ့သော ခွေးကလေးများကို ခြေနှင့်ကန်လိုက်သေးသည်။
အိုင် အိုင်
တနေ့တွင် ကလေးတယောက် ဆော့နေသော ဘောလုံးကို မောင်မောင်က ခြေနှင့်ဆွဲယူ၍ ပြေးလေသည်။
ဟဲ့ ဟဲ့
ငါ့ဘောလုံး ပြန်ပေး
ထို့နောက် သူသည် လမ်းသွားလမ်းလာ များကို အော်ပြောလိုက်သည်။
ဘေးဖယ် ဘေးဖယ်


မောင်မောင်သည် ဘောလုံးကို တအားကန် လိုက်ရာ-
ဟော့ဗျ
ပိုက်ပြင် နေသည်
ဒုန်း
အား
ဘောလုံးသည် မြေအောက် ရေပိုက်ပြင်နေသော အလုပ်သမားကြီး၏ ခေါင်းကို ထိမှန်သွားလေ၏။
မင်း သူတပါး အလုပ်ကို နှောက် ယှက်တဲ့ကောင်
အလုပ်သမားကြီးက ဒေါပွပွဖြင့် မောင် မောင်ထံသို့ လျှောက်လာရာ-
မင်းတော့ မိရင်အသေဘဲ
ဟိုက် လစ်မှ
လွတ်အောင်ပြေးနိုင် ရင်ပြေးကွ
အမလေး
ဟဲ့ ခလေး
မောင်မောင်သည် ကြောက်အား လန့်အားဖြင့် ပြေးရင်း မုန့်ဟင်းခါးသည်ကြီး၏ မုန့်ဟင်းခါးအိုးကို ဝင်တိုက်မိ၍-
ဒုန်း
အား
အပူလောင်သောဒဏ်ရာများကြောင့် ဆေးရုံ တွင် တပတ်ခန့် တက်ရောက် ကုသနေရလေ သည်။
ဘာ မဟုတ်တဲ့ အကျင့်ကလေး တခုကို မဖျောက်နိုင်လို့ ၊ တသက်လုံး အမာရွတ် တွေ ပျောက် တော့မှာ မဟုတ်ဘူး
ပြီး







တခါက တောင်ရိုးဒေသတွင် မောင်အဲရိုင်ဟု ခေါ်သော လူချော‌လူလှ တယောက် ရှိလေသည်။ သူ၏ဖခင်မှာ ကုဋေရှစ်ဆယ်ကြွယ်ဝချမ်းသာသူ တယောက်ဖြစ်သည်။

မိဘများက မောင်အဲရိုင်ကို ပညာတတ်စေချင်သဖြင့် မြန်မာ နယ်မြေတွင်ရှိသော ဒိသာပါမောက္ခ ဆရာကြီးထံ သို့ပို့ပြီး ပညာ သင်ကြားစေသည်။ ထိုဒိသာပါမောက္ခ ဆရာကြီး၏ ကျောင်းတော်တွင် အရာရှိ အရာခံများ၏ သားသမီးတို့လည်း ပညာ သင်ကြားရန် လာကြလေသည်။ ရုပ်ရည်ချောမော၍ အပြောကောင်းပြီး ဆရာကိုလည်း ရိုသေသော မောင်အဲရိုင်ကို အများက ချစ်ခင်ကြလေသည်။

ကျောင်းတော်တွင် ပညာ သင်ကြားပြီး သုံးနှစ်သုံးမိုးစေ့ပြီဖြစ်၍ မိဘရပ်ထံသို့ ပြန်တော့မည့် မောင်အဲရိုင်ကို ဆရာကြီးက "မောင်အဲရိုင် လောကမှာရှိတဲ့ မေတ္တာအစစ်အမှန် အသန့်ရှင်းဆုံး မေတ္တာကို ရှာဖွေပါ၊ တကယ်လို့ မှန်မမှန်ကို သိချင်ယင် ဒီဆေးတုံးကို သွေးလိမ်းပြီးမှ မှတ်ကျောက်တင်ကြည့်ပါ"ဟု၍ မှာကြားပြီး ဆေးလုံးတလုံးကို ပေးလိုက်လေသည်။

သို့ဖြင့် မောင်အဲရိုင်မှာလည်း မိဘရပ်ထံသို့ တိုက်ရိုက်မပြန်နိုင်သေးပဲ မေတ္တာစစ် မေတ္တာမှန်ကို ရှာပုံတော်ဖွင့်ရလေတော့၏။ တွေ့သမျှလူတိုင်းကပင် မောင်အဲရိုင်ကို ခင်မင်ကြသဖြင့် သူကလည်း မေတ္တာစစ် မေတ္တာမှန်ဟူ၍ပင် ယူဆထားသည်။ သို့သော် သူသည် မေတ္တာစစ် ရှာပုံတော်ကို ဆက်လက်ဖွင့်ရန် ရည်ရွယ်ထားသည့်အတိုင်း မေတ္တာစစ်ကို အရှာထွက်ရပြန်၏။

ဤသို့ လှည့်လည်ရှာဖွေရင်းဖြင့် တနေ့တွင် သူသည် သူဌေးတယောက်၏ သမီး မသီတာဆိုသော မိန်းကလေးနှင့် တွေ့ပြီး အိမ်ထောင်ဖက်ပြုလိုက်လေသည်။ မသီတာ၏ မေတ္တာကို မောင်အဲရိုင်က

မေတ္တာစစ် မေတ္တာမှန် ဟု ယူဆပြီး ဆရာကြီး ပေးလိုက်သည့် ဆေးတုံးဖြင့် စစ်ဆေးကြည့်ရန် မေ့လျော့ နေလေသည်။

သို့ဖြင့် သူတို့ လင်မယားနှစ် ယောက် သည် ချစ်ချစ်ခင်ခင်နေထိုင်ကြပြီး ကလေးတယောက် ရလာလေသည်။ သားကလေးကလည်း မောင်အဲရှိုင်ကို အဖေအဖေနှင့် အလွန်ပင် ချစ်ရှာ၏။


တနေ့တွင် မောင်အဲရှိုင်သည် ဆေးတုံးကို သတိရပြီး မသီတာ၏မေတ္တာကို စစ်မစစ်စမ်းသပ်လိုသဖြင့် ဆေးတုံးကို သွေး၍ သူကိုယ်သူ လိမ်းလိုက်လေ၏။ဤသို့လိမ်းလိုက်သောအခါတကိုယ်လုံးမည်းသွားပြီး ကိုယ်ခန္ဓာကြီးသည် ပုပ်စော်နံလာလေသည်။ ဤသို့ ဖြစ်သွားသောအခါ မသီတာသည် သူလင်ယောကျ်ား၏အနားသို့ မကပ်တော့ပေ။ ယောက္ခမ သူဌေးလင်မယားကလည်း ဆဲဆိုကြိမ်းမောင်းလေ၏။ နောက်ဆုံးတွင် မောင်အဲရှိုင်ကို ရိုက်ပုတ်ပြီး အိမ်မှ နှင်ချ . လိုက်လေတော့သည်။


မောင်အဲရှိုင်သည် ဒုက္ခရောက်မှ မိဘကို သတိရပြီး မိဘရပ်ထံသို့ ပြန် ခဲ့လေ၏။ မောင်အဲရှိုင်၏ မိဘ နှစ်ပါးကလည်း သားကလေး ပြန်မလာသဖြင့် မျှော်နေစဉ်တွင် သားပြန် ရောက် လာ တော့ လည်း အသားမည်းပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်လာသည်ကို တွေ့ရသဖြင့် ဝမ်းနည်းပက်လက် ငိုကြ၏။


မောင်အဲရှိုင်၏ ဖခင်သည် ကြင်ကြင်နာနာဖြင့် သူ့သားကိုယ်ကို အမွှေး နံ့သာများ လိမ်း ပေး သည်။ မိခင်ကမူကား မောင်အဲရှိုင်၏အဖြစ်ကို ကြည့်ရင်း ဝမ်းနည်း ငိုကြွေးသည်ကြောင့် မျက်ရည်များ မောင်အဲရှိုင်၏ ကိုယ်ပေါ်သို့ ကျပြီး အ သား အ ရည် သည် နဂိုရ်အရောင် ပြန် ဖြစ် သွားလေသည်။


ထိုအခါမှ မောင် အဲ ရှိုင်သည် "လောကမှာ အစစ်အမှန်နဲ့ အသန့်ရှင်းဆုံး မေတ္တာဟာ မိဘမေတ္တာပါလား၊ မိဘမေတ္တာထက် ဘယ်သူ့မေတ္တာမှ မ မွန် မြတ် နိုင် ဘူး" ဟူ၍ တွေးမိ သိရှိရတော့သည်။

ထို့နောက် သူသည် ဒိသာပါမောက္ခ ဆရာကြီးကို ပင့်ပြီး ကောင်းမွန်စွာ ပြုစုလုပ်ကျွေး လေသတည်း။










ကြက်ကလေးအာနို
လာကြဟေ့-ဒို့ ဟိုနားသွားအစာ ရှာမယ်-
ကာတွန်းမြေဇာ ရေးဆွဲသည်
မင်းတို့တတွေ-အစာကိုနေ့တိုင်း ရှာရမယ်- ဝိုဝိုလုံးလုံးဖြစ်အောင် အစာများများရှာဖို့လိုတယ်-
နောက်တခုက ဒီနားမှာမြေကြွက်ကြီးတွေ ရှိတယ်-သူတို့ဟာ မင်းတို့ကို ဒုက္ခပေး နိုင်တယ်-
နောက်တနေ့တွင်
ဒို့မေမေကတော့ မနေ့က တနေ့ကုန် သင်ကြားပေးပြီး ဒီနေ့အစာရှာ လွှတ်လိုက်ပြီဟေ့-
ကဲ-ဒို့ ပျော်ပျော်ပါးပါး အစာ ရှာရအောင်
ထိုစဉ်
ဆာလိုက်တာ-ဟာ ဟိုမှာ ကြက်ကလေးတွေ အစာရှာနေတာဘဲ သူတို့ဆီ နဲနဲ သွားတောင်းမှ-


ငါ့ ကို အစာ နဲ့နဲ လောက် ကျွေးပါလား ကွာ -
အာ- ဘယ် ဖြစ်မလဲ-ကျုပ်ရှာ တဲ့ အစာနဲ့ ယင်မေမေ ကဆူမှာဗျ -
ကြောင်ကလေးသည် ကြက်ကလေးများထံမှ အစာတောင်း၍ မရပေ။ သို့ရာတွင် ခပ်လှမ်း လှမ်းမှ ကြက်ကလေး အာနီထံမှမူ မတောင်း ရသေးချေ။ ထို့ကြောင့်
!
ငါ့-ဆာလွန်းလို့ ပါကွာ-
မင့်ပေး ယင် အစာနဲ့တယ် ဆိုပြီးမေမေက ဆူမှာ- ဒါပေမဲ့-ငါ့နဲ့ လျှော့စားပြီး မင့်ကို ကျွေးပါ့မယ်-
ကျေးဇူးဘဲကွာ
ညနေတွင်
ဟဲ့- အာနီ- မင်းရှာတဲ့ အစာတွေကနဲလှချီလား
ကြောင်လေးတကောင် က-ဆာလို့ဆိုတာနဲ့ သနား ဖို့
တိတ်စမ်း-နောက် အစာ နဲ့နဲ ရယင် နဲ့နဲ ဘဲ စားရ မယ်-
ဟုတ် ဟုတ်ကဲ့-
နောက်တနေ့တွင် ကြက်ကလေးများသည် ထုံးစံအတိုင်း အစာရှာထွက်ကြပြန်သည်။


ထိုစဉ် လယ်ကြွက် များ သည် ကြက်ကလေးများကို ဖမ်းစား ရန် ချောင်းနေကြ၏။
ဟာ -ဟိုမှာလယ်ကြွက်တွေ ပြေးပြေး ပြေး ဟ -
အားး
ကျစ်-ကျစ်
ဟဲ့-ဟဲ့-ဘာဖြစ် လာကြတာလဲ- ?
ကြက်ကြီး - ကြက်ကြီး-အိုး
ဟင် အနီး တကောင်ကော-မပါ လာပါကလား
သူ-သူ-ကြက်ကြီး တွေ အစား ခံ ရပြီ လား မသိဘူး
ကြက်အစားမခံ ရပါဘူးမေမေ-ကြွက်ရန်က ဟောဒီကျနော့်မိတ်ဆွေက ကူညီလိုက် တယ်- ဒီမှာလဲ အစာတွေ-
အေး- မင်းက သူများ ကိုကူညီတော့မင်းကို ပြန်ကူညီတာပေါ့ ကဲ- မင်းသူငယ်ချင်းလဲ ဦးနဲ့ အတူ ညစာ စားဖို့ ခေါ်ခဲ့ -
ပြီး



# မည်သည့်အချိန်မှစ၍ မြေပုံဆွဲခြင်း အတတ်ပေါ်လာခဲ့သနည်း

ရှေးဦးလူတို့သည် သစ်ခေါက် ပေါ်တွင်ဖြစ်စေ၊ သားရေပေါ်တွင်ဖြစ်စေ မြေပုံများကိုရေးဆွဲကြသည်။ တခါတရံ မြေကြီးပေါ်တွင်လည်းရေးဆွဲတတ်ကြသေးသည်။ ယနေ့အထိ အချို့ဒေသများတွင် ရှိသော မယဉ်ကျေးသေးသည့် လူမျိုး များသည် သူတို့အကျွမ်းတဝင်ရှိသော ဒေသများကို တိကျစွာ မြေပုံရေးဆွဲနိုင်ကြကြောင်း တွေ့ရသည်။

ရှေးအီဂျစ်လူမျိုးတို့သည် ဂျီသြမေတြီအတိုင်း အတာများကို အသုံးပြုခဲ့ ကြ၏။ ပေါ်လီနီးရှန်းခေါ် တောင်ပင်လယ် ကျွန်းသားများသည် ခရုခွံများဖြင့် ပြုလုပ်ထားသောမြေပုံတို့ဖြင့် တကျွန်းမှတကျွန်းသို့ ကူးသန်း သွားလာ ခဲ့ကြသည်။ အယ်ရာတော့(စ်)သနီး(စ်)ခေါ် ဂရိလူမျိုးတဦးသည် ခရစ်မပေါ်မီ နှစ်ပေါင်း ၂၃၀ ခန့်ကပင် ကမ္ဘာလုံး၏ အချင်းကို တွက်ချက်ခဲ့သည်။

ယခုတွေ့ရှိရသော မြေပုံများအနက် ရှေးအကျဆုံးမှာ မက်ဆိုပိုတေးမီးယား ပြည်မှ မြေပုံဖြစ်သည်။ ယင်းမှာ နျူဇီယန်သဲကန္တာရရှိ ရွှေတွင်းတတွင်း၏ အသေးစိတ် မြေပုံဖြစ်၍ ရွှံ့ခဲပေါ်၌ ရေးဆွဲထားသည်။

ခရစ်မပေါ်မီ နှစ်ပေါင်း ငါးရာခန့်ကပင် မြေပုံများ ရှိခဲ့သည်ဟု သမိုင်းဆရာဟီရော့ဒိုးတပ်(စ်)က ရေးသား ခဲ့သော်လည်း ယင်းမြေပုံများကို မတွေ့ရဘူးသေးပေ။

တက္ကသိုလ်မြူမြင့်


---

## ဆန့်ကျင်ဖက်ဆိုတာ ---



# ရန်ကုန်သား ဘဲကလေး

မောင်ခင်မင်းကြည် (ပုသိမ်)



ပဲခူးမြို့၊ မဇင်းရပ်ကွက်တွင် ဦးဟုတ်စွ ဆိုသူ တဦးရှိသည်။ သူသည်ဘဲမွေးခြင်းဖြင့် အသက်မွေးသူဖြစ်၏။

တနေ့ နံနက်တွင် ဦးဟုတ်စွသည် ရေကန်ထဲမှ ဘဲများကို တဲထဲသို့ မောင်း သွင်း နေ၏။ ထိုစဉ် ခပ်လှမ်းလှမ်းမှ မည်သူ့ဘဲမှန်း မသိသော ဘဲတကောင်သည် လှည်းလမ်း တလျှောက် ပြေးလာပြီးသော် သူ့ဘဲအုပ်ထဲသို့ ဝင်ရောက် ရောနှောသွားလေသည်။

ခဏကြာသော် အသက် ၁၀ နှစ်ခန့်ရှိ ကလေး တယောက် အပြေးအလွှား ရောက်လာပြီး–

"ဦးလေး၊ ကျနော့် ဘဲ တကောင် ဒီ ဘဲ အုပ်ထဲ ဝင်သွားတယ်"

"ဟုတ်လား၊ ခ ဏ နေ အုံးကွာ"

ဦးဟုတ်စွသည် ဘဲ များ ကို တဲထဲသို့ ဆက်လက်မောင်းသွင်းလိုက်ပြီး၊ အပေါက်ကို ဝါးကပ်တချပ်ဖြင့် ပိတ်လိုက်သည်။

"ကဲ–ထိုင်ဟေ့၊ ချာတိတ်"

ဦးဟုတ်စွက ကွပ်ပျစ်ပေါ်တွင် ထိုင်ချရင်း ပြောလိုက်သည်။ ဘဲပိုင်ရှင်လေးလည်း ဦးဟုတ်စွနှင့် မျက်နှာချင်းဆိုင်တွင် ထိုင် လိုက်သည်။ ကွပ်ပျစ်ပေါ်မှ ကြည့်လျှင် ဘဲအားလုံးကို အပေါ်စီးမှ ကောင်းစွာ မြင်ရသည်။

"မင်းနာမယ် ဘယ်လိုခေါ်လဲ၊ မင်းကို အရင်က မမြင်ဘူးပါလား"

"ကျနော့်နာမယ် မောင်နိုင် ဦးပါ၊ ကျနော့်အဖေက အစိုးရအမှုထမ်းပါ၊ ညကမှ ရန်ကုန်က ပြောင်းလာပြီး အဒေါ်အိမ်မှာ ခဏ တည်းပါတယ်၊ ဖေဖေနှင့် မေမေတို့ မြို့ထဲမှာ အိမ်ခန်းသွား ရှာ ငှား နေ တုန်း အခုလို ဖြစ်ရတာပါ"

"မင်းမှာ ဘဲဘယ်နှစ်ကောင်ရှိလဲ"

"တကောင်ထဲပါ ဦးလေး၊ မေမေ ဈေးသွားရင်း တွေ့လို့ သနားပြီး ဝယ်လာတာပါ။ ဒီဘဲပေါက်လေးကိုအိမ်ပေါ်မှာထားပြီး၊အိမ်ပေါ်မှာ ကျွေးပါတယ်။ ရေချိုးယင်လဲ အိမ်ပေါ်က ဇလုံကြီးထဲမှာ သူ့ရေကူး ပါတယ်"

"မင်းဘဲကိုမင်းမှတ်မိရဲ့လား"

"ဟုတ်ကဲ့၊ မှတ်မိ ပါတယ်၊ "ကျနော့်ဘဲ အော်သံက ဂတ်ဂတ် ဂတ်ဂတ်လို့ မအော်ဘူး၊ ရှတ်ရှတ် ရှတ်ရှတ်လို့ အော်ပါတယ်"

"အဲဒါ ဘဲထီးအော်သံ။ဘဲမက ဂတ်ဂတ် ဂတ်ဂတ်လို့ အော်တယ်။ကဲ ဖမ်းယူပေတော့"

ဦးဟုတ်စွက ခွင့်ပြု၍ ဖမ်းယူဘို့ ကြည့်လိုက်သော် ဘဲထီးများအော်သံ ရှတ်ရှတ် ညံနေသောကြောင့် ဘယ်ဘဲထီးမှန်းမသိ ဖြစ်သွားလေသည်။

"အော် သံ တူ တာ တွေ အများကြီးဘဲ ဦးလေး၊ ဘယ်အကောင်မှန်းမသိဘူး"

"ဒါဖြစ်ယင် တခြား အမှတ်အသား မရှိတော့ဘူးလား"

"ကျနော့် ဘဲရဲ့အမြီးမှာ အကောက်လေး ပါတယ် ဦးလေး"

"အဲဒီလို အမြီး ကောက်လေးတွေဟာလဲ ဘဲထီးတိုင်းမှာ ပါတဲ့ လက္ခဏာတရပ်ဘဲ"

ဘဲအုပ်ထဲသို့ ကြည့်လိုက်သော် ဦးဟုတ်စွ ပြောသလို အမြီးကောက်နေသည့် ဘဲ အတော်များများ တွေ့လိုက်ရ၍ မောင်နိုင်ဦး စိတ်ညစ်သွားတော့သည်။

"အဲဒါမှဒုက္ခ၊ ဖေဖေနဲ့မေမေတို့ ပြန်လာလို့ ဘဲမတွေ့ယင် ကျနော့်ကို ဆူတော့မယ်"

"ဒီလိုလုပ်ကွာ၊ မင်း ဘဲကို ဦးလေးဘဲတွေနဲ့ရောပြီး အစာကျွေးထားမယ်၊ ညနေကျယင် ဒီက ဆင်တူ တကောင်ကို မင်း စိတ်ကြိုက် ရွေးဖမ်းယူပေါ့"

မောင်နိုင်ဦးသည် ဦးဟုတ်စွ၏ အကြံကို လက်ခံပြီး၊ အိမ်ပြန်သွားသည်။ သို့သော်လည်း သူ ကျွေးမွေးခဲ့သည့် ဘဲပေါက်စလေး အရွယ်မှ တဖြည်းဖြည်း ကြီးလာပြီး၊ နောက်ဆုံး ယခု အရွယ်အထိ ဘဲကြီးဖြစ်လာပုံ အဆင့်ဆင့်ကို ပြန်တွေးရင်း သူ့ ဘဲကြီးကိုသာ ပြန်ရလိုစိတ် ဖြစ်ပေါ်နေလေသည်။

ဘဲများ ညနေ ရေဆင်းချိန်တွင် ဂတ်ဂတ် ရှတ်ရှတ် အော်မြည်သံများကို ကြားရသော် သူ့ဦးနှောက် ထဲသို့ အကြံ တခု ဝင်ရောက်လာသည်။

ထို့ကြောင့် သူငယ်ငယ်က ရေချိုးသော ဇလုံကြီးကိုထမ်းပြီး ဦးဟုတ်စွဘဲတဲသို့ ထွက်လာခဲ့လေသည်။ ဇလုံကြီးကို ကန်၌ချပြီး ရေအပြည့် ထည့်ထားလိုက်သည်။

မကြာမီပင် ဦးဟုတ်စွက ဘဲများကို ရေကန်ထဲသို့ လွှတ်ပေးလိုက်လေသည်။ ဘဲများသည် အလုအယက် ခုန်ပျံ ပြေးလွှားပြီး ရေကန်ထဲသို့ ဆင်းကူးကြ၏။ သို့သော် ဘဲအထီးတကောင်သည် ရေကန်ထဲ မဆင်းပဲ ရေစပ်တွင် ပြေးလွှားရင်း ကျန်ရစ်ခဲ့လေသည်။ အခြားဘဲများနည်းတူ မဆင်းရဲ၍ ဟိုပြေးသည်ပြေး လုပ်နေရာမှ ရေဇလုံကြီးကို တွေ့သွားလေသည်။ ထိုအခါ ရေဇလုံထဲသို့ ခုန်ဝင်ပြီး ရေကူးနေလေတော့သည်။

"ဒါ - ကျနော့် ဘဲ ဦးလေး"

မောင်နိုင်ဦးက ဝမ်းသာအားရ ပြောလိုက်သည်။

ဦးဟုတ်စွကလည်း အလွန်သဘောကျ ကျေနပ်သွားလေသည်။

"ဟုတ်တယ် ဟေ့၊ ရေပြင်ကျယ်မှာ တခါမှ ရေမကူးဘူးတော့ ရေကန်ထဲ ဆင်းရမှာ ကြောက်နေတယ်။ မင်းကရေဇလုံ ချပေးထားတော့ သူကူးနေကျမို့ အလွယ်တကူ ဝင်ကူးလိုက်တာပေါ့။ မင်းရဲ့ ဖြတ်ထိုးဉာဏ်ကို ချီးကျူးတဲ့ အနေနဲ့ ဦးလေးက ဘဲဥ ငါးလုံး ဆုချမယ်"

မောင်နိုင်ဦးလည်း သူ၏ဘဲကို ပြန်ရွေးနိုင်ပြီမို့ ရေဇလုံထဲတွင် ရေကူး နေသော ဘဲကို ကြည့်ရင်း အားရ ရွှင်ပြုံး နေတော့သည်။

## သင်္ကြန်ပွဲ

တာသင်္ကြန် ချိန်ခါရောက်တော့
ထိန်ဝါပိတောက် ရွှေဝတ်မှုန်၊
သင်းပျံ့ပျံ့ထုံ။
အခက်ငယ်ရုံ
အငုံရယ်ပွင့်စတမ်း၊
တိမ်မဲညို ဖြိုးမာန်မောက်တယ်
မိုးထောက်သည့်ပန်း။ ။


စိန်အိုးစည် ဗုံမောင်းနဲ့
ရွာခေါင်းတို့ ဆင့်ခါဆော်၊
ကခုန်စို့နော်။
တေးချင်းရဲ့ကြော်
ရွှင်ပျော်ရဲ့ဖော်များ၊
ပျော်ပါ့ဗျာ လူညိုထွားရယ်
ပြုံးဝင့်တအား။ ။

ရွာဦးဆိမကွပ်က
ခွန်းထပ်လို့ညံစီစီ၊
ပတ်မေပုံထိ။
စုပေါင်းလို့ညီ
သာကြည်ကွဲစုရုံး၊
မုံလုံးငယ်ရေပေါ် ပွဲကို
နွှဲလို့မဆုံး။ ။

ဒေးဒရဲမောင်သန့်စင်




R. 517



# ပိုးစုန်းကြူး

မောင်ဆုပန်



ပိုးစုန်းကြူးသည် ပိုးတောင်မာမျိုးဝင် အင်ဆက်ပိုးတမျိုးဖြစ်သည်။ မှောင်ထဲ၌ စိမ်းလွှလွှဲအလင်းရောင်ကို အချက်ပြ မီးသဖွယ် လင်းလိုက်မှိတ်လိုက် ပြုတတ်သည်။ တခါတရံတွင် ပိုးစုန်းကြူးများကို လျှပ်စစ်ကြမ်းပိုးများဟု ခေါ်ကြသည်။ အလင်းရောင်ကို ပေးသော်လည်း အပူဓာတ် မရှိချေ။

အလင်းရောင်ကို ဖြစ်ပေါ်စေနိုင်ခြင်းမှာ ပိုးကောင်၏ ဝမ်းဗိုက်တွင် မူလရှိနေသော အက်ဒီနိုဆင် ထရိုင်ဖော့စဖိတ်၊ လူဆစ်ဖာရင်၊ အောက်ဆီဂျင်၊ မက်ဂနီဇီယမ်နှင့် လူဆစ်မာရေဆီ ဟူသော ဓာတ်ငါးမျိုးကြောင့်ဖြစ်သည်။ နပ်ကြော လှုံ့ဆော်မှုကြောင့် ပိုင်ရိုဖော့စဖိတ်ဓာတ် ဖြစ်လာသော အခါ အလင်းရောင် ဖြစ်ပေါ်လာသည်။ ထို့နောက် စက္ကန့်အနည်းငယ်မျှ အကြာတွင် အခြားဓာတ်တမျိုးက ပိုင်ရိုဖော့စဖိတ်ကို ဖျက်ဆီးပစ်လိုက်သဖြင့် အလင်းရောင် ပျောက်ကွယ်သွားပြန်သည်။ ပိုးစုန်းကြူးများသည် မိမိတို့ မိတ်ဖက်ရှိသည့် နေရာကို အလင်းရောင်ကြောင့် သိနိုင်ကြသည်။

ပိုးစုန်းကြူးတွင် အ မျိုး အစား ဖြင့် တောင်ပံနှစ်စုံရှိ၍ တစုံမှာ မာကြောသည်။ ပိုးစုန်းကြူး ပိုးလောင်းများနှင့် ပိုးတုံးလုံးများသည် မြေကြီးအတွင်း၌ နေထိုင်ကြသည်။ ပူနွေးသည့်နိုင်ငံနှင့် အပူပိုင်းဒေသရှိ နိုင်ငံများတွင် တွေ့နိုင်သည်။

အမေရိကတိုက် အပူပိုင်းဒေသ အချို့တွင် ပိုးစုန်းကြူးများကို သံဆန်ခါလှောင်အိမ်တွင် ကြိုကျွေး၍ မွေးမြူရောင်းချလေ့ ရှိသည်။ အမျိုးသမီးများသည် ပွဲတော်နေ့များတွင် ထိုပိုးကောင်များကို ခြည်မျှင်ဖြင့် သီကာ ဆံပင်တွင်၎င်း၊ အဝတ်အစားများတွင်၎င်း တောက်ပသော ကျောက်သံပတ္တမြားသဖွယ် ချည်နှောင်၍ ဆင်မြန်းကြသည်။



၃၅ ပြား


ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၁၆။

# ရွှေသွေး ဂျာနယ်

ပန်းချီ.......... ဦးသာကြည်
ဇာတ်လမ်း........ထွန်းမင်းထွန်း

၁၃၃၇ ခု၊ ဦးတန်ခူးလဆန်း ၉ ရက် (၁၉-၄-၇၅)





စနေနေ့တိုင်း ထုတ်ဝေသည်။





မြေတွင်းထဲသို့ ပြေးဝင်ကြကုန်၏။
ဟောပဲ - ဟောပဲ
ညဘက်ရောက်သောအခါ အစာမဝ၍
ဆာတယ် - ဆာတယ်
တော်ကြာစမ်း ဝံပုလွေတွေ ကြားသွားမယ်
ညသန်းခေါင်ယံအထိ မြှော်လင့်နေသော ဝံပုလွေသံများ မကြားရမှ ယုန်အိုကြီးတကောင်က ယုန်များကို မြေတွင်းထဲ၌ပင် စုဝေးစေပြီး ပြောပြ၏။
ငါလဲ ဝံပုလွေသံကို အမြဲ နားစွင့်နေတာဘဲ။ တခါဖူးတော့ မကြားဖူးသေးပါဘူး။ ဒါပေမဲ့ သတိတော့ ကြီးစွာ ထားကြရမယ်။ အစားအစာ ကလဲ မစားဘဲ နေလို့မရဘူး။ ဒီတော့-ဒီရက်ထဲမှာ သန်မာဖျတ်လတ်တဲ့ ယုန်ပျိုများက အပြင်ထွက်ပြီး-အများအတွက် အစာ ရှာရလိမ့်မယ်။ ဘယ်သူ- ဘယ်ဝါ-ဘယ်တော့-အလှည့် ကျမယ်ဆိုတာကတော့- မဲ စနစ်နဲ့ ဆုံးဖြတ်ကြတာပေါ့။
မကြာမီ မဲဆွဲပွဲ ကျင်းပလေသည်။
မလာ
မလာ
မလာ
ဝေးဟေးဟေး ဒါမှ တို့ယုန်ခိုကွ
ဂုဏ်ယူရပါတယ် တာဝန်လဲ ယူပါတယ်


ဤသို့ဖြင့် "သူရဲကောင်း" မဲကျသော ယုန်ပျိုများသည် တလှည့်စီ အစာရှာ၍
ကျန်ယုန်များနှင့် ညီတူညီမျှ ဝေငှစားသောက်ကြလေသည်။
ဒီက နာမယ် ခေါ်လိုက်ရင် ကြိုက်ရာတခု ယူပြီး - တခြားမှာ သွားစား ရမယ်
မဲမကျသေးသော ယုန်များအထဲတွင် အကြောက်ကြီးသော ဖွဲဖွေးရှိ၏။
အစာရှာထွက်ဖို့ မဲ တလှည့်ကျလို့ ဝံပုလွေနဲ့ တွေ့ရင်တော့ သေမှာဘဲ
အကြောက်လွန်ကြောင်း သိသော ကစားဖော် ငမျောက် ရောက်လာပြီး
မင်း ဒါလောက်တောင် ကြောက်နေရင် - ဆရာမျောက်ဝံကြီးနဲ့ တွေ့ပါလား။ သူ့ကျရင် မျောက်တကြီးဘဲ။ နက်ဖြန် ငါလာ ခေါ်မယ်လေ
နောက်တနေ့
ဖင်ကလဲကွာ - ရဲရဲ တင်းတင်း လာစမ်းပါ။ တကယ်လို့ - ဝံပုလွေ လာရင်တောင် - ငါ - မင်းကို ကျောပိုးပြီး သစ်ပင်ပေါ် တက်ပြေးမှာပေါ့ ကွာ
ဆရာမျောက်ဝံကြီးနှင့် တွေ့သောအခါ-
ဘာဖြစ်တာလဲ
ဝံပုလွေကို ကြောက်လို့ - ရင်တွေတုန် စားမဝင် - အိပ်မပျော် ဖြစ်နေပါတယ်


ဘာဖြစ်လို့ကြောက်ရတာလဲကွ
ဝံပုလွေကြီးတွေက အစွယ်ကြီးတွေနဲ့၊ လက်သဲကြီးတွေနဲ့၊ တွေ့ယင်ကျနော့် နားရွက်ရှေရှေလေးကို နင်းပြီး ပါးစပ်ကြီးနဲ့ ကိုက်စားမှာမြင် သေမှာ ဗျ
ကောင်းပြီ အထဲဝင် ကူပေးမယ်
ရွတ်
ရွတ်
ဆရာ မျှောက်ဝံကြီးကုသပေး၍ စိတ်ဓာတ်တက်ကာ အိမ်ပြန်သွားလေသည်။
ဝံပုလွေဆိုတာ ဘာကောင် မို့လဲ
သွား - သွားချင်း၊ အစွယ် - အစွယ်ချင်း - လက်သဲ - လက်သဲချင်း ချမယ်၊ သတ္တိရှိယင် လာခဲ့ဟေ့
သို့သော် လမ်းခုလတ် ရောက်သောအခါ အဝေးမှ ဝံပုလွေအော်သံ ကြားရ၍-
ဝံပုလွေ
တွင်းထဲသို့ ပြန်ရောက်လေလျှင်-
ကြောက်တယ်
ကြောက်တယ်
ကြောက်တယ်
ဝံပုလွေ
ဝံပုလွေ
ဝံပုလွေ
ထိုနောက် သတိမေ့သွားလေတော့၏။
ဟဲ့ဟဲ့ - လုပ်ကြပါဦး
ယပ်ခတ်ပေး
ရေမချိုးချ
ပေါင်တွင်းကြောက်နင်းမယ်
သကျည်းကိုဖိထား
ကြက်သွန်နီနဲ့ နှာနှပ်လိုက်


သတိပြန်လည်လာသော်-
ဖြူဖွေးရယ် - နင် ဘယ်လိုဖြစ်လာတာလဲ။ ဒါတွေက ဘာလုပ်တာလဲ
ဖြူဖွေးက အကြောင်းစုံပြောပြ၏။
ဟာ - ခုကွပါဘဲ။ ဒီကောင်လုပ်တာနဲ့ ဒို့ယုန်မျိုး နာမယ်ပျက်ပါလိမ့်မယ်။ ဒါ့ပြင် ခင့်စိတ်က ခင့်ကိုချောက်နေတာကွ
စိတ္တမေဒ - ဒဿနိကမေဒ ဆရာကြီး ဆီကို အခုဘဲ သွားပို့လိုက်ကြစမ်း။
ဘယ်နဲ့ကွယ် အသဲက - ကြောင် ကြောင် လွန်းပါတယ်
ဆရာဇီးအားအကြောင်းစုံတင်ပြရာ-
ကြောက်တယ် ကြောက်တယ် လို့ဖြစ်နေတာပါ အလကား - ကိုယ့်စိတ်က ကိုယ့်ကို ပြန် ချောက်နေတာဘဲ လို့ မှတ်ထား
မေးတာကို သေသေချာချာ နားထောင်ပြီး ဖြေစမ်း။ ခင်းတို့ယုန်တွေနဲ့ ဝံပုလွေတွေ အပြေးပြိုင်ရင် ဘယ်သူနိုင်မလဲ။
ကျနော်တို့ ယုန်တွေက ယူချ နိုင်မှာပေါ
အေး ဟုတ်ပြီ - ဒီတော့ - ဝံပုလွေကို လွတ်အောင် ပြေးနိုင်ပါတယ်
ထပ်မေးအုံးမယ်။ စဉ်းစားဖြေနော် ------ ဝံပုလွေနဲ့ - ခင်းတို့ ယုန်တွေဟာ - ဘယ်သူက အသံကြားတဲ့နေရာမှာ ပိုပြီး နားပါးသလဲ။
ကျနော်တို့က ပို - နားပါးပါတယ်
အေးဟုတ်ပြီ၊ ဝံပုလွေ လာတာကို ခင်းက - နားပါးတော့ အရင်သိရင် - ခင်းက ချက်ချင်း ထွက်ပြေး နိုင်ရမှာပေါ့
ဟုတ် ပါတယ်
မပြေး သာလို့ အနားရောက်နေမှ တောင် - ခင်းက - နီးရာ မြေတွင်းထဲဝင် ပုန်းနိုင်သေးတယ် ဟုတ်လား။ ဝံပုလွေက သူ့ကိုယ်လုံးကြီးနဲ့ ယုန်တွင်းထဲဝင်လို့ ရပါ့မလား
မရနိုင် ပါဘူး


ဝံပုလွေတွေက - ခုချေးချုံ့ကို မစားရတာ
ကြာမြင့်သွားပါပြီ။ ဆာနေတဲ့ ဝံပုလွေတွေ
တွင်းဝမှာ တနေကုန် ဘယ်စောင့်နေနိုင်
ပါ့မလဲ။ တခြား တောကောင်လေးတွေ ရှာစား
ပေါ့
အဲ - ခင်းတို့မှာတော့ စားစရာ အပင်တွေ
အမျိုးမျိုး ပေါက်နေတယ်။ သွားစားလိုက်
ဘယ်တော့မှ ကုန်မသွားဘူး။ ဒါကြောင့်
အစာငတ်လို့တော့ မသေဘူး
အရေးကြီးတာက (စိတ်) တခုပါဘဲ ကွဲ့။ ခင်းက တတ်နိုင်လို့ ဆင်စွယ်တွေဘဲ တပ်ထား
တပ်ထား၊ ကျွဲချိုဘဲ စိုက်ထားစိုက်ထား၊ ဆင်ခြေထောက်ဘဲ ဝတ်ထား ဝတ်ထား -
စိတ်ထဲက ကြောက်နေမယ် အလကား
ပေါ့
ဟီဟီ- ဆရာကြီး ကလဲ
ခင်း မကြားဘူးဘူးလား။ သတ္တိမရှိတဲ့
ဆင်ကြီးကို - သတ္တိရှိတဲ့ ပုရွက်ဆိတ်ကလေးက
သူ့အိပ်ပျော်နေတုန်း နှာမောင်း အတွင်း
ဝင်ပြီး နှာခေါင်းကို ကိုက်ဖြတ်လို့ - ဆင်ကြီး
သေရှာသတဲ့
ဟား ဟား ဟား ဟား တယ်ဟိုင် ပါလား
ဆရာဇီး ဆိုဆုံးမချက်ကြောင့် သတောပေါက်
ကျေးဇူးတင်လှသဖြင့် -
ဆရာဇီး ကို ရှိခိုးခွင့် ရှိခိုးပါရစေ
သာဓု သာဓု


စိတ်ခေတ်မြင့်မားစွာဖြင့် ဖြူဖွေး အိမ်ပြန်လာလေသည်။
လမ်းခုလပ်တွင်
အလို-ဝံပုလွေ အူသံပါလား
ဂူ ဂူး
သတိထားသွားမှဘဲ --- သေသေချာချာ နားထောင်ကြည့်မှ ဟိုး - အဝေးတော ထဲက အသံလို့ သိရတယ်----- ဒါဆို ကိစ္စမရှိဘူး
ထို့ကြောင့် အေးအေး ဆေးဆေး အစာများများရှာပြီး သယ်ယူလာလေသည်။
ယုန်များနေသော တွင်းထဲရောက်လျှင်-
ဟာ-ဖြူဖွေး တယ်စွန်ပါလားဟဲ့
ရော့ - ကြိုက်သလောက် စားကြ။ ဝံပုလွေ အုပ်ကြီး လာနေပြီဆိုတဲ့ ကောလဟလ သတင်းတွေကို ယုံမနေကြနဲ့။ ငါတော့ ဝံပုလွေ ဘယ်တကောင် တမြီးမှ မတွေ့ခဲ့ပါဘူး။ နက်ဖြန်ကျ ခေါ်ပြီး - စိတ် မချသေးယင် - ကလေးတွေ ယုန်အိုတွေလောက်ဘဲ နေခဲ့ပြီး - ကျန်တဲ့ ယုန်တွေ အားလုံး အစာရှာထွက်ကြ
ဦး








အင်ဂမ်နှင့် အင်နော် မိဘမဲ့ ညီအစ်ကို နှစ်ယောက်သည် လယ်သမား အဖိုးကြီးတယောက်နှင့် အတူနေထိုင်လေသည်။

အဖိုးကြီး ကွယ်လွန်သွားသည့်နောက်တွင် အကြီးဖြစ်သူ အင်ဂမ်နှင့် လယ်သမားကြီး၏ သမီးတို့ မေတ္တာမျှကြ၍ အိမ်ထောင်ပြုကြလေသည်။

တနေ့တွင် အစ်ကို၏ ဇနီးသည် အင်နော်ကို အိမ်မှ နှင်ထုတ်လိုက်ရန် လင်အား ပြောဆိုလေတော့သည်။ ထိုအခါ မတတ်သာတော့ပဲ အင်နော်ကို ပရိယာယ်ဖြင့် မြင့်မားသော သစ်ပင်ကြီးတပင်ပေါ်သို့ ခေါ်သွားပြီး ပစ်ထားခဲ့ရလေသည်။

ထိုအခိုက် အလွန်ကြီးသော ငှက်ကြီး နှစ်ကောင်သည် သစ်ပင်ပေါ်ရှိ အသိုက်ကြီး အနီး၌ လာနားသည်။ အင်နော်သည် ကြောက်လန့်ပြီး ထိုငှက်ကြီးအား "ကျွန်ုပ်သည် သင်တို့အသိုက်ကို အနှောင့်အရှက်ပေးလိုစိတ် မရှိပါ။ မိုက်မဲသောမရီးနှင့် အကိုတို့၏ လုပ်ကြံမှုကြောင့် ဤသစ်ပင်ပေါ် သင်တို့၏ အသိုက်အနီးသို့ရောက်နေရခြင်း ဖြစ်ပါသည်" ဟု အရဲစွန့်ပြီးပြောလိုက်သည်။

ငှက်ကြီးက "လိုသည့်အကူအညီကို တောင်းပါ" ဟု အင်နော်အားပြောသည်။ အင်နော်သည် ငှက်ကြီးအား "ကျွန်ုပ်အား ဤသစ်ပင်ကြီး ပေါ်မှ ချပေးပါ" ဟု အကူအညီတောင်းလိုက်သည်။ ငှက်ကြီးနှစ်ကောင်စလုံးက အင်နော်ကိုသစ်ပင်ကြီးပေါ်မှ ချပေးကြသည်။ အင်နော်သည် ထိုသစ်ပင်ကြီး အနီးတွင်ပင်တဲတလုံးဆောက်လုပ်ပြီး နေထိုင်လေသည်။

တနေ့တွင် အင်နော်သည် တောင်ယာကိုသွားရာ ဆင်စွယ်တခုကို တွေ့သဖြင့် ယူဆောင်လာပြီး အိပ်ရာနံဘေး၌အမြတ်တနိုးထားလေသည်။

နောက်တနေ့တွင် တောင်ယာမှ တဲသို့ပြန်လာသောအခါတွင် ထမင်းအသင့် ဟင်းအသင့် ဖြစ်နေနှင့်သည်။ နောက်ရက်များ တွင်လည်း ဆက်၍ထမင်းအသင့် ဟင်းအသင့် ချက်ပြုတ်ထားသည်များကို အံ့သြဖွယ်ရာ အင်နော်တွေ့ရသည်။

ထို့ကြောင့် တရက်တွင် အင်နော်သည် တနေရာမှ ပုန်းပြီး ချောင်းကြည့်နေရာ မကြာမီမှာပင် အိပ်ရာနံဘေးမှ ဆင်စွယ်သည် အလွန်လှပချောမောသော မိန်းမပျိုကလေးဖြစ်လာသည်ကို တွေ့ရလေသည်။ အင်နော်သည် ထိုအမျိုးသမီး ကလေးကို ပြေးပြီး ဖက်လေ၏။ အမျိုးသမီးက "သင့်ကို သနား၍ လာနေပါသည်။ ထမင်းဟင်းများ ချက်ရန်လည်း အချိန်ရောက်နေပါပြီ" ဟု ပြောမှ အင်နော်က လွှတ်လိုက်လေသည်။

ထိုအမျိုးသမီးကလေးသည် ထိုအချိန်မှစ၍ လူသားပကတိ ဖြစ်နေလေတော့သည်။ မကြာမီ သူတို့နှစ်ယောက် အိမ်ထောင် ပြုလိုက်ကြပြီး ချစ်ခင်ကြင်နာစွာ နေထိုင်ကြလေသည်။

တနေ့တွင် အင်နော်မရှိခိုက် ဘုရင်တပါး ရောက်လာရာ အင်

နော်၏ ဇနီးချောကို မြင်သဖြင့် တပ်မက်မောပြီး ခေါ်သွားလေတော့သည်။ ညနေ အင်နော်ပြန်လာသော် ဇနီးကို မတွေ့ရပေ။

ထိုစဉ် အင်နော်သည် ငှက်ကြီး၏ ကတိစကားကို သတိရလာပြီး ငှက်ကြီးတို့ကို တလိုက်ရာ ငှက်ကြီးများ ရောက်လာလေ၏။ သူမိန်းမ ပျောက်နေသဖြင့် အကူအညီ တောင်းပါကြောင်း အင်နော်က ငှက်ကြီးများအား ပန်ကြားလေသည်။ ငှက်ကြီးများက အင်နော်ကို ကျောပေါ်တွင် တင်ကာ ပျံသွားကြပြီး ဘုရင့် နန်းတော်အနီး၌ ချပေးသွားကြသည်။

အင်နော်သည် နန်းတော်အနီးရှိ အိမ်တအိမ်တွင် ခွင့်တောင်း တည်းခိုပြီး၊ ဇနီး၏သတင်းကို စုံစမ်းသည်။ ထိုတိုင်းပြည်မှ ဘုရင်သည် တောထဲမှရခဲ့သော မိန်းမချောတဦးနှင့် မကြာမီ လက်ထပ်ပွဲသဘင်ကျင်းပမည်ဆိုသော သတင်းကိုရသည်။

သို့ရှိစဉ်အင်နော်၏ဇနီးသည်လည်း ဘုရင်၏လက်မှ လွတ်မြောက်နိုင်သည့် နည်းလမ်း တရပ် စဉ်စားမိသည်နှင့် ဘုရင်ကြီးအား မိမိနှင့် ဘုရင်ကြီးလက်ထပ် မင်္ဂလာပွဲ သဘင်ခံသောအခါ ပြည်သူ ပြည်သားအားလုံးကိုနန်းတော်သို့လာရန် အမိန့်ထုတ်ပါမည့် အကြောင်းလျှောက် တင်လေသည်။ ဘုရင်ကြီးလည်း လျှောက်တင်သည့်အတိုင်းတိုင်းပြည်သို့ အမိန့်ထုတ်ပြန် ကြေညာ လေသည်။

အင်နော်သည် ဘုရင်ကြီးလက်ထပ်ပွဲ ကျင်းပမည့်နေ့တွင်နန်းတော်သို့ ဝင်လေသည်။ ပရိသတ်ထဲမှ အင်နော်နှင့် လက်ထပ်ပွဲသဘင်ခံမည့်စင်မြင့်ပေါ်မှဆင်စွယ်မယ် တို့သည် တဦးကိုတဦးမြင်တွေ့ ကြသော အခါဆင်စွယ်မယ် ကလေးသည် ရုတ်တရက် ဆင်စွယ်ဖြစ်သွား လေတော့သည်။ ဘုရင်လည်း မိဖုရားလောင်းက ဆင်စွယ် ဖြစ်သွားသဖြင့် အရှက်ရ လေသည်။ အမြော်အမြင်ရှိ သောမှူးမတ်များက “ဘုရင်မင်းမြတ်သည် သူ၏ချစ်သူ မဟုတ်သောကြောင့် ဤမိန်းမ ရုတ်တရက် ဆင်စွယ် ဖြစ်သွားရပါသည် သူ၏ချစ်သူက၊ လာခေါ်လျှင် ဤဆင်စွယ်သည် အမျိုးသမီးပျို ပြန်ဖြစ် လာနိုင်ပါသည်”ဟု လျှောက်တင်ကြ၏။

ထိုအခါ ဘုရင်ကြီးက “ဤဆင်စွယ်ကို လူမိန်းမ ပြန်ဖြစ်လာအောင် လုပ်နိုင်သူ ရှိကနန်းတော်ကို အပ်မည်”ဟုအမိန့်ထုတ်ပြန် ကြေညာ လိုက်သည်။ သို့ရာတွင် မည်သူမျှ မလုပ်နိုင်ကြပေ။ နောက်ဆုံး အင်နော်သည် ပရိသတ်ကြီးထဲမှ ထွက်လာကာ ထိုဆင်စွယ်ကို သွားခေါ် လိုက်သည်။ ထိုသို့ခေါ်လိုက်သည်နှင့် တပြိုင်နက် ဆင်စွယ်သည် ယခင်အတိုင်း လှပ










သော မိန်းမပျိုကလေး ပြန်ဖြစ်လာလေသည်။

ဘုရင်လည်း သူကတိ အတိုင်း အင်နော်အား နန်းတော်ကြီးကို အပ်ကာ ထွက်သွားလေသည်။ အင်နော်နှင့် ဆင်စွယ်မင်းသမီးသည် ထိုအချိန်မှစ၍၊ နန်းတော်၌ စိုးစံကြလေတော့သတည်း။


ကြံ့ခိုင် စိတ်ဓါတ်
အားမာန် သတ္တိ
ဇာတ်လမ်း ကျွန်းဇော်
သရုပ်ဖော်
ကျနော်တို့ ဒန့်သလွန်စေ့လေးများသည် ရင့်ယော်ကွဲအက်နေသော အိမ်ကြီးအတွင်းမှ မြေပေါ်သို့ ခုန်ဆင်းလိုက်ကြသည်။
ဟေး... ဆင်းကြလေကွာ..
လောကကြီး ဆိုတာ ပျော်စရာကြီးပါလား
ကျနော့် ညီနောင်များမှာ အမြင့်ပိုင်း ကုန်းမြေပေါ်သို့ ကျသွားကြသော်လည်း ကျနော့်မှာမူ-
ဟာ လေအရှိန်တိုက်လို့ လေထဲပါလာပြီ.
တော်ပါသေးရဲ့.
အငူး
ဟာ ဘယ်ကငနဲလေး လဲကွ..ဟေ..
မြက်တောတွင်းသို့ ကျရောက်သွားသည်။
ငနာလေးတကောင် ရောက်လာပြီဟေ့ — ဒီကောင်လေးမှတ်သွားအောင် ဝိုင်းဆုံးမလိုက်ရအောင်...
ငါ့သဘောကတော့ သူ.. ကြီးပြင်းမလာအောင် ဝိုင်းလုပ်ချင်တယ်..
ဒီကောင်လေး ဒို့လောင်းရိပ် အောက်မှာ... ထားရမယ်..
သူ့ကို ပေါက်ဖွားကြီးမားခွင့် မပြုကြနဲ့.
အေး ဟုတ်တယ်


ကျနော်သည် အားကိုးတကြီးဖြင့် မိခင်ဒန့်သလွန်ပင်ကြီးဆီ မျှော်ကြည့်လိုက်ပါသည်။
အမေဟာ မယိမ်းမယိုင် ခိုင်မာတဲ့သစ်ပင်နဲ့ ရပ်တည်နေတယ်၊ ငါလဲ အမေ့လိုကြီးပြင်းလာအောင် ကြိုးစားမယ်
ဘိုးနှင်
ခင်ဗျားတို့ တိတ်ကြစမ်း
အလကားစကားတွေ ပြောမနေကြနဲ့ -ဟနေ့မှာ ခင်ဗျားတို့ ကျုပ်ခြေထောက်နားမှာ နေရမယ် ... သိကြရဲ့လား
အား...
ကဲ စော်ကားအုံး ကွာ...
မှတ်သွားအောင် လုပ်ပစ်မယ်
အား....
ကယ်တော်မူပါ... အမေလေးဗျ
ကဲကွာ
ချကွာ
အိုး....
ကျွတ်.. ကျွတ်..
ဟားဟား... ငနဲလေး..မှတ် သွားပြီပေါ့


မင်းတို့ဟာ..ဘယ်ကို ရောက်လို့ ဘယ်ပေါက်မယ်မှန်း-အမေလဲ မပြောတတ်...... ဒါပေမဲ့.. ဘယ်ကိုဘဲ ရောက်ရောက် ပေါက်ကြွယ်... မင်းတို့ရဲ့ဘဝကိုရွှန်းရွှန်းစားစား ပြုစုပျိုးထောင်ကြရမယ်..
တွေ့ရမဲ့အခက်အခဲ တွေကိုမကြောက်ဘဲ ရွဲ၊ သတ္တိ၊ သစ္စာတရားတွေ လက်ကိုင်ထားပြီး...
ကျော်ဖြတ်ရမယ်... ကြံ့ကြံ့ခိုင်ရင်ဆိုင် ရမယ်.. မင်းတို့ဟာ လူသားတွေနဲ့ကမ္ဘာကြီးအတွက် ကောင်းကျိုးပြုဖို့ အလုပ် လုပ်ကြရမယ်လို့... အမေမှာ လိုက်တာဘဲ ဒြီတော့
မင်းတို့ကို..ငါ မကြောက်ဖူး ဒုံးလဲမထောက် ဖူးကွ
ဤသို့ဖြင့် အမေ၏ စကားကို နာယူကာ ကျနော့် ဘဝကို ပြုစုပျိုးထောင်ရင်း ရက်ပေါင်းများစွာ ကြာလာ၏။
လသို့ကူးခဲ့၏။ နှစ်သို့တိုင်ခဲ့၏။ ကြီးမားသော ရေဒဏ်၊ အေးစက်သော နှင်းဒဏ်နှင့် ပူပြင်းသော နေဒဏ်တို့ကို ကြံ့ကြံ့ခိုင် ရင်ဆိုင်ခဲ့ရ၏။
မြက်တွေတော့ နေပူလို့ခြောက်ပြီး သေကုန်ပြီ
ကျနော်သည် တ ဖြည်း ဖြည်း အ ကိုင်း၊ အခက်၊ အလက်များဖြင့် ဝေဆာလာသည်။ လူတို့က လည်း ကျနော့်ကို အသုံးချကြလေပြီ။
ငါဟာ လောကကြီးအတွက် ကောင်းကျိုးပြု နိုင်ပြီဘဲ
မိုးရာသီတွင် မြက်ပင်တို့ တောထလာပြန်သည်။ သို့သော် သူတို့ကို ကျနော်မမှုတော့ပါ။ အ ဘယ်ကြောင့် ဆိုသော် သူတို့သည် ကျနော့်ခြေ ရင်း၌ ဝပ်စင်းနေသောကြောင့် ဖြစ်ပါသည်။
ပြီး

# ကပ္ပလီလူမျိုးများ အဘယ်ကြောင့် အသားမည်းသနည်း




လူတို့၏ အရေပြားတွင် အရောင်ကို ဖြစ်စေသည့် အရာများ ပါရှိလေသည်။

ကျွန်ုပ်တို့၏ အရေပြား အနည်းငယ်ကို နမူနာယူ၍ မိုက်ကရိုစကုပ် မှန်ပြောင်းဖြင့် ကြည့်လျှင် ဆက်စပ်လျက်ရှိသော အလွှာကလေးများ တထပ်ပြီးတထပ် ဖွဲ့စည်းထားသည်ကို တွေ့ရမည်။ အပေါ်ဆုံးအလွှာမှ အမျှင် ကလေးများသည် အောက်လွှာသို့ ဆင်း၍ ဆက်နေကာ ထိုအမျှင်ကလေးများ ထူသောနေရာတွင် အနက်စက်ကလေးများ ပို၍ သိပ်သည်းစွာ ဖွဲ့စည်းလျက် ရှိသည်။

ကပ္ပလီတို့၏ အပေါ်လွှာ အရေပြားတွင် ယင်းသို့ အနက်စက်များ လုံးဝ မပါရှိပေ။ သို့သော် ယင်းအပေါ်လွှာအောက်ရှိ အရေပြားတွင် အနက်စက်များ သိပ်သည်းစွာ ရှိနေခြင်းကြောင့် ကပ္ပလီတို့၏ အသားမည်း ဖြစ်ပေသည်။ ဤကား ကပ္ပလီများကို သဘာဝက ဖန်တီးပေးထားခြင်း ဖြစ်၏။ ကပ္ပလီလူမျိုးတို့ နေထိုင်ရာဒေသတွင် နေအလွန်ပူသည်။ ဤပူပြင်းသော နေရောင်သည် အရေပြားကို ဖောက်၍ ဝင်သွားပါက သွေးနှင့် အသားမျှင်များကို အန္တရာယ် ဖြစ်စေနိုင်သည်။ ထို့ကြောင့် ကပ္ပလီများ၏ အရေပြားတွင် နေပူရှိန်ကို ခံနိုင်ရန် အဆိုပါ အနက်စက်ကလေးများ သိပ်သည်းစွာ ရှိနေစေခြင်း ဖြစ်ပေသည်။

တက္ကသိုလ်ဖြူမြင့်

## အကြံရ ဟန်ကျ



# ကြိုဆိုသူ

မောင်ချစ်ပန်(မြစ်သား)



မောင် မြတ် သာ သည် မြစ်သားမြို့ အထက်တန်းကျောင်းမှ ကျောင်းသားတယောက်ဖြစ်၍ ယခုနှစ်တွင် အခြေခံပညာရေး အထက်တန်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုထားသည်။

မောင်မြတ်သာသည် မြစ်သားမြို့သား မဟုတ်ပါ။ မြစ်သားမြို့နယ် ပျော်ရွာကျေးရွာအုပ်စုမှ လာရောက်ပြီး ဦးလေးအိမ်တွင် တည်းခိုကာ ပညာသင်ကြားနေသူ ဖြစ်ပါသည်။

ပျော်ရွာ ကျေး ရွာ အုပ် စု သည် မြစ်သားမြို့နှင့် ဆယ့်ငါးမိုင်ကျော်မျှ ဝေးပါသည်။ ရွာသို့သွားရန် ကားလမ်းလည်းမရှိပါ။ နွေအခါ ဖုန်ထူ၍ မိုးအခါ ဗွက်ထပြီးကောက်ကွေ့နေသော လှည်းလမ်းသာ ရှိပါသည်။ ထို့ကြောင့် ကျောင်းရက်ရှည်ပိတ်၍ ရွာပြန်လိုလျှင် မိဘများထံ လူကြုံဖြင့် စာရေး၍ လှည်းလာကြိုပေးရန် မှာရသည်။

မောင်မြတ်သာ၏ မိဘများကလည်း ကျောင်းရက်ရှည်ပိတ်လျှင် မောင်မြတ်သာကို မျှော်နေကြသည်။ မောင် မြတ် သာ၏ညီ မောင်ချစ်သာနှင့် ညီမအိအိသာတို့ကလည်း မျှော်ကြသည်။ မောင်မြတ်သာကို သွားကြိုလျှင် သူလိုက်မည် ငါလိုက်မည်ဟု အငြင်းပွားသဖြင့် မိဘနှစ်ပါးက မဲချပြီး အဆုံးအဖြတ်ပေးရလေသည်။ မဲကျသူသည် ဖခင်နှင့်အတူ မြစ်သားသို့လိုက်ရသည်။ မြစ်သားမြို့သို့ရောက်လျှင် မမြင်ဘူးသည်ကို မြင်ရသည်။ မစားဘူးသောအစာကို စားရသည်။ မြစ်သားမြို့မှ ပြန်လာသူတိုင်း ကိုလည်း "ကျွန်တော်တို့ အကိုနဲ့ မတွေ့ခဲ့ဘူးလား၊ လာကြိုဘို့ လှည်းမမှာလိုက်ဘူးလား" ဟု မေးရသည်မှာ အမောတကောပင် ဖြစ်၏။

မနေ့က ရွာ သမဝါယမမှ ကုန်ဝယ် ကိုယ်စားလှယ် ဦးမြအေးပြန်လာ၍ မောင်မြတ်သာ၏ စာပါလာသည်။ မောင်မြတ်သာ၏ မိဘများမှာ သားထံမှ စာပါလာသည်မို့ ဝမ်းသာနေကြသည်။ မောင် ချစ် သာ နှင့် အိအိသာတို့ကလည်း ပျော်ရွှင်နေကြသည်။ မောင် မြတ် သာ တယောက် ရွာကိုပြန်လာတော့မည် မဟုတ်ပါလား။ မောင်မြတ်သာကိုသွားကြိုရန်အတွက် ကြိုဆိုသူရွေးရမှာမို့ သူတို့မောင်နှမ နှစ်ယောက်က ပိုပြီး ရင်ခုန်နေကြပါသည်။ ကြိုဆိုသူမဲ မည်သူပေါက်မည်နည်း။

မောင် မြတ် သာ ၏ ဖ ခင် သည် သားထံမှ စာအိတ်ကို ဖောက်၍ မိသားစု အားလုံး ကြားအောင် ဖတ်ပြလေသည်။

ဖေဖေနဲ့ မေမေခင်ဗျား –

သားမောင် ရှိသေစွာ စာရေးလိုက်ပါတယ်။ ဖေဖေ မေမေနှင့်ညီငယ်ညီမတို့ ပို့သသော မေတ္တာကြောင့် ကျန်းမာစွာရှိပြီး စာမေးပွဲကိုလည်း ကောင်းစွာ ဖြေနိုင်ခဲ့ပါတယ်။

ယခု နွေကျောင်း ပိတ်ရက်မှာ သားမောင်ကို ကြို

ဘို့ မလိုတော့ပါ။ ညီငယ်နှင့် ညီမငယ်တို့ကိုလဲ ကြိုဆိုသူ မချဘို့မလိုတော့ပါ။ ကြိုဆိုသူကို သားမောင်ကိုယ်တိုင် ရွေးချယ်လိုက်ပါပြီ။ သားမောင်ကို ကြိုဆိုနေမဲ့ သူကတော့ "ပျဉ်းမနား ရေဇင်းတမံ စီမံကိန်းလုပ်အားပေးစခန်း"ပါဘဲ ဖေဖေ။

မောင်မြတ်သာ၏ မိဘများနှင့် ညီ-ညီမ ငယ် တို့ သည် တယောက်မျက်နှာ တယောက်ကြည့်ပြီး ငြိမ်နေ ကြ သည်။ ထိုစဉ် မောင်မြတ်သာ၏ မိခင်က အားမရစွာဖြင့် "ကဲ - ရှေ့ မြန်မြန် ဆက်ဖတ်ပါတော်" ဟု၍ ရင်ထဲမှ သိချင်စိတ်တို့သည် ပွင့်အံထွက်ကျလာတော့သည်။

တကယ်ပါဘဲ ဖေဖေ။

ယခု နွေရာသီ ကျောင်းပိတ်ရက်မှာ နွေရာသီ ရပ်ဝေးအခြေစိုက်လုပ်အားပေးစခန်း ရှစ်ခုရှိပါတယ်။ တိုင်းနဲ့ပြည်နယ် အသီးသီးက ကျောင်းသားလူငယ် ၈၆၀ ကျော်ကျော်တို့ တလကြာ သွားရောက် လုပ်အားပေးရမှာ ဖြစ်ပါတယ်။ အဲဒီအထဲမှာ သားမောင်တယောက် အပါအဝင်ဘဲပေါ့။ ဖွင့်လှစ်မဲ့ လုပ်အားပေးစခန်း ရှစ်ခုကတော့ မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံ လမ်းဖောက်ရေးအတွက် ရန်ကုန်မြို့နီစပယ် လုပ် အား ပေး စခန်း ရယ်၊ မှော်ဘီ မိုက်ပျိုးရေး လုပ်အားပေးစခန်းရယ်၊ ပျဉ်းမနား ရေဇင်းတမံ စီမံကိန်း လုပ်အား ပေး စ ခန်း ရယ်၊ ပျော်ဘွယ် ချောင်း မ ကြီး ဆည် စီ မံ ကိန်း လုပ် အား ပေးစခန်းရယ်၊ မေမြို့ ပိုးစာခြံ ဘယဆေးနှင့် ဥယျာဉ်ခြံ လုပ်အားပေးစခန်းရယ်၊ ထုံးဘို ကြူစန်းပိုးစာခြံ လုပ်အားပေးစခန်းရယ်၊ ရွှေဘို ကွန် ဆိပ် ရေ နုတ် မြောင်း ဖော် ထုတ် ရေး စခန်းရယ်၊ ပြီးတော့ တောင်ဥက္ကလာပ ရေ နုတ် မြောင်း တူး ဖော်ရေးစခန်းတို့ ဖြစ်ပါတယ်။

ဒီလုပ်အား ပေးစခန်း ရှစ်ခုထဲမှာ သား မောင် က ပျဉ်းမနား ရေဇင်းတမံ စီမံကိန်း လုပ်အားပေးစခန်းကို သွားရောက် လုပ်အား ပေး ရမှာပါ။ ဒါကြောင့်မို့ ယခု နွေ ကျောင်း ပိတ် ရက် မှာ ကျွန်တော့်ကို ကြိုဆိုမဲ့ "ကြိုဆိုသူ" ဟာ "ပျဉ်းမနား ရေဇင်းတမံစီမံကိန်း လုပ်အားပေးစခန်း" ရယ်လို့ ပြောခြင်း ဖြစ်ပါတယ်။

အ သေး စိတ် ကို လုပ်အားပေး စ ခန်း ရောက် မှ အကြောင်းစုံ ထပ်ရေး ပါအုံးမယ်။

အားလုံး ကျန်းမာကြပါစေလို့ မေတ္တာ ပို့သလျက်

ရိုသေစွာဖြင့်

**မောင်မြတ်သာ**

# တို့ကျေးရွာ နှစ်ဆန်းတရက်

ရွက်ဟောင်းဝါရွေ လွင့်ကာကြွေ၊
ရွက်နုတဝေဝေ။

တောင်ပြန်လေရှူး တိုက်ခတ်မြူး၊
နှစ်သစ်ဆန်းတဲ့ ခါတော်ထူး။

ရွာဦးထိပ်ဆီ အေးစေတီ၊
ရေသပ္ပာယ်ကြမည်။

လက်ညီတက်ညီ လုပ်အားပေး၊
ထုံးသက်န်းနဲ့ တဖွေးဖွေး။

ရွာနံဘေးက ချောင်းလေးမှာ၊
ငါးလွှတ်သွားကြရာ။

ခုန်ကာ က,ကာ မမောတမ်း၊
အိုးစည် ဗိုးပတ် တေးသံလွှမ်း။

နေညိုချမ်းတော့ ရွာလမ်းတွင်၊
ပရိတ်ရွတ်သံလွင်။


မြန်တိုင်းခွင်မှာ သာစေကြောင်း၊
မေတ္တာပို့သံ ငြိမ့်ငြိမ့်ညောင်း။။

တက္ကသိုလ် ကြည်မာ



R. 517

# ဖုတ်




ခြောက်သွေ့သည့် သဲထဲ၌ဖြစ်စေ၊ ဖုတ်ထဲ၌ဖြစ်စေ ကတော့ပုံတွင်းကလေးတူးကာ ပုရွက်ဆိတ်နှင့် အခြား ပိုးကောင်ငယ်များကို အစာအတွက် ထောင်ဖမ်း၍ စားတတ်သော ဖုတ်ကောင်ကလေးများကို တွေ့ဘူးကြမည် ဖြစ်သည်။ ဖုတ်ကောင်သည် အင်ဆက်ပိုးတမျိုးပင် ဖြစ်သည်။

ဖုတ်တွင် သေးသွယ်သောကိုယ်နှင့် ဖိတ်စိမ်းပါးကဲ့သို့ ပါးလွှာသောတောင်ပံ လေးခုရှိသည်။ အင်္ဂါစုံ ဖုတ်ကောင်ကြီး များသည် ပုစဉ်းနှင့် ခပ်ဆင်ဆင်တူသည်။ ဥမှ ပေါက်ပြီးခါစ ဖုတ်ကောင် ကလေးများမှာ အသွင်အားဖြင့် ကြမ်း ပိုးနှင့်တူသည်။

ဖုတ်ကောင်ကလေးများသည် ကတော့ပုံ တွင်းကလေးများ အောက်၌ မြုပ်ကာ ပုရွက်ဆိတ်ကိုဖမ်းရန် စောင့်နေတတ်သည်။ ပုရွက်ဆိတ်သည် မြေကြီးပေါ်၌ သွားလာနေစဉ် တွင်းနှုတ်ခမ်းကို ကျော်နင်းမိလျှင်ပင် သဲများနှင့်အတူ တွင်းကလေးထဲသို့ ကျသွားသည်။ ထိုအခါ ဖုတ်က ပုရွက်ဆိတ်ကို ဖမ်းပြီးသွေးစုတ်သည်။

ဖုတ်ကောင်သည် အဆိုပါ တွင်းကလေးကို သူ၏ဦးခေါင်းဖြင့် တူးသည်။ ဦးခေါင်းသည် တွယ်အပ် ခေါင်းထက် မကြီးပေ။ သို့သော် တွင်းတူးရာ၌ တူးရှင်းပြားကဲ့သို့ ကောင်းလှသည်။





၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၁၇။


# အလုပ်သမားနေ့


# ရွှေသွေး ဂျာနယ်


၁၃၃၇ ခု၊ ဦးတန်ခူးလဆုတ် ၁ ရက် (၂၆-၄-၇၅)




စနေနေ့တိုင်းထုတ်ဝေသည်။



ဘုရင်ငယ် နန္ဒသူ
ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-မောင်မြတ်မင်း
ဘုရင်ငယ်လေးနန္ဒသူသည် သက္ကတိုင်းပြည်ကို တရားသဖြင့် အုပ်ချုပ်၍ တိုင်းသူပြည်သား တို့က ချစ်ခင်ရိုသေကြ၏။
တနေ့သော အခါ ဘုရင် ခြေမြန်တော် တဦး အခစားဝင်ပြီး—
....ဘုမ္မာမြည့်ရှင်သည်-တပ်မကြီး ကို ဦးစီး၍ ချီတက်လာနေကြောင်းပါဘုရား
နို့မြည်ကို သိမ်းပိုက် လို၍များ ချီတက် လာလေ ရော့လား
မှန်ပါ၊ တိုက်ခိုက်ရန်လာ သည်သာ ဖြစ်၍- အချိန်မှီ လိုအပ်သလို ပြင်ဆင်နိုင် ရန်-တင်ထား ကြောင်းပါဘုရား။
အိမ်း.... ပြင်ဆင်ရန်တော့ မလိုပြီ.......
ဘုမ္မာ တပ်မ-အင်အားကား ငါတို့နှင့်နိုင်းစာလျှင်- ဆယ် ယောက်-တယောက် သာဖြစ် ၍ အင်အားချင်းကွာလှသည် ....ငါကိုယ်တော် တိုင်းပြည်မှ ထွက်ခွါ ရန်သာ-ရှိတော့ သည်။ ---
...သို့မဟုတ်က- တိုင်းသူ ပြည်သားများ-အသက်အေး၊ ဒုက္ခအေး များလှိုင်ခံရမည်။ ငါကိုယ်တော်သာ အနစ်နာ ခံ၍ သွားမှ တော်မည်။ ထို့ကြောင့်-ဘုမ္မာဘုရင် ထံ သွား၍ (တိုင်းပြည် အပ်မည်၊ သို့သော် တိုင်းပြည် ကို- ငါကဲ့သို့ပင် ညှာတာစွာ အုပ်ချုပ်လော့) ဟု သွား လျှောက်တင်ချေ မောင်မင်း ----
ခြေမြန်တော်ထွက်သွား၍ များမကြာမီ တော စပ်တွင် ခရီးသည်တဦးသည် မြင်းစီး၍ တရွေ့ ရွေ့သွားနေသည်ကို တွေ့ရသည်။
လမ်းတလျှောက်လုံး တွေးတောနေပုံရ၏။
တနေ့ရာတွင်
ကယ်ကြပါအုံး
ကယ်ကြပါအုံး
ဟိုက်
အော်သံကြား၍မော့ကြည့်ပြီး—


ကယ်ကြ ပါအုံး
ခရီးသည်သည် မြင်းပေါ်မှ ခုန်ဆင်း၍ ဓားဆွဲကာ ဝက်ဝံကြီးကို အတင်းဝင်ခုတ်ရာ
ဝက်ဝံကြီးသည် အဖိုးအိုကိုလွှတ်လိုက်ပြီး ခရီးသည်ဖက်လှည့်၍ပုတ်လိုက်သဖြင့် ဓားလွတ်ကျသွားလေတော့သည်။
ခရီးသည်ခမျာ ဝက်ဝံကုတ်ဖဲ့ခြင်းကို အနိုင်နိုင်ခံနေရစဉ် အဖိုးအိုက ·
ရော့,—
ပေါက်ဆိန်
ခရီးသည်သည် အသံကြားလိုက်၍ လှည့်ကြည့်ပြီး ထွမ်းလှမ်း၍ကောက်ယူကာ
ဝက်ဝံကြီးနှင့် ထွေးလား လုံးလား ဖြစ်နေပြီး


နောက်ဆုံး၌ဝက်ဝံကြီး သေသွားရာ ခရီးသည် ကိုယ်မှာလည်း ဒဏ်ရာများ ရသွားလေသည်။
အဖိုးအို လင်မယားက ခရီးသည်ကို အိမ်သို့ ခေါ်သွားပြီး ဒဏ်ရာများကို ကုသ၍ ပြုစု စောင့်ရှောက်ထားလေ၏။
လူကလေးလဲ ထ - ထ - ယာဂုလေး သောက်လိုက်
ခရီးသည်သည် ဒဏ်ရာများ ပျောက်သော အခါ သားအမိသားအဖကဲ့သို့ပင် ခင်မင်စွာ ဆက်လက်နေထိုင်လျက် ခေတ္တ နားနေသည်။
အဘ - ဒီနေ့ နေကောင်း တယ်နော်
အမေ ကော
အား
တနေ့သော် ထင်းခွေပြီးပြန်လာစဉ် အမယ်အို ထိုင်ငိုနေသည်ကိုတွေ့၍
ဟင် - အမေ - ဘာဖြစ် လို့လဲ
သားရယ် - ဘုရှင်ကြီး ဆိုတာ - တော်ကစားရင်းရောက်လာပြီး - အိမ်ရှေ့မှာချည်ထားတဲ့ မင့်မြင်း တွေ့ တော့ လေ ... တကတဲ
ဒီမြင်းတယ် ကောင်းပုံရတယ်။ ငါ- ကိုယ်တော် လိုချင်တယ်
လို့ ဆိုပြီး - အတင်း ယူသွားတာ ဘဲ ကွဲ့ --
ဒါနဲ့ - အဘ ကော - - မတွေ့ပါလား
မင့်မြင်းကို အတင်း လိုက်ဆွဲထားလို့ ကိုယ်ရံတော်တပ်သား တွေက ရိုက်လွှတ်လိုက်လို့ - အဘော်လေး နာသွားပြီး အိပ်ရာထဲ ခွေနေလေရဲ့ - - -


ကဲ-တော်ပါ အမေရယ်၊ ငိုမနေပါနဲ့တော့။ ကိစ္စမရှိပါဘူး။ သူက မြင်းလာလို့သွားလဲ - မြင်း အသစ်တကောင် ရချင်လို့ပေါ့။
ထိုသို့ပြောနေစဉ် အခန်းထဲမှအဖိုးအိုက -
သား - မင်းဟာ - သဘောထားလဲကြီးတယ် - အားအင်ဗလနဲ့လဲ ပြည့်စုံတယ် - သတ္တိ လဲ ကောင်းတယ် --- အင်း - ဒါပေမဲ့
ဒါပေမဲ့ ဘာဖြစ်လဲ အဘ
ဒါပေမဲ့ ငါတို့ချစ်ခဲ့တဲ့ ဘုရင်ငယ် နန္ဒသူလေးသာ - မင်းသတ္တိတဝက် လောက်ဘဲရှိယင် ---- ငါတို့တတွေ ခုလို ဒုက္ခတွေနဲ့ ရင်ဆိုင်ရမှာ မဟုတ်ဘူး။ (တောက်!) တယ် - ဝမ်းနည်းစရာ ကောင်းတယ်ကွာ ----
ဟာ - အဘကလဲ - ဘုရင်လေးဟာ သတ္တိရှိပါတယ် အဘရဲ့။ စစ်ပွဲဖြစ်ယင် လူဦးရေချင်း မမျှတော့ တိုင်းသူပြည်သားတွေ သေကျေပျက်စီး ပြီး ဒုက္ခတွေ ရောက်ကုန်မှာစိုးလို့ များ ညှာတာ ထောက်ထားတဲ့ စိတ်ဓါတ်နဲ့ အညံ့ခံ လိုက် တာလားမှ မသိတာ
ထိုစကားကိုကြားလျှင် အဖိုးအိုက
ဟေ့ သား ---- မှတ်ထားကွ --- လောကကြီးမှာ -- သူကျွန်ဖြစ် ပြီး အသက်ရှင်နေတာထက် - သေတာက - မြတ်သေး တယ်။ သူ့သာ ဇရက ခေါင်းဆောင်တိုက်ယင် ဒီစစ်လောက် တော့ - နိုင် ပါတယ် ကွာ
အခုတော့ - တို့တတွေကို မင်းဆိုး မင်းညစ်အောက် ထားခဲ့ပြီး - သူကတော့ ကိုယ်လွတ်ရုန်းထွက် သွားတာဘဲ မဟုတ်လား


ထိုအခါ ခရီးသည်သည် မျက်နှာဝှက်ပြီးငိုရှိုက်နေတော့သည်။
ဟင် - ငါမှားပြီ၊ ဟုတ်တာပေါ့.... ငါ့နောက်မှာ သတ္တိနဲ့ လူတွေ ရှိသားဘဲ
ဟင် ကောင်လေး ဘယ်လိုဖြစ်သွားပါလိမ့် ---
ပြီးမှ သူ့လွယ်အိတ်ထဲမှ တစုံတခုကိုထုတ်ပြရင်း နန္ဒသူဖြစ်ကြောင်း ပြောပြ၏။
.... ကျွန် - ကျွန်တော်မျိုး ... ပြောမှား ဆိုမှား မိသမျှကို ခွင့်လွှတ်တော်မူပါ ဘုရား ... လုံးဝ မရိပ်မိ၍ မှားမိပါသည် ဘုရား ....
ဒါတွေ ကိစ္စ မရှိပါဘူး -- အဘ။ အခုလို အချိန်မှီ - သတိပေးတာကိုဘဲ ကျေးဇူး တောင်တင်ရအုံးမှာပါ။ ဘုရားတွေ ဘာတွေ ထူးမနေပါနဲ့။ ခါတိုင်းလိုဘဲ - သားအဖလို ဆက်ဆံစေလိုပါတယ်။
ထိုသို့ ပြောပြီးခေတ္တမျှငိုင်နေလျက် ရုတ်တရက် ထကာ အင်္ကျီဝတ် ဓားဆွဲ၍ မားမားမတ်မတ် ရပ်လိုက်ပြီး
လှမ်းထွက်မည်ပြုလိုက်စဉ် -
ဟင် - လူလေး ဘယ်သွားမလို့လဲ။ အမေ မသိရဘူးလား ကွယ် ---
ပြန်တိုက်မလို့
သားရယ် - တယောက်ထဲနဲ့ ကိစ္စ ဘယ်ဖြစ်နိုင်ပါ့မလဲ
အဘတို့လို အတွေးအခေါ် - အဘတို့လို ရဲသတ္တိ ရှိတဲ့ သူတွေ အများကြီး ရှိပုံရတယ်။ လူစုမှာပေါ့
ဘုရင်ငယ်သည် စိတ်စောပြီးထွက်သွားသော်-
လူလေး ... ခဏနေပါအုံး .. အဘလဲ လိုက်ခဲ့မယ်


အဘက - ဒဏ်ရာတွေနဲ့ ---
အသက်ကလဲကြီးလှပါပြီ။
နေခဲ့ပါ အဘရယ် ---- ။
လူငယ်တွေ တာဝန် ယူကြမှာပေါ့။
လူလေးရယ်- ကြီးငယ်မဟူ စိတ်ဆန္ဒ သည်သာ- ပဓါနဘဲ မဟုတ်လား
ဘုရင်ငယ်နှင့်အဖိုးအိုတို့သည် တရွာဝင်တရွာ ထွက် ဘက်တော်သားလိုက်စုကြ၏။
ဒီလူငယ်ဟာ- တခြားလူ မဟုတ်ဘူး။ ကိုချစ်တဲ့ မင်းနန္ဒသူဘဲ၊ ဘုမ္မာမင်းဆိုး လာတိုက်တုန်းက xxx xxxxxxxx အခုတော့ ဘုမ္မာမင်းကို တော်လှန် တိုက်ခိုက်လို့ရှိ အင်အား ရဖို့လာခဲ့တာဘဲ
ကျနော်တို့ရွာက ရွာလုံးကျွတ် ပါဝင်ပါ့မယ်
စုရုံးရသမျှသော ရွာသားများကို တိတ်တဆိတ်ရွာပြင်တွင် ဓားရေးလှံရေးသင်ပေး၏။
မြန်လှည့်မယ်။ -ဟုတ်ပြီ
တိုး — မြန်မြန်ဆည့်— တက်----
အသင့်ဖြစ်သောအခါ သတ္တုမြို့တော်ကို မိမိ တပ်သားများဖြင့်ဝိုင်းထားပြီး
အို ဘုမ္မာမင်း - အသင်တို့စား ဝိုင်းထားလေပြီ။ နန်းအပ် မည်လော။ စစ်ထိုး မည်လော...
စစ်ထိုးပွဲတွင် ဘုမ္မာဘုရင်ကျ၍ဘုရင်ငယ်နန္ဒသူ အောင်နိုင်သွား၏။
အောင်ပြီ အောင်ပြီ အောင်ပြီ
ထိုနေ့မှစ၍ သတ္တုပြည်လည်း ယခင်ကကဲ့သို့ ချမ်းသာယာရှိလေသတည်း။
ပြီး

# အိုက်ဟျန်းမိန်း ဗလရှင်နှစ်ဦး

လူထု ဦးလှ  ပန်းချီမိုးကျော်

တခါတုန်းက ခမ်းတီလုန်နယ်ရှိ ရွာတရွာတွင် ဘုန်းကြီးကျောင်း တဆောင် ဆောက်လုပ်ရန် ရှိလေသည်။ သို့ဖြင့် ရွာအကြီးအကဲက နံနက်လင်းလျှင် အရွယ်ရောက်သူ ယောကျ်ားတိုင်း လာရောက်၍ လုပ်အားပေးရန် ကြေညာလိုက်၏။

နောက်တနေ့ နံနက်တွင် ယောကျ်ားများသည် ဓား၊ ဝါး၊ နှီး စသည်တို့ကို ယူဆောင်လျက် ကျောင်းဆောက်မည့် နေရာသို့ ရောက်လာကြ၏။ ထို့နောက် တိုင်ထူ၊ အမိုးမိုးစသည်ဖြင့် စုပေါင်းဆောက်လုပ်ကြရာ နေ့ချင်းပင် ကျောင်းဆောက်လုပ် ပြီးသွားလေသည်။

ကျောင်း ဆောက် ပြီး၍ ခေါင်မိုးပေါ်မှလူများ ပြန်ဆင်းလာကြ၏။ ချန်ပေါမ်စွန်ဆိုသူ ဗလကြီးမှာမူ "ငါ့ကို ဆီးဖမ်းနိုင်မဲ့ လူရှိယင် ငါ ခေါင်မိုးပေါ်က ခုန်ဆင်းမယ်" ဟူ၍ လက်ခမောင်းခတ်ကာ ကြေညာလိုက်၏။ ထိုအခါ အောက်မှ ချန်ဆမ်ဝါဆိုသူ ဗလ ကြီးကလည်း "ငါ ဖမ်းမယ်" ဟု ပြန်ပြောလိုက်လေသည်။

ထိုအခါ ချန်ပေါမ်စွန်သည် တစ်နှစ်သုံးဟုဆိုပြီး ခုန်ချလိုက်လေသည်။

အောက်မှ ချန်ဆမ်ဝါက လည်း ချန်ပေါမ်စွန်ကို အသာ



ခံယူ ဆီးဖမ်းလိုက်၏။ သို့သော် ချန်ဆမ်ဝါသည် မနာလိုစိတ် ရှိသဖြင့် မသိမသာ ဆောင့်ရမ်းလိုက်ရာ ချန်ပေါမ်စွန်မှာ ခါးရိုး လွဲသွားလေသည်။ သို့ဖြင့် တောင်ပေါ်ဒေသရှိ မိတ်ဆွေကချင်တဦးထံ သွားပြီး ကျွဲတကောင်ပေးကာ ဆေးကုသခံရ၏။ သုံးလကြာသော် ခါးသည် ပကတိအတိုင်း ပြန်ဖြစ်လာ၏။ သို့သော် သူ့ခွန်အားသည် ယခင်အတိုင်း ရှိ မရှိကို သိရန်အတွက် ကျွဲတကောင်ကို တွန်းပြီး အားစမ်း ကြည့်လေသည်။

ထိုသို့ စမ်းသပ်ကြည့်ပြီး သူ့ခွန်အားသည် မူလက အတိုင်းရှိနေပြီကို သိရသဖြင့် နေရပ်သို့ ပြန်လေတော့သည်။

နေရပ်သို့ ရောက်ပြီးနောက် အိမ်ဆောက်ရန် အတွက် ရေဝတီမြစ်ဖျားဖက်သို့ တဦးတည်း သွားရောက်ပြီး သစ်၊ ဝါး၊ တိုင်များကို ခုတ်ယူ၏။ ချန်ပေါမ်စွန် မသေပဲ ပကတိ ကျန်းကျန်းမာမာ ပြန်လာ ကြောင်းနှင့် ရေဝတီ မြစ်ညာဖက်သို့ သစ်ဝါး ခုတ်ရန် သွားကြောင်းကို သိရသော် ချန်ဆမ်ဝါသည် ချန်ပေါမ်စွန်အပေါ် ပူမှားမိခဲ့ခြင်းကိုသူဖာသာသူ လိပ်ပြာမလုံဖြစ်ပြီး "ဒီအကောင် မသေယင် ငါနဲ့ ရန်သူဖြစ်နေတော့မယ်၊ သင်းကို အပြစ်ရှာပြီး အမြန်ဆုံး





သတ်ပစ်မှ ရန်ငြိမ်းမယ် ” ဟု တွေးပြီး ချန်ပေါမ်စွန် ပြန်လာမည့် ရေလမ်းတွင် ခိုင်ခံ့သော ဆည်ကြီး ဆောက်ထား လိုက်၏။ သူကိုယ်တိုင်လည်း ဆည်ကြီးအနားတွင် ပုန်းအောင်းပြီး နေ့စဉ် စောင့်နေသည်။

မကြာခင် ချန်ပေါမ်စွန်သည် သစ်ဝါးများကို မြစ်ချောင်းအတိုင်း စုန်မျှောလာရာ ချန်ဆမ်ဝါက "သစ်ဝါးတွေ စုန်မျှောလာတာ ဘယ်သူလဲ၊ ငါ့ဆည်ကို နည်းနည်းကလေးမှ မပျက်စီးစေရ၊ ပျက်စီးအောင် လုပ်သူဟာ ဓားစာသင့်မယ်" ဟူ၍ ကြိမ်းဝါးပြီး အော်ပြောလိုက်၏။

ထိုအခါ ချန်ပေါမ်စွန်လည်း တောထဲသို့ဝင်၍ နွယ်ကြိုးရှာပြီး သစ်ဝါးအားလုံးကို ခိုင်ခိုင်ခံ့ခံ့ ချည်နှောင်ပြီး နောက် မြစ်ထဲမှ ကုန်းပေါ်သို့ ဆွဲတင်ပြီး မိမိနေထိုင်ရာသို့အရောက် ကုန်းကြောင်းမှ ဆွဲယူသွားလေသည်။ ထိုအခါမှစ၍ ချန်ပေါမ်စွန်လည်း "ချန်ဆမ်ဝါဟာ ငါ့ကို သက်သက်ရန်ရှာတာ ဖြစ်တယ်၊ သူမသေယင် ငါ့ကို အမြဲပဲ ရန်ရှာပြီးသာ နေလိမ့်မယ်" ဟု စဉ်းစားမိပြီးချန်ဆမ်ဝါကို သတ်ပစ်ရန် အချက်ကောင်းကို စောင့်နေတော့သည်။

တနေ့တွင် ချန်ဆမ်ဝါသည် နမ့်ပလတ် ချောင်း၏ လူပြတ်



သောတနေရာတွင်ခေါင်း လျှော်နေ၏။ တဖက်ကမ်းမှ ချန်ပေါမ်စွန်လည်း အသင့်စောင့်နေရာမှ လှံဖြင့် ပစ်ထိုးလိုက်ရာ လှံသည် ချန်ဆမ်ဝါ၏ နံဘေးကို ထိမှန်ကာ ထုတ်ချင်းပေါက် ဖောက်သွားပြီး ကမ်းပါးကို စူးဝင်သွားလေသည်။ ချန်ဆမ်ဝါမှာ ရုတ်တရက် လဲကျသွားသော်လည်း သတိရှိသေးသဖြင့် သူ့ဓားရှိရာသို့ တွားသွားပြီး ဓားကိုလှမ်းယူကာ မြဲမြဲဆုတ်ရင်း စင်းစင်းလဲနေလေ၏။ တဖက်ကမ်းမှ ချန်ပေါမ်စွန်သည် ရန်သူ သေပြီ အထင်ဖြင့် ကူးခတ်လာပြီး "နင့်ကို ငါနိုင်ပြီ၊ ရန်သူကို ငါအောင်ပြီ" ဟု ကြုံးဝါးပြီး ချန်ဆမ်ဝါ၏ ကိုယ်ပေါ်သို့ ခုနစ်ကြိမ် ဆော့အောင် အပြန်အလှန် ခုန်ကာ ကျော်လွှားနေတော့သည်။ ထိုအခါ ချန်ဆမ်ဝါက အားတင်းအံကြိတ်ပြီး ဓားဖြင့် တအားကုန် ဝင့်ခုတ်လိုက်၏။ ချန်ပေါမ်စွန်၏ ကိုယ်ခန္ဓာသည် နှစ်ပိုင်းပြတ်ပြီး နှစ်ဦးစလုံး ထိုနေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားကြလေ၏။

ခွန်အားဗလ ကြီးမားသူ နှစ်ဦးမှာ တဦးပေါ်တဦး ဒေါသ မာန ကြီးစွာ ထားကြသဖြင့် နှစ်ဦးလုံး အကျိုးမဲ့သေဆုံးကာ ဇာတ်သိမ်းသွားကြရလေတော့သည်။

(တိုင်းခမ်းတီး ပုံပြင်)




တနေ့မှာ ပန်းချီကာတွန်းဝါသနာပါတဲ့ ဖိုးတုးလေးဟာ သူ့ဦးဦးအိမ်ကို အလည်ရောက်သွားတယ်။
အိမ်ပြန်ရောက်သော် -
ဦးလေးကို အားကျပြီး ဦးလေးလို တော်ချင်တာကြောင့် မနားမနေ ပုံတွေကိုကူးဆွဲတော့တယ်။
ရက်အတော်ကြာလာသောအခါ....
ဒါနဲ့ ဦးဦးဆီ ရောက်သွားပြီးတော့ ပြောပြတာပေါ့။



မှတ်ထားကွဲ့၊ ပညာတခုကို လွယ်လွယ်နဲ့ တတ်မယ်လို့ မထင်ရဘူး၊ ပညာရှင်ဖြစ်ဖို့ဆိုရင် သိ၊ တတ်၊ ကျွမ်းကျင် ဆိုတဲ့ အဆင့်ဆင့်ကို ရလာမှသာ ဖြစ်လာနိုင်တယ်
ကဲ.. အခု ကာတွန်းဆွဲတယ်ဆိုပါတော့
ပထမဆုံး သိရမယ်။ ကာတွန်းဆိုတာ ဘာကိုခေါ်တယ် ဘယ်လိုပုံကိုခေါ်တယ်ပေါ့၊ ပန်းချီနဲ့ ဘယ်လိုခြားနားတယ်၊ ဆွဲဖို့ ဘာတွေလိုတယ်၊ စက္ကူ၊ ဆေး၊ မှင်၊ စုတ်တံ.... စသဖြင့်ပေါ့....
အဲဒီသဘောကို သိပြီးရင် တတ်ရမယ်၊ တတ်ဖို့က စံနှုန်းတကျ သင်ရမယ်၊ အခြေခံ ဘယ်လိုဆွဲတယ်၊ ဘယ်ကစတယ်ဆိုတာ နည်းနာ ယူရတယ်....
ကဲ.. တတ်လာပြီးမှ ကျွမ်းကျင်လာအောင် အမြဲမပြတ် လေ့ကျင့်ပေးရတယ်
များများလေ့ကျင့်တော့ များများကျွမ်းကျင်လာပြီး ကျေညက်လာတာပေါ့ကွယ်...
ကဲ- အဲဒီလိုပေါ့... ဘာမဆို တတ်ကျွမ်းတဲ့သူဆီမှာ စံနှုန်းတကျလေ့လာသင်ကြားမှသာ မှန်ကန်တဲ့ ပညာကို ရတယ်၊
ပြီးမှ ကျွမ်းကျင်လာဖို့ ကိုယ့်ရဲ့ကြိုးစားမှုနဲ့ လေ့ကျင့်မှုတွေ လုပ်ရတယ်ကွဲ့....။
အခုမင်းက တတ်လဲမတတ် နည်းလဲမသိဘဲ အရမ်းကြိုးစားတော့ အချိန်ကုန်ပြီး စံနှုန်းမကျ ဖြစ်ရတာပေါ့.. ကြိုးစားတာတော့ကောင်းပါတယ် ဒါပေမဲ့ ပင်ပန်းတာပေါ့...။
အင်း.. ဒါကြောင့် ကျွန်တော့်ပုံတွေက မမှန်မကန်ဖြစ်တာကိုး..
ကဲ- နောက်နေ့ကစပြီး ဦးဦး စံနှုန်းတကျ သင်ပေးမယ် ကြားလား...
ပြီး


တယ်ဟုတ်ပါလား



# အဘယ်ကြောင့် အချို့အပင်များတွင် ဆူးရှိသနည်း

အချို့အပင်များတွင် ဆူးရှိသည်။ ဆူးများမှာ အရွက် သို့မဟုတ် အကိုင်းကလေးများအစား ပေါက်နေခြင်း ဖြစ်သည်။ အချို့ဆူး များ မှာ အ ရွက် သို့ မ ဟုတ် ပင်စည်မှ ထွက် နေ သော မာ ကျော သန် မာ သည့် အမွေးများဖြစ်၏။ ဆူးရှိခြင်းသည် ရန်သူများ၏ အန္တရာယ်မှ ကာကွယ်ရန်ဖြစ်သည်။

အချို့ ဆူးရှိသော နွယ်များတွင် အခြားအပင်များပေါ်၌ ပေါက်ရောက်နိုင်ရန် ဆူးများက အထောက်အကူပြုသည်။


ဆူးများသောအပင်များကို များသောအားဖြင့် ခြောက်သွေ့သော ဒေသများတွင် တွေ့ရှိနိုင်သည်။ အချို့ ရုက္ခဗေဒ ပညာရှင်များက ခြောက်သွေ့သော ရာသီဥတုက ဆူးများကို ဖြစ်စေသည်ဟု ဆိုသည်။

တောင်အမေရိကရှိ အကေးရှားပင်၏ ဆူးများအတွင်းတွင် ပုရွက်ဆိတ်များ နေထိုင်သည်။ အရွက်များတွင် ပုရွက်ဆိတ်များ စားသောက်ရန် အာဟာရလည်းရှိသည်။

**တက္ကသိုလ် ဖြူမြင့်**



## ‘င’ ဘေးမှာ ဘာရှိသလဲ



# ပန်းသီးနီနီ

စန္ဒာမြင့်



"ဟယ် ပန်းသီးကြီးတွေ လှလိုက်တာ"

ခံတောင်း ပက်ပက်ထဲတွင် အစီအရီ ဆင့်ထားသော ပန်းသီး နီနီရဲရဲကြီးတွေ ကြည့်ရင်း ကျမနှုတ်က အလိုလိုထွက်သွားပါသည်။ ဖန် လက် ကောက်တွေကို တတောင့်ကြီး ဝတ်ထား သည့် ပန်း သီး သည် ကုလားမကြီးမှာ သူ့ပန်းသီးများကို တယုတယ ကြည့်နေပါသည်။

"အဲဒါ ဘယ် လို ရောင်း လဲ ဟင်"

ဒီဘက်ကနေ့ ၁ နကျပ်ခွဲ၊ ဟိုဘက်ကနေ့ ၁ တုံးကျပ်၊ တိပ်ချို တယ် ကန်မလေး"

ကျမ နောက် တွန့် သွား ပါသည်။ ပန်းသီးကြီးတွေ လှသော်လည်း ဈေးကြီးပေး၍ ကျမ မဝယ်နိုင်ပါ။ ကျမမှာ တနေ့မှ မုံ့ဘိုးတမတ်သာ ရပါသည်။ သို့သော် ပန်းသီးကြီးတွေကိုတော့ စားချင်ပါသည်။ ထို့ကြောင့် အိမ်ပြန်ရောက်သောအခါ မေမေ့ကို ပြောပြလိုက်မိပါသည်။

"မေမေ– ပန်းသီးကြီးတွေ လှလိုက်တာ၊ တလုံး နှစ်ကျပ်ခွဲ သုံးကျပ်တဲ့၊ လမ်းမှာ တွေ့ခဲ့တယ်၊ သမီးစားချင်လိုက်တာ"

"အမယ်လေး ဈေးကြီးလှတယ် သမီးရယ်၊ သမီးစားချင်ယင် မင်း ဖေ ဖေ ဆီ လှမ်း မှာလိုက်ပေါ့၊ ဒီ ပန်းသီး တွေ က အဲဟိုချင်းတောင်က ထွက်တာ"

မေမေပြောမှ ကျမသတိရပါသည်။ ဖေဖေသည် စာရင်းစစ် တဦးဖြစ်ပါသည်။ ယခု ချင်းတောင် မင်း တပ် ဘက် ရောက်နေပါသည်။ မကြာမီ ပြန်လာတော့မည် ဖြစ်ပါသည်။

"မေမေလဲစာရေးဘို့ရှိတယ်၊ သမီးလဲရေးလေ၊ သမီးလိုချင်တဲ့ ပန်းသီးတွေလဲ ဝယ်ခဲ့ဘို့ ထည့်ရေးလိုက်ပေါ့"

ထို့ကြောင့် မေ မေ့ စာ နှင့်အတူ ကျမ ဖေဖေ့ထံသို့ စာ တစောင် ရေးလိုက်ပါသည်။ ချင်းတောင်မှ ပန်း သီး တွေ ဝယ် ခဲ့ ရန် လည်း မှာလိုက်ပါသည်။ ကျ မ တို့ အ တန်း ပိုင် ဆ ရာ မ ကို လည်း ဖေဖေနှင့် ပါလာမည့် ပန်း သီး တွေ ကို ဆရာမအားပေးမည်ဟု ပြောပြမိပါသည်။

\+ \+ \+ \+

တ ပတ် ခန့် ကြာသွားပါသည်။ ကျမတို့ အတန်းပိုင် ဆရာမမှာ ကျမတို့ရေးထားသော စာစီစာကုံးများကို စစ်ဆေး အမှတ်ပေး၍ စာအုပ်များ ပြန်ပေးပါသည်။

"ကဲ မင်းတို့ စာစီစာကုံးကို ပြန်ကြည့်ကြစမ်း။ နုနုကတော့ လက်ရေးချောတဲ့နေရာမှာပထမ၊ အောင်အောင်လဲ တူတူဘဲ၊ စာဖျက်သူက လက်ရေးမဖတ်တတ်ယင် အမှတ်မရဘူး၊ ဟော

မြင့်မြင့်သန်းကတော့ လက်ရေး လေးတွေကလဲဝိုင်းဝိုင်းစက်စက် လေးတွေ၊ အတွေးလဲ မဆိုးလှ ဘူး၊ဒါပေမဲ့ သိပ်ရှုပ်တယ်၊ ခဏ ခဏစာကျတယ်၊ အဲဒီ ရှုပ်တာ တို့စာကျတာတို့ဆိုတာလဲ မဖြစ် ဘို့ သိပ်အရေးကြီးတယ်”

ဆရာမက တဦးစီ၏ ချွတ် ယွင်းချက်များကို ဆက်ပြော သွား ပါ သည်။ ကျ မ ကို ရှုပ်း သည်၊ စာ ကျသ ည် ဟု ပြော ပါ သည်။ အကြောင်း အရာ ကောင်းကောင်း အတွေး ကောင်းကောင်းတွေး၍ လက် ရေးလည်းလှလျှင် စာတလုံး တလေကျသည်မှာ ကြီးကျယ် သော အပြစ်မဟုတ်ဟု ကျမ ထင်ပါသည်။ ထိုနေ့က ကျမ စိတ်ပျက်ပျက်နှင့် အိမ်ပြန်ခဲ့ရ ပါသည်။

“ဟော သမီး”

အိမ်ရောက်လျှင် ဖေဖေ့ကို မမြော်လင့်ပဲ တွေ့ရပါသည်။

“ဟင် ဖေဖေပြန်ရောက်လာ ပြီ၊ ဘယ်မလဲ သမီးမှာလိုက်တဲ့ ပန်းသီးတွေ၊ ပေး ခုပေး”

ဖေဖေက ကျမကို ပြုံးကြည့် နေပါသည်။ ပြုံးသော်လည်း ဖေဖေ့မျက်နှာ မရွှင်လှပါ။

“စာထဲမှာ သမီးမှာလိုက် တာ ပန်းဘဲကွဲ၊ ဖေဖေပန်းတွေ အများကြီး ဝယ်ခဲ့ပါဆိုတော့ ဒီချင်းတောင်မှာ ဘာပန်းရှိလို့ လဲလို့ ဖေဖေ စဉ်းစားလိုက်ရ တာ စဉ်းစားလို့မရဘူး၊ ခုအိမ် ရောက်မှ မင်း မေ မေ ပြော လို့ ပန်း သီး မှာ မှန်း သိရတယ်၊ သမီးက စာရေးသိပ်ရှုပ်းတာ ကိုး။ ပန်းသီး ရေးရမဲ့အစား သီးဆိုတာမပါဘဲ ပန်းတင်ရေး ထားတော့....”

ဖေ ဖေ က ဆက်ရှင်းပြနေ သော်လည်း ကျမ မကြား တော့ပါ။ ကျမငိုချင်ပါသည်။ ကျမစာရေးရာတွင် စာကျနေ သဖြင့် စားချင်သည့် ပန်းသီး များ မရတော့ပါ။ ပန်းသီးနှင့် ဝေးရပါပြီ။ စာတလုံးကျန်ရစ် လျှင်မည်မျှအရေးကြီးကြောင်း ယခုမှ ကျမ တွေးမိပါသည်။ စာမကျအောင် ကျမကြိုးစား ပါတော့မည်။

သို့သော်ဖေဖေပြန်လာလျှင် ပန်းသီး ပေးမည်ဟု ပြောထား သော ဆရာမအား ကျမ ရှင်း မပြချင်တော့ပါ။ ကျမစာရေး ရာတွင် စာကျနေ၍ ပန်းသီး မရတော့ပါဟုဆိုလျှင် ဆရာမက ဆူ မည် ထင် ပါ သည်။ ကျမ ဝမ်းနည်းရပါသည်။

ထို့ကြောင့် ကျ မ ဆုံး ဖြတ် လိုက်ပါသည်၊ နောက်တကြိမ် ဝမ်းမနည်းရအောင် စာရေးရာ တွင် ကျမဂရုတစိုက် ရေးမည် ဟူ၍ ဖြစ်ပါသည်။


# ခရေကောက်မယ်

ပင်အုပ်ညိုညို၊ ရွက်စိုစို၊
နေ့ဝိုချေးသိပ်၊ အအေးရိပ်၊
စိပ်သလေလေ့၊ စိပ်လေလေ့၊ ။
လေညှင်းသုန်သုန်၊ သင်းထုံထုံ၊
ဝတ်မှုန်သန့်သန့်၊ ခရေနံ့၊
ပျံ့သလေလေ့၊ ပျံ့လေလေ့၊ ။
ခရေကောက်ဖို့၊ ရောင်းရင်းတို့၊
ပျော်လို့ရွှင်လန်း၊စိတ်ငြိမ်းချမ်း၊
ဝမ်းသာသလေ့၊သာလေလေ့၊ ။
တကုံးနှစ်ကုံး၊ သီမဆုံး၊
ခင်ပြုံးလည်းဆင်၊ ဘုရားတင်၊
ယဉ်သလေလေ့၊ ယဉ်လေလေ့၊ ။
ပင်မှာမနား၊ ကြွေပါငြား၊
ဂုဏ်ကားမပြယ်၊ မွှေးနံ့ရယ်၊
ကြွယ်သလေလေ့၊ ကြွယ်လေ
လေ့၊ ။
ရောင်းရင်းတို့ရေ၊ ကိုယ့်အခြေ၊
အနေစိတ်လည်း၊ ခရေနည်း၊
မွှေးကြစို့လေ၊ မွှေးစို့လေ၊ ။
အကျင့်ကောင်းဘို့၊ကြိုးစားစို့၊
တို့များသတင်း၊ တို့ရည်ခြင်း၊
သင်းပါစေလေ့၊ သင်းစေလေ့။

ပုသိမ်ဝင်းမော်



စ. 517



# ပိုးနီကောင်

ပိုးနီကောင်သည် အနီရောင်ဖြစ်ပြီး ကိုယ်တွင် ထူးခြားသော အစက်အပြောက်များ ပါရှိသည်။ ဝါဂွမ်းပိုးနီ ဟူ၍လည်းခေါ်သည်။ ဝါပင်နှင့် ရုံးပတီ၊ ချဉ်ပေါင် စသည့် အပင်များ၏ ပင်စည်များ၊ အရွက်များနှင့် အသီးများကို ထိုးဖောက် ဖျက်ဆီးတတ်သည်။ အပ်ချောင်းသဏ္ဌာန် ရှည်လျားသော နှုတ်သီးကို အသုံးမပြုသည့်အခါ ခြေထောက်များအောက်တွင် ထားရှိသည်။

ပိုးနီကောင် အမသည် လုံးဝိုင်းသော အဝါနုရောင်ဥများကို ငါးဆယ်မှ ခြောက်ဆယ်အထိ မြေပေါ်တွင် အုသည်။ ရက်သတ္တတပတ်အတွင်း ဥများမှ အနီရောင်အကောင်ငယ်ကလေးများ ပေါက်လာပြီး အနီးအနားရှိ သီးနှံပင်များကို ဖျက်ဆီးပစ်သည်။ ဥမှပေါက်စ ပိုးနီကောင် ငယ်ကလေးများသည် အတောင်မပါ အရွယ်အစား ငယ်သည်က လွဲ၍ ပိုးနီကောင်ကြီးများ ပုံသဏ္ဌာန်အတိုင်း ဆင်တူသည်။ ရက်ပေါင်း လေးဆယ်အတွင်း အရေခွံ ငါးကြိမ်မျှ လဲပြီးနောက် အတောင်အလက်စုံသော အကောင်ကြီးဘဝ ရောက်ရှိလာသည်။

ပိုးနီကောင်သည် အထူးသဖြင့်ဝါပင်များကို ပိုမိုဖျက်ဆီးသည်။ ဝါဂွမ်းသီး အတွင်းမှ အစေ့သို့တိုင်အောင် ထိုးဖောက်ကာ စုတ်ယူစားသောက်ပစ်သဖြင့် ဝါစေ့မှာ စိုက်ပျိုး၍ မရှင်သန်နိုင်တော့သည့်အပြင် အဆီပါ ထုတ်ယူနိုင်ခြင်း မရှိပဲ ဖြစ်သည်။ ထို့ပြင် ဝါဂွမ်းသီးအတွင်း အပင်ရောဂါပိုးမွှားများ စွဲကျန်ရစ်သဖြင့်လည်း မကြာခဏဆိုသလို ဝါသီး ပုပ်သွား၍ ဝါဂွမ်း အရည်အသွေး ညံ့ဖျင်းသွားရသည်။

**မောင်ဆုပန်**



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးတင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး (ပုံနှိပ်)
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်


၁၃၃၇၊ ဦးတန်ခူးလဆုတ် ၈ ရက် (၈-၅-၇၅)




စနေနေ့တိုင်းထုတ်ဝေသည်။







မင်းအလုပ်ထမ်းငါ့အလုပ်ပိုပြီးပျော်စရာကောင်းတာပေါ့၊ သစ်ပင်သစ်သာတယ်၊ နွန်းတည့်ဆိုင်ပေါက်ဆိုရင်ကအလုပ် စက်တွေအားလုံးပြီးသွားပြီ၊ တစ်နေ့လုံးကာမှအလုပ်စက်မရှိတော့တန့်၊ ပျင်းပျင်းရှိတိုင်းကလိုက်ခုန်လိုက်အလုပ်နေတာဘဲ၊ အခါသူ့ဝေးနယ်ခမ်းပြင်သွားပြီး၊ သဘောကြီးရွှန်းဆိုရွှေကျင် တဲ့ကြီးတော့ဘူသချိုက်စားတယ် - ဟေ့ဒီမှာတွေ့ပါး၊
ဟေ့ - ဒီလိုဆိုမင်းနဲ့ကျုပ်ဖွန်ဖွားကောင်းတွဲမလား--
ဟား - ကောင်းသားဘဲ၊
ထိုသို့ဖြင့်သူတို့နှစ်ယောက်အလုပ်ချင်းလဲကြသောတော့ကြသည်။ နောက်တစ်နေ့ညနေသို့ရောက်သောအခါတစ်ယောက်နှင့် တစ်ယောက်ညာမှန်းသိကြပြီး ရန်ဖြစ်ကြလေသည်။
သူတို့သည်သေတ္တာကြီးတစ်လုံးတူးဖော်ရရှိ၍ သေတ္တာထဲဝင်ဆိုင်း နောက်ဆုံးတွင်ရှိသော ... သေတ္တာကိုကြိုးဖြင့်ဆွဲတင်လိုက်သည်။
နောက်ဆုံး၌ သူတို့ ... မရှိတော့မှန်းသိသဖြင့်၊ ဒါမှထွက်ပြေးကြပြီး ... ကိုပေါက်ကြသောတော့ကြသည်။
ကာမနှုန်းမဲ - သဘောတူတယ် မထုတ်လား - ဒါမှနို့နှစ်ယောက် မျှမျှမှာ၊
ဟား - ကောင်းတယ် - မျှမျှလုပ်စန်း စကြစို့၊


သေတ္တာ တဝက်ပြည့် ရောင်စုံရတနာများကို ထည့်ပြီးသောအခါ -
နိုနို ထပ်ဖြည့် လိုက်အုံးဟေ့၊
တဝက်ပြည့်ပြီဗျ တော်ပြီလား၊
ဒုံရင်းသို့ ထပ်ဖြည့်လို့ ဘယ်ဖြစ်မလဲ၊ ထပ်ဖြည့်ရင် ငါ့သေတ္တာထိုင်ဝင်ရိုက်လို့ မကာကွဲဖြစ်နေအုံးမယ်၊
ကဲ - ဆွဲတင် တော့ဟေ့ -
အေး - အေး လေးပြီ -
သွားပြီ သူငယ်ချင်းရေ -
မနက်ဖြန်ကျမှ ဝင်တော့ မောင်းကို
ဘုရင်ကြီး မကြီး ဆင်တင်သော
တော့မှာကွဲ၊ ငါ့အတွက်ကတော့
တသက်စာ မုန့်ဖိုးပြီ ဟေ့ -
ဟား - ဟား - ဟား -





# ဖေါင်းနှင့်ဆိုကြက်

ကယားပုံပြင်

ရေးသူ-ဒေါ်ခင်မြင့် (မြစ်ကျော့ဆေးရုံ)

သရုပ်ဖော်-မောင်မောင်သစ်







ရှေးအခါက ရွာတရွာတွင် မိဘမဲ့ ညီအစ်ကို နှစ်ဦးရှိရာ တနေ့တွင် အစ်ကိုက ညီအား "မိမိသည် အိမ်ထောင်ဖက် အရှာထွက်မည်။ ညီငယ်က အိမ် ကို စောင့် ရှောက် နေ ခဲ့ ပါ" ဟု ပြောလေ၏။ ညီဖြစ်သူက "မိမိလည်း လိုက်လိုပါသည်။ ခီးမခါဘီလူး၏ ရန်ကို ကြောက်သဖြင့် အိမ်တွင်မနေ ခဲ့ဝံ့ပါ" ဟုပြန်ပြောရာ အစ်ကိုသည် ညီကို မလိုက်စေလိုသဖြင့် ပရိယာယ်သုံးပြီး ဆန်တတင်းကို မြေပေါ် သို့သွန်ချကာ "ဤဆန်စေ့များကို တစေ့မကျန် ကောက်ပြီးမှသာ မိမိနောက်သို့ လိုက်ခဲ့ပါ" ဟု မှာကြားကာ ထွက်သွား၏။

ညီငယ်လည်း မိမိ၏ မိတ်ဆွေဖြစ်သော ကျေးငှက်များကိုခေါ်၍ ဆန်စေ့များကို ကောက်ပေးရန် အကူအညီတောင်းသဖြင့် မကြာမီ တစေ့မကျန် ကောက်ပြီးသွားလေသည်။ ထိုနောက် အစ်ကို၏ နောက်သို့ လိုက်ခဲ့ရာ အစ်ကိုကို မမှီ လေ သော် အစ် ကို က "အိမ်သို့ပြန်၍ ငှက်ပျောပင်ကို စောင့်ကြည့်ပါ။ ငှက်ပျောပင်မှ ရွက်သစ် ထွက်မှသာ မိမိနောက်သို့ လိုက်ခဲ့ပါ" ဟု ထပ်မံစေခိုင်းပြီးထွက်သွားလေ၏။

ညီငယ်လည်း ငှက်ပျောပင်မှ ရွက်သစ် ထွက်သောအခါတွင် အစ်ကို၏ နောက်သို့ လိုက်ခဲ့လေသည်။ သို့သော် ကာလ ကြာမြင့်ပြီ ဖြစ်သဖြင့် အစ်ကိုကို မမှီတော့ပေ။ သို့ဖြစ်ရာ စိတ်ပျက် လက်ပျက်ဖြင့် လမ်းတွင်တွေ့ရသော ခရုသင်းကို ကောက်ယူပြီး အိမ်သို့ပြန်လာခဲ့လေသည်။

ညီငယ်သည် အိမ်သို့ ပြန်ရောက်သောအခါ ခရုသင်းကို မှုတ်လေ၏။ ခရုသင်းအသံမှာ သာယာလှသဖြင့် ကျေးငှက်၊ သမင်စသော တောတိရစ္ဆာန်ငယ် များ လာ ရောက် နား ထောင်ကြ လေသည်။ ထိုစဉ် ခီးမခါ ဘီလူးတကောင်သည် ခရုသင်းအသံကို ကြားသဖြင့် အိမ် သို့ ရောက် လာ ပြီး တိရစ္ဆာန် ကလေး များနှင့်တကွ ညီငယ်ကိုပါ သတ်ဖြတ်စားသောက်လိုက်လေ၏။

ကြင်ယာရှာ ထွက်သွားသော အစ်ကိုကြီးသည် ကြက်မတွန်ရွာမှ ညီအစ်မခုနစ်ဖော်ကို ရရှိခဲ့ပြီး ပြန်လာခဲ့လေသည်။ အိမ်သို့ ရောက်သော် ကြက်ဖက တွန်၍ရင်း၊ နွားသိုးက အော်မြည်၍ရင်း နှုတ်ဆက်ကြရာ ညီအစ်မ ခုနစ်ဖော်မှာ ကြက်ဖနှင့် နွားသိုးကို မမြင်ဘူးသဖြင့် အံ့သြနေကြလေ၏။

အစ်ကိုကြီးသည် အိမ်တွင် ညီငယ်ကို မတွေ့သဖြင့် ရှာဖွေရာ ကြမ်းပေါ်တွင် စွန်းထင်နေသော သွေးများကို တွေ့လေ၏။ "ဤသွေးများသည် **ညီငယ်၏**သွေး ဟုတ်မှန်ခဲ့လျှင် ညီငယ်သည် အသက်ပြန်ရှင်ပါစေ" ဟုအဓိဋ္ဌာန်ပြုလိုက်ရာ ညီငယ်သည် အသက်ထင်ရှားဖြစ်လာလေ၏။ ညီငယ်က သူ့အား ခီးမခါ ဘီလူးက သတ်စားခဲ့ပုံကို ပြန်လည်ပြောပြလေ၏။


တနေ့တွင် ညီငယ်သည် ညီအစ်မခုနစ်ဖော်၏ တောင်းပန်ချက်အရ ခရုသင်းကို မှုတ်လေ ရာ ခီး မ ခါ ဘီ လူး များ ရောက် လာ ပြန် လေ သည်။ အစ်ကိုကြီး၊ ညီငယ်နှင့် ညီအစ်မခုနစ်ဖော်တို့သည် ခီးမခါ ဘီလူးများရန်မှ လွတ်ရန် တောင် ကမ်း ပါး ယံ ထက် သို့ နွယ်ကြိုးဖြင့် တက်ပြေးကြ၏။ ခီးမခါဘီလူးများလည်း နွယ်ကြိုးဖြင့်တက်၍ လိုက်လာကြရာ အစ်ကိုကြီးက တောင်ထိပ်မှနေ၍ နွယ်ကြိုးကို ဖြတ်ချလိုက်သဖြင့် ခီးမခါဘီလူးများ သေဆုံးကြရလေ၏။


ဘီလူးရန်မှ ကင်းဝေးပြီဖြစ်သော်လည်း နွယ်ကြိုးမရှိတော့သဖြင့် တောင်အောက်သို့ ပြန်ဆင်းရန် အခက်တွေ့နေကြစဉ် အစ်ကိုကြီးက ဦးဆောင်၍ "တောင်အောက်သို့ ပြန်ဆင်းရန်အတွက် မိမိတို့အား ငှက်ဖြစ်အောင် လုပ်ပေးပါ" ဟု ဆုတောင်းလိုက်ရာ အားလုံး ဒေါင်းများဖြစ်သွားကြသော်လည်း ညီအစ်မခုနစ်ဖော်ထဲမှ အစ်မ အကြီးဆုံးဖြစ်သူမှာ ဒေါင်းမဖြစ်ပဲ ဇီကွက်ဖြစ်သွားလေသည်။ အစ်ကိုကြီးဖြစ်သူ ဒေါင်းဖိုသည် ဘဝချင်း မတူတော့သည့် ဇီကွက်မနှင့် ခွဲခွာရတော့မည်ဖြစ်၍ ဝမ်းနည်းကာ ငိုကြွေးလေ၏။ ကျလာသော မျက်ရည်များကို အမြီးနှင့်သုတ်ရာ အမြီး သည် လေး လံ ကာ နောက်သို့တွဲ၍ သွားပြီး မျက်ရည်စက် ထိရာ အမြီးဖျားတိုင်းတွင်လည်း လှပသည့်အကွက်များ ပေါ်လာလေ၏။ ထိုအခါမှစ၍ ဒေါင်းဖိုတို့၏ အမြီးများသည် နောက်သို့ တွဲ ကျ နေ ပြီး လှ ပသော အကွက် များ ပေါ် လာ ခဲ့ လေ သည်ဟု အစဉ်အလာ ပြောဆိုကြ လေသတည်း။








ဘာသာပြန်:
ငါ့မိတ်ဆွေတွေလဲ ဘယ်ရောက်နေကြပါလိမ့် - ငါလဲ အစာငတ်လှပြီ ဆာလိုက်တာ - - -
ထိုအခါက လေမုန်တိုင်းကြီးတိုက်ခတ်သဖြင့် ယုန်၊ မြင်း၊ ဆိတ်၊ သမင် မိတ်ဆွေလေးဦးသည် ကြောက်လန့်ပြီးထွက်ပြေးသွားကြရာ တဦးနှင့်တဦး ကွဲကွာသွားကြလေသည်။
ဟာ - မုန်လာဥနီကြီး နှစ်ဥပါလား
ထိုအချိန်တွင် မမျှော်လင့်ပဲ မုန်လာဥနီကြီးကိုတွေ့ရာ
သို့ဖြင့် မုန်လာဥနီကြီး နှစ်ဥကို ထမ်းပြီး အိမ်ပြန်လာလေသည်။
အား - မုန်လာဥနီကြီး စားလို့ကောင်းပါလား -
အင်း - ငါ့မိတ်ဆွေ ဦးရွှေမြင်းကော အစာငတ်နေပြီလား -
ဒီမုန်လာဥနီကြီးတဥကို တော့ ဦးရွှေမြင်းကိုသွား ကျွေးမယ်
အို - ဦးရွှေမြင်း ခင်ဗျားစားဘို့ မုန်လာဥနီကြီးယူလာတယ် -
ဦးရွှေမြင်းအိမ် ရောက်သော်
ဟာ - ဦးရွှေမြင်းလဲမရှိပါလား၊ ကဲ - သူပြန်လာမှစားရအောင် ဒီမှာထားခဲ့ပြီး ငါပြန်မှဘဲ -



ဟိုက်-မုန်လာဥနီကြီးပါလား၊ ဘယ်သူလာထားပါလိမ့်- ဒီနေ့စားစရာတွေ ပေါနေပြီ
ဦးရွှေမြင်းအိမ်ပြန်ရောက်သော်
အို-မေ့နေလိုက်တာ ဖိုးဆိတ်တော့ အစာ ငတ်နေမှာပဲထင်တယ် ငါရှာလာတဲ့ ကန်စွန်းဥ တွေကိုပဲ ငါစား ပါတော့မယ်-
မုန်လာဥနီကြီးကိုတော့ ဖိုးဆိတ်စားဖို့ ငါသွား ပေးမယ်-
ဖိုးဆိတ်အိမ်သွားလေသည်။
ဟေ့-ဖိုးဆိတ်-ဖိုးဆိတ်- ဘယ်များသွားနေပါလိမ့် အထဲဝင်မှပဲ-
ဖိုးဆိတ်အိမ် ရောက်သော်
ဖိုးဆိတ်လဲမရှိပါလား၊ စားစရာမရှိလို့ ထွက်လယ်နေမှာ ထင်တယ်၊ သူ့မုန်လာဥ စားဖို့ထားခဲ့တော့မယ်-
ဟာ-မုန်လာဥနီကြီးပါလား ဘယ်သူလာပို့ထားပါလိမ့်-
ဖိုးဆိတ် အစာရှာပြီး အိမ်ပြန် ရောက်လာလေသည်။
အင်း-ငါစားဖို့ အစာတွေငါ့မှာရှိနေပြီ ငါ့မိတ်ဆွေ-ရွှေသမင်တော့ စားစရာ ရှိမှာမဟုတ်ဘူး၊ ဒီမုန်လာဥနီကြီးကို ငါမစားတော့ပါဘူး-
ရွှေသမင်စားဖို့ ငါသွားပေးမှပဲ-
ဟို့-ရွှေသမင်-ရွှေသမင် ဘယ်များသွားနေပါလိမ့်-
သမင်ကလေးအိမ်ရောက်လျှင်-




သမင်လေးလဲမရှိဘူး၊ သူ့ပြန်လာယင်စားဘို့ ဒီမှာဘဲထားခဲ့တော့မယ်-
အလို-မုန်လာဥနီကြီးပါလား၊- ဘယ်သူလာပို့ ထားပါလိမ့်-
သမင်ကလေး အစာရှာပြီး အိမ် ပြန်ရောက်လာသော်
အင်း-ငါ့မိတ်ဆွေကိုရွှေယုန် အစာမစားရပါ့မလား၊ငါရှာရတဲ့ မုန်ညင်းတွေကိုငါစားပြီး၊မုန်လာဥ နီကြီးကိုတော့-သူ့ဆီသွား ပေးမယ်-
ဟိုး!-ကိုရွှေယုန်- ကိုရွှေယုန်-
မကြာမီ ယုန်ကလေး အိမ် သို့ရောက်လေသည်။
ကိုရွှေယုန်လဲစားစရာမရှိလို့စိတ် ပျက်ပြီး အိပ်နေတယ် ထင်ပါရဲ့-မိုးလဲချုပ် နေပြီ သူ့ကိုမနိုး တော့ပါဘူး-
သူအိပ်ရာကနိုးယင်စား ရအောင်သူ့နားမှာဘဲ ထားခဲ့တော့မယ်
သို့ဖြင့် သမင်ကလေး ပြန်သွား လေသည်။
ဟင်-ငါ့မုန်လာဥနီကြီး ငါ့ဆီပြန်ရောက် နေပါလား-
နံနက်မိုးလင်းသော် -
ပြီး

# ယင်သည် အဘယ်ကြောင့် မျက်နှာကြက်ပေါ်တွင် လမ်းလျှောက်နိုင်သနည်း



တခါတရံ သင်ကို့၏အိမ်မျက်နှာကြက်သို့ မော့ကြည့်ပါက ယင်ကောင်များ ကပ်နား နေသည်ကို တွေ့ရမည် ဖြစ်၏။ တခါတရံတွင် လည်း အလွန်ချောမွတ်သော မှန်နံရံများ ပေါ်တွင် နားနေသည်ကို တွေ့ရပေမည်။

ထိုကဲ့သို့ နေနိုင်ခြင်းမှာ ယင်၏ ခြေ ထောက် နောက်ဆုံး အဆစ်တွင် အလွန် သေးငယ်သော ခြေသည်းနှစ်ခု ပါရှိသော ကြောင့် ဖြစ်သည်။ ယင်းတို့မှာ အလွန်သေး ငယ်သောကြောင့် မှန်ဘီလူးဖြင့်သာ မြင်နိုင် စွမ်းရှိသည်။ ထိုခြေသည်းသည် ထရံ စသည် တို့တွင် လမ်းလျှောက်ရာ၌ အထောက်အကူ ပြုသည်။ မျက်နှာကြက်ပေါ်တွင် ပက်လက် ပြောင်းပြန်လျှောက်သည့်အခါ ယင်ကောင်၌ သူ၏ ကိုယ်ကို ထိန်းထားနိုင်လောက်သည့် အင်အားမရှိပေ။ သို့သော် ခြေသည်းနှစ်ခု၏ အကြားမှ စေးထန်းသည့် အရည်တမျိုးထွက် လာပြီး ယင်ကိုအောက်သို့မကျအောင် ထိန်း ထားသည်။ ထို့ကြောင့် ယင်သည် မှန်စသည့် ချောမွတ်သော နံရံများပေါ်တွင် နားနေနိုင် ခြင်း၊ သွားလာနိုင်ခြင်း ဖြစ်ပေသည်။



တက္ကသိုလ်မြမြင့်

## ရပ်နေတာပါ



# ဖြတ်သောအရွယ်

မောင်ချစ်ယဉ်



ယနေ့ ကျွန်တော်တို့ ကျောင်း ငါးတန်း စာမေးပွဲ အောင်စာရင်း ထွက်သော နေ့ ဖြစ်ပါသည်။

ကျွန်တော်နှင့် သူငယ်ချင်း မြင့်အောင်၊ တင်ဝင်း၊ မော်မော် တို့အားလုံး စာမေးပွဲအောင်ကြ ပါသည်။ အလွန် ဝမ်းသာနေ ကြပါသည်။

ငါး တန်း မှ ဖတ် စာ အုပ် အဟောင်းများကို ပြန်ရောင်း လျှင် မုန့်ဘိုးရနိုင်မည် ဆိုကြောင်း ကျွန်တော် [illegible] နေ မိ ပါ သည်။ ပြန်ရောင်းရန်အတွက် ကျွန်တော်သည် ငါးတန်း ဖတ် စာအုပ် အ ဟောင်း များ ကို [illegible] နေစဉ်...

"သားသား ဒီစာအုပ်တွေ ဘာလုပ်မလို့လဲ"ဟု ဖေဖေ၏ မေးသံကို ကြားရပါသည်။

"ကျောင်း ပြန် တက် ယင် ရောင်းမလို့ပါ၊ မုန့်ဘိုးရတာပေါ့ ဖေဖေ"

"ဒါတိုင်းနှစ်တော့ စာအုပ် ဟောင်းတွေ ပြန်ရောင်းတာ ဖေဖေ မတားခဲ့ဘူး၊ ဒီနှစ်မှာ သားကို ဖေဖေ တခုပြောချင် တယ်"

ဖေဖေသည် အနီးရှိ ကုလားထိုင်တွင်ဝင်ထိုင်ရင်း ဆက်ပြော ပါသည်။

"ဒီစာအုပ်တွေကို သားတို့ ကျောင်းက သိပ် ဆင်း ရဲ တဲ့ ကျောင်းသူ ကျောင်းသားတွေ ကို အလကားပေးစေချင်တယ်၊ အလှူတမျိုးပေါ့။ သားအတွက် ပိုအကျိုးရှိမယ်လို့ ဖေဖေ ထင် တယ်"

ကျွန်တော်သည် စာအုပ် များကို အလကား ပေးရမည် ဆို၍ နှမြောသွားမိ၏။ မုန့်ဘိုး မရမည်ကို မကျေနပ်ဖြစ်မိ၏။ ဖေဖေ၏ စကားနားမထောင် ပါက ဖေဖေ ဆူမည်ကိုလည်း ကြောက်မိသည်။

"ဟုတ်ကဲ့ ဖေဖေ စာအုပ် တွေ အလကား ပေးလိုက်ပါ့ မယ်"

ကျွန်တော်သည် စိတ်မပါပဲ သဘောတူလိုက်သည်။ ဖေဖေ က စာအုပ်များကို ကျောင်း အုပ် ဆရာမကြီးထံ သွားပို့ထား ရန် ပြောပါသည်။

ကျွန်တော်သည် စာအုပ် များကို လွယ်အိတ်နှင့် ထည့်ပြီး ကျောင်း အုပ် ဆရာ မ ကြီး ထံ သွားပို့ ပါသည်။ ဆင်းရဲသား ကျောင်းသူကျောင်းသားများ ကို လှူရန် ဖြစ်ကြောင်းလည်း ပြောပြပါသည်။

"သာ ဓု ကွယ်....သာ ဓု၊ ကျောင်း ပြန်ဖွင့်တဲ့ နေ့ကျယင် မင်းလို အလှူရှင်တွေ ပွားလာ အောင် ပြောရအုံးမယ်" ဟု ဆရာမကြီးက ကျေနပ်အားရ စွာ ပြောလိုက်ပါသည်။

× × × ×

မကြာမီ ကျောင်းပြန်ဖွင့် သောနေ့ ရောက်ခဲ့ပါပြီ။

ကျွန်တော်၏ အတန်းပိုင်ဆရာမသည် ကျောင်းသားသစ်များကို စစ်ဆေးပါသည်။ ဝယ်ရန် ဖတ်စာအုပ်၊ လက်ရေးစာအုပ်များ စာရင်းကို ပေးပါသည်။

ကျောင်းဆင်းခါနီးတွင် အတန်းသားများအား –

"ဒီနေ့တော့ မင်း တို့ ကို ဆရာမ တခု ပြောချင်တယ်၊ ဆရာမကြီးပြောပြလို့ ဒီအတန်းထဲက ကျော်ကျော်ဟာ ငါးတန်း ဖတ်စာအုပ် အဟောင်းတွေ လှူကြောင်း သိရတယ်၊ ဆင်းရဲတဲ့ ကျောင်းသူ ကျောင်းသားတွေအတွက်ပေါ့၊ အင်မတန် မြင့်မြတ်တဲ့ အလှူတခုဘဲ"

ဆရာမသည် အတန်းသူ အတန်းသားများ၏ မျက်နှာကို သိမ်းကျုံးကြည့်လိုက်ပြီး စကားဆက်ပါသည်။

"ဒါကြောင့် နောက်ထပ် စာအုပ်တွေ လှူချင်တဲ့သူရှိယင် ဆရာမကို နာမည် စာရင်း လာပေးကြပါ၊ ကျော်ကျော်ကိုလဲ ဆရာမကြီးက ချီးကျူး ဂုဏ်ပြုကြောင်း အတန်းတိုင်းမှာ ပြောပြီးပြီ"

အတန်း သား များ နှင့် သူငယ်ချင်း မြင့်အောင်၊ တင်ဝင်း၊ မော်မော်တို့ ကျွန်တော့်ကို ပြုံးရွှင်စွာ လှမ်းကြည့်ကြပါသည်။

ထို့နောက် အတန်းသားများ ဆရာမထံ စာရင်းပေးရန် သွားကြပါသည်။ မြင့်အောင်၊ တင်ဝင်း၊ မော်မော် တို့လည်း ပါဝင်ကြပါ၏။

ကျောင်းဆင်းပြီး အိမ်ပြန်ရောက်သော် ဖေဖေက ကျွန်တော့်ကို –

"သား မင်း စာအုပ်အဟောင်းတွေအတွက် ဖေဖေ မုန့်ဘိုးပေးပါ့မယ်"ဟု ပြောပြီး ငွေငါးကျပ် ထုတ်ပေးပါသည်။

"ကျွန်တော်မုန့်ဘိုးမယူတော့ပါဘူး ဖေဖေ၊ ခြောက်တန်း စာအုပ်အသစ်တွေသာဝယ်ပေးပါ"

ပထမက စာအုပ်များလှူရခြင်းအတွက် ကျွန်တော်သည် စိတ်မပါခဲ့ပါ။ ယခုမူ စိတ်ပါလာပြီး ကျေနပ်နေမိပါသည်။ ရွှင်မြူးနေမိပါသည်။

ကျောင်းမှ အကျိုး အကြောင်း များ ကို ဖေ ဖေ အား ပြန်ပြောလိုက်ပါသည်။ ဖေဖေလည်းဝမ်းသာနေပါသည်။

ဆင်းရဲသော ကျောင်းသူ ကျောင်းသားများလည်း စာအုပ်များ ရရှိချိန်တွင် ပို၍ ဝမ်းမြောက် ပျော်ရွှင်နေမည်ဟု ကျွန်တော် တွေးပြီး ကြည်နူးနေမိပါတော့သည်။

## ကမ္ဘာ့
## အလုပ်သမားနေ့


လုပ်သားမောင် စလွယ်သိုင်းနဲ့
ဘယ်ကိုင်းလို့ ညာကိုယိမ်း
ဒိုးပတ်ကမြိုင်း။
မြိုင်ချင်မြိုင်၊ တူနိုင်မယ်မထင်နဲ့၊
လုပ်သားမောင် မြည်တော်
ချစ်မို့
အားသစ်မယ်ကွဲ့။
ဒို့တိုင်းပြည် ဒို့လူမျိုးတော့
မြတ်နိုးတဲ့ လုပ်သားတွေ
ကြိုးစားလို့နေ။
ဒို့တိုင်းဌာနေ၊ သာခေတ်ဘို့အရေး
ထွက်ကုန်တွေ ပေပေပြီးအောင်
တိုးထုတ်မယ်လေ။
ကမ္ဘာကျော် လုပ်သားတို့
လှုပ်ရှားတဲ့ မြစ်ရပ်မှန်
မေ့မရပြန်။
လုပ်သားတို့မာန်၊ တော်လှန်တဲ့
သည်နေ့၊
အောင်ပွဲခံ အသက်ပေးတယ်
မမေ့တဲ့ဟော့။ ။

ပန္တရဝင်း



R. 517

# ပုစဉ်းရင်ကွဲ




ပုစဉ်းရင်ကွဲသည် ညိုမည်းသောအရောင်ရှိပြီး အတောင်များမှာ အလွန်တောက်ပြောင်သည်။ မျက်စိများမှာ အနီရောင်ဖြစ်သည်။ အသံမြည်ပုံမှာ ပုစဉ်းရင်ကွဲ၏ ကိုယ်အောက်ပိုင်းတွင် လေအိတ်ကလေး နှစ်အိတ် ရှိရာ အိတ်နှုတ်ခမ်းတွင် အထပ်အတွန့်ကလေးများ ရှိသည်။ အတွင်းမှ လေကို ထုတ်လိုက်သောအခါ ထိုနှုတ်ခမ်းများဖြင့် ထိုးတိုက်မိပြီး အသံမြည်ခြင်းဖြစ်သည်။ အပေါက်ဝကို အကျဉ်းအကျယ် ပြုပေးခြင်းဖြင့် အသံအတိုးအကျယ် မြည်နိုင်သည်။ အဖိုသည် အမထက် အသံပိုမြည်သည်။

ပုစဉ်းရင်ကွဲအမသည် သူ၏ ထက်သောဥတံဖြင့် သစ်ခက်များတွင် အလျားလိုက် အက်ကွဲကြောင်း ပြုလုပ်၍ ထိုအက်ကွဲကြောင်းများ အတွင်း ဥများအုပြီး ထိုးသွင်း ထည့်ထားသည်။ ရက်သတ္တခြောက်ပတ်ခန့်ကြာသောအခါ ဥများမှ သေးငယ်သော ပိုးကောင်ကလေးများ ပေါက်လာပြီး မြေကြီး ပေါ်သို့ ကျလာကြသည်။ ထို့နောက် ရှေ့ခြေများ ဖြင့် မြေကြီး ထဲသို့ တူးဝင်ခိုအောင်းနေကြသည်။ မြေကြီးအတွင်း သစ်ပင်မှ အရည်ကို စုတ်ယူစားသောက်၍ အရေခွံ ငါးကြိမ်လဲကာ ၁၇ နှစ်ကြာမျှ ခိုအောင်းကြီးပြင်းလာသည်။

ပုစဉ်းရင်ကွဲ အကောင်ငယ်များသည် မြေကြီးပေါ်သို့ ထွက်လာချိန်တွင် ပိတုန်းကြီးများအရွယ်ခန့်ရှိပြီး အနီးအနားရှိ သစ်ကိုင်းများ နှင့် ပေါင်းပင်များ ပေါ်သို့ တက်ကာ ကျောကုန်း အရေခွံကိုခွဲ၍ ဆွတ်ဆွတ်ဖြူသော အကောင်ငယ်များ ထွက်လာသည်။ နောင်မှ တဖြည်းဖြည်း ညိုမည်း သွားသည်။ ပုစဉ်းရင်ကွဲသည် မြေကြီးထဲမှထွက်ပြီး ရက် အနည်းငယ်မျှသာ အသက်ရှင် နေသည်။ အမများသည်ဥများအုပြီးနောက် မကြာမီသေကြသည်။

**မောင်ဆုပန်**



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က မှိုက်နှိပ်သည်။


အတွဲ ၇၊ အမှတ် ၁၉။

# ရွှေသွေး ဂျာနယ်

၁၃၃၇ ခု၊ ကဆုန်လဆန်း ၁ ရက် (၁၀-၅-၇၅)




ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-ဓားချမ်း



ကိုရွှေ ဝက်ဝံကြီး
ကျိမ်းမှ ဖိမ်ကျ
နိုင်နေသည့်
အကြောင်းရင်း ကား.....




စနေနေ့တိုင်း ထုတ်ဝေသည်။



တနေ့သောအခါ မခံမရပ်နိုင်ဖြစ်ပြီး ခြင်္သေ့မင်းထံသို့ဦးတိုက်လျှောက်ထား၏။
အလို ...... ဖိုးကြက်တို့ပါလား၊ ဆိုစမ်း ဘာကိစ္စ
မှန်လှပါဘုရား - အိမ်နားက - ခွေးသူခိုးသည် နေ့ညမဟူ - ကြက်ဖ - ကြက်မ - ကြက်ငယ် - ကြက်ရွယ်ပါမကျန် - မလွတ်တမ်း - ဖမ်းယူစားသောက်နေ၍ ကြက်မျိုးပြုတ်လုခမန်း ဖြစ်ပါသဖြင့် ကယ်တော်မူပါဘုရား
အိမ်း - ဒါတော့ - ဒီကောင် လွန်ထါပေါ့။ သူ့အိမ်မှာ ထမင်း - ဟင်း ချက်ကျွေးတယ် မုန့် တွေလဲ ကျွေးရက်သားနဲ့ ကြက်တွေလိုက်ကိုက်နေရသလား။ သူ့ကို ဆင့်ခေါ်ထားမယ်၊ နက်ဖြန်မင်းတို့လဲ လာကြ။ အမှုစစ်မယ်။ ဒီကောင် မှတ်သွားအောင်လုပ်ရမယ်
နောက်တနေ့တွင်
ဟော ..... တရားလို ဖိုးကြက်တို့တောင် ရောက်နေကြပြီကိုး။ တရားခံ - ခွေးဆိုးက ဘာလို့ပေါ်မလာ ရသေးတာလဲ
ပြောပြောဆိုဆိုနှင့် မော့ကြည့်လိုက်ရာ
ဟဲ့ - ဟဲ့ ဘာကြီးလဲဟဲ့ ဒါ
ခြင်္သေ့မင်းရှေ့သို့ပစ်ချလိုက်ကာ-
ကျေးတော်မျိုး - ကျွန်တော်မျိုး - တရားခံ ခွေးသူခိုး - ဆိုက်ရောက် ကြောင်းပါဘုရား
ဖုန်း





မောင်မင်း-ငါ၏ရှုံးတော်လို-အဘယ်ကြောင့် မခန့်လေးစား ဒီဥစ္စာကြီးကိုယူလာပြီး-တဖွန်းဖွန်း-တဖိုင်းဖိုင်းနဲ့ အလန့်တကြား လုပ်ရတာလဲ
ဟီး—ခွေးဆိုးတော့ ထိပြီ
မှန်လှပါ၊ခြင်္သေ့မင်း အရှင့်စစ်ရင်း-ကျောက်တုံးသလွန်ထက်ဝယ် ကြာကြာထိုင်ရ-မှီရတဲ့-ကျောနဲ့တင်ပါး အောင့်တော်မူမှာစိုးလှ၍ ခေတ်မှီ ကူရှင်မှီအုံးများ ဆက်သလိုသဖြင့် ယူခဲ့ဖြီပါသည် ဘုရား။ ခွင့်ပြုတော်မူပါလျှင် ကျွန်တော်မျိုးကိုယ်တိုင်-ကူရှင် သုံးပုံ သုံးနည်းကို ပြသ ပါရစေ အရှင်မင်းကြီး ဘုရား- - - - - - - - -
ထိုသို့ဆို၍ ခြင်္သေ့မင်းကို ခေတ္တ ဖယ်စေကာ ကျောက်တုံးထက်ဝယ်ကူရှင်ခင်းပြီး-
ကူရှင်ထက်ဝယ်တက်၍ စံစားတော်မူပါအုံးမျှာ
ခြင်္သေ့ကြီးသည် တက်ထိုင်လိုက်ပြီး
အမယ် လေးလေ့လေး-တယ်ဇိမ်ရှိပါကလား။ အိပြီး ဆင်းသွားတာဘဲ- - - ဟဲဟဲ
ဟဲဟဲ-ကိုခွေး- - - အအေ့ခဲ့နဲ့ လုပ်ထား လို့-ဒါလောက် စည်းစိမ်ရှိရတာလဲ-ဟင်
မှန်လှပါ-အတွင်းမှာ ကြက်မွှေးနုနုလေးတွေ ထည့်ချုပ်ထားလို့ပါ- ဟဲ။ ဒီကြက်တွေက-အရှင့်အတွက်-ကျွန်တော်မျိုး ဘယ်လောက် အလေးဂရုပြုခဲ့တယ်ဆိုတာ သဘောမပေါက်ကြပါ။
ထိုအခိုက် ကြက်များက သတိပေး၍
ခြင်္သေ့မင်းဘုရား။ အမှုကိစ္စသတိပေးပါရစေ။
ဟယ်-မင်းတို့ကလဲ လူကြီးတွေ စကားကောင်းကောင်းဘဲမပြောရဘူး။ ဒါလောက်အရင်လှိုနေမယ်လဲ မှို့စားကြီးဝက်ဝံရှုံး ကိုသွားကြ- - - သွား- - -
ခိုဖုရားကြီး အတွက်လဲ-ကူရှင် ဆက်ခွင့်ပေးပါ - - - မျာ
ခြင်္သေ့ကြီးက စိတ်ဆိုးသွားပုံရသဖြင့်



ကြက်များသည် စိတ်ပျက်ကာထွက်လာ၏။
နောက်တနေ့
ရုံးချိန်းနေ့တွင်
မှန်ပါ
တရားခံခွေးဆိုးမဆိုက်ရောက်မီတွင်
အတန်ကြာသော် ခွေးဆိုးရောက်လာ၍
ဟုတ်ပါ့ ဘုရား- ဟုတ်ပါ့
ကဲ-ငါမပြောဘူးလား


သည်းခံတော်မူပါ ဘုရား။ သတ်ယင်လဲသေရမဲ့- ထားယင်လဲနေရမဲ့ သူပါ။ တလောကအဲ-မြသော့မင်းက-အောင်ဒါယျာချုပ်တဲ့ ကုရှင်မျိုးကို အရှင်ဝမင်းနှင့်ထိုက်တန်လှသည်ဟုယူဆ၍ ဆက်သရန် ယူခဲ့ခြင်းပါ ဖျား။ ကျွန်တော်မျိုး သစ်ပင်ပေါ်တက်ခင်းပေးပါမယ် မြသော့မင်းစည်းစိမ်မျိုး မြည်းစမ်းကြည့်စေလိုတဲ့ စေတနာနဲ့ပါ ဖျား။
ဘာ! ကဲကဲ-ခင်းပြ စမ်းပါ အုံး။ ကြီးကျယ်လိုက်တာ
သို့ဖြင့် ခွေးဆိုးသည် ကုရှင်ခင်းပြလေ၏။
ဟီး-ဘာဆန်းဘဲ။ ဒါကြောင့်မြသော့မင်းက သူ့ကို-သုံးတာနဲ့တူတယ်---
ဝက်ဝံကြီးသည် တက်အိပ်ကြည့်ပြီးလျှင်-
အိပ်စက်ညက်ညောလှနေတာ ပေဘဲကိုး ဟိုဟိုး
အလွန်သဘောကျနေသည်။
ဘယ့်နှယ့်လဲဖျား။ ရှုတော်တော်တွေ့ပါရဲ့လား
စကားသိပ်မပြောနဲ့အုံး--- အိပ်ပျော်သွားပါ့မယ်
အများရှုံးမှီထင်တယ်
မကြာမီ
ခဝေါ
ခေါ
ခေါ
ခဝေါ
ခလော
ခေါ
ဟောဗျ--- အိပ်တောင်ပျော်သွားလို့-ဟောက်တောင်ဟောက်နေပြီ
ခေါ
ခဝေါ
ခေါ
လာ-လာ လစ်ကြရို


ခပ်လှမ်းလှမ်း ရောက်သွားသောအခါ
ဟဲ့ - မြသော်မင်းကလဲ - မစွန့်ဘူး။ ဖို့စား ဝက်ဝံကလဲ - ဘူဘဲ။ အခု ဘယ်သွားမလဲ။
ရွာစား မြေခွေးဆီ သွားမှာပေါ့
အဲဒါမှ ... အားလုံး စားပစ်မှာ
ဟော့ - သူ့ စီးလဲစီးပေါ့။ သူဖောင်းလဲ ဟိုခွေး သူ့ဖို့ စားမှာဘဲ။ ဒီတော့ သွားတိုင် ရမှာဘဲ
ရွာစား မြေခွေးရုံးသို့ရောက်လျှင်
မြေခွေးမင်းရယ် ဟိုခွေးဆိုးဟာ ---------- ---------- ----------
ဟင်း --- ဒီ အကွက် ဝင်လာတာဘဲ။ ငါတို့ ကြက်သွားချောင်းတဲ့ ညတိုင်း - အဲဒီ ခွေးက စပေါင်းတယ်။ ကျုပ်တဲ့ ခွေးတွေက ဝိုင်းဟောင်ပြန်တော့ - မကောင်တသ မိသွားမယ် ရွာစား ရာထိမ်ကျသွားမှာစိုးလို့ အသာ ပြန်ပြန် ပြေးခဲ့ရတယ် ဒီကောင် ကိုဖြောင့်မှဘဲ
ကဲ ခင်များတို့ အမှုတိုင် ဖြီးယင် ပြန်နိုင်ကြပြီ။ နက်ဖြန် လာခဲ့ကြ။ တရားခံ ကို ဆင့်ခေါ် ထားမယ်
နောက်နေ့တွင်
ဟော့ - တပည့်တို့။ တရားလိုတွေက - အချိန်မှီ ရောက်လာကြပြီ။ တရားခံ ခွေးဆိုး တော့ ပေါ်မလာပါလား။ ဒီတော့ ခင်း ကို သွား ဖမ်း ခေါ်ခဲ့ကြစမ်းကွာ


မျှားမကြာမီ မြေခွေးလက်မရှံ့တပ်သားများက ခွေးဆိုးကို ဖမ်းဆီးလာလေသည်။
ရှာစားမြေခွေးထံ ရောက်သောအခါ
ဟဲ့-ဟဲ့- သူ့ခေါင်းပေါ် ဘာကြီး အုပ်ထားတာလဲ
ခသီကြောင်း ပါ။ တွေ့တဲ့ အတိုင်း ဖမ်းခဲ့ ပါသည် ဘုရား
ကိုင်း - ဆိုစမ်း --- မင်းက-ဘာ ခွေးဝါးဝလို -ငါ ဆင့်ခေါ် ခိုင်းတာ အချိန်နဲ့ မလာ ရတာလဲ
ကျွန်တော်မျိုး က - အရှင် မြေခွေးမင်း အတွက် - ခြင်္သေ့ ဘုရင်ကြီးနဲ့ မြို့စားကြီး ဝက်ဝံ တို့ သုံးသော ကူရှင် မျိုးလေး-ဆက်သ လို့ ချုပ်နေတာ- လက်စမသတ်နိုင်လို့ အနည်းငယ် ကြန့်ကြာသွား ရပါ တယ် ဘုရား
ဟိုက်-ဒီတခါလဲ အကျိုးနဲ့ဖြန်မြို့ ထင်ပါရဲ့ကွာ
ဘာလဲ ကူရှင်ဆိုတာ- ပေးစမ်း
မှီအုံး လို့လဲ ခေါ်ကြပါ တယ်
ဤသို့ဆို၍ဆွဲချလိုက်ရာ ကူရှင်ပေါက်၍ ကြက်မွေးများကျလာလေသည်။
ခွေးသူခိုးသည် ခြင်္သေ့မင်းနှင့် ဝက်ဝံကြီးတို့ကို ကြက်မွေးကူရှင်ဖြင့် လက်ဆောင် ထိုးခဲ့သည့် နည်းအတိုင်း ကြံစားသော်လည်း---
အမယ် - ကြက်မွေးတွေပါလား
မှန်ပါ-ဒါမှ-အိစက် ညက်ညောသာ ....
တိတ်စမ်း ---ယခုအမှုတွင် -ကြက်မွေးသက်သေခံများကြောင့် -ကြက်များကို-လိုက်ကိုက်စားနေသည်မှာ ထင်ရှားချေ -- ဝိသာစား သေစေ... လက်မရှံ့ တပ်သားများ က - တာဝန်ယူစေ ----
အမိန့်ကျသည်နှင့်တပြိုင်နက် ရှာစားမြေခွေး၏ လက်မရှံ့တပ်သားများက ခွေးဆိုးကို အဆုံးစီရင်လိုက်လေတော့သည်။





# သ ဇ ပ

ရှေးဦးလူတို့သည် အမဲလိုက်ရာမှရရှိသော သားကောင်ကို မှတ်သားရာ၌ ရုပ်ပုံများရေးဆွဲ၍ မှတ်တမ်းတင်ကြသည်။



ယင်းတို့ရေးဆွဲသော ရုပ်ပုံများသည် မှတ်သားရန် အတွက်သာမက အတွေးအခေါ်အားဖြင့် ရင့်သန်ကြောင်းဖော်ပြသည်။ ရှေးအီဂျစ်လူမျိုးတို့၏ အရုပ်စာပေများမှာ ယနေ့တိုင် ထင်ရှားသည်။



ရှေးပါးရှင်း လူမျိုးတို့၏ကျူနီဖောင်းခေါ်မြားဦးစာ အရေးအသားမှာ တမူထူးခြား၍ ဆန်းသစ်သည်။

ဥရောပတိုက်သို့ စာပေအရေးအသားများ ယူဆောင်လာသော ဖိနီရှန်း လူမျိုးတို့၏ စာပေများမှာ မှတ်သားစရာ ကောင်းသည်။




Αα Ββ Γγ Δδ Εε Ζζ Ηη Θθ
Ιι Κκ Λλ Μμ Νν Ξξ Οο Ππ
Ρρ Σσς Ττ Υυ Φφ Χχ Ψψ Ωω

ဂရိလူမျိုးတို့သည် ဖိနီရှန်းလူမျိုးတို့၏ စာပေအရေးအသားများကိုအခြေခံ၍ ရေးသားကြသည်။ ယနေ့ အင်္ဂလိပ်လူမျိုးတို့၏ စာပေအက္ခရာသည် ထိုလူမျိုးတို့၏ အက္ခရာမှဆင်းသက်လာသည်။

# အရေးအသား





ရောမရှိ ပါသီနွန် ဘုရားရှိခိုးကျောင်းမှ တွေ့ရှိရသော ရောမစာပေမှာ ဂရိစာပေမှ ဆင်းသက်လာသည်။







စာပေများကိုရေးသားရာ၌ များစွာသော လူမျိုးတို့သည် လက်ဝဲဖက်မှ လက်ျာဖက်သို့ ရေးသားလေ့ရှိသည်။ တရုပ်တို့၏စာပေ ရေးသားမှုမှာ အထက်မှ အောက်သို့ အစဉ်လိုက် ရေးသားလေ့ရှိသည်။ အာရေဗျ ဘာသာမှာမူ လက်ျာဖက်မှ လက်ဝဲဖက်သို့ အစဉ်လိုက် ရေးသားခဲ့လေသည်။




(က) အီဂျစ်လူမျိုးတို့၏ ဂဏန်းများ


(ခ) ဂရိလူမျိုးတို့၏ ဂဏန်းများ

(ဂ) ရောမလူမျိုးတို့၏ ဂဏန်းများ

(ဃ) ယနေ့တိုင် အသုံးပြုလျက် ရှိသော အာရေဗျလူမျိုးတို့၏ ဂဏန်းများ



မြန်မာတို့၏ စာပေ အရေးအသားသည် ဗြာဟ္မီ၊ ဂုတ္တလိပိ၊ ပြ ဿ၊ ကဒံပနှင့် ခင်ပမျူ၊ မောင်းကန်ပျူတို့၏ စာပေ အရေး အသားမှ ဆင်းသက်လာကြောင်း ကျောက်စာ၊ မှေစာ၊ ရွှေပေချပ်နှင့် အရိုးအိုးများတွင်တွေ့ရှိရသည်။


ဇာတ်လမ်း
မောင်သန့်ရှင်းအောင်
သရုပ်ဖော်
တခါက ရွာတရွာတွင် ဦးချစ်စကာနှင့် ဒေါ်သဲနုတို့ ဇနီးမောင်နှံ ရှိကြလေသည်။
ဦးချစ်စကာက အမည်နှင့်လိုက်အောင် ချစ်စကာကောင်းသည်။ သူတပါးကို အမြန်ကူညီတတ်သည်။ အသက်ကြီးသူများအား ကူညီတတ်သလို –
ပေး- ပေး- ဦးလေး မနိုင်ဝန် ကျနော် သယ်ပေးပါ့မယ်
ကလေးများ အကြိုက်လည်း လုပ်ပေးတတ်သည်။
ကျနော့ကို စွန်လုပ်ပေးပါနော်-
ကျနော့ကို လေးနဲ့မြှား လုပ်ပေးပါ
ထို့ကြောင့် ဦးချစ်စကာမှာ ကလေးများ၏ ချစ်တော်ကြီး ဖြစ်နေသည်။
ရပ်ရေးရွာရေး တွင်လည်း အမြဲတမ်း ကူညီလုပ်ကိုင်ပေးတတ်သဖြင့် အလှူအတန်းရှိလျှင် ဦးချစ်စကာကို အမြဲတမ်း ဖိတ်လေ့ရှိသည်။
ဟုတ်ကဲ့ ဦးလေး- ဖိတ်ချင်ပါ
မောင်ချစ်စကာ အလှူကို လာဖြစ်အောင် လာနော်







# သင်၏ဦးနှောက် မည်ကဲ့သို့ အလုပ်လုပ်သနည်း

ကျွန်ုပ်တို့၏ဦးနှောက်သည် အာရုံငါးပါးမှ ပေးပို့လိုက်သော အချက်များကို လက်ခံပြီး ပြန်လည် ဘာသာပြန်ပေးသော ဌာနကြီးတခုနှင့် တူပေသည်။ ဦးနှောက်သည် သန်းပေါင်းများစွာသောဆဲလ်တို့ဖြင့် ဖွဲ့စည်းထားသည်။ အချို့သော ဆဲလ်တို့မှာ အခြားခန္ဓာ အစိတ်အပိုင်းတို့မှ ပေးပို့သော ခံစားချက်များကို ခံယူရာဌာနဖြစ်ပြီး အချို့မှာ လှုပ်ရှားရာကြွက်သားများသို့ အမိန့် ချမှတ်ပေးရ၏။ နောက်ဆုံး၌ ရှုပ်ထွေးသောအမှုများ ဆက်သွယ်ရာ ဌာနဖြစ်ပြီး သေးငယ်သောလျှပ်စစ်ကြိုးများနှင့်သဏ္ဌာန်တူသည်။

ကလေးတဦး မွေးဖွားလာလျှင် ဦးနှောက်ဆဲလ်တို့မှာ အပွင့်ကလေးများ သဖွယ် ရှိသော်လည်း ယင်းတို့တွင် မည်သည့် အရိပ်မျှ ထင်ဟပ်၍ မနေပေ။ မွေးဖွားပြီးများမကြာမီ အာရုံတို့မှာ "မြင်ခြင်း"၊ "ကြားခြင်း"၊ "ခံစားခြင်း"တို့ ဖြစ်ပေါ် လာ၏။ ယင်းသို့ ထင်ဟပ်သည့်အရိပ်ကို ဦးနှောက်သို့ ပို့ပြီး "အတွေ့အကြုံ"အဖြစ်ရရှိလာသည်။

နှစ်များကုန်လွန်သော အခါ ဦးနှောက်သည် တခုသော အတွေ့အကြုံနှင့် အခြားအတွေ့အကြုံကို ပေါင်းစပ်ပြီး "အတွေးအခေါ်" သို့မဟုတ် "စဉ်းစားခြင်း"ကို ပြု လုပ်သည်။ တစုံတဦးက မေးခွန်းမေးသည့်အခါ အရာတခုခုကို တွေ့ရှိသည့်အခါ၊ အသံ တခုခုကို ကြားသည့်အခါ၊ အနံ့တခုခုကို ရသည့်အခါ ထိုခံစားမှုများကို ဦးနှောက်သို့ပို့သည့် "ဆဲလ်" တခုနှင့်တခုဆက်သွယ်ခြင်းအားဖြင့် "မှတ်မိခြင်း" ကို ဖြစ်စေသည်။

အကယ်၍ တစုံတဦးက သင့်ကိုတွယ်အပ်ဖြင့် ထိုးလျှင် သင်သည် "အား"ဟု အော်မိပေမည်။ "ထိုးသည့်အချိန်" နှင့်"အား"တို့၏ အကြားတွင်"ထိမှု"က ခံစားမှုကို ဦးနှောက်သို့ ပို့သည်။ ဦးနှောက်က ခံစားမှုကို "နာကျင်မှု" ဖြစ်သည်ဟု ဆုံးဖြတ်ပြီး လေရှူသောကြွက်သားများနှင့် စကားပြောသော ခန္ဓာအစိတ်အပိုင်းသို့ အမိန့် ပေးလိုက်သော အခါ သင့်ပါးစပ်မှ "အား" ဆိုသောအသံ ထွက်ပေါ် လာ၏။ ခန္ဓာမှ ဦးနှောက်သို့ အချက်ပို့ပြီး အား ဟူသော အသံထွက်လာစေသည့် ခံစားမှု၏ လျှောက်နှုန်းမှာ တစက္ကန့်လျှင် ၁၂၅ ကိုက်နှုန်း ဖြစ်သည်။ "မြင်ခြင်း" ကို သိရှိရန် ၁/၅ စက္ကန့် ကြာသည်။ "ကြားခြင်း"ကို သိရှိရန်၁/၇စက္ကန့် ကြာသည်။ "ထိခြင်း" ကို သိရှိရန် ၁/၇ စက္ကန့်ထက် ပို၍ နည်းသည်။ ရှုပ်ထွေးသော"စဉ်းစားခြင်း"၏ လျှောက်နှုန်း အချိန်မှာပို၍ကြာလေသည်။

**တက္ကသိုလ် မြို့မြင့်**

# ချစ်သော နိုဝဘ

မလှိုင်းပြာ



ကားသည် ကျနော်တို့အနားရောက်သောအခါ စက်ရှိန်သတ်၍ ရပ်လိုက်သည်။ကားပေါ်တွင် ခါတိုင်း နေ့လောက်လူမများ ·သော်လည်း နေရာလွတ်က တခုတည်းသာရှိသည်။ ထိုခုံတွင် မမက ဝင်ထိုင်လိုက်သည်။

"ဟဲ့ ကလေး-- မင်းက ဟိုရွှေ့နားသွားထိုင်ပါလား"

မိန်းမကြီး. ညွှန်ပြရာ သို့ကြည့်လိုက်ရာ ကျနော် မှန်းသော ကောင်မလေး ထိုင်နေသည်ကို တွေ့ရ၏။ သူက အမြဲလိုလို အိပ်ငိုက်တတ်သည်။တခါတခါ ဘာတွေမှန်းမသိ အော်တတ်သေးသည်။ ကျနော် သူ့အနား မထိုင် ချင် သော် လည်းခရီး ရှည်၍သာ ထိုင် လိုက် ရသည်။

ကျနော်သည် လမ်းဘေးမှ ရှုခင်းများကိုကြည့်ရင်း သူ့အကြောင်းကို တွေးနေမိသည်။ ထိုစဉ် သူသည် အိပ်ငိုက်လွန်ပြီး ကျနော့် ရင်ခွင်ထဲသို့ ယိုင်ကျလာသည်။

"ဟာ-ဘာမှန်းလဲ မသိဘူး"

ကျနော်ကဒေါသဖြင့် အော်လိုက်၏။ ထိုအခါ သူသည် လက်နှစ်ဖက်နှင့် မျက် လုံး ကိုပွတ်ကာ ကျနော့်ကို ကြည့်နေသည်။ သည့်နောက် ကျနော့်နားမှ ခွာကာ ကားပြတင်းပေါက်ကို မှီရင်း ပြန်၍မှိန်းနေပြန်သည်။

"အိပ်ပါစေ ကလေးရယ်၊ သူ့ခမျာ သနားပါတယ်"

စောစောက မိန်းမကြီးက သူ့ဖက်မှ ရှေ့နေလိုက်ပြန်သည်။

"ဒီကောင်မလေးက သိပ်သနားစရာ ကောင်းပါတယ်ကွယ်၊ အရွယ်နဲ့မမျှအောင် လုပ်ရရှာတယ်၊ သူ့ခမျာ မနက် သုံးနာရီ ခွဲလောက်ကစပြီး ချမ်းချမ်းစီးစီးနဲ့ ဈေးဝယ် လိုက်ရတာ"

"သူ့မှာ မိဘတွေ မရှိဘူးလား၊ သည်အရွယ်က ကျောင်းနေရမဲ့အရွယ်ဘဲ"

မမက မေးလိုက်သည်။

"ဖအေ မရှိရှာဘူးကွဲ့၊မအေက ကလေးငယ်နဲ့၊ သူ့အထက်ကောင်မလေးက ခြောက်တန်းလေ၊သူလဲအိမ်ရှိတာဝန် အကုန်လုပ်ရရှာတယ်၊ ပြီးမှ ကျောင်းကို ပြေးရတယ်"

"သူ့ကိုရော ကျောင်းမထားဘူးလား"

"ထားပါတယ်၊ ဒီနှစ် လေးတန်းလေ၊ မအေကလဲ တနေ့လုပ်မှ တနေ့စားရတဲ့ဘဝ၊ သည်အထဲ ကလေးငယ်နှစ်ယောက်နဲ့ဆိုတော့ သည်လို ခိုင်းရတော့တာဘဲ"

"အို.... သူကျောင်းနေတယ်လား"

မမနှင့် အဒေါ်ကြီးတို့ ပြောစကားကို ကျနော် တဖြည်းဖြည်း စိတ်ဝင် စားလာသည်။ ထို့ကြောင့်လည်း မ သိ မ သာ နားစိုက်ထောင်မိသည်။ မမက စကားဆက်ပြန်သည်။

"ဒီလိုဆို သိပ်ပင်ပန်းတာဘဲပေါ့၊ ကျောင်းချိန်ရော မှီရဲ့လား"

"ဒီကား ဆိုက်ယင် သူ့အမေ ဈေးတောင်း ချပေးပြီး ကျောင်းကိုအမြန်ပြေးရတာဘဲ၊ ဆရာတွေကလဲ သူတို့ဘဝသိကြတော့ ခွင့်လွှတ်ကြရတာပေါ့"

"လေးတန်းဆို အရေးကြီးတာဘဲ၊ အင်း သူစာကြည့်ချိန်မှ ရှိပါ့မလား"

မမက ဆရာမ တယောက် ပီပီ တပည့်ချင်းစာနာမိ၍ မေးလိုက်သည်။

"ဒီလိုဘဲ ကားပေါ်ကျက်နေတာဘဲ၊ ဒါကြောင့် တခါတလေ စာတွေ အော်ဆိုနေတာပေါ့"

ဒီ ရှင်းတမ်း ကြောင့် သူ့ဘဝကို နားလည် လာရသည်။ ကျနော်ကမူ သုံးနာရီမဆိုနှင့် ခြောက်နာရီထရန်ပင် ပျင်းနေမိသည်။ သူက မိဘကို ငယ်ငယ်ရွယ်ရွယ်နှင့် ကူညီရှာသာ မက တာဝန်မပျက် စာကြိုးစားနိုင်သည်။ သူနှင့်စာလျှင် အလွန်ညံ့သေးသော ကျနော့် ဘဝကို နားလည်လာမိသည်။

"အင်း.... စကား ပြော လို့ တော့ ကောင်းပါရဲ့၊ ဈေးတောင်းတွေ ချ လိုက်အုံးမှ၊ နီတာကလဲ အိပ်တုံး"

အဒေါ်ကြီးက ပြောရင်း တောင်းများကို ချလိုက်သည်။

"အို–နာမယ်လေးက နီတာတဲ့လား၊ ကောင်မလေးက သနား ကမားလေးဘဲ"

မမက ကောင်မလေးကို ကြည့်ရင်း ပြောနေသည်။ ကျနော်က သူ့ကိုကြင်နာစွာ ကြည့်လိုက်သည်။ သူအိပ်နေဆဲဖြစ်၏။ ထို့ကြောင့် သူ့ပခုံးကို ခပ်ဖွဖွလှုပ်ရင်း....

"ဟော့....ဟော့၊ နီ.... နီတာ၊ ဟော့ နီတာဆိုတဲ့ ကောင်မလေး"

သူလန့်နိုးလာပြီး ကျနော့်ကို ခပ်ငေးငေး ကြည့်နေသည်။ လက်ဖိ၍ မှောက်အိပ် ထားသဖြင့် သူ့မျက်နှာသည် နီနေ၏။ ထို့ပြင် နီကြောင်ကြောင် သူ့ဆံနွယ်လေးများက နဖူးနှင့် ပါးပြင်ပေါ် ဝဲကျနေသည်။ သူ့အမူအရာသည်ရင်း၊ သူ့ဘဝသည်ရင်း သူ့အမည်လေးနှယ် ချစ်စရာ ကောင်းလှပေသည်။

"နင်တို့ဆီ ရောက်ပြီလေ၊ ဆင်းရတော့မှာ"

"ဟင် ဟုတ်လား၊ အင်း.... အင်း"

ကျနော့်စကားကို ခပ်လေးလေးဖြေရင်း ကားပေါ်မှ ချထားသော ဈေးခြင်း များကို သယ်ကာ သူတို့ ရွာဖက်ဆီသို့ ခပ်သုတ်သုတ် ထွက်သွားလေသည်။

အိပ်ငိုက်ရခြင်း အကြောင်းရင်းကို သိလာရ ပြန် တော့လည်း ယခင်က သူ့အပေါ် မုန်းခဲ့မိသော ကျနော်၏ စိတ်များ တဖြည်းဖြည်း ပျောက်ကွယ်ကာ သူ့ဘဝကို ဂုဏ်ယူတတ် ချစ်တတ် လာခဲ့မိပေသည်။

# ကြက်ခြေနီ

လူတန်းစားရေး မခွဲပါ
တို့ရဲ့စိတ်ဓာတ်မှာ။
ဂရုဏာ မေတ္တာပွား
တို့ရဲ့နှလုံးသား။
အနားမယူ ဝိုင်းလို့ကူ
တို့ရဲ့လုပ်အားလှူ။
ရန်သူကိုပင် ခင်မင်မပျက်
တို့ရဲ့ခံယူချက်။
ကျေးလက်အရောက် လျှောက်ကြမည်
တို့ရဲ့ပန်းတိုင်ဆီ။
အနီမှာ ကြက်ခြေထား
တို့ရဲ့ဝတ္တရား။ ။

မောင်စန်းလွင်



B. 517



# ကြံ့ပိုး





ကြံ့ပိုးသည် ပိုးတောင်မာနွယ်ဝင် ပိုးတမျိုးဖြစ်ပြီး အုန်းပင်များကို အများဆုံးဖျက်ဆီးတတ်သည်။ အကြီးအဝတွင် ကြံ့ပိုး၊ ဆင်ပိုး၊ အုန်းပိုးဟု ခေါ်၍ အငယ်ဘဝတွင် ပိုးတီကောင်၊ နောက်ချေးပိုး၊ ဖိုးလမင်းဟု ဒေသအလိုက် ခေါ်သည်။ ရုံဖန်ရုံခါ ထန်း၊ ဆီအုန်းစသည့် အပင်များ၌လည်း ကျရောက်တတ် သည်။ ညအချိန်တွင် ပျံသန်းပြီး အပင်ထိပ်ဖျား ပိုင်း ကို ဖောက် ထွင်း ကြ သည်။ အပင်တပင်၌ တကြိမ်လျှင်အကောင်များစွာ ကျရောက်လေ့ရှိသည်။ ယင်းတို့ ဖောက်ထွင်းသည့် အပေါက်များမှ ရေဝင်သဖြင့် အပင်ပုပ်ပြီး သေဆုံးရသည်။



ကြံ့ပိုးသည် နောက်ချေးပုံနှင့် ပုပ်ခနေသော ဟင်းသီးဟင်းရွက်ပုံများအတွင်း ဥများ အုကာ ၁၀ ရက်မှ ၁၇ ရက်အတွင်း အကောင်ငယ်များ ပေါက်ဖွားလာကြသည်။ ဥမှ ပေါက်လာသော အကောင်ငယ် များသည် သုံးလမှ လေးလခွဲအထိ နောက်ချေး၊ ကောက်ရိုးနှင့် အုန်းပင်၊ ထန်းပင် ပင်စည်များကို စားသောက်ကြီးပြင်းကြသည်။ ထို့နောက် ပိုးတုံးလုံး ဘဝသို့ ကူးပြောင်း၍ ၁၆ ရက်မှ ၂၅ ရက်အကြာတွင် အကောင်ကြီးအဆင့်သို့ ရောက်ရှိသည်။ ပူသောရာသီတွင် အပေါက်မြန်၍ အေးသောရာသီတွင် အပေါက်နှေးသည်။

အမိက ပေါက်ဖွားရာ နေရာများမှာ နောက်ချေးပုံ၊ အမှိုက်ပုံ၊ အုန်းပင်၊ ထန်းပင်တို့၏ ပင်စည်များ အတွင်းနှင့် ပုပ်ဆွေးနေသော ကောက်ရိုးပုံများ ဖြစ်ကြသည်။ ကြံ့ပိုးသည် ခြောက်လမျှ အသက်ရှင်နေနိုင်သဖြင့် ထိုသက်တမ်းအတွင်း အပင်များစွာကို ဖျက်ဆီးပစ်နိုင်သည်။ ကြံ့ပိုးအမသည် သက်တမ်းအတွင်း ဥပေါင်းရာချီ၍ အုသည်။

**မောင်ဆုပန်**

၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး (ပုံနှိပ်)
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၂၀။

# ရွှေသွေး ဂျာနယ်


၁၃၃၇ ခု။ ကဆုန်လဆန်း ၈ ရက် (၁၇-၅-၇၅)


## ဆီကုန်သည် မောင်လိပ္ပြာ

ပန်းချီ - ဦးဘကြည်။
ဇာတ်လမ်း - မောင်မင်းဝွေး✳



တခါတုန်းက ညောင်ပင်သာရွာအနီး တောအုပ်ထဲတွင် ခိုအောင်းနေသော ဗိုလ်သံမဏိသည် ရိက္ခာပြတ်တိုင်း ရွာထဲသို့ ဝင်၍ ဓားပြတိုက်လေ့ရှိ၏။





စနေနေ့တိုင်း ထုတ်ဝေသည်။




မိန်းမပျိုများကိုလည်း ဆွဲပြေးလေ့ရှိ၏။
ဟား ဟား
ဟား ဟား
အဘရေ - - ကယ်ပါအုံးတော့
မခံမရပ်နိုင်ဖြစ်၍ ပြန်ပြောမိသောသူ မှန်သမျှကိုလည်း ရက်စက်စွာ
ခင်ဗျားတို့ - လူစိတ်ကင်းမဲ့ လူချေလား ဗျ
ခွေးကောင် - - လူပါးဝလို့ - -
ဓားနှင့် ခုတ်သတ်သွားလေသည်ကို
ဝေးဝေးက ရှောင်ကြကွာ.... ဒီလူတွေက - ရက်စက်တဲ့နေရာမှာ ကမ်းကုန်တဲ့လူဘဲ
သားရေ.... သားရဲ့... အမေ့ရင်ကွဲပါပြီကွဲ
ဟုတ်ပါ့ဗျာ - ကျုပ်တို့ရွာတော့ ပျက်ပါပြီ
သည်းမခံနိုင်တော့သည့် အဆုံး၌ ရွာသုံးဆယ် ပိုင်သော ရွာစားကြီးထံ လျှောက်ထားကြ၏။
.....ဖိုးလှိုင်သံမဏိကို အရေးယူတော်မူပါ။ ကယ်ပါအုံး - ရွာစားမင်း ရယ်.....
အင်း.... ငါ့ယ်လဲ အကြံနှင့် ကင်းမဲ့တဲ့လူပါလား.... ကဲ - ကဲ - စိတ်ချပြီး နေကြ။ တတ်နိုင်သမျှ ဆောင်ရွက် ပေးရတာပေါ့လေ....
နောက်ရက်များ အနည်းငယ် အတွင်း ရွာသုံးဆယ်ထိပ်ရှိ သစ်ပင်များ၌ ကြော်ငြာစာ ကပ်ထားသည်ကို တွေ့ရလေသည်။
ဓါးပြဖိုးလှိုင်-၄ သံမဏိအား ဖမ်းပေးနိုင်သူကို ဆုတော်ငွေ - ၁၀၀၀ိ/- ရွာစားကြီး
ထိုကြော်ငြာကြောင့် ညောင်ပင်သာရွာရှိ ကာလသားများပင် ပျက်ရယ်ပြုကြသည်။
ဖိုးရင်ကျွဲ မလနဲ့ဆိုယင် ဆုတော်ငွေ - ၁၀၀၀ိ/- နဲ့ တယ်နိုးတာဘဲ
အမယ်လေး.... ချမ်းသာပေးကြပါ ပျက်ရွာသစ်စရာ မရှိဘဲနေပါ့မယ်


တနေ့သ၌ ညောင်ပင်သာရွာသို့ ဆီကုန်သည်
မောင်လိမ္မာ ဆိုသူ ရောက်လာ၏။
ဆီဝယ်ရင်း ရွာသူ ရွာသား များက ဆီသည်
လေးအား သတိ ပေးကြသည်။
နောက်တနေ့တွင် မောင်းခတ်သံ ကြားရ၏။
ထိုည၌ ရွာထိပ်ရှိ ညောင်ပင်ကြီး အနားတွင်
လှုပ်လှုပ်ရွရွ အရိပ်များ တွေ့ရ၏။ ပေါက်တူး
ပေါက် သံများလည်း ကြားရ၏။
တချက်တချက် ခွေးများက ထိုရွာထိပ်ဖက်သို့
ထိုး၍ဟောင်တိုင်း ကြောက်ရွံ့ကြ၏။



ထိုအချိန်တွင် တောတွင်း တနေရာ၌ကား....
ဆရာကြီး ကို ဖမ်း ပေးသူ ကို - ဆုငွေ ၁၀၀၀/- .... တဲ့
ဟာ ဟား
နေဝင် မီးငြိမ်း အမိန့်ထုတ် ထားသတဲ့
တောက်! လူဝါးဝလို့။ ဒီ ရွာစား ဆိုတဲ့ ငနွားကြီးက - ဘာကောင်မို့လဲ --- ထွီ ---
ဒီရွာကို - ဒီည သွားတိုက် မယ်။ ပြီးယင် - တရွာလုံး မီးရှို့ပစ် မယ်။ အရက် ဝ-အောင်သောက် ထားကြ...
သို့သော် အရက်မူးပြီး အိပ်ပျော်သွားကြသဖြင့် သန်းခေါင်ကျော်မှ နိုးကြ၏။
ဆရာကြီး - နိုးပြီလား။ အားလုံး အရံသင့် ရှိပါပြီ-----
လရောင် မှုန်မှုန် တော့ ရှိ တယ်
အေး-ဟုတ် သားဘဲ။ နေဝင်မီး ငြိမ်းဆိုလို့ - ည ထွက်လိုက်ရမှ ကျေနပ်မှာ -- ကွ ဟဲ ဟဲ
ထိုက်တယ် ဆရာကြီး
ရွာထိပ်နားမှ ညောင်ပင်အောက် ရောက်လျှင် နတ်စင်၌ မီးပူဇော်ထားပြီး လူတယောက် လှဲနေသည်ကို တွေ့သဖြင့်
ဟေ့ - ဘယ်သူလဲကွ- ဒါ။ ဘာလို့ မီးထွန်း ထား ရတာလဲ
ဪ.....
အတော်ဘဲ - မင်းခေါင်း ကို နတ်တင်မလို့ကွ
ထိုစကားကိုကြားလျှင် ဒေါသကြီးစွာဖြင့်
ဓားဆွဲ၍ ပြေးဝင်သွားလေသည်။
ခွေးမသား -- ရာရာ စစ -.- နင့်ခေါင်းကို ဘီလူး ကျွေးပစ် မယ်- လာခဲ့


ထိုသူက ရုတ်တရက် ထခုန်လိုက်ပြီး သူ့ဓား နှင့်ခံထားကာ ရှောင်၍ နောက်သို့ ဆုတ်လိုက် ပြန်ခုတ်လိုက် လုပ်နေ၏။
မင်းဓါးက ခုတ်ဓါးမှမဟုတ်ဘဲ ဆုတ်ဓါးကြီး ပါလားကွ
ထိုသူသည် ရှောင်လိုက် ဓားဖြင့်ဝင့်လိုက်နှင့် ရွာဘက်သို့ ဆုတ်လာရင်း ညောင်ပင်ကြီး အနီးရှိ တန်တားသို့ ရောက်လျှင်
ကျား
ဗိုလ်သံမဏိကလည်း အတင်း ခုန်၍ လိုက်၏။
တပည့်များကလည်း ခုန်၍လိုက်ကြ၏။
အား
အင့်
ထိုနောက် အသံမျိုးစုံ ထွက်လာ သော်လည်း နေဝင်မီးငြိမ်းအမိန့်ကြောင့် မည်သူမျှ အိမ်ပြင် သို့ ထွက်မကြည့်ရဲကြပေ။
နံနက် မိုးလင်းမှ လူစုပြီး သွားကြည့် ကြရာ တန်တားထိပ်တွင် ကျင်းနက်ကြီး ဖြစ်နေပြီး လူဆိုးများ ကျင်းထဲ ကျနေသည်ကို မြင်လျှင် ပိုင်းဝန်း ပစ်ခတ်ကြ၏။
ရွာသားများ လက်ချက်ဖြင့် သေဆုံး သွားမှ ဘာလုပ်ရမည်ကို မသိဘဲရှိနေစဉ် ရွာစားကြီး ရောက်လာပြီး....
ဟဲ့ ဟဲ့ - တော်လောက်ပါပြီ... ကဲကဲ - ညောင်ပင်အောက်မှာ လူတယောက် ရှိလေရဲ့။ သွားခေါ်ချေ
ဟာ


ထိုသူရောက်လာလျှင် အားလုံး ထူးဆန်းစွာ ဝိုင်းကြည့်နေခိုက်
---- တနေ့က ဒီလူရောက်လာပြီး - င သံမကော်ကို ဖမ်းနိုင်တယ်လို့ လာပြောတယ်။ တောင်းတယ်။ အခုမြင်တဲ့ တွင်းနက်ကြီးကို တူးစေတယ်။ အပေါ်ယံက - ဖုံးဖိထားလိုက်တယ်။ င - သံမကော်နဲ့ တပည့်တွေမိတော့မှ အကြောင်းကြားခိုင်းတာဘဲ ------
....ဒါကြောင့် ကျေးရွာဆယ် - ချီးကျူးတဲ့အနေနဲ့ ကြေညာထားတဲ့ အတိုင်း ဆုတော်ငွေ - ၁၀၀၀ိ/- ဆုချီးမြှင့်လိုက်သည်။
ဖြောင်း ဖြောင်း
ဖြောင်း ဖြောင်း
ဖြောင်း ဖြောင်း
ဖြောင်း ဖြောင်း
ဒီ သူ့ရဲ့ခေါင်းကြီးကို ကြည်ညိုလွန်းလို့ - ပင်ကိုယ်ရုပ်ရည် ဖူးခွင့်ပေးပါ --- ရွာစားကြီး
အင်း - ဟုတ်ပေသားကာဘဲ။ မျက်နှာဖုံးဖွင့်ပြသင့်လေရဲ့
မျက်နှာဖုံးကို ခွာချ၍ ပြလိုက်သော်
ဟင် - ကိုကြီးလိမ္မာ
ဟောဗျ ကိုလိမ္မာပါလား
ဟေ - ဆီသည်လေး အောင်လိမ္မာဘဲ
ဒီလိုဆိုယင် - ရွာမှာ တရက်တလေ နားပါအုံး ချီးကျူးပြုစုကြရပါစေလား
ရွာတွင် နားနေခိုက်
ဒါက - ဦးလေးမြရဲ့ ငါးဘလောက်ပေါင်း
အခါယ်လေး - များ လှချေလား။ ဘယ်စားနိုင်ပါ့မလဲ - ဟဲဟဲ - ဟဲဟဲ
နောက်နေ့၌
...ရတဲ့ ဆုတော်ငွေ - ၁၀၀၀ိ/- ကို - ခင်များတို့ရွာ ဖွံ့ဖြိုးရေး အတွက် လှူပါတယ်။
ဟာ - မဟုတ်တာဘဲ။ ကျုပ်တို့ကတောင် ထပ်ပေးသင့်ပါတယ်
ကျနော်က - သတင်းဆိုးတွေကိုကြားရပြီး စိတ်မကောင်းလို့ - စမ်းကြည့်တာဘဲ။ ကံကောင်းထောက်မလို့သာ အောင်တာပါ။ ဒါကြောင့် ခင်များတို့နဲ့ ပိုင်ထိုက်တန်ပါတယ်၊ လက်ခံပါ.
ထိုသို့ဆိုကာ ဆီရောင်းရန် ခရီးဆက်လေ၏။



# သိမှတ်ဖွယ်ရာ



## ရေသူမ တကယ်ရှိသလား

ရှေးက သင်္ဘောသားများသည် သားငယ်များကို နို့တိုက်နေကြသော ပစ္စိဖိတ်သမုဒ္ဒရာအတွင်းရှိ ရေဝက်နှင့် အတ္တလန္တိတ် သမုဒ္ဒရာအတွင်းရှိ "ပင်လယ်နွား" ခေါ် ပင်လယ်နို့တိုက်သတ္တဝါများကို တွေ့မြင်ခဲ့ကြ၏။ ထိုမှအစပြု၍ ရေသူမဒဏ္ဍာရီ ပေါ်ပေါက်လာခဲ့သည်။ ကမ္ဘာ့အရှေ့ဖျား နိုင်ငံများရှိ အရက်ဆိုင်များတွင် မျောက်၏ကိုယ်နှင့် ငါးအမြီးကို ဆက်ချုပ်ပြီး ရေသူမဟု လိမ်လည်ပြသခဲ့ကြဘူးလေသည်။

## ခွေးသွားများ ဘာကြောင့် အမြဲဖြူနေသလဲ



ခွေး၏ ပါးစောင်တွင် သွားနှင့်တူသည့် ရာဇာကဲ့သို့သော အရာဝတ္ထုတခုရှိ၏။ ယင်းသည် ခွေးပါးစပ် ဖွင့်တိုင်းပိတ်တိုင်း သွားများကို ပွတ်တိုက်ပေးသည်။ ထို့ကြောင့် ခွေး၏သွားများ အမြဲတမ်း ဖြူစင်နေသည်။

## အငယ်ဆုံးခွေးမျိုး



မက္ကဆီကိုနိုင်ငံမှ ချီဝိုးဝါးခေါ် ခွေးတမျိုးမှာ ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး ခွေးမျိုးဖြစ်၏။ ယင်း၏ အလေးချိန်မှာ ၁၆ အောင်စ(တပေါင်)ခန့်သာ ရှိလေသည်။

## လက်သည်းရှည် ဘာကြောင့်ထားသလဲ




ရှေးက အထက်တန်းလွှာ တရုပ်အမျိုးသားများသည် လက်သည်းရှည် ထားကြသည်။ ရည်ရွယ်ချက်မှာ သူတို့သည် လက်လုပ် လက်စားလူတန်းစားမျိုး မဟုတ်ကြောင်းကို သိစေရန် ဖြစ်လေသည်။

ရေးသူ– ဖိုးသိကြား

## ဒေါင်းမြီးကို မြင်နိုင်သလား




ဒေါင်းများ ကနေစဥ် မြင်တွေ့ရသည့် ဒေါင်းမြီးဟု ခေါ်ကြသောအရာမှာ စင်စစ် ဒေါင်းမြီးမဟုတ်၊ ကျောမှ အမွေးအတောင်များသာ ဖြစ်သည်။ ဒေါင်းမြီး အစစ်မှာ သာမန် အမွေးစုကလေးသာဖြစ်၍ မြင်တွေ့ရန် ခဲယဥ်းသည်။




## ခဲတံမှာ ခဲပါသလား

ခဲတံ၌ အသုံးပြုထားသော ခဲဆံသည် ခဲမဟုတ်ချေ။ ခဲနက်အမည်ရှိသော ကာဗွန်တမျိုးသာ ဖြစ်လေသည်။

## ငှက်မြန်တွေ





သိမ်းငှက်သည် တနာရီလျှင် မိုင် ၂၇၀ နှုန်းဖြင့် ပျံသန်းနိုင်၍ ပျံလွှားငှက်တမျိုးသည် တနာရီလျှင် ၂၁၉ မိုင်နှုန်းဖြင့် ပျံသန်းနိုင်ကြောင်း တွေ့ရှိရသည်။




## တင့်ကားဟု ဘာကြောင့် ခေါ်သလဲ

"တင့်" ဟူသည်မှာ ရေတိုင်ကီဟု အဓိပ္ပာယ်ရသည်။ ပထမကမ္ဘာစစ်အတွင်းက ဗြိတိသျှတို့သည် သံချပ်ကာ ကားတမျိုးကို ရန်သူများမသိစေရန် တင့် ဟူသောစကားဝှက်ဖြင့် ခေါ်ဝေါ်ခဲ့ကြရာမှ ယခုတိုင် အမည် တွင်လျက်ရှိသည်။



အမယ်လေး နာလိုက်တာ ကျွတ်-ကျွတ်
ဟာ-ဦးမျောက်ညို ပါလား
တနေ့တွင် ဦးရွှေယုန်သည် အစာရှာ ထွက်လာခဲ့ရာ
မျောက်ဖိုဖို တယ်လဲ ဆော့တာကိုး
သစ်သီးတက်ခူးလို့ လိမ့်ကျတာပါကွာ၊ ငါ့ကိုရေနဲနဲ ရှာဖြီး တိုက်စမ်းပါ၊
ကဲ-ခဏစောင့် နေအုံး၊ ရေသွား ရှာပေးမယ်-
ဟာ-ဟိုဘက်ကျွန်းမှာသစ်သီးတွေ အများကြီးပါလား-
ရေသောက်ဖြီးယင်ဟိုဘက် ကျွန်းကသစ်သီးတွေကို ခူးကျွေးစမ်းပါ-
စားချင်ယင် သွားခူးမယ်-
လာစမ်းပါ မျောက်ဖိုဖို တယ်လဲဆော့ ပါလား-
ကျောက်တုံးတွေက အမြင့်တညီထဲဘဲကွ၊ နိမ့်တဲ့ကျောက်တုံးမပါဘူး-
တစ်တုံး၊ နှစ်တုံး၊ သုံးတုံး၊ လေးတုံး၊ ငါးတုံး၊ အားလုံးငါးတုံးရှိတယ်-



မျောက်ဖိုဖို ငြိမ်ငြိမ် မနေပါလား
ငါက-ဒါမဆိုတွေ့တိုင်းလေ့လာ မှတ်သားတဲ့အကျင့်ရှိလို့ပါကွာ-
ဟိုအလုံးရှုပါ
တဖက်ကျွန်းသို့ရောက်သော်
သစ်သီးတွေလဲရပြီ ဟိုဘက်ကမ်းကို ပြန်ကြစို့-
ဟေ့-နေအုံး မသွားနဲ့-
လက်မဆော့စမ်းပါနဲ့-လမ်းသွား တဲ့ဝေါင်ကောင်းကောင်းမသွား ရဘူး၊ မျောက်ဖိုဖိုလက်ဆော့ ပါလား-
ရှုတ်-အကြောင်း ထူးနေလို့ကွ နောက်ဆုတ်နေစမ်း-
သစ်သီးခူးပြီးပြန်ခဲ့ကြစဉ်-
အားလုံးကျောက်တုံးတွေထဲမှာ ဒီကျောက်တုံးက နိမ့်နေတယ်၊ ကျောက်တုံးခေါက်တုံးဖြစ်နေလို့ ကျောက်တုံးတတုံး ပိုနေတာဆန်းတယ်-
မျို့-ကျောက်တုံး-ဟို့ကျောက်တုံး- အမြဲတမ်းကျုပ်ခေါ်တိုင်းထူးဖြီး၊ အခုဒါမြလို့မထူးတာလဲ-


သူခေါ်တိုင်းကျောက်တုံးက
ထူးတယ်ထင်တယ်၊ ငါမထူးယင်
ငါ့ကိုကျောက်တုံးလို့ထင်မှာမဟုတ်ဘူး
ဒီတခါခေါ်ယင်ထူးလိုက်မယ်၊ ငါ့ကျော
ပေါ်ရောက်ယင်ငါစားလိုက်မယ် -
ဩ့ - ကျောက်တုံး
ဟေ
ကျောက်တုံးကထူးတယ်ဟေ့၊ ကျောက်တုံး
မဟုတ်ဘူး၊
မိကျောင်းကြီးကွ -
ဟယ် - မိကျောင်းယုတ်ငါလိုမှတ်ဉာဏ်
ရှိတဲ့သူကိုသင်လှည့်စားလို့မရဘူး
ကဲ - ကွာ - ကဲ -
ကဲကွာ
အမယ်လေး - ကျောက်ခဲ
တွေပါလား၊ ငါတော့
ဒီကလစ်မှဘဲ -
ဦးမျောက်ညိုရဲ့မှတ်ဉာဏ်ဟာ၊ အဖိုးတန်ပါတယ်၊
ကျုပ်လဲနောင်ဆိုပေါ့ဆဆမနေဘဲ
အရာရာကိုလေ့လာမှတ်သား
ပါတော့မယ် -

# အဘယ်ကြောင့် နွေအခါ၌ ဆောင်း အခါထက် နေ့တာ ပိုရှည်သနည်း



နွေဥတု၏ တနေ့တာသည် ဆောင်း ဥ တု၏ တ နေ့ တာ ထက် အဘယ်ကြောင့် ပို၍ ရှည်ကြာသနည်းဆိုသော် နေ သည် ကောင်းကင်၌ ပို၍ကြာ ရှည်စွာ ရှိနေသောကြောင့် ဖြစ်သည်။



ကမ္ဘာလုံး၏ ဝင်ရိုးသည် နေနှင့် တည့်မတ်၍ မနေပဲ ၆၆ ½ ဒီဂရီ တိမ်းစောင်းနေ သည်။ နွေရာသီတွင် ကမ္ဘာ၏ ဝင်ရိုးသည် နေရှိရာဖက်သို့ တည့်တည့် တိမ်းစောင်း နေ သောကြောင့် နေသည် မိုး ကုပ် စက်ဝိုင်းပေါ် တွင် ကြာ ရှည်စွာ ရှိနေပြီး မိုးကောင်း ကင်သည် ပို၍ ကျယ်လာသည် ဟု ထင်ရသည်။

မြောက်ဖက် ကမ္ဘာခြမ်း တွင် နွေ ဥ တု ဖြစ် နေ လျှင် တောင် ဖက် ကမ္ဘာ ခြမ်း တွင် ဆောင်းဥတု ဖြစ်နေသည်။ ဇွန် လ ၂၁ ရက် နေ့ တွင် မြောက် ဖက် ကမ္ဘာ ခြမ်း၌ နွေဥတုဖြစ်နေ၍ နေ့တာ အ ရှည်ဆုံးဖြစ်၏။ အာတိတ် စက် ဝိုင်း အနီးတဝိုက်တွင် နေကို ၂၄ နာရီပတ်လုံး မြင်နေရ၏။

ထိုအချိန်တွင်တောင်ဖက် ကမ္ဘာခြမ်း၌ ဆောင်း ဥ တု ဖြစ်၍ ညတာ အရှည်ဆုံး ဖြစ် ပြီး နေ့တာ အတိုဆုံးဖြစ်၏။

ထို့ အ တူ ဒီ ဇင် ဘာ လ ၂၁ ရက်နေ့တွင် တောင်ဖက် ကမ္ဘာခြမ်း၌ နေ့တာအရှည် ဆုံးဖြစ်၍ မြောက်ဖက်ကမ္ဘာ ခြမ်း၌ နေ့တာအတိုဆုံး ဖြစ် လေသည်။


တက္ကသိုလ် မြို့မြင့်

## ဘာရှိသလဲ



# သံယောဇဉ်

အောင်ရွှေး



ကျွန် တော့် အိမ် တွင် ကြောင်နှစ်ကောင် မွေးထားပါသည်။ သူတို့၏ အမည် မှာ မောင်တုတ်ကြီး နှင့် မပြာပြာ တို့ ဖြစ်၏။ ကျွန်တော် သူတို့ မောင်နှမကို သိပ်ချစ် ပါသည်။ ကျွန်တော့် အတွက် ကြောင်မကြီး မယ်သီက မွေးပေးထားပါသည်။

မောင်တုတ်ကြီး နှင့် မပြာပြာကို ကျွန်တော်က ချစ်သလို တအိမ်သားလုံး ကလည်း ချစ်ကြပါသည်။ ထို့ကြောင့် မောင်တုတ်ကြီးကို တုတ်တုတ် ဟူ၍၎င်း၊ တုတ်ပြုံကြီးဟူ၍၎င်း ချစ်စနိုးခေါ်ကြ၏။ အလွန် လည်း ဝလေသည်။ မပြာပြာကိုလည်း ပြာပြာဟူ၍၎င်း ပြာဟူ၍၎င်း ချစ်စနိုး ခေါ်ကြပြန်သည်။

ကျွန်တော် စာဖတ် သော အခါတွင် ကျွန်တော့် ဘေး၌ ကြောင် မောင်နှမ လာ အိပ် သည်။ ထိုအခါ ပထမတန်းမြန်မာ ဖတ်စာအုပ်မှ ကြောင် အကြောင်းကို ကျွန်တော် ဖတ်ပြသည်။ နားထောင်နေတတ်၏။ သိသလားဟုမေးသောအခါ၌မူ မကြားချင်ယောင် ဆောင်နေသည်။ ထို့ကြောင့် ကျွန်တော့်မှာ ပိုချစ်ရ၏။

ကျွန် တော် တို့ အိမ် တွင် ကြောင်စာ အမြဲ ပိုပါသည်။ ကြောင် မောင်နှမ သည် လူ ဆယ်ယောက် ထမင်းစားလျှင် ဆယ်ခါ တောင်း၍ သူတို့ ပန်းကန်ထဲ၌ပုံနေသည်။ ထို့ကြောင့် ရွှေနီ ကော် သွား ၏။ ရွှေနီကို ကျွန်တော်မမွေးပါ။ သူ့ဖာသာ သူ့ အိမ်တွင် လာနေ သည်။ ရွှေနီကို ပိုသော ထမင်း ဟင်း ကျွေးပါသည်။ ဤခွေးဝင်စား ရွှေနီသည် ကျွန်တော်တို့ ထမင်း ကျွေးသည့် နေ့ကစ၍ ဘယ်မှ မသွား။ အိမ်အောက်တွင် အမြဲ နေတော့သည်။ အိမ်ကို လူစိမ်း အဝင်မခံ။

အစတွင် ရွှေနီနှင့် ကြောင် မောင်နှမ မတည့်ကြ။ နောက် ယဉ်ပါးသွားကြပြီး တကောင် နှင့် တကောင်မာန်မဖီတော့ပါ။ ညနေထမင်းစားပြီးလျှင် ကျွန် တော်သည်ရွှေနီနှင့်ဆော့သည်။ တုတ် ကြီး နှင့် ပြာပြာ တို့နှင့် လည်း ဆော့သည်။ ရွှေနီကို လည်း ကျွန်တော် ချစ်လာ သည်။

ရွှေနီ၏ လည်ပင်းက လည် ပတ် ကို ကျွန် တော် လုပ် ပေး ထားသည်။ ဘုရားဈေးက ခြူ တခု ဝယ်ပြီး ဆွဲပေး ထား၏။ လှုပ် ရှား လျှင် အသံ မြည် ပါ သည်။ အသံမြည်သည်ကို ကျွန် တော်သဘောကျ၏။

ရွှေနီကိုကျွန်တော်ချစ်သလို အိမ်သားများကချစ်လာသည်။ ရွှေနီသည်အဖော်ရ၏။ လိမ်မာ ၏။အိမ်မှာနေဟုဆိုလျှင်ဘယ်မှ မသွား။

မနေ့က ဖေဖေရုံးမှ ပြန်လာ သောအခါ ကျွန်တော်တို့ ရန် ကုန်၊အင်းစိန်သို့ ပြောင်းရမည် ဖြစ်ကြောင်း ပြောသည်။ ဖေ ဖေ့ အလုပ်တာဝန်အရ ဖြစ်၏။

တနင်္ဂနွေနေ့တွင် ဌာန ဆိုင်

ရာ ကားတစီးရမည်ဖြစ်၏။ မေမေတို့ကို ကျွန်တော် ပစ္စည်း ကူသိမ်း ပေး သည်။ ရွှေနီ သည် ဘာလုပ်ပါလိမ့်ဟူ၍ ငေးကြည့်နေသည်။ စိတ်မကောင်း ဖြစ်နေပုံရသည်။

တနင်္ဂနွေနေ့သို့ ရောက် ပြီ။ ကားပေါ် သို့ပစ္စည်းများတင်ပြီးသည်တွင် ကားခေါင်း၌ကြောင်မောင်နှမထည့်ထားသော ခြင်းကို ထားလိုက်၏။ ပူးကြောင်ကြောင် လုပ် ကာ ကြည့် နေသည်။ ကားထွက်တော့မည်။ ရွှေနီတကောင် ဘယ်သွား နေသည်မသိ။ ကျွန်တော်လိုက်ရှာပါသည်။ မတွေ့ပါ။ ဝမ်းနည်းပြီး ပျာလောင် ခတ်လာသည်။ ဖေဖေကမတွေ့လျှင် ထားခဲ့မည်ပြော သော အခါ ကျွန် တော် မျက်ရည် ဝဲလာသည်။ ရွှေနီကိုနာရီဝက်မျှရှာပါသည်။မတွေ့၍ကားထွက်ပြီ။

ကား ထွက်စ ပြုသည် နှင့် ကျွန်တော် ရွှေနီ့ အတွက် မျက်ရည်များ ကျလာသည်။ ကျွန်တော် ရွှေနီနှင့် မခွဲနိုင်ပါ။ ထို့ကြောင့် ကားပေါ်မှ ခုန်ဆင်းလိုက်သည်။မေမေနှင့် ဖေဖေတို့ကားကို ရပ်စေပြီး ကျွန်တော့်နောက် ပြေးလိုက်လာသည်။

အိမ်ပတ်ဝန်းကျင်တွင် ရွှေနီရေဟု ကျွန်တော်ထပ်ခါ တလဲလဲ အော်ခေါ်သည်။

အထဲမှ ညည်းသံ ကြားရသည်။ ဟုတ်ပါသည်။ ရွှေနီ၏အသံ ဖြစ် ပါ သည်။ တံခါးကိုတွန်းဖွင့်လိုက်သည်။ ရွှေနီ အိမ်ထဲ တွင် လှောင် ပိတ် မိနေခြင်းဖြစ်သည်။ ရွှေနီကို မြင်မြင်ချင်းကျွန်တော်ပြေးဖက်လိုက်သည်။ "မင်းကို ရှာလိုက် ရတာ ရွှေနီရယ်"ဟု ပြော လိုက် သည်။ ရွှေနီ က လည်း ကျွန်တော့်ကိုကြည့်ပြီး အန့်ခံနေသည်။ ကားဆီသို့ ရွှေနီကို ကျွန်တော်ချီပြီးယူ လာသည်။

"ဖေ ဖေ မေ့ သွား တယ်။ ရွှေနီပျောက်နေမှာပေါ့။ ဖေဖေပိတ်ထားခဲ့တဲ့အခန်းထဲ ရောက်နေတာကိုး။ ဖေဖေ့ကို ခွင့်လွှတ်ပါသားရယ်"ဟု ဖေဖေက နှစ်သိမ့်သည်။ ကျွန်တော် ဘာမျှပြန်မပြော ရွှေနီကြီးကိုသာပွတ်သတ်နေသည်။ မျက်ရည်စများကို သုတ်လိုက်သည်။

ကားလည်း ဆက်ထွက်ပြီ။ ကြောင်မောင်နှမက ကားရှေ့မှစီး၏။ ကျွန်တော်နှင့် ရွှေနီက ကားနောက်တွင် လိုက်ပါ လာသည်။ အကယ်၍ရွှေနီသာ မပါပါက ကျွန် တော် ရန် ကုန် သို့ မ လိုက် ဟု ဆုံး ဖြတ် ထား ပါသည်။ ရွှေနီနှင့် ကျွန်တော့်အကြား သံယောဇဉ်ကြိုးကား အလွန်ကြီးမားပါပေသည်။ ကျွန်တော် ချစ်သော ရွှေနီကြီးကို စူးစိုက်၍ကြည့်လိုက် သည်။ ရွှေနီကလည်း မျက်လုံးရွဲကြီးဖြင့်ပြန်ကြည့် နေ သည် ကို တွေ့ ရ ပါသည်။

## လောဘိတ

ရေတံခွန်လှ လောဘိတ
ကယားပြည်နယ်
လွိုင်ကော်က။

ပါးပြင်းကြွကြွ တောင်ကျရေ
ဘီလူးချောင်းပါ့လေ။

ဒေါမာန်ဝေ ရှူးရှူးရှား
မြွေနဂါးကြီး အလား။

နဂါးမျက်စောင်း မီးလိုလောင်
ဒိုမျှားမကြောက်ပေါင်။

သူ့ကိုနှောင် အသုံးချ
ကုန်ထုတ်စွမ်းအားရ။

သိပ္ပံစွမ်းလှ ဒိုခေတ်တွင်
သူလဲလုပ်သားပင်။

အားမာန်ပြင် သွင်သွင်လုပ်
လျှပ်စစ်ဓာတ်အားထုတ်။

ညမိုးချုပ်လို့ အမှောင်ဝင်
အလင်းရောင်သူဆင်။

ပြည်တခွင် မီးရောင်ကြွား
လျှပ်စစ် သူလုပ်သား။ ။

စန္ဒာမြင့်



R. 517

# ငမန်းကြီး



ဤ ငမန်းကြီးသည် အရွယ်အစား အလွန်ကြီးမားသည်။ အကြီးဆုံး အကောင်သည် ပေ ၅၀ ထိ ရှည်သည်။ ထို့ကြောင့် သက်ရှိတို့တွင် အကြီးဆုံးဖြစ်သည့် ဝေလငါးမျိုး ပြီးလျှင် ဒုတိယ လိုက်သည်။ ကိုယ်ခန္ဓာတုတ်ခိုင်ပြီး အမြီးမှာ ရှည်လျားသည်။ မျက်လုံးများမှာ ခန္ဓာကိုယ်အချိုးအစား အလိုက် သေးငယ်သည်။ သွားများလည်း သေးငယ်သည်။ ကျောကုန်းနှင့် ကိုယ်ပေါ်တွင်ကျားကွက် သဏ္ဌာန် အကွက်များ ရှိသည်။

သို့ရာတွင် ငမန်းကြီးတို့သည် အလွန်ကြောက်ရွံ့တတ်သောသတ္တဝါများ ဖြစ်ကြ၍ လူတို့အား လုံးဝ အန္တရာယ်မပြုပေ။ ငမန်းကြီး မျိုးရင်းဝင်ဖြစ်သည့်ငမန်းအဘိုးကြီး၊ ငမန်းတောက်တဲ့၊ ငမန်းအိမ်မြှောင်တို့ သည်လည်း လူတို့အား အန္တရာယ် မပြုတတ်ပေ။ ဤသည်မှာ ယင်းတို့၏ ထူးခြားချက်ပင် ဖြစ်သည်။ ထို့ကြောင့်ပင် ငမန်းတိုင်းသည် လူတို့အား အန္တရာယ်ပြု တတ် သည် ဟူသော အဆိုမှာ မမှန်ချေ။

ဤငါးတို့ သည် ပူနွေးသော ပင်လယ်တွင် နေဆာလှုံရင်း တံငါတို့၏ ဖမ်းဆီးခြင်းကို ခံရတတ်သည်။ ငမန်းကြီးတို့သည် သေးငယ်သော ပင်လယ်သတ္တဝါ ကလေးများကို ဖမ်းယူ စားသောက်တတ်ကြသည်။ အခွင့်သင့်လျှင်မူ အရွယ်အစား ကြီးမားသော အခြားငါးကြီးများကိုပါ စားသောက်တတ်ကြသည်။

ယင်း တို့ ကို မြန်မာ့ ပင်လယ် ပြင် တွင် တွေ့ရှိရတတ်သော်လည်း အကောင်အရေ အတွက်နည်းပါး လှသည်ဟု ဆို၏။ မှတ်တမ်းများအရ နှစ် ၁၀၀ အတွင်း အကောင်ရေ ၉၀ ခန့်ကိုသာ တွေ့ရှိခဲ့ရလေသည်။

**သောင်းစု (သုတေသန)**




၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၂၁။

ရွှေသွေး
ဂျာနယ်

၁၃၃၇ ခု၊ ကဆုန်လပြည့်နေ့ (၂၄-၅-၇၅)






စနေနေ့တိုင်း ထုတ်ဝေသည်။





ကြောက်ပါပြီ မေမေရ
နောက်မလုပ်တော့ပါဘူး -ဟီး-ဟီး-









ချွင် ချွင်
ဟေ့-ဟေ့-နွားလေးခြေသံကြားလို့
ဟား-ဟား-ဟား-

# စာပို့တိုက်



ရှေးခေတ်လူတို့သည် သတင်းစကားများကို ထူးခြားသော နည်းလမ်းများဖြင့် လက်ဆင့်ကမ်းပေးပို့လေ့ ရှိခဲ့ကြ၏။

ပါးရှားနိုင်ငံတွင် သတင်းပို့သမားသည် မြို့ရွာများစပ်ကြားရှိ မှတ်တိုင်အနီးတွင်ရပ်ကာ အကြိမ်မှန်မှန်ခြား၍ ကျယ်လောင်စွာ ဟစ်အော်အသိပေးလေ့ ရှိခဲ့၏။



ဂရိနိုင်ငံတွင် ခရီးကွာလှမ်းသော တနေရာမှ တနေရာသို့ သတင်းစကားများကို အပြေးသမားများဖြင့် သယ်ဆောင်ပေးပို့ခဲ့၏။ ဖိဒစ်ပတ်ဆိုသူ အပြေးသမားတဦးသည် မိုင် ၁၅၀ ခရီးကို တနေ့နှင့်တညမနားတမ်းပြေး၍ သတင်းပေးပို့ခဲ့ဘူးသည်ဟု ဆိုလေသည်။




ရှေးနှစ်ပေါင်း ၁၂၀ ကျော်ခန့်က တံဆိပ်ခေါင်းများတွင် အပ်ဖောက်ရာများ မပါရှိသဖြင့် တခုချင်း သုံးလိုက ခား၊ ကတ်ကြေးတို့ဖြင့် လှီးဖြတ်ယူရ၏။ တခါသော် သတင်းထောက်တယောက်သည် မောင်းချခားရှာမတွေ့၍ တံဆိပ်ခေါင်းအချပ်မှ အပ်ဖြင့်ဖောက်ကာ ကြိမ်ဖန်ဖြတ်တောက်ယူခဲ့ရာမှ အစပြု၍ ၁၈၅၇ ခုနှစ်ခန့်တွင် အပ်ဖောက်ရာပါသော တံဆိပ်ခေါင်းများကို ကမ္ဘာ့အနှံ့ အသုံးပြုလာခဲ့ကြလေသည်။



တခါက လျှို့ဝှက်သတင်းပို့သူ တဦးသည် ငွေဝယ်ကျွန် တဦး၏ ဆံပင်ကိုကွက်ရိတ်၍ အကြောင်းကြားလိုသည်များကို မင်ကြောင်ရေးထိုးပြီးနောက် ဆံပင်များပြန်ပေါက်လာမှ သတင်းပို့ချင်သောနေရာသို့ စေလွှတ်လိုက်၏။ ရောက်သောအခါ ခေါင်းရိတ်ပြီး ဦးရေပေါ်မှစာကိုဖတ်ယူရ၏။

# အကြောင်းသိကောင်းစရာ

ရေးသူ ဖိုးသိကြား
သရုပ်ဖော်



၁၈၆၇ ခုနှစ်က ဆောက်လုပ်ခဲ့သည့် ရှေးအကျဆုံး စာတိုက်ပုံးသည် အင်္ဂလန်ပြည် လန်ဒန်မြို့ ကမ်ဗာလင် ကုန်းစောင်းတွင် ရှိသည်ဆို၏။

စာတိုက်ပုံးကို စတင်တီထွင်ခဲ့သူ အန်ထော်နီထရိုလုပ်မှာ ယင်းတီထွင်မှုအတွက် နာမည်မထွက်ပဲ သူရေးခဲ့သည့် ဝတ္ထုစာအုပ်များအတွက်သာ စာရေးဆရာအဖြစ် ကမ္ဘာကျော်ခဲ့ရလေသည်။





စာအိတ်များ မတီထွင်မီက ပို့စာများမှာ ချိပ်ပိတ်ထားသော စာရွက်ခေါက်များသာဖြစ်၏။ စာခေါက်များတွင် အပိုပစ္စည်း ပါမပါ သိရှိနိုင်ရန် ဖယောင်းတိုင်အလင်းရောင်တွင် စာကိုထောင်၍ ကြည့်ရှုစစ်ဆေးခဲ့ရ၏။ ထိုနောက်မှ စာခေါက်များ လုံခြုံစွာထည့်ရန် စာအိတ်များကို ပြုလုပ်သုံးစွဲလာခဲ့ကြလေသည်။



၁၉၁၃ ခုနှစ်အတွင်းက တရုပ် ပြည်တွင် အသုံးပြုခဲ့သည့် ကမ္ဘာ့အကြီးဆုံး တံဆိပ်ခေါင်းမှာ အလျား ၉ ဒဿမ ၅ လက်မ၊ အနံ ၂ ဒဿမ ၅ လက်မအရွယ် ရှိသည်ဟု ဆို၏။




တခါက စာပို့ခကို စာရသည့်အချိန်၌ ပေးဆောင်ရသောစနစ်ကို အသုံးပြုခဲ့ဘူး၏။ စာပို့ခမှာ ကြီးမြင့်လွန်း၍ ဆင်းရဲသားတဦးသည် နှစ်စဉ် နှစ်ဆက်စာများ ရွေးယူရခြင်းကြောင့် ကြွေးတင်ရသည်အထိ ဖြစ်ခဲ့၏။ ဆာဝေါလတာစကော့သည် အမျိုးသမီးတဦး ပို့လိုက်သည့်စာမူကို အင်္ဂလိပ်ငွေ ၁၀ ပေါင်ပေး၍ ရွေးယူခဲ့ရဘူးလေသည်။


အံ့ဩဖွယ်ရာ
ကျွန်တော့်အဖို့ အလွန်အံ့ဩစရာ ကောင်းလိမ့်မည်ဟူသော ယူဆချက်များကို မိဖြူက—
ဒါများ၊ ဘာအံ့ဩစရာကောင်းလို့လဲ
ဟင်း၊ နင်ပြောလိုက်ရင်၊ ဒီလိုချည်းဘဲ
မိဖြူကို အံ့အားသင့်အောင် လုပ်ဖို့ မလွယ်ပါ။ ကျွန်တော်လုပ်ပြသမျှကို မိဖြူက မအံ့ဩပါ။
တနေ့တွင် ကျွန်တော်တို့ ကလေးတစု ဘျောက် ကစားစဉ် ရေအိုင်ကျယ်ကျယ်တခုကို တွေ့ရပါသည်။
ဟေ့၊ ဒီရေအိုင်ဟိုဖက် ရောက်အောင် ဘယ်သူ ခုန်နိုင်ကြသလဲ
ငါတော့ ကြောက်တယ်
သူတို့အားလုံး မခုန်ရဲကြပါ။ ကျွန်တော်က လွတ်လွတ်ကျွတ်ကျွတ် ခုန်ပြလိုက်ပါသည်။
ယောက်ျားကွ
ဗြော၊ ဟုတ်ပြီ
အားလုံးလိုလို အံ့ဩကြပါသည်။
မင်းတကယ်ရဲတာဘဲ၊ ငါ့ဆိုရင် မလွယ်ပါဘူး
အေးကွ ခုန်လို့မလွတ်ရင်၊ ရေထဲအကျဘဲ
သို့သော် မိဖြူက နည်းနည်းလေးမျှ အံ့ဩခြင်း မရှိပါ။
အမလေး၊ ဒါများ အံ့ဩစရာလား
ဗြဟ


ကျွန်တော်သည် မိဖြူအံ့ဩစေရန် အမျိုးမျိုး ကြိုးစားခဲ့ပါသည်။ သို့သော် မအောင်မြင်ခဲ့ပါ။
လက်နှစ်ဖက်ပေါ်တွင် ကင်းမြီးကောက် ထောင်ပြီး သွားပြခဲ့သည်။ သူမအံ့ဩပါ။
မျောက်ကျနေတာဘဲ၊တော်ပါတော့
ပါးစပ်ထဲတွင် လက်ညှိုး တချောင်းတည်း ထည့်၍ ဝီစီမှုတ်ပြခဲ့သည်။
နားညီးစရာဘဲ
ကျွန်တော် လုပ်ပြခဲ့သမျှကို မိဖြူအမြဲ မြင်တွေ့ခဲ့ရသည်။ သို့သော်လည်း မိဖြူအဖို့ ကျွန်တော်လုပ်ပြသမျှ အံ့ဩစရာ မဖြစ်ခဲ့ပါ။
အမျိုးမျိုး ကြိုးစားကြည့်ခဲ့ပါသည်။ သစ်ပင်လုံးချောများကို ဖက်တက်ပြသည်။
အကြာကြီး ရေငုပ်ပြခဲ့သည်။


မရမ်းသီးစေ့များကို မြှို့ချပြခဲ့သည်။
ဒီမှာကြည့်စမ်း
အဲဒါဘာဖြစ်သလဲ
မည်သို့ပင်ဆိုစေ၊ ထိုအပြုအမူများသည် မိဖြူအဖို့ အံ့ဩစရာ အပြုအမူများ မဖြစ်ခဲ့ပါပေ။
ဒါ၊သက်သက်ပေါ်တာဘဲ
ဂလု
တညနေတွင်မူ ကျွန်တော်သည် သမိုင်းဖတ်စာအုပ်ကိုထုတ်၍ အိမ်ရှေ့ကွပ်ပျစ်ပေါ်၌ ထိုင်ဖတ်နေပါသည်။
စာထဲသို့ စိတ်ဝင်စားနေ၍ အနီးသို့ မိဖြူ ရောက်လာသည်ကိုပင် သတိမပြုမိခဲ့ပါ။
သို့သော် တအံ့တဩပြောလိုက်သော မိဖြူ၏ စကားသံများ ပေါ်ထွက်လာသော အခါ ကျွန်တော့်နားကိုပင် မယုံနိုင်အောင် ဖြစ်ခဲ့ရပါသည်၊ ထို့ကြောင့် -
ကြည့်စမ်း၊တကယ်အံ့ဩဘို့ကောင်းတာဘဲ၊နင်ကစာတွေဘာတွေ ကျက်လို့
ဟာ-ဘာပြော လိုက်တာလဲ မိဖြူ။



# သဘာဝပညာရှင် ချားဒါဝင်

ဗြိတိသျှလူမျိုး ရုက္ခဗေဒ ပညာရှင် ချားဒါဝင်သည်လူ၏ မူလအစကို အမြင်သစ် ဖြင့် မြင်ခဲ့သူ ဖြစ်လေသည်။ သူသည် ကိန်းဗရစ်မြို့ ယေရှုကောလိပ်မှ ၁၈၃၁ ခုနှစ်တွင် ဘွဲ့ရပြီး ထိုနှစ်ကုန်မှစ၍ ၁၈၃၆ ခုနှစ်အထိ ငါးနှစ်တိုင်တိုင် "ဗီးဂဲ" အမည်ရှိသင်္ဘောဖြင့် ဗာဒီအငူနှင့် အခြားအတ္တလန္တိတ် ကျွန်းစုများ၊ တောင်အမေရိက ကမ်းခြေများ၊ ဂါလပါဂိုး ကျွန်းစုများ၊ တဟီတီ၊ နယူးဇီလန်၊ ဩစတြေးလီးယား၊ တက်စမေးနီးယား၊ ကီးလင်းကျွန်း၊ မောဒစ်နှင့် မော်ရစ်ရှပ် ကျွန်းစုများ၊ စိန်ဟယ်လီနာကျွန်း၊ ဗရာဇီးနိုင်ငံ စသည်တို့ကို လှည့်လည်လေ့လာခဲ့၏။

သူသည် အမေရိက မြောက်ပိုင်း ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာရာမှ အစပြု၍ လူ၏အစကို တွေးတောကြံဆမိပြီးလျှင် ၁၈၅၉ ခု နိုဝင်ဘာလ ၂၄ ရက်တွင် "လူနှင့်မျောက်တို့သည် မျိုးစိတ်တခုတည်းမှ ဆင်းသက်သည်" ဟူသော သူ၏အမြင်သစ်ကို တင်ပြထားသည့် စာအုပ်ကို ထုတ်ဝေခဲ့သည်။ ပထမအကြိမ် အုပ်ရေ ၁၂၅၀ ထုတ်ဝေရာ တနေ့တည်းနှင့် ရောင်း၍ကုန်သွားသည်။ ထိုစာအုပ်တွင် လူသည် ဆင့်ကဲဖြစ်စဉ်အရ မျောက်ဝံနှင့် မျိုးစိတ်တူပုံကို တင်ပြထားသည်။ သူ၏အဆိုကို ဘာသာရေး ဂိုဏ်းဝင်များက အကြီးအကျယ်ကန့်ကွက်ခဲ့ကြသည်။ ထိုစဉ်က ဒါဝင်၏ အယူအဆကို အများစုက လက်မခံသောကြောင့် အချိန်အတန်ကြာ သူ့ကို လူထုက ဝိုင်းပယ်ထားကြသည်။ သို့သော် တိုးတက်သော သိပ္ပံပညာရှင်အချို့က ဒါဝင်၏ ရဲရင့်သော တင်ပြချက်နှင့် အရေးပါလှသည့် သုတေသန ပြုချက်အပေါ် ယုံကြည်ကိုးစားခဲ့သည်။ ယနေ့တွင်မူ သူ၏အယူအဆကို ကမ္ဘာက အတော်အတန် လက်ခံလာကြပြီ ဖြစ်၏။

ချားဒါဝင်သည် ၁၈၈၂ ခု ဧပြီလ ၁၉ ရက်တွင် ကွယ်လွန်ရာ သူ၏ ရုပ်ကလာပ်ကို လန်ဒန်မြို့ရှိ ဝက်စမင်စတာ ဘုရားကျောင်းအတွင်း မြှုပ်နှံထားရှိသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

# သက်သက်ရဲ့ဖခင

အောင်ကျော်ဖြေ



သက်သက်သည် မောင်နှမငါးယောက်အနက် အငယ်ဆုံးဖြစ်သည်။ ထို့ကြောင့် ဖေဖေမေမေ တို့၏ အသဲစွဲ ဖြစ်နေသည်။ သက်သက်နှင့် ပတ်သက်လာလျှင် ဘယ်အရာမဟူ ဖေဖေမေမေတို့က ပြည့်စေ သတည်း၊ ဖြစ်စေ သတည်း ဟု တဖက်စောင်းနင်း အလို လိုက်၏။ ကျန်သည့် ကျွန်တော်တို့မောင်နှမ လေးယောက်မှာ အခွင့်အရေး ပိုင်းတွင် သက်သက်နှင့် ယှဉ်ပြိုင်၍ မရပေ။

သို့သော် သက်သက် သည် သူ့အတန်းထဲတွင် စာ အတော်ဆုံးဖြစ်သည်။ ယခု ဆဋ္ဌမတန်း ရောက်သည်အထိ အတန်းတိုင်းတွင် ပထမချည်း ရခဲ့၏။

ထို့ကြောင့်လည်း ဖေဖေက “သမီးငယ်ကို တွေ့ကြလားကွဲ့၊ မင်းတို့တတွေနဲ့ တူတာ မဟုတ်ဘူး၊ အခု ခြောက်တန်း ရောက်တဲ့အထိ ကိုသမီးက အဆင့်တစ်က လျှော့တာ မဟုတ်ဘူး၊ ဒါကြောင့် ဖေဖေ့တို့က စာတော်တဲ့ သမီးလေးမို့ ပိုပြီး အလိုလိုက်တာပေါ့”

“ကျွန် တော် တို့ အ ကြီး လေးယောက်လဲ သက်သက်လို ပထမ မရကြပေမဲ့ ကိုယ့်အတန်းအသီးသီး ကိုတော့ နှစ်တိုင်း အောင်ခဲ့ တာဘဲ မဟုတ်လား ဖေဖေရယ်”

သက်သက်သည် ကျွန်တော်နှင့်ဖေဖေ ပြောနေသည့် စကားများကို ကြားသွား သဖြင့် သူကိုယ်သူ ပို၍ အထင် ကြီးသွားသည်။

ထိုနောက်ပိုင်း၌ သက်သက် စာကျက်သည်ကို လုံးဝမတွေ့ရတော့ပေ။ ယခင်က နံနက်စောစောထ၍ စာကြည့်တတ်သည့် သက်သက်၊ ညနေထမင်း စားသောက်ပြီးစာကျက်တတ်သည့် သက်သက်သည် ယခုအခါ အိပ်ရာမှထရန်အတွက်ကိုပင် ဖေဖေနှင့်မေမေ တလှည့်စီနှိုးမှ လူးလဲထကာ ကျောင်းသို့ သွားပါသည်။ ယခုတလော သက်သက် ညစဉ် အိပ်ရေး ပျက်နေသည်။ ကျောင်းစာ ကျက်၍ကား မဟုတ်ပါ၊ ဝတ္ထုစာအုပ် ဖတ်နေသည့်အတွက် ဖြစ်ပါသည်။

ကျွန်တော်သည်အစ်ကိုကြီး တယောက်အနေနှင့် သက်သက်ကိုစာကျက်နိုင်းသည်။ ထိုအခါ စာမကျက်ရုံမက “သမီး စိတ်မပါလို့ စာ မကျက်ချင်သေးတာကို ကိုကိုက အတင်း စာကျက်ခိုင်းနေတယ် ဖေဖေ”ဟူ၍ သူက ရှေးဦး တိုင်လိုက်ပါသေးသည်။

သို့နှင့်ပင် ပထမ အစမ်းစာမေးပွဲကိုကျွန်တော်တို့မောင်နှမအားလုံး ဖြေဆိုပြီးသွားကြလေသည်။ သက်သက် ဖြေနိုင်မဖြေနိုင်ကိုမူ ကျွန်တော်တို့မသိပါ။ တဖန် ဒုတိယ အစမ်း စာမေးပွဲ နီးလာပြန်ပြီဖြစ်၍ ကိုယ့်စာနှင့်ကိုယ်၊ ကုန်းရုန်း ကျက်ကြရပြန်သည်။

ဒုတိယ အစမ်းစာမေးပွဲပြီး၍ ဒီဇင်ဘာ ကျောင်းပိတ်လိုက်ပြီးနောက် ယနေ့ ကျောင်း စ

တက်ကြရလေသည်။ ကျောင်းမှ အိမ်ပြန်ရောက်ပြီး၊ ရေမိုးချိုးကာ ထမင်း စားရန် အမေနှင့်အတူ ခူးခပ်ကြရသည်။ ယနေ့ဘတ်စ်ကား ချောင်လေသလားမပြောတတ်၊ ဖေဖေ ရုံးမှ အိမ်သို့ စောစော ပြန် ရောက် လာသည်။ ထို့ကြောင့် ထမင်းဝိုင်းတွင် သက်သက်မှတပါး မိသားစုအားလုံး စုံစုံ လင်လင် ရှိနေပေပြီ။

"သမီးလေး သက်သက် တယောက်ကော မမြင်ပါလား"

ဖေဖေသည် ထမင်းဝိုင်းတွင် ထိုင်လျှင်ထိုင်ချင်း ညီမလေးကို မမြင်၍ မေးလိုက်သည်။ ထိုအခိုက် သက်သက်သည် အိပ်ခန်းတွင်းမှ ထွက်လာကာ၊ ဖေဖေ့လက်ထဲသို့ စာလေး တစောင် လှမ်းပေး လိုက်သည်။ ဖေဖေသည် ထမင်း ပန်းကန်ကို နှိုက်အုံ့ဆဲဆဲ ရေစိုပြီးသား လက်ကို ပြန်သုတ်ပြီးနောက် စာခေါက်ကလေး ကို ဖွင့် ဖတ် လိုက် ပါသည်။

စာမှာ သက်သက်၏ အတန်းပိုင်ဆရာမထံမှ ဖြစ်သည်။ သက်သက်တယောက် ပထမနှင့် ဒုတိယ အစမ်း စာမေးပွဲကြီး နှစ်ခုလုံးတွင် ကျရှုံး၍ ဆွေးနွေးညှိနှိုင်း လိုသဖြင့် ဖေဖေ့ အား ကျောင်းသို့ လာရောက် တွေ့ဆုံရန် ဖိတ်ခေါ် သည့်စာ ဖြစ်နေလေသည်။

နောက် တနေ့ တွင် ဖေဖေသည် ခပ် ရှက် ရှက် နှင့် ပင် ကျောင်းသို့ လိုက်သွားရသည်။ ကျောင်းမှပြန်ရောက်ပြီးနောက် ဖေဖေသည် မည်သည့်အခါမျှ မဆူခဲ့ဘူးသည့် သက်သက်ကိုဆူပူ ကြိမ်းမောင်းပါတော့သည်။

ဖေဖေဆူမည်ဆိုလည်း ဆူစရာပင်။ ဆရာမ၏ တိုင်စာအရ စာ သင် လျှင် သက် သက် တယောက် နားမထောင်၊ ဝတ္ထုခိုးဖတ် နေတတ်သည်။ မှတ်စုခေါ် ပေးသည့် အခါ လိုက်၍မကူး၊ မိန်းခလေး အချင်းချင်း "အချစ်တော်" ဖွဲ့သည့် စာများသာ ရေးနေသည်။

ညီ မ လေး သက် သက် ကို ဖေဖေ သိပ်ဆူထား၍ သနားသွားပါသည်။ထို့ကြောင့် ချော့မော့ရန် ရည်ရွယ်ချက်ဖြင့် ညီမလေး အခန်းထဲသို့ကျွန်တော်ဝင်သွားပါသည်။ ညီမလေး ယခင်အတိုင်း စာပြန်ကျက်နေသည်ကို ဝမ်းသာအားရစွာ တွေ့မြင်ရပါသည်။

ယင်းထက် အံ့သြရသည်မှာကား ညီမလေး စားပွဲ ရှေ့တည့်တည့်နံရံတွင် ချိတ်ဆွဲထားသည့် ကတ်ထူ စက္ကူပေါ် မှ စာတန်းကလေးပင် ဖြစ်ပါသည်။ စာတန်းကလေးမှာ "ငါဘယ်သူ့အပြောအဆိုမှ ခံချင်သည့် မိန်းခလေး မဟုတ်၊ ဒါကြောင့် ဒီကနေ့ကစပြီး အရင်လို ပထမရအောင် စာပြန်ကျက် ပြမယ်" ဟူ၍ ဖြစ်သတည်း။

# ရည်ညွှန်းညောင်ရေသွန်း

တံပက်ကိုယ်စီ အိုးကိုယ်စီ၊
ပွေ့ယူပိုက်လို့ချီ။
ဗောဓိပင်ဆီ ဦးတည်လှမ်း၊
သွန်းလောင်းညောင်ရေချမ်း။


အောင်ခန်းဌာန ပလ္လင်ဗွေ၊
ထက်ဝယ်ဖွဲ့စံနေ။
မာရ်စစ်ဗိုလ်ခြေ ရန်တသင်း၊
နှိမ်ချိုးသုတ်သင်ရှင်း။

ညဉ့်သုံးယာမ်တွင်း ပု-ဗိ-အာ၊
ပိုင်ဆိုင်ရရှိကာ။
အရဟတ်နိဗ္ဗာ ရောင်ခြည်မြူး၊
ကဆုန်လပြည့်ကူး။

မြတ်တရားထူး သိတော်မြင်၊
ဗုဒ္ဓဘုရားရှင်။
ဗောဓိညောင်ပင် မိုပွင့်ထွန်း၊
ရည်ညွှန်းညောင်ရေသွန်း။ ။

မောင်မိုးသီး





# ငလွှန်း

ငလွှန်းတို့၏ ခန္ဓာကိုယ်မှာ ဆလင်ဒါ ပုံသဏ္ဍာန် ရှိသည်။ အကြေးခွံများ သေးငယ်သည်။ ပါးစပ်သည် ကြီးမားပြီး သန်မာ ချွန်ထက်သော သွားများ ရှိသည်။ အရွယ်အစားမှာ ကြီးမားပြီး ကြမ်းတမ်းသော သားစားငါးများ ဖြစ်၏။ အချို့ အကောင်များသည် အလျား ၁၂ ပေထိ ရှည်သည်ဟု သိရသည်။

ယင်းတို့သည် အကြမ်းတမ်းဆုံးနှင့် အရဲတင်းဆုံး ငါးမျိုးဖြစ်သဖြင့် အချို့သော ငမန်းတို့ထက်ပင်ကြောက်စရာကောင်းသေးသည်ဟု ဆိုသည်။ ဤငါးမျိုးသည် ရေတိမ်ပိုင်းရှိ အခြား ငါးသတ္တဝါများကို ဖမ်းဆီးသတ်ဖြတ်ပြီး အနားယူနေသည့် အချိန်တွင် စားသောက် နေတတ်လေသည်။

ငလွှန်းတို့သည် ပင်လယ်ရေတိမ် ကမ်းစပ်ထိ ဝင်ရောက်လာတတ်သည်။ မျက်စိရှင်ပြီး အကိုက်သန်သည့် ငါးဖြစ်သဖြင့် ပင်လယ်ကမ်းစပ် အပန်းဖြေ ရေကူးစခန်းများတွင် အထူး သတိထား၍ နေရပေသည်။ ဩစတြေးလျနိုင်ငံ ကမ်းခြေများတွင် အပန်းဖြေရေကူးသူများအဖို့ ငမန်း၏ အန္တရာယ်ထက်ငလွှန်း၏ အန္တရာယ်ကို ပို၍ စိုးရိမ်ရသည်ဟု ဆိုသည်။ ထူးခြားသည်မှာ ဤငါးသည် ယောကျ်ားများကို ကိုက်လေ့ကိုက်ထမရှိပဲ အမျိုးသမီးများကိုသာ ကိုက်လေ့ရှိ၏။ နှစ်စဉ် ဆယ်ဦးထက် မနည်း ယင်းတို့၏ အကိုက်ခံရတတ်သည်ဟု သိရပေသည်။

ရခိုင်ဖက်တွင် ယင်းကို “ငလွှန်း”ဟု ခေါ်ပြီး မြစ်ဝကျွန်းပေါ်ဒေသ၌ “ပင်လယ်ငမြွေထိုး” ဟူ၍၎င်း၊ “မြိတ်ဖက်၌ “ကျည်ပွေ့တောင့်” ဟူ၍၎င်း ခေါ်ကြသည်။ ယင်းတို့ကို ငါးစို အဖြစ်၎င်း၊ ငါးခြောက်အဖြစ်၎င်း စားသုံးနိုင်ပေသည်။

**သောင်းစု(သုတေသန)**




၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၇) က ထုတ်ဝေ၍ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး (ပုံနှိပ်) ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၂၂။

# ရွှေသွေး ဂျာနယ်


## ငါကိုယ်တော် ကျီးဖို

ပန်းချီ - ဦးဘကြာဉ်
ဇာတ်လမ်း - ကျော်မြင့်တင့်(အင်းဝ)


၁၃၃၇ ခု၊ ကဆုန်လဆုတ် ၇ ရက် (၃၀-၅-၇၅)






စနေနေ့တိုင်း ထုတ်ဝေသည်။




ဘော: အဆူရယ် ၅ိလဲ ၅ိဖြန်းမယ်
ကြက်ငယ် - ငှက်ငယ်တွေလဲ အလွတ်မပေး
ဘယ့်နှဲ့ကွယ် - ရမ်းလျှမျှော်ကလို၊ ငါတို့ စွန်တွေတောင် သတိထားရ တယ်ကွဲ။
ကိုယ့်ဝမ်းစာ ကိုယ်ရှာစားတာဘဲ - ကိုကြီး စွန်ရယ် - ဘယ်လောက်ရဲရိုက်ရမှာလဲ။ ကျနော် ဒုက္ခ ဖြစ်ယင်ကျနော့်အမျိုး ကျီးတွေဟာ - ကြည့်မနေပါဘူး။ မိုင်းအားမှာပါ . . .
ထိုကဲ့သို့ ဆွေမျိုး အားကိုးလျှက် ထန်း ပင်ထက်တွင် အ သိုက်ဆောက်၍ ဒိုး မြီ၊ လုမြီ၊ ရမ်းမြီသာ ရမ်းကာ တကိုယ် တော် ကျီးမိုသည်-
မိသားစုနှင့် တကွ ပျော်ရွှင်စွာ နေထိုင် စားသောက်နေလေသည်။


တနေ့တွင် ကျီးဖိုသည်
ကြီးဝါးပြီး သစ်ပင်ထက်မှ တရှိန်ထိုး
ဒိုင်ဗင်ထိုးချလျက်
ကြက်ပေါက်စလေး တကောင်ကို ဝင်ထိုး
သုတ်ချီ ယူသွားလေ၏။
မိခင်ကြက်မကြီးခမျာ အော်ဟစ် လိုက်ဆွဲ
သော်လည်း မမှီလိုက်သဖြင့်-
ပူဆွေးကာ ချုံးပွဲချငို၍
စိတ်ထိခိုက် နေသလောက် ကျီးဖိုကား ကြက်
သားစားပြီး ဇိမ်ရှစ်နေလေ၏။



ထိုအခြင်းအရာကို ကျီးအိုကြီး တကောင်က တွေ့သော် ကျီးဖိုအနားသို့ ချဉ်းကပ်၍ ဆုံးမတော့သည်။
မောင်ကျီးဖိုရဲ့ — ဒို့ ကျီးအမျိုးသားများဟာ သူများလွှင့်ပစ်တာလောက်ပဲ စားသောက်ကြသကွဲ့။ ဦးသားရှာ- - - -
ရှာဖွေ စားသောက်တာကလဲ-ဘေးအန္တရာယ် ကင်းတယ်။ ခိုးစား-လုစားတာဟာ-ဖေါက်ပြန် လုပ်တဲ့ လုပ်ရပ်.......
ကြည့်စမ်း-ကြက်ပေါက်စလေးကို-မင်း အစိမ်းလိုက် ကိုက်စားပြီး ကျေနပ်နေသလောက် သူ့အမေ-မကြက်မ-ဘယ်လောက်ခံနေရသလဲ
ခင်ဗျား ကြီးတာ အနေသာကြီးပါ။ ကျုပ် သားမယား အတွက်-ကျုပ်နည်း နဲ့ကျုပ်-ရှာ တာ - ဘာဖြစ်လဲ,
ခိုးမယ်-လုမယ်-သတ်မယ်-ဖြတ်မယ်။ ဘယ်သူ့မှ မှုစရာ မလိုဘူး
ပြောမရသည့်အဆုံး၌ ကျီးအိုကြီးသည် ကျီးစည်းဝေးခေါ်၍ ထိုကိစ္စကို တင်ပြလေရာ-
× × × × × × × × × × × × ×
ဝိုင်းပယ်မယ်
ဟုတ်တယ်
သဘောတူတယ်
တနေ့သောအခါ ကျီးဖိုသည် အစာရှာထွက် လာရင်း တစုံတခုကိုတွေ့ရာ—
အီး - ဒါမျိုးတွေ မစားဘူးသေးဘူး
အုံးမှာဘဲ
အသာလေး ပျံဆင်းသွားပြီး အခြေအနေကို ကြည့်လေသည်။
နို့ငနဲကြီး-အိပ်ပျော် နေတာဘဲ---


ခွေးကြီးသည် မှိန်းနေစဉ် ကျီးတောင်ပံခတ်သံ ကြားသဖြင့် သတိနှင့်နေ၏။
ကျီးဖိုကလည်း အသာလှည့်ပတ်ကြည့်ပြီး ခွေးကြီး အိပ်ပျော်နေသည် ထင်သဖြင့်
စိတ်ချလက်ချ စိတ်ကြိုက် အစာတခုကိုချီ၍ ပျံတက်စဉ်-
ခွေးကြီးသည် ရုတ်တရက်ထခုန်ပြီး
ဖမ်းလိုက်ရာ မိသွားလေ၏။
ထိုအခါ ကျီးဆွေးမျိုးအပေါင်းကို အော်ဟစ် တိုင်လိုက်လေရာ



ကျီးဖိုရဲ့ ဝယ်သံပါအောင် အော်ဟစ်သံကြောင့် ကျီးများဝိုင်းလာကြသော်လည်း တကိုယ်တော် ကျီးဖိုဖြစ်နေသည်ကိုတွေ့လျှင် ခါတိုင်းကဲ့သို့ ရန်သူအား အော်ဟစ် ချောက်လှန့် ဝိုင်းဝန်း ထိုးဆိတ်ခြင်းမပြုတော့ပဲ
ဟယ်--ကျီးမိုက် -
လောဘကြီးစွာနဲ့ တပ်မက်မောတဲ့သူ----
မတရားနည်းနဲ့ ရှာဖွေစားသောက်တဲ့သူ-----
နင်လို ယုတ်မာတဲ့ ကောင်
ဤသို့ဆို၍ အသီးသီး မိမိတို့ဆိုင်ရာဌာနသို့ ပြန်သွားကြသောကြောင့်-
သို့သော် ကျီးဖိုနောင်တရသည်ကား နောက်ကျသွားပြီတကား-


အချစ်လွန်သူ
ဇာတ်လမ်း - ညွှန့်အောင် (ကြံခင်း)
ပိုးကောင်လေး တူးတူးသည် သူ့ကိုယ်သူ သိပ်ချစ်သည်။
ပင်ပန်းမည်စိုး၍ အလုပ်လည်းမလုပ်—
မောပန်းမည်စိုး၍ ကျန်းမာရေး ကိုလည်း မလိုက်စား။
ထို့ကြောင့် အဆီယစ်ကာ ဝဖြိုးပြီး လျင်မြန်စွာ မလှုပ်ရှားနိုင်တော့၍
ပျံသွားတကောင်၏ အစာဘဝသို့ ရောက်ရှိသွား လေတော့သည်။


# ထူးဆန်းထွေလာ



တူကန်ခေါ် အောက်ချင်းငှက်၏ ရောမန္တတ်သီးကြီးမှာ ကြီးသလောက် အားကောင်းသော်လည်း နှုတ်သီးခွံမှာ အလွန်ပါးပြီး အလေးချိန်အားဖြင့် ပြောပလောက်အောင် လေးလံခြင်းမရှိပေ။




ကြံ့၏ နှာထိပ်ဖျားရှိ ချိုမှာ ဦးချိုမဟုတ်ပေ။ သိပ်သည်းစွာ ကျစ်ခဲနေသော အမွေးအမှင်စုသာ ဖြစ်လေသည်။



မက္ကဆီကို နိုင်ငံမှ မစ်ရှီအမည်ရှိ ခွေးတမျိုးမှာ ကိုယ်ပေါ်၌ အမွေးအမှင် တပင်မျှ မရှိပဲ ပြောင်ချောနေ၏။ သူ့ကိုယ်မှာ အမြဲပူနွေးနေ၍ အကိုက်အခဲ ရောဂါရှိသူများ ယင်းခွေးကို ပွေ့ချီထားပါက အကိုက်အခဲပျောက်သည်ဟု ဆို၏။



နိုင်ငံခြား စာအုပ်နှင့် ရုပ်ရှင်များတွင် တွေ့ရတတ်သော လူရိုးနှင့် ဦးခေါင်းခွံပုံပါ ပင်လယ်ဓားပြ အလံမှာ စင်စစ်တယ်ခေတ်က ပင်လယ်ဓားပြမျှ အသုံးပြုခဲ့ကြသည်မဟုတ်ပဲ အစိုးရတပ်များကသာ အသုံးပြုခဲ့ဘူးသည့် စစ်အမှတ်အသားဖြစ်၏။



အမျိုးသမီး ၂၅၀၀ တွင် တယောက်၊ အမျိုးသား ၂၅ ဦးတွင် တယောက်သည် အနီရောင်နှင့် အစိမ်းရောင်ကို ခွဲခြားမြင်နိုင်စွမ်း မရှိချေ။

# သိမှတ်စရာ


ရေးသူ ဖိုးသိကြား
သရုပ်ဖော်




အနောက်တိုင်း ရာဇဝင်ပါ ရှာလီမိန်း ဘုရင်ကြီးသည် အလွန် အားခွန်ဗလကြီး၍ မြင်းခွာ သုံးခုကို ထပ်ကာ ကွေးသွားအောင် ညှစ်ပြနိုင်သည်။ သူ့အရပ်မှာ ရှစ်ပေရှိ၍ သူ့ဖခင်"ဗိပင်"မှာမူ အရပ်လေးပေခွဲသာ ရှိ၏။




သက်ရှိ သတ္တဝါများ အနက် ဆင်တမျိုးတည်း၌သာဒူးခေါင်း လေးဖက် ပါရှိလေသည်။



မိကျောင်း ခေါင်းတို့သည် ပါးစောင် မေးရိုးအား အလွန်ကောင်း၍ ပင်လယ်လိပ်ကြီးများကို ပင် ကြိတ်ဝါးနိုင်စွမ်း ရှိသော်လည်း ယင်း၏ ပါးစပ်ကို လူ၏ လက်တဖက်တည်းဖြင့် အလွယ်တကူ ဆွဲစေ့၍ ရနိုင်၏။



ငမန်း၏ အစာ ချေချက် စွမ်းအားမှာ အံ့ဩစရာကောင်း၏။ ယင်း၏ အစာအိမ်တွင်ရှိ စေးပျစ်သည့် အစာချေရည်တမျိုးသည် အရာဝတ္ထုဟူသမျှကို ချေဖျက်နိုင်စွမ်းရှိ၏။ တခါက ငမန်း၏ဝမ်းကို ခွဲကြည့်ရာ မြင်းခွာတခုမှ သံများမှာ ကျေပျက်စ ပြုနေသည်ကို တွေ့ရ၏။ ထိုအရည် လူကိုယ်ပေါ်သို့ ကျရောက်ပါက အရေပြားလောင်သွားနိုင်သည်ဆို၏။


ငါ့မြင်းတစ်ခုခုဖြစ်ရင် အလျော်ပေးရမယ်၊ ညနေ ပြန်ပို့--ကဲယူသွား--
ဘာမှမဖြစ်စေရပါဘူး စိတ်ချပါ
နေ့ချင်းပြန်နိုင်အောင် တောလမ်းကဖြတ်စီး သွားမှတဲ့--
တနေ့တွင် မောင်ကံသည် သူဌေးကြီးဦးချမ်းသာထံမှ မြင်းကို ခဏ ငှားရမ်းစီးလေသည်။
တောကျွဲရိုင်းကြီး လိုက်လာပြီ မြန်မြန်ဒုန်းစိုင်းမှ--
ညနေစောင်း၍ ပြန်ရာတွင်-
မြင်းကို ဒုန်းစိုင်းစီးစဉ် မြင်းမြီးမှာ ပြတ်၍ ကျန်ခဲ့လေသည်။
ဟာင်--ငါ့မြင်းမြီးပြတ်လာပါလား၊ မင်းကို တရားစွဲမယ်၊ ကဲ--လာ တရားသူကြီးထံ လိုက်ခဲ့--
ဦးချမ်းသာ မြင်းကိုပြန်အပ်သော်--
သို့ဖြင့် ဦးချမ်းသာနှင့်မောင်ကံသည် တန်တားကို ဖြတ်ကျော်ပြီး တရားသူကြီးထံ လာကြလေသည်။



ထိုစဉ်မောင်ကံသည် တန်တားပေါ်မှခြေချော်၍ လှေပေါ်သို့ ကျလေသည်။
ဟေ့-ကျုပ်လှေကြဲသွားပြီ။ မင်းကို တရားစွဲရမယ်၊ တရားသူကြီးဆီ သွားမယ် -
ဗျာ
ဒါက လှေဆင်းရဲ့ ဒီတရားသူကြီးဟာ ငွေမက်တဲ့ သူပါ၊ ဒီအမှုကိုငါနိုင် အောင်လုပ်ရ မှာပဲ -
သူတို့သုံးဦး တရားသူကြီးထံ သွားကြ၏။
တရားလို-ဦးချမ်းသာနဲ့ လှေသူကြီးတို့ ပြောတဲ့ အတိုင်းမှန်ယင် တရားခံမောင်ကံဟာ အပြစ်ကြီးများသည် -
ဒါ-အထုပ် ပြမှာပဲ -
တရားသူကြီးထံရောက် ကြလေသော်-
မောင်ကံသည် သူ့အထုပ်ကြီးကို တရားသူကြီး မြင်အောင်ပြ၏။
အင်း-တရားခံ ငါ့ကို ငွေထုပ်ကြီး ပြနေတယ်-ပွက်ပါပဲ --
တရားသူကြီးဆုံးဖြတ်ချက်ကို ကျွန်တော်တို့ ကျေနပ်ပါတယ်-
ဒီက ဦးချမ်းသာမှ အဖြီးတို့ကို အဖြီးရှေ့တဲ့အဖိုး မောင်ကံထံ ပေးထားပြီး၊ အဖြီးငွေမှ ဦးချမ်းသာ ကိုပြန်ပေးစေ -
ဗျာ


ကဲ-မောင်ကံက တံတားအောက် ကလှေမှာ ထိုင်နေပြီး၊ လှေသူကြီးက တံတားပေါ်မှ မောင်ကံအပေါ်ကို ခုန်ချပြီး ကလဲ့စားချေစေ
ဟိုက်
ဟဲ-ဟဲ-ငါ့မြင်းအမြီး တိုဘဲ ယူပါတော့မယ်၊ ပြန်ပေးနော်-
ဘယ်ရမလဲ တရားသူကြီး ဆုံးဖြတ်တဲ့အတိုင်း ယူထားရမယ်-ဗျ
ထိုသို့ တရားသူကြီး ဆုံးဖြတ်လိုက်သည်။
ကဲ-မင်းသုံးဖို့ ငွေဒီမှာယူ ငါ့မြင်းကို ပြန်ပေးနော်
ဒါဖြင့်လဲ မြင်းကို ပြန်ယူသွားပါ
ငါ့လှေကွဲတာ ကျေနပ်ပါတယ်ကွာ၊ တံတားပေါ်က အောက်မှာ နေတဲ့မင်းအပေါ် ကိုငါခုန်မချ ပါရစေနဲ့-
အို-ဘယ်ရမလဲ ခုန်ချရမှာပေါ့ ဒါ-တရားသူကြီး ဆုံးဖြတ်ထားတာ
ဟဲ-ဟဲ-ဟဲ-ငါမလုပ်ပါရစေနဲ့ကွာ၊ ကဲ-ငွေငါးဆယ် မင်းသုံးဖို့ယူကွာ၊ ငါသွားမယ်.
ဒီလိုဆိုလဲ မလုပ်နဲ့ပေါ့ဗျာ
သို့ဖြင့် ဦးချမ်းသာနှင့် လှေသူကြီး တို့ ပြန် သွားကြသည်။
ကဲ-မင်းအမှုနိုင်အောင် ငါဆုံးဖြတ်လိုက်ပြီ၊ ဘယ်မှာလဲ ငါ့ကိုပေးတဲ့ငွေထုပ်ကြီး-
ရပါတယ်
ထို့နောက်တွင်-
ငွေမျက်နှာလိုက်ပြီး ငွေမက်တဲ့တရား သူကြီးမို့ မတရားလုပ်ယင်-ဟောဒီ ကျောက်ခဲနဲ့ ထုသတ်မယ်လို့ ကျောက်ခဲ ထုပ်ကိုပြတာ၊ ငွေထုပ် ပြတာ မဟုတ်ဘူး ဟဲ-ဟဲ-ဟဲ-
ဟိုက်

# မွန်ဂိုကေရာဇ် ဂျင်ဂစ်ခန်



တရုပ်ပြည် တလွှားမှ ရုရှအထိ နယ်ပယ်ကျယ်ဝန်းစွာတိုက်ခိုက်သိမ်းယူနိုင်ခဲ့သော အရှေ့တိုင်းသား စစ်ခေါင်းဆောင်ကြီး ဂျင်ဂစ်ခန်သည် အသက် ၁၅ နှစ်သားကပင် စစ်တိုက်ခဲ့သူဖြစ်၏။ သူ၏ ငယ်မည်မှာ တီမူဂျင်း ဖြစ်၍ "သံမဏိလုပ်သား"ဟု အမိပ္ပာယ် ရသည်။ အသက် ၃၉ နှစ်တွင် "ခန်"ဘွဲ့ကိုယူသည်။ အတုမရှိ ဗိုလ်ချုပ်ဟု အဓိပ္ပာယ်ရသည်။ သူသည် အထွတ်အထိပ်ရောက်အောင် အနှစ် ၂၀လုံးပမ်းခဲ့ရပြီး အာရှတိုက်နယ်ပယ်များကို သိမ်းပိုက်နိုင်ရန် နောက်ထပ်အနှစ် ၂၀ စစ်တိုက်ထွက် ခဲ့ရလေသည်။

၁၂၀၆ ခုနှစ်တွင် တရုပ်ပြည်ကို အလုံး အရင်းနှင့်ချီတက်တိုက်ခိုက်သည်။ ကမ္ဘာတွင် ထင်ရှားသော တရုပ်ပြည်တန်တိုင်းကြီးကို သုံးနေရာမှ တိုက်စစ်ဆင် တက်ရောက် သိမ်းပိုက် လိုက်ပြီး မကြာမီ တရုပ်ပြည် မြောက်ပိုင်း တပိုင်းလုံးကို အောင်နိုင်ခဲ့သည်။ ထိုမှ အနောက်ဖက်တလွှားသို့ ချီတက်ပြီး အိန္ဒိယ၊ ပါးရှားနှင့် အာဖဂန်နစ္စတန်နိုင်ငံများ၏ တစိတ် တဒေသကို သိမ်းသွင်းခဲ့သည်။ ထိုမှ ရုရှပြည်ကြီး၏ နယ်ပယ်ကြီး အများ အပြားကိုဆက်လက်သိမ်းသွင်းနိုင်ခဲ့သည်။ ၁၂၂၅ ခုနှစ်တွင် အာရှတိုက်ကြီး တခုလုံးနီးပါး သူ့လက်တွင်း ကျဆင်းခဲ့သည်။ သူတိုက်ခိုက်သိမ်းယူခဲ့သော နယ်များ၏ သည်ဖက်စွန်းမှ ဟိုဖက်စွန်းထိ သွားလျှင် တနှစ်ကြာလိမ့်မည်ဟု ဂျင်ဂစ်ခန်က ဆိုခဲ့ဘူးသည်။

သူ စစ်ထွက်သည့်အခါ သူ့သား များအား တပ်မကြီးများကို ခေါင်းဆောင်စေပြီး ရဲသွေးရဲမာန်သွင်းပေးခဲ့သည်။ စွမ်းစွမ်းတမာန် တိုက်ခိုက်ကြ၍ အောင်ပွဲအများရကြသည်။ သို့သော် သူသည် အများထင်သလောက် ရက်စက်ကြမ်းကြုတ်သော ကေရာဇ်မဟုတ်ပေ။ သူသည် မိမိလက်ထဲ ရောက်ရှိထားသော နယ်ပယ် များကို ကျကျနန မအုပ်ချုပ်ရမီ ၁၂၂၇ ခုနှစ်တွင် ကွယ်လွန်သွားရှာလေသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

## လှေလှော်ကလေးမောင်လူအေး

နွယ်(ရေးသည်)



မောင်လူအေးသည်အသက် ဆယ်နှစ်ရှိပါပြီ။သူတွင် အသက် ရှစ်နှစ်ရှိယ် ညီမလေး မညိုမွေး ရှိသည်။ သူတို့မောင်နှမ နှစ် ယောက်သည် သူတို့ နေသော ရွာလေးမှ မြစ်တဖက်ကမ်းကို ကူး၍ မြို့ကျောင်းသို့ လှေဖြင့် တကူးတက တက်ရ ပါသည်။

မောင်လူအေးသည် အလွန် လိမ္မာသည်။ ကျောင်းအား သည့် အချိန်တွင် မိဘ၏လယ် ယာ လုပ်ငန်းတွင် ကူညီ လုပ် ကိုင်ပေးသည်။ သို့ရာတွင်သူက် လက် ဖျတ်လတ်သည်နှင့် အမျ အလုပ်ကိုမူ ဘယ်တော့မှ သေ သေချာချာ မလုပ်တတ်ပေ။ထို ကြောင့် အဆင်မပြေ မှုများ မကြာခဏ ဖြစ်ရသည်။

တခါက မောင်လူအေး၏ ဖခင်သည် သူမွေးထားသော ကြက်တကောင်ကို သူ့ ဦးလေး ထံ ပို့ခိုင်း၏။ သူ့ဦးလေးသည် တဖက်ကမ်းတွင် နေ၍ ဖခင် ဖြစ်သူက ကြက်ကို သယ်ရာ၌ အဆင်ပြေစေရန် ပုတ်ပြတ်တခု ထဲတွင် အလုံထည့်၍ ပိတ်ပေး လိုက်သည်။ ကျောင်းသွားခါ နီးတွင် မောင်လူ အေးသည် ကမန်းကတန်း ပုတ်ကြီးကို ဆွဲ ယူ၍ လှေပေါ်တင်ကာ မောင် နှမ နှစ်ယောက် မြစ်ကိုကူး၍ ကျောင်းသွားကြသည်။

တဖက်ကမ်းသို့ရောက်သော အခါ ကျောင်းချိန်နီး၍ လှေကို ကမ်းဆိုက်ပြီးသည်နှင့် ပုတ်ကြီး ဆွဲကာ ဦးလေးအိမ်သို့ သွားပို့ လေသည်။ဦးလေးအိမ်ရောက်၍ ပုတ်ကြီးကို ဖွင့်လိုက်သောအခါ အထဲတွင် ဘာမျှပါမလာသည် ကို တွေ့ရလေသည်။ ထိုအခါ မောင်လူအေးသည် အိမ်ပေါ်မှ ဒလကြမ်း ဆင်းပြေးကာ လှေ ပေါ်တက်၍ သူ့ အဖေ ဆီ သို့ ပြန်လှော်သွားသည်။ထို့နောက် မောင်လူအေးက ငိုမဲ့မဲ့ဖြင့်

"အဖေ ပို့ခိုင်း လိုက် တဲ့ ကြက်၊ ဟိုလဲ ရောက် ရော လွှတ်သွားလို့ အဖေ့ရဲ့ ဦးလေး အိမ်ရောက်လို့ ဖွင့်ကြည့်တော့ ဟောင်း လောင်း ကြီး ဖြစ် နေ တယ်။ ရွာလိုက် ရတာလဲ နှံ့နေ တာဘဲ ဘယ်မှာမှ မတွေ့ဘူး"

ထိုအခါ သူ့ဖခင်က

"အဖေ အလုံပိတ်ပေးလိုက် တာဘဲ မလွတ်နိုင်ပါဘူး၊ ကဲ သွားကြက် ထည့်တဲ့ ပုတ်ထား တဲ့ နေရာသွားကြည့်ရအောင်"

သူ တို့ နှစ် ယောက် သွား ကြည့်သောအခါ မောင်လူအေး သည် ကြက်ထည့် ထားသော ပုတ်ကို မယူပဲ ကျောင်းသွား ချင်ဇောဖြင့် ပုတ်အလွတ်ကြီး ကို ယူသွားကြောင်း တွေ့ရလေ သည်။

ထို့ကြောင့် မြစ်ကို လှေဖြင့် အ မော တ ကော လှော်ခတ် ပြန် လာ သော သား ငယ် ကို ကျောင်းဆက် မတက်စေတော့ ပဲ အိမ်၌ အနားယူစေကာ နေ့ လယ်ဖက်တွင် လယ်ကွင်းထဲသို့ ခေါ် သွားလေသည်။

လယ်ကွင်းထဲတွင် ကောက် ရိတ်သမားတို့ ချန်ထားခဲ့သော ရိုးပြတ်တို့သည် ဟိုတပင် သည်

တပင် ကျိုးတိုး ကျဲတဲ ရှိနေသည်။ ခပ်လှမ်းလှမ်း တနေရာတွင် လယ်သမားကြီးများ စပါးလှေ့နေကြသည်။ မကြာတော့သည့် အချိန်တွင် သူဖခင်ကဲ့သို့ပင် လယ်သမားကြီးများသည် စပါးအိုင်သို့ စပါးသွားရောင်းပြီးလျှင် လုပ်အားခ ငွေကြေးများ ရပေတော့မည်။

ဟိုတွေးသည်တွေးဖြင့် ငေးကြည့်နေသော မောင်လူအေးကို ဖခင်ဖြစ်သူက

"သားကို ဒီနေ့ ကျောင်းဖျက်ပြီး အဖေ ဒီကိုခေါ် လာတာအကြောင်းရှိတယ်သားရဲ့။ အခု လယ်ကွင်းထဲကို ကြည့်လိုက်စမ်း၊ ရိုးပြတ်တွေ ငိုးတိုးငေါက်တောက် ကျန်နေတာ မြင်တယ် မဟုတ်လား။ မိုးဦးစက ပျိုးပင်တွေကနေ ဆန်ဖြစ်တဲ့အထိ လှေကား တက်သလို တထစ်ပြီးတထစ်၊ တဆင့်ပြီး တဆင့် တက်မှသာ ဖွံ့ဖြိုးအောင်မြင်နိုင်မယ်။ ခု ရေတွင်းတူး၊ ခု ရေကြည်သောက်ချင်ယင်တော့ အရင်လို အနေးဖြစ်တတ်တယ် သားရဲ့။

"ဒီနေ့ကိစ္စကို ပြန်စဉ်းစားကြည့်စမ်း၊ သားရဲ့ ပျာယာခတ်မှုကြောင့်သူတပါးကိုလဲ မကူညီနိုင်၊ သားလဲ ကျောင်းပျက်ခဲ့ရတယ်။ သား စာမေးပွဲဖြေတဲ့အခါမှာလဲ ကမူးရှူးထိုး ရှေ့လောကြီးလွန်းလို့ တတ်ရဲ့သားနဲ့ အမှားတွေ ကြုံခဲ့ရတယ် မှတ်လား သား။

"သားကို ပညာတတ်စေချင်လွန်း လို့ တ ပင် တ ပန်း မြို့ကျောင်းမှာသွားတက်ခိုင်းတာဟာ အဖေတို့လို မဆင်းရဲစေချင်လို့ဘဲ။ လူဟာ ချမ်းသာချင်ယင် တိုးတက်မှုကို ရှာရမယ်။ တိုးတက်မှု ရှာတဲ့ အခါမှာ တွေ့လာတဲ့ အခက်အခဲတွေကို စိတ်အေးအေး ထားပြီး ဖြေရှင်းတတ်ရမယ်။ အခုဆိုယင် သားကို ရွာက လူတွေက သွက်လက်ဖျတ်လတ်တဲ့ လူတော်လေးလို့ ချီးမွမ်းကြတယ်။ ဒါပေမဲ့ သားဟာ ဘယ်ကိစ္စလုပ်လုပ်၊ မြန်မြန်ပြီးအောင်သာ အလောတကြီးလုပ်တတ်တယ်။ ဒီ ချွတ်ယွင်းချက်ကို ပြင်လိုက်တာနဲ့ သားဟာ လူရည်မွန် လူရည်ချွန်လေးဖြစ်လာမှာပါ။ သားရဲ့ ဘဝတလျှောက် လုပ်တဲ့ လုပ်ငန်းတိုင်းအောင်မြင် အောင်ဟာ 'မြန်၊ ကောင်း၊ သက်သာ' ဆိုတဲ့ ဆောင်ပုဒ်နဲ့ အကျုံးဝင်အောင် လေ့ကျင့်ပေးရမယ်ကွဲ့"

အဖေ၏ ပြောစကားများသည် မောင်လူအေး၏ ရင်ထဲဝယ် သံမှိုနှက်သလို စွဲမြဲ နေပါသည်။ အလုပ်ကိစ္စ တခုကို လုပ်တော့မည် ဆိုလျှင် သွက်လက်ဖျတ်လတ်ရုံဖြင့်မပြီး၊ ကြိုတင်စဉ်းစားဆင်ခြင်မှု၊ တိကျ မှန်ကန်မှုနှင့် ရှေ့ လောမကြီးမှုတို့ပါမှသာ အောင်မြင် နိုင်လိမ့်မည်ကို လူသွက်ကလေး မောင်လူအေးတယောက် နား လည်လိုက်ပါတော့သတည်း။

## တေဇလူငယ်


တေဇလူငယ် ရည်ရွယ်ချက်ကို
ဦးထိပ်ရွက်လို့ ပန်ဆင်မယ်။
တာဝန်ကိုကွယ် သည်ကာပိုးလို့
ပြည်ရွာအကျိုး ဆောင်ရွက်မယ်။
ပညာကိုကွယ် တို့ကြိုးစားလို့
အမျိုးသားဂုဏ် မြှင့်တင်မယ်။
စည်းကမ်းကိုကွယ် ဂရုစိုက်လို့
လိုက်နာကျင့်သုံးစောင့်ထိန်းမယ်။
မိဘဆရာ ဂါရဝပြုလို့
ရိုသေသမှု ရှိရမယ်။
ကိုယ်နှုတ်မှုရာ ချိုသာအေးလို့
လိမ်မာရေးခြား ရှိစေမယ်။
လူငယ်ချင်းကွယ် မိတ်ဆွေပြုလို့
ချစ်ကြည်မှုကို မြဲစေမယ်။
ကိုယ်လက်ခန္ဓာ သန့်ကာရှင်းလို့
ကျန်းမာခြင်းနဲ့ ညီစေမယ်။
အမျိုးဘာသာ ယဉ်ကျေးမှုကို
တို့ရှေးရှုလို့ ထိန်းသိမ်းမယ်။
လူငယ်ပီပီ အားမာန်ပွားလို့
နိုင်ငံသားကောင်း ဖြစ်စေမယ်။
တို့လူငယ် ကျင့်လေကွယ်။ ။

ကိုကိုထွေး



R. 517

# ငစိုက်ထိုး



ငစိုက်ထိုး၏ ခန္ဓာကိုယ်သည် ရှည်လျား၍ ဘေးတိုက်ပြား ချပ်နေပေသည်။ အကြေးခွံများသည် သေးငယ်ပြီး ကြွေလွယ်သည်။ ပါးစပ်သည် ကြီးမား၍ အစွယ်များကို တွေ့ရှိရသည်။ အောက်မေးရိုး သည် ရှေ့သို့ငေါထွက်နေသည်။

မြန်မာနိုင်ငံတွင် ငစိုက်ထိုး နှစ်မျိုးနှစ်စား တွေ့ရှိရသည်။ ပထမအမျိုးမှာ ကိုယ်အလျား ၁၂ ပေထိရှိပြီး ဒုတိယတမျိုးမှာ အလျား ၁၈ လက်မသာရှိသည်။ အကောင်ကြီးမျိုးကို ပင်လယ်အနက် ပေ ၃၀၀၀ ကျော်ကျော်ထိ တွေ့ရှိရတတ်လေသည်။


ခန္ဓာကိုယ် အရောင်အဆင်းမှာ ကျောဖက်ပိုင်းတွင် အပြာရောင်သမ်းသော အစိမ်းရောင်ဖြစ်ပြီး၊ ဘေးဖက်ပိုင်းနှင့် ဝမ်းပိုက်ပိုင်းတွင် ငွေရောင်ဖြစ်သည်။

ငစိုက်ထိုးတို့သည် ရေထဲမှ အထက်သို့ ဒုံးပျံကဲ့သို့ တည့်မတ်စွာ ခုန်တက်နိုင်ပြီး၊ အောက်သို့ပြန်ကျသည့်အခါ၌လည်း တည့်မတ်စွာပင် ပြန်ကျလာတတ်သည်။ တခါတရံ ရေပေါ်တွင် ရှေ့သို့ အခုံးသဖွယ်ခုန်၍ ကူးခပ် သွားလာတက်လေသည်။ အထူးသဖြင့် လှေငယ်၊ မော်တော်ငယ်များ၏ စက်သံကိုကြားရလျှင် လန့်ဖျပ်ပြီး လှေပေါ်သို့ ခုန်တက် ရောက်ရှိ လာတတ်ကြလေသည်။

ငစိုက်ထိုးကို ဖမ်းဆီးရမိသောအခါ ယင်းသည် တွေ့ရာကို ကိုက်ခဲတတ်လေသည်။

ငစိုက်ထိုးကို မြိတ်ဖက်မှ “ဇလွယ်” ဟူ၍၎င်း၊ ရခိုင်မှ ငမောရှေ” “ငမောလွယ်” ဟူ၍၎င်း ခေါ်ကြသည်။ ယင်းတို့၏ အသားကို ငါးစိုအဖြစ်၎င်း၊ ငါးခြောက်အဖြစ်၎င်း စားသုံးနိုင်ပေသည်။

**သောင်းစု (သုတေသန)**



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး (ပုံနှိပ်)
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၃) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၂၃။

# ရွှေသွေး ဂျာနယ်


၁၃၃၇ ခု၊ ကဆုန်လဆုတ် ၁၄ ရက် (၇-၆-၇၅)


## လွဲမှားသော ချေ့တာရေး


ပန်းချီ-ဦးဘကြည်၊
ဇါတ်လမ်း-ခင်ခင်လင်း




စနေနေ့တိုင်း ထုတ်ဝေသည်။


မောင်ထွေးလေး၏ ပြောတတ်ဆိုတတ် နှမြောတတ်ပုံကြောင့် တအိမ်လုံး သဘောကျလျက်ရှိသည်။
မေမေ .. အနော့်ကို - နေပါဦး လေးက - ချောင်းကြည့် နေတယ်။
ဟဲ့ - ကလေးကို ရှက်ပြောသီး ပေးလိုက်။
နင်တို့ကလဲ - လုံအောင်မှ မထုပ်ထားဘဲ၊
နံနက်ကျောင်းသွားလျှင် အိမ်မှ လဲပေးလိုက်သော အင်္ကျီအသစ်များ နှင့် ရှိုးကျကျ ကျောင်းတက်သော်လည်း
ကျောင်းကပြန်လာသည်နှင့်တပြိုင်နက် လူကြီးများပစ်ထားသော အင်္ကျီစုတ် အပြဲများလဲပြီး ကစားလေတော့သည်။
ထမင်းစားလျှင် ထမင်းသက်သက်စား၍ ဝမ့်ပေးထားသော ဟင်းကို ဖိမ်နှင့် တဝက်လောက်သာ စားတတ်၏။
အမေ - သားဟင်းတွေ သိမ်းထားပါ၊ နေ့လယ် မှ စားမယ်
မကြာခဏဆိုသလို အိမ်သားများက သူမသိအောင် သူ့မုန့်များကို လွှင့်ပစ်ရ၏။
ဟာ - မောင်ထွေး မုန့်တွေ သိမ်းထားတဲ့ မှိုတွေ တက်လို့ပါလား၊ ဟင် - ဟိုတခုကလဲ ပုရွက်ဆိတ်တွေနဲ့၊ လွှင့်ပစ်လိုက် ကြစမ်းပါဟယ်
တခါတခါ အစ်ကို အမများက မစားနိုင်၍ ထားခဲ့လျှင် နှမြောသော စိတ်ခတ်ဖြင့် ယူစားသောကြောင့်
ဗိုက်နာတယ် မေမေ
နာမှာပေါ့ - မနေ့က ပဲပျော်တွေ သိပ်စားတာကိုး၊ ရော့ - ရက်ဆားလေး စားလိုက်..
လျက်ဆား



ညှာတက်ကျလျှင် လူကြီးများကို သိုင်းအကနှင့် ဖျော်ဖြေရသည်မှာ အမောပင်
မယ်
မျက်စိကျဉ်း၍ ကပ်စေးနဲသောကြောင့် အစ်ကို အမများက ဗိုင်းစကြ၏။
မင်း ဟာ
မွေးစား သားအဲ့
ကြည့်ပါလား
နို့နဲ့ - နဲနဲမှ မတူဘူး
ဟာ
ဤသို့စလျှင် အလွန်စိတ်ဆိုး၍ —
သူများပြောသမျှကို ပြောင်းပြန်လုပ်၏။
မတက်နဲ့
တက်မယ်
မလာနဲ့
လာမယ်
ငါ့ကို မရှိုးနဲ့
ရှိုးမယ်
ဟေး.... နို့ကို ရှိုးတယ်ဟေး ဟဲဟဲ ဟဲ
သို့သော် တခုခု တောင်းလျှင်ကား နှမြော၍ မပေးချေ။
ငါ့ကို မခေါ်နဲ့
ခေါ်မယ်
မပေးနဲ့
မပေးဘူး
ငါ့စကား နားထောင်တယ်ဟေး ဟားဟား ဟားဟား။
ဘာပြောပြော ပေး ဘူး
မခံနိုင်သည့်အဆုံး၌ မိခင်ထံသွား၍ ငိုချလေတော့သည်။
သားအရင်း မှ
နေရမှာ


တနေ့သော် မိခင်က ရေချိုးခန်းတွင် စီးရန် ခုံ ဖိနပ်တရံ ဝယ်ပေး၏။
အမေရယ် သိပ်လှတာဘဲ--- -ဟီး-
သူ နှစ်သက်လွန်း၍ ထားစရာပင် ရှာမတွေ့။
အဲ ---- သိပြီ- အဖေ့ ခေါင်းအုံး အောက်မှာ ဖွက် ထားမယ်-ဘယ် သူမှ လာကိုင် ရဲမှာ မဟုတ် ဘူး ---- ဟဲ- ဒါ အလုံခြုံဆုံးဘဲ
နောက်တနေ့တွင်
သား-ဘာလို့ ဖိနပ်အသစ် မစီးတာလဲ၊ အဟောင်းကြီး စီးနေလား
သဲကြီးမှ မပြောက်သေးဘဲ -အမေကလဲ-
ပြတ်ပြတ် မပြတ်ပြတ် -စီး- မင့် ဖိနပ်ဟောင်းက -ခုံပါး-ချော-ပြီး ပေါက်တော့ မယ်။ သား မစီးရင် လွှင့်ပစ်လိုက် ရမလား ---
ဟုတ်ကဲ့၊ သား စီးပါ့မယ်။ အဟောင်း လေးတော့ သိမ်းထားပါရစေ
ထိုနေ့ညနေတွင် ဖိနပ်ဟောင်းနှင့်ပင် ကစားပြီး ရေချိုးရန် ရေချိုးခန်းထဲသို့ အရင်စလို ပြေးဝင်လိုက်ရာ
ဖိနပ်ဟောင်းသည် ခြေကုတ်မရပဲ
ဝုန်း


ချော်၍ ရေစည်နှင့်တိုက်မိပြီး လဲကျသွားလေ သည်။ ထို့ကြောင့် ---
ဒေါက်တာထံသွား၍ ဆေးထည့်ကြရ၏။
အတော် အကျကောင်းပေလို့ .... လက် နှင့် ဒူး တွေသာ ပွန်းပဲ့ သွားတာ။ အရိုးကျိုး နိုင် တယ်။ ခေါင်း ကွဲ နိုင်တယ်။ တော်သေး တာပေါ့။
အိမ်ပြန်ရောက်သောအခါ ဖခင်က
အဲဒါ မှတ်ထား - သား။ သား - မိနစ်အသစ်ကို ချွေတာ နေ တော့ ခုလို ခံရတာပေါ့။
ဘယ်သူ့မှလဲ မနေရဘူး
ချွေတာတယ်ဆိုတာ - ကောင်း ပါတယ်။ ဒါပေမဲ့ - လွဲမှားတဲ့ ချွေတာရေး ဟာ မကောင်းဘူး။ တခါတုန်းက - သား နှမြောလို့ဆိုပြီး - အမှည့်လွန်တဲ့ သစ်သီး တွေစားလို့ ဗိုက်နာပြီး ဆေးကုရတာ မှတ်မိလား ... -----
----တခါကလဲ - ထမင်း နှမြောပြီး မစားဘဲ သိမ်းထားတယ်။ နောက်တော့ မေ့နေတယ်။ သတိရလို့သွားကြည့်တော့ မုန့် တွေ ပုပ်ကုန်ပြီ။ ပိုက်ဆံနဲ့ ပေးဝယ်ထား ရတဲ့ မုန့် တွေ ဘယ်သူမှ မစားရဘဲ အလကား ဖြစ်သွား တယ် -----
... ဒါကြောင့် လွဲမှားတဲ့ ချွေတာရေး မဖြစ်စေနဲ့ ကွယ် .......
ထိုနေ့မှစ၍ မောင်တွေးသည် ချွေတာသင့် သလောက်သာ ချွေတာလေတော့ သတည်း။
ပြီး



သဘာဝကျကျ
မင်းတို့ကိုရောင်စုံခဲတံ ဘူးတွေ ပေးမယ်၊ ဒါပေမဲ့ - နည်းနေလို့ ကျောင်းသားနှစ်ယောက်ကို တဘူးကျစီကိုင်ရမယ်
မောင်နီတွတ်တို့ကျောင်းရဲ့ လက်တွေ့ဖွံ့ဖြိုးရေးအချိန် ပန်းချီထင်တန်းမှာပေါ့
ကဲ - လာယူကြ . လာယူကြ - ဘူးတဘူးမှာရောင်စုံခဲတံ (မြောက်) ချောင်းစီပါတယ် မပျောက်ကြစေနဲ့နော် ..
နီတွတ်နှင့် တိုးနီတို့ နှစ်ယောက်တတွဲက ရောင်စုံခဲတံ တဘူးရတယ်
ဟေ့ - နီတွတ် ငါ အရင်ဆွဲမယ် ..
အံမာ - ငါ အရင်ဆွဲမှာပေါ့
မလုပ်နဲ့ကွာ၊ မင်းက ပုံဆွဲ သိပ်ကြာတာ ငါ မကြာကြီး မစောင့်နိုင်ဘူး



သူတို့ ဆွဲပြီးတဲ့ပုံတွေကို ဘေးက သူငယ်ချင်းတွေကို ပြကြည့်တော့ အားလုံးဝိုင်းရယ်ကြလို့ အတော် ရှက်သွားကြတယ်။
ရှက်
ဟား
ဟား
ဟား
ဆရာရောက်လာတော့ သူတို့ပုံတွေ ကြည့်ပြီး ရယ်ပြန်ရော။
ဟဲ ဟဲ
ပြီးတော့မှ ဆရာက

# တူ




တန်ဆာပလာ များတွင် တူသည် ရှေးအကျဆုံး ကရိယာဖြစ်သည်။ ကျောက်ခေတ်အတွင်းကပင် လူတို့သည် ကျောက်ဖြင့်ပြုလုပ်သော တူများကိုသုံးစွဲခဲ့ကြသည်။

အလယ်ခေတ်ကလူတို့သည် တူကို မိမိတို့၏ လက်မှု ပညာများတွင်သာ သုံးစွဲခဲ့ရုံမက၊ စစ်လက်နက် အဖြစ်ဖြင့် လည်း အသုံးပြုခဲ့ကြသည်။ ယခုခေတ်၌လည်း လက်မှုပညာ ဆိုင်ရာ လုပ်ငန်းတိုင်းမှာလိုပင် တူကို အသုံးပြုလျက်ရှိကြ သည်။


တူမှာ ပန်းတိမ်သည်များသုံးသည့် တူငယ်မှအစ၊ ပန်းပဲနှင့် ဖွိုင်လာအလုပ်သမားများသုံးသည့် တူကြီးများ အထိ အမျိုးမျိုးရှိကြသည်။

အချို့သောလုပ်ငန်းများတွင် သတ္တုဖြင့်ပြုလုပ်သော တူများအစား သစ်သားတူများကို အသုံးပြုကြသည်။



# စန်းအောင်


ရေး / ဆွဲ





သစ်သား တူများကို သားရေနယ် လုပ်ငန်းများ တွင်လည်း အသုံးပြုကြသည်။

ထိပ်လုံးတူများမှာ သံမှိုရိုက်ရာတွင် အသုံးပြုသည်။ လက်သမားများ အသုံးပြုသော ဆိတ်ချိတူမှာ သံနုတ်ရာ တွင်၎င်း၊ သံရိုက်ရာတွင်၎င်း အသုံးဝင်သည်။ သံဖြူသမား များ အသုံးပြုသော ထိပ်ချွန်တူမှာ သံပြားခေါက်ဆက်ရာ တွင် အသုံးဝင်သည်။

ကျောက်ဖောက်စက်၊ လေဖိအားနှင့်လည်သော စို့ ရိုက်စက်၊ မြေတူးစက် စသည်တို့လည်း တူအမျိုးတွင် အ အကျုံးဝင်သည်။




အဆောက်အအုံကြီးများတွင် အုတ်မြစ် သံတိုင် များကို ယခင်က နာရီပေါင်းများစွာ စိုက်ယူကြရသော် လည်း ယခုအခါ အုတ်မြစ်ချစက်တူများဖြင့် မိနစ်ပိုင်းအ တွင်းပြီးအောင် ဆောင်ရွက်နိုင်သည်။ မော်တော်ယာဉ် ပုံသွင်းရာတွင် ဟိုက်ဒရောလစ်တူစက်ကို အသုံးပြုသည်။





တာဝန်
သိတတ်
သူ
ဖိုးခွေးသည် မိဘမဲ့ ကလေးတယောက် ဖြစ်သဖြင့် ကိုယ့်ဝမ်းကိုယ်ကျောင်းရသည်။ ရွာထဲတွင်ရေခပ်ခြင်း၊ ထင်းခွေခြင်းဖြင့် လူကြီးများ ခိုင်းသမျှ လုပ်ပေးသည်။
ဆင်းရဲဒုက္ခ ရောက်သလောက် အကျင့်စာရိတ္တ ပိုင်းတွင် ပြည့်စုံသည်။ မခိုးမဝှက်၊ မလိမ်မညာ၊ လူကြီးများ၏ သနားကြင်နာမှုကို ခံယူနိုင်သည့် ကလေးတယောက်ပင်။
တနေ့တွင် ရပ်ရွာကောင်စီဝင် လူကြီးအိမ်သို့ မြို့မှဧည့်သည်များ ရောက်လာကြသဖြင့်
ဟုတ်ကဲ့ - ဘကြီး
ရွာမှအထွက် ထန်းတောနားအရောက်တွင်-



ဦးကျယ်ငင်-မင်းကယ်မှမသွားနဲ့-ရွာထဲကတုတ်ကြီးတို့အိမ်ကနေစောင့်-ဦးလာခဲ့မယ်-ပစ္စည်း နဲနဲပါးပါးသယ်ခိုင်းချင်လို့..
ထိုနေ့ည
ဟေ့-ဖိုးချွေး-မင်းအိပ်ချင်အိပ်ပါလေ တရေးနိုးလောက်မှသူတို့လာကြ လိမ့်မယ်
ရပါတယ်-ကျနော် ကာတွန်းဖတ်ရင်းစောင့် နေပါ့မယ်
ညဥ့်အတော်နက်မှ မျိုးကြီးတို့လူသိုက် ရောက်လာကြသည်။
ကဲ-သွားဖို့ကောင်းပြီ
ဖိုးချွေးသည် မျိုးကြီးတို့လူသိုက်နှင့်အတူ အထုပ်အပိုးများသယ်ပေးရင်း လှေဆိပ်သို့လိုက်သွားသည်။
ကိုမျိုးကြီး-ဒါဘာတွေ လဲ-များလိုက်တာ
ဗျို့ဦးလေး-ရန်ကုန် ကို-ကုန်ကူးမလို့
ရော့-မင်းကိုကျေးဇူးအများကြီးတင်တယ် မင်းအတွက်ငွေနှစ်ဆယ်ယူထား၊ ဦးအခုလို ခရီးထွက်တာကိုဘယ်သူ့မှမပြောနဲ့-လူ ဆိုတာယုံရတာမှုတ်ဘူး၊ ကိုယ့်ဖိုးမွား၊သူ့ဖိုးမွား နားလိုကြတာ မဟုတ်ဘူး
ငွေနှစ်ဆယ်တောင်...များလှချည်လား ငါလုပ်ရတာဘာမှလဲမပင်ပန်း ပါဘူး


နောက်နေ့နံနက်တွင် ရွာထဲ၌ ပူညံပူညံဖြစ်နေကြ၏။ နေမြင့်အောင်အိပ်နေမိသော ဖိုးခွေးမှာ အလန့်တကြား ထထိုင်မိသည်။
အလို - ဘာသံတွေပါလိမ့်
ဟာ - သူက - ဒီရွာသမဝါယမအသင်းဆိုင် အဖေါက်ခံရတယ်ဆိုပါလား - တကယ်ထင်ရှုန် ဖိတ်အုပ်တွေနဲ့တခြားပစ္စည်း တွေပါသွားဆိုဘဲ
အင်း - ဒီကိစ္စမှာ - သူကကိုမျိုးကြီးတို့နဲ့တော့ မတ်သက်နေပြီ - ဒုက္ခပါဘဲ ဘယ်လိုလုပ်ရပါ့ ..
ဖိုးခွေးမှာ မိမိပါ ၀င်နေသောကိစ္စဖြစ်၍ ထိတ်သွား၏။
ငါ့ကိုဖမ်းချင်လဲဖမ်း၊ အပြစ်ပေးချင်လဲပေး ငါတယောက်အတွက်နဲ့ အများဒုက္ခရောက်တာ တော့မခံနိုင်ဘူး၊ အမှန်အတိုင်း လူကြီးတွေကိုဖွင့်ပြောမယ်
ပြီးလျှင် လူကြီးများထံသွား၍ တိုင်ကြားလိုက်ရာ
ဖိုးခွေး၏ ရိုးဖြောင့်မှု၊ သစ္စာသိမှုကြောင့် မျိုးကြီးတို့ ဖောက်ထွင်းသမားများကို ဖမ်းမိလိုက်သည်။
ဒီအမှုမှာမင်းဟာသက်သေအဖြစ်လိုက်ကူညီ ရလိမ့်မယ်ဖိုးခွေး၊ မင်းဟာအမှန်ကို အမှန်အတိုင်းဖွင့်ဟတဲ့အတွက် ချီးကျူးထိုက်ပါပေတယ်
ပြီး

သူသည် ယနေ့တိုင် ကမ္ဘာတွင် အထင်ရှားဆုံး အင်္ဂလိပ်ကဗျာဆရာ၊ ပြဇာတ်ရေးဆရာကြီးတဦး ဖြစ်သည်။ အမည်ရင်းမှာ ဝီလျံ ရှိတ်စပီးယား ဖြစ်ပြီး အင်္ဂလန်နိုင်ငံ ဝါရစ်ရှိုင်းယားနယ်တွင် ၁၅၆၄ ခု ဧပြီလ ၂၆ ရက်နေ့၌ မွေးဖွားသည်ဟု ဆိုသည်။ အထက်တန်းစားမိဘများမှဆင်းသက်လာသော်လည်း အသက် ၁၃ နှစ်သားခန့်ကစ၍မိဘများစီးပွားရေးအခြေယိုင်နဲ့လာသည့်အတွက် ပညာကို ဖြောင့်ဖြောင့်မသင်ခဲ့ရပေ။

သူသည်လန်ဒန်ပြဇာတ်ရုံတရုံ၌ပွဲကြည့်လာသူတို့၏မြင်းများကိုစောင့်ပေးရသောမြင်းစောင့်အဖြစ် စတင်အမှုထမ်းရသည် ဆိုသည်။ ထို့နောက် ပြဇာတ် မင်းသား အဖြစ် တဆင့် တက်ခဲ့သည်။

အသက် ၂၈ နှစ်တွင် သူ၏နာမည် စတင် ကျော်ကြားလာသည်။ သူသည် လန်ဒန်မြို့၌ ပြဇာတ်မင်းသားအဖြစ် အသက်မွေးရင်း တဖက်မှလည်း အောင်မြင် ကျော်ကြားစ ပြုသော ပြဇာတ်ရေးဆရာတဦး ဖြစ်လာသည်။ သူ့အား ပြဇာတ်မင်းသားအဖြစ် လူများ စတင် သိရှိလာကြပြီးမှ တစ



# စာရေးဆရာကြီး ရှိတ်စပီးယား

တစ ကမ္ဘာကျော် ပြဇာတ်ရေးဆရာကြီးဖြစ်လာခဲ့သည်။


သို့သော် သူသေပြီးနောက် "ဝီလျံ ရှိတ် စ ပီး ယား" ဆိုသူသည် စာတကြောင်းပင် ရေးသားခဲ့ဘူးသူမှ ဟုတ်ပါလေစ ဟု သင်္ကာမကင်း ဖြစ်လောက်အောင်သူ၏ ဘဝမှာ မှုန်ဝါးခဲ့သည်။ သူ၏ ရုပ်ပုံအစစ်၊ သူလက်ထပ်ခဲ့သော မိန်းကလေး၏ အမည်မှန် စသည်တို့ကိုပင် မှတ်တမ်းအစောင်စောင်၊ အထောက် အထား အမျိုးမျိုးတွင် မနည်း ရှာယူခဲ့ရသည်။ ဤသို့ သံသယမကင်း ဖြစ်ကြရသည်မှာ သူသည် ငယ်စဉ်က ကျောင်းကောင်းစွာနေခဲ့ရသူ မဟုတ်သဖြင့် သဒ္ဒါစည်းစနစ်ကျသော ပြဇာတ်ကြီးများကို ရေးသားနိုင်လိမ့်မည်ဟု မထင်ကြသောကြောင့် ဖြစ်လေသည်။

မည်သို့ ဆိုစေ သူ၏စာပေသည် ယနေ့တိုင် စာပေလိုက်စားသူတိုင်း၏ပါးစပ်ဖျားတွင် သုံးနှုန်း ကျူးရင့် နေရဆဲ ဖြစ်လေသည်။

**မျိုးညွှန့် (ရန်ကုန်တက္ကသိုလ်)**

# ဖြတ်စားလာဘ်စား

မောင်သာပြည့်



စနေနေ့ ဖြစ်သည်။ ဖေဖေက ရုံးသွားသည်။ မမလေးက သူ့သူငယ်ချင်းအိမ် သွားစကားသည်။ မမကြီးနှင့်မေမေက မီးဖိုချောင်တွင်ထမင်းဟင်းချက်နေသည်။ အိမ်ရှေ့တွင် ကျွန်တော်တယောက် တည်းသာ ရှိသည်။

အသက်နှစ်ဆယ်ရွယ်အစ်ကိုကြီးတယောက် အိမ်ရှေ့မှာ ရပ်လာသည်။ ထောင့်တွင် ထိုင်နေသော ကျွန်တော့်ကို မမြင်။ အိမ် ထဲ သို့ မျက် လုံး ကြီး ပြူးကြည့်သည်။ဘယ်လိုလူပါလိမ့်။ ကျွန်တော် က ထောင့် ကွယ် မှ ထရပ်ပြီး ထိုအစ်ကိုကြီးနှင့်မျက်နှာချင်းဆိုင်လိုက်သည်။

"ညီလေး ဒါ ဒေါ်ဒေါ်ကြည့်တို့ အိမ်မဟုတ်လား"

"ဟုတ် ပါ တယ် ဘာ ကိစ္စရှိလို့ပါလဲ"

အစ်ကိုကြီးက ဘာမှ ပြန်မ ပြော။ သူ့ အင်္ကျီ အိတ် ထဲ လက်နှိုက်လိုက်သည်။ ငါးကျပ်တန်တရွက် ပါလာသည်။

"ညီလေး က ဒေါ်ဒေါ်ကြည့်သားမဟုတ်လား။ ကျွန်းတောလမ်းကဒေါ်ဒေါ်သောင်းက မနေ့က ဈေးမှာယူသွားတဲ့ငွေငါးကျပ် ပြန်ပေး ခိုင်းလိုက်တယ် ပြောနော်။ အကို အိမ်ပေါ်မတက်တော့ဘူး"

အစ်ကိုကြီး ကတော့ငွေငါးကျပ် ကို ယုံယုံကြည်ကြည်ဖြင့် ကျွန်တော့်ကို ပေးအပ် ခဲ့ပြီ။ ကျွန်တော်ကမှတဆင့် မေမေ့ကို ပြန်ပေးလိုက်ရုံသာ ဖြစ်သည်။

မေ မေ့ ကို ငွေ ငါး ကျပ် ပြန်ပေးလိုက်လျှင် ကျွန်တော့်တာဝန် ကျေပြီ။ သို့သော် ထိုငွေ ငါးကျပ်ကို မေမေ့ မပေးပဲ ကျွန်တော့် လက်ထဲမှာ ကျစ် ကျစ် ဆုပ် ထား သည်။ သည် ငွေငါးကျပ်ကိုကျွန်တော် လိုချင်သည်။ ဘောလုံး တလုံး ဝယ်နိုင်သည်။ဘောလုံးဝယ်ပြီးလျှင် သူငယ်ချင်းများနှင့်ပျော်ပျော်ပါးပါး ဘောလုံး ကစားနိုင်မည်။ ငွေငါးကျပ်ကို ဘယ်လို အပျောက်ရှင်းရမည်နည်း။ အစ်ကိုကြီးငွေငါးကျပ်လာပေးတုန်းက ဘယ်သူမှမမြင်။

မေမေ ဆိုသည်က သိပ်ပြီး အားနာ တတ် သူ ဖြစ် သည်။ အခြားသူတယောက်က ပိုက်ဆံချေးလျှင် လွယ်လွယ်ပင် ထုတ်ပေးတတ်သည်။ ပြန်တောင်းဖို့ကျ မေမေ့နှုတ်ကမထွက်တော့။ သိတတ်၍ ပြန်ပေးလျှင် မေမေ ပြန်ရတတ်သည်။ မသိတတ်သူများအတွက်မူ မေမေ ခဏခဏ ဆုံးရှုံး ရသည်။ ကိုယ့် ပိုက် ဆံ ပြန်တောင်းသည်များ အားနာရသည်တဲ့။ ရိုးသားတဲ့ မေမေ။

ကျွန် တော် သည် ငွေ လာ ပေး သော အစ်ကို ကြီး၏ ယုံကြည် စိတ်ချ မှုကို ခု တုံး လုပ်၊ မေမေ၏ ရိုးသားမှုကို အခွင့်ကောင်းယူပြီး ငွေငါးကျပ်ကို မေမေ့ပြန်မပေးပဲ ယူထားလိုက်သည်။ ဒေါ်ဒေါ် သောင်းက ပေးပြီးပြီ ဆိုပြီး စိတ် အေးနေမည်။ မေမေက အားနာ၍ မတောင်းပဲ နေမည်။ ကြားက ကျွန်တော် အပိုင်စီးထားလိုက်သည်။

မ ကောင်း တတ် သည် ကို

တော့သိသည်။ ခေါင်းလုံးကလဲ ဝယ် ချင် သည်။ ငွေးကျပ်တန် စိမ်း စိမ်း လေး သည် ကျွန် တော့်ဦးနှောက်ကို တော်တော် အလုပ် ပေးချေပြီ။ ဒေါ်ဒေါ် သောင်းသည် ပိုက်ဆံ ပြန်ပေး ပါလျက်နှင့် မေမေမရ။ ဒေါ် ဒေါ်သောင်း ကတော့ မေမေ ရပြီးပြီဟု ယူဆမည်။ ပိုက်ဆံ မရသော မေမေက ဒေါ်ဒေါ် သောင်းကိုအထင်လွဲမည်။ ကျွန် တော့်စိတ် ဝေခွဲ မ ရ ဖြစ် နေ သည်။

ည စာ စား သောက် ပြီး မိသားစု စုံစုံ လင် လင် ဝိုင်း ဖွဲ့ စကား ပြော ကြ သည်။ သည် တွင် မမလေးက ပြဿနာကို အစဖော်လေပြီ။

"မေမေ၊ တနေ့က ဈေးမှာ ဒေါ်လေးသောင်း ပိုက်ဆံချေး တာ ပြန်ပေးပလားဟင်"

"မပေး သေး ဘူး သမီးရဲ့၊ မေမေ့လဲတောင်းရမှာ အားနာ လို့"

ဖေဖေက မသိဖာသာ နေ သည်။ မမကြီးက နှုတ်ခမ်းမဲ့ရွဲ့ ပြီး

"လူတွေက ပိုက်ဆံ အလ ကား ရတယ် များ ထင် နေ သ လား မသိဘူး၊ သူများပိုက်ဆံ ယူတုန်းကတော့ မျက်နှာ ငယ် ငယ်နဲ့၊ ပြန်တော့ မပေးချင်ကြ ဘူး၊ သိပ်မုန်းဘို့ကောင်းတာ"

ကျွန်တော် စိတ် မ ကောင်း ဖြစ်ရပြီ။ ကျွန်တော် ဖြတ်စား လပ်စား လုပ်မှုကြောင့် မှန်ကန် တိကျသော၊ ရိုးသားဖြောင့်မတ် သော ဒေါ်ဒေါ်သောင်းကို မေ မေနှင့် မမတို့က အထင် သေး ကြပြီ။ တရားခံကတော့ ကျွန် တော်။

ကျွန်တော့်ကိုယ် ကျွန်တော် ရှက် လာ သည်။ ကျွန် တော် သည် အောက်တန်းစားအကျင့် အကြံကို ကျင့်ကြံမိပြီ။ အမှား ကို မြင်သိ ပါ ပြီ။ ထို့ ကြောင့် ကျွန်တော်သည် ဖြစ်သနစ် စုံကို မေမေနှင့် မမတို့အား ပြန်ပြော ပြ လိုက် သည်။ သိမ်း ဆည်း ထားသောငွေငါးကျပ်ကိုလည်း ပြန်ပေးလိုက်သည်။

"ဖြစ်မှဖြစ်ရလေ ဝင်းကျော် ရယ်။ မမတို့ကဖြင့် ဒေါ်လေး သောင်းကို ရှုတ်ချ နေလိုက်ကြ တာ။ ပေး ပြီး တာ ကို မသိဘဲ သွားမျှား တောင်း မိ ယင်ဖြင့် ရှက်စရာ အားနာစရာ"


ကျွန်တော့်ကို ဆူလည်း ဆူ ကြသည်။ ရယ်လည်း ရယ်ကြ သည်။ သို့သော် ကျွန်တော့်မှာ တော့ စိတ်ပေါ့ပါးသွားသည်မှာ အမှန်ဖြစ်ပါသည်။

ကျွန်တော် အမြင်မှန်ရစေ သည်ဆိုရမည်။ အမှားကို သိ လျက်နှင့် ငြိမ်နေမိ၍ ပိုက်ဆံ သွား တောင်း လျှင် တော့ တောင်းသူ မေမေ၊ မမတို့လည်း မကောင်း၊ အတောင်း ခံရသူ ဒေါ် ဒေါ် သောင်း လည်း မ ကောင်း၊ ဖြတ်စားလပ်စားလုပ် သူ ကျွန် တော် ကား လုံး ဝ ကို မကောင်း။

## ရှေးခေတ်ပုဂံသား


ရှေးပုဂံပြည် လယ်သမားနဲ့
အလုပ်သမားတို့ မာန်ဝင့်ထယ်။
ထိုးကွင်းမင်ကြောင်
ယောင်တစောင်းနဲ့
အားခွန်ကောင်းလို့သန်မာတယ်။
ဆည်မြောင်းတာတမံ
ဆောက်တည်ထားလို့
သီးနှံစပါး စိုက်ပျိုးတယ်။
အတတ်ပညာလက်ရာကောင်းမေ့
စေတီတန်ဆောင်းအသွယ်သွယ်။
ရှုမောစရာ အံ့တွယ်ချီးပ
ပုဂံပြည်ကြီး သာယာတယ်။
နယ်ချဲ့သူတွေ
ကျူးကျော်ငြားတော့
လက်နက်လုံ့ဝား စွဲကိုင်တယ်။
မဟုတ်မခံ ကျင့်စိတ်ခတ်နဲ့
ဦးလည်မညွှတ် တိုက်ခိုက်တယ်။
စည်းလုံးညီညာ စွမ်းပကားနဲ့
ပုဂံသားတို့ အောင်နိုင်တယ်။
သိဘွယ်....မှတ်ဘွတ်။

တင်မောင်အေး (ပခုက္ကူ)



R. 517

# ငဆင်




ငဆင်၏ ကိုယ်အရောင်မှာ ငွေရောင်သမ်းနေပြီး ပထမ ကျောဆူးတောင်တွင်အမည်း စက်တခု ရှိသည်။ အထက်မေး ရိုးတွင် သွားနှစ်တန်းရှိရာ အ ပြင်ဖက်တန်းတွင် သွားရှစ် ချောင်း ရှိပြီး အတွင်းဖက် တန်းတွင် ခြောက်ချောင်း ရှိ သည်။ ပထမကျောဆူးတောင် သည် အလွန် သန်မာပြီး အ ရွယ် မရောက်သေးသော အ ကောင်ငယ်လေး များ တွင် ယင်း ဆူး တောင် သည် ဦး ခေါင်း အလျားထက်ပို၍ ရှည် သည်။

ငဆင်ကို အများအားဖြင့် ရေနက်ပိုင်းတွင်တွေ့ရှိရသည်။ ယင်း၏ အသားသည် စား ကောင်းသည်ဟု ဆိုသည်။ ဤ ငါးမျိုးကို မေလ နောက်ပိုင်း တွင် မြောက်မြားစွာ ဖမ်းမိ တတ်ရာ ပိုက်ကွန် များ ပင် ပျက်စီး ရသည် အထိ ဖြစ် သည်။

ဤငါးမျိုး၏ ကျောဆူး တောင်နှင့် ဝမ်းပိုက်တောင် များတွင် အမျှင်များ မရှိပဲ တုတ်ချွန်သော ဆူးများသာ ရှိ၍ ယင်းအတောင်များနှင့် ထိမိလျှင် အလွန်နာကျင်တတ် ပေသည်။ ကိုယ်ခန္ဓာ သည် ကျားလျှာကဲ့သို့ ကြမ်းတမ်း နေပေသည်။ တကိုယ်လုံးတွင် အခြား အင်္ဂါများ လှုပ်ရှား နိုင်ခြင်း မရှိပဲ နှုတ်ခမ်းများ သာ လှုပ်ရှားနိုင်သည်ဟု ဆို သည်။ ငဆင်ကို ထောင်ထား လျှင် ဝမ်းပိုက် ဆူးတောင်နှင့် အမြီး တို့ ဖြင့် သုံး ချောင်း ထောက်သဖွယ် ထောင်ထား နိုင်သည်။

ယင်းတို့ကိုအိန္ဒိယသမုဒ္ဒရာ မှ မလေးကျွန်းစုအထိ တွေ့ရှိ ရသည်။ အရွယ်အစားမှာ ၉ ½ လက်မအထိသာ ရှိသည်။ င ဆင်ကို မြိတ်ဖက်မှ "ငဆတ်" ဟု ခေါ်ကြပြီး ရခိုင်ဖက်မှ "င ဆင်"ဟု ခေါ်ကြသည်။ ယင်း တို့ကို ငါးစိုအဖြစ်ရင်း၊ ငါး ခြောက်အဖြစ်ရင်း စားသုံး နိုင်ပေသည်။

သောင်းစု (သုတေသန)




၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး (ပုံနှိပ်)
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၂၄။

# ရွှေသွေး ဂျာနယ်


၁၃၃၇ ခု၊ နယုန်လဆန်း ၆ ရက် (၁၄-၆-၇၅)




စနေနေ့တိုင်း ထုတ်ဝေသည်။


ထိုအခါ ရွာကျောင်းသား အဘိုးအိုကြီး ဦးကြာမှုံက —
ငါ့မြေးဂျယ်-မင်းတို့ အရွယ်ကောင်းပါသေးတယ်၊ ဦးသားမှု ကြိုးစားမှုနဲ့ ကြံ့ခိုင်အားထုတ်မှု ရှိမှ တနေ့နေ့မှာ လူချမ်းသာဖြစ်နိုင်သည်။
မောင်ဒေါင်းနသည် ရွာကျောင်းသား အဘိုးကြီး ဦးကြာမှုံ၏ ဆုံးမစကားကို နားထောင်၍ နေသည်။
အင်း-ဘကြီးမှုံပြောတာလဲ ဟုတ်တာကိုး၊ ဦးဦးသားသားနဲ့ အလုပ်ကို ကြိုးစားမှ တနေ့မှာ ငါလဲ ချမ်းသာမှာကိုး၊ ဒါကြောင့် အလုပ်ကို ကြိုးစားလုပ်မယ်။
မောင်ဒေါင်းနသည် အလုပ်ကို ကြိုးစားလုပ်လေသည်။
နေပူပူ မိုးရွာရွာ နေ့စဉ်ဂရုတစိုက် ကျောင်းထွက်လေ၏။
မောင်ဒေါင်းန၏ ကြိုးစားအားထုတ်မှုကြောင့် ငွေကြေးတို့ တနေ့တခြား တိုးပွားလာခဲ့သည်။
ထိုကြောင့် မောင်ဒေါင်းနလေးကို တရွာလုံးက ချီးကျူးကြလေ၏။
မောင်ဒေါင်းနလေးဟာ အလုပ်ကို သိပ်ကြိုးစားတဲ့ကလေးကိုး၊
ဦးလဲ ဦးသားတယ် ကြိုးစားတော့ အမှန်ပဲဗျာ၊
















လူသွား လမ်းသည် ရှေးအကျဆုံး သော လမ်း တခု ဖြစ်သည်။ လူသွားလမ်းသည် လူတို့ သွားလာရာမှ ဖြစ် ပေါ် လာ ခြင်း သာ မက ကျွဲ၊ နွား၊ မြင်းစသော တိရစ္ဆာန်တို့သွားလာရာမှလည်း ပေါ်ပေါက် လာခြင်းဖြစ်သည်။ တနေရာတည်းတွင် လူနှင့်တိရစ္ဆာန်တို့ သွားလာပါများသဖြင့် မြက်များ ထပ်မံ ပေါက်ပွားခြင်းမရှိပဲ လူသွားလမ်းဖြစ်ပေါ် လာခြင်း ဖြစ်သည်။



နွားလှည်း၊ မြင်းလှည်းစသော လှည်းယာဉ်များ သွားလာရာမှ ဖြစ်ပေါ်လာသည့် လှည်းလမ်းပေါ်၌ လူနှင့် လှည်းယာဉ်များ သာမက စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ မော်တော်ကားများလည်း သွားလာမောင်းနှင်နိုင်သည်။

တောရွာများတွင် ကျေးရွာ တရွာနှင့် တရွာ ကူးသန်းသွားလာရာ၌ လူသွားလမ်းများကို အထူးရှာဖွေရန်မလိုပဲ ကန်သင်းရိုးကို လမ်းအဖြစ် အသုံးပြုကြသည်။ သို့သော် လူနှင့် ကျွဲနွားများသာ သွားလာနိုင်သော လမ်းကလေးဖြစ်သည်။





တာလမ်းသည် ရေကာတာများ အဖြစ် တည်ရှိပြီး ယင်းကို လူသွားလမ်း၊ လှည်းလမ်း၊ မော်တော်ကားလမ်းအဖြစ် အသုံးပြုနိုင်သည်။ ကျေးရွာများ၊ မြို့များ တခုနှင့် တခု ဆက်သွယ်ရာတွင် တာလမ်းကို အသုံးပြုသည်။ အင်းအိုင်များ၊ ရုံးများ၊ မြစ်များ ရှိသော နေရာမျိုးတွင် တာလမ်း များကို



# စန်းဖေအောင်

ရေး // ဆွဲ



ဖောက် လုပ် ၍ လမ်းပန်း ဆက်သွယ်မှုကို ပြုလုပ်ကြသည်။

သို့ရာတွင် မြေလမ်း များသည် လူများ၊ ယာဉ်များသွားလာနိုင်သော်လည်း မိုးအခါ၌ ရွှံ့ပွက်ပေါက်သဖြင့် သွားလာမှုခက်ခဲသည်။


ကတ္တရာလမ်းများကိုခရီးဝေးသွားလမ်းမကြီးများအဖြစ်၎င်း၊ မြို့တွင်းလမ်းများအဖြစ်၎င်း အသုံးပြုကြသည်။ မြို့တွင်းရှိ လမ်းဘေးတွင် လူသွားလမ်း(ပလက်ဖောင်း) ရှိသည်။



နောက်ဖေးလမ်းကို မီးလမ်းအမှိုက်သိမ်းလမ်း၊ မိလ္လာလမ်းဟူ၍အမျိုးမျိုးခေါ်သည်။ မြို့ပြစီမံကိန်းအရ ယင်း နောက်ဖေး လမ်းကြားများကို အကွက်ရိုက်၍ ပြုလုပ်ထားခြင်း ဖြစ်သည်။




လိုအပ်သောခရီးကို အချိန်မကုန်ပဲ သွားလာနိုင်ရန်အတွက် တနေရာမှ တနေရာသို့ ဖောက်လုပ်ထားသော ဖြတ်လမ်း များကို တွေ့မြင်နိုင်သည်။ အိမ်ကြို အိမ်ကြားတွင်





လူတို့သွားလာနေသော ဖြတ်လမ်းမျိုးလည်း ရှိသည်။


လူသွားလမ်း၊ ယာဉ်သွားလမ်း၊ မီးရထားလမ်းများကိုပူးတွဲ၍ ဆောက်လုပ်ထားသော




တန်တားများမှာ အင်းဝတန်တားနှင့် စစ်တောင်းတန်တားတို့ ဖြစ်သည်။ ထို့ပြင် အခြားလမ်းနှင့် တန်တား အမျိုးမျိုးကို မြန်မာနိုင်ငံအရပ်ရပ်၌ တွေ့မြင်နိုင်ပေသည်။


ရွှေဘုန်းတော်
ဝန်မင်းများ..ငါ ကိုယ်တော်မြတ်ကိုတိုင်း သူပြည်သားများကကြောက်ရွံ့ရိုသေကြ ခြင်းဟာငါရဲ့ဥပဓိရုပ်နဲ့ ရွှေဘုန်းတော် ကြောင့်ဘဲ မဟုတ်လား
မှန်လှပါ..တိုင်းသူပြည်သားအားလုံး က အရှင်မင်းကြီးအား ရိုသေခြင်း မှာအရှင့်၏ ဥပဓိရုပ်နှင့်ရွှေဘုန်း တော်ကြောင့်မဟုတ်ပါ။ အရှင့်၏ ဂုဏ်ထူးကြောင့်သာဖြစ်ပါတယ်.. ဘုရား..
သယ်..ငါကိုယ်မြတ်ကို နှိမ့်ချပြောဆို တဲ့ဝန်မိုက်..နောက်တခါဒီစကားမျိုး ကြားရယင်လျှာဖြတ် ပစ်မယ်....
အင်း ဒီဘုရင်တော် ငါ့ဆိုတဲ့ မာနသိပ်ထောင်လွှားနေ ပြီ...ဘယ်လိုလုပ်ရပါ့!
တနေ့တွင်..မင်းကြီးသည် တဦးတည်း တောကစားထွက်ရာ ရေကန်ကြီးတခု ကိုတွေ့သွားလေသည်။
ဟင် သာယာလိုက် တဲ့..ရေကန်ကြီး


ငါရေဆင်းချိုး ဦးမှ
ဒီတောထဲမှာ တော့လူတယောက် မှမရှိဘူး
ရေချိုးပြီးကမ်းပေါ်သို့ရောက်သောအခါ အဝတ်အစားများကိုရှာမတွေ့ချေ။
အခုမှအကြီးအကျယ်ပြဿနာဘဲ နန်းတော်ကိုဘယ်လိုပြန်ရပ်ါ!
နေဝင်တော့မယ် မဖြစ်ဘူး ပြန်မှ
နန်းတော်ရောက် မှဒီတောကို
ပြာကျစေ ရမယ်
ဟဲ့.. တခါးမှူးတွေ.. ငါကိုယ်တော်မြတ် ကွဲ့.. ဒူးထောက်ခစားစေ..
ဟာ
တယ်... ဒီအရူးကောင့်အသက်ခံရတော့ မှာဘဲ.. သွားအဝတ်အစားဖေါ်ယင်ဖို့ ထဲ.. မဝင်နဲ့..
ဝေါက်..
နေဦးပေါ့ကွာ.. နန်းတော်ထဲရောက် မှဒင်းတို့တစ္ဆေလုံးတမျိုးလုံးကိုသတ် ပစ်မယ်..
မြို့ပြင်ကငါဖြောက်
စားကားတဲ့သူဌေးကြီးခိ
အကူအညီတောင်းမှ



သူဌေးကြီးနှင့်တွေ့ခွင့်ပင်မရဘဲ သူ့ကိုတ ပည့်များကကန်ကျောက်လေသည်။
အံမာ..အရူးက များသူဌေးကို
တွေ့ချင်လို့တဲ့.
ဒီအတိုင်းဆိုယင်..ငါနန်းတော်ကိုပြန်ဘို့ မလွယ်ပါလား။ တကယ်တော့ငါ့ရဲ့ဥပဓိ ရုပ်ရဲ့ရွှေဘုန်းတော်ဟာဘာမှသုံးလို့မ ရပါလား။ ငါ့ရဲ့ရုပ်ရည်ထူးကိုသာလူတွေက လေးစားကြတာဘဲ..
ဟိုရှေ့ကသူတောင်းစား.. ဆီက အဝတ်တစုံလောက် တောင်းကြည့်မယ်..
အော..မင်းငါ့ဆီက အဝတ်တစုံလိုချင်ယင် လူတွေက ဒီဘုရင်ကြီးကို ရှိခိုးသလိုငါ့ ကိုအကြိမ်တရာတိတိ ရှိခိုးမှပေးနိုင်မယ်.ဟဲဟဲ
ဘုရင်ကြီးလည်း သူတောင်းစားဆီမှရသော အဝတ်အစားဖြင့်မြို့တွင်းသို့ဝင်ခဲ့၏။
မြို့ပေါက်တံခါးကနေပြီး အဆောင်ထဲကို ဝင်ရမယ်..
ထိုနေ့မှစ၍ဘုရင်ကြီး သည်မာနထောင်လွှား ခြင်းမရှိတော့ချေ။ ဘုရင် ကြီးအမြင်မှန်ရစေရန် သူ၏ဝတ်လဲတော်ကူ၍ သူ့မှာဝန်မင်းဖြစ်ကြောင်း ကိုမူဘုရင်ကြီးမသိပါချေ။ အကယ်၍ သိခဲ့ပါလျှင် လည်း...
ငါဟာကိုယ့်ကိုယ်ကို အထင်ကြီးပြီး မာနထောင်လွှား ခဲ့တာပါ..သိပ်မှားနေပါလား
ပြီး



# ကလီယိုပါးထရား

၁၁ ဆက်မြောက် အီဂျစ်ဘုရင် တိုလေမီ ကွယ်လွန်သော် သားတော်နှင့် သမီးတော် ကလီယိုပါးထရားကို ထီးနန်း အပ်လေသည်။ သို့သော် သားတော်က တိုင်းပြည်မှ နှင်လွှတ်သောကြောင့် အစ်မတော် ကလီယိုပါးထရားသည် ဆီးရီးယားနိုင်ငံသို့ခိုဝင်ရသည်။ ၁၂ ဆက်မြောက် တိုလေမီ ဘုရင်ငယ်၏ လုပ်ရပ်များကို ရောမကောရာဇ် ဂျူလီယက် ဆီဇာက အကဲခပ်လျက် ရှိသည်။ ဤအဖြစ်ကို ရိပ်မိသော ကလီယိုပါးထရားသည် ဆီဇာထံ မိမိကိုယ် မိမိ လက်ဆောင် အဖြစ် ဆက်သလေသည်။ ထို့နောက် ဆီဇာနှင့် ပေါင်း၍ အီဂျစ်ကို ပြန်လည်တိုက်ယူပြီး အီဂျစ်ဘုရင်မဘွဲ့ကို ခံယူသည်။ ဆီဇာက ရောမသို့ ပြန်၍ အုပ်စိုးသည်။

တခါ်န် တွင် ဆီဇာထံ ကလီယိုပါးထရား အလည်အပတ်သွားရင်း ဆီဇာ၏ ညာလက်ရုံး နှစ်ဦးဖြစ်သူ အန်တိုနီ နှင့် အောက်တေးဗီးယန်းတို့ကို တွေ့သည်။ ဘီစီ ၄၄ ခုတွင် ဆီဇာ လုပ်ကြံခံရပြီး ကလီယိုပါးထရားနှင့် အန်တိုနီတို့ ချစ်ကြိုက် လက်ဆက်ကြသည်။ သူတို့ နှစ်ဦး သည် အီဂျစ် နိုင်ငံ ကို ကောင်းစွာ မအုပ်ချုပ်နိုင်ကြ၍ အောက်တေးဗီးယန်းက အီဂျစ် ကို လာရောက် တိုက်ခိုက်သိမ်းယူသည်။ အရေး နိမ့် သွားသော အန်တိုနီသည် မိမိကိုယ် မိမိ အဆုံးစီရင် လိုက်သည်။ ကလီယိုပါးထရားကို သုံ့ပန်းအဖြစ်ဖမ်းပြီး ရောမမြို့တော်ကြီးထဲလှည့်ပြရန် အောက်တေးဗီးယန်းက စီစဉ်နေကြောင်း သိရသဖြင့် ကလီယိုပါးထရားသည် ဦးကျိုး မခံချင်၍ မိမိကိုယ် မိမိ မြွေကိုက်ခံပြီး သတ်သေ သွားသည်။ ကလီယိုပါးထရား သေဆုံးသော နှစ်မှာ ဘီစီ ၃၀ ဖြစ်သည်။

ကလီယို ပါးထရားသည် အလွန်လှပချောမောသူ ဖြစ်ရုံမျှမက ပါးနပ်ပြီး အကြံအစည်ကြီးသူ ဘုရင်မအဖြစ် ကမ္ဘာတွင် ထင်ရှား ကျော်ကြားလေသည်။

မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)



# အများအကျိုးဆောင်သူများ

မောင်ထင်နိုး (သစ်တောကော်)

ကျွန်မတို့သည် သစ်ရွက်ကလေးများ ဖြစ်ကြပါသည်။ ကျွန်မတို့၏ မိခင်သည် မြေကြီးပေါ်တွင် မားမားမတ်မတ် ရပ်နေသော သစ်ပင်ကြီး ဖြစ်ပါသည်။ အမေသည် ကျွန်မတို့လို သစ်ရွက်များကို အကြိမ်ကြိမ် မွေးဖွားပေးခဲ့ပါသည်။ အမေ မွေးဖွားခဲ့သော သစ်ရွက်တိုင်းသည် အမေ့ကျေးဇူးကို ပေးဆပ်ခဲ့ကြသည်ဟု သိရပါသည်။

ကျွန်မတို့သည် သေးငယ်သော်လည်း စိမ်းစိမ်းစိုစို နှင့် အလှန်လှနေပါသည်။ ကျွန်မတို့၏ အလှကြောင့် အမေသည်လည်း ပို၍လှပါသည်။ နေရောင် လရောင်အောက်တွင် စိုပြည် လန်းဆန်းနေသော ကျွန်မတို့ကို ကြည့်ကာ အမေသည် နှစ်ခြိုက် ကြည်နူးနေပါသည်။

ထိန်ထိန် သာနေသော လရောင်အောက်တွင် လေတဖြူးဖြူး တိုက်သောအခါ ကျွန်မတို့သည် ပျော်ပျော်ပါးပါး ယိမ်းကကြပါသည်။ အချို့ သစ်ရွက်များက ကျွန်မတို့ကို ဝိုင်းပြီး လက်ခုပ် တီးပေး ကြပါသည်။ ပျော်ပျော်ပါးပါး ကခုန်ရသည်ကို ကျွန်မတို့ အလွန်သဘောကျပါသည်။

မိုးအခါတွင် ကိုမုတ်သုံသည် ရေခိုးရေငွေ့ စုထားသော မိုးတိမ်များကို ကျော ပေါ် တင်ကာ ကျွန်မတို့ အပေါ် သို့ဖျန်းပက်ပေးပါသည်။ ထိုအခါတွင် ကျွန်မတို့သည် ပိုပြီး အားရှိလာပါသည်။ စိုစိုပြည်ပြည်နှင့် ပို၍ လှလာပါသည်။ အမေလည်း ပိုပြီး သန်မာလာပါသည်။ အမေ၏ လက်များ ဖြစ်သော အမြစ်ကြီးများ နှင့် မြေကြီးထဲမှအစာများကို ရှာရပါသည်။ ရလာသော အစာများကို ကျွန်မတို့ထံ ပို့ပေးပါသည်။ ပို့လိုက်သော အစာများကို ကျွန်မတို့တတွေက ကရင်းခုန်ရင်း နေစာလှုံရင်းချက်ပြုတ်ရပါသည်။ ချက်ပြုတ်ပြီး အမေ့တကိုယ်လုံး အနှံ့ရောက်အောင် ပြန်ပို့ပေးရပါသည်။ ဤသို့ လုပ်ရသည်ကို ကျွန်မတို့ စိတ်မပျက်ပါ။ မပင်ပန်းပါ။ တယောက်နှင့်တယောက် မတွက်ကပ်ပါ။ ရေသာမခို့ပဲ ညီညီညာညာ အလုပ်လုပ်ကြပါသည်။ ကျွန်မတို့ အလုပ်ကောင်းကောင်း လုပ်မှ အမေသည် အစာဝပြီး ကျန်းမာသန်စွမ်းလာမည် ဖြစ်ပါသည်။ ကျွန်မတို့လည်း သန်မာ ကြီးထွားလာမည် ဖြစ်ပါသည်။

ကျွန်မတို့သည် အမေ့အတွက် အလွန် အသုံးဝင်ပါသည်။ အမေ့အတွက်သာမက ကျေးငှက်ကလေးများနှင့် လူများကိုလည်း အကျိုးပြုပါသည်။ ငှက်ကလေးများသည် အစာရှာရာမှပြန်လာလျှင် ကျွန်မတို့ အရိပ်မှာ အမောဖြေနိုင်ပါသည်။ အသိုက်ဆောက်ပြီး ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြပါသည်။ ကျွန်မတို့ ကသောအခါ

ငှက်ကလေးများက သီချင်း ဆို ပေးကြပါသည်။

နေအလှန်ပူသော နေ့များတွင် ကျွန်မတို့သည် လူများအတွက် အားထားရာ နေရာဖြစ်ပါသည်။ အပူဒဏ်မှ သက်သာအောင်၊ အမောအပန်းပြေအောင် ကျွန်မတို့၏ အရိပ်မှာ ဝင်ရောက်ခိုလှုံကြပါသည်။ ထိုအခါတွင် လူတို့သည် အမောပြေပြီး အေးအေးဆေးဆေးနေရသောကြောင့် ကျွန် မ တို့ ကို ကျေးဇူးတင်ကြပါသည်။ ကျွန်မတို့၏ စေတနာကြောင့် လေပူသည်ပင် ကျွန် မ တို့ အ ရိပ် အောက် တွင် အေး သွား ပါသည်။

သို့ရာတွင် ကျွန်မတို့၏ စေတနာကို လူမိုက်ကလေးများက မသိကြပါ။ ကျွန်မတို့အရိပ်တွင် ခိုပြီး ကျွန်မတို့ကို တုတ်များ ခဲများဖြင့် ပစ်ခတ်ကြပါသည်။ ကျွန် မ တို့ ကို သီချင်း ဆိုပေးသောငှက်ကလေးများကိုလည်း လောက်လေးဂွများနှင့် ပစ်ကြပါသည်။ငှက်ကလေးများသည် လူ မိုက် က လေး များ သစ်ပင်အောက်ရောက်လာလျှင် ကျွန်မတို့ ဆီမှာ မနေရဲကြပါ။ တခြားကို ပျံပြေးကြပါသည်။ ထိုအခါ ကျွန်မတို့ အလွန် စိတ်ညစ်ရပါသည်။ မသိတတ်သော လူမိုက်ကလေးများကို အလွန် မုန်းမိပါသည်။

ထိုကလေးများသည် အကျိုးမရှိသော အလုပ်ကို လုပ်ချင်ကြပါသည်။ သည်လို စိတ်မျိုးရှိသော ကလေးများသည် အမှန်တော့ ရှက်ဖို့ ကောင်းပါသည်။

ကျွန်မတို့ဆိုလျှင် အမေမွေးကတည်းက အမေ့ကိုရော ကျေးငှက်နှင့် လူသားတွေကိုပါ အကျိုးရှိအောင် နေထိုင် လုပ်ကိုင်ခဲ့ပါသည်။

ကျွန် မ တို့ သည် လူ မိုက် ကလေးများကို လိမ်မာစေချင်ပါသည်။ ကျွန်မတို့ကဲ့သို့ အများအတွက် အကျိုးရှိမည့် အလုပ်ကို လုပ်ကိုင်စေချင်ပါသည်။ ထိုအခါတွင် သူတို့ကို အများက ချီးမွမ်းကြမည်ဖြစ်ပါသည်။

ကျွန်မတို့သည် ငယ်စဉ်ကပင် အများအကျိုးဆောင် ခဲ့သဖြင့် လန်းလန်းဆန်းဆန်းဖြင့် လှပခဲ့ပါသည်။ ကြီးသောအခါတွင်လည်း ရွှေရောင်တဝင်းဝင်းနှင့် လှ နေ ဦး မည် ဖြစ် ပါ သည်။ ကျွန်မတို့သည် အမေနှင့် ခွဲခွာပြီး ကြွေကျ သွားရသည့်တိုင် ဝမ်းမနည်းပါ။ ကျွန်မတို့၏တာဝန်ကို ကျေပွန်ခဲ့ပါပြီ။ကျွန်မတို့ ကြွေသွားလျှင်လည်း အများအကျိုး ဆောင်မည့် သစ်ရွက်အသစ်ကလေးများ နောက်ထပ် မွေး ဖွား လာ ဦး မည် ဖြစ် ပါတော့သည်။

# စာ ဖတ်ရအောင်

ဖိုးပျံကြီးက မိုးပေါ်ပျံ
သွားပေါ့ လဗီမာန်။

သိပ္ပံပညာ အစွမ်းထက်
လေ့လာလိုက်ယင် ဘယ်မခက်။

လူသားအတွက် ဉီဘွင်ကာ
ပစ္စည်းစုံလင်စွာ။

ကမ္ဘာပေါ်မှ အံ့ဖွယ်များ
သားသား သိချင်လား။

သားသားလေး စာဖတ်ပါ
ကြောင်းရာ စုံလင်စွာ။


စာအုပ်ထဲမှာ ပါသည်ဘဲ
တွေ့လိမ့် ဘယ်မလွဲ။ ။

လက်ပံနီ



R. 517

# ငပုလွေ




ငပုလွေ တို့၏ ခန္ဓာကိုယ်သည် ပြောင်းလုံး ပုံသဏ္ဍာန်ရှိသည်။ ပါးစပ် ကြီးမားပြီး သေးငယ် ချွန်ထက် သောသွားများ မြောက်မြားစွာ ရှိသည်။ အထက် မေးရိုးတွင် သွားနှစ်တန်း၊ အောက်မေးရိုးတွင် သွား သုံးတန်း ရှိသည်။ ကျောတောင်နှင့် စအိုတောင်များတွင် ဆူး မ တွေ့ ရ ပေ။ ခန္ဓာကိုယ် အထက်ပိုင်းသည် ရွှေရောင်ဖြစ်ပြီး ဝမ်းပိုက်ပိုင်းတွင် ငွေရောင်သမ်းနေသည်။ ကိုယ်အလျားတလျှောက်တွင် အပြာရောင်တန်း လေးတန်းရှိသည်။ ပါးဟက် နောက်နားတွင် အမည်းစက် တစက် ရှိသည်။ ကျောတောင်တွင် အဝါရောင် အပြောက် သုံးတန်းရှိသည်။ ငါး အရွယ်မှာ ၁၁ လက်မခန့် ရှိသည်။

ငပုလွေသည် အရိုးမာ ငါးမျိုးဖြစ်သည်။ အရိုးမာ ငါးများသည် အကြေးခွံပါရှိလျှင် "တံငါကို" ခေါ် အဆီဖုးမပါရှိတတ်ပေ။ သို့ရာတွင် ငပုလွေ၌ အ ကြေး ခွံများရော တံငါကို အဆီဖုးပါ ပါရှိသည်မှာ ထူးခြားသည်။ ငပုလွေသည် ငနှပ်မျိုးရင်းဝင်ဖြစ်သည်။ ယင်းတို့သည် ရေတိမ်ပိုင်းတွင် နေထိုင်ပြီး ဦးခေါင်းမှာ ပုတ်သင်ညိုခေါင်းနှင့် ဆင်ဆင်တူသည်။

ငပုလွေတို့သည် ဩဂုတ်လ နှင့် စက်တင်ဘာလများတွင် မိတ်လိုက်တတ်ကြသည်။ အမသည် အထီး များ ထက် အရွယ်အစား ကြီးမားသည်။ အရေအတွက်တွင်လည်း အမက အထီးထက် ပို၍ အချိုးအားဖြင့် အမ နှစ်ကောင်တွင် အထီး တကောင်သာ ရှိသည်ဟု သိရသည်။ စားသုံးရန်မူ ခြောက်ကပ်ပြီး အနှစ် သာရ မရှိဟု ဆိုလေသည်။

**သောင်းစု (သုတေသန)**



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၂၅။

# မင်းသားလေးနှင့် ဘီလူးယုတ်

ပန်းချီ - ဦးဘကြည်။
ဇာတ်လမ်း - မောင်ကျော်ဇော်။


ရွှေသွေး ဂျာနယ်

၁၃၃၇ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် (၂၁-၆-၇၅)




စနေနေ့တိုင်း ထုတ်ဝေသည်။



ထိုရသေ့ကြီးကား အမှန်စင်စစ် လူသားစား ဘီလူးကြီးသာ ဖြစ်တော့သည်။
သူ၏ ကမ္မဖိဒ္ဓိတန်ခိုးဖြင့် ကိုယ်ယောင်ဆောင် နိုင်သောသူဖြစ်၏။
ထိုအယောင်ဆောင်သူတို့သည် မျက်တောင် မခတ် အရိပ်မထွက်ဟု ရှေးစာပေများတွင် ဆို၏။
အကြောင်းကို မရိပ်မိသော ဘုရင်ကြီးကား ရသေ့အစစ်ပင်ထင်၍ -
အို ..... ရှင်ရသေ့ • အဘယ် အလို့ငှါ ကြွလာပါ သနည်း
အရှင် မင်းကြီး .. -------
------- အကျွန်ုပ် ကား - ဝေါမြို့ ဂူအောင်း ရသေ့ ဖြစ်တော့ သည်။ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်း ခဲ့သည်မှာ ကာလကြာလေပြီ။ အဘိညာဉ် လောကီဈာန် လည်း ရခဲ့ပြီ။-----
..ထို့ကြောင့် အရှင်မင်းကြီး ၏ ဆန္ဒ အတိုင်း မိဖုရားကြီး တွင် ထီးမွေ နန်းမွေ ဖြစ်ထွန်း ရန် ကျွန်ုပ် ၏ တန်ခိုး ဖြင့် ပြုလုပ် ပေး မည် -----



...... သို့သော် ကျွန်ုပ် လိုလားသော ဆုကို ပေးနိုင်မည်လော .....
အမယ်လေးလေး - ဝမ်းသာလိုက်ပါဘိ... ရွှေငွေ ကျောက်သံ ပတ္တမြားအလိုရှိသလော... ကျောင်း-ကန်-ဇရပ် များ အလိုရှိသလော... ဆင်-မြင်း-ကျွဲနွား များ အလိုရှိသလော... ရာထူး ရာခံ များ အလိုရှိသလော.. အမိန့်ရှိတော်မူပါ.. ဖြည့်စုံပါစေမည်.
မိဖုရားကြီးတွင် သားတော်သုံးပါးထွန်းကားစေပါမည်။ ကျောင်းသားရွယ်ရောက်လျှင် တပါးကို အကျွန်ုပ်အား ဆေးပေးမီးပူ ပြုရရန် ပေးနိုင်မည်လော....
ဧကန်မုချ - ရပါစေမည် ဘုရား
ပေးမယ် - ပေးမယ်၊ သားတော်နှစ်ပါး ကောင်းအမွေတော်ကျန် အုပ်မှာဘဲ၊ ခေါ်သွားမဲ့သားတော်လဲ- တန်ခိုးကြီး ရသေ့ထံမှာ ကောင်းစားမှာဘဲ -- တနေ့ကျ -ပြန်တွေ့ရမှာဘဲ- ပေးမယ်။
ထိုအခါ ရသေ့ကြီးက ဆေးသုံးလုံးထုတ်ကာ လက်ဝါးပေါ်တင်လျက် –
မိဖုရားကြီးအား ကျွှဲဆေးသုံးလုံးကို မွှေပြင်လျှင် သုံးဆောင်စေလေ!
မှန်ပါ ဘုရား
နောက် ကိုးလ ကျော် ခန့် ကြာသော အခါ မိဖုရားကြီးတွင် သားတော်လေးတပါး မွေး ဖွားလာသဖြင့် –
Oouuuoouoo


တိုင်းသူ ပြည်သားများကပါ အလွန်ဝမ်းမြောက်ဝမ်းသာရှိကြတော့သည်။
သားတော် လေးရ ဖြစ်တဲ့
လေးငါးနှစ်ခန့် ကြာသောအခါ မင်းသား သုံးပါး မွေးဖွားပြီး၍ ထူးထူးကဲကဲ ထွားကျိုင်း သန်မာသည်ကို တွေ့ရသည်။
တနေ့တွင် ရသေ့ကြီး ရောက်လာပြီး—
ကိုင်း - အရှင်ဘုရင်ကြီး - သားတော် တပါး ပေးအပ်လော့...
အို - ရသေ့ကြီး - သားတော်များရ၍ ကျေးဇူးကြီးမားလှပါပေ၏၊ သို့သော် သားတော်များကို ခွဲလိုပြီ၊ သို့ဖြစ်၍ အခြား လိုရာဆုသာ မိန့်တော်မူပါလော့
(ခင်းများသစ္စာ - လျှများကတိ) - တဲ့ မင်းသား တပါးပါးသာ အမြန်ပေးလော့... တခြား ဘာမျှ ငါမလိုပြီ။
မှန် .... မှန်ပါ
ခက်ထန်သော အသံကြောင့် တန်ခိုးဖြင့် သားတော်အားလုံးကိုဒုက္ခပေးမည်စိုး၍သားတော် တပါးကို ပေးအပ်လိုက်ရ၏။
ရသေ့ကြီးသည် သားတော်အား တတောင် တက်ဆင်း တောတွင်းသို့ဖြတ်၍ ဝေးလံသော ခရီးကို ခေါ်သွားလေ၏။
ခရီးအတော်ရောက်သော် နက်ရှိုင်းလှသော ချောက်ကြားထဲမှ မြို့တိုက်ကြီး မြင်လျှင်—
ဟောဒါ - ငါနေတဲ့ မြို့တိုက်ကြီးပဲ။ မင်း ဒီမှာ ခေတ္တ နေခဲ့အုံး။


မင်းသားလေးသည် စောင့်ရကြာလျှင်
ရသေ့ကြီး ကလဲ - ကြာလိုက်တာ။ ငါ့အတွက် အစီအစဉ်တွေ သွားလုပ်နေတယ်ထင်ပါရဲ့။ အားနာစရာကြီး။ ငါလိုက်သွားရှာပါဘဲလေ ------- ---
ထိုသို့ ပြောပြောဆိုဆိုနှင့် လိုက်သွား၏။
ဟာ မြေတိုက်က အကြီးကြီး ပါလား
မြေတိုက်ထဲ ဝင်သွားပြီးသော်-
အာပါး - တယ်လဲ ခမ်းနားပါလား။ ဒီရသေ့ကြီး တန်ခိုးကြီးတာဘဲ။
တခန်းဝင် တခန်းထွက်နှင့် လိုက်ကြည့်ရင်း တနေရာတွင် မြင်ရပုံကား
ဟော — မင်းသမီး လေးတပါး စက်တော်ခေါ်နေတယ်ထင်ပါရဲ့။ ရသေ့ကြီး သမီး များလား။
အနားကပ်သွားမိပြီး ပန်းနီလေးကို မြင်လျှင် စိတ်ဝင်စားလာသဖြင့် ပန်းကို နုတ်ယူလိုက်ကာ ကြည့်နေစဉ်-
ဟင့်အင်.... ဒီပန်းက အဆန်းဘဲ။
မင်းသမီးလေးက ထထိုင်ပြီး
ဟင် — ရှင်ဘယ်သူလဲ။ ဒီကို ဘယ်လိုလုပ်ရောက်လာသလဲ --- ဟင်




မင်းသားလေးက အကြောင်းစုံ အစမှအဆုံး တိုင်အောင် ပြောပြလေသည်။
အသင်မင်းသား - ဤသူကား ရသေ့စင်စစ် မဟုတ် - ဘီလူးယုတ် ပင်ဖြစ်တော့သည်။ သင်၏ အသဲ နှစ်လုံးကို စားလို၍ ယခုကဲ့သို့ ပရိယာယ်ဖြင့် ထားခဲ့ခြင်း ဖြစ်သည်... ......
..ပင်ကိုယ်ရုပ်အသွင်ကိုဖျောက်၍ လိုအပ်သော ရုပ်အသွင်ကိုပြောင်းနိုင် စွမ်းရှိ၏ .......
---- လူတို့၏ အသဲနှလုံးသည် သူ၏ အနှစ်သက်ဆုံးသော အစာအာဟာရ တည်း ...
...ဤဘီလူးယုတ် စားထားသော..အသဲမဲ့ လူသေကောင်များကား - မြေတိုက်နောက် ဖေးဆောင်ထဲတွင် - များစွာရှိ၏ -----
---- ကျွန်ုပ်လည်း - အသင်မင်းသား၏ အဖြစ်နှင့်အတူတူ ပင်ဖြစ်တော့သည်။ သို့သော် ကျွန်ုပ်ကို ချစ်ခင်သည်ဆို၍ မစားသေးတဲ့ .... ------ ----


..... ယှု အချိန် အထိတော့ - ဘေးမဲ့ပေးထား သော်လည်း - သူ့အပြင်ထွက်သွားသည့်အခါ - ထို မှော်ဝင်ပန်းကို နားနောက်တွင်ထိုးပေး လျက် - အိပ်မွေ့ချခံရသလိုဖြစ်ကာ - မေ့မြောနေရပါသည်။ သူ့ပြန်လာမှ - သူတွေ့လိုမှ - ကျွဲပန်းကို နှုတ်ပြီး နိုးစေပါတော့ သည်.......
အို - ကျွတ်.ကျွတ် - - - ကျွတ်။ အမှန် ဆိုးလှချေကလား နှစ်မတော်ရယ်။ ဒီလိုဆိုယင် - ယှုပင် စောင့် ဆိုင်းပြီး ကျွဲဘီလူးယုတ် ကိုသုတ်သင်ရမည်။
ဒီလောက် မလွယ်ပါဘူး မောင်တော် - - - - - သတ္တိရှိတယ်ထား၊ ဓါးရေးသာတယ်ထား၊ သူ့ခေါင်းဖြတ်နိုင်တယ်ထား၊ ဒါတောင် မလွယ်သေးဘူး..
ဘာဖြစ်လို့လဲ - နှစ်မတော်ရဲ့...
...ခေါင်းတလုံးဖြတ်သွားယင် - နောက်တလုံး ပြန်ပေါက်လာသတဲ့။ ကြာတော့ မောင်တော် အရှုံးပေးရမှာပေါ့.....
---ပြီးတော့လေ --- မောင်တော်-- သူ့ အသက်ကို-တခြားတနေရာမှာ သိမ်းထား တယ်။ ဒီတော့ - မောင်တော်ရယ် - ပရိယာယ်သုံးပြီး စီစဉ်ဘို့လိုပါတယ်...
နှမတော်ကလဲ - ဒီမှာ မနေလို့ပြီဖြစ်တော့ ယှုပင်ထွက်ပြေးကြရို့လား။
သည်းခံပါမောင်တော်... မဖြစ်နိုင်သေးလို့ပါ - နှစ်မတော် ဒါးကို ပါရစေ ..... ယှု တော့ သူလာချိန်လဲ နီးပြီမို့ - မေသိ ဟန်ဆောင်ပြီး သူစောင့်ဆိုင်းတဲ့ နေရာပြန်သွား၍ အိပ်မွေ့ မပျက်နေတော် မူပါ....
.... သူနဲ့ပြန်ပါလာတော့ နှစ်မတော် သိသမျှ အကြံဉာဏ် အကူအညီပေးပါ မယ်။ အခု နေ့လာ မိယင်တော့-ခက်တယ်။ ဒါကြောင့် နှစ်မတော်ကို - နေရာမပျက် ပန်းပန်ပေး လျက် - အလျင် အမြန်ပြန် တော်မူပါလော့.

(ဆက်ရန်)

# မီးခြစ်

စက်မှုတိတ်ရန်






အရာဝတ္ထုများကိုတခုနှင့်တခု ပွတ်တိုက်ပေးသောအခါ ပူလာကြောင်း မိမိ၏ လက်ဖဝါးနှစ်ခုကို ပွတ်တိုက် ကြည့်ခြင်းဖြင့်သိနိုင်သည်။

ဤသဘောကို အခြေခံ၍ မီး ခြစ် မ ပေါ် သေး သော ခေတ် က လူများ သည် ချက်ပြုတ် စားသောက်ရန်အတွက် သစ်သား၊ ကျောက် စသော အရာဝတ္ထု များကို ပွတ် တိုက်ရာမှ ရရှိသည့် အပူအားဖြင့် မီးမွေးခဲ့ကြသည်။

ထိုမှတဆင့် သိပ္ပံပညာရှင်များ ကြံဆ တီထွင် မှုကြောင့် ၁၈၂၇ ခုနှစ်တွင် မီးခြစ် ပေါ်ပေါက်လာသည်။ မီးခြစ်သည် အလွန် အသုံး ဝင် သော အိမ်သုံးပစ္စည်း တမျိုး ဖြစ် သည်။ သစ်သား မီးခြစ် ပြုလုပ်ပုံ အခြေခံ နည်း ကို လေ့ လာ ကြပါစို့။

မီးခြစ် လုပ်မည့် သစ်ပွမျိုး သစ်လုံး ကြီး များ ကို အခေါက်ခွာပြီး ရေဝစေရန်လေးငါးခြောက်လခန့် ရေစိမ် ထားရသည်။ ရေဝသော သစ် လုံးများကိုအပိုင်းပိုင်းဖြတ်ပြီး မီးခြစ်ဗူးအတွက် အထူ တမျိုး၊ အဆံ အတွက် အထူ တမျိုး သတ်မှတ်ထားသော အထူ အပါး ရရန် အတွက် ဓားစက်ဖြင့် နွှာရသည်။ ဤသို့နွှာ၍ ထွက်

သစ်လုံးနွှာခြင်း



နွှာသားများထပ်ခြင်း


လာသော "နှောသား" သည် တဆက်တည်းထွက်လာသဖြင့် လိုသလိုဖြတ်ပေးရသည်။

ဗူး လုပ် မည့် နှော သားကို စက်ဖြင့် ဖြတ် တောက် ခေါက် ချိုးသောနည်းဖြင့် ဗူးဖြစ်လာသည်။ နောက် စက်တမျိုးက ဗူး ကို စက္ကူ ကပ် ပေး သည်။ ကော် ခြောက် အောင် အပူ ပေး ပြီး သည်နှင့် ဗူး လုပ်ငန်း ပြီးဆုံးသွားသည်။

ဗူး လုပ် ငန်း နှင့် တ ပြိုင် တည်း အဆံလုပ်မည့် နှောသား ကို ခွဲစက်ဖြင့် ခွဲစိတ် သည်။ ခွဲစိတ်ရာမှ ထွက်လာသော အဆံ များကို မီးလောင် ခြင်းကို အား ပေး သည့် ပါ ရာ ဖင် ဖယောင်းရည်ပူထဲတွင် စိမ်ပြီး ခြောက် သွား အောင် အပူ ပေးရသည်။ ထို့နောက် အဆံ ထိပ်တွင် ယမ်းခေါင်း ကလေး များ ရ အောင် စေး ပျစ် နေ သော ယမ်းကော်ရည် ထဲတွင် ထောင်လိုက် နှစ်ပေး ရသည်။ ယမ်းခေါင်း သည် လေနှင့် ထိ တွေ့သောအခါအေးပြီးခဲသွားသည်။

အ ဆင် သင့် ပြီး စီး နေ သော အဆံ များကို နောက် စက် တမျိုးက ဗူးထဲသို့ သွင်း ပေးပေသည်။ အဆံ သွင်းပြီး ဗူးများ၏ ဘေး နှစ် ဖက် ကို ယမ်းရည်သုတ်ပေးသည်။ ပြီး လျှင် တံ ဆိပ် ကပ် သည်။ နောက် ဆုံး မီး ခြစ် ဗူးများကို စက္ကူဖြင့် ထုပ်ပိုးသည့် အဆင့် သို့ ရောက်လေတော့သည်။

မီးခြစ် လုပ်ငန်းသည် စက်မှုလုပ်ငန်းတခု ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် မန္တလေးတွင် စက်ရုံတရုံနှင့်ရန်ကုန်တွင် စက်ရုံတရုံပေါင်း မီးခြစ်စက်ရုံနှစ်ရုံ ရှိသည်။








ဖေအောင်မျိုးညွှန့် ရေး
အိမ်အလုပ်
ဇော်ဇော်သည် အလွန်ပျင်းသောခလေးဖြစ်သည်။ လူကြီးများက တခုခုခိုင်းလိုက်တိုင်း
ဇော်ဇော် - ရေနံဆီသွားဝယ် စမ်းကွယ် - ရော့…
ဟင့်အင်း ဟင့်အင်း မဝယ် ချင်ဘူး၊ မုန့်ဘိုး ပေးမှ…
မုန့်ဘိုးပေးမှလုပ်ပေးတတ်လေသည်။
ကဲပါကွယ် - သွားဝယ် စမ်းပါ - မီးဖို ထဲမှာ ရေနံဆီ ကုန်နေပြီ… ရော့ - တမတ် -
ပေး
ဇော်ဇော်ရေ - ဖေဖေ့ကို လမ်းထိပ် ဆိုင်မှာ တံဆိပ်ခေါင်း ဝယ်ပေးစမ်း ကွာ - ရော့
ဟင့်အင်း ဟင့်အင်း ဆယ်ပြား ပေးမှ…
ဇော်ဇော်ရေ - စဉ့်အိုးထဲ ရေခပ်ထည့်စမ်းကွယ် ထမင်းအိုးတည်ဖို့ ရေတစက်မှ မရှိလို့…
အာ - မေမေကလဲ ဆယ်ပြား ပေးမှ ခပ်မယ်….
ဦးလေးက
ဟေ့ ဇော်ဇော် သွားခပ်လေကွာ - အိမ်အလုပ် လုပ်တာဘဲ မင်းကို ပိုက်ဆံ ပေးရဦးမလား
ကဲ - ကဲ - သွားခပ်ပါ ရော့ - ဆယ်ပြား -
မမက ဘာဖြစ်လို့ ပိုက်ဆံပေးရတာလဲ၊ ဒီကောင် ဘာတခုမှ မလုပ်ချင်ဘူး၊ ကြာကြာ အခွင့်အရေး မရယင် ဘာမှ မလုပ်ချင် မကိုင်ချင်တဲ့ အကျင့် ဖြစ်သွားလိမ့်မယ်…
အိုကွယ် ခလေး ဘဲဟာ…


တနေ့တွင် ဦးလေးက
ဇော်ဇော်ရေ.. တိုင်စည်ထဲမှာ ရေ တစက်မှ မရှိဘူး သွားဆွဲစမ်းကွယ်..
အာ ဦးလေးကလဲ မုန့်ဖိုး ပေးမှ...
ကဲကဲ.. ရော့ တမတ်၊ မင်း တဝက် ဆွဲပြီး ကျန်တဲ့ တဝက်ကို ညီလေး ကျော်ကျော် ကို ဆွဲခိုင်း
ဇော်ဇော်သည် တိုင်စည်တဝက်ခန့် ရေဆွဲပြီးသော်
ကျော်ကျော်ရေ.. ဦးလေးက ရေဆွဲတဲ့...
အေး-အေး-
ကျော်ကျော်က ကျန်တဝက်ကို ဆက်ဖြည့်လေသည်။
သို့ဖြင့် ညနေတွင် ဦးလေးက
ကျော်ကျော်ရေ.. လာကွာ.. ဦးလေးနဲ့ လမ်းလျှောက်ထွက်ကြ ရအောင်.
ကျော်ကျော်တို့ ပြန်ရောက်လာသော်
ဟာ!! ကျော်ကျော်ရေ မင်းကို ဒီ ကားနဲ့ ဘောလုံးလေး ဘယ်သူ ဝယ်ပေးတာလဲ... လှလိုက်တာ..



ဦးလေး ဝယ်ပေးတာကွ၊ ဦးလေးက ငါ့ကို တနင်္ဂနွေနေ့ ကျယင် ရုပ်ရှင်လဲ လိုက်ပြမယ်တဲ့.
ဟင်..ဦးလေးက..ငါ့ကျ တော့ ဝယ်မပေးဘူး..
ဇော်ဇော်သည် ဦးလေးထံသို့သွားပြီး
ဦးလေး..ဦးလေး..ဦးလေးက ကျော်ကျော့် ကိုကျတော့ ဘောလုံးနဲ့ကားကလေး ဝယ် ပေးတယ်၊ ဇော်ဇော့် ကျတော့ ဘာလို့ ဝယ် မပေးတာလဲ.
ဟ!..သူက..ရေ ဆွဲတာကိုးကွ...
ဟင်! ဦးလေးကလဲ ဇော်ဇော်လဲ ဆွဲသားဘဲဟာ.
ဟ! မင်းက ပိုက်ဆံ တမတ် လေးမှ ဆွဲမယ် ဆိုလို့ ပိုက်ဆံတမတ် ပေးပြီးပြီ မဟုတ်လား.
ကျော်ကျော်က အိမ်ကို ကူညီချင်တဲ့စိတ် အိမ်တာဝန်ကို ထမ်းဆောင်ချင်တဲ့ စိတ် နဲ့ ဆွဲတာမို့ သူ့ စိတ်ဓါတ်ကို ချီးကျူးဂုဏ်ပြုတဲ့ အနေနဲ့...
နောက်နေ့များတွင် ဇော်ဇော်သည် အိမ်အလုပ်များကို လူကြီးများမခိုင်းရ၊ မုံ့ဖိုး မပေးရပဲ ကိုယ့်အသိနှင့်ကိုယ် လုပ်လာတော့သည်။
သို့ဖြင့် တနင်္ဂနွေနေ့ရောက်သော် ဇော်ဇော်၊ ကျော်ကျော်နှင့် ဦးလေးတို့သည် ရုပ်ရှင်ကြည့်ရန် ထွက်ခဲ့ကြလေသည်။



# အယ်လက်ဇန္ဒာသဂရိတ်

အယ်လက်ဇန္ဒာ၏ လက်ဦးဆရာမှာ ဂရိပညာရှင်ကြီး အယ်ရစ္စတိုတယ် ဖြစ်သည်။ သူသည် အသက် ၁၃ နှစ်မှ ၁၆ နှစ်အတွင်း အယ်ရစ္စတိုတယ်ထံတွင် ဒဿနိကပညာ၊ ဆေးပညာနှင့် သိပ္ပံပညာရပ်များကို သင်ကြားခဲ့သည်။


ဂရိနိုင်ငံကြီး၏ နိုင်ငံငယ်တခု ဖြစ်သော မက်ဆီဒိုးနီးယား၏ ထီးနန်းကို ဘီစီ ၃၃၆ ခုတွင် ခမည်းတော် ဖိလစ်ဘုရင်ထံမှ ဆက်ခံရချိန်၌ အယ်လက်ဇန္ဒာမှာ အသက် ၂၀ အရွယ်သာ ရှိသေးသည်။ နောက် ၁၀ နှစ်အတွင်း ဤသူငယ်သည် တိုက်ပွဲပေါင်းများစွာကို တိုက်ခိုက်အောင်မြင်ကာ ဂရိနှင့် အိန္ဒိယ အကြားရှိ နယ်မြေ အားလုံး၏ အရှင်သခင် ဖြစ်လာလေသည်။

သူသည် ရှင်ဘုရင်ဖြစ်ပြီး မကြာမီအတွင်းအာရှမိုင်းနားကျွန်းဆွယ်သို့ ချီတက်တိုက်ခိုက်သည်။ ထို့နောက် ဆီးရီးယား၊ ဖိနီးရှားနှင့် အီဂျစ် နိုင်ငံများကို သိမ်းပိုက် နိုင်ခဲ့ပြီး အီဂျစ်တွင် အယ်လက် ဇန္ဒြီးယားမြို့ကြီးကို တည်ထောင်ခဲ့သည်။ ထိုစဉ်က မြေထဲပင်လယ်ပိုင်းတွင် အင်အား အကြီးမားဆုံးဖြစ်သည့် ပါးရှားပြည် အာဗယ်လာမြို့ကို တိုက်ခိုက်သိမ်းယူပြီး ပါးရှင်း ဘုရင့်သမီးတော် ရိုဆက်နာ နှင့် ထိမ်းမြား လက်ဆက်သည်။ ထို့နောက် အိန္ဒိယသို့ သူ၏ တပ်မတော်ကြီးနှင့် ချီတက်ပြီး အိန္ဒုမြစ်ဝှမ်းအထိ နယ်ပယ် ချဲ့ထွင်ခဲ့သည်။ ထိုမှ တဆင့် တရုပ်ပြည်သို့ ဆက်လက်ချီတက်ရန် စီစဉ်ထားသော်လည်း ပါးရှားပြည်၌ သူပုန်ထနေကြောင်း ကြားသိ၍ တရုပ်ပြည်ချီရန် အစီအစဉ်ကို ဖျက်ဖြီး စစ်ကြောင်းခေါက်၍ ပြန်ခဲ့သည်။ ဗက်ဗီလုံးမြို့ အရောက် ဘီစီ ၃၂၃ ခု တွင် အပြင်းဖျားကာ ကွယ်လွန်အနိစ္စရောက်သည်။

မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)

# အမေ့လက်ဆောင်

သက်မွန်



"အမေရေ....သား စာမေးပွဲ အောင်ပြီဗျ၊ ဂုဏ်ထူးလဲ ပါတယ် အမေရေ...."

ဝမ်းသာ အားရ ပြေးလာသော ကျွန်တော့်ကို ထင်းခွဲနေသော အမေသည် ဓားမကို ပစ်ချပြီး ပွေ့ဖက်လိုက်သည်။ကျွန်တော်လည်း အမေ့ လည်ပင်းကို ဟီးလေးခိုပြီး ကြည်နူးရိပ်များ သမ်းနေသောအမေ့မျက်နှာကို စေ့စေ့ ကြည့်ကာ–

"အမေ....သားကို ဘာဝယ် ပေးမလဲဟင်...." ဟု မေးလိုက်သောအခါ အမေ့မျက်နှာသည် တမုဟုတ်ချင်း ညှိုးနွမ်းသွားပါတော့သည်။ ထို့နောက် အမေ၏ မှေးမှိန်နေသော မျက်လုံးအိမ်မှ မျက်ရည်များမှာ ပါးပြင်ပေါ်သို့ တလုံးချင်း လိမ့်၍ဆင်းလာပါတော့သည်။

"ဟာဗျာ.... အမေ က လဲ ဘာလို့ငိုတာလဲ၊ ဘာလဲ အမေက မဝယ် ပေးချင်တာနဲ့ ငိုပြလိုက်တယ်ပေါ့လေ၊ ဟုတ်လား အမေ၊ ပြောစမ်းပါအုံး"

အမေ့ ရင်ခွင်မှ ရုန်းထွက်ကာ ပြောလိုက်သော ကျွန်တော့်ကို အမေက–

"လူလေးရယ်– လူလေးကို အမေတန်ဖိုးမဖြတ်နိုင်တဲ့ လက်ဆောင်တွေ ပေး ပြီး သား ပါကွယ်...."

"ဘယ်တုန်းက ဝယ် ပေးဘူးလို့လဲ၊ အမေရာ မဟုတ်တာတွေ မပြောပါနဲ့"

အမေ့စကားကို ကျွန်တော်နားမလည်ပါ။ ထို့ ကြောင့်လည်း လက်ဆောင် ဝယ်မပေးသောအမေ့ကိုသာ မကျေမနပ်ဖြစ်နေမိသည်။

စင်စစ်တွင် ကျွန်တော်တို့ သားအမိမှာ တနေ့လုပ်မှတနေ့ စားရ သူ များ ဖြစ်ပါသည်။ ကျွန်တော့်မှာ အဖေ မရှိတော့ပါ။ ကျွန်တော် ငယ်ငယ်ကတည်းက ဝမ်းရောဂါနှင့် ဆုံးသွားသည်ဟု အမေ ပြောဘူးပါသည်။ အမေသည် ယခု အကြော် ရောင်းသည်။ ဤဝင်ငွေဖြင့် ကျွန်တော်တို့သားအမိစားသောက် နေကြရပါသည်။မည်သို့ပင် ဖြစ်စေ၊ အမေ့ထံမှမည်သည့်လက်ဆောင်မျှမရ၍တညလုံးကျွန်တော်အိပ်မပျော်ပါ။

နောက် တနေ့ မနက်ဖက်တွင် အကြော် ရောင်းရန် အတွက် ပြင်ဆင်နေသော အမေ့ကိုသာ သဲကြီးမဲကြီး စိတ်ဆိုးနေမိ ပါသည်။ နောက်ဆုံး၌ အမေ့ရှေ့တွင် ဆန္ဒပြသည့် အနေဖြင့် ငိုလိုက်ပါသည်။ အမေ ကျွန်တော့်ကို ကြည့် နေ မှုန်းသိ၍–

"အမေက ကျွန်တော့်ကို မချစ်ပါဘူး"

ငိုသံနှင့် ဗလုံးဗထွေး ပြောလိုက်သော ကျွန်တော့် စကားကို အမေကြားပါသည်။ ဤသို့ငိုနေရင်းက ကျွန်တော်သည် အောင်စာရင်း သွားကြည့်စဉ် ကျွန်တော်တို့တအိမ်ကျော်တွင် နေသော မိုးနိုင် ပြောသော စကားကို ပြန်လည် ကြား ယောင်မိပါသည်။

"ငါတို့မေမေက ငါ့ကို ဖော့သေ နတ် ဝယ် ပေး မယ် တဲ့၊

ခေါင်းလောင်း ဘောင်းဘီ လဲ ချုပ်ပေး မယ် တဲ့၊ နောက်ပြီး ဘောလုံးလဲ ဝယ်ပေး မယ် တဲ့၊ ဟော့ကောင် ဇော်ဦး မင်းအမေ ကကော ဘာမှ မဝယ်ပေးဘူး လားကွ"

"အောင်မယ်.... ဘာ လို့ မဝယ်ပေးရမှာလဲ၊ ဝယ်ပေးမှာ ပေါ့ကွ"

ထိုစဉ်က မခံချင်စိတ် နှင့် ပြန်ပြောခဲ့၏။ ယခု အမေ့ထံမှ ဘာမျှ မရလျှင် ကျွန်တော် အရှက်ကွဲရ ပေတော့မည်။ မိုးနိုင်သည် စာမေးပွဲကို ရိုးရိုး အောင်ရုံသာ အောင်ခြင်း ဖြစ် ပါသည်။ ကျွန်တော့်မှာ ဂုဏ်ထူးပင် ပါချေသေးသည်။ ထို့ကြောင့် ကျွန်တော်က ပို၍ပင် ရထိုက်ပါသည်။ သို့သော် ယခု အမေ့ဆီက ဘာမျှ မရသဖြင့် ကျွန်တော် ပို၍ပို၍ ဝမ်းနည်း လာပါသည်။

အမေ့ကို ခိုး ကြည့် လိုက် သောအခါ အမေလည်း ငိုနေ ပါသည်။ အမေ ငိုနေသည်ကို မြင်ရသော အခါ ကျွန်တော် စိတ် မ ကောင်း ပါ။ သို့သော် ကျွန်တော်သည် ဒူး နှစ် လုံး ကြား ထဲ ခေါင်း ဝှက် ထား ပြီး မသိချင်ယောင် ဆောင်နေ လိုက်ပါသည်။ ခဏကြာသော အခါ ကြမ်းတမ်းသော လက် ဖဝါး နှစ်ဖက်၏ ဆွဲထူခြင်းကို ခံလိုက်ရပါသည်။ ထို့နောက် အမေ့ အသံသည် တုန်ရီစွာ ထွက်ပေါ်လာပါသည်။

"သား-လူလေး တိတ် ပါ တော့ကွယ်၊ အမေ ပြောပြမယ် နော်.... နားထောင်။ ဟိုး လူလေး ငယ်ငယ် လူလေး ဖေဖေ ဆုံးပြီးကတည်းက ဒီနေ့အထိ အမေဟာသားလေးကို အမေ့ရဲ့ လုပ်အားကိုရင်းပြီးရှာဖွေကျွေး မွေးခဲ့တယ် မဟုတ်လား။ ပြီး တော့ ငါ့သားလေး ပညာ ဆက်သင်နိုင်ပါစေတော့ ဆိုပြီး အမေဟာ သားလေးကိုလိုလေ သေး မရှိအောင် ပြုစု စောင့် ရှောက်ခဲ့တယ် မဟုတ်လား။ အေး - အဲဒီ မေတ္တာ စေတနာ တွေဟာ အမေက သားလေးကို အမေ မသေမချင်း - ပေးနေမဲ့ လက်ဆောင်ကောင်း တွေ ပေါ့ သားလေးရယ်...."

အမေ့စကားကို ကျွန်တော် နားလည် သဘောပေါက်ပါပြီ။ ထို့ကြောင့် ကျွန်တော့်ပါးပြင်မှ မျက်ရည်များကို သုတ်ပစ်လိုက် ပါသည်။ ထို့နောက် အမေ့ပါး ပြင်မှ မျက်ရည်စများ ကိုလည်း ကျွန်တော့် လက်နှင့် သုတ်၍ ပေးလိုက်မိသည်။ ထို နောက် အမေ့ကို ကျွန်တော် ဦးသုံး ကြိမ်ချ၍ ထိုင်ကန်တော့လိုက် ပြီး-

"အမေ- သားလေ မိုးနိုင် တို့လို လက်ဆောင် တွေလဲ မလိုချင် တော့ပါဘူး။ အမေ ပေးထားတဲ့ လက်ဆောင်တွေနဲ့ သား ပညာ ဆက် ကြိုးစားပါ့ မယ် အမေရယ်"

(ချစ်သော မေမေသို့)


## ကျောင်းဈေးဆိုင်

သက်ငယ်မိုးနဲ့ ဝါးပိုးတိုင်
ငါတို့ကျောင်းဈေးဆိုင်။
ကိုယ်တိုင်ချက်တဲ့ ကြာဆံဟင်း
သောက်စို့သူငယ်ချင်း။
အရင်းအနှီး မကုန်ပါ
စုပေါင်းညီညီညာ။
စိမ်း,ဝါ,နီ,ပြာ အသင်းများ
တာဝန်ကိုယ်စီမှား။
လှုပ်ရှားတက်ကြွ မမောနိုင်
ရုံပုံငွေတွေလှိုင်။
လုပ်အားပြိုင်လို့ ပြုံးရွှင်လန်း
ရွှေသို့ချီတက်လှမ်း။ ။

မောင်အုန်းသောင်း (မကွေး)



# ငဆိပ်ပြင်း




ငဆိပ်ပြင်း တို့၏ ခန္ဓာကိုယ်သည် အတော် အသင့် ရှည်လျား သည်။ ဦးခေါင်းပိုင်းတွင် အရိုးပြားများ ရှိပြီး ဆူးကလေးများ ရှိသည်။ အရွယ် အစားမှာ အများ အားဖြင့် သေးငယ်သည်။ ရေငန်ဒေသတွင် နေထိုင်သော ငါးမျိုး ဖြစ်သည်။ အချို့သည် ရေနက် ပိုင်းတွင် နေထိုင်ကြပြီး အများ အားဖြင့်မူ အပူပိုင်း ပင်လယ် ရေတိမ်ပိုင်းရှိ ကျောက်တုံး များ၊ သန္တာကျောက် ဆောင် များ တဝိုက် ကျက်စား တတ်သည်။ အချို့ကမူ အေးမြသော ပင်လယ်ပိုင်းတွင် နေထိုင်ကြသည်။

ငဆိပ်ပြင်းတို့၏ခန္ဓာကိုယ်တွင် တောက်ပသော အရောင် အဆင်းများ ရှိသည်။ ယင်းတို့ နေထိုင်ရာ ဒေသနှင့် လိုက်ဖက်အောင် အရောင်အဆင်း အမျိုးမျိုးရှိသည်။ ယင်း ငါးမျိုးမှာ ရန်သူနှင့် အခြား သတ္တဝါများ မမြင်အောင် ပုန်းကွယ်ရာတွင် အထူး ကျွမ်း ကျင်သည်ဟုဆို၏။ ယင်း တို့သည် ဥမအုပ် အကောင်လိုက် မွေးဖွား တတ်သော ငါး မျိုး ဖြစ်ပေသည်။

ငဆိပ်ပြင်း တို့၏ ကျောတောင်အောက်ခြေတွင် အရိုးဖုသီးများရှိ၍ အဆိပ် အိတ်များ ရှိ သည်။ ထို့ ကြောင့် ကျောတောင်နှင့် ထိမိလျှင် ပြင်း ထန် သော အဆိပ် ၏ ဒဏ်ကိုခံရသည်။ ရင်ဖက်ရှိဝမ်းတောင်သည် ကြီးမား လှပြီး ဆန့် ထုတ်လိုက်လျှင် အလွန်လှပသောကိန္နရာ တောင်ကဲ့သို့ နီရဲသော အရောင် အဆင်းရှိသည်။ ထိုအခါတွင် လေထဲသို့ ပျံလုနီးနီး ပုံသဏ္ဌာန်မျိုး ဖြစ်သွားသဖြင့် ကြည့်ရသည်မှာ အလွန် လှပပေသည်။

**သောင်းစု (သုတေသန)**



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၃၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၂၆။

# မင်းသားလေး ဘီလူးယုတ် (၂)


ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - မောင်ကျော်ဇော်

ရွှေသွေး ဂျာနယ်
၁၃၃၇ ခု၊ နယုန်လဆုတ် ၅ ရက် (၂၀-၆-၇၅)




စနေနေ့တိုင်း ထုတ်ဝေသည်။



လက်တွေ့ပြရန် ဖလ္လင်ပေါ်မှ ဆင်းပြီး-
ဘီလူးကြီးက ဤသို့ ပထမဆင့် ပြသနေစဉ် မင်းသားလေးက
ဒုတိယအဆင့်ပြစဉ် ခေါင်းရှယ်လိုက်ပြီး-
ပြန်မထမီ တအား ခုတ်ချလိုက်ရာ ခေါင်း တခြား ကိုယ်တခြား ဖြစ်သွား၏။
ဆက်လက်၍ လည်ပင်းဒုတ်တိုကိုပါ နုတ်နုတ် ပါအောင် စဉ်းလိုက်တော့သည်။
အတန်ကြာသည့် တိုင်အောင် ခေါင်းသစ် ပေါက်မလာတော့မှ-


မင်းသမီးလေးရှိရာသို့ ပြေးလေ၏။
ခေါင်းမှ မှော်ဝင်ပန်းကို နုတ်လိုက်ရာ
ဟင်-မောင်တော်-ရောက်လာပြန်ပြီ.... ဘီလူးကြီး နှင့် ပက်ပင်းပါတိုးနေမှဖြင့် ဒုက္ခပါဘဲ...
မောင်တော် အဆုံး စီရင် ပြီးပါပြီ။
ဘာဆက်လုပ် ရမယ်ဆိုတာ နှမတော် အကြံ ပေးပါဦး
ဟင်-ဟုတ်လား၊ ဝမ်းသာလိုက်တာ မောင်တော်ရယ်၊ အစီအစဉ် ရှိသပါပေတယ်,....
...မောင်တော် မြေတိုက်ထဲသွားပြီး ဘီလူးကြီး အသက်သွင်းထားတဲ့ ရွှေ ကိုယ်ကလေးကို သုတ်သင်မှ ဖြစ်ပါမည်....
...မြေတိုက်ထဲမှာ ယောကျ်ားလေး တယောက် ရေတကောင်း ကိုင်၍ ထိုင်နေတာကို တွေ့ပါလိမ့်မည်....


...ထိုသူငယ်၏ ကိုယ်တွင်း၌ ဘီလူးကြီး၏ အသက် ဝိညာဉ်ကို သိမ်းထားပါသည် - သူ့ကို သုတ်သင်ပြီးနောက် -----
---ရေ တကောင်းကို မဖိတ်မစင်အောင် ယူခဲ့ပါ။ ကျရေစင် တစက်တစက်သည် - လူ တယောက် တယောက်၏ အသက် ဖြစ်ပါသည်။
မောင်တော် - အချိန်မနှောင်းမီ ကြွတော်မူပါလော့
မင်းသားလေးသည် မြေတွင်းကို လိုက်ရှာလေသည်။
အဆိုပါ သူငယ်ကိုတွေ့လျှင် နောက်မှပင်နေ၍ ဓားနှင့်ထိုးလိုက်ပြီး-
ရေတကောင်းယူကာ မင်းသမီးထံ သွား၏။



မင်းသမီးလေးထံ ပြန်ရောက်လျှင် -
ကဲ - ရော့ - နှစ်မတော် - ဘာများ ဆက်လုပ်ဖို့ လိုသေးလဲ
မင်းသမီးလေးက လက်ဆွဲခေါ်လျက်
လာ မောင်တော် ----
ဘီလူးဘေး ကင်းဖို့ ဖြစ်သော်လည်း ကယ်တင်ဖို့ အရေး ရှိပါ သေးသည်
နောက်ဖေးခန်းသို့ သွားကြ၏။
ရှုတော်မူလော့ - ကျွန်ုပ်သူများ ကား ဘီလူးကြီး က - အသဲ နှလုံး ထုတ်စား ခြင်း ခံရသူများ ဖြစ်တော့သည် ---
ရေစင်နှင့် ဖြန်းလိုက်ကြရာ -
ထိုသူများသည် အသက်ပြန်ရှင် လာကြသဖြင့် ဝမ်းသာကြကုန်၏။
အသက်သခင်ကျေးဇူးရှင်များ ဘုန်းတော်ကြီးလို့ သက်တော်ရာကျော် ရှည်ကြပါစေ .........
မင်းသားလေးသည် မင်းသမီးလေးကို ခေါ်ကာ တိုင်းပြည်သို့ ပြန်လေသတည်း။


ချစ်တူးမှာအလွန်ဝသော ကလေးတဦးဖြစ်၏
ဝလွန်းသောကြောင့် သူ့အား သူငယ်ချင်းများက အမြဲနောက်ပြောင်လေ့ရှိကြသည်။
လေမုန်တိုင်းကြီး လာပြီဟေ့၊ တနာရီမိုင် ၁၀ နှုန်းတဲ့ ဘေးကို သူငယ်ချင်း... ဘေးကို....။
အိမ်၌လည်း သူ၏အဒေါ်က ဝလွန်းသော ချစ်တူးအတွက် အလုပ်ရှုပ်ရလေသည်။
ငါ့နှယ် ဒီဖက်တီးဘို့ အကျႌချုပ်တိုင်း စိတ်ညစ်ရပါတယ်၊ မင်းကတနေ့တခြား ဝ၊ဝ၊ လာတာကိုး။
ထို့ကြောင့် ချစ်တူးမှာ စိတ်ပျက်မိရှာသည်၊
စိတ်ညစ်တယ်ကွာ၊ စိတ်ညစ်တယ်။
ဝတာအတွက်များ စိတ်ညစ်ရတယ်လို့ကွာ- ထမင်းလျှော့စားလိုက်ယင် ...
အေးကွာ၊ လတ်စသတ်တော့ မင်းပြောတာ ဟုတ်မယ်၊
စလင်းဘော်ဒီ တောင်ဖြစ်သွားအုံးမယ်..။
ထိုနေ့ အိမ်၌၊
လူလေး ချစ်တူး - ထမင်းစားကြရအောင် လာဟေ့၊
ချစ်တူး- ခုနကဘဲ စားပြီးပြီ ဒေါ်ကြီး၊
အား - ဗိုက်ထဲကဆာလိုက်တာ၊ ပူဆာနေတာဘဲ၊



ညီလေးတညလုံး ဘာမှမစားဘဲ အိပ်ပျော်သွားခဲ့လေသည်။
ဒီကောင်လေး စာလဲမကျက် ဘာဖြစ်လို့ အစောကြီး အိပ်တာပါလိမ့်။
နောက်တနေ့နံနက်
အင်း.. ငါ့ဖျားတော်တော်ပျောက်သွားပြီ၊ ဒီနေ့ကျောင်း မသွားခင် လက်ဖက်ရည် တခွက်လောက် သောက်သွားမှ
ကျောင်း၌လည်း ဘာမှမစားဘဲနေသဖြင့်...
မူးလဲသွားလေသည်။
ဟဲ... ဟဲ့ ချစ်တူး ဘာဖြစ်တာလဲ..?
ဗိုက်ထဲမှာ အစာမရှိလို့ မူးလဲသွားတာတဲ့ ဘာဖြစ်လို့ အစာမစားဘဲနေတာလဲ ချစ်တူး။
ပိန်ချင်လို့ပါ။
အော်.. ပိန်ချင်လို့ အစာငတ်ခံလုပ်တာကို၊ ဆရာဝန်နဲ့တိုင်ပင်ပြီး စနစ်တကျ အစားလျှော့ရတာကွ၊ အခုလို မစားဘဲ ငတ်မနေရဘူး
ဟုတ်ကဲ့ဦး။

# မြင်းစွမ်းအား



အင်ဂျင်”သည် အင်္ဂလိပ်စကားဖြစ်၍ မြန်မာလို“စက်”ဖြစ်သည်။ စက်တိုင်းမှာ “စွမ်းအား” ရှိကြစမြဲဖြစ်၏။ စက်အကြီး အသေးနှင့် တည်ဆောက်ပုံကိုလိုက်၍ စွမ်းအားအနည်းအများ သတ်မှတ်ကြသည်။

စက်မှုလောကတွင် စက်၏စွမ်းအားကို မြင်း၏ စွမ်းအားဖြင့် နှိုင်းယှဉ် သတ်မှတ်ကြသည်။ ထို့ကြောင့် စက်၏ စွမ်းအားကို “ဟော့(စ်)ပါဝါ” ဟု အင်္ဂလိပ်စကားဖြင့် သတ်မှတ်ကြသည်။ လျှပ်စစ်မော်တာ၊ မော်တော် ဆိုင်ကယ်စက်၊ မော်တော်ယာဉ်စက်၊ မီးရထားခေါင်းတွဲစက်၊ သင်္ဘောစက်နှင့် အခြားစက်များကို ဂရုတစိုက် ကြည့်သောအခါ စက်၏ ကိုယ်ထည်တနေရာတွင် “နာမည်ကပ်ပြား” ကို တွေ့ရမည်ဖြစ်ပြီး၊ ထိုကပ်ပြားပေါ်၌ သတ်မှတ်ထားသော စက်၏ မြင်းစွမ်းအားကို တွေ့ရပေမည်။

စက်များ၏ စွမ်းအားကို မြင်း၏စွမ်းအားနှင့် အဘယ်ကြောင့် နှိုင်းယှဉ်သတ်မှတ်သနည်း။


စက်များမပေါ်ပေါက်မီက လူအင်အားနှင့် မ,၍မနိုင်သော ဝန်ထုပ်ဝန်ပိုးကြီးများကို ချီ-မ•




တွန်း-ဆွဲသည့်အခါ လူတို့နှင့် ရင်းနှီးပြီး ခွန်အားကောင်းသော မြင်းများ၏ အကူအညီဖြင့် လုပ်ဆောင်ခဲ့ကြသည်။ ဥပမာ - မော်တော်ယာဉ်များ မပေါ်မီက မြင်းလှည်း၊ မြင်းရထားများကို အားကိုးခဲ့ကြရသည်။ ထို့နောက် ကျောက်မီးသွေးတွင်းမှ ကျောက်မီးသွေးများကို တနေရာမှ တနေရာသို့ သယ်ဆောင်လိုလျှင် မြင်းဆွဲရထားကြီးများကို အသုံးပြုခဲ့ကြရသည်။ ထို့ကြောင့် စက်တပ်ယာဉ်များ မပေါ်ပေါက်သေးသော ခေတ်ကို "မြင်းလှည်းခေတ်" ဟု ခေါ်ဆိုနိုင်သည်။ မြင်းလှည်းခေတ်တွင် မြင်းများသည် လူသားများ၏ အကျိုးဆောင် တိရစ္ဆာန်တမျိုး ဖြစ်သောကြောင့်၊ စက်များကို အင်ဂျင်နီယာ အတတ်ပညာရှင်များက တီထွင်လာသောအခါ မြင်းများကို ဂုဏ်ပြုသည့် အနေဖြင့် စက်၏ စွမ်းအားကို မြင်း၏စွမ်းအားဖြင့် နှိုင်းယှဉ်သတ်မှတ်ခြင်းပင် ဖြစ်ပေသည်။

စက်မှုလောကတွင် စံနှုန်း သတ် မှတ် ထားသော မြင်းစွမ်းအားမှာ ပေါင် ၃၃,၀၀၀ လေးသော "**ဝန်**" ကို "**တမိနစ်**" အတွင်း "**တပေ**" အမြင့်သို့ မ,နိုင်သော "**အား**" သည် "မြင်းတကောင်အား" နှင့် ညီမျှသည်ဟူ၍ ဖြစ်လေသည်။


**ရေးသူ စက်မှုတိတ်ရန်**






ဆိုးပေသည် ကျောင်းသို့ လမ်းလျှောက်လာရင်း ကလေးတယောက်ကိုတွေ့ရာ





ဤသို့ ကလေးများကို အနိုင်ကျင့်ခြင်း၊ လမ်းဘေးတွင် လှန်းထားသော ထမင်းခြောက်မန်းများကို ကန်ပစ်ခြင်း၊
ဟေး ဟေး....
အိုး
ဈေးဆိုင်မှ အကြွေးယူထားသော မုံ့ဖိုး၊ ဆေးလိပ်ဖိုးများကို ပြန်မဆပ်ပဲနေခြင်း၊
ဟဲ့--အာဂ အကြွေးငါးကျပ် ဆပ်အုံးလေ
ဆပ်မှာပေါ့မျ အခုဟာနဲ့ ပေါင်းမှတ်ထားလိုက်
အရပ်ထဲရှိ အိမ်တကာမှ ပစ္စည်းများကို အလစ်သုတ်တတ်ခြင်း၊
လေးခွ တချောင်းဖြင့် လက်ဆော့တတ်ခြင်း၊
ချွမ် ဂလွမ်
ညအချိန်မတော် အပေါင်းအဖော် များနှင့် သံသေးသံကြောင် အော်ဟစ်တတ်ခြင်း၊
မကြာခဏရန်ဖြစ်တတ်ခြင်း စသည်တို့ကြောင့် သူ့ကို လမ်းသရဲဟု ခေါ်ကြခြင်း ဖြစ်သည်၊




ဆရာရောက်လာသောအချိန်တွင် ဆိုးပေမှာ တော်တော် အထိနာနေလေပြီ။ ကျောင်းသား များက ဆိုးပေကို ဝိုင်းဝန်း ထိုးကြိတ်ခဲ့ကြခြင်းဖြစ်သည်။ ဤသို့ ဖြစ်ရသည်မှာ အခြားကြောင့်မဟုတ်-





# လီယိုနာဒိုဒါဗင်ချီ

လီ ယို နာ ဒို သည် စွယ်စုံရ ပုဂ္ဂိုလ်ကြီး ဖြစ်၏။ သူသည် အနုပညာဖက်၌ ကျွမ်းကျင် နိုင်နင်းသလို သိပ္ပံပညာ ကိုလည်း တဖက်ကမ်းခပ် တတ်မြောက်လေသည်။ ပန်းချီဆရာ၊ ပန်းပုဆရာ၊ ဗိသုကာဆရာ၊ ဂီတပညာရှင်၊သင်္ချာပါရဂူ၊ အင်ဂျင်နီယာ၊တီထွင်ကြံဆသူ၊သဘာဝပညာရှင်၊ ခန္ဓာဗေဒ ပညာရှင်ဟူသော ဘွဲ့ မြောက်မြားစွာကို ပိုင်ဆိုင်ထားသည့် တကယ့်ပုဂ္ဂိုလ်ကျော်ကြီးဖြစ်၏။ထို့ပြင် သူနှင့် တန်းတူ လုပ်ဖော်ကိုင်ဖက်များနှင့် ယှဉ်လျှင် သူသည် အမြဲ ရှေ့ဆုံးကရှိပြီး စူးစမ်းရှာဖွေမှုများကို သူတို့ထက်နှစ်ပေါင်းများစွာ စော၍ တွေ့ရှိသူလည်း ဖြစ်သည်။ သိပ္ပံမှုနှင့် ပတ်သက်၍ စာတွေ့ကို ယုံကြည်သူမဟုတ်ပဲ သူ ကိုယ် တိုင် လေ့ လာ တွေ့ ရှိချက်များ အပေါ်တွင်သာ အခြေခံ၍ လက်ခံသူဖြစ်၏။ ဤသည်မှာ တကဲ့ သုတေသီတို့ လိုက်နာကျင့်သုံးသော လမ်းစဉ် တရပ်ပင် ဖြစ်သည်။

လီယိုနာဒိုသည် ပုံဆွဲ ဝါသနာ ပါသည့်အလျောက် သူမြတ်နိုး နှစ်သက်သော သဘာဝလောကရှိ တိရစ္ဆာန်များ၊ ငါးများ၊ ငှက်များကို ပုံတူရေးဆွဲ ရုံမျှမက သူတို့၏ သွားလာလှုပ်ရှားမှု များကိုပါ အသေးစိတ် အကဲခပ်တတ်သူ ဖြစ်၏။ ဥပမာ ငှက်တကောင် ပျံသန်းသည်ကို ကြည့်ပြီး လေတွင် ဝဲပျံသော နည်းစနစ်ကို ကြံဆခဲ့၏။ ငါးတကောင် ရေကူး နေသည်ကို ကြည့်ပြီး ရေငုပ်သော သင်္ဘောကို ကြံဆခဲ့၏။ သူ့လက်ထက်တွင် အကောင်အထည် မပေါ်ခဲ့သော်လည်း နှောင်းလူများ ဆက်လက် ကြံဆနိုင်ခဲ့သည်။ လေ ယာဉ် ပျံ များ၊ ရေ ငုပ် သင်္ဘောများ ပေါ်ပေါက်လာခဲ့သည်မှာ လီယိုနာဒို ကြံဆတွေးတောချက် များမှ မြစ်ဖျားခံလာခဲ့သည်ဟု ဆိုရပေမည်။

လီ ယို နာ ဒို သည် ပန်းချီကျော် တ ဦး ဖြ စ် သ ည့် အလျောက် ကမ္ဘာတွင် အထင်ရှားဆုံး ပန်းချီကားနှစ်ချပ်ကို ရေးဆွဲခဲ့သည်။ ထိုပန်းချီကားနှစ်ချပ်မှာ "နောက်ဆုံးညစာ" နှင့်"မိုနာလီဇာ"ဟု အမည်ပေးထားသော ကားများဖြစ်၏။

လီယိုနာဒိုသည် အသက် ၆၇ နှစ်အရွယ်တွင် ကွယ်လွန်လေသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)



# ဗလကြီး

မောင်နွေဆိုး (ရေမြေ)

ကျွန်တော်တို့က အောင်မြင့်ကို ဗလကြီးဟု ခေါ်ပါသည်။ ကျွန်တော်တို့ သူငယ်ချင်း အားလုံးထက် အရပ်အမောင်းရော ကိုယ်လုံးကိုယ်ထည်ပါ ပိုမိုကြီးမားသောကြောင့် ဖြစ်ပါသည်။ သို့သော် အသက်မှာမူ ကျွန်တော်တို့နှင့် အတူတူပင် ဖြစ်ပါသည်။

ဗလကြီးသည် ကျွန်တော်တို့နှင့် မတည့်ပါ။ ကျွန်တော်တို့ သာမက တတန်းလုံး လိုလို သူနှင့်မတည့်ပါ။ အနိုင်ကျင့်တတ်သောကြောင့် ဖြစ်ပါသည်။

ကျွန်တော်တို့နှင့် တွေ့လျှင် သူဗလကြီးဖြင့် အမြဲဗိုလ်ကျပါသည်။ ကျွန်တော်တို့ကို ရန်စတတ်ပါသည်။ လက်သီးနှင့်ထိုးတတ် ပါသည်။ ကျွန်တော်တို့ စားသောမုန့်ကို အနိုင်ကျင့်၍ လုစားတတ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဗလကြီးကို မုန်းပါသည်။

ယခုလည်း ထွန်းသိန်းလေးက ဆရာမကို လာတိုင် နေပါသည်။ ဗလကြီးက သူ့ ခဲတံကလေးကို လုယူ သွားသောကြောင့် ဖြစ်ပါသည်။

ဆရာမက ဗလကြီးကို စစ်ဆေး ပါသည်။

"မင်းက သူများထက် ဗလကြီးတာကို အခွင့်ကောင်းယူပြီး ဗိုလ်ကျတာ ဘယ်ကောင်းမလဲ။ ခင်ခင်မင်မင်နေမှပေါ့"

ဆရာ မ သည် အ ပြစ် ပေးသည့် အနေဖြင့် ဗလကြီး တင်ပါးကို ကြိမ်လုံးဖြင့်သုံးချက်ရိုက်လိုက်ပါသည်။ ဗလကြီး သည် ဆရာမ ရိုက်သည်ကို နာပုံ မရပါ။ သို့သော် ထွန်းသိန်းလေးကို မကျေမနပ် ကြည့်ရင်း သူ့နေရာတွင် ပြန်ထိုင်လိုက်ပါသည်။

× × ×

"တပည့်တို့၊ ဆရာမ မင်းတို့ကို စာစီစာကုံး ပြိုင်ပွဲတခု လုပ်ပေးမယ်လို့ စီစဉ် ထားတယ်။ ပထမ၊ ဒုတိယ၊ တတိယ ဆုပေးမယ်။ ဒါပေမဲ့ မင်းတို့ တယောက်ချင်း ပြိုင်ရမှာ မဟုတ်ဘူး။ အဖွဲ့လေးတွေ ဖွဲ့ရမယ်။ ဖွဲ့ချင်တဲ့လူနဲ့ဖွဲ့ပေါ့။ တဖွဲ့မှာ အနည်းဆုံး ငါးယောက်ပါရမယ်။ ငါးယောက်ထက် ပိုလဲရတယ်။ ကိုယ့်အဖွဲ့နဲ့ ကိုယ် စုပေါင်းပြီး စာစီစာကုံး ရေးရမယ်။ ဒီလို လုပ်ခိုင်းတာကတော့ မင်းတို့ စုပေါင်းပြီး အလုပ် လုပ်တတ်အောင်ဘဲ"

ကျွန်တော်တို့သည် ဆရာမ ခိုင်းသည့်အတိုင်း အဖွဲ့ ဖွဲ့ကြပါသည်။ ကျွန်တော်တို့ အဖွဲ့တွင် စိတ်တူ ကိုယ်တူ ဖြစ်ကြသော သက်နိုင်၊ ဝင်းဇော်၊ အောင်အောင်၊မြင့်ဦး၊ ထွန်းသိန်းလေး နှင့်ကျွန်တော်တို့ ပါဝင်ပါသည်။

ကျွန်တော်တို့လိုပင် အခြား ကျောင်းသူ ကျောင်းသားများ လည်း အဖွဲ့ ဖွဲ့ကြပါသည်။ သို့သော် မည်သည့် အဖွဲ့ထဲမှ မပါဝင်ပဲကျန်နေသူမှာ ဗလကြီးဖြစ်ပါသည်။ ဗလကြီးက မပါချင်

ရှိမဟုတ်ပါ။ မည်သည့်အဖွဲ့ကမျှ သူ့ကို လက်မခံ၍ ဖြစ်ပါသည်။

ဗလကြီးသည် ကျွန်တော်တို့အဖွဲ့တွင် ပါဝင် လိုကြောင်း လာပြောပါသည်။

"ဟင့်အင်းကွာ.... မင်း ပါယင် ငါတို့အဖွဲ့ပျက်မယ်"

သက်နိုင်က ပြန်ပြောလိုက်ပါသည်။ ဗလကြီးဘာမျှမပြောတော့ပါ။ စိတ်မကောင်းသည့်မျက်နှာနှင့် ကျွန်တော် တို့ကို ကြည့်ပြီး ထွက်သွားပါသည်။

× × ×

ကျောင်း မတက် သေးပါ။ ကျွန်တော်၊ ဝင်းဇော်နှင့်အောင်အောင်တို့သည် လွယ်အိတ်ကိုယ်စီဖြင့် ကျောင်းဝင်းထဲ ဝင်ခဲ့ကြပါသည်။ ကျောင်းရှေ့ လမ်းကလေးတွင် ကျွန်တော်တို့တန်းပိုင်ဆရာမ ရပ်နေပါသည်။ လမ်းပေါ်သို့ ကန့်လန့်ဖြတ် လဲကျနေသော သစ်ကိုင်းကြီးကို ကြည့်နေပါသည်။ ကျောင်းခြံဝင်းအစပ်ရှိ ကုက္ကိုပင်မှ ကျိုးကျသော သစ်ကိုင်းကြီး ဖြစ်ပါသည်။

"ဟော – အတော်ဘဲ၊ လာကြကွယ် ဒီ သစ်ကိုင်း ကြီးကို လမ်း ပေါ်က ဖယ်ပစ်ရအောင်"

ကျွန်တော် တို့သည် လွယ်အိတ်များကို စလွယ်သိုင်းလွယ်လိုက်ပြီး ဆရာမနှင့်အတူ သစ်ကိုင်းကြီးကို မ ရွှေ့ကြပါသည်။ သို့သော် သစ်ကိုင်းကြီးမှာ လေးလွန်းသဖြင့် အနည်း ငယ် သာ ရွှေ့၍ရပါသည်။ ထိုအခိုက်တွင် ဗလကြီး ရောက်လာ ပါသည်။

ဆရာမက ခေါ်သဖြင့် ဗလကြီးလည်း ကျွန်တော်တို့နှင့် အတူ သစ်ကိုင်းကြီးကို ဝင်၍ ရွှေ့ပါသည်။ ဗလကြီး ပါလာသောကြောင့် သစ်ကိုင်းကြီးကို ကျွန်တော်တို့ ခြံစပ်အထိ ရွှေ့လိုက်နိုင်ပါသည်။

"ကဲ – ကြည့်စမ်း၊ အောင်မြင့် ဗလကြီးရောက်လာလို့ဆရာမတို့ သစ်ကိုင်းကြီးကို ရွှေ့လိုက်နိုင်တာ မဟုတ်လား။ ဗလကြီး ဘယ်လောက် အသုံး ဝင်သလဲ။ ဒါကို သင်ခန်းစာ ယူစမ်းပါ တပည့်ရယ်။ မင်းဗလကြီးကို သူတပါး အနိုင်ကျင့်တဲ့ အဆိုးဘက်မှာ အသုံးမချတဲ့ အခုလို အများနဲ့ အတူ ခင်ခင်မင်မင် လက်တွဲပြီး အကျိုးရှိတဲ့ ဘက်မှာ အသုံးချလိုက်ယင် ဘယ်လောက် ကောင်းမလဲ။ အမြင်မှန်စမ်းပါ တပည့်ရယ်"

ဆရာမက ဗလကြီး၏ ပခုံးကို ဆုပ်ကိုင်၍ ဆုံးမပါသည်။ ဗလကြီးက ကျွန်တော့်ကို လှည့်ကြည့် ပါသည်။ ကျွန်တော်တို့ကလည်း မြှော်လင့်တကြီး ပြန်ကြည့်နေမိကြပါသည်။

"ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါပြီ ဆရာမ"

ဗလ ကြီး ၏ စကား သံကြောင့် ဆရာမရော ကျွန်တော်တို့ပါ ဝမ်းသာအားရ ပြုံးမိကြပါသည်။ ကျွန်တော်တို့အတွက် အဖိုးတန်သော သူငယ်ချင်းဗလကြီးဖြစ်လာပြီဖြစ်သောကြောင့်ပါတည်း။

# သားသားကုသိုလ်


အဖိုးနှစ်ပုံး ဖွားနှစ်ပုံး
လေးပုံးရေကို လှူခဲ့တယ်။
ကြက်ငယ်ငါးကောင်
ဘဲသုံးကောင်
ရှစ်ကောင်အစာ ကျွေးခဲ့တယ်။
မေမေသုံးကြိမ် ဖေသုံးကြိမ်
ခြောက်ကြိမ်ဦးတော်
တင်ခဲ့တယ်။
မအေငါးပြား သားဆယ်ပြား
သူတောင်းစားကို ပေးခဲ့တယ်။
ကောက်ရခဲ့တဲ့ မျဉ်းပေတံ
ဆရာ့ထံကို အပ်ခဲ့တယ်။
လမ်းမှာကိုးခါ ကျောင်းတခါ
စူးစရာတွေ ဖယ်ခဲ့တယ်။
မရေးတတ်လို့ အတန်းတူ
ကူညီပြသ ပေးခဲ့တယ်။
ဤသို့ပြုရ ဖြစ်ပုည
အမျှမေတ္တာ ဝေပါတယ်။ ။

ဝင်းဖိုလ်(မြို့သစ်)



R. 517

# ဆင်နားရွက်



ဆင်နားရွက်တို့၏ ခန္ဓာကိုယ်သည် ဘေးနှစ်ဖက် ပြားချပ်နေပြီး ဒိုးဝိုင်းကဲ့သို့ ပုံသဏ္ဌာန်ရှိသည်။ ယင်းတို့တွင် ရှိသော ဆူးများသည် သန်မာလှပေသည်။ ပါးစပ်တည်ဆောက်ထားပုံမှာ တမူထူးခြားသည်။ အဘယ်ကြောင့်ဆိုသော် ယင်းပါးစပ်ကို ရှေ့သို့ ဆန့်ထုတ်နိုင်ရာ ပြွန်သဏ္ဌာန် စန့်ထွက်လာတတ်သည်ကို တွေ့ရသောကြောင့်ဖြစ်သည်။ ခန္ဓာကိုယ် အရောင်မှာ ငွေရောင်တွင် ရွှေရောင်ပြေးနေသည်။ ခန္ဓာကိုယ်တွင် အမည်းပြောက်များ ရှိသည်။ ငယ်စဉ်က ယင်း အမည်း ပြောက် များ သည် တခုနှင့်တခု ဆက်စပ်နေသဖြင့် အမည်းစင်းများအဖြစ် ရှိနေခဲ့သော်လည်း အရွယ်ရောက်လာသည်နှင့် ယင်း အစင်း များ သည် ပြတ် တောက် သွား ပြီး အ စက် အ ပြောက် များ သဖွယ် ပြောင်းလဲဖြစ်ပေါ် လာခြင်းဖြစ်သည်။ ဆင်နားရွက်တို့၏ အရွယ်အစားမှာ ၁၅ လက်မအထိ ရှိသည်ဆို၏။ ဤငါးမျိုးသည် အစားအသောက် အလွန်နည်းသော ငါးမျိုးဖြစ်သည်။ ယင်းတို့ကို ရေငန်ဒေသများတွင်သာမက မြစ်ဝပိုင်းတွင်လည်း တွေ့ရှိရတတ်သည်။



ဆင်နားရွက်တို့တွင် ထူးခြားချက်တခု ရှိ၏။ ယင်းမှာ အခြားမဟုတ်။ ယင်းတို့၏ မျက်လုံးနှစ်လုံးကြားတွင် တတိယမျက်လုံးပမာရှေ့သို့မို့မောက်၍ ထွက်နေသော ဖုကြီးတခု ရှိနေခြင်းပင် ဖြစ်သည်။ ဘေးတောင်များသည် ကောက်ရိတ်တံစဉ်သဖွယ် ကောက်နေပေသည်။ ဆင်နားရွက်ကိုအရပ်ဒေသအလိုက် "ဆင်အိုးဖုံး"၊ "ငပုလဲ"၊ "ဆင်နား" ဟုလည်း ခေါ်ဝေါ်ကြသည်။ ဤငါးတို့ကို ငါးစိုအဖြစ်ရင်း၊ ငါးခြောက်အဖြစ်ရင်း စားသုံးနိုင်ပေသည်။

**သောင်းစု(သုတေသန)**

၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွန့်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွန့်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

Read more Shwe Thway Journals at




🡻 Click below link 🡻

https://www.facebook.com/shwethwayjournal/